ဒေါက်တာလှဘေ
ပညာပါရမီ

ပါမောက္ခ
ဒေါက်တာလှဘေ၏
အတွေးအမြင်
စာစု

၊ဒုတိယအကြိမ်၊

SARPAY BEIKMAN PUBLIC LIBRARY

SARPAY BEIKMAN PUBLIC LIBRARY

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

- သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။
- တိုင်းရင်းသားအချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊ တန်းတူရည်တူ ဆက်ဆံပါ။
- လွှတ်လပ်ရေးကို ကာကွယ်ပါ။

'နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်'

စာမူခွင့်ပြုအမှတ် ၁၀၇/၉၅/(၂)
မျက်နှာဖုံးခွင့်ပြုအမှတ် ၅၂၃/၉၅/(၉)
ဒုတိယအကြိမ်ထုတ်ဝေခြင်း၊ အုပ်ရေ (၁၀၀၀)
၁၉၉၅ခု နိုဝင်ဘာလ၊ တန်ဖိုး ၁၀၀ကျပ်။
(ပထမအကြိမ်-၁၉၉၃၊ စက်တင်ဘာလ)
ဒေါ်ခင်မျိုးချစ် (၀၁၃၅၂)၊ သိဒ္ဓိစာစဉ်၊ ၅၀၆/၈၊ ပြည်ရိပ်သာ၊ ကမာရွတ်၊ ရန်ကုန်မြို့က ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေ၍ အတွင်းစာသားများကို မစ္စတာမှုလ်ရာဆေးဂျပါး(၀၁၈၂၈) ဘောက်ဘောက်ဝင်းပုံနှိပ်တိုက်၊ ၁၆၉(က)၊ ၃၃လမ်း၊ ရန်ကုန်က ရိုက်နှိပ်သည်။ မျက်နှာဖုံးကို ဒေါ်တင်တင်ဌေး (၀၅၂၄၀) သင်းလဲ့ဝင်းပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။
ကွန်ပျူတာစာစီ-ခေတ်ရွှေကွန်ပျူတာ။
မျက်နှာဖုံးဒီဇိုင်း-မောင်မြင့်လွင်(အပျိုစင်မဂ္ဂဇင်း)

ဖြန့်ချိရေး
ဒေါ်မြစာပေ
၁၁၃၊ ၃၃လမ်း၊ ရန်ကုန်၊ ဖုန်း-၇၃၂၁၀

ပညာပါရမီ

နှင့်

ပါမောက္ခဒေါက်တာလှဘေ၏

အတွေးအမြင်စာစု

ဒေါက်တာလှဘေ
မြန်မာစာပါမောက္ခ (အငြိမ်းစား)
လန်ဒန်တက္ကသိုလ်
ပြုစုသည်

မာတိကာ

၁။ အမှာစာ ၁၇

၂။ ပါမောက္ခဒေါက်တာလှဘော အတ္ထုပ္ပတ္တိအကျဉ်း ၂၃

၃။ ဆရာထက်လက်စောင်းထက်သောတပည့်နှင့်
ကျွန်တော့်အတွေ့အမြင်၊ အတွေးအမြင် ၂၇

၄။ ပုထုစဉ်ဟူသမျှ မှားမည်သာ-သို့သော် ... ၃၇

၅။ ဦးချိန်၏ မော်ကွန်းသဒ္ဒါ ဗျုပ္ပတ်အဓိပ္ပာယ်နှင့်
ကျွန်တော့်အတွေ့အမြင်၊ အတွေးအမြင် ၄၆

၆။ ဂျန်းထလ်မဲန်း၊ လေးဒီနှင့် မေတ္တာတရား ၅၈

၇။ ဆရာဝန်များနှင့် ဇီဝိတ ဝိနယ ၇၁

၈။ အိမ်ရှင်မများနှင့် ကလျာဏဝိနယ ၈၁

၉။ ဒီဂရီဘွဲ့ (၁)၊ တက္ကသိုလ်ခံယူချက် ၉၁

၁၀။ ဒီဂရီဘွဲ့ (၂)၊ ပြင်ပခံယူချက် ၁၀၁

၁၁။ ပါရမီနှင့်ဆရာ (၁)၊ ပါရမီ ၁၁၁

၁၂။ ပါရမီနှင့်ဆရာ (၂)၊ ဆရာ ၁၂၃

၁၃။ မော်ကွန်းသုတေသန ၁၃၅

၁၄။ ပညာပါရမီဖြည့်ကြပါ ၁၄၄

၁၅။ ဦးကုလားပမာဒလေခအရေးအသားနှင့်
ကျွန်တော့်အတွေ့အမြင်၊ အတွေးအမြင် ၁၅၇

၁၆။ ကံထမ်းလာသည်ကိုမမြင်ရ (၁)
ကျောင်းသားဘဝ၊ ၁၉၃၉ ခု
ဆရာဘဝ (၁)၊ ၁၉၅၃ ခု ၁၆၉

၁၇။ ကံထမ်းလာသည်ကိုမမြင်ရ (၂)
ဆရာဘဝ (၂)၊ ၁၉၆၂ ခု ၁၈၀

၁၈။ ကံထမ်းလာသည်ကိုမမြင်ရ (၃)
ဆရာဘဝ (၃)၊ ၁၉၆၄ ခု ၁၈၉

၁၉။ ကံထမ်းလာသည်ကိုမမြင်ရ (၄)
ဆရာဘဝ (၄)၊ ၁၉၆၅ ခု ၂၀၀

၂၀။ ကံထမ်းလာသည်ကိုမမြင်ရ (၅)
ဆရာဘဝ (၅)၊ ၁၉၆၇ ခု
ဆရာဘဝ (၆)၊ ၁၉၇၀ ပြည့်နှစ် ၂၀၉

၂၁။ ကံထမ်းလာသည်ကိုမမြင်ရ (၅)
ဆရာဘဝ (၇)၊ ၁၉၇၁ ခု ၂၁၈

၂၂။ ကံထမ်းလာသည်ကိုမမြင်ရ (၆)
ဆရာဘဝ (၈)၊ ၁၉၇၃ ခု ၂၂၆

၂၃။ ကံထမ်းလာသည်ကိုမမြင်ရ (၇)
ဆရာဘဝ (၉)၊ ၁၉၈၀ ပြည့်နှစ် ၂၃၄

၂၄။ ကံထမ်းလာသည်ကိုမမြင်ရ (၈)
ပင်စင်စားဘဝ (၈)၊ ၁၉၈၄ ခု ၂၄၂

ဒေါက်တာလှဘော

၁၉၄၄ ခုနှစ် လန်ဒန်တက္ကသိုလ်၌ ဘွဲ့လွန်ယူအပြီး တွေ့ရစဉ်။

ဇနီးသည် ဒေါ်သန်းမြ နှင့်အတူ

မော်လမြိုင်မြို့တွင်... (၁၉၉၂)

မြန်မာနိုင်ငံ၌ ပြန်လည်နေထိုင်ပြီးနောက် စာပေ၊ ယဉ်ကျေးမှု အရေးကိစ္စများကို တတ်အားသမျှ ဆောင်ရွက်လျက်ရှိရာတွင် စာပေဟောပြောမှုများကိုလည်း ဆောင်ရွက်ရ၏။ ပုံမှာ ၃၁-၈-၈၆ နေ့က မော်လမြိုင်မြို့ စာပေဟောပြောပွဲ၌ တွေ့ရစဉ်။

TOO
LETE
WORK

Hla Pe is hoping that, with the help of computers now, this time will be considerably shortened.
In the meantime, he continues the work he began

မြန်မာ-အင်္ဂလိပ် အဘိဓာန်ကြီး ပြုစုနေခြင်းနှင့်စပ်လျဉ်း၍ ဒေါက်တာလှဘေ၏ ကြိုးပမ်းချက်အကြောင်း ၁၉၆၈ခု မတ် ၁၁ရက်ထုတ် The Guardian သတင်းစာ၌ ဖော်ပြခဲ့ပုံ။

When a scholar needs nine lives at least

THE fifth part of the Burmese English Dictionary, being published under the auspices of the School of Oriental and African Studies of London University, is due to appear in six months' time. It is a tribute to the pertinacity of a unique scholarly undertaking, which has already been running for 42 years and may take another 60 to complete, and in particular to Britain's only professor of Burmese, the charming and indefatigable Professor Hla Pe.

The origins of the dictionary project, which has had many tribulations, lie in the British administration of Burma. By 1924 it had become obvious that the nineteenth-century glossary of an American Baptist missionary, Judson, was no longer adequate as an Anglo-Burmese go-between.

မြန်မာ–အင်္ဂလိပ် အဘိဓာန်ကြီးနှင့်စပ်လျဉ်း၍ပင် ၁၉၇၅ခု ဇန်နဝါရီ ၃ရက်ထုတ် **Welwyn Time and Hatfield Advertiser** သတင်းစာ၌ ဤသို့ဖော်ပြခဲ့သည်။

လန်ဒန်တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် ၁၉၃၉ ခုနှစ် ဧပြီလက လေ့လာရေးခရီး ရောက်ရှိခဲ့သော ဆွစ်ဇာလန်ပြည် လိုကားနိုးမြို့မှ တည်းခိုခဲ့သည့် ဟိုတယ်ပုံ ပို့စကတ်ကို ဆရာကြီးဒေါက်တာလှဘေသည် နှစ်ပေါင်း ၅၀ကျော်မျှ ကြာအောင် မပျောက်မပျက်သိမ်းဆည်းထား၏။ (ကံထမ်းလာသည်ကိုမမြင်ရ–၁ ရှု။)



၁၉၆၄ ခု ဇန်နဝါရီလတွင် အိန္ဒိယပြည် ဒေလီမြို့သစ်၌ကျင်းပသော အရှေ့တိုင်းဒိုးရာ ကမ္ဘာ့ပညာရှင်များ၏ ၂၆ ကြိမ်မြောက် ကွန်ဂရက်သို့ ဒေါက်တာလှဘေ တက်ရောက်ဟောပြောခဲ့ရာ ဒေလီမြို့သစ် အသံလွှင့်ရုံ၏ ထိုစဉ်ကမြင်ကွင်း။ (ကဲထမ်း လာသည်ကိုမြင်ရ-၃ ရှု။)

ဂျာမနီနိုင်ငံ ဟိုက်ဒယ်လဘတ်တက္ကသိုလ်၊ အာရှတောင်ပိုင်း ဘာသာရပ်များကျောင်း (ပုံ)မှ ဖိတ်ကြားချက်အရ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလတွင် "မြန်မာသမိုင်းဗေဒ အရင်းအမြစ် သဘာဝနှင့် ထွားကျိုင်းလာပုံ" ခေါင်းစဉ်ဖြင့် သွားရောက် ဟောပြောခဲ့စဉ် ဇနီးသည်နှင့် အမှတ်တရ တွေ့ရပုံ။ (ကဲထမ်းလာသည်ကိုမြင်ရ-၅ ရှု။)

မြန်မာနိုင်ငံတွင် ပြန်လည်၍ အငြိမ်းစားနေထိုင်နေစဉ် ၁၉၈၄ ခုနှစ် မေလတွင် ပြင်သစ်ကောလိပ်က ဖိတ်ကြားချက်အရ "မြန်မာဗုဒ္ဓဘာသာ·လူမျိုးတို့၏ မွေးသည့်အချိန်မှ သင်္ဂြိုဟ်သည့်နေ့အထိ ဘဝ"အကြောင်းကို သွားရောက်ဟောပြောပို့ချခဲ့ရသည်။ ပုံမှာ ပြင်သစ်နိုင်ငံ စိန့်မားလို ပင်လယ်ကမ်းခြေမြို့တွင် ပါမောက္ခ ဘဲရန်းနှင့်ဇနီး၊ မိတ်ဆွေတစ်ဦးနှင့် ဒေါက်တာလှဘေ။ (ကဲထမ်းလာသည်ကို မမြင်ရ-ဂ ရှ။)

အရှေ့တိုင်း ဘာသာစကားများနှင့် ယဉ်ကျေးမှု ပညာရပ်များ ပြင်သစ်ကောလိပ် ကျောင်းတွင်...

အမှာစာ

'ပါမောက္ခ ဒေါက်တာလှဘော၏ အတွေးအမြင်စာစု' ခေါင်းစဉ်နဲ့ ဒေါင်းစာပေမှ ထုတ်ဝေမယ့် စာအုပ်အတွက် အမှာစာ ချီးမြှင့်ပေးပါ ဆရာကြီး ဟု မောင်ဝံသက ပြောလာ၍ ရေးပေးလိုက်ပါ၏။ မြန်မာပြည်တွင် ရှိနေစဉ်က မြန်မာစာပေနှင့် စပ်လျဉ်းသည့် ဆောင်းပါးတွေကိုသာ ရေးပါ၏။ အင်္ဂလန်၊ လန်ဒန်တက္ကသိုလ်ဆရာဘဝတစ်လျှောက်လုံးဝယ် မြန်မာဘာသာစာပေ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေကို ဦးစားပေးကာ ပြုစုပါသည်။ မြန်မာပြည်သို့ ပြန်ရောက်လာသောအခါတွင်ကား တစ်မူကွဲပြားသော အကြောင်းအရာတွေဘက်သို့ ခေါင်းလှည့်သွားသည်။ နိဒါန်းမှ နိဂုံးအထိ ရှင်းပြလိုပါ၏။

ပထမအရွယ် ဉာဏ်လည်းရှင် ကလောင်လည်းလျင်သည့် ကာလ တက်လူဘဝက ၁၉၃၇ ခုနှစ်၊ ဩဂုတ်လမှ ၁၉၃၈ ခုနှစ်၊ မေလအထိ ရဲရဲဝံ့ဝံ့ စာရွက်ပေါ် မင်ဖြင့် အက္ခရာတင်ပြီး ဂန္ထလောကသို့ မြန်မာစာပေ ညှော်ခံ စာတမ်း ၁၄စောင်ကို ပို့ပေးခဲ့သည်။ ၁၉၃၃ ခုနှစ်မှ ၃၆ ခုနှစ်အတွင်း မြန်မာစာ ဂုဏ်ထူးတန်း တက်နေစဉ်အခါက သင်၊ ကြား၊ မြင် ဆရာတို့၏ ပညာနှင့် ကျွန်တော့်အတွေးအခေါ်ပေါင်းစပ်၍ ပေါက်ဖွားလာသော လက်ရာတွေသာ ဖြစ်ပါသည်။ ထို ၁၄ စောင်ကို ဒုတိယအရွယ် လန်ဒန်မြို့ ဘီဘီစီမှ 'မြန်မာစာပေနှင့် အနောက်နိုင်ငံ' ခေါင်းစဉ်ဖြင့် အသံလွှင့်ဟောပြောချက် ၆ စောင်တို့ အတူပူးတွဲကာ ဦးမောင်မောင်တင် ကျေးဇူးကြောင့် 'မြန်မာ

စာပေညွှန့်ခံစာတမ်း’ဟူသော အမည်နှင့် စာအုပ်အဖြစ် ပထမဆုံးအကြိမ် ၁၉၆၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်းကို သိတန်သမျှ သိကြသူတွေရှိကြပေမည်။ မာန်မာန အရောင်အသွေး ယှက်သန်းနေသည်။ စာဖတ်ပရိသတ်ကား မြန်မာပြည်သား မြန်မာစာပေ လိုက်စားသူများ။

ဒုတိယအရွယ် တိုင်းတိုင်းတွတ္တ ဆိုင်းဆိုင်းဆဆ လန်ဒန် တက္ကသိုလ်ဆရာတစ်ဦးအနေဖြင့် စက္ကူပေါ် ခဲနှင့်ရေး၊ မင်ဖြင့် အချောကိုင်ကာ စာပုံနှိပ်စက်၌ ကမ္ဘည်းတင်ခဲ့သည်။ ဆောင်းပါး ၄၀ ကျော်နှင့် စာအုပ် ၉ အုပ်တို့ကို အင်္ဂလိပ်ဘာသာဖြင့်ချည်းသာ ပြုစုပါ၏။* အကြောင်းဖန်တီးလာ၍ဟု ဆိုရမည်။ တက္ကသိုလ်ဆရာတိုင်း၏ ဝတ္တရားတစ်ရပ်ကိုလည်း ဖြည့်လို၊ မြန်မာဘာသာ စာပေ ယဉ်ကျေးမှုကို လေ့လာ ဆည်းပူးနေသည့် အထူးသဖြင့် နိုင်ငံခြားသား ပညာရှင်သုတေသီနှင့် သောတုဇနတို့အား ဖြန့်ဖြူးချင်၍လည်း ဖြစ်ပါသည်။ မျိုးရိုး ဘာသာစကားမဟုတ်၍ ကြိုးကြိုးစားစား ဣန္ဒြေရရ စနစ်ကျကျ တင်ပြရပါ၏။ အကျိုးဆက်ကား ပါမောက္ခရာထူး။

စာတစ်လုံး တစ်ပါဒ တစ်ဝါကျကိုပင် စက္ကူပေါ်ခဲဖြင့် စရေးချရန် ဝန်လေးသည့် တတိယအရွယ်နှင့် ပင်စင်စား ဘဝ၌ ဝါသနာ၊ စေတနာ နာနှစ်နာ ဆွဲဆောင်မှုကြောင့် ဆောင်းပါးများ ဆက်လက်ရေးသားပါ၏။ မြန်မာစာပေအကြောင်းတစ်စောင်မျှ မပါချေ။ ဝါသနာအရ ပမာဒလေခ အရေးအသားနှင့် သဒ္ဒါပုဒ် ဗျူပ္ပတ်ဖွင့် ချို့တဲ့ပုံ ၃ စောင်ကို စီကုံးသည်။ ထို့နောက် စေတနာအရ အနောက်နိုင်ငံမှ စာတွေ့၊ ငါတွေ့ အတွေ့အကြုံများကို နေ့စဉ်မှတ်တမ်းများမှ ထုတ်နုတ်ကာ စာပန်းချီခြယ်ပြီး မြန်မာပြည်သူပြည်သားတို့အား ပညာဗဟုသုတ အာဟာရ ဖြည့်တင်းပေးသော ဆောင်းပါးအသီးသီးတို့ကို ‘အတွေးအမြင်’ စာစောင်တွင် ရေးသားသည်။

ယခုအခါ ဤဆောင်းပါး ၂၂ စောင်စလုံးကို စုပေါင်းကာ လုံးချင်းစာစောင်အဖြစ် မြန်မာပြည်သား စာဖတ်ပရိသတ်တို့အတွက် ပုံနှိပ်ထုတ်ဝေဖြန့်ချိပါပြီ။ ဆောင်းပါးတိုင်းမှာလိုပင် ပေါ်လွင်နေသည့် စကားလုံးများ၏

* Hla Pe: Burma (Myanmar), Institute of Southeast Asian Studies, Singapore 1985, pages 211-14 (Major Published Works by Hla Pe) ရှု။

ဒီ/၀၁၂ ဗြ/ ၄၄၆၆၈
၅
၁၄.၁၁.၉၂

အနက်ထဲ တမင်သက်သက် နှစ်မြှုပ်ထားသော ကျွန်တော့်အာဘော်တွေပါရှိနေသည်။ ဖွင့်ဖော်မပြထားခြင်းမှာ အဓိကအကြောင်းနှစ်ကြောင်းတို့ကြောင့်ပင်။ ဤသို့ ပြုလုပ်လိုက်ပါက ပေါ့ပျက်သွားစရာလည်းရှိ၊ ကျွန်တော့်အားလည်း ပလွှားသော လူတတ်ကြီးတစ်ယောက် လုပ်လှချေကလားဟု အထင်လွဲစရာလည်းရှိသည့် အတွက်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အကာအောက်မှ အနှစ်ကို ရှာပြီး ဖတ်ကြပါဟု မေတ္တာရပ်ခံလိုပါ၏။ အင်္ဂလိပ်လိုဆိုလျှင် Read between the lines. (find more meaning than the words appear to mean) ဥပမာ ၄ မြွာသော အကျဉ်းချုံးပြပါရစေ။

၁။ ဆရာ့ထက် တပည့်လက်စောင်းထက်

ဤဇာတ်နိပါတ်တော်မှရသည့် ဥပဒေသ စကားပုံသည် ‘ဆရာ့ထက် တပည့်လက်စောင်းမထက်’မဟုတ်။ ‘ဆရာကို အန်တု အုတ်ခဲထုခံရ’ သာ ဖြစ်ရာသည်။ ဇာတ်ကြောင်းမှာပင် ဘုရားအလောင်း ဂုတ္တိလစောင်းဆရာကြီးသည် ရှုံးမည်စိုး၍ စိတ်မတည်မငြိမ် ဖြစ်ခဲ့ရသည်။ နောက်ဆုံး သိကြားမင်း အကူအညီဖြင့် ဒေဝဒတ်လောင်း မုသိလအား အနိုင်ရသွားသည်။ အဆိုပါ စကားပုံသည် နိယာမတရားနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။ ပညာစုံ၍ ဆရာ့လက်အောက်မှ ထွက်ခွာသွားသော တပည့်သည် ဆရာ့ထက်လည်း ပါရမီရင့်၊ ဝီရိယလည်းမြင့်ပါက လက်စောင်းထက်ကြောင်း သာဓကတွေကို လည်းကောင်း၊ ဆရာကိုကာပြန်သည့် တပည့်တွေ ဘုန်းကြီး၍ သက်မရှည်၊ သက်ရှည်၍ ဘုန်းမကြီးကြောင်း အဖြစ်အပျက်တွေ စာတွေ့ ကိုယ်တွေ့ အများအပြားမြင်ခဲ့ပြီးပါပြီ။ ဤသည်တို့ကား ကျွန်တော့်အာဘော်ပင်။

၂။ ဦးချိန်၏ မော်ကွန်းသဒ္ဒါနှင့် မော်ကွန်းသုတေသန

ဘုရင့်ခေတ် မြန်မာပညာရှိကြီး ဒုတိယ ကျော်အောင်စံထားဆရာတော်နှင့် လေ့သင်းအတွင်းဝန် ဦးချိန်တို့သည် မြန်မာ ပါဠိပညာရှင်၊ သုတေသီနှင့် သောတုဇနတို့အကျိုးငှာ မော်ကွန်းနှင့် အခြားမြန်မာဝေါဟာရများ၏ ဗျုပ္ပတ်တွေကို ဖော်ထုတ်ပေးသည့် ကျမ်းကြီး ၂ စောင်တို့ကို ပြုစုခဲ့ပါသည်။ မြန်မာဘာသာ သမိုင်း၊ ဘာသာဗေဒနှင့် သဒ္ဒဗေဒ ပညာရပ်များ မပြည့်စုံ၍

စာပေဗိမာန်

မော်ကွန်းသဒ္ဒါပုဒ်အပါအဝင် သမ္ပုတ်သစ္စာနှင့် နေရာအတော်များများတွင် အံမဝင်ခွင်မကျ ဖြစ်ခဲ့ရပါ၏။ နှစ်ပေါင်းတစ်ရာမှ နှစ်ရာကျော်ကြာ၍ ၂၀ ရာစုနှစ်သို့ရောက်၊ ပြည်ပတိုင်းပြည်များနှင့် ထိတွေ့၊ တက္ကသိုလ်ကျောင်းကြီးတွေ တည်ထောင်၊ အနောက်နိုင်ငံမှ ပညာစုံဆည်းပူးလာသည့် မြန်မာပညာရှင်တို့ ရှိလာသည်။ မြန်မာဘာသာဘက်၌ ပျော့ချက်များရှိမြဲ ရှိနေသည်။

ဤခေတ်သစ်ပညာရှင်နှင့် သုတေသီအများစုက ကိုယ့်မြန်မာဘာသာကို မြန်မာလူမျိုးတွေ တတ်သိကျွမ်းကျင်သည်ဟူသော မှားသည့်အယူအဆဖြင့် အဆိုပါ ပညာ ၃ ရပ်ကို သိပ္ပံနည်းကျကျ မလိုက်စား၊ မလေ့လာဘဲ အမှားကို အမှန်ထင်ကာ လက်ခံခဲ့ပြီး ဖောက်သည်ချခဲ့၊ ချနေကြ၏။ ထို့ထက်မှာမူ ဗျူပ္ပတ်ကျမ်းတွေ သဒ္ဒါတွေ ရေးသားကြပြန်၏။ ရသည့်ရလဒ်ကား ရကျိုးမနပ်။ ဤသည်ကား ကျွန်တော့် အာဘော်။

ရန်ကုန်တက္ကသိုလ်မှ ဆရာကြီးတစ်ဦးက "ကျွန်တော် 'စကား'ဆိုတဲ့ ပုဒ်ရဲ့ အခြေအမြစ်ကို လိုက်ရှာနေတာ ကြာပြီ။ တစ်နေ့ကမှ တွေ့တယ်၊ တခြားမဟုတ်၊ မွန်ဘာသာ 'ဂး'မှ လာတာပါ"ဟု ဆို၏။ ကျွန်တော်က လည်း "မြန်မာလို 'အနီး'နဲ့ 'အဝေး'ဆိုတဲ့ သဒ္ဒါပုဒ်တွေရဲ့ ဇာစ်မြစ်ကို ရှာလို့တွေ့ပြီ၊ အင်္ဂလိပ် 'near' နီးယားနဲ့ 'away'အဝေးမှ လာတယ်"ဟု ပြန်ပြောလိုက်ရာ သူက ကျွန်တော့်ကို ဖြစပ်စပ်ပြန်ကြည့်၏။ ၁၉၅၇–၅၈ ခုနှစ်က ကျွန်တော်မြန်မာပြည်သို့ ပြန်လာစဉ် အတွေ့အကြုံတစ်ရပ် ဖြစ်ပါ၏။ ဤသည်တို့ကား ကျွန်တော်၏ အာဘော်။

၃။ ဆရာဝန်များနှင့် ဇီဝိတဝိနယ

'ဆရာကြီးဟာ သူ့ဇနီးကို ကြင်နာတယ်ထင်ပါရဲ့၊ ဇနီးအကြောင်း ရေးထားတာ ဖတ်လို့ကောင်းလိုက်တာ'ဟူ၍ တစ်မျိုး၊ 'ဆရာကြီးဟာ သူ့ဇနီးကို ဆရာဝန်များက စမ်းသပ်စစ်ဆေး ဆေးကုသပုံတွေကို ဦးစားပေး ရေးထားတယ်'ဟူ၍ တစ်ဖုံ ပြောသံများ တစ်ဆင့်ကြားရသည်။ ကျွန်တော့်မိတ်ဆွေ တစ်ဦးနှင့် အိမ်သို့ရောက်လာသည့် ဆရာဝန်တစ်ဦးကမူ တစ်မျိုးမြင်သည်။ မိတ်ဆက်စကားပြောကြားပြီး ကျွန်တော့်အား ထိုင်ကန်တော့ပါသည်။ ကျွန်တော်လည်း မင်သေမိသွားသည်။ ပြီးနောက် ဆုတောင်းပေးသည်။

ဆရာဝန်က 'ဆရာကြီးဆောင်းပါး ဖတ်ပြီးရတဲ့ အမြင်ဉာဏ်ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ ကန်တော့ပါတယ်၊ ဆောင်းပါးပါ ဆရာဝန်တွေဟာ ဟစ်ပိုခရေတီကျမ်းသစ္စာ (Hippocratic Oath) စောင့်ထိန်းပြီး မေတ္တာ စေတနာနဲ့ ကုသပုံ၊ အဖိုးမဖြတ်နိုင်တဲ့ အသက်တစ်ချောင်းကို သေမင်း လက်မှ ရလိုရငြား အတင်းဆွဲယူပုံတွေကို မြင်ရတော့ လူ့အဖြစ်ရခဲတယ်ဆိုတဲ့ ဒုလ္လဘတရားကို သွားသတိရမိပါရဲ့၊ ဒီပုဂ္ဂိုလ်ကြီးတွေကို သာဓုသုံးကြိမ် ခေါ်ပါတယ်။ ကျွန်တော်တို့ မြန်မာဆရာဝန်တွေအဖို့ သင်ခန်းစာတစ်ခုပဲနော်'ဟု စသည်ဖြင့် ပြောပါသည်။ ဤသည်ကား ကျွန်တော်၏ အာဘော်။

၄။ ကံထမ်းလာသည်ကို မမြင်ရ

(၁)မှ (၈)နှင့် ပင်စင်စားဘဝ

ခေါင်းစဉ်ကိုက ကံထမ်းလာသည်ကို မမြင်ရဟုဆိုထားသဖြင့် 'ဒီလူကြီးဟာ သူရောက်ဖူးတဲ့နေရာတွေ ကြွားလုံးထုတ်နေတယ်'ဟု စာဖတ် ပရိသတ်က စွပ်စွဲမည်မဟုတ်ဟူ၍ ယူဆပါသည်။ မှန်ပါ၏။ သွားရသည့် ကိစ္စများက ပေစာတွေသုံးသပ်အကဲဖြတ်ဖို့၊ ပြောဟောဖို့၊ စာမေးပွဲစစ်ဆေးဖို့၊ ကွန်ဖရင့်တက်ဖို့၊ ထို ဖို့ ၄ ဖို့တို့ ဖြစ်ပါသည်။ ရခေါင့်ရခဲသည့် ဤအခွင့် အရေးမျိုးရတုန်း မိုးရွာခိုက်ရေခံဆိုသကဲ့သို့ ပညာပေး၊ ပညာယူ ပညာရှင် သုတေသီသောတုဇနတို့နှင့် တွေ့ဆုံ၊ ရောက်သင့်ရာဒေသသို့သွားလည်သည်။ တစ်ပေါက်တည်းရှိသောပါးစပ်ဖြင့် မေးမြန်း၊ ဆွေးနွေး။ နှစ်လုံးရှိသော မျက်စိဖြင့်ကြည့်။ နှစ်ဘက်ရှိသော နားဖြင့် ထောင်ခဲ့သည်။ မျက်စိကြီးနားကြီး အတွေးအမြင် ကျယ်ဝန်း နက်ရှိုင်းလာ၏။ လူ့သဘာဝ လောကီရေးရာ အထွေအပြား အဝါးဝလာ၏။ ယခုထိ ကြားနေသေးသည့် မှတ်သားစရာ တစ်ခုမှာ ဘယ်(လ်)ဂျမ်ပြည်မှာ ကြီးပွားလိုသူတိုင်းသည် ကိုယ့်ဘာသာစကား အပြင် ဘာသာကြီးများဟုဆိုနေသော အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်ဘာသာများ အနက် နှစ်ဘာသာကို တတ်မြောက်ရမည်ဟူသည်ပင်။ ကိုယ့်မြန်မာလူမျိုး တို့ကိုလည်း ထိုသူတို့ကဲ့သို့ တတ်စေချင်ပါသည်။ ထို့အပြင် ကျွန်တော် ပြောဟောသလို ပြောနိုင်၊ ကြားသလို ကြားနိုင်၊ မြင်သလို မြင်နိုင်ခွင့်တို့ ရစေလိုပါ၏။ ဤသည်တို့ကား ကျွန်တော့်အာဘော်။

ကောင်းမှုမြတ်နိုး၊ ကောင်း**အောင်ကြိုး**၍၊ ကောင်းကျိုးစီးပွား၊ လူအများ၌ တည်စေခြင်းငှာ **ဆောင်းပါးများကို** ရေးပါ၏။ ပြည်သူပြည်သားတို့က အဖိုးတန်လှသည့်အချိန်ကို အကုန်ခံကာ မြည်းရုံမြည်း၊ စားပဲစားစား၊ ဝါးပြီးမျိုမျို နောက်ဆုံးတွင် စာဖတ်ပရိသတ်အများစုက ပညာရသည်ဟုဆိုလျှင် ရေးရကျိုး နပ်ပါပေပြီ။ ပညာသည် ကံ၊ ဉာဏ်၊ ဝီရိယနှင့် ဗဟုသုတတို့မှ သန္ဓေတည်လာသော အမြုတေဟူ၍ ကျွန်တော် နားလည်ထားပါ၏။

လှဘေ

ပါမောက္ခ ဒေါက်တာလှဘေ

(MA, Dip Ed, Ph.D)

အငြိမ်းစား မြန်မာစာပါမောက္ခ (လန်ဒန်တက္ကသိုလ်)

အတ္ထုပ္ပတ္တိအကျဉ်း

၁။ ဆရာကြီးအား မော်လမြိုင်ခရိုင်၊ ခရဲရွာတွင် မွေးဖွားခဲ့ပါသည်။ ၁၉၃၁ ခုနှစ်တွင် မော်လမြိုင်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၀တန်းကို ဂုဏ်ထူး(၅)ခုဖြင့် အောင်သဖြင့် စကောလားရှစ် ရခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၃၆ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို မြန်မာစာတွင် ပထမတန်း ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ကို ထပ်မံ ရရှိခဲ့ပါသည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံသို့ ပညာရေးဘာသာရပ်သင်ကြားရန် စကောလားရှစ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

၂။ လန်ဒန်တက္ကသိုလ် ပညာရေးသိပ္ပံဌာနမှ ပညာရေး ဒီပလိုမာကို ၁၉၃၉ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ဆက်လက်၍ ၎င်းတက္ကသိုလ်၏ အရှေ့ပိုင်းပညာ လေ့လာရေး (နောင်တွင် အရှေ့ပိုင်းနှင့် အာဖရိက ပညာလေ့လာရေး) သိပ္ပံကျောင်းတွင် ပညာများသင်ကြားခဲ့ရာ ၁၉၄၄ ခုနှစ်တွင် မြန်မာစာဖြင့် ပါရဂူ (Ph.D)ဘွဲ့ကို ရရှိခဲ့ပါသည်။

၃။ ဆရာကြီးသည် ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်ထိ လန်ဒန်မြို့ ဘီဘီစီ မြန်မာပိုင်းတွင် သတင်းဝေဖန်သူ၊ ဘာသာပြန်ဆရာ၊ အသံလွှင့်သူ စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၄၆ မှ ၁၉၄၈ ခုနှစ်ထိ မြန်မာ-အင်္ဂလိပ် အဘိဓာန်ပြုစုသူ အယ်ဒီတာများ၏ လက်ထောက် တာဝန်ကို လုပ်ဆောင်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှ စ၍ ပူးတွဲအယ်ဒီတာ တာဝန်ကိုယူခဲ့ပါသည်။

၄။ တက္ကသိုလ်ဆရာကြီးတစ်ဦးအနေဖြင့် ၁၉၄၈ ခုနှစ်မှ စ၍ လန်ဒန် တက္ကသိုလ်အရှေ့ပိုင်းနှင့် အာဖရိကပညာ လေ့လာရေး သိပ္ပံကျောင်းတွင် ပထမတွင် ကထိက၊ ၁၉၅၅ ခုနှစ်တွင် လ/ထ ပါမောက္ခတာဝန် များကို မြန်မာစာဌာနတွင် ထမ်းဆောင်၍ ၁၉၆၆ ခုနှစ်တွင် ပါမောက္ခတာဝန်ကို ဆက်လက်တာဝန် ယူခဲ့ပါသည်။ ထိုသို့ တာဝန် ယူခဲ့စဉ်က ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားများကို မြန်မာစာသင်ကြား ပို့ချပေးခဲ့ရုံသာမက လန်ဒန်တက္ကသိုလ်ဝင်ဂျီစီအီး(အို)အဆင့် စာမေးပွဲ များ၊ ပြည်သူ့ဝန်ထမ်း ကော်မရှင် စာမေးပွဲများတွင် ပါဝင်စစ်ဆေး ခဲ့ရပါသည်။ ထို့အပြင် ယူ-ကေနှင့် အခြား ဥရောပနိုင်ငံများရှိ တက္ကသိုလ်များသို့လည်း သွားရောက်၍ ဟောပြောသင်ကြားပို့ချရခြင်း တာဝန်များလည်း ယူခဲ့ရပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် အငြိမ်းစား ယူ၍ ယခုအခါ မော်လမြိုင်မြို့၌ပင် နေထိုင်လျက်ရှိပါသည်။

၅။ ဆရာကြီး၏ သက်တမ်းတစ်လျှောက်တွင် ပညာသင်ကြားပို့ချပေး ခဲ့ခြင်းများသာမက စာပေပြုစုခြင်း များစွာလည်း လုပ်ကိုင်ခဲ့ပါသည်။ အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် ဆောင်းပါးပေါင်း ၆၀ ကျော်ကို လည်းကောင်း၊ စာအုပ်ပေါင်းများစွာကို လည်းကောင်း ပြုစုရေးသား ထုတ်ဝေခဲ့ပါသည်။ ဆရာကြီး၏ ထင်ရှားသော စာအုပ်အချို့မှာ-

* ‘မြန်မာစာပေညွှန်ခံစာတမ်း’ (မြန်မာလို)
* ‘ကုမာရပြဇာတ်’ (အင်္ဂလိပ်လိုဘာသာပြန်)
* ‘မြန်မာစကားပုံများ’ (အင်္ဂလိပ်လို)
* ‘မြန်မာ-အင်္ဂလိပ်အဘိဓာန်’၊ အပိုင်း(၂)မှ (၆)အထိ

* နောက်ဆုံး ၁၉၈၅ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ ထုတ်ဝေသော ‘မြန်မာနိုင်ငံ’ (အင်္ဂလိပ်လို)

၆။ မြန်မာနိုင်ငံ မော်လမြိုင်မြို့တွင် အငြိမ်းစားအဖြစ် နေထိုင်လျက်ရှိစဉ် နိုင်ငံခြားတက္ကသိုလ်များမှ ဖိတ်ကြားချက်အရ ဟောပြောပို့ချမှုများကို သွားရောက် ဆောင်ရွက်ခဲ့ပါသည်။ ‘အတွေးအမြင်’ စာစောင်တွင် စာပေနှင့် အတွေ့အကြုံဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

●

‘ဆရာ့ထက်လက်စောင်းထက်သောတပည့်’ နှင့် ကျွန်တော်၏ အတွေ့အမြင် အတွေးအမြင်

၁။ ။ကျွန်တော်

၁၉၈၅ ခု၊ မတ်လ ၂၆ ရက်နေ့တွင် ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ယောက် ရောက်လာပါ၏။ မောင်ဝံသထံမှ ၉-၃-၈၅ ရက်စွဲပါ စာတစ်စောင်နှင့်အတူ ပေဖော်ဝါရီလထုတ် ‘အတွေးအမြင်’ စာစောင်တစ်စောင်ကို ကျွန်တော့်အား ပေးလာ၏။ စာထဲ၌ အခြားအကြောင်းများအပြင် ပုံမှန်ဆောင်းပါးများ အတွေးအမြင်အတွက် လိုချင်ပါကြောင်း ပါသည်။ မောင်ဝံသနည်းတူ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း ဆောင်းပါးတောင်းသူများ ရှိကြပါ၏။ ကျွန်တော်ကလည်း ပညာပါရမီ ဖြည့်ချင်လှပါသည်။ သို့သော် လက်သွားတိုင်း ကလောင်ကမလိုက်ပါ။ အကြံဉာဏ်၊ ခံယူချက်နှင့် ဉာဉ်တို့၏ ပယောဂကြောင့်ဟု ဆိုရပါမည်။

၁၊ ၁။ ။အကြံဉာဏ်

ဆောင်းပါးတစ်စောင် မွေးထုတ်ပေးသည့် အကြံဉာဏ်၏ ဗီဇဟု ဆိုအပ်သော ဖြစ်ကွက်တစ်ကွက်သည် ကံအားလျော်စွာ တစ်ခါတစ်ခါ ဖြစ်ပေါ်လာတတ်၏။ အချို့သော ထိုဗီဇတို့သည် ခေါင်းထဲကိန်းအောင်း နေပါသည်။ သို့သော် ပြင်ပမှ တိုက်ဆိုင်မှု တစ်မှုမှုက လာ၍ ကလိမှသာ

ထိုမျိုးစေ့ ဗီဇမှသည် အကြံဉာဏ် ဖြစ်လာပါတော့၏။ ဤကဲ့သို့ လာကလိသည့် အခွင့်အရေးမျိုးသည် ပေါ်ချင်မှ ပေါ်လာတတ်ပါသည်။

၁၊ ၂။ ။ခံယူချက်

ဆောင်းပါးတစ်စောင် ရေးပါတော့မည်ဟု လုပ်တိုင်းလိုလိုပင် ခံယူချက်က 'စာဖတ်ပရိသတ်အချိန်ကို မဖြုန်းနဲ့၊ ဘာကို၊ ဘာကြောင့်၊ ဘယ်လိုရေးရင် ဖတ်ရကျိုးနပ်မယ်။ ဆိုပါတော့။ ဖြစ်နိုင်လျှင် ဥပမာ (၁) ယထာဘူတ မကျပေတယ်ရယ်လို့ လူများစုက အမှန်တရားလို့ထင်ပြီး သမားရိုးကျ လက်ခံနေတဲ့ အယူအဆ၊ အဆိုအမိန့်၊ အရေးအသားမျိုးတွေဟာ တိုးတက်ရေးမြစ်ဖျားမှာ ထွန်းနေတဲ့သောင်တွေနဲ့ တူတယ် ဆိုတဲ့အကြောင်း ခပ်ဆန်ဆန်ရေး၊ (၂) စဉ်းစားဉာဏ်၊ ခွဲခြားဉာဏ်၊ ဝေဖန်ဉာဏ်တွေကို ကလိပေးလိုတဲ့ အကြောင်းကြောင့်ရေး၊ (၃) ရှိ၊ သိပြီးသားတွေကို ရှိ၊ သိထားတဲ့အတိုင်းပဲ၊ မရှိ၊ မသိသေးတဲ့ဟာတွေကို တွေ့သိလာတဲ့အခါ တွေ့သိလာတဲ့အတိုင်းမဲ မတင်ပြနဲ့။ အမြင်သစ်၊ ဉာဏ်သစ်တွေနဲ့ အနက်ဖော်ထုတ် ပေးနိုင်မှရေး။ ရေးရင်လည်း စကားလုံးတွေကို ဆင်းရဲသား ငွေသုံးသလိုသုံး။ သူဌေးသားငွေဖြုန်းသလို မဖြုန်းနဲ့ စသည့် ဩဝါဒတွေ ပေးတတ်ပါသည်။ အားလုံးတို့ကို အစဉ်သဖြင့် လိုက်နာရန် ခက်ခဲဘိ၏။

၁၊ ၃။ ဉာဉ်

ကျွန်တော့်တွင် အဆာကျယ်လှသော ဉာဉ်ရှိပါ၏။ ဆောင်းပါး ရေးသည့်အခါတိုင်း ချိန်ဆလွန်းလှသဖြင့် တော်တော်နှင့် မပြီးနိုင်။ ပြီးလျှင်လည်း အဖျင်းဆုံး တစ်ပတ်လောက်သိမ်းထား။ နောက်မှ အခေါက်ခေါက် အခါခါ ပြန်ဖတ်၊ ပြန်ပြင်နေသဖြင့် အပြီးသတ်ချင်မှ သတ်နိုင်ပါ၏။

ထိုသို့သော အကြောင်းကြောင်းတို့ကြောင့် ပညာပါရမီ ဖြည့်ချင်ပါ၏။ ကလောင်က လက်နောက်မလိုက်ဟု ဆိုခဲ့ရပါသည်။

၂။ ။ဆောင်းပါး

ကျွန်တော်၏ အချုပ်အချယ်နှင့် ဉာဏ်ကန့်သတ်ချက်များကို ကျွန်တော်သိပါသည်။ သို့ကြောင့်လည်း စာစောင်နှင့် စာယူလာသူမိတ်ဆွေအား

'မောင်ဝံသကို စာစောင်အတွက် ကျေးဇူးတင်ကြောင်း၊ ဆောင်းပါးအတွက် စဉ်းစားပါရစေဦး'ဟု မတင်မကျ စကားပါးလိုက်ရပါသည်။ သို့သော် လောကကြီး၌ မကြံဘဲဖြစ် ကြံလျက်ပျက်၏။

မိတ်ဆွေပြန်သွားသောအခါ အတွေးအမြင်ကို လှန်လှောကြည့်၏။ မောင်ဝံသ၏ ဆောင်းပါးကို တွေ့ရ၏။ ဖတ်ကြည့်၏။ ဆရာထက် လက်စောင်းထက်သော တပည့်အကြောင်းကို သိရ၏။ ထိုအခါ 'မောင်ဝံသဟာ အမှန်တရားရယ်လို့ လက်ခံထားတဲ့ ဆရာ့ထက် တပည့်လက်စောင်းမထက် ဝါဒရဲ့ ချို့တဲ့ချက်ကို မီးမောင်းထိုးပြလိုတဲ့သဘောနဲ့ ရေးလေသလား'ဟု ဦးစွာ စိတ်ထဲထင်မိလာ၏။ တစ်ဆက်တည်းပင် ၁၉၄၈-၄၉ ခုနှစ်လောက်က ဖြစ်ပျက်ကွက်တစ်ကွက်သည် ခေါင်းထဲပေါ်လာပါသည်။

ထိုနှစ်တွင် လန်ဒန်တက္ကသိုလ်လက်အောက်ခံ ကောလိပ်ကျောင်း တစ်ကျောင်း၌ မြန်မာစာကထိက အဖြစ်ဖြင့် ကျွန်တော် စတင် အမှုထမ်းပါသည်။ ထိုနှစ်လောက်မှာပင် ရန်ကုန်တက္ကသိုလ်ဝင်းထဲ နံရံ၊ သစ်ပင် စသည်တို့၌ ၁၉၄၁ ခုနှစ်က ကပ်ထားသည်ဆိုသော ဆရာထက် တပည့် လက်စောင်းမထက် စာတန်းပါ ပိုစတာတစ်စောင်ကို မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို လူကြုံဖြင့် ပို့ပေးခဲ့ပါသည်။ အကြောင်းတစ်ခုကြောင့် ဖြစ်ပါသည်။ ရလျှင်ရချင်း 'ဒီစာတန်းဟာ ဂုတ္တိလဝတ္ထုမှ သာခကေကို အစွဲရှိသူတို့က အမြတ်ထုတ်ပြီး ပြုထားတဲ့ ဥပဒေသဆောင်ပုဒ်ပဲ။ ဖြစ်ရိုးဖြစ်စဉ်နှင့် မညီစေကာမူ ဗုဒ္ဓဘာသာလူမျိုးအများအပြားက အမှန်တရားရယ်လို့ လက်ခံထားတယ်။ ဒါကို ရန်ကုန်တက္ကသိုလ်ကြီးကိုကပါ ရောပြီး လက်ခံနေခဲ့သေးတာကိုး'ဟူသော အတွေးလုံးများ ပေါ်လာ၏။ ထိုဖြစ်ကွက်ဗီဇသည် ခေါင်းထဲသန္ဓေတည်ပြီး ကိန်းအောင်း နေခဲ့ပါသည်။ သို့နှင့် နှစ်ပေါင်း ၄၀ နီးပါးကြာရှိလာမှ တိုက်တိုက်ဆိုင်ဆိုင် မောင်ဝံသက ကလိလိုက်သဖြင့် အကြံဉာဏ်ပေါ်လာပြီး ဆောင်းပါးပေါက်ဖွားရပြီ။

'ကျွန်တော်၏ အတွေ့အမြင်၊ အတွေးအမြင်'ဟု ခေါင်းစဉ်တပ်ထားပါသည်။ ထို့ကြောင့် အတွေ့အမြင်ဟူသော (၁) ဆောင်ပုဒ်ဖြစ်ပေါ်စေသည့် ဂုတ္တိလဝတ္ထု၊ (၂)မောင်ဝံသ၏အရစ္စထောထဲလ်အကြောင်းနှင့် (၃) ကိုယ်တွေ့ လန်ဒန်တက္ကသိုလ်မှ အဖြစ်အပျက်တို့ကို မူတည်၍ အတွေးအမြင်ဖြင့်

အကြောင်းကို သုံးသပ်ပါမည်။ ပြီးနောက် ရလဒ်အကျိုးတို့ဖြင့် နိဂုံးချုပ်ပါအံ့။

ဆက်လက်မရေးမီ ခုရှုပ်မှနောင်ရှင်းဆိုသကဲ့သို့ တပည့်ဟူသော ပုဒ်ကို ပထမရှင်းပြရန် လိုအပ်ပါ၏။ ဆရာ့ထံ ပညာဆည်းပူးနေဆဲ တပည့်၊ ဆည်းပူးခဲ့သော တပည့်၊ ဆည်းပူးခဲ့ပြီး အချိန်နှင့် အခွင့်ရတိုင်း ဆက်လက် ဆည်းပူးနေသည့် တပည့်ဟူ၍ သုံးမျိုးရှိပါ၏။ ဤဆောင်းပါးပါ တပည့် တို့သည် ဒုတိယနှင့် တတိယအမျိုးအစားတို့ ဖြစ်ကြပါသည်။

၂၊ ၁။ ။အတွေ့အမြင်

ပထမအတွေ့အမြင်သည် ၅၅၀ နိပါတ်၊ ၂၄၃ ကြိမ်မြောက် ဇာတ်တော်လာ ဂုတ္တိလဝတ္ထု ဖြစ်ပါသည်။

၂၊ ၁၊ ၁။ ။ဂုတ္တိလဝတ္ထု

ဘုရားအလောင်း ဂုတ္တိလ စောင်းဆရာကြီးက တပည့်ခံလာသူ ဒေဝဒတ်လောင်း မုသိလအား အာစရိယမုဋ္ဌိ ဆရာစားမချန် စောင်းအတတ်ကို သင်ပေးလိုက်၏။ လုံးဝဥဿုံတတ်ပြီဟု ယူဆမိလာသော တပည့်သည် ဆရာနှင့်အတူ ခစားနေသော ဘုရင့်ထံသွား၍ ဆရာနှင့်ပြိုင်၍ တီးပြလိုကြောင်း လျှောက်ထား၏။ ဘုရင်ကလည်း ပြိုင်ပွဲကျင်းပ။ သိကြားမင်းက ဂုတ္တိလကို ကူညီ။ ဆရာက အနိုင်ရ။ တပည့်က ပြိုင်ပွဲလည်းရှုံး၊ အသက်လည်း ဆုံးရ၏။ ဤပွဲ၌ ပရိသတ်က အကဲဖြတ်၊ စီရင်ချက်ချ၏။

၂၊ ၁၊ ၂။ ။အရစ္စတောတဲလ်

မောင်ဝံသက ခေါမစာပေမှ ဆန့်ကျင်ဘက် သာဓကကို ဆောင်ပြ၏။ အဖြစ်အပျက်ကို အရစ္စတောတဲလ် (၃၈၄–၃၂၂ဘီစီ)သည် အသက် ၁၈ နှစ် သားအရွယ်ကစပြီး ပလေးတိုး (၄၂၇–၃၄၇ဘီစီ)ခြေရင်းတွင် နှစ်ပေါင်း ၂၀ ကြာမျှ ပညာဆည်းပူးခဲ့၏။ ၃၄၇ဘီစီ၌ ဆရာအနိစ္စရောက်သွားသောအခါ တပည့်သည် တစ်ရပ်တစ်ခြားဘုရင်တစ်ပါးထံတော်ဝယ် အလေးအမြတ် ပြုခံရသော ဆရာအဖြစ်ဖြင့် အမှုတော်ထမ်း၏။ တတ်ပြီးသော ပညာများကို မှီး၍ အမြင်သစ်၊ ဉာဏ်သစ်ဖြင့် ပညာနယ်နိမိတ် ချဲ့၏။ အရည်အသွေးပြည့်၍ အဆင့်အတန်းမြင့်သော ကျမ်းအစောင်စောင်တို့တို့ကို ပြုစု၏။ ထိုကျမ်းများကို

မှီး၍ ဆရာထက်လက်စောင်းထက်သော တပည့်ဟူ၍ ပညာရှိကြီးများက ဆိုမိန့်ကြပါသည်။

၂၊ ၁၊ ၃။ ။လန်ဒန်တက္ကသိုလ်မှ အဖြစ်အပျက်

မောင်ဝံသ၏ ဆောင်းပါးပါအရစ္စတောတဲလ်နှင့် တစ်မူကွဲသည့် ဆရာထက် လက်စောင်းထက်သော တပည့်များသည် ယခုခေတ်တွင်လည်း ရှိပါသည်။ လန်ဒန်တက္ကသိုလ်မှ သာဓကအချို့ကို ဗဟုသုတအလို့ငှာ အတန် ငယ် ချဲ့၍ တင်ပြပါရစေ။ ‘ဘာဖြစ်လို့ အမေကျော်ဒွေးတော်လွမ်းချင်ရ တာလဲ။ ရန်ကုန်တက္ကသိုလ်မှာ သာဓကတွေ မပြနိုင်ဘူးလား’ဟု မေးငြားအံ့။ တပည့်ဆရာဘဝဖြင့် ရန်ကုန်တက္ကသိုလ်၌ ၇ နှစ်မျှသာ နေခဲ့ရပြီး လန်ဒန် တက္ကသိုလ်တွင် အနှစ် ၄၀ ကျော်ကျော် သံသရာလည်ခဲ့ရသောကြောင့်ဟု ဖြေရပါမည်။

လန်ဒန်တက္ကသိုလ်လက်အောက်ခံ ၈၀ ကျော်ခန့်ရှိ အခြား ကောလိပ် ကျောင်းများနည်းတူ ကျွန်တော်တို့ ကောလိပ်ကျောင်းတွင်လည်း ဌာနတိုင်း လိုလိုမှာပင် လက်ထောက်ကထိက၊ ကထိက၊ အထက်တန်းကထိက၊ ဒုပါမောက္ခ၊ ပါမောက္ခများ အသီးသီးရှိကြပါသည်။ လက်ထောက်မှ အထက်တန်း ကထိက အထိ ဆရာများကို ကောလိပ်အာဏာပိုင်တို့က ခန့်အပ်နိုင်ခွင့်ရှိ၏ တက္ကသိုလ် ဆရာများဟုခေါ်သော ဒုပါမောက္ခနှင့် ပါမောက္ခတို့ကိုကား တက္ကသိုလ် အာဏာပိုင်အဖွဲ့ကသာ ခန့်ပိုင်ခွင့်ရှိသည်။ ဌာနအချို့တို့တွင် ဆရာနှင့်အတူ တပည့်ဟူ၍ အမှုထမ်းနေပြီး ဆရာ့ထံဆည်းကပ်နေသောတပည့်များ ရှိပါ၏။

လန်ဒန်တက္ကသိုလ်တွင် ပို့ချနေသော ဘာသာရပ်ကြီးတိုင်းအတွက် အနည်းဆုံး ပါမောက္ခတစ်ဦး ခန့်အပ်ထားရန် ဥပဒေရှိပါ၏။ တစ်ခါသော် ကျွန်တော်တို့ကျောင်းမှ ဘာသာရပ်ကြီးတစ်ရပ် ပါမောက္ခတစ်ဦး အငြိမ်းစား ယူသွား၏။ ကျောင်းက တက္ကသိုလ်သို့ စာတင် အကြောင်းကြား၏။ စည်းမျဉ်းအရ တက္ကသိုလ်က သဘာပတိအဖြစ် ဒုပတိ၊ တက္ကသိုလ်ကျောင်း အုပ်ကြီး(ပါမောက္ခချုပ်)နှင့် ဘာသာရပ်ကြီးဆိုင်ရာ ဝိဇ္ဇာမဟာဌာနမှူးသုံးဦးတို့ ပါဝင်သော အဖွဲ့တစ်ဖွဲ့ခန့်။ ထိုဘာသာရပ်ပါရဂူဟု ကျော်ကြားနေသူ ပြင်ပ

ပညာရှိကြီးများအနက် နှစ်ဦးကို အကဲဖြတ်သုခမိန်တို့အဖြစ် ဖိတ်ခေါ်၏။ ထိုနောက် လစ်လပ်သော ရာထူးအတွက် သတင်းစာတွေထဲ ကြော်ငြာ၏။

လျှောက်ထားသူ ပါမောက္ခလောင်းအသီးသီးတို့က လျှောက်လွှာနှင့် အတူ မိမိ၏ အတ္ထုပ္ပတ္တိတိုကလေး၊ ဆိုင်ရာပုဂ္ဂိုလ်ကြီးများထံမှ ထောက်ခံစာများနှင့် ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းတို့ကို တက္ကသိုလ်ရုံးသို့ ပို့၏။ တိုသူတို့အထဲ ပြင်ပမှ ပညာရှင်များနှင့် ကျောင်းမှ အထက်တန်းကထိကဆရာနှင့် သူ၏ တပည့် ကထိကနှစ်ယောက်လည်း ပါပါသည်။

ချိန်းထားသောနေ့တွင် ပါမောက္ခလောင်းတို့အား တစ်ယောက်စီ အလှည့်ကျခေါ်တွေ့၏။ အလျား ၉ ပေ၊ အနံ ၅ ပေခန့်ရှိ ထုထည်ကြီးမားသော စားပွဲထိပ်၌ အလွယ်က ဒုအဓိပတိ၊ ဝဲဘက်၌ ပါမောက္ခချုပ်၊ ယာဘက်၌ မဟာဌာနမှူးတို့ အသီးသီးနေရာယူကြ၏။ သူတို့နှင့် မလှမ်းမကမ်း စားပွဲဝဲဘက်တွင် သုခမိန်နှစ်ဦး၊ ယာဘက်တွင် ကျွန်တော်တို့ ကျောင်းမှ ကျောင်းအုပ်ကြီး၊ ပါမောက္ခအချို့နှင့် အခြား ဆရာအချို့တို့ ရှိကြ၏။ စားပွဲခြေရင်း တွင်ကား ပါမောက္ခလောင်းတစ်ယောက်စီ ထိုင်လာ၏။

အဖွဲ့ဝင်သုံးဦးသားတို့သည် ပါမောက္ခလောင်းတို့၏ ဥပဓိရုပ်၊ အပြောအဆို၊ အမူအရာများကို အကဲခတ်ကြ၏။ ရံဖန်ရံခါ တစ်ခွန်းစနှစ်ခွန်းစ မေးတတ်၏။ ကျောင်းမှပုဂ္ဂိုလ်တစ်စုက ခင်းကျင်းနေသော 'လူတို့ဇာတ်' ကို ပွဲကြည့်ပရိသတ်ပမာ ထိုင်ကြည့်နေ၏။ အခရာကား သုခမိန်နှစ်ဦးတို့ပင်။ သူတို့သာလျှင် ပါမောက္ခလောင်းတို့ တစ်ယောက်စီ၏ အရည်အချင်းကို သူ၏ အတ္ထုပ္ပတ်ထောက်ခံစာများနှင့် စာအုပ်စာတမ်းတွေမှ သိနှင့်ထားကြပြီ။ သူတို့သာလျှင် မရှင်းသော၊ သိလိုသောအချက်များကို တောက်ကြည့် ခေါက်ကြည့်ကြသည်။

မေးမြန်းစစ်ဆေးပွဲပြီးသောအခါ ဆွေးနွေးပွဲစ၏။ ကိစ္စများအားလုံးပြီးစီးသွားသောအခါ သုခမိန်နှစ်ဦးတို့က တပည့်ကို ပါမောက္ခခန့်ထိုက်ကြောင်း အဆိုပြုကြ၏။ အဖွဲ့သားတို့က တိုင်ပင်စဉ်းစား၏။ ပြီးလျှင် ကျောင်းမှ ပုဂ္ဂိုလ်တစ်တွေ၏ ထင်မြင်ချက်ကို မေး၏။ နောက်ဆုံး သဘောတူလိုက်၏။ မကြာမီ တပည့်သည် သတင်းကောင်းပါသည့် စာတစ်စောင်ကို ပါမောက္ခချုပ်ထံမှ ရသည်။ ဆရာလည်း ပင်စင်ယူသွားပါ၏။

ဆရာကို ဤကဲ့သို့ကျော်၍ တပည့်အား ပါမောက္ခခန့်လိုက်သော အခြား ဖြစ်ရပ်နှစ်ရပ်ကိုလည်း ကျွန်တော့် အလုပ်သက်တမ်း၌ ကြုံတွေ့ခဲ့ရပါသေး၏။

ရာထူးခန့်ထားရေးနှင့် စပ်လျဉ်း၍ တက္ကသိုလ်မှပြဋ္ဌာန်းထားသော မှူအရသာ သုခမိန်နှစ်ဦးတို့က ဆောင်ရွက်ရပါသည်။ ပါမောက္ခလောင်း၏ (၁) သင်ပြပို့ချမှုစွမ်းအင်သတ္တိ၊ (၂) ပညာဂုဏ်သတင်းအရှိန်အဝါ၊ (၃) ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းဦးရေနှင့် အဆင့်အတန်းတို့ကို ပဓာနထားပြီး ရွေးချယ်ခန့်အပ်ရ၏။ တတိယအချက်သည် အဓိကဖြစ်ပါ၏။ တက္ကသိုလ်လောကတွင် အဆင့်အတန်းမြင့်သော စာအုပ်စာတမ်းတွေ ရေးနိုင်မှ ထင်ပေါ်၊ ထင်ပေါ်မှ စင်တော်ကောက်၏။ မရေးနိုင်လျှင် အထင်သေး၊ အထင်သေး၍ စင်ဘေး၌ ချိတ်ထားခံရသည်။ ထို့ကြောင့် (Publish or Perish) ပုံနှိပ်ထုတ်ဝေမလား၊ စုံမှိတ်ပုပ်သေမလားဟူသော စကားသည် ရေပန်းစားနေပါသည်။

၃။ ။အတွေးအမြင်

ဘဝဖြစ်စဉ်တွင် ဆရာက တပည့်ထက်ပိုစောပြီး ပညာဆည်းပူးခွင့်ရ၏။ ထို့ကြောင့် တပည့်ထက် ပညာပိုတတ်သည်ဟု တစ်ဦးဦးကပြောလျှင် ယုံရတော့မလိုလို ဖြစ်မိပါ၏။ သို့သော် ပြန်စဉ်းစားလိုက်လျှင် အသက်ကြီးသူတိုင်း ငယ်သူထက်ပို၍ အချိန်မစီး။ အလျင်လုပ်သူတိုင်း နောက်မှလုပ်သူထက် ပို၍ စောစောမပြီးကြောင်းများကို သတိမူမိကြပေလိမ့်မည်။ ပါရမီ အနုအရင့်၊ ကံ၊ ဉာဏ်၊ ဝီရိယ အနံ့အထက်တို့ ရှိသေး၏။

လောကကြီးရှိ ဆရာတပည့် ပညာရှင်တို့၏ ကမ္ဘာသည် အလယ်ဖောင်းဖောင်း၊ အရင်းအဖျားရှူးရှူး ငှက်ပျောဖူးသဏ္ဍာန်နှင့် တူသလိုရှိပေသည်။ အဆိုပါ ပါရမီ၊ ကံ၊ ဉာဏ်၊ ဝီရိယ အချိုးအစားအလိုက် အဖျားပိုင်း၌ ထိပ်တန်း၊ အလယ်ပိုင်းတွင် အလတ်တန်း၊ အရင်းပိုင်းဝယ် သာမန်တန်း သုံးတန်းသုံးစား အသီးသီး ရှိကြပါသည်။ ဦးရေအရ အဖျားပိုင်း၌ နည်း၏။ အလယ်ပိုင်းတွင် အများဆုံး၊ အရင်းပိုင်းဝယ် ကျိုးတိုးကျဲတဲ ရှိ၏။ သို့ဖြစ်ရကား ငှက်ပျောဖူးတစ်ပိုင်းထဲမှ ဆရာတပည့်ဖြစ်ကြပါလျှင် ဆရာအသက်ရှင်

နေစဉ်၌ လည်းကောင်း၊ သေပြီးသည့်နောက်၌လည်းကောင်း၊ သူ့အောက်နိမ့်သော၊ သူ့ထက်မြင့်သော သူနှင့်တန်းတူ တပည့်အသီးသီး ရှိနိုင်ရာ၏။ (၂) အဖျားပိုင်းမှ ဆရာနှင့် အလယ်ပိုင်းမှ တပည့်ဆိုပါက ဆရာသေပြီးသည့်နောက်၌ပင်လျှင် တပည့်က လိုက်မမီနိုင်စရာအကြောင်းမရှိချေ။ (၃) တပည့်က အထက် ဆရာကအောက်ပိုင်းဆိုလျှင် ဘဝတစ်ကွေ့ကွေ့တွင် ဆရာကို ကျော်တက်သွားနိုင်ရာသည်။ ဤသည်တို့ကား သဘာဝတရားပင်။ ဤမှတ်ကျောက်ဖြင့် ဆိုခဲ့ပြီးသော ဖြစ်ရပ်သုံးတန်ကို ချကြည့်ကြစို့။

၃၊ ၁။ ။ဂုတ္တိလနှင့် မုသိလ

ဂုတ္တိလကဘုရားလောင်း၊ မုသိလကဒေဝဒတ်လောင်း။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အမြင်တွင် ဤသို့သော တပည့်မျိုးသည် အဘက်ဘက်မှ ရှုံးနေပါပြီ။ သို့ပင်တစေ ဆရာတပည့် နှစ်ဦးစလုံးပင် ထိပ်တန်းပညာရှင်ကြီးများ ဖြစ်ကြပေသည်။ တီးရိုးတီးစဉ်အတိုင်း ပြိုင်တီးနေကြစဉ် နှစ်ဦးတို့၏ လက်သံကို ပရိသတ်တို့၏ နားထဲ ဝေခွဲ၍ မရပါ။ ဆရာကိုယ်တိုင်ကလည်း တပည့်ပညာကို လေးစားပုံပေါ်၏။ ပြိုင်ပွဲ မကျင်းပမီအတွင်း အနိုင်အရှုံးအတွက် ဂုတ္တိလရတက်မအေးဘဲ သံသယဖြစ်မိပုံက ဤအကွက်ကို သက်သေခံနေ၏။ သိကြားမင်း အကူအညီဖြင့် တီးရိုးတီးစဉ်မတီးဘဲ စောင်းကြိုးခုနစ်ကြိုးကို တစ်ကြိုးပြီးတစ်ကြိုး ဖြတ်ကာတီးခါမှ ဆရာ အနိုင်ရတော့၏။ ဘုရားလောင်း၏ ကုသိုလ်ကံ၊ ဒေဝဒတ်လောင်း၏ အကုသိုလ်ကံကြောင့် ဖြစ်ရပါသည်။

မုသိလသည် အသက်အရွယ်အိုမင်းနေပြီဖြစ်သော ဆရာ့ခြေရင်းတွင် ပညာသင်ယူခဲ့၏။ အကယ်၍သာ သူမသေဘဲ ဆရာ့ထံ ပညာဆက်လက်ဆည်းပူးခွင့်ရခဲ့ပါကလည်း ဆရာအသက်ရှင်နေစဉ်သော်လည်းကောင်း၊ အနိစ္စရောက်ပြီးသည်နောက်၌သော်လည်းကောင်း အလွန်ဆုံး ဆရာနှင့် တန်းတူတပည့်သာ ဖြစ်လာရာ၏။ သူသည် ဒေဝဒတ်လောင်းတည်း။

၃၊ ၂။ ။ပလေးတိုးနှင့် အရစ္စတောတဲလ်

အရစ္စတောတဲလ်သည် သူ့ထက် အသက် ၄၃ နှစ်ခန့်ကြီးသူ ဆရာပလေးထိုးထံ ပညာသင်ယူသည်။ နှစ်ပေါင်း ၂၀ ကြာသော ဟူ၏။

ထိုပညာမျိုးသည် မုသိလ လေ့လာခဲ့သော စောင်းအတတ်ကဲ့သို့ သင်ပေး၊ သင်ယူရာ၌ ကုန်နိုင်သည်မဟုတ်ချေ။ ဆရာတပည့် နှစ်ဦးစလုံးတို့သည် ကံ၊ ဉာဏ်၊ ဝီရိယတို့နှင့်လည်း ပြည့်စုံ၊ ဂျက်ပျောဖူးအဖျားပိုင်းရှိ ပညာရှင်ကြီးများလည်းဖြစ်ကြရကား အသက်ရှင်နေကြစဉ် ဆရာက အမြဲ ခြေတစ်လှမ်းသာနေပါသည်။ တပည့်ကလည်း ဆရာကို အာခံရန်စိတ်မကူး၊ ရသမျှပညာကိုသာ တူးယူလိုသော ဆန္ဒရှိ၏။ ဆရာမရှိသည့်နောက်ပိုင်း ၂၅ နှစ်အတွင်း အပတ်တကုတ်အားထုတ် အလုပ်လုပ်ခဲ့ရာ နောက်ဆုံး၌ ဆရာ၏အယူအဆ ချွတ်ယွင်း ချက်အချို့ကို မြင်လာသော တပည့်တစ်ယောက် ဖြစ်ခဲ့ပါသည်။ ဆရာ၏ကျမ်းများထက် ပမာဏ ကျယ်ဝန်းနက်ရှိုင်းလျက် ဘာသာရပ်အမျိုးအစား ပိုများသော ကျမ်းတို့ကို ပြုစုနိုင်၏။ ပညာရှိကြီးအများက အရစ္စတောတဲလ်သည် ဒဿနိကဉာဏ်ရသူဟု ဆိုကြပါသည်။

၃၊ ၃။ ။လန်ဒန်တက္ကသိုလ် ဆရာတပည့်

ဤတပည့်တို့သည် မုသိလ၊ အရစ္စတောတဲလ်တို့ကဲ့သို့ ဆရာ့အောက် နှစ်ပေါင်း ၂၀-၃၀ နီးပါးမျှ ငယ်ကြပါ၏။ ဆရာတို့က ပညာဆည်းပူးရာ၌ ရက်ပေါင်း ၇၀၀၀ မှသည် ၁၀၀၀၀ ကျော်အထိ အသာရခဲ့သည်။ သို့ဖြစ်စေကာမူ နောက်ဆုံး၌ တပည့်တို့သည် ဆရာထက်တော်ကြောင်းကို တက္ကသိုလ် သုခမိန်တို့က ဆုံးဖြတ်ချက်ပေးလိုက်ပါ၏။ သူတို့နှင့် ဆရာတို့သည် ဂျက်ပျောဖူးတစ်ပိုင်းတည်းမှ ပညာရှင်များ ဖြစ်ချင်မှ ဖြစ်ကြပေမည်။ ဖြစ်ခဲ့သော် ဆရာတို့သည် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတို့အနက် အဖျင်းဆုံးတစ်ပါးပါး ချို့တဲ့ရာ၏။ မုသိလသည် ဆရာနှင့်ပြိုင်၏၊ မနိုင်။ အရစ္စတောတဲလ်က ဆရာကွယ်လွန်သွားပြီးသည့်နောက် ဆရာ့ထက် သာသွား၏။ တက္ကသိုလ် တပည့်များကား ဆရာနှင့်ယှဉ်တွဲပြီး ပညာပို့ချနေစဉ် ဆရာကို ကျော်တက်သွား၏။

၄။ ။နိဂုံး

ဆရာထက် လက်စောင်းမထက်သောတပည့် ရှိသလို လက်စောင်းထက်သောတပည့်လည်း ရှိ၏။ လုံးလုံးမရှိခဲ့သော် ပညာရေးလောက၏ တိုးတက်မှုသည် သုဉ်သွားမည်။ သုဉ်သွားရမှ သုဉ်းသွားမည်။ တက္ကသိုလ်

ကျောင်း တစ်ကျောင်း၌ ဒုတိယတန်းစား ပညာရှင်တစ်ယောက် ကုသိုလ်ကံ အလျောက် ပါမောက္ခဖြစ်သွားသည်ဆိုကြပါစို့။ သူ၏ တပည့်၊ တပည့်၏ တပည့်အစဉ်အဆက်တို့သည်လည်း ဒုတိယတန်းစားချည်း ဖြစ်ကြပါမည်။ သို့နှင့် မပြီးသေး။ သုဉ်နေရာမှ တစ်ဆင့်တစ်ဆင့် ကျဆင်းရာ၏။ ထိုအခါ ဒုတိယမှ တတိယ၊ တတိယမှ စတုတ္ထတန်းစား၊ နောက်ဆုံး တက္ကသိုလ် ကမောက်ကမဖြစ်စေမည့် ပါမောက္ခတစ်ယောက် ပညာပို့ချနေတော့မည်။

ကျေးဇူးအဆုံးမရှိ အနန္တောအနန္တ ငါးပါး တစ်ပါးအပါအဝင် ပညာရှင်၏တပည့်သည် ဆရာထက် လက်စောင်းမထက်နိုင်။ ထက်အောင် ပြုလျှင်၊ထက်သည်ဟုဆိုလျှင် ကျေးဇူးကန်းရာရောက်သည်။ ဤသမားရိုးကျ ယုံကြည်ချက်ကို ဘုရားဟောစကားကဲ့သို့ အစွဲရှိသူ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အတော်များများတို့က နှလုံးသွင်းထားနေတုန်းပင်။ သဘာဝတရား၊ဗုဒ္ဓဘာသာ တရားတို့နှင့် မညီကြောင်းကို ပြခဲ့ပါပြီ။ ပြလျက်ကနှင့် အစွဲရှိမြဲရှိနေသေးပါက ထိုသူတို့၏ အစွဲပြုရာ ဂုတ္တိလဝတ္ထု နိဒါန်းကို ပြန်ဖတ်စေလိုပါသည်။

ဤဇာတ်တော်ကို မြတ်စွာဘုရားသည် ကျေးဇူးကန်းသော တပည့်တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။ ဆရာထက် လက်စောင်းမထက်သောတပည့်ကို ဟောတော်မမူကြောင်းကို တွေ့မြင် ကြရပေမည်။

အတွေးအမြင်၊ စာစဉ် ၆၊ ဩဂုတ် ၁၉၈၅။

ပုထုဇဉ်သားဟူသမျှ မှားမည်သာ သို့သော်...

'မြန်မာဘာသာ၊ စာပေ၊ ယဉ်ကျေးမှု' လိုက်စားသူမှန်သမျှ လောကီရတနာသုံးမြွာကို ချက်မြတ်နိုး၏။ ဂုဏ်ရောင်လင်းနေအောင် တတ်အားသမျှ စောင့်ရှောက်ထိန်းသိမ်း၏။ တိုးတက်အောင် စွမ်းအားရှိသမျှ ဆောင်ရွက်၏။ ဤကဲ့သို့ ပြုလုပ်နေကြသူတို့အနက် လူအများ လေးစားခြင်း ခံရသူ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ခါတစ်ရံ လမ်းကြောင်း တိမ်းစောင်းသွား တတ်ပါသည်။ ပုထုဇဉ်သားဟူသမျှ မှားမည်သာ။ သို့သော် ဤကဲ့သို့ တွေ့ရှိပါက လက်ပိုက်မနေဘဲ ထိုပုဂ္ဂိုလ် လမ်းမှန်ပေါ် ပြန်ရောက်စေလိုသော သဘောဖြင့် ထောက်ပြသင့်၏။ ကျွန်တော်များလျှင်လည်း ထောက်ပြအပ်၏။ ပဓာနအချက်ကား စေတနာသန့်သန့်ထားရန် ဖြစ်သည်။ ဤကား ကျွန်တော်၏ နိယာမ ဦးတည်ချက် ဖြစ်ပါသည်။ ဤဦးတည်ချက်ဖြင့် ဤဆောင်းပါးကို ရေးပါသည်။

မကြာသေးမီက မိတ်ဆွေတစ်ဦးက ၁၉၈၄ ခု၊ အောက်တိုဘာလနှင့် နိုဝင်ဘာလထုတ် မဂ္ဂဇင်းနှစ်စောင်ကို ပေးလာပါသည်။ တစ်နေ့သော် အားအားရှိသဖြင့် ဟိုလှန်ကြည့် သည်လှန်ကြည့်လုပ်နေရာမှ နှစ်စောင် စလုံး၌ 'စာပေစကားဝိုင်း' ကဏ္ဍ တစ်ခုစီပါသည်ကို တွေ့ရပါ၏။ ဝါသနာပါသည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့်ဆိုင်သဖြင့် သေသေချာချာ လေ့လာသုံးသပ်ပါသည်။ ကျွန်တော့် အတွေ့အမြင်၊ အတွေးအမြင်ဟို့နှင့်

အံမဝင်၊ ခွင်မကျသည့် အချက်အလက်အချို့တို့ကို မှတ်ချက်၊ ကောက်နုတ်ချက်များဖြင့် ထောက်ပြပြီး ဦးတည်ချက်ဖြင့် နိဂုံးချုပ်ပါမည်။

၁။ ။အလင်္ကာကိစ္စ။

ပထမအစီရင်ခံလိုသည်မှာ နိုဝင်ဘာလထုတ်မဂ္ဂဇင်းပါ စာပေစကားဝိုင်းနှင့် ဆိုင်ပါသည်။ ပါဝင်ဆွေးနွေးသူ သုံးဦးရှိပါသည်။ ဆွေးနွေးသည့်အကြောင်းအရာကား 'ယနေ့ကဗျာဆရာများ' ဖြစ်ပါသည်။ ကျွန်တော် အာရုံ စူးစိုက်မိသည်တို့ကား နာမည်ကျော် ကဗျာဆရာတစ်ဦး၏ တင်ပြချက် တချို့တစ်ဝက်သာပင်။

ထိုကဗျာဆရာက ဦးစွာ ကဗျာသဒ္ဒါ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြီး ဗိသေသတို့ကို ရှင်းပြ၏။ ထို့နောက် ကဗျာသည် ခေတ်ရေစီးကြောင်းတွင် မည်သို့ ပါဝင်သည်ကို ပြောပြသည်။ ကျွန်တော် ယခု ရေးမည့်အကွက်ကား သူ၏ အဓိပ္ပာယ်ဖွင့်ချက်လည်း မဟုတ်၊ ကဗျာနှင့် ခေတ်ရေစီးကြောင်းလည်း မဟုတ်ပါ။ သူ၏ 'ကဗျာ၏ လှုပ်ရှားသက်ဝင်မှုနဲ့ မပါရင်မဖြစ်တဲ့ အဆောင်အယောင် အဆင်တန်ဆာ'တွေသာ ဖြစ်ပါ၏။

ဆွေးနွေးသူ ကဗျာဆရာက 'အဲဒါတွေကတော့ ကာရန်အပိုင်းနဲ့ အလင်္ကာအပိုင်းပဲ ဖြစ်ပါတယ်၊ ဒီအလုပ်ဟာ ပညာအလုပ်ပဲ ဖြစ်ပါတယ်၊ ငါပြောရင် ပြီးစတမ်း၊ ငါရေးရင် ပြီးစတမ်း မလုပ်ရဲပါဘူး၊ သမိုင်းအမည်းစက်တွေ မျက်နှာကို စဉ်ရင်၊ ထိုရင် ဘယ်တော့မှ ဖျောက်ဖျက်လို့ မရနိုင်ဘူးဆိုတာ ခံယူထားလို့ပါ၊ ပညာရှိတွေ နားကလော၊ မျက်စိစပါးမွေးစူးခံရမှာကို အကြောက်ဆုံးပါ'ဟု စကားပလ္လင်ခံပြီး ကာရန်အကြောင်းကို အကိုးအကားဖြင့် သတ်သတ်၊ အလင်္ကာဇာစ်မြစ်နှင့်အနက်ကို သတ်သတ် တစ်ပိုင်းစီ ရှင်းပြ၏။

ဤသို့သော ကာရန်နှင့်အလင်္ကာတို့ တစ်ခုနှင့်တစ်ခု အဆက်အသွယ်မရှိသကဲ့သို့ တစ်ခန်းစီ ဆွေးနွေးသည်ကို မြင်ရသောအခါ အံ့ဩသွားမိပါသည်။ ကာရန်အကြောင်းကို ဖတ်ကြည့်ရာ အပြစ်ဆိုစရာ မရှိပါ။ သို့သော် အလင်္ကာအခန်းကား ဟာကွက်တွေ ရှိနေပါသည်။

ဆွေးနွေးသူ ကဗျာဆရာက 'အလင်္ကာဟာ ကဗျာကို လွှမ်းခြုံစိုးမိုးဆင်သလိုက်တဲ့ သရဖူပါပဲ၊ တစ်မျိုးအားဖြင့်လည်း ဝတ်ရုံလွှာ အလှတန်ဆာလည်း ဖြစ်ပါတယ်၊ အလင်္ကာဆိုသည်မှာ ပါဠိဘာသာ အလင်္ကာရသဒ္ဒါမှ 'အ'အက္ခရာ၊ 'ရ'အက္ခရာတို့ ကျေပျောက် ရွေ့လျောလာပြီး မြန်မာဘာသာ 'လင်္ကာ'ဟူ၍ ခေါ်ဆို လာခဲ့ကြတယ်လို့ သိအပ်ပါတယ်'ဟု ဆိုပြီး မြန်မာကဗျာတွင် လင်္ကာ၊ အလင်္ကာ နှစ်ပုဒ်စလုံးကို အသုံးပြုပုံ၊ ဥပမာနှစ်ခုကို ပြ၏။ ဆက်လက်၍ မည်သို့ပင်ဖြစ်စေ 'အလင်္ကာ'ဟူသော သဒ္ဒါကို မြန်မာဘာသာ လိုရင်းအဓိပ္ပာယ် တိုက်ရိုက်ပြန်ရရင် 'တန်ဆာဆင်ခြင်း'သာ ဖြစ်ပါတယ်၊ ဤသတ္တလောကကြီးတွင် ဘယ်အရာမှ တန်ဆာဆင်မှုဖြင့် မကင်းကြပါ၊ လောကတွင် သက်ရှိသက်မဲ့တန်ဆာဆင်ခြင်းဖြင့် အသက်ဝင်လှုပ်ရှားနေကြမြဲ ဖြစ်ပါတယ်'ဟူ၍ အလင်္ကာဋီကာဖွင့်ပြီး ကဗျာ့အခန်းအဆုံးသတ်လိုက်ပါသည်။ ကဗျာကို မည်ကဲ့သို့ တန်ဆာဆင်သည့်အချက်ကို မဖော်ပြပါ။

ဤကဲ့သို့ ဖတ်လိုက်ရသော စာပိုဒ်က ကျွန်တော့်ခေါင်းထဲ အနှစ်နှစ်အလလ ကိန်းအောင်းနေခဲ့သော ဗီဇကို ကလိလိုက်ပါသည်။ ဗီဇကား ဆရာလွန်းရေးသားသော ကဗျာသာရတ္ထသင်္ဂြိုဟ် အလင်္ကာရသင်္ဂဟအခန်းတွင် ပြဆိုထားသော 'ထို 'အလင်္ကာ'ဆိုသည်ကား ပါဠိဘာသာတွင် အလင်္ကာရပုဒ်မှလာသဖြင့် နား၏ တန်ဆာဆင်ယင်ခြင်း အနက်အဓိပ္ပာယ်ရှိသည်။ ၎င်းအလင်္ကာရပုဒ်ကို 'အလင်္ကာရ'ဟူ၍ လည်းကောင်း၊ 'လင်္ကာ'ဟူ၍ လည်းကောင်း ခေါ်ဆိုကြလေသည်'ဟူသည့် စာပိုဒ် ဖြစ်ပါသည်။ အလင်္ကာသည် နား၏ တန်ဆာဆင်ခြင်း ဟူ၍သာ အနက်ဖွင့်ဆိုထားသည်ကို လက်မခံဘဲနေခဲ့ကြသည်မှာ ကြာပါပြီ။ ယခုအခါ ဆွေးနွေးသူကဗျာဆရာက 'သတ္တလောကကြီးတွင် ဘယ်အရာမှ တန်ဆာဆင်မှုဖြင့် မကင်းကြပါ'ဟု ဆိုထားပြန်ပါသဖြင့် ထောက်ပြမှ ဖြစ်တော့မည်ဟု သဘောရပြီး ထောက်ပြရပါတော့သည်။

ကျွန်တော် စုဆောင်းထားသော မှတ်စု၊ ဖတ်ထားသော စာအုပ်များကို အခြေပြုကာ ဉာဏ်ရှိသမျှ မှတ်ချက်ချ၊ ကောက်နုတ်ချက် ထုတ်ပါရစေ။

(၁) အလင်္ကာရသဒ္ဒါသည် ဆရာလွန်းနှင့် ဆွေးနွေးသူကဗျာဆရာတို့ ဆိုထားသကဲ့သို့ ပါဠိမှ မလာပါ။ သသ်ကရိုက်မှ လာပါ၏။ မြန်မာဘာသာ၌ လောကုတ္တရာပိုင်းဆိုင်ရာ အသုံးအနှုန်းတို့သည် ပါဠိမှ မွေးစားစကားလုံးတွေသာ အများအားဖြင့် ဖြစ်ကြပါသည်။ ဥပမာ အမတ်သဒ္ဒါသည် ဝေါဟာရလိနတ္ထဒီပနီထဲတွင် လှေသင်းအတွင်းဝန် ဆိုထားသကဲ့သို့ ပါဠိ 'အမစ္စ'မှ မလာပါ။ လာခဲ့ရိုးမှန်ပါက 'အမစ်'သာ ဖြစ်နိုင်ရာ၏။ မြန်မာပညာရှင်အချို့က 'စ' နှင့် 'တ' ပြောင်းလဲသည့် သာဓကတွေကိုပြပြီး စောဒက တက်ကောင်းတက်ကြပေလိမ့်မည်။ မလုပ်ကြရန်တောင်းပန်ပါရစေ။ သဒ္ဒဗေဒ၊ ဝေါဟာရဗေဒပါရဂူတို့၏ ရယ်သွမ်းသွေးခြင်းကို ခံရပါမည်။ ပုဂံကျောက်စာတွေထဲတွင် အမတ်တျာ၊ အမျတ္တျာ စသည်တို့ ရှိပါသည်။ အလင်္ကာရသဒ္ဒါလည်း ထိုနည်းနှင်နှင်ပင်။

(၂) အလင်္ကာရသဒ္ဒါသည် တန်ဆာဆင်ခြင်း အနက်ကို ဟောပါ၏။ သဒ္ဒါလင်္ကာရ အသံဖြင့် တန်ဆာဆင်ခြင်း၊ အတ္ထလင်္ကာရ အနက်ဖြင့် တန်ဆာဆင်ခြင်းဟူ၍ ဖြစ်ကြပါသည်။

သဒ္ဒါလင်္ကာရဘောင်တွင် ဆွေးနွေးသူ ကဗျာဆရာ၏ ကာရန်နှင့် ဦးလွန်း၏ နား၏ တန်ဆာဆင်ခြင်းတို့ ပါဝင်ကြပါ၏။ နှစ်ဦးစလုံးက အတ္ထလင်္ကာရသည် တစ်စိတ်တစ်ဒေသဖြစ်ကြောင်း မဆိုကြပါ။

အတ္ထလင်္ကာရထဲ အကျုံးဝင်သော တန်ဆာဆင်မှုအနည်းငယ်တို့ကိုသာ ပြောလိုပါသည်။ ဥပမာ၊ ဥပစာ၊ ပရိယာယ်နှင့် ခွဲထားတို့ ဖြစ်ကြပါ၏။ ဥပမာ၊ ဥပစာတို့ကို သာဓကဆောင်ရန် လိုမည်မထင်ပါ။ ပလိပ်စားချောင်းတွင် မင်းတွေ နတ်ရွာစံသည်ကို 'ကံဟောင်းပြယ်က၊ ကြမ္မာညှိုးက၊ လူ့ဘုံခွာသော်၊ စည်းစိမ်ကင်းသော်၊ နန်းပိုင်ယိုသော်' စသည့် ပရိယာယ်တို့ဖြင့် တန်ဆာဆင်ထား၏။ ခွဲထားသည်ကား 'ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း'ဟူ၍ ရှင်္ဂသာရတောလားတွင် စပ်ဆိုထား၏။

ဆွေးနွေးသူကဗျာဆရာသည် အလင်္ကာရ အဓိပ္ပာယ်ကို မိမိရရရှိပြီး သိဟန်မတူပါ။ ကာရန်သည် သဒ္ဒါ လင်္ကာရ၏ အင်္ဂါတစ်ရပ်ဖြစ်ကြောင်း သိပုံမပေါ်ချေ။ ထို့ကြောင့်လည်း ကာရန်ကို ပင်မအလင်္ကာရနှင့် တသီးတစ်သန့် ခွဲခြားရှင်းလင်းပြထား၏။ အလင်္ကာအကြောင်း ဆွေးနွေးသောအခါ

အဖျင်းဆုံး အတ္ထလင်္ကာရကို ပြောဖို့သင့်၏။ မပြော။ တန်ဆာဆင်ခြင်းဟူ၍သာ ဆိုပြီး ကဗျာကို ဘယ်ပုံဘယ်နည်း တန်ဆာဆင်သည်ကို မတင်ပြခဲ့ပါ။

ဆွေးနွေးသူ ကဗျာဆရာ၏ တာဝန်ကား အလင်္ကာရဟူသည် အသံဖြင့် တန်ဆာဆင်ခြင်း၊ အနက်ဖြင့် တန်ဆာဆင်ခြင်း ဖြစ်သည်ဟု ပြောပြီး အသံဖြင့် တန်ဆာဆင်ခြင်းအောက်တွင် ကာရန်ကို ရှင်းပြရာ၏။ ထိုနောက် အနက်ဖြင့် တန်ဆာဆင်ခြင်းအကြောင်းကို အင်္ဂါအစိတ်အပိုင်းများ ပြကာ ပြောပြရာ၏။ လုံးဝ မပြောပြပါ။

ပြန်စဉ်းစားကြည့်သည့်အခါ သံသယဖြစ်စရာ အကွက်နှစ်ကွက် ပေါ်လာပါသည်။

(၁) ဤစာပေစကားဝိုင်းတွင် ပါဝင်ကြသော နာမည်ရ ကဗျာဆရာများပင် ဖြစ်ကြသည့် အခြား ပုဂ္ဂိုလ်နှစ်ဦးက ဆိုခဲ့သော ဆွေးနွေးသူ ကဗျာဆရာ၏ ချွတ်ယွင်းချက်များကို မကြားမိ၊ မမြင်မိ၊ သို့မဟုတ် မသိလို့များ မထောက်ပြလေသလား။ ကြားလျက်၊ မြင်လျက်၊ သိလျက်ကနှင့် အားနာလို့များ ဥပေက္ခာရှု၍ နေခဲ့သလား။

(၂) ဤစာပေ စကားဝိုင်းသည် စကားဝိုင်းဟု အမည်သညာ တပ်ပေးပြီး မျက်နှာစုံညီ မစည်းဝေး ဘဲ ကိုယ့်ဆွေးနွေးချက်ကို အသီးသီး ရေး၍ မဂ္ဂဇင်းသို့ ပို့ပေးလေသလား။ ဤကဲ့သို့ ဆိုရသည်မှာ တစ်နေရာတွင် ဆွေးနွေးသူ ကဗျာဆရာက 'နိဂုံးချုပ်ပါရစေ၊ စာလည်း တော်တော်ရှည်သွားပါပြီ'ဟု ဆိုထားသောကြောင့် ဖြစ်ပါ၏။

၂။ ။ဆတိုင်မှတ်ဦးကူး

အောက်တိုဘာလထုတ် မဂ္ဂဇင်းတွင် ဆိုခဲ့သည့်အတိုင်း စာပေစကားဝိုင်းကဏ္ဍ ပါပါသည်။ စာရေးဆရာ လေးဦးတို့ ပါဝင်ကြသည်။ ရသစာပေအကြောင်း ဆွေးနွေးကြသည်။

ဆွေးနွေးချက်များကို ဖတ်ကြည့်သည့်အခါ ကျွန်တော့်စိတ်ကို ဇဝေဇဝါဖြစ်စေသည့် အရာကား ပြဇာတ်တို့နှင့်ဆိုင်သည့် စာရေးဆရာ တစ်ဦး၏ 'ဆတိုင်မှတ်ဦးတိုး'ဟူသော မိန့်ဆိုချက်ပင်။ သူက အင်္ဂလိပ်တွေ ဝင်လာသည့်အခါ ပြဇာတ်တွေ စတင်ပုံနှိပ်ထုတ်ဝေလာပုံကို ပြောပြရင်း–

'အဲဒီစာတ်ကောင်တွေ ၎က်လာတဲ့အခါမှာ ဒီဟာတွေထဲက ဂန္ထဝင်မြောက်တာလေးများ ရှိလေမလားလို့ စာရင်းကောက်ကြည့်တဲ့အခါကျတော့ 'ဆတိုင်မှုတ်ဆရာတိုး'ရဲ့ 'လှုဝံမောင်နှမ'ပြဇာတ်ကို တွေ့ရတယ်'ဟု ဆိုပြီး ဆတိုင်မှုတ် ဆရာတိုးရေးသည့် ဝေဿန္တရာပြဇာတ်၊ ဗုဒ္ဓဝင်ပြဇာတ်တို့၏ ဂုဏ်ရည်ကိုဆွေးနွေးကာ ဗုဒ္ဓဝင်ပြဇာတ်၏အငွေ့အသက်ရှမ်းတင်မောင်ကပြသည့် ဗုဒ္ဓဝင်ပြဇာတ်ထဲ မည်မျှလောက် ကူးစက်သွားကြောင်းကို တင်ပြ၏။ ပြီးနောက် နောက်ပေါ် ပြဇာတ်များမှတစ်ဆင့်ဝတ္ထုများကို ဆွေးနွေးထင်မြင်ချက်ပေး၏။ နောက်ဆုံး၌ ၎င်းက ကျွန်တော်ဟာစောစောတုန်းက ဆရာကြီး အမိန့်ရှိသွားသလို သုတေသန သမားပါ၊ စာကြီးပေကြီးတွေ အများဆုံး နှိုက်ချွတ်လေ့လာရတဲ့သူ ဖြစ်ပါတယ်'ဟု နိဂုံးချုပ်လိုက်ပါသည်။

၎င်း၏ ဆွေးနွေးချက်ထဲတွင် ဆတိုင်မှုတ်ဦးတိုးဟူ၍ ငါးကြိမ်တိုင်တိုင် တွေ့ရသောအခါ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦး၏ ကြုံရသည့်အဖြစ်မျိုး ရောက်သွားပါသည်။ သူသည် ဆယ်တန်းစာမေးပွဲကို အင်္ဂလိပ်လို အဖြေလွှာများကို စစ်ဆေးနေစဉ် I is ဟူသောအသုံးအနှုန်းကို လေး–ငါးကြိမ် တွေ့ရသောအခါ အမှတ်မထင်နေခဲ့သည်။ အကြိမ်ပေါင်းငါးဆယ်၊ ခြောက်ဆယ်ခန့်တွေ့သောအခါ တို့များ သင်ယူခဲ့တာသုံးစွဲနေတာ I am ပဲ၊ ကျောင်းသားတွေပဲ မှားသလား၊ ငါပဲ မှားသလားဆိုတဲ့သံသယဖြစ်မိလို့ ကိုယ့်ကိုယ်ကိုမယုံတော့ဘဲ အင်္ဂလိပ်အဘိဓာန်လှန်ကြည့်မှငါမှန်တယ်လို့သိရကြောင်း ကျွန်တော့်ကို ပြောပြပါသည်။

ကျွန်တော်လည်း ထိုနည်းတူ 'ငါပဲမှားသလား၊ ဟို စာရေးဆရာပဲမှားသလား'ဟု စိတ်ထဲ အလိုလို ဖြစ်လာပြီး ကျွန်တော် အင်္ဂလိပ်လိုရေးထားသောကုမ္မာရပြဇာတ်၊ 'မောင်သုတ'ပြုစုသော စာဆိုတော်များ အတ္ထုပ္ပတ္တိတို့ကိုပြန်ကြည့်သည်။ နှစ်အုပ်စလုံးတွင် စတိုင်မှုတ်ဆရာကူးဟု ဆိုထားသည်ကိုတွေ့ရမှ စိတ်အေးသွားရပါတော့သည်။ သို့နှင့် တစ်ချိန်တည်းပင်လျှင်အတွေးဉာဏ်နှစ်ဖော် ပေါ်လာပါသည်။

ပထမ 'သုတေသနသမားပါ၊ စာကြီးပေကြီးတွေ အများဆုံး နှိုက်ချွတ်လေ့လာရတဲ့သူ ဖြစ်ပါတယ်'ဟု ဆိုသော စာရေးဆရာသည် ဤကဲ့သို့

မှားသွားသည်ကို မစဉ်းစားတတ်ပါ။ သူ စာရင်းကောက်ကြည့်တဲ့အခါစာရင်းထဲ၌ ဆတိုင်မှုတ်ဆရာတိုးလို့များ ပေးထားလေသလား၊ သူပဲ မျက်စိလျှံသွားလေသလား၊ သူ ပမာဒလေခ ဆိုသလို အရေးမှားသွားလေသလား။ ဖြစ်နိုင်မည်မထင်ပါ။ ငါးကြိမ်တိုင်တိုင် ဦးတိုးဟု ရေးထားပါသည်။ ဖြစ်နိုင်စရာ အကြောင်းတစ်ခုရှိပါ၏။ သူ ဦးကူးအကြောင်း ပြောနေတုန်း သူ့ခေါင်းထဲ ရာမရကန်ဆရာကြီးဦးတိုးပေါ်လာပြီး ဦးတိုးဟူ၍ ပြောမိဟန်တူပါသည်။

ဒုတိယအဆိုပါစကားဝိုင်းတွင် ဆွေးနွေးသူ စာရေးဆရာနှင့်အတူပါဝင်ဆင်နွှဲကြသော ကျန်စာရေးဆရာ သုံးဦးတို့ ကိုယ်တိုင်က သိလျက်နှင့်အားနာလို့များ ခပ်မဆိတ်နေသလားဟု တစ်ကြိမ် တွေးမိပြန်ပါသည်။ ဤအတိုင်းမှန်လျှင် ထိုပုဂ္ဂိုလ်တို့သည် ပညာရှင်ဝတ္တရားပျက်ကွက်ကြပြီဟု ဆိုချင်ပါ၏။ အမှားရာဇဝင် မတွင်ရစေရန် ထောက်ပြရာ၏။

၃။ ။ဦးတည်ချက်

စာပေစကားဝိုင်းနှစ်ခုမှ ဆွေးနွေးသူနှစ်ဦးကို အဖျက်သဘောဖြင့် ဝေဖန်သည်မဟုတ်ကြောင်းကို ဦးစွာ အစီရင်ခံပါရစေ။ ဤကဲ့သို့ ရေးရသည်မှာ အမှားကိုထောက်ပြခြင်းအားဖြင့် အမှန်သို့ရောက်ရှိသွားပါက မြန်မာဘာသာ၊ စာပေ၊ ယဉ်ကျေးမှုသုံးပါးတို့ ဂုဏ်ရောင်တောက်ပစရာလမ်း ရှိပါ၏။

၁။ မြန်မာ့လောကီ ရတနာသုံးပါးကို ၁၉၃၆ ခုနှစ်လောက်ကတည်းကစပြီး နှစ်နှစ်ခြိုက်ခြိုက်မြတ်နိုးလာပါသည်။ နှစ်နှစ်ခြိုက်ခြိုက်မြတ်နိုးသည်နှင့်အမျှ တတ်နိုင်သမျှ ပြုစုယုယ ချီးမြှောက်နေပါသည်။ ကတညုတာ၊ ကတဝေဒီဆိုသည့်အလား ကျွန်တော့် အသက်မွေးဝမ်းကျောင်းအလုပ်တွင်ကျွန်တော့်အား ကောင်းကျိုး အဆမတန် ပြန်ပေးခဲ့ပါ၏။ ကျွန်တော်၏မေတ္တာတရားမျိုး မွေးမြူထားသော ပုဂ္ဂိုလ်တွေ မြန်မာပြည်တွင် အများအပြားရှိကြပါမည်။ သူတို့ကို ချီးကျူးပါသည်။ သာဓု ခေါ်ပါသည်။ ဤပုဂ္ဂိုလ်တွေအနက် အများစုက ပညာရှင်ဟု အသိအမှတ်ပြု ခံရသူတစ်ဦးဦးက ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု တစ်ခုခုနှင့် စပ်လျဉ်း၍ အပြောအဆို အရေးအသား၌ တိမ်းစောင်းသွားသည်ဟု အတိအကျ သိသည့်အခါ

အောင့်အည်းပြီး ဥပေက္ခာရှုရန် ကြိုးစားနေလေ့ရှိပါ၏။ သို့သော် တစ်ခါတစ်ခါတွင် ထိုအချက်ကို စေတနာသန့်သန့်ဖြင့် မထောက်ပြလျှင် စိတ်ဆတ်တင့်တင့် ဖြစ်လာပြီး မထောက်ပြဘဲမနေနိုင်သည့်ဘဝ ရောက်ခဲ့ရပါ၏။ ထိုအခါ ထောက်ပြလိုက်ပါသည်။

၂။ ဤရတနာသုံးပါးကို မြန်မာပြည်တွင်း၌သာမက ပြည်ပတွင်လည်း ရွှေလိုဦး၍ ပြစားချင်ပါသည်။ တတ်နိုင်သမျှ ပြုခဲ့၊ ပြုနေ၊ ပြုပါဦးမည်။ သို့သော် ရေပုံးထဲရေတစ်ဇွန်းနှစ်ဇွန်းလောက်သာ ထည့်ဖြစ်သေး၍ အားမရပါ။ ပြည်ပကလည်း လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်လောက်ကတည်းက မြန်မာဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့ကို စသိခဲ့ပါသည်။ လေ့လာနေပါသည်။ မြန်မာပြည်နှင့်ဆိုင်သော ဘာသာမျိုးစုံဖြင့် ရေးထားသော စာအုပ်တွေ၊ မြန်မာစာအုပ်တွေကို ပညာရှင်သုတေသီနှင့် စာကြည့်တိုက်ကြီးများက ဝယ်ယူခဲ့၊ ဝယ်ယူနေ၊ ဝယ်ဦးမည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိက တိုင်းပြည်များတွင် မြန်မာမှုဆိုင်ရာနှင့် စပ်လျဉ်း၍ ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ မနုဿဗေဒ၊ သမိုင်း၊ ဥပဒေ၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု အဘက်ဘက်မှ ပညာရှင်များ သုတေသနလုပ်၊ စာအုပ်စာတမ်းတွေ ရေးဆွဲနေကြပါသည်။ မြန်မာပညာရှင်တို့ ယထာဘူတမကျသော အရေးအသားကို သူတို့အား မမြင်စေချင်ပါ။

ပြည်ပမှ ပညာရှင်တို့သည် ဆိုခဲ့သော ပညာရပ်များ၌ အဆင့်အတန်း အတော်မြင့်နေကြပါပြီ။ ဗြိတိန်မှ မြန်မာသဒ္ဒါ၊ ပြင်သစ်မှ မြန်မာ–ပြင်သစ် အဘိဓာန် ရှစ်ပိုင်းထွက်နေပြီ။ ဗြိတိန်မှလည်း မြန်မာ–အင်္ဂလိပ် အဘိဓာန် ထွက်ပါလိမ့်မည်။ မြန်မာသဒ္ဒဗေဒ၊ ဘာသာဗေဒ၊ သမိုင်း၊ ဂီတ၊ ဥပဒေ စသည်တို့နှင့်ဆိုင်သော စာအုပ်စာတမ်းတွေကို ဗြိတိသျှ၊ ပြင်သစ်၊ ဂျာမန်၊ အမေရိကန်ပညာရှင်များ ပုံနှိပ်ထုတ်ဝေနှင့်ပါပြီ။ ဝေါဟာရ လိနတ္ထဒီပနီ ဆရာကြီး၏ အယူအဆအချို့တို့ကို လက်မခံကြ။ ရွှေဘုံနိဒါန်းဆရာကြီးနှင့် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ဆရာကြီးတို့၏ တင်ပြချက်များသည် စနစ်မကျဟု ပြောကြ၊ ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းသည် သမိုင်းမဟုတ်ဟု ဆိုကြသည်။ ကျွန်တော်လည်း ကိုယ့်လူမျိုးဘက်မှ ရှေ့နေလိုက်ပေးပါသည်။ သို့သော် သူတို့ဘက်မှ သက်သေပြ ထွက်ဆိုချက်က ခိုင်လုံနေပါ၏။

၃။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် အခြား ပညာရပ်များ အကြောင်းတစ်ရပ်ရပ်ကို ဟောပြောရေးသားတော့မည်ဟုဆိုလျှင် အနောက်နိုင်ငံ ပညာရှင်များ၏ ကောင်းသောအတု တစ်ခုကိုယူလျှင် အကျိုးဖြစ်ထွန်းစရာ ရှိပါသည်။ ဟောပြောပွဲ၊ ဆွေးနွေးဖလှယ်ပွဲ တစ်ပွဲပွဲ၌ မပြောဆိုမီ ပညာရှင်များ လေးစားသော ဂျာနယ်တစ်စောင်စောင်ထဲ ဆောင်းပါး၊ စာတမ်းမရေးမီ၊ ပညာပေးသည့် စာအုပ်တစ်အုပ်အုပ်မပြုစုမီ အတော် အပင်ပန်းခံ၊ အချိန်ကုန်ခံကြသည်။ လိုအပ်သည့် အချက်အလက်များအတွက် သက်ဆိုင်ရာ စာအုပ်စာတမ်းတွေကို မှောက်လှန်မွှေနှောက်၊သုံးသပ်၊လေ့လာ၊စုဆောင်း။ မသေချာသည့်အရာများကို လုပ်ဖော်ကိုင်ဖက် ဆရာဟောင်းနှင့် ပညာရှိကြီးများနှင့် တိုင်ပင် ဆွေးနွေးကြသည်။ ထို့နောက် စေ့စေ့စပ်စပ်ရေးသည်။ ရေးပြီး ပြင်ဆင်ဖတ်ရှု၊ လုပ်ဖော်ကိုင်ဖက်များကို ပြကြည့်၍ လက်စသတ်လေ့ ရှိသည်။

ထိုပညာရှင်တို့သည် 'သမိုင်းရဲ့ အမည်းစက်တွေ မျက်နှာကို စဉ်ရင်၊ ထိရင် ဘယ်တော့မှ ဖျောက်ဖျက်လို့ မရဘူး'ဆိုတာကို ခံယူထား၍ ဖြစ်ပါ၏။ ထို့အပြင် အကြီးအကျယ်မှားမိပါက သမိုင်း၏ အမည်းစက်တွေ မျက်နှာကို မစဉ်မီ 'ထောင်းသည် မနာ၊ ကြိတ်သည် နာ'ဆိုသည့်စကားအရ ပညာရှင်များ၏ အကြိတ်ကို ခံရမည်ကိုကြောက်သောကြောင့်လည်း ဖြစ်ပါသေးသည်။

၄။ အထက်ဖော်ပြပါ ကဗျာဆရာနှင့် စာရေးဆရာတို့သည် မြန်မာ စာရေးဆရာလောက၌ နာမည်ကြီးနေကြသူများ ဖြစ်ကြပါသည်။ တပည့်များ၊ ကြည်ညိုသူများ ရှိကြသည်။ ဆရာတို့၊ အကြည်ညို ခံရသူတို့၏ အဆိုအမိန့် အရေးအသားများကို မှန်သည်ဟု လက်ခံသည့် အယူဝါဒသည် ရှိနေတုန်းပင်။ တစ်ယောက်ကစ တစ်ရာ၊ တစ်ရာကစ တစ်ထောင်ဆိုသလို ထပ်ဆင့်ကဲ အမှားနယ်ချဲ့မိကောင်း ချဲ့မိခဲ့မည်ကိုစိုးရိမ်၍ ဤဆောင်းပါးကို ရေးရပါသည်။

ပညာ၏ အကျယ်အဝန်းသည် အနမတဂ္ဂ၊ အနက်အရှိုင်းသည် အနန္တ၊ ကျွန်တော်တို့သိသည့် ပညာသည် လက်တစ်ဆုပ်မျှ။ ကျွန်တော်တို့သည် ပုထုဇဉ်တွေ ဖြစ်ကြပါ၏။ ပုထုဇဉ်သားဟူသမျှ မှားမည်သာ။ သို့သော် ရတနာ...နာတရမဖြစ်စေရန် တောင်းပန်ပါသည်။

အတွေးအမြင်၊ စာစဉ် ၁၀၊ ဇန်နဝါရီ ၁၉၈၆။

ဦးချိန်၏ မော်ကွန်း သဒ္ဒါ ဗျုပ္ပတ်အဓိပ္ပာယ်နှင့် ကျွန်တော့်အတွေ့အမြင် အတွေးအမြင်

ယခင် ဆောင်းပါးတွင် လောကီပညာရပ် တစ်ရပ်ရပ်၊ သို့မဟုတ် တစ်စိတ်တစ်ဒေသ ရေပါရဂူမဟုတ်သူ ပညာရှင်တစ်ဦး၏အတွေးအမြင်တို့ကို ဥာနဥာန ကောသလ္လဉာဏ်မသုံးဘဲ လက်ခံခဲ့ပါက အမှားနယ်ထဲ ကျွံသွားတတ်သည်ဟု ဆိုခဲ့ပါသည်။ ထုံးဥပမာ တစ်ခုလိုလည်း ညွှန်းပြခဲ့ပါသည်။ အခါသင့် အခွင့်ရလျှင် အခြားသာဓကများကို တင်ပြပါဦးမည်ဟု ဝန်ခံခဲ့ပါသေးသည်။ ပြုခဲ့သည့်ကတိအတိုင်း ပညာရှင်တစ်ဦး၏ မော်ကွန်းသဒ္ဒါ ဗျုပ္ပတ်အဓိပ္ပာယ်ကို လက်ခံခဲ့၍ မီရာဆင်၏ အပိုင်းတစ်ပိုင်း စမ်းသပ်ပြီး ဆင်သည် ဘာနှင့်တူသည်ဟုပြောသော မျက်မမြင်ပုဏ္ဏား ၆ ဦးတို့ပမာ ကျွန်တော်တို့တစ်တွေ ဖြစ်လာခဲ့ရသည့် သာဓကကို ယခု ထုတ်ပြလိုပါ၏။

၁။ ။အတွေ့အမြင်

မော်ကွန်းသဒ္ဒါသည် မြန်မာစကားစစ်စစ် ဖြစ်ပါသည်။ မြန်မာ သက္ကရာဇ် ၆၂၈ (ခရစ်၁၂၆၆)ခုနှစ်ထိုး ပုဂံကျောက်စာထဲ၌ ပထမဆုံးအကြိမ် သုံးထားသည်ကို တွေ့ရှိပါသည်။ ထို့နောက် ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်များတွင် ပညာရှင်တို့က မှတ်တမ်း၊ အမှတ်တရအကြောင်း ကို ဖွဲ့ဆိုသည့် ကဗျာဟူသော အနက်တို့ဖြင့် သုံးနှုန်းလာကြသည်။ သို့နှင့်

ခရစ်သက္ကရာဇ် ၁၇၆၉ ခုနှစ် ကုန်းဘောင်ခေတ်တွင် နှစ်ပေါင်း ငါးရာကြာကြာ အမှတ်မထင် သုံးစွဲလာသည့် မော်ကွန်းသဒ္ဒါကို ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရပကာသနီကျမ်းထဲ အနက်ဗျုပ္ပတ် ဖွင့်ခဲ့ပါ၏။

'မော်မော့=ကျိုကြွသည်၊ မြင့်သည်၊ သာလွန်သည်။ ကွန်းကွန့်ကွန်= အဝေးသို့ လွင့်ပါးပေါက်ရောက်သည်။ မော်ကွန်း=အခြားအရာတို့ထက်၊ သာမညအရာတို့ထက် သာလွန်ထင်ရှားသဖြင့် အဝေးသို့ပျံ့နှံ့ပေါက်ရောက်ခြင်း (ထူးကဲ၍ သိအပ်သောအရာ)။ (ဦးလှမောင်-ဒေါ်တင်တင်မြင့်၊ ဒုတိယ်ဖနဝဒေး၏ တရုတ်သံရောက် မော်ကွန်းစကားပြေနှင့် အဖြေ။ ၁၉၅၆ ခု၊ နိဒါန်း ဟ။)

ထိုမှ နှစ်ပေါင်း ခြောက်ဆယ်ခန့်အကြာ ၁၈၃၀ ပြည့်နှစ်တွင် မော်ကွန်းသဒ္ဒါအပါအဝင် ဝေါဟာရဦးရေ သုံးရာ့လေးဆယ်တို့၏ အနက် ဗျုပ္ပတ်များကို ဝေါဟာရဗေဒလိုက်စားသူ လေ့သင်းအတွင်းဝန် ဦးချိန်က တစ်ဖန် ဖွင့်ဆိုခဲ့ပြန်ပါသည်။ ဆိုခဲ့သော ပညာရှင်တို့ သုံးစွဲခဲ့သည့် အဓိပ္ပာယ် နှစ်ချက်အနက် မော်ကွန်းကဗျာကိုသာ အစွဲပြုပြီး စံရင်ခဲ့ဟန် တူပါ၏။ နောင်လာနောက်သား ပညာရှင်အများစုကလည်း ဤပုဂ္ဂိုလ်၏ အဆိုအမိန့်ကို လက်ခံကြပါသည်။ ဦးချိန်၏ အာဘော်နှင့် နောက်ပညာရှင်အချို့တို့၏ ခံယူချက်များကို သက္ကရာဇ်စဉ်လိုက် ပြပါမည်။

၁၊ ၁။ ။ဦးချိန်

'မော်ကွန်းဟူ၍ ခေါ်ဝေါ်ရေးသားကြသည်မှာ မော်-သဒ္ဒါ အတ္ထုပ္ပတ္တိဟော၊ ကွန်း-သဒ္ဒါ မင်းတို့စံနေသည့် နန်းဟော၊ ထို့ကြောင့် မင်းတို့စံနေသည့်နန်း ဆိုရာဆိုကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ တစ်နင်းမည်းနှင့် စပ်လျဉ်းသောအဖွဲ့ကို ဆိုရာဆိုကြောင်း ဖြစ်သောကြောင့် လည်းကောင်း အကြောင်းတစ်ခုခုနှင့်ယှဉ်၍ အတ္ထုပ္ပတ္တိကို ပြဆိုခဲ့သည့်အဖွဲ့ ဖြစ်သောကြောင့် (မော်ကွန်း)ဟု ခေါ်ဝေါ်ရေးသားသည်မှတ်။'

'ဤနေရာ၌ ဥာနဥာန ကောသလ္လဉာဏ်ဖြင့် ဝေဖန်ခေါ်ဝေါ်ခြင်းကို သိရှိစေ'

(ဝေါဟာရလိနတ္ထဒီပနီ၊ ၁၁၉၂ (ခရစ် ၁၈၃၀ ခု)၊ ၃၇၈-၇၉။)

၁၊ ၂။ ။ဆရာလွန်း

'မော်ကွန်း'ဆိုသည်မှာ 'မော်'သဒ္ဒါ 'အထွတ်အမြတ်'ဟော။ 'ကွန်း'သဒ္ဒါ 'မင်းတို့စံရာနန်းတော်'ဟော ဖြစ်သဖြင့် 'မင်းတို့စံတော်မူရာ နန်းတော်'၏ အထွတ်အမြတ်ကို ချီးကျူးဖွဲ့ဆိုသည့် အစီအကုံးမျိုးကို ဆိုလိုသည်။ (ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ၁၂၇၂(၁၉၁၀ ခု)။ ၂၄၈။)

၁၊ ၃။ ။ဦးစိန်ဝင်း

'...မော်ကွန်း၏ အဓိပ္ပာယတ္ထမှာ ဝေါဟာရလိနတ္ထဒီပနီအရ စိစစ်ပါက ပညာရှိဦးချိန်ရေးသည့် ဖော်ပြချက်မှာ အနက်အဓိပ္ပာယ်နယ် ကျဉ်းလွန်းသည်ဟု ထင်မြင်ရကြောင်း၊ ပုဂံဝန်ထောက်မင်း ဦးတင်စီရင်သော ကဗျာဗန္ဓသာရ ကျမ်းအရပြရပါမူ မော်ကွန်းဟူသည် အစုအစဉ်မပျက် ထင်ရှားပေါ်လွင် မှတ်သားမိစေရန် မြဲမြံတည်ထွန်းအောင် ပြုလုပ်သောစာကို ခေါ်ဆိုသည်ဟု တွေ့ရကြောင်း' (အာသံနိုင်မော်ကွန်း၊ ၁၂၉၄ (၁၉၃၂ ခု) နိဒါန်း ၆-၇။)

၁၊ ၄။ ။ဦးခင်မောင်

'မော်ကွန်း ဆိုသော စကားရပ်မှာ အမှုကွန်း ဟူသော ရှေးစကားမှ ရွေ့လျောလာသော စကားတစ်ရပ် ဖြစ်လေသည်။ အမှုကွန်းတင်သည်ဟူသော စကား၏အဓိပ္ပာယ်မှာ ကျောက်စာထိုးသည်ဟူသော စကားအဓိပ္ပာယ် ရလေသည်။ အချုပ်အားဖြင့် မော်ကွန်း၏ အဓိပ္ပာယ်မှာ ထင်ရှားမြဲမြံ တည်ထွန်းအောင် ပြုလုပ်သည် ဆိုလိုသည်။'

'တစ်နည်းအားဖြင့် မော်ကွန်းဟူသော ဝေါဟာရကို ပုဒ်ခွဲလျှင် 'မော်'ဟူသော စကားမှာ ထင်ရှားသည့် အရာကို ဆိုလိုသည်။ 'ကွန်း'ဟူသော စကားမှာ နေရာဗိမာန်ဟူသော အဓိပ္ပာယ်ရလေသည်။ မော်ကွန်းဟူသည် မင်းတို့စံနေရာ နန်းတော်၏ အထွတ်အမြတ်နှင့် စပ်လျဉ်း၍ ဖွဲ့ဆိုရာဖြစ်သော ကဗျာတစ်မျိုး ဖြစ်လေသည်။' (ရဲတင်းမော်ကွန်း ၁၂၉၅ (၁၉၃၃) ခု၊ နိဒါန်း ဂ-ဃ။)

၁။ ၅။ ။ဦးဖေမောင်တင်

'မော်ကွန်းဟူသော စကားသည် ပုဂံခေတ်ကပင် ရှိသည်။ မင်းပိုင်းကျောက်စာ 'အမှုကွန်းတင်'အလှူပြုသော သက်ရှိသက်မဲ့စာရင်းများကို ခိုင်ခံ့ထင်ရှားအောင် ရေးမှတ်ထားခြင်းကို အမှုကွန်းတင်သည်။'

'အမှုကွန်းဟူသော စကားမှ ရွေ့လျောပြောင်းလဲ၍ အဝခေတ်တွင် မော်ကွန်းဝေါဟာရ ဖြစ်ပေါ်လာသည်ဟူ၍ ယူဆဖွယ်ဖြစ်သည်။ ဤကဲ့သို့ နောင်အစဉ်အလာ တည်တံ့ခိုင်မြဲစွာ မှတ်သားနာယူနိုင်ကြစေရန် စာရင်းအင်းမျိုးကို စကားပြေဖြင့်သာမဟုတ်ဘဲ ကဗျာလင်္ကာဖြင့်လည်း ဆင်တော်အကြောင်း၊ ကန်တော်အကြောင်း၊ ဘုရားစေတီအကြောင်း စသည်ကို နောင်အစဉ်အလာ ဥဒါန်းတွင်ရစ်အောင် ရေးသားစီကုံးဖွဲ့နွဲ့ထားသည့် ကဗျာလင်္ကာများကိုလည်း မော်ကွန်းကဗျာဟူ၍ပင် ခေါ်ကြလေသည်။' (မြန်မာစာပေသမိုင်း (တတိယနှိပ်)၊ ၁၃၀၉ (၁၉၄၇) ခု၊ ၃၄-၅)

၁၊ ၆။ ။ဦးသာမြတ်

'မော်ကွန်း'ရွှေနန်းတော်နှင့် ဥယျာဉ်တော်စသော အဆောက်အအုံ ဗိမာန်တို့အကြောင်းရေးသော အလင်္ကာ။ (မွန်-မုဟ်+ကွန်း အစွန်းဘုံဗိမာန်)။ အမှုကွန်းမှ မှုကွန်း၊ မော်ကွန်း (ဝါဒကွဲ)။ ပေါရာဏစကား အဘိဓာန်၊ ၁၉၆၁ ခု၊ ၂၅၆)

၂။ ။အတွေးအမြင်

သာဓကအဖြစ်ပြခဲ့သော အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို သုံးသပ်လိုက်သည့်အခါ ဦးဖေမောင်တင်မှတစ်ပါး အခြားသော ပညာရှင်တို့သည် ဦးချိန်၏ အဆိုအမိန့် စက်ကွင်းထဲ လည်နေသည်ကို မြင်ရပါသည်။ ဦးစိန်ဝင်းက အဓိပ္ပာယ်နယ်ချဲ့လိုက်သည်။ ဦးဖေမောင်တင်က ဗျုပ္ပတ်အနက်တစ်မျိုး ဖွင့်လိုက်သည်။ ဦးသာမြတ်က ဦးချိန်နှင့် ဦးဖေမောင်တင်တို့၏ အဓိပ္ပာယ်ကိုပြပြီး ဗျုပ္ပတ်အသစ် တီထွင်လိုက်သည်။ သို့သော် ပညာရှင်အများစုက ဦးချိန်၏ဝါဒကို သဘောကျဟန် တူ၏။

ထိုပညာရှင်တို့ပေးထားသော အဓိပ္ပာယ်များသည် တစ်လုံးတည်းသော

စကားမှမဟုတ်၊ နှစ်လုံးသုံးလုံး တို့မှ လာသယောင်ယောင် ဖြစ်နေပါသည်။ စကားတစ်လုံး၌ မူလ၊ ဆင့်ပွား၊ ထပ်ဆင့်ပွား အဓိပ္ပာယ်များ အသီးသီး ရှိတတ်ပါ၏။ ထိုအဓိပ္ပာယ် အားလုံးတို့တွင် ကွင်းဆက်ဇီဇသညာ ရှိမြဲတည်း ဥပမာ ဦးတည်ပုဒ် (လူ့သတ္တဝါ)အရိုး၊ ထိုမှတစ်ဆင့်ပြီးတစ်ဆင့် အရွက်ရိုး၊ ဓားရိုး၊ တောင်ရိုး၊ မြစ်ချောင်းရိုး၊ မြို့ရိုး၊ ရိုးရာဝေါဟာရတို့တွင် မူလအဓိပ္ပာယ်မှ ဆင်းသက်လာသော 'အချောင်း'ဟူသည့် အမှတ်သညာကို ဉာဏ်မျက်စိဖြင့် မြင်နိုင်ပါသည်။ မော်ကွန်းသဒ္ဒါအဖွင့်တို့၌ မျိုးဆက်မရှိပါ။ မရှိဆို ဖွင့်ဆိုသူက ဇာစ်မြစ်မသိဘဲ အတ္တနောမတိ ဉာဏ်ဖြင့် ပြုလိုက်သောကြောင့် အမျိုးဆက်စပ်၍ မရပါ။

မော်ကွန်းသဒ္ဒါ၏ မူလပုံသဏ္ဌာန်နှင့် အနက်၊ ဆင့်ပွား၊ ထပ်ဆင့်ပွား ပုံသဏ္ဌာန်နှင့် အနက်များ ထွန်းကားတိုးတက်လာသည့် အခင်းကို နိဒါန်း အနေဖြင့် အကျမြှုပ်ပုံစံကို ပထမဆွဲပြပါမည်။ ထို့နောက် ဤသဒ္ဒါ၏ ဘဝ ဖြစ်စဉ် ကွင်းဆက်တို့ကို အကိုးအကားများဖြင့် သရုပ်ဖော်သွားပါမည်။

၁။ ။အမုကွန်၊ အမူကွန်

အမု၊ အမူ=အပြု၊ ပြုသောအရာ၊ အလှူစာရင်း၊ မှတ်တမ်း။

ကွန်= အဆောက်အအုံ၊ မှတ်တမ်း(ထားရာ) အဆောက်အအုံ။

၂။ အမော်ကွန်=အမုကွန်၊ အမူကွန်နှင့်အနက်တူ။

၃။ မော်ကွန်=မှတ်တမ်း။

၄။ မော်ကွန်း=မှတ်တမ်းထားရာ အဆောက်အအုံ၊ မှတ်တမ်း။

မှတ်တမ်းတင်အပ်သော အရာဝတ္ထု၊ သို့မဟုတ် အကြောင်းအရာ၊ ထိုကဲ့သို့ အရာဝတ္ထုအကြောင်းအရာ တို့ကို ရေးသားထားသော စကားပြေနှင့် စီကုံးထားသော ကဗျာတစ်မျိုး။

၂၊ ၁။ ။ဘုရင့်ခေတ် (ခရစ် ၁၀၄၄–၁၈၈၅)

ဘုရင့်ခေတ်တွင် ပေါ်ပေါက်လာသော ဤသဒ္ဒါ၏ မြင်ကွင်းသမိုင်း စဉ်သည် အောက်ပါအတိုင်း ဖြစ်သည်။

၂၊ ၁၊ ၁။ ။အမုကွန်၊ အမူကွန်

'သကရာဇ် ၆၂၈ (ခရစ် ၁၂၆၆ ခု)၊ပိသျက်နှစ်။(သိင်္ဂသူအမတ်ကြီး၏ သမီးသည် လယ်မြေများကို ကျောင်းအားလှူပြီးသကာလ)မြတ်စွာမင်ကြီကို ကြာပိယ်ရကာ။ ရိယ်စင်တဝ်သွန်၏။' '(အလှူမှတ်တမ်းကို)အမုကွန်ထောင်၏။' (မြန်မာတိုင်းရင်း ကျောက်စာများ၊ ဒုတိယထုတ် ပုံ ၂၁၅ ခ၊ ကြောင်းရေ ၁၂)

'သကရဇ် ၆၃၃(၁၂၇၁)ခု။ အာသိန်နှစ်၊ တန်ခူလဆန် ဆယ်ရက်။ သုကြာနိယ်အာ။ မြတ်စွာသော အသွိင်ဖွာဇဝ်။ အလှူစာရင်။ ကွန်ပြောက်ကြီး ထွက်တဝ်မူသော။ မင်ကြီပြုရှယ်။' (အလှူစာရင်းကို မင်းကြီးက) 'အမူကွန် တင်၏။' 'သစ်တလာတွင်ထည်၏။' (စာရင်းရေးထားသော) 'ရှူယ်ပိယ် ယှတ်ချပ်။ ရှယ်ခြည်ဖွယ်၏။' (ပေများကို ညှပ်ထားသော) 'သစ်ကျဆိယ် ရိယ်တေ။' (စာလုံးပေါင်းအချို့တို့ကို ယခုခေတ်နည်းဖြင့် ရေးထားသည်။ ဝိုက်ကွင်းများထဲ၌ ခရစ်သက္ကရာဇ်ကိုလည်းကောင်း၊ ဖြည့်စွက်ရှင်းလင်းချက် များကိုလည်းကောင်း ထည့်ထားသည်။) (မင်းဝိုင်းကျောင်းကျောက်စာ၊ ပုဂံကျောက်စာညွှန့်ပေါင်း၊ ၁၉၂၈ ခု၊ ၁၀၅–၆)

၂၊ ၁၊ ၂။ ။အမောကွန်

'သကရစ် ၆၅၀(၁၂၈၈)ခု' (နှစ်ကျစွာ–ကျော်စွာမင်းကြီး သဘော တူညီမှုဖြင့် ကျောက်စေတီ၊ စဥ့်ကိုင်၊ ကျောက်ဆည်အရပ်တို့၌ ရှမ်းညီနောင် သုံးပါးတို့၏ အလှူဒါနများကို) 'အမောကွန်တင်၏။' (အလှူစာရင်းကို) 'ထန်ရွက်' (ပေါ်ရေး၏။) 'လက်ပံကျုံနှစ်ထပ်အကြာ' (ချည်ထား၏။) (မြန်မာပြည်သုတေသန အသင်းဂျာနယ်၊ အတွဲ ၂၂၊ အပိုင်း ၃၊ ၁၂၆။)

အထက်ပါ သာဓကသုံးခုစလုံးတွင် 'တင်၏'ဟူသော ကြိယာပုဒ်ဖြင့် တွဲသုံးထားသည်။ အမုကွန်၊ အမူကွန်၊ အမောကွန် သဒ္ဒါတို့သည် အလှူစာရင်း တင်ရာ အဆောက်အအုံဟူသော အဓိပ္ပာယ်ကို ဆောင်၏။ ၁၂၆၆ ခုနှစ်မှ ၁၂၈၈ ခုနှစ်၊ နှစ်ပေါင်း နှစ်ဆယ်အတွင်း + ု + ူ သရများမှ ေ+ာ သရသို့ ပြောင်းလဲသွားကြောင်းကို သတိမူမိသည်။

၂၊ ၁၊ ၃။ ။မော်ကွန်

သကရာဇ် ၇၇၇ (၁၄၁၅)ခု' (နှစ်ထိုးကျောက်စာ၌ ဘုရင်မင်းခေါင်က အခွန်ကို) 'မော်ကွန်မိဓာန် ရွှေ့ပြတ်စေ' (ဟူ၍ မိန့်၏)။ မော်ကွန်းထဲပါသည့် အတိုင်း အခွန်တော်ကို ဖြတ်စေဟူလို၏။) (ပုဂံ၊ ပင်းယနှင့် အင်းဝတို့မှ ကျောက်စာများ၊ ၁၈၉၂ ခု၊ ၇၅၊ ကြောင်းရေ ၆-၇)

ဤ၌ ကျောက်စာ စာအုပ်ကြီးထဲ မော်ကွန်းဟု ပုံနှိပ်ထားပါသည်။ မော်ကွန်သာ ဖြစ်သင့်သည်ဟု ဆရာကြီး ဂျီ၊ အိတ်ချ်၊ လုစ်က ပြောဖူးသဖြင့် သူ၏အလိုအတိုင်း ရေးလိုက်ပါသည်။ ဤကျောက်စာတွင် မော်ကွန်းသဒ္ဒါ အနက်သည် စာရင်းမှတ်တမ်းထားရာ အဆောက်အအုံမှသည် စာရင်းမှတ်တမ်း သို့ ပြောင်းသွားပါသည်။ ဧာ သရကိုလည်း ဧာ် သရ ဟူ၍ စာလုံးပေါင်း လာပါ၏။

၂၊ ၁၊ ၄။ ။မော်ကွန်း

'သကရာဇ် ၈၁၃ (၁၄၅၁)ခု ကဆုန်လဆုတ် သတင်းထွက်တရက် စနေနေ့ မင်းပျိုနားတော်လျှောက်ရယ့် တပ်ကြီးသူကြီးကို မော်ကွန်းတင်ပလေ ဟူရယ့် မော်ကွန်းတင်လေ၏။ နောင်ပြီးတုံ့ သပေါက်သူကြီး နားတော် လျှောက်ရယ့် လယ်ကိုင်းစခီခေတ္တရာ။ လယ်ကိုင်းဘုမ္မရစ်မော်ကွန်းလည်း ပြုပေသတည်း။ မော်ကွန်းတင်သောအခါ မော်ကွန်းလည်း ရေးလေသတည်း။' (မော်ကွန်းနောက်ထပ်တစ်စောင် ကူးရေးသည်ဟု ဆိုလိုသည်။) (အထက် မြန်မာပြည်မှ စုဆောင်းထားသော ကျောက်စာများ၊ အတွဲ၊ ၂၊ ၁၉၀၆ ခု၊ ၂၁၈။ ကြောင်းရေ ၁-၇)

ထိုအချိန်ကာလမှသော်လည်းကောင်း၊ ခပ်စောစောပိုင်းမှသော် လည်းကောင်း မော်ကွန်းသဒ္ဒါကို မြန်မာ ပညာရှင်လောကတွင် နောက်လာ နောက်သားများအဖို့ အမှတ်တရ မှတ်တမ်း၊ စာရင်းအဓိပ္ပာယ်ဖြင့်သာ စ၍ သုံးလာပါတော့သည်ဟု ဆိုရပါမည်။

အထက်ပါ မှတ်တမ်းဟူသော ပင်စည်ကြီးမှလည်း အကိုင်းကြီး နှစ်ကိုင်း ထွက်လာပါ၏။ တစ်ကိုင်းကား မှတ်တမ်းတင်အပ်သော အကြောင်း

အရာကို စပ်ဆိုသည့်ကဗျာ၊ ကျန်တစ်ကိုင်းကား မှတ်တမ်းနှင့် မှတ်တမ်း တင်အပ်သော အရာဝတ္ထုပစ္စည်းတို့ ဖြစ်ကြပါသည်။

၂၊ ၁၊ ၄၊ ၁။ ။မော်ကွန်းကဗျာ

မော်ကွန်းဆိုသည်မှာ မင်းတစ်မင်း၏ လက်ထက်တော်၌ မှတ်တမ်း တင်ထိုက်သည့် ဖြစ်ပေါ်လာသော အကြောင်းအရာတစ်ခုခုကို လေးလုံး တစ်ပိုဒ်ဖြင့် ဖွဲ့ဆိုထားသော ကဗျာတစ်မျိုး ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အုပ်စိုးနေသောမင်း၏ ဘုန်းတန်ခိုးကို တိုင်ချည်အဖြစ်၊ ပေါ်ပေါက်လာသော အကြောင်းအရာကို ဖောက်ချည်အဖြစ်ဖြင့် ကဝိတို့က ဉာဏ်ကွန့်မြူးကာ ခံ့ညားသောအဆင်ကိုဆောင်သည့် မော်ကွန်းထည်ကို ရက်ကြပါသည်။ သမိုင်းဝင် အစောဆုံး ဤကဗျာမျိုးမှာ အထက်ပါ ကျောက်စာ ထိုးပြီးသည်နောက် အနှစ်နှစ်ဆယ်အကြာ သက္ကရာဇ် ၁၄၇၂ ခုနှစ်၌ ရှင်ထွေးညိုစီကုံးသော ပြည်စုန်မော်ကွန်း ဖြစ်ပါ၏။*

မော်ကွန်းများတွင် မှတ်တမ်းတင်စပ်ဆိုထားသော အကြောင်းအရာ အချို့တို့ကို ပြလိုပါသည်။ သာသနာရေးနှင့် စပ်လျဉ်း၍ ဘုရား၊ စေတီပုထိုး၊ ကျောင်း စသည်တို့ ရာဇရေး၌ဆိုလျှင် ဘုရင့်ဘိသိက်ခံပွဲ၊ စစ်အောင်မှု၊ နေပြည်တော်သို့ ဆိုက်ရောက်လာသည့် နိုင်ငံခြားသံတမန်နှင့် ဆင်ဖြူတော် စသည်တို့၊ လူမှုရေးတွင်မူကား တူးဖော်ဆည်ဖို့သည့် ကန်တော်နှင့် တူးမြောင်းတော် စသည်တို့ ဖြစ်ကြပါသည်။ ဤဘောင်ပြင်အပ အကြောင်း အရာများကို တိုင်ချည်ဖောက်ချည်များအဖြစ်ဖြင့် အဆင်မဖော်ထားသည့် မော်ကွန်းများ ရှိပါ၏။ သို့သော် ဦးရေနည်းပါးလှပါသည်။ မော်ကွန်းပေါင်း ခုနှစ်ဆယ်ကျော် မော်ကွန်းတင်ထားပါသည်။

၂၊ ၁၊ ၄၊ ၂။ ။မှတ်တမ်း၊ အမှတ်တရဝတ္ထုပစ္စည်း

အထက်ပါ အဓိပ္ပာယ်တို့ဖြင့် မော်ကွန်းသဒ္ဒါ အသုံးအနှုန်းအချို့တို့ကို ရာစုနှစ် အစီအစဉ်အတိုင်း မြန်မာစာပေထဲမှ သာဓကများကို ပြပါမည်။

---

* ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ ၁၉၄၇ ခု၊ ၃၁- ၃ ရှု

၁။ ‘အမတ်ကြီးလျှင်။...။မော်ကွန် တည်သား၊ စာရှည်ပုရပိုက်၊ ကမ္ပည်းတိုက်၍၊ သိုက်သိုက်ဖွေဘော်။’ (ပုရပိုက်ပေါ် စာရှည်ရှည် ရေးထားသော မှတ်တမ်း)ဆုတောင်းခန်းပျို့၊ ၁၆။ ၁၅ ရာစု

၂။ ‘သီတင်းစင်ဖြူ၊ ဥပုသ်ယူဟု၊ ဇမ္ဗူသောင်းပြင်၊ မော်ကွန်းတင်သည်၊ အရှင်ဗြာဟ္မဏ’ (သီတင်းဖြူစင်သည်၊ ဥပုသ်ယူသည်ဟု မှတ်တမ်းထိုး ခံရသော ဗြာဟ္မဏ) ဓမ္မပါလပျို့၊ ၂၆။ ၁၆ ရာစု

၃။ ‘သုံးဘုံဦးစွန်း၊ မြတ်မော်ကွန်းကို’ (အမြတ်တနိုး အစဉ်သဖြင့် ကိုးကွယ်ရာစေတီတော်မြတ်) နဝဒေးဆို ရတုပေါင်းချုပ်၊ ၂၈။ နှောင်း ၁၆ ရာစု

၄။ ‘မော်ကွန်းတင်အပ်၊ ဘဒ္ဒကပ်ဟု’ (မွန်မြတ်ဆုံးဟု မှတ်တမ်းထိုးအပ်သောကမ္ဘာ။) မင်းရဲနန္ဒာ ရှေ့ချင်း၊ ၁။ ၁၇ ရာစု

၅။ ‘မြို့ရိုး၊ သူရဲခို၊ ပြ၊ တန်ဆောင်း၊ တံခါး၊ မော်ကွန်းတိုင်၊ ကျုံး’ (မြို့တံခါးအနီးရှိ မြို့သမိုင်း ထိုးထားသောတိုင်၊ မြို့အင်္ဂါတစ်ရပ်။) ဝိဓူရဇာတ်တော်ကြီး၊ ၃၃၊ ၁၈ ရာစု

၆။ ‘ကျောက်စာ၊ မော်ကွန်းတို့၌ ရေးမှတ်ကြသည့်တို့တွင် (သမိုင်းမှတ်တမ်းများ။) သမန္တစက္ခုဒီပနီ ကျမ်း၊ ၃-၃၃၉။ ၁၉ ရာစု

၇။ ‘ပုဂံကောင်းစားစဉ်အခါက...မော်ကွန်းထိန်း အရာရှိလည်း သီးခြားခန့်ထားသည်။ ယခုအခါ ရီစစ္စတြာ အရာရှိများနှင့် အလားတူသည်။ ဘိုးဘပိုင်မြေ၊ ဝတ္ထုကံမြေ၊ အရာတော်မြေ စသော မရွှေ့မပြောင်းနိုင်သော အရာများကို ကြည့်ရှုစောင့်ရှောက်ရသော အရာရှိဖြစ်သည်။ ‘...’ ရှေးဟောင်း စာတမ်းကျောက်စာများကိုလည်း ထို မော်ကွန်းထိန်းက ထိန်းသိမ်းစောင့်ရှောက်ရသည်။ ပုဂံတွင် မော်ကွန်းထိန်းဟူသော အရာရှိသည် မြန်မာသက္ကရာဇ် ၁၁၃၈ ခု၊ အင်္ဂလိပ်သက္ကရာဇ် ၁၇၇၆ ခု တိုင်အောင် ရှိသေးသည်။’ (မော်ကွန်းထိန်းနှင့် သူ၏ဝတ္တရားများ)မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထ၊ ၃၁၊ ၂၀ ရာစု။

အလျဉ်းသင့်၍ ဆိုရပါမည်။ မော်ကွန်းသဒ္ဒါကို ၁၉ ရာစုနှစ်မှစ၍

ဥဒါန်း၊ ရာဇဝင်၊ သမိုင်းဟူသော စကားလုံးများနှင့် အနက်တူဘိသကဲ့သို့ သုံးစွဲလာကြသည်။ အထူးသဖြင့် ‘တွင်’ဟူသည့် ကြိယာနှင့် တွဲသုံးသည်။ မော်ကွန်းတွင်၊ ဥဒါန်းတွင်၊ ရာဇဝင်တွင်၊ သမိုင်းတွင်ဆိုသည့် ဝေါဟာရတို့သည် ထုံးတမ်းအဖြစ် မှတ်တမ်းတင်သည်၊ အစဉ်အလာ ပြောစမှတ်အသိအမှတ်ပြုသည်ဟူသော အနက်များရပါ၏။ ဤသည်တို့ကား ဘုရင့်ခေတ်အတွင်း မော်ကွန်းဖြစ်စဉ်သမိုင်း အကျဉ်းချုပ်တည်း။

၂၊ ၂။ ။ဗြိတိသျှခေတ် ၁၈၈၅–၁၉၄၈

၁၈၈၅ ခုနှစ်တွင် ဘုရင်ခေတ်သုဉ်းသွားပါ၏။ ဗြိတိသျှခေတ်ပေါ်ထွန်းလာပါသည်။ အုပ်ချုပ်ရေးပြောင်းလဲလာသည်နှင့်အမျှ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအရေး၌လည်း အတွေးအမြင်၊ ဝေါဟာရ အသုံးအနှုန်းတို့သည် ဗြိတိသျှစနစ်ဘက်သို့ ယိုင်လာကြသည်။

ယခင် ခေတ်ကကဲ့သို့ မော်ကွန်းကဗျာကို စီကုံးနေကြသေး၏။ သို့သော် ထည်ဝါခံ့ညားခြင်းမရှိလှ။ တိမ်ကောစ ပြုလာပါပြီ။ သို့ဖြစ်လင့်ကစား ၁၉၂၄ ခုနှစ်တွင် ပညာရှင်လောက ဂယက်ရိုက်သွားသော မော်ကွန်းတစ်စောင် ပေါ်လာပါ၏။ ထိုနှစ်၌ ပြည်ထဲရေးဝန်ကြီး ဆာမောင်ခင် အနိစ္စရောက်သည့်အခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဆရာကြီး ဦးပွားက မြန်မာ့သားကောင်းရတနာတစ်ဦး၏ ဂုဏ်သိဒ္ဓိအကြောင်းကို မှတ်တမ်းတင်သည့် အထိမ်းအမှတ်ဖြင့် မရဏာသတိမော်ကွန်းကို ရေးသားပါသည်။ အမင်္ဂလာအခြင်းအရာ ဖွဲ့စပ်ထားသည်မှာ ဦးချိန်၏ မော်ကွန်းသဒ္ဒါ ဖွင့်ချက်နှင့် မညီညွတ်ဟု သမားရိုးကျ မြန်မာပညာရှင်အချို့က ဆရာကြီးဦးပွားအား ဝေဖန်ပြစ်တင်ကြ၏။ သတင်းစာတွေထဲ အတော်ကြာကြာ အပြိုင်အဆိုင်ရေးကြသည်။ မတင်မကျအဆုံးသတ်ခဲ့ပါ၏။ (မော်ပီဆရာသိန်းကြီး၊ နှောင်းဖြစ် စာတမ်း၊ တိုးစာပုံနှိပ်တိုက်။ ၁၄၄–၁၆၉ ရှု)

မှတ်တမ်းအနက်ဖြင့် မော်ကွန်းသဒ္ဒါအသုံးအနှုန်းလည်း ခေတ် အခြေအနေအရ တိမ်ကောစ ပြုလာပါ၏။ သုံးစွဲနေကျ မော်ကွန်းနေရာ၌ အခြားမြန်မာစကားလုံးနှင့် အင်္ဂလိပ်အသုံးအနှုန်းတွေကို အစားထိုးကြသည်။ ဥပဒေပြုလွှတ်တော်၊ ဟိုက်ကုတ်တရားရုံး၊ ရန်ကုန်တက္ကသိုလ် စသည်တို့၌ မှတ်တမ်း

စာရင်းများကို ဦးတင်ဆိုခဲ့သည့်အတိုင်း ရိစစ္စတြီ၊ သို့မဟုတ် ရယ်ဂျစ်စတာဟု အင်္ဂလိပ်အခေါ်အဝေါ် ခေတ်စားလာကြသည်။ မော်ကွန်းထိန်းအစား ဟိုက်ကုတ်တွင် ပစ္စည်းထိန်း၊ သို့မဟုတ် ရယ်ဂျစ်စတြာ၊ ရန်ကုန်တက္ကသိုလ်တွင် ရယ်ဂျစ်စတြာဟု ခေါ်ဆိုသည်။

၂၊ ၃။ ။လွတ်လပ်ရေးခေတ်

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည်သည် လွတ်လပ်ရေးပြန်ရခဲ့သည်။ သမ္မတ မြန်မာနိုင်ငံတော် ဖြစ်လာ၏။ ထိုအခါ မြန်မာမှုတို့ကို အသက်ပြန်ဆက်ကြသည်။ ခေတ်အမြင်အရ ပြင်ဘက်ကျနေသော မော်ကွန်းကဗျာသည်လည်း ဂုဏ်ရောင်မှေးမှိန်သည်ထက် မှေးမှိန်လာလေပြီ။ လုံးလုံးကား မပျောက်ကွယ်သွားသေးချေ။ ၁၉၅၄ ခုနှစ်တွင် ဆဋ္ဌသံဂါယနာတင်သည့်အခါ သာသနာ့အလင်းရောင် ဦးဖေမြင့်က ၉၁ ပိုဒ်မျှရှိသော လူထုဆဋ္ဌသံဂါယနာတင်မော်ကွန်းကို အောင်ပွဲသဘင်နှင့် သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် အဖြစ်ဖြင့် သီကုံးခဲ့ပါသည်။*

မြန်မာဘာသာနယ်ပယ်၌ကား မြန်မာ့ယဉ်ကျေးမှု ပြည့်ဝသော ဝေါဟာရတို့ကို ပြန်လည် အသုံးပြုကြပါသည်။ မော်ကွန်းသဒ္ဒါလည်း ပါပါ၏။

လွတ်လပ်ရေးရပြီးသည်နောက် မကြာမီဥပဒေပြုလွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပ၏။ အရွေးခံရသောအမတ်တို့သည် လွှတ်တော်ဥက္ကဋ္ဌ အခန်းတွင် ကျမ်းကျိန်ဆိုပြီး ရယ်ဂျစ်စတာ၊ သို့မဟုတ် မော်ကွန်းတွင် လက်မှတ်ရေးထိုးကြသည်။ (မြန်မာ့အလင်းသတင်းစာ ၂၊ ၉၊ ၁၉၄၈ ရှု) ပုဂံခေတ်က မှတ်တမ်းများထားရာ မော်ကွနအဆောက်အအုံကို မော်ကွန်းတိုက်ဟူ၍ လည်းကောင်း၊ လွတ်လပ်ရေးအထိမ်းအမှတ် စိုက်ထူထားသော ကျောက်တိုင်များကို မော်ကွန်းတိုင်ဟု လည်းကောင်း ခေါ်ဆိုကြသည်။ ဟိုက်ကုတ်ရုံးတွင် ပစ္စည်းထိန်း၊ တက္ကသိုလ်တွင် ရယ်ဂျစ်စတြာ ဟူ၍ တွင်ခဲ့သော အရာရှိတို့ကို မော်ကွန်းထိန်းအမည်သညာ အပ်နှင်းခဲ့ပါသည်။

---

* ဤဗ္ဗာသာယဗိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၆ ခု။

ဆိုခဲ့ပြီးသော အရိုးပေါ်အရွက်မဖုံးစေသည့် အသုံးအနှုန်းတို့အပြင် ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်တွင် မော်ကွန်းဝင်ဟူသော ဝေါဟာရ အသစ်တစ်လုံး တွင်ခဲ့ပါသည်။ (မြန်မာအဘိဓာန် အကျဉ်းချုပ်၊ 'မော်ကွန်းဝင်'၊ ၁၅၃ ရှု)

၃။ ။နိဂုံး

လေ့သင်းအတွင်းဝန် ဦးချိန်သည် ပညာရှိကြီးတစ်ဦး ဖြစ်ပါသည်။ ဝေါဟာရလိနတ္ထဒီပနီ၊ တဗ္ဗတ္ထဒီပနီ၊ အဘိဓာနတ္ထဝိသောဓနီကျမ်းတို့ကို စီရင်ခဲ့သည်။ မာဂဓဘာသာကျမ်းကျင်လိမ္မာကြောင်းကို အဘိဓာနတ္ထဝိသောဓနီကျမ်းက သက်သေခံထား၏။ ကျမ်းကျင်ရာလိမ္မာပါသည်။ မြန်မာဘာသာ ဝေါဟာရဗေဒ၊ ဘာသာဗေဒ၊ သဒ္ဒဗေဒတို့၌မလိမ္မာပါ။ မြန်မာဝေါဟာရ အတော်များများသည် မာဂဓဘာသာစကားလုံးတို့မှလာကြောင်းကို ရေးသား ပြဆိုထားသော ဝေါဟာရလိနတ္ထဒီပနီက ဤအားနည်းချက်ကို သက်သေခံထား၏။

၁၉ ရာစုနှစ်တွင် ဦးချိန်က ထိုခေတ် အတွေးအမြင်ဖြင့် ဝေါဟာရများကို ဖွင့်ဆိုခဲ့၏။ ၂၀ ရာစုနှစ်၌ ပညာရှင်တွေက သူ၏ အရှိန်အဝါကို လေးစားပြီး ဋ္ဌာနဋ္ဌာနကောသလ္လဉာဏ်မဖက်ဘဲ အဆိုအမိန့်များ လက်ခံခဲ့ကြသည်။ မော်ကွန်းဝက်ပါထဲ ကျွန်တော်တို့ တဝဲလည်လည် နေလာကြရပါ၏။ ဝက်ပါထဲမှ ထွက်ကြပါစို့။

အတွေးအမြင်၊ စာစဉ် ၁၂၊ မတ် ၁၉၈၆။

ဂျဲန်းထလ်မဲန်း လေးဒီနှင့် မေတ္တာတရား

အတွေးအမြင်စာစောင် ၁ နှင့် ၅ တို့၌ ရွှေဥဒေါင်း၏ 'လူဖြစ်ရကျိုးနပ်ပါစေ'၊ ခင်မျိုးချစ်၏ 'မေတ္တာဟူသည်'ဆိုသော ဆောင်းပါးနှစ်ခုကို ဖတ်လိုက်ရပါ၏။ ထိုပညာရှင်နှစ်ဦးတို့၏ အတွေးအခေါ်သစ်တို့က ကျွန်တော်၏ အတွေးလုံးတို့ကိုလှုပ်ဆွပေးခဲ့သဖြင့် အတွေ့အကြုံအဟောင်းတို့သည် အမျှင်တန်းပြီး ထွက်လာပါသည်။ ထို့ကြောင့် အထက်ပါ အောက်ကလီအာ ခေါင်းစီးဖြင့် ဆောင်းပါးသုံးစောင် ခေါင်းထဲပေါက်ဖွားလာတော့၏။

ရွှေဥဒေါင်းက အနောက်တိုင်းသားဗြိတိသျှလူမျိုးများ၏ ဂျဲန်းထလ်မဲန်း (Gentleman)အကြောင်းကို ကိုယ်တွေ့စာတွေ့မှီးပြီး ရေးသားထားသည်။ အရည်အချင်း ကျင့်ထုံးများကို ရှင်းပြ၏။ ဤအင်္ဂလိပ် အသုံးအနှုန်းကို ဘာသာပြန်ရန် 'အဓိပ္ပာယ်ညီတူသော မြန်မာစကားလုံးများကို မရှာတတ်'ဟု ဝန်ခံပြီး 'စိတ်သဘောထားပြည့်ဝသူ'ဟူသော သင့်နိုးရာရာအနက်ကို ပေးလိုက်ပါသည်။ ဘာသာပြန်၍မရခြင်းကား အကျင့်သိက္ခာ စသည်တို့နှင့် စပ်လျဉ်းလာလျှင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အခေါ်အဝေါ်တို့သည် လောကုတ္တရာ အငွေ့အသက်မကင်းသောကြောင့်ဟု ဆိုရပါမည်။ ဂျဲန်းထလ်မဲန်းကား လောကီအမျိုးသားကောင်း၊ သူတော်စင်သည် တမလွန်သို့လည်း ဦးမတိုက်၊ နိဗ္ဗာန်သို့လည်း ဦးမတိုက်၊ လောကီသူတော်စင်အဖြစ်သို့ ရောက်ဖို့ကိုသာ ဦးတိုက်နေပါ၏။ ဤ၌ သူတော်စင်ဟူသော ပုဒ်သည်ပင်လျှင် လောကုတ္တရာ နွယ်နေပါသေးသည်။

ရွှေဥဒေါင်းက စိတ်သဘောထား ပြည့်ဝသူတစ်ဦးကို မြင်သည့်အခါ မကြည်ညိုဘဲ မနေနိုင်ကြောင်း၊ ဤ ပုဂ္ဂိုလ်မျိုး ဖြစ်ဖို့ရန် ခဲယဉ်းသလောက် သူ၏ **ထိုထိုခေတ်က** ဝန်ကြီး၊ သူဌေးကြီး၊ ဂုဏ်ဟိတ်ကြီးသူတို့ ဖြစ်ဖို့ရာ လွယ်ကူ**ကြောင်းကို** ယထာဘူတကျကျ ရှင်းပြ၏။ ထိုအဖြစ်မျိုးကို ပါရမီဖြည့်မှ ရနိုင်ကြောင်းကို **တဲ့တိုး**မဆိုထားသော်လည်း ဆိုထားဘိသကဲ့သို့ ရေးထားသည်။ နိဂုံးချုပ်**အနေဖြင့် 'အ**နောက်တိုင်းသားများသည် ဂျဲန်းထလ်မဲန်းဖြစ်ဖို့ ကြိုးစားရကောင်းမှန်း **သိသ**ကဲ့သို့ မြန်မာလူမျိုးများသည်လည်း စိတ်သဘောထား ပြည့်ဝသူ**အဖြစ်သို့**ရောက်အောင် ကြိုးစားရကောင်းမှန်းသိသူ နည်းပါးသေးသည်မှာ **ဝမ်းနည်းဖို့**ကောင်းလှသည်'ဟု ရေးလိုက်ပါသည်။

ရွှေဥဒေါင်း၏ အာဘော်သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် လောကုတ္တရာဘက်သို့ အားသန်နေလွန်းသဖြင့် လောကီဘက်၌ လူ့ဝတ္တရား အားပျော့နေသည်။ ဤသည်ဘက်၌ လူဖြစ်ရကျိုးနပ်အောင် လုပ်နိုင်ပါမှ လောကုတ္တရာရေးတွင် လိုရာတက်နိုင်ရန် ခြေလှမ်းမြဲပေမည်ဟု လိမ္မာစွာ ဆိုထားသည်။ သူ၏ မိန့်ဆိုချက် အားလုံးတို့လိုလိုကို လက်ခံပါ၏။ တစ်ခုသာ ထပ်ဖြည့်ချင်ပါသည်။ ဂျဲန်းထလ်မဲန်း အမျိုးသားကောင်းရှိသည့်နည်းတူ လေးဒီ(Lady) အမျိုးသမီးကောင်းများလည်း ရှိသေးကြောင်း ဖြစ်ပါ၏။

'မေတ္တာဟူသည်' ဆောင်းပါးသည် ဆရာသုခ တိုက်တွန်းချက်အရ အနောက်နိုင်ငံသူ နိုင်ငံသားတို့၏ အတွေးအခေါ်များကို နောက်ခံထားပြီး သူ၏စာအုပ် 'မေတ္တသုတ်'အတွက် ခင်မျိုးချစ်က ရေးပေးသော အမှာစာ ဖြစ်ပါသည်။ ခင်မျိုးချစ်က 'ရောင့်ရဲလွယ်ခြင်း'၊ 'မွေးမြူလွယ်ခြင်း' တရားနှစ်ပါးကို ပယ်ပြီး လောကီ စည်းစိမ်ကိုတွယ်နေသူ အနောက်တိုင်းသားတို့၏ ကရုဏာတရားပါးရှား၊ မေတ္တာတရား ခေါင်းပါးသည့် အခြင်းအရာတစ်ကွက်ကို သက်သေသာဓကများဆောင်ကာ လက်ဆုပ်လက်ကိုင် ပြထားပါ၏။ မီးမောင်းထိုးထားရာ အနောက်နိုင်ငံသားတို့ကား 'အဘိ'လောကီသား အမေရိကန်ပြည်သူပြည်သား လူအစုများသာတည်း။

ထိုပညာရှင်နှစ်ဦးအနက် ရွှေဥဒေါင်းက ကိုယ်တွေ့စာတွေ့တွေကို တစ်ဖန် စစ်ဆေးပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဓလေ့အကျင့်အပေါ်

မှတ်ချက်ချထားသည်။ လောကီဘက် တိမ်းနေသည်။ ခင်မျိုးချစ်က စာတွေ့နှင့်လောဘသား အမေရိကန်လူစု၏အမူအကျင့်ကို ကောက်နုတ်ချက်ချထားသည်။ လောကုတ္တရာဘက် ယိမ်းနေသည်။ မြန်မာလူမျိုးတို့ အကြောင်းအရာတွေကို စာဖတ်ပရိသတ်က သိတန်သမျှ သိနှင့်ကြပြီမို့ ကျွန်တော်က နောက်ထပ်မရေးလိုတော့ပါ။ ခင်မျိုးချစ်ရေးဆွဲပြသည့် ကားချပ်ပေါ် မပါသေးသော ကျွန်တော့်ကိုယ်တွေ့ဖြစ်သော ဗြိတိန်ပြည်သား လူမျိုးသုံးမျိုးတို့၏ရုပ်ပုံများကို နောက်ထပ် ဖြည့်ဆွဲပြလိုပါ၏။ သို့မှသာလျှင် အမှန်တရားကို မြင်ကြရပါမည်။

အမှန်တရားသည် ဒင်္ဂါးပြားနှစ်ဘက်နှင့် တူပါ၏။ မမြင်ရသေးသောဘက်ကို ပြပါရစေ။ အနောက်တိုင်းသားဟူသည် အမေရိကန် ပြည်သားများအပြင် ဥရောပတိုက်သားများ စသည်တို့လည်း အကျုံးဝင်ပါသေး၏။ သူတို့အနက် စိတ်သဘောထား ပြည့်ဝနိုင်သမျှ ပြည့်ဝသူ၊ မေတ္တာတရားပွားများတန်သမျှ ပွားများသူတို့ ရှိပါ၏။ ဗြိတိန်ပြည်တွင် နှစ်ပေါင်း ၄၀ ကျော် နေခဲ့စဉ်အခါက ထိုပုဂ္ဂိုလ်မျိုးတို့အား တွေ့ခဲ့ရပါသည်။ အထူးသဖြင့် ၁၉၆၅–၆၆၊ ၁၉၇၀–၇၅၊ ၁၉၇၈–၇၉ခုနှစ်များအတွင်း အကြောင်းအကျိုးတရားဖန်တီးမှုကြောင့် ကြုံကြိုက်ခဲ့ရသော ဖြစ်ကွက်ဖြစ်စဉ်များနှင့် ပတ်သက်၍ သူတို့ကျင့်သုံးသည့် ဝိနယတို့ကို မြင်ရသောကြောင့် ဤသို့ ဆိုရပါသည်။ ထိုသူတို့ကား (၁) အတူတူ တာဝန်ထမ်းဆောင်ခဲ့သော တက္ကသိုလ်ပညာရှင်များ၊ (၂) မိတ်ဆွေပမာ တွေ့ထိခဲ့သော ဆရာဝန်နှင့် အမှတ်မထင် တစ်ခဏဆိုသလို ဆုံစည်းခဲ့ရသော ဆရာဝန်များ၊ (၃) တစ်မြို့တည်းနေ တစ်ရေတည်းသောက်ပြီး မကြာခဏ တွေ့ဆုံခဲ့သော အိမ်ရှင်မများ။ သုံးမျိုးသုံးစား အသီးသီးတို့ဖြစ်ကြပါသည်။ ပထမ လန်ဒန်တက္ကသိုလ်ပညာရှင်တို့အကြောင်း ပြောပြပါမည်။

၁။ လန်ဒန်တက္ကသိုလ်ပညာရှင်များနှင့် တက္ကသိုလဝိနယ

၁၊ ၁။ ။ပညာရှင်များ

ထိုပညာရှင်များသည် ပညာအရည်အချင်းအလိုက် လူနှင့်သူနှင့်တူအောင်နေထိုင်နိုင်သည့် လခမျိုး ရကြသည်။ သို့သော် အနေအထိုင်

ခြိုးခြံသည်။ လိုသည့်အရာသာဝယ်၊ မကုန်သင့်သည့် နေရာ မကုန်စေနှင့်ဟူသော စည်းကမ်းရှိသည်။ ပကာသနရှုံ့သည်။ ကျောင်းသွားလျှင် တော်ရုံတန်ရုံ ဝတ်ဆင်သည်။ ဝတ်စုံကို အခမ်းအနားများ၌သာ ဝတ်လေ့ရှိသည်။ ဝတ်စုံတစ်စုံကို အနှစ်နှစ်ဆယ်ထားပြီး ဝတ်သူတွေ မရှားပါ။ ခင်မျိုးချစ်ရေးသည့်အတိုင်း အဝတ်လျှော်စက်၊ ကော်ဇော၊ ကြမ်းပြင်လှည်းစက်စသည့် အလုပ်နှင့် အချိန်သက်သာစေသော ကိရိယာပစ္စည်းတွေ ရှိသည်။ ဂုဏ်ပြိုင်လို၍ မဟုတ်ပါ။ ပင်မင်းပေးခ၊ အိမ်ဖော်လခထက် စရိတ်ကျဉ်း၍ လည်းကောင်း၊ ကိုယ်လုပ်နိုင်သည့်အလုပ် ကိုယ့်ဘာသာကိုယ် လုပ်လို၍ လည်းကောင်း တို့ကြောင့် ဖြစ်ပါသည်။

အစားအသောက်မဆင်းရဲ၊ သို့သော် မကြီးကျယ်လှပါ။ အာဟာရဖြစ်မည့် အစားအစာများ စား၏။ တစ်ဦးတည်းနေလျှင် ကိုယ်တိုင်ချက်၊ အိမ်ထောင်နှင့်ဆိုလျှင် ဇနီးသည်က ချက်ပြုတ်ကျွေးသည်။ စားပြီးလျှင် ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်းတို့ကို ဆပ်ပြာ၊ ရေနွေးနှင့်ဆေး၊ အဝတ်နှင့်သုတ်၊ နေရာတကျ ပြန်ထားသည်။ ဇနီးရှိသူက သက်သာသည်။ (၃၊ အိမ်ရှင်မများနှင့် ကလျာဏဝိနယ ရှု)

ကိုယ်ပိုင်ကားရှိသူ များပါ၏။ အတော်ကြီးနွမ်းမှ အသစ်လဲသည်။ ကိုယ်တိုင်သော်လည်းကောင်း၊ ဇနီးသည်သော် လည်းကောင်း မောင်းသည်။ တစ်လလျှင် (အင်္ဂလိပ်ပေါင် တစ်ပေါင်လျှင် မြန်မာငွေ ၁၂ ကျပ်နှုန်းထားပါက) ကျပ် ၃၀၀၀ ကျော်ကျော်ပေးရသဖြင့် ဒရိုင်ဘာ မထားပါ။ (မော်တော်ကားမမောင်းတတ်သူ ကိုယ်ပိုင်ကားမစီးရပါ။) မြန်မာကားပိုင်ရှင်များကဲ့သို့ နေရာတကာမစီး။ ဇနီး၊ မိသားစုတို့နှင့် အလည်အပတ် သွားသည့်အခါ၊ ဈေးဝယ်သွားသည့်အခါများသာ အသုံးပြုပါ၏။ ဖြစ်နိုင်လျှင် အလွယ်တကူ ချောင်ချောင်ချိချိစိတ်ချမ်းသာစွာစီးနိုင်သည့် လူထုပို့ဆောင်ရေးယာဉ်များဖြင့် ခရီးသွားသည်။ ပန်းခြံရှိလျှင် ရောဂါသည်များမှအပ ကိုယ်တိုင်လုပ်သည်။ မာလီလခ ကြီးမားလှသည်။

နေရေးထိုင်ရေး၌ ရောင့်ရဲလွယ်၊ မွေးမြူလွယ်သော်လည်း ပညာရေးတွင် လောဘကြီးသည်။ ပညာဟူသည် နေ့စဉ်နှင့်အမျှ ဆိုသလို တိုးတက်နေသဖြင့် အချိန်ရတိုင်း ရထားသည့်ပညာကို ဖြည့်တင်းသည်။ ကြိုးစားသည့်

အတိုင်း ပညာလည်းရ၊ ကြိုးစားရကျိုးနပ်အောင် အကျိုးလည်းပေးသည်။ ပင်စင်ယူပြီး သေသည့်တိုင်အောင် စုဆောင်းသူများရှိသည်။ ရသည့် ပညာများကို စာအုပ်စာတမ်းများရေးပြီး နောင်လာနောက်သားများအား အမွေချန်ရစ်သွားသည့်သူတို့ မနည်းပါ။

ထိုပညာရှင်တို့အထဲ ပဲစုန်းပြူးအချို့ ပါပါ၏။ ပုထုဇဥ်သားဟူသမျှ စည်းမစေ... ၊ ၊ ၊ ၊ သူများ ပကာသနဒါသကျွန် ဖြစ်တန်သမျှဖြစ်မည်မှာ ဓမ္မတာပင်။ ပညာဂုဏ်မောက်သူများ၊ ခင်မျိုးချစ်ရေးသကဲ့သို့ ဥစ္စာဂုဏ်ပြိုင်သူများရှိသည်။ သူ့ထက် ငါကတတ်သည်။ သူက ပေါင် ၅၀၀၀ တန် မော်တော်ကားဝယ်စီးလျှင် ငါက ၆၀၀၀ တန် ဝယ်စီးမည်ဆိုသည့် အတ္တသမားအချို့ ရှိမည်ပင်။ သို့သော် ကျွန်တော်သိသည့်သူများအနက် ဤသူမျိုး တစ်ဦးတစ်ယောက်မျှ မတွေ့ဖူးပါ။ အမှန်တရားကို ခွဲခြားဝေဖန်တတ်သူ များ၍ ဖြစ်ပါသည်။ ဤအချက်ကို သူတို့၏ ဝိနယတွင် တစ်စိတ်တစ်ဒေသ မြင်ရပါမည်။

၁၊ ၂။ ။တက္ကသိုလဝိနယ

တက္ကသိုလဝိနယသည် တက္ကသိုလ်ကျင့်ထုံးဟု ဆိုရပါမည်။ ကျင့်ထုံးသည် အင်္ဂလိပ်စကားလုံး ethos ကို ဘာသာပြန်ထားသော အသုံးအနှုန်းဖြစ်ပါ၏။ တစ်အိမ်၊ တစ်ကျောင်း၊ တစ်လုပ်ငန်း၊ တစ်အုပ်စု၊ တစ်ရပ်၊ တစ်ရွာ၊ တစ်မြို့၊ တစ်ပြည်၌ အတူတူနေသော လူအများစု၏ကျင့်သုံးသော 'သီလ'ဟု ဆိုချင်ပါသည်။ တက္ကသိုလ်လောက၌ ဤသီလ ရောင်ပြန်ဟပ်သော ဖြစ်ကွက်တစ်ရပ်ကို သရုပ်ဖော်ပြပါရစေ။ စိတ်ဝင်စားစရာကောင်းမည်ဟု ထင်ရသည့် လူဆန်သောအခန်းကလေးများ ညှပ်ထည့်ထားပါ၏။

နေရာကား လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကတိုက် ပညာရပ်များဆိုင်ရာ ကောလိပ်ကျောင်း။ ကာလကား ၁၉၆၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၊ သောကြာနေ့။ အချိန်ကား ညနေ ၄ နာရီခန့်။ ကာယကံရှင်ကား အာရှတိုက်အရှေ့တောင်ပိုင်းဌာန၌ မြန်မာဘာသာ စာပေ၊ ယဉ်ကျေးမှု ဒုပါမောက္ခအဖြစ် အမှုထမ်းနေသူ ကျွန်တော်ဖြစ်ပါသည်။

တက္ကသိုလ်ဖွင့်၍ ပထမအပတ် သင်တန်းစခဲ့သည်မှာ ၁၀ ရက်ခန့်ရှိသွားပါပြီ။ ဒုတိယအထပ်ရှိ ကျွန်တော့်အခန်းထဲ မြန်မာ–အင်္ဂလိပ် အဘိဓာန်

ပြုစုနေပါ၏။ တံခါးခေါက်သံကြား၍ 'ဝင်ခဲ့ပါ'ဟု လှမ်းအော်လိုက်၏။ အခန်းထဲဝင်လာသူကား မြန်မာစာကထိက ဗြိတိသျှလူမျိုး မစ္စတာဂျွန်အိုခဲလ် (Mr John Okell) ဖြစ်ပါ၏။ မြန်မာဘာသာ စာပေနှင့်ပတ်သက်၍ လေး၊ ငါး၊ ဆယ်ခုကို မေးသည်။ ကျွန်တော်သည် ဂျွန် အပါအဝင် ဤကဲ့သို့ လာမေးသူတိုင်းကို ဆရာစားမချန် ပြောပြပါသည်။ လာဆွေးနွေးသူတိုင်းကိုလည်း အိတ်သွန်ဖာမှောက် ပညာပေး၏။ ကျွန်တော် သေပြီးသည့်နောက် မြန်မာဘာသာ စာပေယဉ်ကျေးမှုတို့ ဆက်လက်ရှင်သန်သွားစေချင်ပါ၏။ အခြားဆရာတို့လည်း ဤနည်းနှင်နှင်ပင်။

ကိစ္စများ ပြီးစီးသွားသောအခါ ဂျွန်က 'ဆရာ၊ ဥဏ်ပူဇော်ခ ပေးပါရစေ၊လက်ဖက်ရည်တိုက်ပါမယ်'ဟု ဆို၏။ ကျွန်တော်က 'ဝေဿန္တရာ မလုပ်နဲ့၊ ဆရာတိုက်မယ်'ဟု ပြန်ပြောပြီး ပထမထပ်ရှိ ဆရာ၊ ဆရာမများ အပန်းဖြေခန်းသို့ ဆင်းသွားကြသည်။ ထိုနေ့ကို ကျွန်တော် မည်သည့်အခါမျှ မေ့မည်မဟုတ်ပါ။

လက်ဖက်ရည်သောက်ရင်း စကားပြောနေကြစဉ် ကျွန်တော်တို့ ဌာနမှူး ပါမောက္ခဆရာမကြီး အခန်းဝ၌ရပ်လျက် ပေလေးငါးခြောက်ဆယ်ပတ်လည် ကျယ်ဝန်းသော အခန်းကြီးထဲ အဘက်ဘက်သို့ ဟိုကြည့်သည်ကြည့် လုပ်နေရာမှ ကျွန်တော်တို့ကိုမြင်မြင်ချင်း သုတ်သုတ်လျှောက်လာ၏။ လက်ဖက်ရည်သုံးဆောင်ရန် စကားကမ်းလှမ်း၏။ သူက 'တော်ပါပြီ၊ အစည်းအဝေးတစ်ခု ရှိသေးတယ်'ဟု ပြောပြီး ကျွန်တော့်အား 'ဒေါက်တာလှသော၊ အောက်တိုဘာလ ၁၈ ရက် တနင်္လာနေ့ နေ့လယ်စာ ကျွန်မနဲ့လာစားပါလား'ဟု ဖိတ်လိုက်၏။ 'စားတာပေါ့ ဆရာမကြီး၊ ဘယ်အချိန်လဲ၊ ဘယ်မှာလဲ' မေးခွန်းချင်းထပ်အောင် မေးလိုက်၏။ ဆရာမကြီးက 'ကျောင်းတံခါးပေါက်ခန်းမကြီးမှာ ၁၂ နာရီအချိန်လောက် တွေ့ကြတာပေါ့'ဟု ဆိုပြီး ထွက်သွား၏။

ကျွန်တော်နှင့် ဂျွန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျန်ရစ်ကြသည်။ 'ဆန်းတယ်နော် ဂျွန်။ ဌာနမှူးကိုယ်တိုင် နေ့လယ်စာစားဖို့ဖိတ်တာ ပျားရည်နဲ့ဝမ်းချဆိုသလို အလုပ်ထုတ်ပစ်ဖို့လား မသိဘူး'ဟု စကားမရှိ စကားရှာ၍ ပြော၏။ ဂျွန်က 'မဟုတ်တာဆရာရယ်၊ ဆရာ့လို

စားရမှန်းမသိဘူး'ဟု မှုသားမကောင်းသည့်အဖြေ ပေးလိုက်၏။ ပြီးနောက် ကျွန်တော်က 'ခုလို စေတနာထားပြီးအကျိုးပြုပေးတာကို အထူး ကျေးဇူးတင်ပါတယ်'ဟု ဆိုသည့်အခါ 'ချီးမြှင့်ထိုက်သူကိုချီးမြှင့်တာပဲ၊ ကျေးဇူးတင်စရာ မလိုပါဘူး၊ ပြီးတော့လဲ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က သဘောတူချင်မှတူမှာ' ဟု ပြန်ပြော၏။

ဆရာမကြီးသည် အမြော်အမြင်ကြီးသည်။ ကောလိပ်ကျောင်း တစ်ကျောင်း၌ တစ်ဦးဦးအား ဒုပါမောက္ခ၊ ပါမောက္ခရာထူးကို ပထမပတ် သင်တန်းစသော အောက်တိုဘာလ၌ဖြစ်စေ၊ ဒုတိယပတ်စသော ဇန်နဝါရီလတွင် ဖြစ်စေ တက္ကသိုလ်က ပေးအပ်စမြဲပင်။ ထို့ကြောင့်လည်း ကျွန်တော့်ကိစ္စကို အောက်တိုဘာလမကုန်မီ ပြီးပြတ်စေချင်သည်။ မပြီးပြတ်ပါမူ ၁၉၆၆ ခု အောက်တိုဘာလအထိ တစ်နှစ်ခန့်စောင့်ဆိုင်းရဦးမည်ကို ပြေးမြင်မိ၏။

ကျောင်းပြန်ရောက်သည့်အခါ ဂျွန်နှင့်တွေ့၏။ 'အတွင်းစကား၊ ကော်ဇောနဲ့တယ်လီဖုန်း'ဟု ပြောလိုက်၏။ သူလည်း ပြုံးပြီးခေါင်းညိတ်ပြ၏။

ကျွန်တော်သည် ကျောင်းဒု အတွင်းရေးမှူးထံသို့ တန်းသွားသည်။ အကျိုးအကြောင်းပြောပြပြီး ကိုယ်ရေးကိုယ်တာ ဖိုင်တွဲကြည့်ပါရစေ ဆို၏။ ရုံးခန်းသို့ ခေါ်သွား၏။ သံမဏိအံဆွဲအိမ်မှ P အက္ခရာစာလုံးရှိ အံဆွဲထဲမှ သုံး-လေးလက်မခန့်ထူသော Pe, Hla အမည်ပါသော ဖိုင်တွဲကြီးနှစ်တွဲအနက် တစ်တွဲကို ဆွဲထုတ်လိုက်၏။ ကြည့်လိုသည့် ကဏ္ဍများပါသော အပိုင်းကိုသာ ပြပါသည်။ ကျန်အပိုင်းကို ယူထား၏။

လန်ဒန်တက္ကသိုလ် နောက်ဆုံးအပတ် သင်တန်းသည် ဇွန်လ တတိယပတ်လောက်တွင် ကုန်ဆုံး၏။ စည်းမျဉ်းအရ ကျောင်းမှ ဆရာ၊ ဆရာမတိုင်း မေလလယ်လောက်၌ ဆိုင်ရာဌာနမှူးမှတစ်ဆင့် ကောလိပ် အုပ်ချုပ်ရေးအဖွဲ့သို့ နှစ်စဉ် အစီရင်ခံစာ တင်သွင်းရ၏။

(၁) ပို့ချသည့် သင်တန်းများ၊ (၂) ဗြိတိန် ပြည်တွင်းပြည်ပ ဖိတ်ကြား၍ သွားရောက်ဟောပြောခဲ့သော အခြေခံပညာသင်ကျောင်းတွေ၊ ကောလိပ်ကျောင်းတွေ၊ အသင်းအပင်းအဖွဲ့အစည်းတွေအမည်နှင့် အကြောင်း အရာများ၊ စာမေးပွဲစစ်ဆေးခဲ့သော ကောလိပ်ကျောင်းတွေ၊ တက်ရောက်ခဲ့သော ကွန်ဖရင့်တွေအမည်၊ နေရာနှင့်တကွ နေ့ရက်များ၊ (၃) ပုံနှိပ်ထုတ်ဝေခဲ့သော

စာအုပ်တွေ၊ ပုံနှိပ်တိုက်အမည်များနှင့် ပုံနှိပ်နှစ်များ၊ စာတမ်းတွေ အမည်များ ပါရှိသော ဂျာနယ်အမည်နှင့်ပုံနှိပ်နှစ်များ၊ (၄) ဘီဘီစီမှလွှင့်ခဲ့သော ဟောပြော ချက်တွေနှင့်နေ့စွဲများ၊ (၅) လာရောက်တွေ့ဆုံသော ပညာရှင်နှင့်ဧည့်သည်ကြီး တွေ၏ အမည်၊ အလုပ်အကိုင်၊ ရာထူးဌာနနှင့်ရများ စသည်တို့ ပါဝင်ကြ ပါသည်။

ဤမှတ်တမ်းများကို ကျောင်းကဌာနအလိုက် ဆရာ၊ ဆရာမတစ်ဦးစီ အမည်ဖြင့် ဖိုင်တွဲတွေထဲထည့်ထား၏။ အရေးကြီးသောအချက်တို့ကို ကျောင်း အုပ်ချုပ်ရေးအဖွဲ့က ရွေးထုတ်ပြီး နှစ်ပတ်လည်အစီရင်ခံစာထဲတွင် နှစ်စဉ် ပုံနှိပ်ဖြန့်ချိပါသည်။

လိုအပ်သည့်အရာများကို ရုံးခန်းရှိ စာရေးမလေးတစ်ယောက်အား လက်နှိပ်စက်ဖြင့် ရိုက်ကူးခိုင်း၏။ မထွက်ခွာလာမီ ဒုအတွင်းရေးမှူးအား ကျေးဇူးတင်စကား ပြောကြားပြီး 'ကျွန်တော့်အတွင်းရေးတွေ ဒီ ဖိုင်တွဲ ကြီးတွေထဲ အကုန်ရှိတယ်နော်၊ ကြောက်စရာကောင်းလိုက်တာ'ဟု ဆိုသော အခါ သူက 'ဆရာကြီးစိတ်မပူပါနဲ့ အကုန်အကောင်းချည်းပါ၊ မပြောကောင်း ပြောကောင်း ဖွလွဲပါစေ၊ ပယ်ပါစေ၊ တကယ်လို့ ဆရာကြီး ကနေ့အနိစ္စရောက်၊ နက်ဖြန်ခါ နာမည်ကျော်သတင်းစာထဲ ဆရာကြီးရဲ့ အမွှမ်းတင်အတ္ထုပ္ပတ္တိ ချုပ်ပါရအောင် ရေးပို့ဖို့ ဒီဖိုင်တွဲမျိုးရှိမှဖြစ်မယ် မဟုတ်လား'ဟု ပြောလွှတ် လိုက်၏။

လန်ဒန်တက္ကသိုလ်တွင် ဘာသာရပ်ကြီးများအတွက်ခန့်သော ပါမောက္ခ နှင့် ဘာသာရပ်ငယ်များအတွက် ဘွဲ့အပ်နှင်းသောပါမောက္ခ နှစ်မျိုးနှစ်စား ရှိပါသည်။ အဆင့်အတန်းနှင့် လခချင်းတူပါ၏။ ပထမအမျိုးအစားကို တက္ကသိုလ်က မခန့်ဘဲနေ၍ မရပါ။ လစ်လပ်သည့်အခါလည်း ပြန်ခန့်ရ၏။ (အတွေးအမြင် ၅၊ မျက်နှာ ၃၄-၃၅ ရှု)ခန့်စာထဲ၌ '...ဘာသာရပ်ပါမောက္ခ ခန့်လိုက်သည်'ဟု ပါ၏။ ဒုတိယအမျိုးအစားကိုကား တက္ကသိုလ်က ခန့်အပ်ရန်တာဝန်မရှိပါ။ သက်ဆိုင်ရာ ကောလိပ်အုပ်ချုပ်ရေးအဖွဲ့က ဆရာ၊ ဆရာမ တစ်ဦးသည် ပါမောက္ခရာထူးကို ရထိုက်သည်ဟု ထောက်ခံစာ တင်သွင်းမှသာ တက္ကသိုလ်က အရေးယူ၏။ သင့်တော်သည်ဟု သဘောရလျှင် ကာယကံရှင်အား ပထမအမျိုးအစား ပါမောက္ခလောင်းများကို စစ်ဆေးသလို

စစ်ဆေးပါသည်။ (အထက်ပါအညွှန်း ရှု)ထိုက်တန်သည်ဟု ရွေးချယ်ရေးအဖွဲ့က သဘောတူသည့်အခါ ရာထူးပေးအပ်သည့်စာထဲ '...ဘာသာရပ် ပါမောက္ခဘွဲ့ အပ်နှင်းလိုက်သည်'ဟု ပါ၏။ ထိုရာထူး လစ်လပ်သည့် အခါလည်း တက္ကသိုလ်က နောက်ထပ်တစ်ဦးဦးအား ဘွဲ့အပ်နှင်းရန် တာဝန်မရှိပါ။

အောက်တိုဘာလ တတိယပတ်အတွင်း တာဝန်ကျေပွန်အောင် ကျွန်တော် ဆောင်ရွက်ခဲ့ပါ၏။ နိုဝင်ဘာလကုန်ခါနီးတွင် တက္ကသိုလ်က ရွေးချယ်ရေးအဖွဲ့ ဖွဲ့ပြီးပြီ။ ကျွန်တော့်အား ခေါ်တွေ့ကောင်း ခေါ်တွေ့မည်ဆိုသော အတွင်းစကား ကြားရပါသည်။ ခေါ်မတွေ့ပါ။ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကျွန်တော့်အား မြန်မာဘာသာ စာပေယဉ်ကျေးမှု ပါမောက္ခဘွဲ့ အပ်နှင်းကြောင်း စာကို တက္ကသိုလ်ပါမောက္ခချုပ်ထံမှ ရပါသည်။

ကျွန်တော့်အား ဤရာထူးကို ပေးအပ်လိုက်ပြီဟု တက္ကသိုလ်က လူသိရှင်ကြား ကြေညာလိုက်သည်။ ထိုသတင်းသည် တက္ကသိုလ်လောက၌ ဂယက်ရိုက်သွား၏။ ကျောင်းအုပ်ကြီးမှအစ လက်ထောက်ကထိကအဆုံး ဆရာအများစုက ချီးကျူးဂုဏ်ယူမိကြောင်းကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း အကြောင်းကြား၏။ ရင်းရင်းနှီးနှီးမရှိသူ ဆရာများကား အမှတ်မဲ့နေ၏။ ကျွန်တော်တို့ဌာနမှ ကျွန်တော့်ထက်စောပြီး ဒုပါမောက္ခဖြစ်သူ ဥရောပတိုက်သားတစ်ဦးသာလျှင် စိတ်မကြည်မသာ ဖြစ်သွားပါသည်။

ထိုဆရာသည် ဆရာမကြီးဆီသွား၍ သူက ကျွန်တော့်ထက် ဝါပိုရင့်သည်။ ကျွန်တော့်လိုပင် စာအုပ် စာတမ်းတွေ ပုံနှိပ်ထုတ်ဝေသည်။ သူလည်း ကျွန်တော့်လိုပင် ပါမောက္ခဖြစ်ထိုက်သည်ဟု အရေးဆို၏။ ဆရာမကြီး မျက်နှာလိုက်သလိုလို ဖြစ်သွား၏။ ထိုအခါ ဆရာမကြီးက 'ဝါနုဝါရင့်တာ အကြောင်းမဟုတ်၊ ပညာရှင်တို့လောကက အသိအမှတ်ပြုမှုသာ ပဓာနဖြစ်တယ်။ ရှင် စာအုပ်စာတမ်းတွေ ထုတ်ဝေတာမှန်တယ်၊ ဒါပေမယ့် ဒီစာအုပ်စာတမ်းတွေဟာ ရှင်သင်ကြားပို့ချတဲ့ ဘာသာရပ်များနဲ့ မသက်ဆိုင်လှဘူး'ဟု ပြောလွှတ်လိုက်၏။ ဆရာသည် ကျောင်းအုပ်ကြီးထံ သွားတိုင်၏။ ကျောင်းအုပ်ကြီးက သူ့အဆိုကို ပယ်ချလိုက်၏။ ကျောင်းပညာရေးဘုတ်အဖွဲ့ကို စာတင်၏။ ထိုအဖွဲ့က စာကို လျစ်လျူရှုလိုက်၏။ သူ့အသက် စေ့သောအခါ ဒုပါမောက္ခအဖြစ်ဖြင့် ပစ်စင်ယူသွားပါသည်။

တက္ကသီလဝိနယ တစ်စိတ်တစ်ဒေသကို ကျွန်တော့်အရေးနှင့် ထိုအရေးမှပေါ်ပေါက်လာသော ကိစ္စအဝဝတို့၌ မြင်ကြရပါမည်။ ကျွန်တော်သည် တိုင်းတစ်ပါးသားမြန်မာလူမျိုး။ မြန်မာဘာသာသည် ဘာသာရပ်ငယ်ဖြစ်၏။ ဆရာမကြီးက လက်ပိုက်ကြည့်နေလိုက ကြည့်နေနိုင်ပါ၏။ ကြည့်မနေခဲ့ပါ။ လောကနီတိတွင် 'ကိုင်းပြည်ကောင်းကျိုးကိုမျှော်ကိုး၍ မင်းတို့သည် ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရာ၏'ဟု ဆိုထားသကဲ့သို့ ဆရာမကြီးသည်သည်း ပညာရေးတိုးတက်မှုကို ရည်မှန်းပြီး ချီးမြှောက်လိုက်ဟန်တူပါသည်။ လောကနီတိကိုမဖတ်ဖူးသော ဆရာမကြီးသည် ဤစကားမျိုးကို နေ့လယ်စာစားရင်း ပြောခဲ့သည်။ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်၊ ဓမ္မဓိဋ္ဌာန်သာ ပြုခြင်းဖြစ်ပါသည်။ မှန်၏။

ကျွန်တော်က တိုးလျှိုး၊ ဆရာမကြီးက သမာဓိကျိုး၍ မဟုတ်ပါ။ ကျွန်တော်တို့သည် အလုပ်ခွင်၌ ပုံမှန်ဆက်ဆံ၏။ သူက ကျွန်တော့်အား ပညာရှင်တစ်ယောက်ဟူ၍ သဘောထားပြီး ခင်မင်လေးစားသည်။ မျက်နှာမလိုက်ပါ။ ကျွန်တော်က သူ့အား ဌာနမှူးအဖြစ်ဖြင့် ပညာရှိကြီးအနေဖြင့် ရိုသေ၏။ ကြည်ညို၏။ နေရာတကာ မှန်ပါ့ဘုရား မလုပ်ပါ။ လုပ်လည်း သူနှစ်ခြိုက်မည်မဟုတ်။ သိက္ခာ သမာဓိကြီး၏။

ထိုဂုဏ်ပုဒ်နှင့်ပြည့်ဝကြောင်းကို ဌာနမှ ဒုပါမောက္ခအရေးအခင်း၌ ဆောင်ရွက်ချက်များက သက်သေခံနေပါသည်။ 'မမှန်တာမကြံ၊ မပြော၊ မလုပ်နဲ့'ဟူသော ကံသုံးပါးကို စောင့်၏။ ဌာနမှူး၊ ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့မှ ပညာရှင်တို့သည် ဂျွန်းထလ်မဲန်းလေးဒီများအားလုံး ဖြစ်သည်ဟု မဆိုလိုပါ။ သို့သော် ထို သူတော်စင်တို့ကျင့်စဉ်ကို သူတို့ကြိုးစားကျင့်ကြသည်ကို ကျွန်တော်သိပါ၏။ ဌာနမှူးတစ်ဦးဦး၊ သို့မဟုတ် ကျောင်းအုပ်ကြီးနှင့် အတူထိုင်ပြီး ဆရာ၊ ဆရာမတစ်ယောက်ယောက်က လုပ်ဖော်ကိုင်ဖက်တစ်ယောက်ယောက် သိက္ခာကျမည့် စကားမျိုး တစ်ခါတစ်ခါ ဆိုမှားမိသည်။ ထိုအခါ ထို အထက်လူကြီးက 'ဒီစကားမျိုး မကြားလိုသော' မျက်နှာထားလေ့ရှိသည်ကို ကြားဖူးရုံမက ကြုံဖူးပါသေး၏။

ကျွန်တော်ကောင်းစားသည့် သတင်းကြားရသော ဆရာ၊ ဆရာမတို့က စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ကျွန်တော့်အား

ချီးကျူးကြသည်မှာ ဗြဟ္မစိုရ်တရားလေးပါးမှ မေတ္တာ၊ မုဒိတာ တရားနှစ်ပါး ထားရှိကြောင်း ပြသသည်ဟု ဆိုရပါမည်။

၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော်ပင်စင်ယူပါ၏။ တက္ကသိုလ်အကျိုး၊ မြန်မာဘာသာရပ်များ အကျိုးတို့ကို ဦးလည်မသုန် ဆောင်ရွက်ပေးခဲ့သော ကျေးဇူးကြောင့် လန်ဒန်တက္ကသိုလ်က ကျွန်တော့်အား ရာသက်ပန် ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ကို အပ်နှင်းကြောင်းစာကို ပါမောက္ခချုပ်ထံမှ ရပါသည်။ ကျွန်တော့်နေရာတွင် နောက်ထပ် တစ်ဦးတစ်ယောက်ကိုမျှ ပါမောက္ခဘွဲ့ မအပ်နှင်းတော့ပါ။

အတွေးအမြင်၊ စာစဉ် ၁၆၊ ဩဂုတ် ၁၉၈၆။

✍

ဆရာဝန်များနှင့် ဇီဝိတဝိနယ

၂၊ ၁။ ။ဆရာဝန်များ

ဆရာသည် လူ၏ဉာဏ်အင်အားကို ဖွံ့ဖြိုးစေသည်။ ဆရာဝန်သည် လူ၏ကိုယ်အင်အားကို ရှင်သန်စေသည်။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့အား အခြား ကာယဉာဏလုပ်သားတို့ထက် ပို၍ ချီးမြှောက်ထိုက်သည်ဟု အနောက်တိုင်းသား ပညာရှိကြီးတစ်ပါးက ရေးသားထားသည်ကို ဖတ်လိုက်ရပါ၏။ တက္ကသိုလ် ပညာရှင်များက တက္ကသီလဝိနယကျင့်သုံးသကဲ့သို့ ဆရာဝန်တို့ကလည်း ဇီဝိတဝိနယကို စောင့်ထိန်း၏။ ဤဇီဝိတဝိနယသည် ဆရာဝန်တိုင်း လိုက်နာရမည့် ဟစ်ဖိုခရေ့ထိဝိနည်း[၁] ကို မဆိုလိုပါ။ ကျွန်တော့်ကိုယ်တွေ့ ဆရာဝန်တို့၏ ကျင့်ထုံးကိုသာ ဆိုလိုပါ၏။ ထိုကျင့်ထုံးမှ သိကောင်းစရာ အကျိုးပြုမှုအကွက်တွေကို 'ဂျဲန်းထလ်မဲန်း၊ လေးဒီနှင့် မေတ္တာ'ကားကြီး နောက်ခံထားပြီး ဖော်ထုတ်ပြပါမည်။

ကျွန်တော်သည် ၁၉၅၄ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ လန်ဒန်မြို့မှ မိုင်နှစ်ဆယ်ခန့်ကွာဝေးသော ဝဲလင်းပန်းခြံမြို့[၂] တွင် နေထိုင်ခဲ့ပါသည်။ ထိုကာလအတွင်း ဗြိတိန်ပြည် ပြည်တော်သာစီမံကိန်း ကျေးဇူးကြောင့်

၁။ HiPPocratic Oath
၂။ Welwyn Garden City

ပြည်သူပြည်သား အားလုံးတို့သည် ဘ၀အာမခံခန်းတို့၌ အကျိုးခံစားနေကြရသည်။ ဤသည့် ကဏ္ဍများ၌ပါ၀င်သော ကျန်းမာရေးအပိုင်းတွင် ဆရာဝန်များ ဇီဝိတဝိနယကျင့်သုံးပုံ အကွက်များကို ဖော်ပြပါမည်။

ကျွန်တော်တို့မြို့တွင် လူဦးရေ ငါးသောင်းကျော် ခြောက်သောင်းခန့် ရှိပါလိမ့်မည်။ ကျန်းမာရေးဌာနက မြို့၊ ရပ်ကွက်များအတွက် လူဦးရေအလိုက် တစ်ရပ်ကွက်လျှင် ဆရာဝန်က မည်မျှခန့်၊ ဆရာဝန်တစ်ဦးလျှင် ရပ်ကွက်သူ ရပ်ကွက်သားက မည်မျှလောက်ဟူ၍ ခွဲတမ်းချပေးပါသည်။ ကျွန်တော်တို့ ရပ်ကွက်နှင့် ဆက်စပ်နေသည့် ရပ်ကွက်တစ်ကွက်။ ထိုနှစ်ရပ်ကွက်တွင် ဆရာဝန်ရှစ်ဦး ဝေပုံချထား၏။ သူတို့သည် တစ်ဦးစီခွဲခြားပြီး အလုပ်မလုပ်ဘဲ အဖွဲ့တစ်ခုတည်းဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ကြသည်။ တစ်ရပ်ကွက်လျှင် (မြန်မာနိုင်ငံ၌ ခလင်းနိခ်[၁] ဗြိတိန်တွင် ဆာဂျရီ[၂] ဟု ခေါ်သော) ဆေးခန်းကြီးတစ်ခန်းစီ ဖွင့်ထား၏။

ထိုဆေးခန်းနှစ်ခန်းကို တနင်္လာနေ့မှ သောကြာနေ့ နေ့တိုင်း နံနက် ၈ နာရီမှ ၁၂ နာရီအထိ ညနေစောင်း နာရီပြန် ၂ ချက်မှ ၆ နာရီအထိ ဖွင့်ထားသည်။ ဆရာဝန်ရှစ်ဦးအနက်သုံး–လေးဦးတို့က ဆေးခန်းတစ်ခန်းတွင် ကျန်သုံး–လေးဦးတို့က တခြားဆေးခန်း၌ အသီးသီး နံနက်တာဝန်ထမ်းဆောင်သည်။ ညနေစောင်းဝယ် ဆရာဝန်အဆိုင်းနှစ်ဆိုင်းက ဆေးခန်းပြောင်းပြီး ထိုင်ကြသည်။ မည်သည့်ဆေးခန်း၌ မည်သည့်ဆရာဝန်က အလှည့်ကျသည့် အစီအစဉ်ရှိပါသည်။ တစ်ပတ်လျှင် ဆရာဝန်တိုင်း တစ်မနက်၊ သို့မဟုတ် တစ်ညနေစောင်းအနားယူသည်။ ပညာတိုးပွားစေရန် ဆေးရုံ၌အားလပ်ချိန်များ၌ အလုပ်ဝင်လုပ်သည်။ ဆေးခန်းပိတ်ချိန်များ၌ လည်းကောင်း၊ စနေ၊ တနင်္ဂနွေ နေ့များ၌လည်းကောင်း အရေးပေါ်ခဲ့သော် ဆေးခန်းများသို့ တယ်လီဖုန်း ဆက်နိုင်ပါသည်။ ထိုမှတစ်ဆင့် တာဝန်ကျရာဆရာဝန်များတစ်ဦးဦးအိမ်သို့ ‘အော်တို’ဖြင့် လွှဲပေးသည်။ လာရောက်ကြည့်သူသည် ကိုယ့်ဆရာဝန် ဖြစ်ချင်မှဖြစ်ပေမည်။

၁။ Clinic
၂။ Surgery

လူတိုင်းအား သူ၏ ဆရာဝန်သည် မည်သူမည်ဝါဆိုသည်ကို ကျန်းမာရေးဌာနက စာဖြင့် အကြောင်းကြားထားသည်။ ဆေးခန်းများ လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ ဖွင့်ချိန်၊ ဆရာဝန်အမည်၊ တာဝန်ကျသည့် နေ့ရက်၊ အချိန်၊ နာရီများပါသော ကတ်ပြားတွေကို ဆေးခန်းများ၌ ထားပေးပါသည်။ သိချင်သူ လာယူနိုင်၏။ ဆရာဝန်များကလည်း သက်ဆိုင်ရာ မိမိလူတို့၏ အမည်၊ အသက်၊ အလုပ်အကိုင်၊ လိပ်စာနှင့် တယ်လီဖုန်းရှိလျှင် တယ်လီဖုန်းနံပါတ်တို့ကို ဖိုင်တွဲတစ်တွဲစီ သီးခြားထား၏။ ဤဖိုင်တွဲတွေ၊ လူမမာ လက်ခံရေးတွေကို ဆေးခန်းမယ်တို့က ကြည့်ရှုခန့်ခွဲရသည်။

လူတစ်ယောက်သည် အအေးပတ်၊ နှာစေး၊ ချောင်းဆိုး၊ ခေါင်းကိုက်၊ ဖျားနာစသည့် သာမည ရောဂါ တစ်ခုခု ကပ်ရောက်ခဲ့သော် ကိုယ့်ရပ်ကွက်ရှိ ဆေးခန်းသို့ တယ်လီဖုန်းဆက်သည်။ ကိုယ်တွေ့လိုသော ဆရာဝန်အမည်ကို ပြောသည်။ ဆေးခန်းမယ် တစ်ဦးဦးက ကိုယ့်အမည်ကိုမေးပြီး တွေ့နိုင်မည့် အချိန်တွေကို ပြောပြသည်။ ကိုယ်က လာတွေ့မည့်အချိန်ကို ပြန်ကြား၏။ တစ်ခါတစ်ရံ ဆေးခန်းမယ်က ကိုယ့် ‘ဆရာဝန် အခြားဆေးခန်းမှာ ရှိတယ်၊ ဒီဆေးခန်းမှာရှိတဲ့ ဆရာဝန်တစ်ဦးဦးနဲ့ တွေ့နိုင်ပါတယ်၊ တွေ့ချင်ရင် ချိန်းပေးမယ်’ဟု ပြောသည့်အခါ ထိုဆရာဝန်နှင့် ကုသလိုက ကုသ၊ မကုသလိုက အခြားရပ်ကွက်ရှိ ဆေးခန်းသို့ဖုန်းဆက်ပြီး ချိန်း၍ ကိုယ့် ဆရာဝန်နှင့်တွေ့နိုင်သည်။ မည်သို့ပင်ဖြစ်စေ ချိန်းထားသည့်အချိန်မတိုင်မီ ငါးမိနစ်၊ ဆယ်မိနစ်အရောက် ကြိုတင်သွားရ၏။ ဆေးခန်းမယ်ကို ကိုယ့်အမည် နှင့် ဆရာဝန်များအမည်ကို ပြောရသည်။ သူက လူမမာတွေ ထိုင်စောင့်နေသော အခန်းကြီး၌ ခေတ္တစောင့်ရန် ပြော၏။

ကုလားထိုင်တွေ နေရာတကျစီထားသော သန့်ရှင်းသည့် အခန်းကြီးထဲ ထိုင်နေရသည်။ မည်သူမျှ ဆေးတံ၊ ဆေးလိပ်မသောက်ရပါ။ အချိန်ရောက်သည့် အခါ ဆရာဝန်က သူ့အခန်းမှနေပြီး အသံချဲ့စက်ဖြင့် အမည်ကို လှမ်းခေါ်၏။ ထသွားသည့်အခါ ဆေးခန်းမယ်က သွားရမည့် အခန်းနံပါတ်ကို ပြော၏။ မျက်စိရှင်သူများကား ဆေးခန်းထဲရောက်သည့်အခါ သူတို့၏ ရှေ့နံရံ၌ ဆရာဝန်အမည်နှင့် သူတို့ အခန်းနံပါတ်များ ပြထားသော ပိုစတာကို မြင်မိ

ကြသည်။ အခန်းရှေ့ရောက်လျှင် တံခါးခေါက်၊ ခေတ္တစောင့်၊ 'ဝင်လာပါ' ဆိုသော ဆရာဝန်အသံကြားမှ ဝင်သွားရပါသည်။

ဗြိတိန်ပြည်နှင့် အခြားအနောက်တိုင်းပြည်တို့၌ လူနေအိမ်စသည့် အဆောက်အအုံများ၊ လူနေခန်း၊ အလုပ်ခန်း စသည့် အဆောင်များ၏ တံခါးတွေကို အစဉ်ပိတ်ထားပါ၏။ ရာသီဥတုအေးသောကြောင့် လည်းကောင်း၊ အနေခင့်အယှက်ကင်းစေလို၍ တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။ ဝင်လာလိုသူမှန်သမျှ မဝင်မီ တံခါးပေါင်နား ဓာတ်ခေါင်းလောင်းရှိလျှင် ခေါင်းလောင်းခလုတ်ကိုနှိပ်၊ မရှိလျှင် တံခါးရွက်ကို ခေါက်ရ၏။ 'ဝင်ခဲ့ပါ' ဟူသော အသံကိုကြားရမှ ဝင်ရသည်။ နားလေးသူတို့ အခက်အခဲ တွေ့တတ်သည်။

အခန်းထဲသို့ ရောက်သွားသည့်အခါ ဆရာဝန်က ထိုင်ရာမှထပြီး နှုတ်ဆက်၏။ စားပွဲတစ်ဖက်ရှိ ကုလားထိုင်၌ထိုင်ရန် ညွှန်ပြ၏။ လူမမာက သူ၏ ရောဂါဝေဒနာခံစားမှုများကို ပြောပြသည်။ ဆရာဝန်က နားစိုက်ထောင်ရင်း လူမမာကို အကဲခတ်နေသည်။ စမ်းသပ်စစ်ဆေးသင့်လျှင် စစ်ဆေးသည်။ လိုလျှင် လူမမာဖိုင်တွဲကို ဖွင့်ကြည့်သည်။ ပြီးနောက် ရောဂါအမျိုး၊ အခြေအနေအရ ဆေးစာရွက်တွင် ဆေးတစ်မျိုး၊ သို့မဟုတ် နှစ်မျိုးရေးပေးသည်။ ကျွန်တော့်ကိုယ်တွေ့ပြောရပါမူ ရောဂါအတန်ငယ်ကြီးသော်လည်း 'တက်ထရာဆိုင်ခလိန်း'စသော Antibiotics ပဋိဇီဝဆေးတို့ကို ပေးခဲ၏။ ဆေးထိုးပေးခြင်း၊ အားဆေးသွင်းပေးခြင်းတို့ကို တစ်သက်နှင့်တစ်ကိုယ် ၄၂ နှစ်အတွင်း တစ်ခါမျှ မခံခဲ့ရဖူးပါ။ စားဆေး၊ သောက်ဆေး၊ ရှူဆေးတို့ကိုသာ ရယူခဲ့ပါ၏။

ဆေးစာရွက်ကို လူမမာကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ယောက်ယောက်သော်လည်းကောင်း အနီးအနားရှိ ဆေးဆိုင်သို့ ယူသွားသည်။ ဆေးအမျိုးစုံအပြင် 'ဇိမ်ခံ'ပစ္စည်းများပါရောင်းသည့် ဆေးဆိုင်ကြီးကတစ်မျိုး၊ အပ်၊ အပ်ချည်အစ အထည်အလိပ် အဝတ်အစား အိမ်ထောင်ပရိဘောဂအထိရောင်းသော ဧရာမကုန်စုံဆိုင်ကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သော အဆိုပါ ဆေးဆိုင်ကြီးကတစ်မျိုး နှစ်မျိုးရှိပါ၏။ မည်သည့် ဆေးဆိုင်ကြီးဆီသွားသွား ဆေးစာရွက်ကို သက်ဆိုင်သူ တစ်ဦးဦးအား

ကမ်းပေးရသည်။ တစ်ခါတစ်ရံ ချက်ချင်းဆိုသလို လိုရာဆေး သို့မဟုတ် ဆေးတွေရသည်။ တစ်ခါတလေ ၅ မိနစ်မှ မိနစ် ၂၀ ဆိုသလို ထိုင်စောင့်ရသည်။ ထိုင်စောင့်ခဲသည်။ ဟိုဟိုသည်သည် လျှောက်ကြည့်ပြီး ဝယ်ခြမ်းစရာများ ဝယ်ခြမ်း၏။ ပြန်လာသည့်အခါ ဆေး၊ ဆေးတွေအသင့်ရှိနှင့်နေပြီ။ လူမမာအမည် ပြောလိုက်သည်နှင့်တစ်ပြိုင်နက် အမည်နှင့်ဆေးညွှန်းပါ ဆေးပုလင်း၊ ဆေးဖာများကို လှမ်းပေးလိုက်၏။

ဆေးတန်ဖိုး မည်မျှပင်ဖြစ်စေ၊ အင်္ဂလိပ်တစ်ပေါင်လျှင် မြန်မာငွေ ၁၂ ကျပ်နှုန်းနှင့်ထားပါက တစ်မျိုးလျှင် ကျွန်တော်တို့ လက်ထက်က ခြောက်ကျပ်လောက်သာ ကျပါ၏။ ပင်စင်စားဆိုလျှင် တစ်ဝက်ခ သုံးကျပ်သာ ပေးရ၏။ ယခုအခါ ဈေးနှုန်းတက်သွားသည်ဟု သိရပါ၏။

လူတစ်ယောက် မမာ၍ ဆေးခန်းမသွားနိုင်သည့် အခြေအနေမျိုး ရောက်နေပါက ဆေးခန်းသို့ ဖုန်းဆက်လျှင် သူ၏ ဆရာဝန် သို့မဟုတ် အဖွဲ့မှ ဆရာဝန်တစ်ဦးဦးက လာကြည့်ပါသည်။ ဆေးခန်းပိတ်သည့် စနေ၊ တနင်္ဂနွေနေ့များ၌ ဆိုခဲ့သည့်အတိုင်း ဆရာဝန်လာကုပေး၏။ ဆိုင်များပိတ်သည့် တနင်္ဂနွေနေ့တို့၌ အထူး ဖွင့်ထားပေးသည့် ဆေးဆိုင်တစ်ဆိုင်တွင် ဆေးရနိုင်သည်။ ညကြီးမင်းကြီး အရေးပေါ်၍ ဆရာဝန်လာကြည့်ပေးရသည့် အခါများဝယ် ဆရာဝန်ကိုယ်တိုင်ယူလာသောဆေး ပေးပါသည်။ ဆရာဝန်မနိုင်သည့် ရောဂါဖြစ်လာလျှင် လူမမာအား ဆေးရုံတင်သည်။ အခမဲ့ ကုသပေးသည်။

ဤဆရာဝန်တို့သည် အစိုးရထံမှ လစာကောင်းကောင်းရကြပါသည်။ လူမမာများထံမှ တစ်ပဲနီ တစ်ပြားမှ မရကြပါ။ ပုဂ္ဂလိကဆေးခန်းလည်း မဖွင့်ကြပါ။ ဖွင့်လည်း တစ်ဦးတစ်ယောက်မျှ လာမည်မဟုတ်ပါ။ လူမမာတို့ကလည်း လက်ဆောင်တွေ မပေးပါ။ ပေးလည်း သိက္ခာငဲ့ပြီး မယူပါ။ မြန်မာ့ဓလေ့အတိုင်း ကျွန်တော်တို့က ကျေးဇူးသိသည့်အနေဖြင့် ခရစ္စမတ်နေ့နှစ်သစ်ကူးအခါများ၌ မြန်မာပြည်ဖြစ် ဆင်စွယ်ရုပ်ကလေး၊ ကျောက်အစ်ခွက်ကလေးများကို စာတိုက်မှပို့ပေးသည့်အခါများပင်လျှင် မယူချင်၊ ယူချင်နှင့် အမှတ်တရယူပြီး ကျေးဇူးတင်စာ ရေးပါ၏။ လန်ဒန်မြို့ကြီးနှင့် ရွာကလေးများ၌ နေသူတို့၏ ဓလေ့ကိုကား မပြောတတ်ပါ။

၂၊ ၂။ ။ဝတ္တရားနှင့်အန္တရာယ်

ဤဘက်စုံဆရာဝန်များအပြင် သမားတော်ကြီးများနှင့် ခွဲစိတ်ကုဆရာဝန်ကြီးများ၊ အတိုင်ပင်ခံနှင့် အထူးရောဂါ ပါရဂူကြီးများတို့လည်း ရှိကြသေးသည်။ သူတို့သည် ဆေးရုံကြီးတွေ၌ တစ်ဘက်မှ အမှုထမ်း၊ တစ်ဘက်မှနေအိမ်၌ ရောဂါကြီး လူတွေကိုတွေ့၊ အကြံဉာဏ်ပေး ကုသပေးလေ့ရှိသည်။ အခကြေးငွေ ယူသည်။ အဆိုပါ ဆရာဝန်တွေအားလုံးတို့သည် ဗိဝိတဝိနယကို စောင့်ထိန်းရင်း လူသားအချင်းချင်း ကိုယ်အားရှင်သန်စေရန် လုပ်နေသည့်တာဝန်သည် အလွန့်အလွန် ကြီးလေးလှပါသည်။ သူတို့ခမျာ လုံ့ဖျားနားသည့် ပုစဉ်းပမာကျနေသည်။

သူတို့ ဝတ္တရားပျက်ကွက်မှုကြောင့် လူနာတစ်ယောက် ပိုစိုးပက်စက်ဖြစ်သွားခဲ့သည်။ သိက္ခာလွတ်၍ ကာမပိုင်ရှိ အမျိုးသမီးတစ်ယောက်နှင့် သစ္စာဖောက်ခဲ့သည်။ သစ္စာတရားဖျက်ကာ လူနာတစ်ယောက်အား ဘိန်းဖြူမစခဲ့သည် စသည်ဖြင့် အတိုင်အကြားခံရလျှင် ဗြိတိသျှဆေးဘက်ဆိုင်ရာအထွေထွေကောင်စီက အရေးယူသည်။ စစ်ဆေး၍ အမှုထင်ရှားလျှင် တရားခံတို့အား ထိုက်သင့်ရာ အပြစ်ပေး၏။ အဆိုးဆုံးဒဏ်ကား ဆရာဝန်စာရင်းမှ ပယ်ဖျက်ခံရခြင်း ဖြစ်ပါသည်။ ကျင့်ဝတ်အံချော်လျှင် အာဏာပိုင်ဆေးကောင်စီက အပြစ်ဒဏ်ပေးသလို တာဝန်ထမ်းဆောင်ရာ၌ ခြေချော်လက်ချော်ဖြစ်လျှင်လည်း အာဏာပိုင်အစိုးရတို့က ဒဏ်ခတ်ပါသည်။ သာဓကတစ်ခုသာ ပြပါရစေ။

တစ်ခါက အမျိုးသမီးဆရာဝန်တစ်ဦးသည် ရောဂါတစ်ခုကြောင့် ခွဲစိတ်ကုသခံယူဖို့ လန်ဒန်မြို့ နာမည်ကျော် ဆေးရုံကြီးတစ်ရုံ တက်သည်။ မေ့ဆေးပေးဆရာဝန်က အမှားတစ်ရပ်ပြုမိသောကြောင့် ဦးနှောက် ထိခိုက်သွားပါ၏။ တစ်ကိုယ်လုံး အကြောတွေသေသွားပြီး ဘာမျှမသိ၊ ဘာမျှမပြောနိုင်၊ ဘာမျှမလုပ်နိုင်သောအဖြစ်မျိုးသို့ ရောက်သွား၏။

ထိုအမျိုးသမီးသည် အသက် ၃၀ ပတ်ဝန်းကျင် အရွယ်ခန့်ရှိသည်။ သူ၏ လခလည်းမနည်းပါ။ ပညာပြည့်စုံ၍လည်း တက်လမ်းအလားအလာရှိသည်။ ဆေးရုံကို အမေဖြစ်သူက တရားစွဲသည်။ ရုံးတော်က ကျွန်တော်မှတ်မိသလောက်ပြောရလျှင် ပေါင်စတာလင် သုံးသိန်းခန့်လျော်ကြေးပေးစေဟု

အမိန့်ချမှတ်လိုက်သည်။ ဆရာဝန်မသည် နောက်ထပ် အနှစ်သုံးဆယ်ခန့် အလုပ်ဆက်လုပ်ခဲ့သော် ရရှိမည့်ငွေ၊ သူ၏ လူဖြစ်လုံးလုံး ရှုံးရသည့်ဘဝ၊ သူ့အား တစ်သက်လုံးကြည့်ရှုစောင့်ရှောက်ရမည့် ကုန်ကျစရိတ် စသည်တို့ကို စနစ်တကျ တွက်ချက်၍ရသော စုစုပေါင်းငွေများ ဖြစ်ပါသည်။ မြန်မာငွေနှင့် ဆိုလျှင် သုံးသန်းခြောက်သိန်းခန့်မျှ ရှိပါမည်။ ဆေးရုံကြီးက အာမခံထားသဖြင့် ပေးစွမ်းနိုင်၏။

တစ်ခု အစီရင်ခံလိုပါသည်။ ဤကဲ့သို့အမှုမျိုး ဖြစ်ခဲလှပါသည်။ သို့သော် ဖြစ်ခဲ့သော် အကာအကွယ်ယူထားသည့်အနေဖြင့် ဆရာဝန် အများအပြားနှင့် ဆေးရုံကြီးတွေ လျော်ကြေးအာမခံ လုပ်ထားကြရသည်။

၂၊ ၃။ ။ဗိဝိတဝိနယ

ဝဲလင်းပန်းခြံမြို့မှ ကျွန်တော်တို့၏ ဆရာဝန်၊ အမည်မသိသူ ဆရာဝန်မ၊ လန်ဒန်ဆေးရုံတစ်ရုံမှ ဆရာဝန်ကြီးသုံးဦးတို့၏ ဝိနယသရုပ်ဆောင်သော သာဓက ၄ ရပ်ကို တင်ပြပါမည်။

ကျွန်တော်၏ဇနီး အင်္ဂလန်ပြည်ရောက်၍ မကြာမီ ဆရာဝန်နှင့် တွေ့ဆုံပေးရန် တယ်လီဖုန်းဆက်ပြီး ဆေးခန်းသို့ခေါ်သွားသည်။ ဆရာဝန်က ကျွန်တော်တို့နှင့် စကားပြောရင်း ကျွန်တော့်ဇနီးအား စေ့စေ့စပ်စပ် အကဲခတ်သည်။ ထို့နောက် စမ်းသပ်စစ်ဆေး၏။ ပြီးလျှင် သူက ‘ဆရာကြီးရဲ့ဇနီး မျက်နှာကြည့်ရတာ သွေးအားနည်းနေပုံရတယ်၊ ကျွန်တော်မှားချင်မှားမယ်၊ မှားဖို့ကများတယ်၊ ဒါပေမယ့် စိတ်စနောင့်စနင်းမဖြစ်ရအောင် ပါရဂူသမားတော်ကြီးတစ်ဦးကို စမ်းသပ်ကြည့်စေချင်တယ်၊ ဒီကနေ့ည ဆရာကြီးဆီ တယ်လီဖုန်းဆက်ပြီး ဘယ်နေ့သွားတွေ့နိုင်မယ်ဆိုတာ ပြောပါမယ်’ဟု ဆို၏။

ထိုနေ့ည ဆရာဝန်ထံမှ ကြားရသည်။ သူက ‘ဆရာကြီးသန်ဘက်ခါ နံနက် ၁၀နာရီအရောက် ဒုတိယ အယ်လိဇဘက်ဆေးရုံကြီးကို ဇနီးနဲ့သွားပါ၊ ရောက်ရင် အောက်ထပ်ရှိ စုံစမ်းခန်းကိုသွား၊ အခန်းထဲမှ လူတစ်ယောက်ယောက်က ပါရဂူကြီးထံ အကြောင်းကြားပြီးရင် သူ့အခန်းကို ဆက်သွားပါ’ဟု ပြောပါသည်။ ပြောသည့်အတိုင်းသွားကြသည်။ ရောက်သည်။ ပါရဂူကြီးနှင့် တပည့်ဆရာဝန်တို့ စစ်ဆေးစမ်းသပ်ကြသည်။ သုံးရက်ခန့်ကြာသောအခါ

ဆရာဝန်က 'ဆရာကြီးရဲ့ဇနီးအတွက် မစိုးရိမ်ပါနဲ့တော့၊ သွေးအားနည်းရောဂါလုံးဝမရှိပါ'ဟု ပြော၏။ သွေးစစ်ဆေးခလည်း တစ်ပဲနိမှမပေးရ။ ကျေးဇူးတင်စကား ပြောကြားသည့်အခါလည်း 'ကျွန်တော့်ဝတ္တရားရှိလို့ လုပ်ပေးတာပါ'ဟု သိမ်သိမ်မွေ့မွေ့ ပြန်ပြော၏။

တစ်ခါသော် ကျွန်တော်၏ဇနီး ရင်ကျပ်နာတစ်မျိုးဟု ခေါ်လေ့ရှိသော **bronchitis** လေပြွန်လတ်ရောင်ရမ်းနာရောဂါ ကပ်ရောက်ပါသည်။ အတော်ဆိုး၏။ ညအိပ်ရာဝင်လျှင် ဝီစီတိုးတိုးမှုတ်သကဲ့သို့ တဝီဝီမြည်သည်။ ဆရာဝန်အိမ်လာ၍ ကုသသည်။ **antibiotics** မပေးပါ။ ဆယ်ရက်ကျော်ကျော်ကြာသောအခါ သက်သာသလိုရှိလာပြီး တစ်ညသော် ၁၂နာရီအချိန်လောက်တွင် သူအသက်ရှူ၍မရတော့ပါ။ သေမလားမသိဟု ပြောပါတော့သည်။ ထိုအခါ ဆေးခန်းမှတစ်ဆင့် ဆရာဝန်ကိုခေါ်၏။ ငါးမိနစ်အတွင်းရောက်လာသည်။ အသေအချာစစ်ဆေးသည်။ ဆေးတစ်ပုလင်းထုတ်၍ လက်ဖက်ရည်ဇွန်းနှင့် နှစ်ဇွန်းတိုက်သည်။ ခုတင်ပေါ်တင်ပါးလွှဲထိုင်ပြီး ကျွန်တော့်ဇနီးအား နှစ်သိမ့်စကားပြော၏။ ပြန်ခါနီး ဆေးလုံးကလေးနှစ်လုံး ကျွေးသည်။

သူပြန်သည့်အခါ အိမ်တံခါးပေါက်ထိ ကျွန်တော်လိုက်ပို့သည်။ သူက 'ဆရာကြီး စိတ်မပူပါနဲ့၊ ဇနီးသည် မသေနိုင်ပါဘူး၊ သူ့စိတ်ကဖြစ်တာပါ'ဟု ဆိုပြီး လက်ဆွဲနှုတ်ဆက်ကာ ပြန်သွားပါသည်။ ဆေးဖိုးခြေကြွခ တစ်ပဲနီမျှမကျ။ ကျွန်တော့်ဇနီး အိပ်ပျော်သွားသည်။ နံနက် ၁၀ နာရီလောက် နိုးသည်။ ရောဂါကင်းစင်သွားသလောက် ဖြစ်နေ၏။ မွန်းတည့်အချိန် ဆရာဝန်ရောက်လာပြန်သည်။ ဆေးရည်ကိုသာ တစ်ကြိမ်လျှင် တစ်ဇွန်း၊ တစ်နေ့သုံးကြိမ်သောက်ရန်မှာကြားပြီး ပြန်သွား၏။

တစ်ခါသော် နွေရာသီကျောင်းသုံးလပိတ်သဖြင့် ကျွန်တော်နှင့် ဇနီးတို့ မော်တော်ကားဖြင့် နှစ်ပတ်ခရီး အလည်သွားကြပါသည်။ သုံး–လေးနာရီခန့် မောင်းမိလျှင် တောအုပ်ကြီးတစ်အုပ်သို့ ဝင်မိ၏။ 'လမ်းကွေ့ တွေ များသည်၊ သတိထားပြီးမောင်းပါ'ဟူသော ဆိုင်းဘုတ်ကိုတွေ့ရသည်။ မကြာမီ လမ်းဘေးရှိ မြက်ခင်းပေါ်တွင် လော်ရီကြီးတစ်စီး ဘေးနား၌ လူတစ်စု တစ်ခုခုကို ဝိုင်းအုံကြည့်နေသည်ကို မြင်ရ၏။ ကားရပ်ပြီး ဆင်းကြည့်၏။ အဝတ်အစား သန့်သန့်ပြန့်ပြန့်၊ ကိုယ်ကာယခပ်ခန့်ခန့်နှင့် အမျိုးသမီးတစ်ဦးသည် မြေ

ပေါ်တွင် ပက်လက်လန်လဲနေသော အဝတ်အစားကပိုကရိုနှင့် အမျိုးသားတစ်ဦး၏ဘေး၌ ဒူးထောက်ကာ ပါးစပ်ထဲသို့ လေမှုတ်သွင်းနေသည်ကို တွေ့ရပါသည်။

အမျိုးသမီးသည် ဆရာဝန်မ၊ အမျိုးသားသည် လော်ရီမောင်းသမားဖြစ်သည်။ ကတ္တရာစေးခင်းထားသော လမ်းသည် မျက်နှာပြင်ချောနေသည့်အပေါ် မိုးရွာထားသဖြင့် ချောသည်ထက်ချောလာသဖြင့် ကွေ့တစ်ကွေ့၌ လော်ရီသည် လမ်းချော်ပြီး သစ်ပင်တစ်ပင်ကို ဝင်ဆောင့်၏။ ဒရိုင်ဘာလည်း ဒဏ်ရာရသွား၏။ ခေတ္တအသက်ရှူရပ်သွားသည့် အချိန်လောက်တွင် သေကံမရောက် သက်မပျောက်ဆိုသကဲ့သို့ ဆရာဝန်မကားမောင်းလာသည်နှင့် ကြုံကြိုက်သွားသည်။

ဆရာဝန်မသည် အတော်ကြာကြာ စိတ်ရှေကိုယ်ပါ အင်္ဂလိပ်ကို Kiss of life (အသက်ဆက်အနမ်း)ဟု အမည်ပေးထားသောနည်းဖြင့် ကုသနေသည်။ နောက်ဆုံးတွင် ဒဏ်ရာရသူသည် ဟင်းခနဲ လေမှုတ်ထုတ်လိုက်ပြီး အသက်ပြန်ရှူလာ၏။ နီးရာဆေးရုံသို့ ဆရာဝန်မ ကားဖြင့် ခေါ်သွား၏။ ပင်လယ်ကမ်းခြေဒေသများ၌ ကျွန်တော် ခေတ္တအပန်းဖြေခဲ့သည့် အခါများတွင် ရေနစ်သူကို ဤနည်းဖြင့် အသက်ပြန်ဆယ်ပေးခဲ့သည်ကို ကြားဖူးသည်။ ခပ်လှမ်းလှမ်းမှ တစ်ခါနှစ်ခါမြင်လိုက်မိ၏။ သည်တစ်ခါသာ အနီးကပ်ကပ်တွေ့မိပါသည်။ စေတနာကို သာဓုသုံးကြိမ်ခေါ်မိပါသည်။

ထိုမျှလောက်ကြီးမားသောစေတနာမျိုးကို ၁၉၇၃–၇၄ ခုနှစ်အတွင်း၌ မြင်မိပါသေးသည်။ လန်ဒန်မြို့တွင် တာဝန်ထမ်းဆောင်နေသော မြန်မာအရာရှိကြီးတစ်ဦးသည် ဦးနှောက်သွေးကြောပြတ်သွားသည်။ သံရုံးက ဆေးရုံသို့ ပို့ပေးပါသည်။ သမားတော်ကြီး၊ ခွဲစိတ်ဆရာဝန်ကြီးနှင့် အခြားဆရာဝန်တို့ ကိုယ်ဖိရင်ဖိ ကုသကြသည်။

တစ်နေ့ရွှေ၊ တစ်နေ့ငွေဆိုသလို ဖြစ်နေပါသည်။ တစ်နေ့သော် ရောဂါအခြေအနေမလှသဖြင့် ဆရာဝန်ကြီးသုံးဦးသား ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။ ထိုအခိုက် လူနာရောဂါ ဖောက်လာပါတော့သည်။ သမားတော်ကြီးက ကုတ်အင်္ကျီ၊ အတွင်းခံကိုယ်ကျပ်အင်္ကျီတို့ကိုချွတ်၊ လည်စည်းကိုဖြုတ်၊ ရှပ်အင်္ကျီကိုလိပ်ပြီး လူနာအား စားပွဲပေါ်တင်စေ၍

နလုံးသားသွေးအား ကြွလာစေရန် နှိပ်ပေး၏။ အီးစီဂျီခေါ် စက်ကလေးက နှလုံးသွေးခုန် မှန်လာကြောင်းကို ခေတ္တပြလာသည့်အခါ သူ၏မျက်နှာ ရွှင်လန်းလာသည်။ နှိပ်မြဲနှိပ်နေသည်။ နောက်ဆုံး ချွေးတလုံးလုံး သံတလုံးလုံးနှင့် ဖြစ်လာသည်။ ခွဲစိတ်ကုဆရာဝန်ကြီးက သူ့နေရာဝင်၍ သူ့နည်းတူ ပြုလုပ်ပြန်သည်။ နှလုံးသွေးခုန် မှန်လိုက်၊ မမှန်လိုက်ဖြစ်လာ၏။ ဆက်နှိပ် ဆက်နှိပ်နေသေးသည်။ တစ်ဖန် မောပန်းညောင်းညာလာသောအခါ တတိယ ဆရာဝန်က အလှည့်ယူပြန်သည်။ ချွေးတွေ ပြန်လာသည်။ ချွေးပြန်လာ ရကျိုးမနပ်ကြောင်းကို အီးစီဂျီက ပြလာ၏။ ဝမ်းနည်းကြေကွဲကြောင်း အရိပ်အယောင် သူ့မျက်နှာပေါ်သန်းလာသည်။ ဆရာဝန်အားလုံးတို့ မျက်နှာ တွေ ညှိုးနွမ်းလာ၏။ လူမမာလည်း အသက်ပျောက်သွားရှာပါသည်။

ဆိုခဲ့ပြီးသော ဆရာဝန်အားလုံးတို့သည် မှားမိသော် ကိုယ့်အကျိုး ထိခိုက်ကောင်း ထိခိုက်လာမည်ကိုသိသော်လည်း ပရဟိတအကျိုးကို ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ကြသည်။ ဗုဒ္ဓဘာသာလူမျိုးတို့ ယုံကြည်သော ဒုလ္လဘ တရားကို မသိ၊ မေတ္တာသုတ်စာအုပ်လည်း မရှိ၊ သုဂတိဘုံလားရန်လည်း မတောင့်တ၊ နိဗ္ဗာန်မသွားရမည်ကိုလည်း မကြောင့်ကြ၊ စေတနာသန့်သန့်ဖြင့် လူ့အကျိုးပြုနေကြသည်။ ဤပုဂ္ဂိုလ်တို့သည် မေတ္တာတရားရှေ့ထားပြီး လူဖြစ်ရကျိုးနပ်အောင် ကြိုးစားနေကြသည်ဟုဆိုလျှင် မှားမည်မထင်။

အတွေးအမြင်၊ စာစဉ် ၁၇၊ အောက်တိုဘာလ၊ ၁၉၈၆။

အိမ်ရှင်မများနှင့် ကလျာဏဝိနယ

ဤတတိယဆောင်းပါးသည် ဗြိတိသျှအိမ်ရှင်မများနှင့် ကလျာဏ ဝိနယအကြောင်း ဖြစ်ပါသည်။ ထိုအမျိုးသမီးတို့အနက် ဆိုခဲ့ပြီးသော တက္ကသိုလ်ဆရာနှင့် ဆရာဝန်မျိုးတို့ကိုမွေးသည့် မိခင်၊ မွေးမည့် မိခင်လောင်း တို့ ပါဝင်ပါသည်။

၃၊ ၁။ ။အိမ်ရှင်မများ

ဤအိမ်ရှင်မများသည် အသက် ၂၅ နှစ်မှ ၆၀ ကျော်အရွယ်၊ အပျို၊ အပျိုကြီး အိမ်ထောင်သည်၊ တစ်ခုလပ်၊ မုဆိုးမ၊ အလုပ်ရှိသူ မရှိသူ၊ ပင်စင်စား၊ မြန်မာငွေနှင့်ဆိုလျှင် တစ်လငါးထောင်မှ တစ်သောင်းကျော်အထိ ဝင်လမ်းပေါက်နေသူများဖြစ်ကြသည်။ ပညာအခြေခံအနည်းနှင့်အများဆိုသလို ပြည့်စုံသဖြင့် စဉ်းစားဝေခွဲဉာဏ် အသုံးပြုနိုင်သည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးသည်။ ငွေကိုတန်ဖိုးထားသည်။ အနေအထိုင် ဝန်နှင့်အား လေးနှင့် မြား ဆိုသကဲ့သို့ စည်းရှိသည်။ ခြိုးခြံသည်။

ဤအမျိုးသမီးများနှင့် ဥစ္စာအင်ခွင်ချင်း တူမျှသော တစ်လလျှင် ကျပ်နှစ်ထောင်မှ လေးထောင်ဝင်ငွေရှိသူ မြန်မာအိမ်ရှင်မအချို့တို့၏ မျက်စိ တွင် သူတို့နှင့် ဘဝတူ ဗြိတိသျှတို့သည် စည်းစိမ်မရှိလှဟု မြင်ချင်ကောင်း မြင်ချင်မိပေလိမ့်မည်။ ထိုအိမ်ရှင်မတို့သည် လူတို့၏ ရိပ်မြုံဖြစ်သော အခန်းတွဲများနှင့် အိမ်များ၏ သပ်ရပ်သန့်ရှင်း တင့်တယ်ခြင်းကို ဂုဏ်ယူ

နလုံးသားသွေးအား ကြွလာစေရန် နှိပ်ပေး၏။ အီးစီဂျီခေါ် စက်ကလေးက နလုံးသွေးခုန် မှန်လာကြောင်းကို ခေတ္တပြလာသည့်အခါ သူ၏မျက်နှာ ရွှင်လန်းလာသည်။ နှိပ်မြဲနှိပ်နေသည်။ နောက်ဆုံး ချွေးတလုံးလုံး သံတလုံးလုံးနှင့် ဖြစ်လာသည်။ ခွဲစိတ်ကုဆရာဝန်ကြီးက သူ့နေရာဝင်၍ သူ့နည်းတူ ပြုလုပ်ပြန်သည်။ နလုံးသွေးခုန် မှန်လိုက်၊ မမှန်လိုက်ဖြစ်လာ၏။ ဆက်နှိပ် ဆက်နှိပ်နေသေးသည်။ တစ်ဖန် မောပန်းညောင်းညာလာသောအခါ တတိယ ဆရာဝန်က အလှည့်ယူပြန်သည်။ ချွေးတွေ ပြန်လာသည်။ ချွေးပြန်လာ ရကျိုးမနပ်ကြောင်းကို အီးစီဂျီက ပြလာ၏။ ဝမ်းနည်းကြေကွဲကြောင်း အရိပ်အယောင် သူ့မျက်နှာပေါ်သန်းလာသည်။ ဆရာဝန်အားလုံးတို့ မျက်နှာ တွေ ညှိုးနွမ်းလာ၏။ လူမမာလည်း အသက်ပျောက်သွားရှာပါသည်။

ဆိုခဲ့ပြီးသော ဆရာဝန်အားလုံးတို့သည် မှားမိသော် ကိုယ့်အကျိုး ထိခိုက်ကောင်း ထိခိုက်လာမည်ကိုသိသော်လည်း ပရဟိတအကျိုးကို ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ကြသည်။ ဗုဒ္ဓဘာသာလူမျိုးတို့ ယုံကြည်သော ဒုလ္လဘ တရားကို မသိ၊ မေတ္တာသုတ်စာအုပ်လည်း မရှိ၊ သုဂတိဘုံလားရန်လည်း မတောင့်တ၊ နိဗ္ဗာန်မသွားရမည်ကိုလည်း မကြောင့်ကြ၊ စေတနာသန့်သန့်ဖြင့် လူ့အကျိုးပြုနေကြသည်။ ဤပုဂ္ဂိုလ်တို့သည် မေတ္တာတရားရှေ့ထားပြီး လူဖြစ်ရကျိုးနပ်အောင် ကြိုးစားနေကြသည်ဟုဆိုလျှင် မှားမည်မထင်။

အတွေးအမြင်၊ စာစဉ် ၁၇၊ အောက်တိုဘာလ၊ ၁၉၈၆။

အိမ်ရှင်မများနှင့် ကလျာဏဝိနယ

ဤတတိယဆောင်းပါးသည် ဗြိတိသျှအိမ်ရှင်မများနှင့် ကလျာဏ ဝိနယအကြောင်း ဖြစ်ပါသည်။ ထိုအမျိုးသမီးတို့အနက် ဆိုခဲ့ပြီးသော တက္ကသိုလ်ဆရာနှင့် ဆရာဝန်မျိုးတို့ကိုမွေးသည့် မိခင်၊ မွေးမည့် မိခင်လောင်း တို့ ပါဝင်ပါသည်။

၃၊ ၁။ ။အိမ်ရှင်မများ

ဤအိမ်ရှင်မများသည် အသက် ၂၅ နှစ်မှ ၆၀ ကျော်အရွယ်၊ အပျို၊ အပျိုကြီး အိမ်ထောင်သည်၊ တစ်ခုလပ်၊ မုဆိုးမ၊ အလုပ်ရှိသူ မရှိသူ၊ ပင်စင်စား၊ မြန်မာငွေနှင့်ဆိုလျှင် တစ်လငါးထောင်မှ တစ်သောင်းကျော်အထိ ဝင်လမ်းပေါက်နေသူများဖြစ်ကြသည်။ ပညာအခြေခံအနည်းနှင့်အများဆိုသလို ပြည့်စုံသဖြင့် စဉ်းစားဝေခွဲဉာဏ် အသုံးပြုနိုင်သည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးသည်။ ငွေကိုတန်ဖိုးထားသည်။ အနေအထိုင် ဝန်နှင့်အား လေးနှင့် မြား ဆိုသကဲ့သို့ စည်းရှိသည်။ ခြိုးခြံသည်။

ဤအမျိုးသမီးများနှင့် ဥစ္စာအင်ခွင်ချင်း တူမျှသော တစ်လလျှင် ကျပ်နှစ်ထောင်မှ လေးထောင်ဝင်ငွေရှိသူ မြန်မာအိမ်ရှင်မအချို့တို့၏ မျက်စိ တွင် သူတို့နှင့် ဘဝတူ ဗြိတိသျှတို့သည် စည်းစိမ်မရှိလှဟု မြင်ချင်ကောင်း မြင်ချင်မိပေလိမ့်မည်။ ထိုအိမ်ရှင်မတို့သည် လူတို့၏ ရိပ်မြုံဖြစ်သော အခန်းတွဲများနှင့် အိမ်များ၏ သပ်ရပ်သန့်ရှင်း တင့်တယ်ခြင်းကို ဂုဏ်ယူ

ကြသည်။ သုတ်သင်ရှင်းလင်းရန် ခင်မျိုးချစ်ပြောသည့် အချိန်နှင့်လူ သက်သာစေသည့် ကိရိယာတန်ဆာပလာတွေ ရှိသ**ည်။ တိုက်ခန်း**တိုက်အိမ်များသာဖြစ်။ တစ်နေ့ ၂၄ နာရီ တံခါးတွေပိတ်(ဆရာဝန်များနှင့် ဓီဝိတဝိနယရှ)တစ်နှစ်ပတ်လုံး မိုးရွာလျှင်ရွာ၊ မရွာလျှင် နှင်းကျသဖြင့် မြန်မာပြည်မှာကဲ့သို့ ဖုန်ကပ်သည့်ဒုက္ခ မပေးလှပါ။ သို့သော် အိမ်ရှင်မကိုယ်တိုင် သုတ်သင် လှည်းကျင်းသည်။

အိမ်ရှင်မတို့သည် အိမ်ဖော်လည်းမငှား၊ နီးစပ်ရာဆွေမျိုးများကိုလည်း မခေါ်ထားပါ။ အိမ်ဖော်ခ တစ်လ မြန်မာငွေ ၉၀၀ ပတ်ဝန်းကျင် အဖျင်းဆုံး ကုန်ကျမည်။ အစားအစာကျွေးရမည်။ အဝတ်အစားနှင့် လခပေးရမည်။ ငှားလည်း လာလုပ်ချင်မှ လာလုပ်ကြမည်။ လာလုပ်မည်ဆိုလျှင်လည်း ငှားချင်မှငှားမည်။ ဆွေမျိုးများကလည်း ကိုယ့်မာနနှင့်ကိုယ်။ ခေါ်လျှင်လည်း လာချင်မှလာမည်။ လာမည်ဆိုလျှင်လည်း ခေါ်ချင်မှခေါ်မည်။ အဝတ်အစားဖိုး၊ စားသောက်စရိတ် အကုန်အကျမခံလိုကြပါ။ လင်မယားနှစ်ဦးစလုံးက အလုပ်အကိုင်နှင့် ဆိုပါက တစ်နာရီ ၁၂ ကျပ်၊ တစ်နေ့ ၂ နာရီ ၃ နာရီ၊ တစ်ပတ် ၂ရက်၊ ၃ ရက် အိုးအိမ်ရှင်းလင်းပေးသူထားသည်။ သားသမီးရှိသူတို့ တချို့က 'အိုပဲရား'(au pair) ခေါ် နိုင်ငံခြားသူကလေး တစ်ဦးတလေ ခေါ်ထား၏။ ဝိုင်းလုပ်ဝိုင်းစား၊ ကလေးထိန်း၊ မုန့်ဖိုးပဲဖိုးပေး၊ အားသည့်အခါ အင်္ဂလိပ်စာနှင့် စကား အလွတ်သင်ကျောင်းများ တက်ခွင့်ပြုသည်။

အစားအသောက်ရေး၌ ကိုယ့်ဘာသာကိုယ်ချက်စား၊ ကိုယ့်ဘာသာကိုယ် ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း စသည်တို့ကို ရေဆွေး၊ ဆပ်ပြာတို့ဖြင့် ဆေးကြော၊ အဝတ်နှင့် တိုက်သုတ်သည်။ လင်ယောကျ်ား ကလည်း ဝိုင်းဝန်းကူညီသည်။ လျှပ်စစ်၊ ဓာတ်ငွေ့မီးဖိုနှင့် ချက်ပြုတ်ရ၍ အိုးတွေ အမဲအရေ မရှိသလောက် ဖြစ်သဖြင့် တော်ပါသေး၏။ အချို့ အိမ်ရှင်မတို့သည် အိုးခွက်၊ ပန်းကန်၊ ဇွန်း ခက်ရင်း၊ ဓားတို့ ဆေးသည့်စက် ရှိ၍ အလုပ်သက်သာပါသည်။

သားသမီးရှိသူ အိမ်ရှင်မ၏ ဘဝသည် ကိရိကထနိုင်လှပါသည်။ နံနက်စောစောထ နံနက်စာချက်၊ အလုပ်သွားမည့် ခင်ပွန်း၊ ကျောင်းတက်မည့် ကလေးတွေကိုကျွေး၊ ကလေးတွေကို မော်တော်ကားရှိလျှင်မော်တော်ကားဖြင့်

ကျောင်းပို့။ ကျောင်းမှဈေးဆိုင်တွေဆီ ဆက်သွား၊ ဈေးဝယ်၊ အိမ်ပြန်ရောက်၊ အိမ်ကို လှည်းကျင်းသုတ်သင် ပြင်ဆင်၊ နေ့လယ်စာ စား၊ ခေတ္တနား။ ညစာအတွက် ခေတ်မီချက်ပြုတ်စက်နှင့် ချက်ပြုတ်၊ ကလေးတွေကျောင်းကြို၊ ခင်ပွန်းက ၅ နာရီ ၆ နာရီအချိန် ပြန်ရောက်၊ ညစာစား၊ စားပြီး လင်မယားနှစ်ယောက် ကလေးတွေအကူအညီဖြင့် စားပွဲသိမ်း၊ အိုးအင်ခွက်ယောက် စသည်တို့ကို ဆေးကြ၊ သုတ်ကြ၊ ကော်ဖီသောက်၊ စာဖတ်၊ ထွေရာလေးပါး အိမ်အကြောင်း၊ အလုပ်အကြောင်းပြော၊ ရုပ်မြင်သံကြား ကြည့်ပြီး အိပ်ရာဝင်ကြနှင့် တစ်နေ့စခန်း သိမ်းကြသည်။

နေ့စဉ်နှင့်အမျှ တစ်နေ့ပြီးတစ်နေ့ ခင်ပွန်း၊ ခင်ပွန်းနှင့် သားသမီးတို့၏ ဝမ်းရေး၊ ပညာရေး၊ နေထိုင်ရေး စသည်တို့ကို စီမံခန့်ခွဲရသည်မှာ ငြီးငွေ့စရာ ကောင်းလေမလားဟု ထင်မိကြပေမည်။ မိခင်စိတ် ဝမ်းတွင်းပါလာသူတို့ သဘာဝအလျောက် ထိုတာဝန်မျိုးတို့ထမ်းဆောင်ရသည်ကိုပင် ကျေနပ်နှစ်သိမ့်နေကြမည်ပင်။ တစ်ခါတစ်ခါဆိုသလို သိတတ်သော ခင်ပွန်းသည်တို့က ဇနီးသည်အား အပြင်တွင် ညစာကျွေး၊ ရုပ်ရှင်ပြ၊ ပြဇာတ်ခေါ်သွားလေ့ ရှိ၏။ တစ်နှစ်တစ်ခါ နွေရာသီများတွင် လင်နှင့်မယား၊ သို့မဟုတ် မိသားစုအားလုံး အပန်းဖြေခရီး နှစ်ပတ်ခန့်ထွက်ဖို့ တစ်နှစ်လုံးလုံးငွေစုသည်။ မထွက်မီသွားမည့်နေရာ၊ တည်းခိုမည့်ဟိုတယ်၊ ရိပ်သာတို့အတွက် ဆွေးနွေးတိုင်ပင်ကာ ကြိုတင်ငှားရမ်းထားတတ်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဘုရားဖူးသွားသည်နှင့် ယှဉ်ကြည့်လျှင် ဒေသန္တရ ဗဟုသုတရှာသည့် ရည်ရွယ်ချက်တစ်ချက်၌သာ တူသည်ကို တွေ့ရပါ၏။ အခြား ဦးတည်ချက်တို့သည် ကွာခြားပါ၏။ ဗြိတိသျှလူမျိုးတို့က အာရုံငါးပါး အရသာခံစားကာ နောင်နှစ်ခါ တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကာယဉာဏအား ဖြည့်တင်းကြသည်။ မြန်မာလူမျိုးတို့က နောင်ဘဝ ဝဋ္ဋရားများကို ဆက်လက် သယ်ပိုးနိုင်ရန် ကုသိုလ်အား စုဆောင်းကြသည်။

၃၊ ၂။ ။ကလျာဏဝိနယ

ကျွန်တော်တို့မြို့ရှိ အိမ်ရှင်မတစ်ဦးသည် အကြမ်းဖျင်းအားဖြင့် တင်ပြခဲ့သော သူတို့ဘဝကို ထိန်းကျောင်းပြုပြင်နေရင်း အစည်းအရုံးတစ်ရုံး

ဖွဲ့စည်းထားပါသည်။ 'ဝဲလင်းပန်းခြံမြို့ အိမ်ရှင်မများ နေ့လယ်စာ စားအသင်း' ဟု အမည်တွင်၏။ ရည်သန်ချက်ကား ကမ္ဘာ့ဒုက္ခိတသည်များကို တတ်အားသမျှ ကူညီရန် ဖြစ်ပါ၏။ နေ့လယ်စာ စားသည့်အသင်းက ကလျာဏဝိနယ မြတ်သော ကျင့်ထုံးကျင့်သုံးပုံကို ရုပ်လုံးဖော်ပြပါမည်။

အသင်းဥက္ကဋ္ဌ၊အတွင်းရေးမှူး၊အသင်းသူ လေးငါးဦးတို့နှင့် ကျွန်တော် ခင်မင်ရင်းနှီးပါ၏။ ဥက္ကဋ္ဌသည် ကျောင်းဆရာမကြီး၊ အတွင်းရေးမှူးသည် ကြွယ်ဝသော ပညာတတ်အိမ်ရှင်မ ဖြစ်၏။ အသင်းသူတစ်ယောက်သည် ကျွန်တော်တို့အိမ်နားခြံ၌နေသည်။ အောက်စဖို့တက္ကသိုလ်မှ ဘွဲ့ရသည်။ သူ့ခင်ပွန်းလည်း ထိုတက္ကသိုလ်မှ ပါရဂူဘွဲ့ရသည်။ နောက်တစ်ယောက်က အသက်သတ်လွတ်စားသည်။ ကြက်ဥသည် အသက်မရှိဟုဆို၏။ သူသည် ပညာတတ်သည်။ စစ်ကိုရွံသည်။ ဘဏ်တိုက်တစ်တိုက်၌ အလုပ်လုပ်သည်။ တတိယတစ်ယောက်ကား ကျောင်းဆရာမ၊ ပညာလိုလားသည်။ ဆိုရှယ်လစ်ဝါဒ ယုံကြည်၏။ ကျန်နှစ်ယောက်အနက် တစ်ယောက်က အချိန်ပိုင်း အလုပ်သွားသည်။ ဗဟုသုတလိုချင်လွန်း၍ စာဖတ်သည်။ အမေးအမြန်း ထူသည်။ တစ်ယောက်က ကုမ္ပဏီကြီးတစ်ခုမှ မန်နေဂျာဇနီး ဖြစ်သည်။ ပြင်သစ်စကားတတ်သည်။ အပြောအဆိုသိမ်မွေ့သည်။ ကျွန်တော်တို့ မြန်မာပြည်သို့မပြန်လာမီ တစ်နှစ်တွင် ကင်ဆာရောဂါဖြင့် ဆုံးရှာသည်။

၁၉၇၈ ခုနှစ်လောက်တွင် အတွင်းရေးမှူးက ကျွန်တော့်ထံ တယ်လီဖုန်းဆက်ပြီး လာတွေ့ပါသည်။ အိမ်ရှင်နှင့် လာမတွေ့မီလာနိုင် မလာနိုင်အကြောင်းကို ကြိုတင်စုံစမ်းသည်မှာ ထုံးစံတစ်ခု ဖြစ်ပါသည်။ အတွင်းရေးမှူးက 'ကျွန်မလာရတဲ့ကိစ္စက ဆရာကြီးထံ အကူအညီ တောင်းမလို့ပါ။ တိုတိုပြောရရင် ကျွန်မတို့အသင်းမှာ လာဟောပြောဖို့ပါပဲ။ ကျွန်မတို့ အသင်းသူတွေရဲ့ ပညာအဆင့်အတန်း၊ အတွေးအခေါ်၊ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကို ဆရာကြီးရဲ့မိတ်ဆွေ အသင်းသူတချို့ထံမှ သိတန်သလောက် သိနှင့်တော့မယ်၊ ကျွန်မတော့ ဗုဒ္ဓဘာသာ မြန်မာမိသားစု အကြောင်း ဟောပြောပြရင် အားလုံးက နားထောင်ချင်ကြမယ်လို့ သဘောရပါတယ်'ဟု ပြောပါသည်။

ကျွန်တော်က မဟောပြောပါရစေနှင့်ဟု ဆို၏။ သို့သော် ပူဆာလွန်း၍ မျက်နှာနာသူများလည်းဖြစ်၊ အသင်းအကြောင်းလည်း သိချင်သဖြင့် လက်ခံလိုက်ပါ၏။ အတွင်းရေးမှူးက'နောက်လေးပတ်တိတိအကြာ စနေနေ့မှာ ဟောပြောပါ၊ အဲဒီနေ့ မွန်းတည့် ၁၂ နာရီအချိန် ဟိုတယ်မှာ ဥက္ကဋ္ဌက ဆရာကြီးကို နေ့လယ်စာ ကျွေးမယ်၊ အသင်းနဲ့အသင်းသူများခံယူချက်တို့ကို ပြောပြပါလိမ့်မယ်'ဟု ပြောပါသည်။

အဆိုပါ စနေနေ့ ၁၂ နာရီမထိုးမီ ချိန်းထားသော ဟိုတယ်သို့ သွား၏။ ဥက္ကဋ္ဌက ဆီးကြိုနှုတ်ဆက်၏။ အာလာပသလ္လာပပြောပြီး နေ့လယ်စာ စားကြသည်။ မြန်မာငွေနှင့်ဆိုလျှင် တစ်ယောက် ၃၀ ကျပ်ခန့် ကျပါ၏။ ဥက္ကဋ္ဌမှာ ကျွေး၍သာ စားရပါသည်။ လိပ်ပြာမသန့်လှပါ။ ဆယ်နှစ်လောက်က ဈေး။ ယခုဆို သည့်ထက်ပိုများမည်။

နေ့လယ်စာ စားနေစဉ်တွင်လည်းကောင်း၊ စားပြီး မနီးမဝေးရှိ အသင်းစည်းဝေးရာ အဆောက်အအုံဆီသို့ လျှောက်သွားနေစဉ်၌ လည်းကောင်း၊ ဥက္ကဋ္ဌက 'အသင်းသူ ၃၀၀ လောက်ရှိပါတယ်။ ဒီကနေ့ အားလုံးတက်ရောက်ချင်မှ တက်ရောက်မယ်၊ သူတို့အကြိုက်၊ သဘောထား၊ အယူအဆ အတွေးအခေါ်ချင်း မတူကြပေမယ့် ခံယူချက်မှာ နှစ်ကိုယ့်တစ်စိတ်ပါပဲ၊ ဒါက ကမ္ဘာ့အရပ်ရပ်တွေမှာ ကပ်သုံးပါး တစ်ပါးပါးဆိုက်လို့ ပေါ်ပေါက်လာကြတဲ့ ဒုက္ခိတတွေကို တတ်အားသမျှကူညီဖို့ ဖြစ်ပါတယ်'ဟု ရှင်းပြ၏။

အစည်းအဝေးပြုလုပ်မည့် အဆောက်အအုံတွင် အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ အမှုဆောင်အမျိုးသမီး တို့နှင့် တွေ့သည်။ သူတို့လည်း နေ့လယ်စာ စားပြီးပြီ။ ကျပ် ၂၀ ဖိုးစားမည့် နေရာတွင် ၅ ကျပ်ဖိုးသာ စားသည်။ ကျန် ၁၅ ကျပ်ဖိုးကို အသင်းရန်ပုံငွေထဲ အလှူထည့်သည်။ ဤငွေများကို အတိုးရအောင် ဘဏ်တိုက်မှာ အပ်နှံထားမည်ဟု ဘဏ္ဍာထိန်းက ပြောပါသည်။

၁ နာရီခွဲသည့်အခါ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်လူကြီး တို့နှင့်အတူ အစည်းအဝေးခန်းမကြီးထဲ ကျွန်တော်လိုက်ဝင်သွားသည်။ အခန်းကြီးတစ်ခုလုံး မျက်စိကျိုးကန်းတောင်းမှောက်သလို လိုက်ကြည့်သည်။ တစ်ခန်းထဲ ဤမျှလောက် များပြားလှစွာသော ဦးဖြူ၊ ဦးနက်၊ ဦးနီ၊ ဦးညို၊

ဦးရွှေ၊ ဦးဝါ၊ ဦးပြာ၊ ဦးနုံ့သာတို့ကို တစ်ခါမျှ မမြင်ဖူးပါ။ နှစ်ရာနီးပါးခန့်ရှိ အမျိုးသမီးများ၏ ဆံကေသာရောင်များ ဖြစ်သည်။ အပြာသာ ဆေးဆိုးရောင်။ အခြားအရောင်တို့ကား နဂိုပကတိ အသွေးအရောင်ဟု ဆိုရပါမည်။ ခေတ္တ ကြက်သေ သေသွားမိပါ၏။

အစည်းအဝေးစ၍ ထုံးစံအတိုင်း သဘာပတိက မိန့်ခွန်းပြော၊ အတွင်းရေးမှူးက အစီရင်ခံစာဖတ်၊ ဘဏ္ဍာထိန်းက ငွေရေးအခြေအနေ အစီရင်ခံစာ တင်ပြ၊ အသင်းသူ အနည်းငယ်တို့က ပေါ်ထွက်လာသည့် အချက်အချို့ကို မေးမြန်းဆွေးနွေးကြသည်။ ထိုနောက် သဘာပတိက မိတ်ဆက်သဘောနှင့် ကျွန်တော့် အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ပြောပြပြီး ဗုဒ္ဓဘာသာမြန်မာမိသားစုအကြောင်း ဟောပြောရန် စကားကမ်းလှမ်း၏။ ၄၅မိနစ်ကြာကြာ ဟောပြောပါသည်။ ကျွန်တော့်အတွေ့အကြုံအရဆိုလျှင် ၄၅ မိနစ်လောက်ကြာကြာသာ ပရိသတ်တို့ အာရုံစိုက်ကာ နားထောင်သည်။ သူတို့အရိပ်ကြည့်ကာ ဆွလုံး၊ သောလုံးတွေ သင့်တော်သည့် နေရာများ၌ ညှပ်ကာ ပြောရသည်။ တစ်ခါတစ်ခါဆိုလျှင် အသံကို မြှင့်လိုက်နှိမ့်လိုက်နှင့် ဟောပြောရသည်။ တစ်ခုရှိပါသည်။ ကိုယ့်ဇာတ်ကိုယ် နိုင်ရသည်။ ကြာရှိးကြာစွယ်မြင်လျှင် ရေတိမ်ရေနက်သိသူ ပရိသတ်တွေထဲ ရှိကြသည်။

ဟောပြောပွဲပြီးသည့်အခါ တစ်ယောက်ပြီးတစ်ယောက် ထကာမေးကြ၊ ဆွေးနွေးကြသည်။ မိဘ၊ သားသမီး၊ ဆရာတပည့်၊ လင်မယား စသည့် ဝတ်ငါးပါးများကို စိတ်ဝင်စားကြသည်။ လင့်ဝတ်ငါးပါး၌ 'အပ်နှင်းဥစ္စာ'နှင့် 'ဝတ်စားဆင်ယင်'ဝတ်နှစ်ပါးကို ခင်ပွန်းကို့က ခုထိ ကျင့်သုံးနေတုန်းလား။ တပည့်ဝတ်ငါးပါးမှ 'လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး'ဝပ်နှစ်ပါးသည် ခေတ်နောက်ကျနေပြီ မဟုတ်ဘူးလား စသည်ဖြင့် မေးသူမေး၊ ပုဆိုးတန်းတင် ထမင်းလက်ဆုံစား လင်မယားအရာရောက်ပုံ၊ ကွာရှင်းပြတ်စဲမှု လွယ်ပုံ၊ မိဘပေးစား၍ လက်ထပ်ရပုံတို့ကို ဆွေးနွေးသူက ဆွေးနွေးကြပါသည်။ ကျေနပ်အောင် ရှင်းပြရသည်။

ရှင်းပြရသည့်အထဲ အခက်ခဲဆုံးကား တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းမသိသေးသော ယောကျ်ားနှင့် မိန်းမနှစ်ယောက် လက်ထပ်ပြီး လင်မယားအဖြစ်နေသည့် ပြဿနာဖြစ်ပါ၏။ အနောက်တိုင်းသူ

တိုင်းသားတို့သည် တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းမသိသေးသော ယောကျ်ားနှင့်မိန်းမနှစ်ယောက် လူသိရှင်ကြား အတူသွားအတူလာသည့် ရည်းစားအဖြစ်နှင့် နေကြသည်။ တစ်ယောက်အကဲ တစ်ယောက်ခတ်၊ အကြိုက်ချင်းညှိကြည့်၊ နောင်ရေး ဆွေးနွေးကြသည်။ နောက်ဆုံး တစ်သက်လုံး အေးအတူပူအမျှ လျှာနှင့်သွား လင်နှင့်မယားအဖြစ် ပေါင်းသင်းဆက်ဆံနိုင်မည်ကို သေချာသည်ဟု သဘောရမှ လက်ထပ်ကြသည်။

ကျွန်တော်က ရှင်းပြသည့်အခါ ဟောပြောသည့် စကားထဲပါ နဖူးစာနှင့် ကံအကြောင်းကို ပဏာမခံလိုက်သည်။ ရှေးက အကြောင်းပါလာသဖြင့် ယောကျ်ား-မိန်းမ နှစ်ဦး လင်မယားဘဝ ရောက်ရသည်ဟု မြန်မာလူမျိုးတို့က ယုံကြည်ကြသည်။ ညားသည့်အခါ ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘောပိုက်ကာ တစ်ဦးအပြစ်တစ်ဦး လျစ်လျူရှုလို့ အနွံအတာခံတန်ခံ၊ တစ်ဦးအကောင်းတစ်ဦးမြင်လို့ အကျိုးကျေးဇူးသိတန်သိပြီ ဆက်ဆံလာကြသည်။ ပထမအကြင်နာ၊ ထိုမှ ကရုဏာ၊ ထိုမှတစ်ဆင့် မေတ္တာ စသည့် တရားတို့ ပေါ်လာပြီး ချစ်တင်းနှောကာ ရည်းစားပမာ နေလာကြသည်။ တဖြည်းဖြည်းပို၍ ချစ်လာကြ၏။ သံယောဇဉ်က တစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့လိုက်သည်။ သက်ထက်ဆုံး ပေါင်းသင်းနေထိုင်ကြသည်။ ကျွန်တော်တို့ပြည်တွင် ပိုင်ရှင်ရှိ၊ ပိုင်ရှင်မဲ့ မိန်းမယောကျ်ားတွေ လွတ်လွတ်လပ်လပ် ရောနှောဆက်ဆံမှုများ ယခုထက်ထိဆိုသလို မရှိသေးသလောက် ဖြစ်နေသည်။ သုရာမေရိယမိစ္ဆာစာရကံ ကျူးလွန်ခွင့်နည်းသဖြင့် အိမ်ထောင်ရေးအနှောင့်အယှက်ဘေး နည်းပါးသည်ဟု ပြောပြပါသည်။ ဓာဒကတက်သူတက်၊ လက်ခံသူ လက်ခံပါသည်။

အိမ်ပြန်ရောက်သည့်အခါ သိခဲ့ရသော အချက်အလက်တို့နှင့် စပ်လျဉ်း၍ စဉ်းစားစားမြုံ့ပြန်သည်။ ထို အိမ်ရှင်မတို့သည် တစ်နေ့အတွက် နေ့လယ်စာမြိုးခြံကာ စု၍ရသောငွေဖြင့် ကောင်းမှုပြုကြသည်။ တစ်လ တစ်ကြိမ် အသင်းစည်းဝေးသည်။ တစ်ကြိမ်လျှင် အသင်းသူ ၃၀၀လောက်အနက် ၂၀၀ လောက်တက်သည်ဟု ဆိုကြပါစို့။ တစ်ယောက်လျှင် ၁၅ ကျပ်လှူသည်။ တစ်လကို ကျပ် ၃၀၀၀၊ တစ်နှစ်ကို ကျပ် ၃၆၀၀၀ ရမည်။ ဟောပြောသူများ ကုန်ကျစရိတ်၊ အခန်းငှားခ၊ အစည်းအဝေး ဖိတ်ကြားစာ စာရွက်၊ စာရေးစက္ကူ၊

စာအိတ်ဖိုး စသည့် အသေးအမွှားစရိတ်တို့ နုတ်လိုက်ပါက တစ်နှစ်တစ်နှစ်၌ အသားတင်အဖျင်းဆုံး ကျပ် ၃၅၀၀၀ ခန့် ကျန်ပေမည်။ အတိုးထည့်မတွက်ရ သေးပါ။

ကမ္ဘာပေါ်၌ နေ့စဉ်နှင့်အမျှ ဆိုသလို ငတ်မွတ်ဘေး၊ ရောဂါဘေး၊ မိုးခေါင်ရေလွှမ်းမိုး၊ မီးတောင်ပေါက်၊ လေျင်ဘေးတို့နှင့် လူအမြောက်အမြား ကြုံတွေ့ကြရသည်။ ဒုက္ခိတသည်များ ခံစားရသည့် ဝေဒနာတို့မှ ခေတ္တသော်လည်းကောင်း၊ ကာလတာရှည်စွာသော်လည်းကောင်း လွတ်ကင်းကြစေရန် အိုးနှင့်ဆန် တန်ရုံခတ်သလို လှူဒါန်းကူညီကြသည်။ ငွေတန်ဖိုးကား မများလှ။ သဒ္ဓါကား ဖြူစင်ပါသည်။ ညောင်စေ့လောက် လှူသော်လည်း ညောင်ပင် လောက်ရပါ၏ဟူသော အတွေးလုံးတွေ ပေါ်လာပါသည်။

နိဂုံးချုပ်ပါတော့မည်။ ကျွန်တော်တင်ပြသည့် ဗြိတိသျှလူမျိုး သုံးမျိုးသုံးစားတို့၏အကြောင်း အကောင်းချည်းလိုလို ရေးထားသည်။ လူမျိုးခြားကို အမေကျော်ဒွေးတော်လွမ်းသည်ဟု အသားလွတ် မစွပ်စွဲကြ စေချင်ပါ။ အရှေ့တိုင်း၊ အနောက်တိုင်း၊ အတိုင်းတိုင်းတို့တွင် ရာမရကန် ဦးတိုး၏ လတစ်ချောင်းငင်'လု'မှ နေမိရကန်ဦးကောင်း၏ လလေးချောင်းငင် 'လှု'တို့ အသီးသီးရှိကြပါသည်။ အဆိုဘက်ချန်ရစ်ထားသည်မှာ ပထမ ဆောင်းပါးအစ၌ 'ခင်မျိုးချစ်ရေးဆွဲပြသည့် ကားချပ်ပေါ် မပါသေးသော ရုပ်ပုံများကို နောက်ထပ် ဖြည့်စွက်ဆွဲပြလို'သည်ဟု ဆိုထားသည့်အတိုင်း ကြောင့်သာ ဖြစ်ပါ၏။ ပြလို့ရအောင်လည်း အကြောင်းတစ်ခုက ဖန်တီး လာပါသည်။

လွန်ခဲ့သော ဒီဇင်ဘာလက ဤဆောင်းပါးသုံးစောင် ဖြစ်မြောက်ရေး အတွက် အကွက်ချပြီးတည်ဆောက်နေစဉ် ပြင်သစ်အမျိုးသမီးကြီးတစ်ဦး ကျွန်တော့်ထံ အလည်ရောက်လာပါ၏။ သူနှင့် ၁၉၅၄ ခုနှစ်ကတည်းက သိကျွမ်းလာပါသည်။ သူသည် ပါရီမြို့ဆောဘောန်း တက္ကသိုလ်အရှေ့တိုင်း ဘာသာရပ်နှင့် ယဉ်ကျေးမှုဆိုင်ရာ ကောလိပ်ကျောင်း၌ မြန်မာစာပါမောက္ခ ဖြစ်သည်။ မြန်မာ–ပြင်သစ် အဘိဓာန် ပြုစုနေသည်။ ဦးတည်ပုဒ် 'နုတ်'အစ 'ပုတ်သင်ဥပေါ်'အဆုံး နဝမတွဲအထိ ပြီးသွားပါပြီ။ ပြင်သစ်ဘာသာဖြင့် မြန်မာဘာသာ စာပေယဉ်ကျေးမှုများနှင့် စပ်လျဉ်း၍ စာအုပ်စာတမ်း

ဆောင်းပါးများ၊ ရည်ညွှန်းကျမ်းပြုစု ဆောင်းပါးများ ရေးနေသည်။ သူနှင့် ကျွန်တော်တို့ မြန်မာမှုအဝဝတို့ကိုဆွေးနွေးသည်။ တစ်ကြိမ်သော် ခင်မျိုးချစ်၏ 'မေတ္တာဟူသည်' ဆောင်းပါးဆီသို့ ဦးလည်သွား၏။ သူ့ကို တီးခေါက် ကြည့်သည့်အခါ သူ ဖတ်ပြီးပါပြီဆိုပြီး လိုရင်းကိုသာ ထင်မြင်ချက်ပေး၏။

ပြင်သစ်အမျိုးသမီးကြီး၏ အာဘော်ကို ရေးပြပါမည်။ 'ခင်မျိုးချစ်သည် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားနိုင်သည်။ သို့သော် အမှန်တရားနှင့် အံမဝင်ခွင်မကျ။ ပထမ ဘောင်တစ်ခု ခတ်လိုက်သည်။ ထိုဘောင်အတွင်း သွင်းနိုင်မည့် အတ္တသမား အမေရိကန် လူမျိုးစားတစ်စားကို ရွေးပြီး ပြသည်။ ဘောင်ပြင်တွင် ထိုသူကဲ့သို့ လောဘ၊ မောဟ မထူလှသည့် အခြား အမေရိကန်များနှင့် အနောက်တိုင်းသား အကျုံးဝင်သည့် ဥရောပတိုက်သား များ ရှိပါသည်'ဟု ဆိုလိုပါ၏။

ပြင်သစ်အမျိုးသမီးကြီးက ခင်မျိုးချစ်၏ ဆောင်းပါးကို 'အတွေး အမြင်'ထဲ ဖတ်ထားနှင့်သည်မှာ အံ့သြစရာမဟုတ်ပါ။ အခြား အနောက် တိုင်းသား ပညာရှင်အချို့တို့လည်း ဖတ်ထားနှင့်ကောင်း ဖတ်ထားကြ ပေလိမ့်မည်။ သူတို့သည် အကြား၊ အမြင်၊ အသိပညာပင်ကြီး ရှင်သန်လာ စေပြီး အသီးများကို ခူးဆွတ်စားလို ကြသည်။ တတ်ကျွမ်းသူများထံမှ စုံစမ်း၍လည်းကောင်း၊ ကိုယ်ပိုင်ဉာဏ်သုံး၍လည်းကောင်း သူတို့နှင့်ဆိုင်ရာ ပညာရပ်များအတွက် စာအုပ်စာတမ်း ဆောင်းပါးများကို စုဆောင်းကြသည်။ အဘိဓာန်များ၊ ရည်ညွှန်းကျမ်းများ စသည်တို့ကို ပြုစုဖို့၊ စာအုပ်စာတမ်း ဆောင်းပါးများရေးဖို့ သက်ဆိုင်ရာ ကောလိပ်ကျောင်းများတို့၌ သင်တန်းပေး သည့်အခါ အသုံးပြုဖို့ဖြစ်ပါ၏။ ရရှိထားသည့်အရေးအသားတို့ကို သိမ်းဆည်း ထားရုံနှင့်မရောင့်ရဲဘဲ စေ့စေ့စပ်စပ်ခွဲခြမ်းလေ့လာ၏။ ပညာရှင်နှင့် သောတုဇန အကျိုးငှာ ယထာဘူတကျကျ ဝေဖန်၏။ ကောင်းကွက်ကိုချီးမွမ်း၏။ ဆိုးကွက် ကို ထောက်ပြသည်။ သို့မှသာလျှင် ပညာလောက ကျယ်ပြန့်လာမည်။ သူတို့၏အတွေးအမြင် တိုးတက်နက်ရှိုင်းလာမည်ဟု သဘောပိုက်ထားကြ သည်။ ဤအချက်အလက် အချို့တို့ကို 'အတွေးအမြင်' စာစောင် ၁၀၊ 'ပုထုဇဉ်သားဟူသမျှမှားမည်သာ၊ သို့သော်...' ဟူသော ဆောင်းပါးထဲ၌ ကျွန်တော်' အရိပ်အမြွက် ရေးပြထားပြီးပါပြီ။

ဆောင်းပါးသုံးစောင်ကိုတင်ပြရသည်မှာ အနောက်နိုင်ငံသားတို့အနက် စိတ်သဘောထား တင်းပြည့်ကျပ်ပြည့်မဟုတ်သော်လည်း ပြည့်ဝတန်သမျှ ပြည့်ဝသူများရှိကြသည်။ မေတ္တာတရားရာခိုင်နှုန်းပြည့် မဟုတ်စေကာမူ ထားတန်သမျှထားသူတို့ရှိကြသည်ကိုလည်းကောင်း၊ မြန်မာပညာရှင်နှင့် စာရေးဆရာကြီးတို့၏ အရေးအသားတို့သည် ပြည်တွင်းသာမက ပြည်ပ၌လည်း ဂယက်ရိုက်တန်သမျှ ရိုက်တတ်ရာသည်ကိုလည်းကောင်း သရုပ်ဖော်လို၍ ဖြစ်ပါ၏။ လောကကြီး၌ အကောင်းအဆိုးယှက်ညှပ်နေသလို အကြောင်းအကျိုးလည်း ဆက်စပ်နေပါသည်။

အတွေးအမြင်၊ စာစဉ် ၁၈၊ နိုဝင်ဘာ ၁၉၈၆။

ဒီဂရီဘွဲ့ (၁)

တက္ကသိုလ်ခံယူချက်

တက္ကသိုလ်ကပေးအပ်သည့် အင်္ဂလိပ်အခေါ်အဝေါ် ဒီဂရီသည် မူလက အသိပညာချိန်ပြသင်္ကေတ ဖြစ်ပါ၏။ တက္ကသိုလ်က သတ်မှတ်ထားသော အဆင့်မီသူတိုင်း သင်တန်းပြီးဆုံးသွားသည့်အခါ ဒီဂရီရသည်။ ကနဦးက ဒီဂရီယူရသည့် အဓိကရည်ရွယ်ချက်မှာ တစ်ခုခုသော ပညာတတ်မြောက်ပြီးနောက် တစ်ခုခုသောအလုပ်ကို လုပ်ကိုင်နိုင်ဖို့သာဟု သိရပါသည်။

သမိုင်းစဉ်လာအရ ပြောရလျှင် ဦးစွာပထမ၌ လိုင်ဆင်(licence)ဟု ခေါ်၏။ ထို့နောက် ဒီဂရီ(degree)ဟု သညာတပ်လိုက်၏။ ထိုမှတစ်ဆင့် အနောက်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့်အခါ ဘွဲ့(title)ဟူ၍ ဖြစ်လာပါသည်။ အမည်သညာ ပြောင်းလဲလာသည်နှင့်အမျှ အသိသညာလည်း ထက်ကြပ်မကွာလိုက်လှမ်းလာ၏။ လူတွေ၏ အတွေးအခေါ်တို့လည်း အသွင်တစ်မျိုး ဆောင်လာပါတော့သည်။

ဤအဖြစ်သနစ် အကြောင်းအကျိုးကွင်းဆက်တို့ကို ဒီဂရီဘွဲ့ (၁)တက္ကသိုလ်ခံယူချက်၊ (၂) ပြင်ပခံယူချက်ဟူ၍ ဆောင်းပါးနှစ်စောင်ဖြင့် ရှင်းပြပါမည်။ ဤ၌ တက္ကသိုလ်ဟူသည်မှာ ဗြိတိသျှတက္ကသိုလ်၊ အထူးသဖြင့် လန်ဒန်တက္ကသိုလ်ပညာရှင်တို့။ ပြင်ပဆိုသည်မှာ တက္ကသိုလ်လောကပြင်ပရှိ ဒီဂရီရသူ၊ ဗြိတိသျှလူမျိုးနှင့် မြန်မာပြည်သူပြည်သားတို့အား ရည်ညွှန်းပါ၏။

ဦးတည်ချက် ရှုပ်လုံးဖော်ပြရာ၌ ကျော့ကောက်နောက်ခံဖြစ်သည့် တက္ကသိုလ်နှင့်ဒီဂရီဖြစ်စဉ်ကို လည်းကောင်း၊ ဒီဂရီသဘောတရားကို လည်းကောင်း ပထမအစီရင်ခံပါမည်။ ပြီးနောက် ခံယူချက်နှစ်ချက်။ နောက်ဆုံးတွင် ဒီဂရီနေရာ၌ဘွဲ့ဟူသော စကားလုံးအစားထိုးသုံးမိသဖြင့် ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို မြန်မာပြည်ဝယ် ဖြစ်ပေါ်နေသည့် မြင်ကွင်းတချို့တို့ကို ဆွေးနွေးတင်ပြပါမည်။

၁။ ။တက္ကသိုလ်နှင့်ဒီဂရီ

အကြမ်းဖျင်းအားဖြင့်ဆိုရသော် နှစ်ပေါင်း ၁၀၀၀ လောက်က ဥရောပတိုက်၌ တက္ကသိုလ်လောင်း ဘုန်းကြီးကျောင်းများရှိ၏။ ဘုန်းတော်ကြီးများက ဘာသာတရားနှင့် ပညာရပ်အပြားပြား ပြန့်ပွားစေခြင်းငှာ ပင်တိုင်ခံကာ သင်တန်းများပေးသည်။ အချိန်တန်၍ တတ်မြောက်သွားသူတို့အား ယခုခေတ် ဒီဂရီလက်မှတ် ရှေ့တော်ပြေး 'လိုင်ဆင်'ကို ရဟန်းမင်းကြီးကလည်းကောင်း၊ ဘုရင်ကလည်းကောင်း ချီးမြှင့်သည်ဟု သိရ၏။ ထိုသူတို့က ဆင့်ပွားစာချ ပုဂ္ဂိုလ်တို့အဖြစ်ဖြင့် ပညာဖြန့်ဖြူးပါသည်။ ဤမူလအသုံးအနှုန်း လိုင်ဆင် စကားလုံးကို ယခုထက်တိုင် ပြင်သစ်တက္ကသိုလ်များက အမွေခံပြီး သုံးစွဲနေကြပါ၏။

သို့နှင့် ပညာရပ်များ နယ်ကျယ်လာ၊ ရှင်လူအများ ပညာတတ် ပုဂ္ဂိုလ်တွေ ဦးရေတိုးပွားလာခဲ့သည်။ ထိုအခါ ဆရာများသာရှိသော ကျောင်းများတွင် လာရောက်သည့် ကျောင်းသားတွေကို ဆရာတို့က ပညာသင် ပေးသည်။ ကျောင်းသားချည်းသာ ထူမထားသော ကျောင်းများသို့ ဆရာတွေ ဖိတ်ခေါ်ပြီး တပည့်ခံကာ လက်ချာပေး(ဟောပြော)စေပါ၏။ ၁၄ရာစုနှစ် လောက်မှစပြီး လက်ရှိတက္ကသိုလ်များပုံစံ အကောင်အထည်ပေါ်လာသည်။ တစ်နေရာရာ အဆောက်အအုံတစ်ခုခု၌ ဆရာတွေပေါင်းရုံးစုစည်းကာ သောတုဇနတို့အား ပညာရပ်အထွေထွေတို့ကို ပို့ချပေးလာပါသည်။ စာမေးပွဲများကျင်းပသည်။ အောင်မြင်သူတို့အား ဒီဂရီများပေးအပ်သည်။ အမျိုးအစားမများလှသေးပါ။ ၁၉ ရာစုအလယ်ပိုင်းလောက်ရောက်ခါမှ ယခုခေတ်တက္ကသိုလ်အထစ်သို့ တက်လှမ်းလာသည်။ ဒီဂရီတွေအတော်များများ ပေးအပ်လာနိုင်၏။

၂။ ။ဒီဂရီ

ယခုအခါ အနောက်နိုင်ငံတွင် ဒီဂရီတွေအမျိုးမျိုး အဆင့်ဆင့် ရှိနေပါသည်။ လက်တွေ့ဥပမာအဖြစ်ဖြင့် ၁၈၃၆ ခုနှစ်လောက်က စနစ်တကျ ဖွဲ့စည်းတည်ထောင်ခဲ့သော လန်ဒန်တက္ကသိုလ်မှ အရေးကြီးသောဒီဂရီတို့ကို နမူနာအဖြစ်ပြပါမည်။ စိတ်ဝင်စားစရာကောင်းသော အချက်အလက်အချို့ကို ထောက်ပြထားပါ၏။

အောက်ဇယားပါ ဝိဇ္ဇာ၊ သိပ္ပံ ဥပဒေအတတ်သုံးရပ်တို့မှ First degree (ပထမဒီဂရီ)ဟု ခေါ်သော B.A.,B.Sc., LL.B.၊ ပြီးနောက် (ယခုအခါ မြန်မာပြည်၌ ခေါ်ဝေါ်နေသော 'ဘွဲ့လွန်')အဆင့်မြင့် ဒီဂရီတွေကို အဆင့်အလိုက် တင်ပြထားပါသည်။

ပထမဒီဂရီ	ဝိဇ္ဇာ	သိပ္ပံ	ဥပဒေ
		B.A	**B.Sc. LL.B**
	Bachelor of Arts	Bachelor of Science	Bachelor of Laws
အဆင့်မြင့်ဒီဂရီ	**M.A**	**M.Sc.**	**LL.M**
	Master of Arts	Master of Science	Master of Laws
	M.Phil.	M.Phil.	M.Phil.
	Master of Philosophy	M.Phil.	MPhil.
		။	။
	Ph.D	Ph.D	Ph.D
	Doctor of Philosophy	Ph.D	Ph.D
	D.Lit	D.Sc.	LL.D.
	Doctor of Literature	Doctor of Science	Doctor of Laws

၂၊ ၁။ ။B.A.,B.Sc.,LL.B.

ဤပထမ ဂီဂရီများကို ရိုးရိုးနှင့် ဂုဏ်ထူး နှစ်မျိုးရှိသည့်အနက် ကြိုက်ရာယူနိုင်သည်။ ဂုဏ်ထူးနှင့်အောင်သူများ ဒီဂရီတွေ၏နောက်၌

(Hons.)ဟု ပြဋ္ဌာန်းခွင့်ရှိသည်။ တက္ကသိုလ်ဆရာများအားလုံးလိုလို ဂုဏ်ထူးနှင့် အောင်သူများဖြစ်၏။ သို့သော် မြန်မာပြည်မှာကဲ့သို့ တက္ကသိုလ်လက်စွဲစာအုပ်တွေထဲ၌သော်လည်းကောင်း၊ သူတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဒီဂရီနောက်၌ (Hons.)ဟူ၍ ထည့်ပြလေ့မရှိပါ။ အောက်စဖို့နှင့် ကိန်းဘရစ် တက္ကသိုလ်များတွင် ဂုဏ်ထူးဒီဂရီတွေသာ ရှိပါ၏။

၂၊ ၂။ ။M.A., M.Sc., LL.M.

ယခင်အခါက ပထမ ဒီဂရီတစ်ခုခုကိုရပြီးသည့်နောက် အထက်ပါ **M.A., M.Sc.** စသည်တို့ကို ယူ၏။ ၁၉၆၅–၆၆ ခုနှစ်လောက်၌ **M.Phil.** ကို တီထွင်ပြီး ထိုဒီဂရီများနှင့် **Ph.D.** ကြား လန်ဒန်တက္ကသိုလ်အာဏာပိုင်များက ထည့်သွင်းလိုက်သည်။ ထိုအခါ **M.Phil** နှင့် တန်းတူထားအပ်သော ၁၉၆၅ ခုနှစ် ရှေ့ပိုင်း **M.A., M.Sc.** စသည်တို့နှင့် **M.Phil.** အောက်တန်းကျ ၁၉၆၅ ခု နောက်ပိုင်း **M.A., M.Sc.** တို့ နှစ်မျိုးရှိလာပါတော့၏။ ဇာစ်မြစ်မသိသူတို့က အဟောင်းအသစ်နှစ်ခုစလုံးတို့အား တစ်တန်းစားတည်း အသိအမှတ်ပြုမည့်အရေးကို ဒီဂရီဟောင်းရထားသူများက တွေးပြီး မကျေမချမ်းဖြစ်ခဲ့ကြ၏။ အမှန်ဆိုသော် သူတို့၏ **M.A., M.Sc., LL.M** တို့ကို **M.Phil.** သို့ ပြောင်းပေးလိုက်ဖို့ ကောင်းပါ၏။ မပြောင်းပေးပါ။

မြန်မာပြည်တွင် ဤကိန်းမျိုးဆိုက်နေသူ ကျွန်တော့်တပည့်တစ်ဦးက ဤကဲ့သို့ ပြောင်းပေး၍ ရမရကို သက်ဆိုင်ရာထံသို့ စုံစမ်းမေးမြန်းပေးပါရန် ၁၉၇၀ ပြည့်နှစ်လောက်က မေတ္တာရပ်ခံပါ၏။ ကျွန်တော်တို့ ကောလိပ်ကျောင်းနှင့် တက္ကသိုလ်သည် ခဲတစ်ပစ်လောက်သာဝေးသဖြင့် လျှောက်သွားပြီး ထောက် လှမ်းကြည့်ပါသည်။ မော်ကွန်းထိန်းရုံးမှ အရာရှိကြီးတစ်ဦးက ကျွန်တော့်တပည့် ခံစားနေရမှုကို သူနားလည်ပါသည်။ **M.A.** မှ **M.Phil.** သို့ ပြောင်းပေးဖို့ရာ မဖြစ်နိုင်ပါ။ ဒီဂရီဟောင်းဖြစ်ကြောင်းကို လူသိရှင်ကြား သိစေခြင်းငှာ သူ၏ ဒီဂရီရသည့်နှစ်ကို ဒီဂရီနောက်၌ ဗိုက်ကွင်းထဲထည့်ပြီး **M.A. (Lond 1962)**ဟူ၍ပြရန် အကြံပေးစကား ပြောကြား၏။

M.A. ဒီဂရီနှင့်စပ်လျဉ်း၍ သိကောင်းစရာအကွက်တစ်ကွက်ရှိပါသေး၏။ အောက်စဖို့၊ ကိန်းဘရစ် တက္ကသိုလ်ကျောင်းများမှ ပထမဒီဂရီ

ရရှိသူတို့သည် နှစ်နှစ်၊ သုံးနှစ်ခန့်ကြာသောအခါ အင်္ဂလိပ်ငွေ သုံး–လေးပေါင် (ကျပ် ၅၀ ခန့်)ကို မော်ကွန်းထိန်းရုံးသို့ ပေးလိုက်ပါက **M.A.** ဒီဂရီလက်မှတ် ထုတ်ပေး၏။ ထိုတက္ကသိုလ်တို့မှ **M.A.(Oxon)**အောက်စဖို့၊ **M.A. (Cantab)**ကိန်းဘရစ်ဒီဂရီပိုင်ရှင်တို့သည် အမှန်မှာ **B.A.**များသာ ဖြစ်ကြ သည်။ ထိုကျောင်းနှစ်ကျောင်း၌ **B.Sc.** ဒီဂရီမရှိပါ။

၂၊ ၃။ ။M.Phil.

M.Phil. သည် ဆိုခဲ့ပြီးသည့်အတိုင်း အသစ်ဆုံးဒီဂရီဖြစ်သည်။ **M.A., M.Sc.,** စသည့် ဒီဂရီဟောင်းများနှင့် ထမနဲနှင့် ယာဂုပုံပမာပင်။

၂၊ ၄။ ။Ph.D.

ဤဒီဂရီကို အချို့တက္ကသိုလ်တို့က **D.Phil** (၂၊ ၃ **M.Phil** ရှု)ဟု ရေးပါသည်။ **M.A., M.Sc., M.Phil** တစ်ခုခုအောင်ပြီးမှယူသူလည်းရှိသည်။ **B.A.** ကို ဂုဏ်ထူးအတန်းမြင့်မြင့်နှင့် အောင်သည့်သူတို့လည်း ယူနိုင်သည်။ **Ph.D** ဒီဂရီကို သုံးနှစ်ကျောင်းလခပေး၍ စာတမ်းရေးပြီး ယူနိုင်သည်။ သုံးနှစ်ကုန်လွန်၍မှ မပြီးသေးလျှင် စာတမ်းကြီးကြပ်သူ ထောက်ခံပါက ကျောင်းလခမပေးရဘဲ ဆက်လက်ရေးသားနိုင်ပါ၏။ **Ph.D** သံသရာဝဲထဲ တလည်လည်နေခဲ့ရပြီးမှ ကျွတ်တမ်းဝင်သူနှစ်ဦးအကြောင်းကို ပြောပြပါရစေ။ ကြုံခဲ့လှပါသည်။

ကျွန်တော်တို့ကျောင်းတွင် အမေရိကန်ကျောင်းသားတစ်ယောက် ကုန်းဘောင်ဆက် သမိုင်းအကွက် တစ်ကွက်အကြောင်း စာတမ်းရေး၏။ ကျွန်တော်က သမိုင်းပါမောက္ခနှင့်တွဲ၍ စာတမ်းကြပ်မ,ပေးရ၏။ သူသည် ဉာဏ်နှင့်ဝီရိယကြွယ်ဝ၏။ သို့သော် ငွေဆင်းရဲ၏။ သူ့ခမျာ တစ်ဖက်မှ နေထိုင်စားသောက်ရေး အတွက် ဘဝကို ရုန်းကန်နေခဲ့ရသဖြင့် ခုနစ်နှစ်ကြာမှ **Ph.D** ဒီဂရီ ရသွားပါသည်။

ကျောင်းတွင် ကျွန်တော်နှင့်လုပ်ဖော်ကိုင်ဖက် ဗြိတိသျှလူမျိုး ဆရာတစ်ဦးသည် နှစ်ဆယ့်ခုနစ်နှစ်တိုင်တိုင် စောင့်ဆိုင်းရ၏။ ဒီဂရီရသည့်အခါ သူ၏ ရေးသားပုံနှိပ်ထုတ်ဝေသော ပညာပေးဆောင်းပါးများကျေးဇူးကြောင့် ဒုပါမောက္ခဖြစ်နှင့်နေပါပြီ။ တစ်ဘက်မှ စာတမ်းရေးနေတုန်း ကြပ်မ,ပေးသူ

ဆရာတွေ တစ်ဦးပြီးတစ်ဦးပြောင်းသွား၊ တစ်ဘက်မှ ဝတ္တုရားအရ စာပေပို့ချ၊ သုတေသနပြုစာစောင်တွေ ထုတ်ဝေပုံနှိပ်ခဲ့ရာ အချိန်ကုန်မှန်းမသိကုန်ခဲ့ရသည်။

၂၊ ၅။ ။D.Lit., D.Sc., LL.D.

အချို့တက္ကသိုလ်များ၌ D.Lit ကို D.Litt., Lit.D., Litt.D. ဟု ရေးပြီး Doctor of Literature အစား Doctor of Letters.ဟု အကျယ်ဖွင့်ခေါ်၏။ D.Sc. ကိုလည်း Sc.D ဟု ရေးကြပါသေးသည်။ ဤထိပ်တန်း ဒီဂရီများကို စာအုပ်စာတမ်းတွေရေး၍ ထုတ်ဝေပြီး B.A. မှ **Ph.D.** ဒီဂရီတစ်ခုခုရရှိထားသူတို့ ယူနိုင်၏။ ပညာရေကြီး အများအပြားတို့ကား ဂုဏ်ထူးဆောင်ဒီဂရီများအဖြစ်ဖြင့် တက္ကသိုလ်အသီးသီးမှ အချီးအမြှင့် ခံယူကြရပါသည်။

၃။ ။ဗြိတိသျှတက္ကသိုလ်ခံယူချက်

ဒီဂရီသည် အသိပညာ အဆင့်သညာ။ ပညာရှင်ခံယူလိုသူတို့ ရှိသင့်သည့်ပစ္စည်း။ ဤပစ္စယကိုအမှီပြုကာ အတ္တဟိတအကျိုးငှာ သိပြီးရှိပြီးသားပညာကို ထိန်းသိမ်း၊ မသိမရှိသေးသောပညာကို ရှာဖွေဆည်းပူး၍ သမ္မုတိသစ္စာတရား မြင်ရလေအောင် အားထုတ်ရာ၏။ ဤကား တက္ကသိုလ်ခံယူချက် ဖြစ်၏။ ဤ၌ ထိန်းသိမ်းသည်မှာ ပညာပို့ချသင်ကြားပေးခြင်း၊ ရှာဖွေဆည်းပူးဆိုသည်မှာ သုတေသနလုပ်ခြင်း၊ သမ္မုတိ သစ္စာတရားမြင်ရန် ဟူသည်မှာ တတ်သိရရှိသည့်ပညာကို စာအုပ်စာတမ်းရေးပြီး ဖြန့်ဖြူးရင်း အမှန်တရားသိလာခြင်း စသည်တို့ကို ဆိုလိုသည်။

အထက်ပါ ခံယူချက်ဖြစ်မြောက်လေအောင် တက္ကသိုလ်အင်္ဂါရပ်ဟု ဆိုရမည့် ကောလိပ်ကျောင်းများက လိမ္မာကျွမ်းကျင်သော ဆရာတွေ စုဆောင်းမွေးမြူရသည်။ ဆရာသစ်များ ခန့်တန်လျှင်ခန့်၊ ဝါရင့်ဆရာများ အနက် ချီးမြှင့်သင့်သူကို ချီးမြှင့်ရ၏။ ဤသို့လုပ်ရာ၌ ပုဂ္ဂလဓိဋ္ဌာန်ပစ်၍ ဓမ္မဓိဋ္ဌာန်ချစ်ရာသည်ဟူသော တရားကို လက်ကိုင်ထားသည်။

၃၊ ၁။ ။ဆရာသစ်ခန့်အပ်ရေး

ဆရာသစ်ဟူသည်မှာ လက်ထောက်ကထိက၊ ကထိကကို ဆိုလို၏။ ရာထူးခန့်ရာ၌ ကောလိပ်ကျောင်းအာဏာပိုင်တို့က ထိုသူတို့၏ ကိုယ်ရေးသမိုင်းကို အမှီပြု၏။ အထူးသဖြင့် ပထမဒီဂရီကို ဦးစားပေး၍ စဉ်းစားလေ့ရှိသည်။ ပထမဒီဂရီချင်း တူငြားသော်လည်း ပေးသည့်တက္ကသိုလ်ကိုလိုက်၍ တစ်ခုနှင့်တစ်ခု အာနုဘော်ချင်း မတူပါ။ ဥပမာအနည်းငယ်သာ ပြပါရစေ။

၃၊ ၁၊ ၁။ ။ဒီဂရီအာနုဘော်

အောက်စဖို့တက္ကသိုလ်မှ ရှေးဟောင်း ခေါမရောမဘာသာစာပေ၊ အင်္ဂလိပ်ဘာသာစာပေ၊ ဒဿနိက စီးပွားရေး၊ နိုင်ငံရေးသုံးခုတွဲဘာသာများဖြစ်စေ၊ ကိန်းဘရစ်တက္ကသိုလ်မှ ရှေးဟောင်း ခေါမရောမဘာသာစာပေ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒဘာသာများဖြစ်စေ၊ လန်ဒန်တက္ကသိုလ်မှ စီးပွားရေး၊ အင်္ဂလိပ်ဘာသာစာပေ၊ စက်မှုသိပ္ပံဘာသာများဖြစ်စေ ထိုပညာရပ်တစ်ခုခုဖြင့် **B.A., B.Sc.** ကို ပထမတန်းဂုဏ်ထူးနှင့်အောင်သူတို့သည် မျက်နှာကြီးသည်၊ ဂုဏ်ရှိသည်ဟု ဆိုရိုးရှိ၏။

ဤ၌ ဒီဂရီရသူတို့ ဤကဲ့သို့ ကျော်စောရသည်မှာ ကျောင်းသားကလည်းတော်၊ ဆရာဖြစ်သူပါမောက္ခ၊ ဒုပါမောက္ခ၊ကျူတာ၊ ကထိကတို့ကလည်း ပညာအရည်အချင်း အရှိန်အဝါတောက်ပ၍ ဖြစ်သည်။ ထိုအရှိန်အဝါ ရောင်ပြန်ဟပ်၍လည်း သက်ဆိုင်ရာတက္ကသိုလ်က ဂုဏ်ရောင်ထွန်းပြောင်ရ၏။ အနောက်နိုင်ငံ၌ ပညာအကျော်အမော်တစ်ဦးသည် 'ဘယ်ပညာရေ၏ တပည့်၊ ဘယ်သတင်းကြီးသည့် တက္ကသိုလ်ကျောင်းထွက်' ဟူ၍ တပည့်နှင့်ဆရာ၊ ကျောင်းသားနှင့် တက္ကသိုလ်တို့သည် အညမညဂုဏ်ယူကြသည်။

အထက်ပါ ကျူတာဟူသော စကားလုံးကို ရှင်းပြဖို့ လိုပါ၏။ အောက်စဖို့နှင့် ကိန်းဘရစ်တက္ကသိုလ်များ၌ အထူးသဖြင့် ဝိဇ္ဇာဘာသာရပ်တစ်ရပ် သင်ယူနေသော ကျောင်းသားများကို တစ်စုစီ ကျူတာတစ်ဦးထံ အပ်နှံထားသည်။ ပညာတတ်တစ်ယောက်ဖြစ်ရန် ပံ့သွင်းပေးဖို့ ဖြစ်ပါသည်။ အတွေးအခေါ်၊ အယူအဆ၊ ဝေဖန်ဉာဏ်၊ ခွဲစိတ်ဉာဏ် ရင့်သန်လာစေရန်

နည်းနိဿယ သင်ပြ၏။ ကျောင်းသားတို့သည် အခြားဆရာတို့၏ သင်တန်း 'လက်ချာ'တွေ တက်ရန်မလိုပါ။ တက်လိုက တက်နိုင်ပါသည်။

ဤ၌ ကျူတာသည် မြန်မာပြည်မှ နည်းပြဆရာ၊ သရုပ်ပြဆရာမျိုး မဟုတ်ပါ။ သူနှင့်ဆိုင်သည့် ဘာသာရပ်၌ နှောကျေနေသူ ပါရဂူတစ်ဦးဖြစ်သည်။ တစ်ပတ်လျှင် နေ့၊ ရက်၊ အချိန်သတ်မှတ်ပြီး ကျောင်းသားတစ်ယောက်စီ ဆိုသလို ခေါ်တွေ့၏။ ကျောင်းသားက ကျူတာစေခိုင်းထားသည့် 'အက်ဆေး' စာတမ်းကလေးကို ဖတ်ပြရသည်။ ရေးပုံရေးနည်း၊ အချက်အလက်၊ အစီအစဉ်၊ အတွေးအမြင် စသည်တို့ကို ကျူတာက မိမိရရ စနစ်တကျဝေဖန်သည်။ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ဟာကွက်၊ လိုကွက် ပိုကွက်တွေကို ထောက်ပြ၏။ နှစ်ဆုံးလျှင် ကျောင်းသားတွေ စာမေးပွဲဝင်သည်။ ကျူတာက အောင်စာရင်းတွင် မည်သည့်တပည့်သည် မည်သည့်အတန်းမှထွက်သည်ကို နှစ်မကုန်မီ ကြိုတင်သိနှင့်သည်ဟု ဆို၏။ ဤကဲ့သို့ ဆရာမျိုးထံ တစ်ယောက်စီ တပည့်ခံခဲ့သူကျောင်းသားများအနက် လူကျော်တွေ ထွက်လာသည်မှာ အံ့သြစရာမဟုတ်ပါ။

လက်ထောက်ကထိကကို နှစ်နှစ်မှ လေးနှစ်အထိ၊ ကထိကကို နှစ်နှစ်လောက် အစမ်းခန့်ကြည့်သည်။ အရည်အချင်းပြည့်စုံ၊ အလားအလာ ရှိသည်ဟု အာဏာပိုင်တို့က သဘောရလျှင် အမြဲတမ်းခန့်လိုက်ပါသည်။ ကထိက အမြဲတမ်းရာထူး ရသွားသည့်အခါ ကျောင်း၌ အသက် ၆၀-၆၂ နှစ်အထိ အလုပ်ဆက်လုပ်နိုင်ပါ၏။ ဥပဒေချိုးဖောက်မှသာ ရာထူးမှ ထုတ်ပစ်ခံရသည်။

၃၊ ၂။ ပေါရင့်ဆရာချီးမြှင့်ရေး

ပညာပေးပညာပြု တက္ကသိုလ်တစ်ခု၏ လက်အောက်ခံကျောင်းတိုင်း၌ လိုလိုပင် ဆိုခဲ့ပြီးသော ခံယူချက်ပြည့်ဝစေရန် ဆောင်ရွက်နေသောဆရာတွေ ရှိပါသည်။ သူတို့၏ဘဝအမြင် သူတို့၏ ပညာ၊ ဝီရိယ၊ ဉာဏ် ပါရမီနှင့် ကံအဟုန်အလိုက် အကြမ်းအားဖြင့်နှစ်မျိုး၊ အနုအားဖြင့် သုံးစားကွဲပြားနေသည်ကို တွေ့ရပါ၏။

(၁) လေ့ကြီးထိုးရိုးရိုးဆရာများ- ဝတ္တရားတွေကို ကျေပွန်စွာ **ထမ်းဆောင်ပြီး** လက်ရှိအခြေအနေနှင့်ရောင့်ရဲနေသူများ ဖြစ်သည်။ စာပေပို့ချ၊ **အဆင့်မြင့်ဒီဂရီ** (ယခုအခေါ်အဝေါ်ဘွဲ့လွန်)စာတမ်းများကို ကြီးကြပ် **ပြင်ဆင်ပေး**၊ ကျောင်းကော်မတီတွေထဲပါဝင်၍ လုပ်ရပ်များကို စေတနာဖြင့် **လုပ်ကိုင်**ကာ ကျောင်းလုပ်ရှားမှုအဝဝတို့၌ ဆင်နွဲနေကြပါသည်။

ဤဆရာများကား တစ်ဘီးလိမ့်လှည်းနှင့် တူနေပါ၏။ သုတေသန လုပ်၍ စာအုပ်စာတမ်းရေးသည့်ဘီး ပြုတ်နေသည်။ ရာထူးချီးမြှင့်ခံရရေးနှင့် **ကင်းဝေး**ပါ၏။

(၂) လေ့ကြီးထိုးလည်းထိုး၊ ခတ်လည်းခတ်၊ ကြိုးနှင့်ဆွဲတန်လည်း **ဆွဲသည့်** ဆရာများ-အထက်ပါဆရာများကဲ့သို့ ဝတ္တရားမပျက်မကွက် ဆောင်ရွက် **နေရုံနှင့်** အားမရသေးဘဲ အကွက်ရိုက်ကာ သုတေသနလုပ်ငန်းကို မလျှော့တမ်း **မာန်ဖြင့်** ဆောင်ရွက်နေသူတို့ ဖြစ်ပါ၏။ ဤပုဂ္ဂိုလ်တို့အား သူတို့ အတွေး **အမြင်**အရ နှစ်စား ထပ်ခွဲနိုင်ပါသည်။

(က) စာတမ်းပြုစုကာ အဆင့်မြင့် Ph.D ဒီဂရီကိုလည်းကောင်း၊ စာအုပ်ရေးကာ အမြင့်ဆုံး D.Lit., D.Sc. စသည့် ဒီဂရီတွေကိုလည်းကောင်း ယူသူများနှင့်၊

(ခ) အဆင့်မြင့်ဒီဂရီတွေ ထပ်မယူဘဲ စာအုပ်စာတမ်းတွေကိုသာ သဲသဲမဲမဲပြုစုနေသူများ ဖြစ်ကြပါ၏။

အထက်ပါပညာရှင်များကား ဦးတည်ချက်ချင်း တူ၏။ လိုက်သည့် လမ်းသာ အတန်ငယ်ကွဲပြားသည်။ နှစ်ဦးစလုံးက အမှန်တရားရှာသည်။ ပထမပုဂ္ဂိုလ်က ခရီးသွားရင်းဟန်လွှဲဆိုသလို စာတမ်းစာအုပ်တွေ ရေးသားကာ ဒီဂရီတွေယူသွား၏။ ဒီဂရီသံယောဇဉ်ရှိဟန်တူသည်။ နှောင်းခေတ်ပညာရှင်ဟု ခေါ်ရလေမလား မသိ။ ဒုတိယအစားကား သမားရိုးကျပညာရှင်များဟု ခေါ်ဆိုချင်ပါသည်။ ပထမဒီဂရီဖြင့် လုံလောက်ပြီ။ သင်္ကေတသာဖြစ်သည့် အဆင့်မြင့်ဒီဂရီယူသည်မှာ ပကာသနဖြစ်သည်။ မယူဘဲ ပညာရှင်ရတနာ စာအုပ်စာတမ်းတွေကိုသာပြုစုပါက အကျိုးကျေးဇူးပိုများပေသည်ဟု ယူဆ၏။ ယူဆသည့်အတိုင်း ဦးလည်မသုန် လုပ်ကိုင်သွားသည်။

၃၊ ၂၊ ၁။ ။ဒီဂရီအာနိသင်နှင့် ပညာ့ရှင်ရတနာတန်ဖိုး

ဆိုခဲ့သောပညာရှင်တို့အနက် ချီးမြှောက်သင့်သူအား ချီးမြှောက်ရာသည့် အခွင့်အရေး ပေါ်လာစမြဲတည်း။ ဆရာသစ်ခန့်ရာ၌ ပညာအရည်အချင်း၊ အဆင့်အတန်းပြဒီဂရီကိုသာ မှတ်ကျောက်အဖြစ် ထား၏။ ဝါရင့်သူကို ချီးမြှင့်လိုသည့်အခါ ဒီဂရီကိုသာမက ပညာအရင့်အကျက် သာဓကပြ စာအုပ်စာတမ်းတွေကိုပါ ထည့်သွင်းစဉ်းစားရပါ၏။ တစ်ခါတစ်ရံ ပညာအဆင့်အတန်းသညာနှင့် ပညာအရင့်အကျက်သာဓကတို့ကို နှိုင်းယှဉ်ဉာဏ်ချိန်ခွင်ထဲထည့်ချိန်ပြီးမှ ဆုံးဖြတ်နိုင်သည့်အခြေအနေမျိုး ပေါ်လာတတ်၏။

တက္ကသိုလ်က ပါမောက္ခရာထူးခန့်အပ်ဖို့ အရေးကြုံလာသည်ဟု ဆိုကြပါစို့။ စည်းကမ်းအရ လုပ်နေကျအတိုင်း သုခမိန်နှစ်ဦးအပါအဝင် တက္ကသိုလ်ရွေးချယ်ရေး ဘုတ်အဖွဲ့က ပါမောက္ခလောင်းတို့အား ဆန်ကာစိပ်နှင့် တိုက်ချလိုက်သည့်အခါ (အတွေးအမြင်စာစောင် ၆၊ မျက်နှာ ၃၄-၃၅ ရှု) နောက်ဆုံး၌ အကယ်၍ ဆန်ကာတင်နှစ်ဦးသာ ကျန်သည့်အရေးကြုံခဲ့သော် ဒီဂရီနှင့် စာအုပ်စာတမ်းတွေ ထည့်စဉ်းစားရတော့၏။

တစ်ဦးက ပထမဒီဂရီ၊ တစ်ဦးက **Ph.D**ဖြစ်နေသည်။ ပြုစုကြသည့် စာအုပ်စာတမ်း အရည်အသွေးနှင့်ဦးရေကလည်း မတိမ်းမယိမ်း၊ အတွေးအခေါ်၊ အယူအဆ၊ အပြောအဆိုကလည်း သူမသာ ငါမသာသလို ရှိနေသည်။ ဤအခြေအနေမျိုး၌ **Ph.D.** ပိုင်ရှင်ကိုသာ ရာထူးအပ်နှင်းပေမည်။ သို့သော် ပထမလူက ဒီဂရီမှာသာ အဆင့်နိမ့်ပြီး ပညာ့ရှင်ရတနာ၌ တစ်ပန်းသာနေပါက သူ့ကိုသာ ဦးစားပေးပြီး ရာထူးပေးအပ်မည်။ **B.A., B.Sc.** ဒီဂရီနှင့် တက္ကသိုလ်တွေတွင် ပါမောက္ခဖြစ်နေသူများ ဦးရေမနည်းပါ။ ရာထူးခန့်ထားရေးတွင် လုပ်သက်ဝါနုဝါရင့်ကိစ္စကို ထည့်မစဉ်းစားပါ။

ဤသည်တို့ကား ဒီဂရီနှင့်စပ်လျဉ်း၍ ဗြိတိသျှတက္ကသိုလ်များ အစဉ်အလာခံယူချက် ဖြစ်ပါ၏။ ကျွန်တော်မြင်ကွင်းရောင်စဉ် တစ်စိတ်တစ်ဒေသကိုသာ တင်ပြပါသည်။ စိတ်ဝင်စားသူများရှိပါက သိရှိစေရန်သာ ရေးပြလိုက်ရပါ၏။ စံနမူနာထားပြီး အတုယူပါဟု မဆိုလိုပါ။ အနောက်နိုင်ငံသည် အနောက် နိုင်ငံ၊ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံ။

အတွေးအမြင်၊ စာစဉ် ၁၉၊ ဒီဇင်ဘာ၊ ၁၉၈၆၊

ဒီဂရီဘွဲ့ (၂)

၄။ ။ပြင်ပခံယူချက်

ပြင်ပလောကရှိ ဗြိတိသျှလူမျိုးနှင့် မြန်မာပြည်သားများ ခံယူချက်ကို ဆက်လက်အစီရင်ခံပါမည်။ တက္ကသိုလ်ခံယူချက်ကဲ့သို့မဟုတ်။ အတ္တဘက် ပိုယိမ်းနေပါသည်။ အပြစ်မဆိုသာပါ။

၄၊ ၁။ ။ဗြိတိသျှလူမျိုးများ

ဗြိတိန်ပြည်၌ တက္ကသိုလ်နှင့် အဆောင်အယောင် ဒီဂရီတို့သည် ၁၄ ရာစုနှစ်လောက်ကမှစ၍ ထွန်းကားလာပြီး ၁၉ ရာစုနှစ်လောက်ကျခါမှ အသိသညာသည် အရည်လည် အနည်ထိုင်သွားကြောင်းကို ယခင် ဆောင်းပါးတွင် ဆိုခဲ့ပါ၏။ ယခုအခါ ထိုပြည်အရပ်လေးမျက်နှာ၌ တက္ကသိုလ်တွေ အလျှိုလျှို ရှိနေကြပါသည်။ လူအပေါင်းတို့သည်လည်း ဒီဂရီနှင့် ထိတွေ့သူတွေ မနည်းလှပါ။ သို့သော် ဒီဂရီယူနိုင်ခွင့်ရသူတိုင်းမယူကြပါ။ အကြောင်းရှိပါ၏။

မိဘများက မိမိတို့သားသမီးတွေ၏ ပညာအရည်အချင်း၊ ဝါသနာများကို ချင့်ချိန်ဝေဖန်ပြီး တက္ကသိုလ်သို့ လွှတ်တန်မှလွှတ်သည်။ သားသမီးများသည်လည်း အားလုံးက တက္ကသိုလ်သို့သွားချင်မှ သွားသည်။ တက္ကသိုလ်ပညာရေးနှင့် ကံမဆုံသူတို့ကား အခြေခံပညာသင်ကျောင်းတွင် ရိုးရိုးဆယ်တန်းဟု ခေါ်ဆိုရမည့် စာမေးပွဲအောင်သည့်အခါ အလုပ်ထွက်လုပ်သူက လုပ်၊ အသက်မွေးပညာသင်ကျောင်း တက်သူက တက်သည်။ တက္ကသိုလ်နှင့်

အကြောင်းပါသည့် ကျောင်းသားတို့ကား အတန်းမြင့်ဆယ်တန်းစာမေးပွဲကို နောက်ထပ်ဝင်ဖြေသည်။

အဆိုပါကျောင်းသားတို့သည် ပြဋ္ဌာန်းထားရာ ဘာသာများမှ သုံးဘာသာကို ဖြေရ၏။ A,B,C,D,E, အဆင့်ငါးဆင့်အနက် A မှ D တစ်ခုခုနှင့် အောင်ရ၏။ A သုံးလုံးရသူတို့ကို တက္ကသိုလ်တိုင်းက လက်ယပ်ခေါ်ချင်၏။ A,A,B; A,B,B; A.B.C, တို့ကိုရမှ မျက်နှာပန်းလှပါသေး၏။ Dသုံးလုံးပိုင်ရှင်ကား မျက်နှာငယ်ပါသည်။ ဝင်ခွင့်ရသူတို့သည် အများအားဖြင့် အစိုးရ၊ ဒေသန္တရ၊ မြို့ပြနှင့် အကျိုးပြုအဖွဲ့အစည်း အထောက်အပံ့တစ်ခုခုဖြင့် တက္ကသိုလ်ပညာ ဆက်လက်သင်ကြား၏။ ပညာတော်သူက တက္ကသိုလ်တို့မှ ရသော စကောလားရှစ်နှင့် အိတ်ကဆီဗီးရှင်း(Exhibition) ဆုများ ရ၏။ အမေမိဘများ သက်သာရာရ၏။ ဗြိတိန်ပြည် လူဦးရေအချိုးအစားအရ ဆိုလျှင် ဒီဂရီရရှိသူတွေမများလှပါ။

ဗြိတိန်ပြည်သည် မြန်မာပြည်သုံးပုံနှစ်ပုံမျှပင် မကြီးပါ။ လူဦးရေမှာမူ နှစ်ဆကျော်ကျော်လောက် ရှိပါ၏။ ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ဘက်စုံပညာတတ်တွေ ပိုများသည်။ အုပ်ချုပ်ရေးဘက်၌ ဒီဂရီပိုင်ရှင်တို့ အထက်တက်လှမ်းနိုင်ခွင့်ပိုရှိ၏။ ပုဂ္ဂလိကပိုင်စီးပွားရေးစက်မှုလက်မှုတို့တွင် အထက်လွှာပိုင်းတွင် ဒီဂရီဒီပလိုမာ ရရှိထားသူတို့နှင့် မရသည့်သူတို့သည် ပခုံးချင်းယှဉ်ကာ ထမ်းဆောင်နေကြသည်။ သမားရိုးကျ အထက်တန်းပညာ မသင်ခဲ့ရသည့် ထိုသူတို့ကား ဉာဏ်သုံးတတ်၏။ ဝီရိယမွေး၏။ ဇွဲလက်ကိုင်ထား၏။ နေရာတကာ၌ အရာဝင်သည်မှာ အောင်မြင်မှုသာဖြစ်သည်ဟု ယူဆထားသူများအဖို့ ဒီဂရီနှင့် ဒီပလိုမာတို့သည် အဓိပ္ပာယ်မရှိသကဲ့သို့ ဖြစ်သွားပါသည်။ အထက်ပါ အယူအဆသမားဦးရေကား အနောက်နိုင်ငံတွင် မနည်းပါ။

ဒီဂရီရရှိပြီး အလုပ်လက်မဲ့ဖြစ်နေသူတို့သည်လည်း ဗြိတိန်ပြည်တွင် အတော်များများ ရှိပါသည်။ ဒီဂရီသည် ကောင်းကျိုးကိုလည်း ပေးသည်။ ဆိုးကျိုးကိုလည်း ပေး၏။ ဒီဂရီနှင့်နိမ့်သည့် အလုပ်ကိုလည်း အဖက်မတန်ဟု ထင်တတ်သည်။ မြင့်သည့်အလုပ်ကိုလည်း မလှမ်းနိုင်ကြောင်း မြင်မှတ်သည်။ ဒီဂရီနှင့်တန်သောအလုပ်ကို တွေ့ပြန်တော့လည်း အခြားသူများနှင့်

ပြိုင်လျှောက်ရသဖြင့် ရချင်မှရသည်။ 'ရတာမလို၊ လိုတာမရ' ဘဝနှင့် ရင်ဆိုင်တိုးနေ၏။ အလုပ်လက်မဲ့အားလုံးကို အစိုးရက ထောက်ပံ့ကြေး ပေးထား၍ ခံသာပါသေးသည်။

အချုပ်ကိုဆိုရသော် ဒီဂရီသည် ဗြိတိန်ပြည်၌ ရှားပါးသောပစ္စည်း မဟုတ်တော့သဖြင့် တန်ဖိုးရှိသင့်သလောက် မရှိတော့ပါ။ ကြီးပွားတိုးတက်အောင် ယခင်အခါကကဲ့သို့ အထောက်အကူပြုသင့်သလောက် မပြုပေးနိုင်တော့သဖြင့် ရရှိထားသူတို့ အတော်များများက ဂုဏ်မယူတော့ပါ။ ယခုအခါ အမည်နောက်၌ ဒီဂရီတပ်ထားသူတွေမှာ တက္ကသိုလ်လောကတွင် တက္ကသိုလ်လက်စွဲစာအုပ်ထဲပါသည့်ဆရာများနှင့် စာအုပ်ရေးသူပညာရှင်တို့ ဖြစ်ကြသည်။ ထုံးတမ်းစဉ်လာအရ ဆိုင်ရာကလုပ်ပေးပါ၏။ ပြင်ပလောကတွင် ဆရာဝန်အမျိုးမျိုး၊ ဗိသုကာ၊ ဝတ်လုံ၊ ရှေ့နေတို့ ဖြစ်၏။ နေအိမ်၊ ဆေးခန်း၊ ရုံခန်းရှေ့၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်တွေပေါ် ဤအမြင်မျိုး မြင်ရသည်။ ဒီဂရီကိုမှီး၍ အသက်မွေးရသောကြောင့်ဟု ဆိုရပါမည်။ ဂုဏ်ယူလို၍ဟု မဆိုနိုင်ပါ။ ထိုမှအပ ဒီဂရီရရှိထားသူတို့သည် ထိုကဲ့သို့ ပြထားလေ့မရှိပါ။

၄၊ ၂။ ။မြန်မာပြည်သားများ

မြန်မာပြည်သည် ခရစ်သက္ကရာဇ် ၁၈၂၄–၂၆၊ ၁၈၅၂၊ ၁၈၈၅–၈၆ ခုနှစ်များ၌ ဗြိတိသျှလူမျိုးတို့နှင့် စစ်သုံးကြိမ်ဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများ၊ အောက်မြန်မာပြည်၊ အထက်မြန်မာပြည် အသီးသီးတို့ တစ်ဒေသပြီးတစ်ဒေသ ဆုံးရှုံးခဲ့ရသည်။ နောက်ဆုံး တစ်ပြည်လုံး ဗြိတိသျှလက်ထဲ ကျရောက် သွားရ၏။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ နေမှုထိုင်ရေး၊ ဆက်ဆံရေး၊ ပညာရေးတို့တွင် တစ်စတစ်စ ဗြိတိသျှအရိပ်အငွေ့တွေ သန်းလာပြီး ဖုံးလွှမ်းသွားပါသည်။

အမှန်ဆိုလျှင် ဗြိတိသျှတို့အုပ်ချုပ်နှင့်နေသောဒေသများ၌ ၁၈၇၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်က စပြီး အနောက်နိုင်ငံ အယူအဆ အတွေးအခေါ်တွေ ပြန့်ပွားနေပါပြီ။ ၁၉၀၀ ပြည့်နှစ်ရောက်သောအခါ ပိုက်ဆံရှင် အမေမိဘများအချို့က မိမိတို့သားများကို ဗြိတိန်နှင့်အိန္ဒိယတက္ကသိုလ်များဆီသို့ ဒီဂရီတွေယူရန် ပို့ထားနှင့်ကြပြီ။ အချို့ မြန်မာကျောင်းသားများလည်း

အလွတ်ပညာသင်၍ ကာလကတ္တားတက္ကသိုလ်မှ ဒီဂရီများယူကြ။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဖြစ်မြောက်လာပြီး ဒီဂရီတွေအပ်နှင်းပေးသည်။

၁၉၂၂ ခုနှစ်လောက်က ဘုရင်ခံက အုတ်မြစ်ချပြီး ဘွဲ့နှင်းသဘင်ခန်းမကြီးကို တည်ဆောက်ခဲ့၏။ ထိုနှစ်နောက်ပိုင်းတွင် ဒီဂရီအစား ဘွဲ့ဟူသော အခေါ်အဝေါ် ခေတ်စားလာပါသည်။ ဘွဲ့ဟူသောစကားလုံးကို ဤဆောင်းပါးတွင် ယခု စသုံးပါတော့မည်။

၁၉၀၀ ပြည့်နှစ်မှ ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်သို့ကူးစက်လာသည့် ၁၉၄၂ ခုနှစ်အထိ နှစ်ပေါင်း ၄၀ နှစ်ကျော်အတွင်း ဘွဲ့ရသူတို့သည် မြန်မာပြည် လူဦးရေနှင့်စာလျှင် နည်းသည်ဟုဆိုနိုင်ပါ၏။ အကြောင်းရှိပါသည်။

ခေတ်ဆန်သည့် ပစ္စည်းရှင်မိဘများသာ နိုင်ငံခြားသို့မိမိတို့သားများကို လွှတ်နိုင်သည်။ လွှတ်လိုက်သူတိုင်း ဘွဲ့နှင့်ပြန်မလာပါ။ အစိုးရကလည်း တစ်နှစ်လျှင် ပညာတော်သင် ၄-၅-၁၀ဦးသာ နိုင်ငံခြားသို့ပို့၏။ ပို့သူတိုင်းလည်း ဘွဲ့မရခဲ့ပါ။ ရန်ကုန်တက္ကသိုလ်၌ သားသမီးတစ်ယောက် ဘီအေဘွဲ့ရဖို့ရန် မိဘတွေက တစ်လလျှင် ကျပ် ၅၀ မှ ၆၀ အထိ အကုန်အကျခံရသည်။ ယခုအခါ ကျပ် ၅၀၀၊ ၆၀၀ ခန့်နှင့် ညီမျှသည်။ ၁၀ တန်းစာမေးပွဲအောင်၍ တစ်လကို စကောလားရှစ်ဆုငွေ ၂၅ ကျပ်ရသူ ၁၀ ယောက်လောက်၊ အိတ်ကဆီးဗီးရှင်း (Exhibition) ဆုငွေကျပ် ၂၀ ရသူ ၁၀ ယောက်ခန့်နှင့် ရန်ကုန်ကောလိပ်မှ စတိုင်းဖင် (Stipend) ထောက်ပံ့ကြေးငွေ ကျပ် ၄၀ ရသူ မရှိနွမ်းပါးကျောင်းသားကျောင်းသူအချို့တို့၏ မိဘများသာ သက်သာရပါသည်။ ပညာရေးအဆင့်အတန်းမြင့်သဖြင့် အမေမိဘ ငွေကုန်ကျိုးမနပ်သည့် ကျောင်းသူကျောင်းသားတွေလည်း မနည်းပါ။

ထိုစဉ်အခါက မြန်မာပြည်သည် ဗြိတိသျှလက်အောက်ခံ တိုင်းပြည်ဖြစ်နေရသဖြင့် ဘွဲ့ဆွတ်ခူးခဲ့သူ အင်္ဂလိပ်စာပညာတတ် အများစုသည် နေရာတကာ၌ တွင်ကျယ်၏။ တန်ခိုးရှိ၏။ အလုပ်ကောင်းကောင်း၊ ရာထူးကြီးကြီးမှန်သမျှ သူတို့အဖို့လျာထားသလို ဖြစ်နေသည်။ ဘွဲ့အတန်းမြင့်လေ ရာထူးကြီးကြီးရလေပင်။ ဘွဲ့အာနုဘော်နှင့် တန်ဖိုးရှိကြောင်း သိလာသည်နှင့်အမျှ ဘွဲ့ကို ဂုဏ်ယူလာ၏။

၁၉၄၅ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီးသည် ကမ္ဘာ့အရှေ့ဘက်ပိုင်းတွင် ပြီးဆုံးသွားသည်။ ၁၉၄၈ ခုနှစ်၌ မြန်မာနိုင်ငံသည်လွတ်လပ်ရေးပြန်ရသည်။ ထိုအချိန်မှစ၍ တက္ကသိုလ်ပညာရေးပမာဏသည် ဆတက်ထမ်းပိုး ကြီးမားလာ၏။ အုပ်ချုပ်ရေး၊ ပညာရေးပိုင်းတို့၌ မြန်မာပညာတတ်တွေလိုလာသည်။ တစ်နှစ်လျှင် ရေးခေတ်ကကဲ့သို့ ရာနှင်ချီပြီးမဟုတ်၊ ထောင်နှင့်ချီပြီး ဘွဲ့တွေယူကြသည်။

နှစ်အနည်းငယ်အတွင်း ဘွဲ့ရသူအင်အားကများပြီး အလုပ်ခွင်နေရာကနည်းသွားသဖြင့် ဘွဲ့သည် အာနုဘော်နှင့် တန်ဖိုး လျော့ပါးလာသည်။ သို့ဖြစ်လင့်ကစား ရှေးရိုးစဉ်လာအစွဲကို စွန့်ပစ်ရန်ခဲယဉ်း၏။ ဘွဲ့ကို ဂုဏ်ယူစရာတစ်ခုဟူသောအတွေးအမြင်သည် ခေါင်းထဲစွဲလျက် နေကြသူအများအပြား ရှိနေပါသေး၏။

အထက်ပါ သမိုင်းဖြစ်စဉ်မှန်ကြောင်းကို ကျွန်တော့်အတွေ့အကြုံနှင့် ခေတ်မှန်ပြ အရေးအသားတို့မှ သက္ကရာဇ်အစဉ်အတိုင်း တစ်ကန့်စီ ထုတ်ဆောင်တင်ပြပါမည်။

၄၊ ၂၊ ၁။ ။ဘွဲ့နှင့် အာနုဘော်

(၁) ၁၉၀၉ ခုနှစ်တွင် မောင်တင်(ဆရာကြီးဦးဖေမောင်တင်)နှင့် ကျောင်းနေဘက်စုစုပေါင်း ၉ ယောက်တို့သည် ကာလကတ္တားတက္ကသိုလ်မှ B.A စာမေးပွဲအောင်သွားကြသည်။ အစိုးရဌာနအသီးသီးက အလုပ်ဆီးပေးရန် လက်ကမ်းကြိုလိုက်သည်။[၁]

(၂) ၁၉၂၇ ခုနှစ်တွင် မြန်မာစာဂုဏ်ထူးတန်းကို ပထမတန်းမှ ပထမဦးစွာအောင်မြင်သွားသူ မောင်စိန်တင်အား အိုင်စီအက် ခန့်၏။[၂]

(၃) ၁၉၃၆ ခုနှစ်တွင် မြန်မာစာနှင့် ပါဠိဘာသာဂုဏ်ထူးတန်းစာမေးပွဲတို့၌ အဆင့်မြင့်မြင့်မှအောင်သူ ကျွန်တော်နှင့် ကိုဘကျော်တို့အား မြန်မာ၊ ပါဠိဘာသာနည်းပြရာထူးများကို တက္ကသိုလ်က ကမ်းလှမ်းလာ၏။

၁။ မလေးလုံ၊ ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်။ ပ-၂၅၁

၂။ ယင်းစာ ၄၇၉

မကြာမီ ကိုဘကျော် အိုင်စီအက် ဖြစ်သွားသည်။ ကျွန်တော် ပညာသင် စကောလားရှစ် ရသည်။

၄၊ ၂၊ ၂။ ။ဘွဲ့နှင့်တန်ဖိုး

(၁) ၁၉၀၇ ခုနှစ်၌ အိုင်အေ အထက်တန်းစာမေးပွဲဖြေထားသော မောင်တင်အား ဘီအေအောင်လျှင် ဘိလပ်သို့ပို့ပြီး ပညာစုံ၍ပြန်ရောက်လာသည့်အခါ သူ့သမီးအငယ်နှင့် လက်ထပ်စေလိုသော သဘောဖြင့် ဝန်ထောက်ကြီးက 'သွေးတိုးစမ်းသလို' မေးလိုက်သည်။[1]

(၂) ၁၉၀၉ ခုနှစ်၌ 'ဘီအေအောင်လျှင် ငွေနှစ်သောင်းလောက်ပါတဲ့ မိန်းကလေးရမယ်'ဟူသော စကားမျိုးတွေ ပေါ်နေပါပြီ။ (ထိုခေတ်က ငွေနှစ်သောင်းသည် ယခုအခါ နှစ်သန်းခန့် တန်ပေလိမ့်မည်။[2]).

(၃) ၁၉၃၈-၃၉ ခုနှစ် ဗြိတိန်ပြည်သို့ ပညာတော်သင်သွားကြသူ ကျွန်တော့်မိတ်ဆွေ လေး-ငါးဦးတို့ ၁၉၄၆-၄၇ ခုလောက်၌ မြန်မာပြည်သို့ ဘွဲ့ကြီးတွေနှင့်ပြန်လာသောအခါ အားလုံးလိုလိုပင် မစ္စည်းရှင်သမီးများနှင့် အိမ်ထောင်ပြုကြသည်။ တစ်ဦးကား ရန်ကုန်ဆိပ်ကမ်းသို့ သူ့သင်္ဘောဆိုက်ကပ်သည့်အခါ သူဌေးသမီးတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်းရေးကိစ္စ ပြီးစီးနှင့်ပြီဟု ကြားရပါ၏။

၄၊ ၂။ ။ဘွဲ့နှင့် ဝုဏ်ဒြပ်

(၁) မှတ်မိသမျှပြောရလျှင် ၁၉၃၁ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် မြန်မာပြည်၌ မြန်မာလူမျိုးတို့ အပါအဝင် ပညာရှင်၊ရာထူးရှင်အများအပြား နာမည်နောက်က ဘွဲ့၊ ဘွဲ့တွေ တပ်ပေးထားသည်ကို သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေထဲ တွေ့မိပါသည်။

တစ်မူကွဲပြီး ကိုယ့်ဘွဲ့တွေ ကိုယ်တပ်ထားသည့်အခြင်းအရာတို့ကို ဆရာဝန်၊ သွားနှင့်ခံတွင်း ဆရာဝန်၊ ရှေ့နေ၊ ဝတ်လုံတို့၏ အိမ်ရှေ့နှင့် ရုံးခန်း၌ တွေ့မြင်ရပါ၏။

၁။ ပင်းစာ ၁၉၃-၁၉၄

၂။ မအေးခင်၊ ချစ်ရိုးအမှန်၊ ၆၆။

(၂) ၁၉၄၃ ခုနှစ်လောက်က လန်ဒန်တက္ကသိုလ်ပီအိပ်ချ်ဒီဘွဲ့အတွက် စာတမ်းရေးနေစဉ် ကျွန်တော့် ဆရာကြီး ဒေါက်တာ ဂျေ၊ အေ၊ စတူးဝတ် ပြုစုနေသော မြန်မာ-အင်္ဂလိပ် အဘိဓာန်ကြီးကို တစ်ဘက်မှ ကူညီပေးနေပါ၏။ ၁၉၃၄ ခုနှစ်အထိ ဆယ်နှစ်ကျော်ကျော် မြန်မာပြည်၌ စုဆောင်းပြီးခဲ့သော အဘိဓာန် ကတ်ပြားများအကြောင်း စကားစပ်မိ၍ ကိုယ့်အမည်နှင့်တွဲ၍ ဘွဲ့တပ်ထားသူ မြန်မာလူမျိုးနှစ်ဦးအကြောင်းကို ကြားသိခဲ့ရပါသည်။

အဘိဓာန်ကတ်ပြားများကို မြန်မာပညာရှင်အချို့က မေတ္တာရိသက်သက်၊ အချို့က ဥာဏ်ပူဇော်ခယူပြီး စုဆောင်းပေးသည်။ တစ်လ တစ်ကြိမ်ဆိုသလို အဘိဓာန်ရုံးသို့ ကတ်ပြားများကို အမည်၊ နေရပ် စသည်တို့နှင့်အတူ ပို့ပေး၏။ ထိုသူတို့အနက်မှ နှစ်ဦးတို့သည် တစ်ဦးက B.Litt.၊ တစ်ဦးက B.P.K.ဘွဲ့ကို အမည်နောက်တွင် ထည့်ရေးထားသည်။ အကြိမ်ကြိမ် ဤကဲ့သို့မြင်ရသောအခါ ဆရာကြီးဦးဖေမောင်တင်တစ်ဦးတည်းသာ ထိုခေတ်၌ B.Litt. ဘွဲ့ကိုရကြောင်း သိသည်။ B.P.K. ဘွဲ့ကိုကား လုံးဝမသိ။ ထို့ကြောင့် သက်ဆိုင်သူတို့အား မေးမြန်းကြည့်ပါတော့သည်။ ပထမလူက B.Litt.ဘွဲ့စာလုံးကို ကြိုက်နှစ်သက်လွန်း၍ တပ်ထားကြောင်း၊ ဒုတိယလူက B.P.K. ဘွဲ့ကို အမေရိကန်ပြည် ကောလိပ်ကျောင်းတစ်ကျောင်းမှ စာပေးစာယူလုပ်ပြီး ရခဲ့ကြောင်း၊ B.P.K. သည် Bachelor of Poultry Keeping ကြက်မွေးမြူရေးဝိဇ္ဇာဘွဲ့ဖြစ်ကြောင်း ဖြေဆိုသည်ဟု ဆရာကြီးက ပြောပြပါ၏။

(၃) ၁၉၄၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း လန်ဒန်တက္ကသိုလ်၌ အမှုထမ်းနေစဉ် ဒြပ်ဂုဏ်ကြီးမားလာစေဖို့ နာမည်နောက်၌ ဘွဲ့တွေတပ်ဆင်နိုင်စေရန် လိုသည်ထက်ပိုပြီး တစ်ခုပြီးတစ်ခုယူခဲ့သည့် မြန်မာပညာရှင်အချို့တို့ကို ကြုံတွေ့ခဲ့ဖူး၏။ ဗြိတိန်ပြည်မှ သမားရိုးကျ ပညာရှိကြီးတို့က ဤကဲ့သို့ ဘွဲ့တွေ လိုက်ယူနေသူအား Tin pots collector 'သံဖြူခွက်တွေ စုဆောင်းသူ'ဟု သမုတ်လေ့ရှိသည်။ ဘွဲ့တွေများတိုင်း ပညာရှိမည်၊ ပညာရှိတိုင်း ဘွဲ့တွေမများဟူ၍ ထိုပုဂ္ဂိုလ်ကြီးတို့က ဆိုကြသည်

(၄) ၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော် မြန်မာပြည်သို့ ပြန်ရောက်လာသည်။ ကြေးမုံစသော သတင်းစာတွေထဲ စေ့စပ်ကြောင်းလမ်း၊ လက်ထပ်

မင်္ဂလာစသော သာရေးနှင့် အနိစ္စရောက် နာရေးကြော်ငြာသတင်းများကို ဖတ်ရပါ၏။

သာရေးအခန်း၌ သတို့သားနှင့် သတို့သမီးနာမည်နောက်တွင် B.A. (Botany), (Burmese), (Physics); M.A. (Q) (Burmese), M.A. (Thesis) စသည်တို့ကို မြင်ရသောအခါ စိတ်ထဲတစ်မျိုး ဖြစ်သွား၏။ အနောက်နိုင်ငံတွင် ဤလေ့မျိုး မမြင်ဖူးပါ။ ကျွန်တော်တို့ခေတ်တွင်လည်း မြန်မာပြည်၌ ဤကိစ္စမျိုးဝယ် ဘွဲ့အစား ရာထူးရှိလျှင် ရာထူးကိုသာ အမည်နောက်က ထည့်ထားလေ့ရှိပါသည်။ မရှိလျှင် ဘာမျှ မပေးထားပါ။

ကျွန်တော့်ခေါင်းထဲသို့ ထိုခေတ်အခါ၌ အိန္ဒိယပြည် တက္ကသိုလ်ကျောင်းသားနှင့် ကျောင်းထွက်အတော်များများက B.A.(Pre) ဘီအေအကြိုတန်း၊ B.A.(Failed)ဘီအေစာမေးပွဲစသည့် ဒီဂရီဆန်းတွေကို အမည်နှင့်တွဲပြီး ကတ်ပြားပေါ် ရိုက်လိုရိုက်ထား၊ အလုပ်လျှောက်လွှာထဲထည့်ပြီး လျှောက်လိုလျှောက်သည့်ထုံးကို သတိရမိ၏။

နာရေးတွင်လည်း အထက်ပါ ကြော်ငြာမျိုးကို တွေ့ရပါ၏။ ပညာပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တို့ အနိစ္စရောက်သည့်အခါ အမည်နှင့်ဘွဲ့ အတူတူပေးထားသည်မှာ သဘာဝကျပါသည်။ ပညာရှင်တို့၏ ဒြပ်ဂုဏ်ဖြစ်သည်။ အနောက်နိုင်ငံ၌ နာမည်ကျော်ပညာရှိကြီးတစ်ဦး အနိစ္စရောက်သည့်အခါ နာရေးသတင်းကို သတင်းစာကြီးတစ်စောင်ထဲ တစ်ကော်လံနှစ်ကော်လံ ထည့်ရေး၏။ ထိုပုဂ္ဂိုလ်၏ ဘွဲ့တွေ အကုန်ထည့်ပေးလေ့ရှိသည်။

အထက်ပါ ပုဂ္ဂိုလ်များမှအပ သာရေး နာရေးကဏ္ဍထဲ လူအမည်နှင့်အတူ ဘွဲ့များထည့်ပေးထားသည်မှာ ဂုဏ်ယူလို၍ဖြစ်သည်ဟု အခြားသူတို့က စွပ်စွဲစရာအကြောင်း ရှိပါ၏။ သို့သော် သတို့သား၊ သတို့သမီးရှင်များတို့ကလည်းကောင်း၊ အနိစ္စရောက်သွားသူတို့၏ မိသားစုများကလည်းကောင်း တစ်သက်တစ်ခါဆိုသလို ကြုံရသည့် ဤကိစ္စမျိုးတို့၌ နောက်ဆုံးဂုဏ်ပြုရသည့်အမှုကို မကန့်ကွက်ကြပါနှင့်။ အများမိုးခါးရေသောက်နေသည့် ထုံးစံသည် ခေတ်စားနေပါပြီ။ ခေတ်အားကို မည်သူမျှမဆန်သာဟု စာဒကတက်ကောင်းတက်ကြပေလိမ့်မည်။

စာဒကတက်စရာ မလိုသူတို့ကားနေအိမ်ရှေ့၊ အလုပ်ခန်းရှေ့တို့တွင် ဆွဲထားသော ဆိုင်းဘုတ်၌ အမည်နှင့်ဘွဲ့များကို တပ်ထားသူ ဆရာဝန်အမျိုးမျိုး၊ ရှေ့နေနှင့် ဗိသုကာတွေပင်။ အနောက်နိုင်ငံတွင် ဤအခြင်းအရာမျိုး တွေ့ရပါသည်။ သူတို့၏ ပညာဂုဏ်ကို ဖော်ပြပြီး အသက်မွေးနေကြရသူတို့ ဖြစ်ပါ၏။

နိဂုံး

အင်္ဂလိပ်စကားလုံး ဒီဂရီဟူသော အသိသညာသည် မြန်မာပြည်သို့ အနောက်နိုင်ငံမှ ၁၉၀၀ ပြည့်နှစ်မတိုင်မီလောက်က ရောက်လာပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒီဂရီ(degree) နေရာ၌ မြန်မာသဒ္ဒါဘွဲ့(title)ကို သုံးနှုန်းကြ၏။ ထိုအခါမှစ၍ ဘွဲ့၏ဂုဏ်သည် ပိုပြီး ကြီးမားသည်။

ဘွဲ့သည် ရှေးမြန်မာမင်းတို့ မင်းခမ်းမင်းနား အဆောင်အယောင်တစ်ပါး ဖြစ်၏။ ရှေးမြန်မာဘုရင်ခေတ်က ဘုရင်၊ မိဖုရား၊ သားတော်၊ သမီးတော်များ၊ ဆွေတော်မျိုးတော်များ၊ သူကောင်းပြုခံရသော မင်းခစားများ၏ ဒြပ်ဂုဏ်တစ်ခုပင်။ ဗြိတိသျှခေတ်၌လည်း ကျက်သရေဆောင်ရွှေစလွယ်ရမင်း(K.S.M)၊ အမှုထမ်းကောင်း တံဆိပ်တော်မင်း(A.T.M) စသော ဘွဲ့တွေရှိပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြန်ရပြီးသည့်နောက်၌လည်း သီရိပျံချီအစ သိပ္ပံကျော်စွာအဆုံး ဘွဲ့တွေတီထွင်ခဲ့ပါ၏။ ဘွဲ့သည် ဒီဂရီထက် ခမ်းနားသည်ဟူသော အနက်သညာသည် မသိမသာ ခေါင်းထဲဝင်လာ၏။

၁၉၀၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ နှစ်ပေါင်းနှစ်ဆယ်အတွင်း (B.A.,M.A.)ဒီဂရီများရသူ ဦးရေမှာ မပြောပလောက်ပါ။ ပွဲလယ်တင့်၍ မျက်နှာပွင့်ကြသည်။ အလုပ်ကြီးအကိုင်ကြီး ရာထူးဌာနန္တရကြီးတို့သည် သူတို့၏ ပစ္စည်းဖြစ်ကြ၏။

၁၉၂၀ မှ ၁၉၄၀ ပြည့်နှစ်အထိလည်း တက္ကသိုလ်ဘွဲ့ရသူတို့ဦးရေပိုများလာခဲ့ကြားလည်း လူတော်လူကောင်းတို့သည် ရှေးခေတ် နောင်တော်ကြီးများနည်းတူ တန်ခိုးရှိကြပါသေးသည်။ ဂုဏ်အင်ကြီးမားပါသေး၏။ ကျန်လူတို့ကား ဘဝကိုရုန်းကန်စပြုနေကြရသည့် လက္ခဏာများ ပေါ်နေပါပြီ။

၁၉၄၅ မှ ၁၉၈၅ အထိ နှစ်ပေါင်းလေးဆယ်အတွင်းမှာမူ ရန်ကုန်တက္ကသိုလ်များမှ ရေလွှတ်တံခါး ဖွင့်လွှတ်လိုက်သည့်အလား ဘွဲ့ရသူများ ထွက်လာကြ၏။ အလုပ်က လူကိုလိုက်မရှာဘဲ လူက အလုပ်ကို လိုက်ရှာနေရတော့သည့်ခေတ်သို့ ချဉ်းနင်းလာခဲ့ပါသည်။ သို့သော် ဘွဲ့ရသူကာယကံရှင်များကသော်လည်းကောင်း၊ မိဘအုပ်ထိန်းသူများကသော်လည်းကောင်း ဘွဲ့ကို ဂုဏ်ယူမြဲ ယူနေကြောင်းကို သာဓကများပြခဲ့ပါပြီ။ ဘာကြောင့်ပါလိမ့်။

တိုင်းတစ်ပါးမှလာသော ပညာအရည်အချင်းပြ သင်္ကေတရိုးရိုး စကားလုံးဒီဂရီကို ဘွဲ့ဟူသော မြန်မာအခေါ်အဝေါ်သို့ ပြောင်းခဲ့သည်ဟု ဆိုခဲ့ပြီးပါပြီ။ ဒီဂရီသည် ရှေ့အခါကကဲ့သို့ ဂုဏ်တန်ဖိုးရှိနေသည်ဟူသောအစွဲ တွယ်ကပ်နေသည့်အထဲ ဘွဲ့သည် ခမ်းနားတင့်တယ်သော ပစ္စည်းပါတကားဆိုသည့် အသိသညာက ထပ်လောင်းဖြည့်စွက်ခဲ့၏။ ထို့ကြောင့် ဘွဲ့ကို ဂုဏ်ယူနေ ကြဆဲဟုဆိုလျှင် မှားမည်မထင်။ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသော စကားကို ထောက်ရာ၏။

အတွေးအမြင်၊ စာစဉ် ၂၀၊ ဇန်နဝါရီ ၁၉၈၇။

ပါရမီနှင့် ဆရာ(၁)

၁။ ။ပါရမီ

ဆရာဖြစ်ချင်သည့်အာသီသဗီဇသည် ကျွန်တော် ၁၀တန်းအောင်ပြီးစ ကတည်းကလိုပင် ခေါင်းထဲကိန်းအောင်းလာသည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်း တက်နေစဉ်အတွင်း ကြီးမားရင့်သန်လာသည်။ တစ်ခုတည်းသောခံယူချက်ဖြင့် ဉာဏ်၊ ဝီရိယ၊ ဇွဲနပဲတို့ကို အားကိုးပြီး ဘဝလှေကားကို တစ်ဆင့်တစ်ဆင့်တက်လာခဲ့ရာ ၁၉၄၈ ခုနှစ်တွင် လှေကား ထိပ်၌ ခြေစုံရပ်တည်မိပါသည်။ ၁၇ နှစ်ကြာသော်လည်း ကြာရကျိုးနပ်ပေ၏။

မုတ်ကောင်ထဲသို့ ပြင်ပမှဝင်လာသော အရာဝတ္ထုတစ်ခုခုသည် တဖြည်းဖြည်း ပုလဲလုံးကလေးဖြစ်လာတတ်ပါသည်။ ထို့နည်းတူ မော်လမြိုင်မြို့ အစိုးရအထက်တန်းကျောင်း ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း တို့၌ ကျွန်တော့် ခေါင်းထဲ ထိုအာသီသသည် တစ်စတစ်စရောက်လာ၏။ ၁၀ တန်းအောင်သည့် အခါ ဗီဇဖြစ်လာဟန်တူ၏။ တစ်တန်းလျှင် ကျောင်းသား ၂၈ ယောက်လောက် သာရှိသည့် ထိုသုံးတန်းစလုံး၌ သုံးနှစ်ကြာကြာ မြန်မာစာနှင့် မြန်မာ့သမိုင်းကို အင်္ဂလိပ်လိုသင်ပြသော ဆရာဦးစံထွန်းအောင်သည် ကျွန်တော့်အားခင်မင်ပြီး အထင်ကြီးလာ၏။ နိုင်ငံခြားပညာတော်သင်အဖြစ် သွားနိုင်ရန် ဝီရိယထုတ်ဖို့ မကြာခဏတိုက်တွန်း၏။ ကျွန်တော်လည်း ဆရာကိုကြည်ညိုပြီး သူ၏ ခြေရာကို နင်းလိုစိတ်ပေါ်လာသည်။ ရန်ကုန်တက္ကသိုလ်ရောက်၍ မြန်မာစာ

ဂုဏ်ထူးတန်းသားဖြစ်နေစဉ် ဘီလပ်ပြန်ပါမောက္ခဦးဖေမောင်တင်နှင့် ဆုံစည်းရသည့်အခါ သူ၏ဘဝကို အားကျခြင်းမက **အားကျမိ၏**။ နောက်ဆုံး ကျွန်တော်ဆရာဖြစ်လာ၏။

အတိတ်ကိုပြန်စဉ်းစားလိုက်လျှင် မြန်မာတစ်ပြည်လုံးမှ၍ကျွန်တော်နှင့် တစ်နှစ်တည်း ၁၀တန်း အောင်သူများအနက် ကျွန်တော့်ထက် ထူးချွန်သူအချို့တို့သည် တစ်ခုတည်းသော ဦးတည်ချက်ဖြင့် မှန်းခြေသို့ရောက်အောင် ဦးလည်မသုန်လုမ်းခဲ့ကြပါ၏။ ပန်းတိုင်ကား အိုင်စီအက်(အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း)[၁]၊ ဘီစီအက် (မြန်မာပဋိညာဉ်ခံဝန်ထမ်း)ရာထူးများ ဖြစ်၏။ လိုရာသို့ရောက်သူရောက်၊ မရောက်သူမရောက်ပါ။ မရောက်သူတို့သည် မမျှော်မှန်းထားသည့် အလုပ်အကိုင်ဖြင့် ရောင့်ရဲကြရသည်။ 'ကြံလျက်နှင့်ပျက်၊ မကြံလျက်နှင့်ဖြစ်'ဟူသော စကားသည် သူတို့အတွက် မှန်၏။ ကျွန်တော့်အတွက် မှား၏။

ကျွန်တော်က ပါရမီပါလာပြီး သူတို့က ကံဇာတာပါမလာ၍လား။ ကံသည် ကျွန်တော်တို့၏ ဘဝဖြစ်စဉ်သဏ္ဌာန်ကို ကြိုတင်ပုံသွင်းထားနှင့်ပါသလား။

၁၁.၁။ ။ရန်ကုန်တက္ကသိုလ်

၁၉၃၁ ခုနှစ်တွင် ၁၀တန်းအောင်၍ ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော်ရောက်လာပါသည်။ ထိုခေတ်က တက္ကသိုလ်ဝိဇ္ဇာသိပ္ပံပညာရေးစနစ်သည် အောက်ပါအတိုင်း ဖြစ်ပါ၏။ ပထမနှစ်၊ ဒုတိယနှစ် ဝိဇ္ဇာဥပစာတန်း၊ I.A (Intermediate of Arts)နှင့် သိပ္ပံဥပစာတန်း I.Sc (Intermediate of Science)၊ ပထမနှစ်၊ ဒုတိယနှစ် ဝိဇ္ဇာတန်း B.A နှင့် သိပ္ပံတန်း B.Sc ဟူ၍ ၄ တန်းရှိ၏။ ရိုးရိုးဝိဇ္ဇာသိပ္ပံတို့ကို ၄ နှစ်နှင့် ဆွတ်ခူးနိုင်သည်။ ဂုဏ်ထူးဘွဲ့ယူလိုသူတို့မှာမူ တစ်နှစ်ပိုနေရပါ၏။ မြန်မာစာမှ လွဲ၍ အခြားဘာသာအားလုံးတို့ကို အင်္ဂလိပ်လိုသာ သင်ပါသည်။

---

[၁]။ 'မိုးကျရွှေကိုယ်ရာထူး'၊ မလေးလုံ၊ ပေမောင်တင် သို့မဟုတ် ဘသက်ရှည်(ပ)၊ ရန်ကုန် ၁၉၆၉၊ မျက်နှာ ၄၈၃။

ပထမနှစ် ဝိဇ္ဇာသို့မဟုတ် သိပ္ပံတန်းသားဖြစ်ခါစ၌ ကိုယ်သန်ရာဘာသာရပ်တွင် ဂုဏ်ထူးယူလိုကြောင်းကို သက်ဆိုင်ရာပါမောက္ခထံ အစီရင်ခံရပါသည်။ အောင်မှတ်အဆင့်မြင့်၍ အခွင့်ပြုလျှင် အစမ်းဂုဏ်ထူးတန်းသားအဖြစ်နှင့် ရိုးရိုးဝိဇ္ဇာသိပ္ပံ အတန်းတက်နေရ၏။ ဥပစာတန်း၌ ၅ ဘာသာယူရသော်လည်း ဝိဇ္ဇာသိပ္ပံတန်းတွင် ၃ ဘာသာ သင်ရသည်။ နှစ်ကုန်လျှင် စာမေးပွဲဝင်၊ ကိုယ့်ဘာသာ၌ သတ်မှတ်ထားသည့် အဆင့်မီပါက ဒုတိယနှစ် ဂုဏ်ထူးတန်း၊ ထိုမှ တတိယနှစ်ဂုဏ်ထူးတန်းသို့ ဆက်တက်ရသည်။ ထိုနှစ်နှစ်စလုံးဝယ် ဂုဏ်ထူးဘာသာကိုသာ အဓိကသင်ယူရ၏။ ကံ၊ ဉာဏ်၊ ဝီရိယအလိုက် စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ ရိုးရိုးတန်း တစ်တန်းတန်းနှင့် အောင်ပါသည်။

ပထမနှစ် ဝိဇ္ဇာတန်းသို့ရောက်သည့်အခါ တက်မည့်လေကား ပထမဆင့်သို့ ကျွန်တော့်အား ပင့်တင်ပေးသော ပုဂ္ဂိုလ်ပေါ်လာပါသည်။ ၁၀တန်းစာမေးပွဲ၌ ကျွန်တော်သည် စကောလားရှစ်ရ၍သာ တက္ကသိုလ်သို့လာနိုင်၏။ ရသူတိုင်း ဂုဏ်ထူးဘွဲ့ယူရ၏။ ရိုးရိုးဘွဲ့ယူလိုလျှင် ဤဆုငွေကို လက်လွှတ်လိုက်ရသည်။ ၁၉၃၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ကမ္ဘာနှင့်အမျှ စီးပွားရေးဆုတ်ယုတ်လာနေ၏။ ပညာသင်ပေးသော ဒေါ်ဒေါ်လေးဦးတို့က 'ငွေတွင်းနက်လာပြီ၊ တစ်နှစ်ပိုနေဖို့ ငွေမလိုက်နိုင်တော့ဘူး၊ ရိုးရိုးဘွဲ့ပဲ ယူပြီး အိုင်စီအက်၊ ဘီစီအက် စာမေးပွဲတစ်ခုခုဝင်ဖြေပါ'ဟု စာရေးလာ၏။ စကောလားရှစ်မရလျှင် ကျောင်းထွက်ရမည်မှာ မုချ။ ထို့ကြောင့် မှုရှိန္ဓမ်းပါးကျောင်းသားတို့အားထောက်ပံ့သည့် ကောလိပ်'စတိုင်းဖင်ဘုတ်'(Stipend Board) အဖွဲ့ထံ အသနားခံလျှောက်လွှာတင်ပါ၏။

ချိန်းထားသောနေ့တွင် ၃ ဦးအဖွဲ့ လူကြီးတို့နှင့် သွားတွေ့ပါသည်။ သဘာပတိသည် ကမ္ဘာ့အရှေ့ဖျားသမိုင်းပါမောက္ခနှင့် မွန်မြန်မာပျူကျောက်စာပါရဂူဆရာကြီး ဂျီ၊အိတ်ချ်၊လု(စ်)(G.H.Luce)အခြားတစ်ဦးက ကျွန်တော်နေသော ပုဂံကျောင်းဆောင်[၁] လက်ထောက်အဆောင်မှူး သချာကထိကဆရာဦးကာတို့ ဖြစ်၏။ ကျန်အဖွဲ့ဝင်လူကြီး၏အမည်ကို မမှတ်မိတော့ပါ။

---

[၁]။ ဒုတိယစစ်အတွင်း ပျက်စီးသွားသည်။ သထုံကျောင်းဆောင်နား ရှိ၏။

သဘာပတိသည် လျှောက်လွှာကိုဖတ်နေရာမှ မျက်လွှာကိုပင့်၍ သူ၏ အတန်းသားကျွန်တော့်အား လှမ်းကြည့်လိုက်ပါ၏။ ပြီးနောက် လျှောက်လွှာကို လက်ဖဝါးနှစ်ဖဝါးဖြင့်လုံးချေကာ ဘေးနားရှိ အမှိုက်ခြင်းတောင်းထဲ ပစ်ထည့်လိုက်ပြီး ကျွန်တော့်အား စိမ်းစိမ်းကြီးကြည့်နေ၏။ ကျွန်တော်လည်း မှင်တက်မိနေ၏။ တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ 'မောင်လှဘော၊ သွားနိုင်ပြီ' ဟုဆိုလိုက်သော ဆရာကာ၏အသံကို ကြားကြားချင်း အခန်းအပြင်ဘက် ပြေးထွက်သွား၏။

ထိုနေ့ည စာကြည့်ချိန်၌ ဆရာဦးကာသည် ညစဉ်ပြုနေကျအတိုင်း ကျောင်းဆောင်ကို လှည့်လည် စစ်ဆေးပါသည်။ ၈ နာရီအချိန်လောက် ကျွန်တော့်အခန်းရှေ့ရောက်လျှင် ခေတ္တရပ်နေ၏။ ကျွန်တော်လည်း အခန်းထဲမှ ထွက်လာပြီး တွေ့၏။ ဆရာက 'ဆရာကြီးလုစ် မင်းကို အင်မတန်စိတ်ဆိုးနေတယ်၊ မင်းလိုတော်တဲ့ ကျောင်းသားတစ်ယောက်ဟာ ဂုဏ်ထူးတန်း မတက်လိုဘူးဆိုတာ သူသိတဲ့အခါ ကရုဏာဒေါသောနဲ့ မင်းရဲ့လျှောက်လွှာကို သူခြေပစ်လိုက်တယ်၊ မင်းဟာ သမိုင်းနဲ့မြန်မာစာမှာ အမှတ်ကောင်းကောင်းနဲ့ ဥပစာတန်း အောင်ခဲ့တယ်၊ ဒီဘာသာတစ်ခုခုကို ဂုဏ်ထူးယူစေလိုတယ်လို့ ဆရာသိရတယ်' ဟု အတွင်းစကား ကြားရ၏။ ကျွန်တော်က အကျိုးအကြောင်း ပြောပြရာဆရာက 'နက်ဖြန်ခါ ဆရာကြီးနဲ့ တစ်ချက်သွားတွေ့လိုက်ရင် ကောင်းမယ်' ဟု ဆိုပြီး ရှေ့ဆက်လျှောက်သွား၏။

နောက်တစ်နေ့၌ ချိန်းပြီး သွားတွေ့ပါသည်။ ဆရာကြီးသည် ထိုအခါ၌ ခေတ္တကျောင်းအုပ်ကြီး ဖြစ်နေ၏။ ဒေါ်ဒေါ်တို့ထံမှ စာအကြောင်း ပြောပြသည်။ ဆရာကြီးက 'စကောလားရှစ် ၂၅ ကျပ်ဟာ ကျောင်းအိပ် ကျောင်းစားခ ကာမိတယ်၊ ကျောင်းလခ ၁၂ ကျပ်[၁] မပေးရတော့ဘူးဆိုရင် တစ်လမှာသုံးဖို့ ဘယ်လောက်လိုမလဲ' ဟု မေး၏။ '၂၀၊ ၂၅ ကျပ်လောက်ပါ' ဟု ပြန်ဖြေရာ 'ဒီငွေကို အိမ်ကမပို့နိုင်ဘူးလား' ဟု ထပ်မေး၏။ 'ပို့နိုင် ကောင်းပါရဲ့' ဟု ပြောလျှင် 'ဒီလိုဆို ကျောင်းလခမပေးနဲ့တော့၊ ဘယ်ဘာသာ ဂုဏ်ထူး ယူမလဲ' ဟူသော အမေးသည် တစ်ဆက်တည်း ထွက်လာပြန်ပါသည်။

၁။ ဥပစာတန်း၌ ၉ ကျပ်၊ ဝိဇ္ဇာသိပ္ပံတန်းတွင် ၁၂ ကျပ် ပေးရသည်။

'မြန်မာဘာသာပါဆရာကြီး' ဟု ဆိုလိုက်သည့်အခါ ဆရာကြီးက ပြုံးပြုံးကြီး လုပ်နေပါသည်။

ဤ၌ သမိုင်းနှင့် မြန်မာဘာသာရှိသည့်အနက် ဘာကြောင့် မြန်မာဘာသာပါဟု လွတ်ခနဲဖြေမိသည့်အချက်ကို ယခုထက်ထိ မတွေးတတ်ပါ။ ဘာကြောင့်ဖြစ်ဖြစ် ဤစကားသည် ကျွန်တော့်ဦးတည်ချက်ကို တာစူပေးလိုက်သည်ဟု ဆိုရပါမည်။

ကျေးဇူးရှင်ဒေါ်ဒေါ်တို့ထံ ပြန်စာရေးလိုက်ပါ၏။ သူတို့ကလည်း တစ်နှစ်ပိုနေရန် သဘောတူညီ၏။ သို့သော် အိုင်စီအက်၊ ဘီစီအက် စာမေးပွဲများကိုဖြေရန် တိုက်တွန်းမြဲ တိုက်တွန်းနေပါသေးသည်။ တူတော်မောင် မော်တော်ကားကြီးစီးပြီး အခြွေအရံတွေရံနေသည်ကို မြင်ချင်သည်မှာ ဓမ္မတာပင်။ ပြီးနောက် ကျွန်တော့်အား 'ဒီကလေးဟာ ဘုန်းကြီးဖြစ်ရင်ဖြစ်၊ မဖြစ်ရင် မင်းဖြစ်မယ်' ဟု ငယ်စဉ်က ဗေဒင်ဆရာတစ်ဦး၏ ဟောကိန်းသည် သူတို့၏ ခေါင်းထဲ ကိန်းအောင်းနေပါသေး၏။

ဗေဒင်ဆရာကြီး၏ မင်းဟူသော သဒ္ဒါသည် အကြီးအကဲအနက်ကို ပေး၏။ ထိုအခါက အဆိုပါ စာမေးပွဲတွေအောင်ပြီး ဖြစ်လာသည့် နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီးစသော အရာရှိကြီးများကိုသာ ဆိုလိုသည်ဟု မယူဆပါ။ ပညာဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိနှင့် ပြည့်ဝသည့် ဆရာတွေကိုလည်း ရည်ညွှန်းပါ၏။ အမှန်ပြောရလျှင် အုပ်ချုပ်ရေးဘက်၌ 'မင်း' မဖြစ်လိုပါ။ သူတစ်ဦးအား ထောင်ချရမည်ကို ကြောက်လန့်လှပါ၏။ ကျွန်တော်သည် ၁၀ တန်း ကျောင်းသားဘဝတွင် နေ့လယ်စာ စားချိန် နာရီပြန် ၁ ချက်နှင့် ၂ ချက် စပ်ကြား၌ ကျောင်းမှ ၅ မိနစ်ခန့်သာ လျှောက်သွားရသောရုံးကြီးသို့ တစ်ခါတစ်ခါသွား၏။ စစ်ဆေးနေသောအမှုများကို အခန်းပြင်ပမှ ကြည့်သည်။ လက်ထိပ်ခတ်ထားသော တရားခံတို့ကို မြင်ရသည့်အခါ သနားမိ၏။ တရားသူကြီးက ထောင်ဒဏ်၊ သေဒဏ်ချလိုက်၍ တရားခံဆွေမျိုးများ ငိုကြွေးသည့် အခြင်းအရာများကို မြင်ရသည့်အခါ မကြည့်ရက်၍ ရုံးမှ ပြန်လာသည်။ ပြန်ပြီးတွေးလိုက်လျှင် ထိုအချိန်ကများစပြီး 'မင်း' မဖြစ်ချင်သော ဆန္ဒတွေ ပေါ်လာလေသလားဟု မပြောတတ်ပါ။

သို့နှင့် ၁၉၃၆ ခုနှစ်ထဲသို့ ဝင်လာပါသည်။ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းစာမေးပွဲကို မတ်လအတွင်း ဖြေရတော့မည်မို့ စာကုန်းကျက်နေ၏။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပါသည်။ ကျွန်တော်လည်းပါပါ၏။ ဒေါ်ဒေါ်တို့က တူတော်မောင်ကို မော်တော်ကားကြီးစီးနင်းပြီး အခြွေအရံတွေ ကန်တော့မည့်အရေးကို ပြေးမြင်မိကြပါသည်။ ကျွန်တော်က ဗေဒင်စကားဖြင့် နှစ်သိမ့်၏။ ထိုကဲ့သို့ ကိန်းမျိုးကြုံသည့်အခါများ၌ ကျွန်တော်ပါမကျန် လူအများတို့သည် ဖြစ်သမျှ အကြောင်း အကောင်းချည်းဟု ဆိုတတ်၏။ သို့သော် တစ်လခန့်ကြာသော် သပိတ်လှန်လိုက်ပါသည်။ မဖြေလိုက်ရသော စာမေးပွဲတွေ မကြာမီ ကျင်းပပေးသည်။ ကံအားလျော်စွာ ပထမတန်းဂုဏ်ထူးဖြင့် ကျွန်တော်အောင်သွား၏။

ကျောင်းပြန်ဖွင့်လျှင် တက္ကသိုလ်က နည်းပြဆရာ ရာထူးပေးပါ၏။ မဟာဝိဇ္ဇာတန်း ဆက်တက်သည်။ ဒေါ်ဒေါ်တို့ကလည်း အိုင်စီအက်၊ ဘီစီအက် တစ်အက်တည်း အက်နေကြပြန်ပါပြီ။ ကျွန်တော်ကလည်း ဆရာ ဆရာနှင့် တစ်ဆရာတည်း ဆရာနေပါ၏။ ၁၉၃၈ ခုနှစ် မေလလောက်၌ မဟာဝိဇ္ဇာတန်းလည်းအောင်၊ ပညာရေးဘွဲ့ယူရန် ပညာတော်သင်ဆုကိုလည်း ဆောင်နိုင်ခဲ့ကြောင်း သတင်းကောင်းများ ကြားရ၏။ ဒေါ်ဒေါ်တို့ကလည်း အက်နှစ်အက်ကိုမေ့၊ ကျွန်တော်လည်း အကြိုက်တွေ့သဖြင့် နှစ်ဘက်စလုံး တပြုံးပြုံး ဖြစ်နေကြပါ၏။ နောက်ထပ် လှေကားဆင့်တစ်ဆင့် တက်မိပြန်ပါပြီ။

ကျွန်တော် ပညာသင်ဆုရပုံသည် ထူးဆန်းလှပါ၏။ ၁၉၃၈ ခုနှစ်ထဲ မဝင်မီ တနင်္ဂနွေနေ့တစ်နေ့တွင် မိတ်ဆွေတစ်ယောက်နှင့် အင်္ဂလိပ်ရုပ်ရှင်ကားတစ်ကားကြည့်ပြီး ဖိုက်ချ်စကွဲယားဟုတွင်ခဲ့သည့် ဗန္ဓုလပန်းခြံထဲတွင် ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲ လက်ဖက်ရည်သောက်နေ၏။ ပုဂံကျောင်းဆောင်မှ မိတ်ဆွေတစ်ယောက် ဆိုင်ထဲပေါက်လာသည်။ ကျွန်တော့်ကို မြင်မြင်ချင်း 'ကိုလှဘေ ပညာတော်သင်တွေလွှတ်ဖို့ သတင်းစာတွေထဲက ကြော်ငြာနေတယ်၊ မတွေ့မိဘူးလား၊ ပညာရေးဘွဲ့လွန်တစ်ခုအတွက်လဲ ပါတယ်၊ ပထမတန်းဂုဏ်ထူးနဲ့ အောင်ရမယ်တဲ့၊ မနက်ဖြန်ညနေ ပိတ်တော့မယ်'ဟု ဝမ်းသာအားရစွာ ပြောပါ၏။ နောက်တစ်နေ့တွင် ကျွန်တော် လျှောက်လွှာတင်လိုက်သည်။

အဆိုပါ စကောလားရှစ်အတွက် အခြားဘွဲ့ရကျောင်းသားတွေလည်း လျှောက်သည်။ စာမေးပွဲဖြေ၊ ခေါ်တွေ့၊ နောက်ဆုံးဆန်ခါစိပ် တိုက်ချလိုက်သည့်အခါ ကျွန်တော် ဆန်ခါထဲတင်နေသည်။

ထူးဆန်းလှသည်ကား ရန်ကုန်မြို့၌ လက်ဖက်ရည်ဆိုင်တွေ ဒုနှင့်ဒေး ပြည့်နှက်နေပါသည်။ ကျွန်တော်တို့ရှိသည့်ဆိုင်သို့ မိတ်ဆွေအား ဘာက ဘယ်လိုဟာမျိုးက အချိန်မီအောင် ညွှန်းပို့လိုက်ပါသလဲ။ နောက်တစ်နေ့ညနေမှသာ ဤသတင်းကိုကြားရပါက အင်္ဂလန်သို့ သွားဖြစ်မည်မထင်ပါ။ စဉ်းစားဖွယ်ရာများ မဟုတ်ပါလား။

၁။ ၂။ ။လန်ဒန်တက္ကသိုလ်

၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးအပတ်၌ လန်ဒန်တက္ကသိုလ် ပညာရေးကောလိပ်ကျောင်းတွင် ဘွဲ့လွန်ဒီဂရီတစ်ခု မယူမီ Dip. Ed. ပညာရေးဒီပလိုမာသင်တန်း တက်ပါ၏။ စိတ်ပညာ၊ ပညာရေး သဘောတရား၊ သင်ပြနည်းစသည့် ဘာသာရပ်များကို လေ့လာရသည်။ ကျွန်တော် သင်ယူလာသည့် ကျောက်စာ၊ ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု၊ ရကန်၊ လင်္ကာများနှင့် တခြားစီ ဖြစ်နေ၏။ တက္ကသိုလ်သင်တန်း ဒုတိယအပတ်တွင် အင်္ဂလိပ် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ၌ တစ်ပတ်လျှင် နှစ်ရက် ကျောင်းသားများကို စာသင်ပြရသေး၏။ ၁၉၃၉ ခုနှစ် ဇွန်လ စာမေးပွဲဝယ် ဒီပလိုမာ ရသွားပါ၏။ ကံကောင်း၍ဟု ဆိုရပါမည်။

ဤကျောင်း၌ ၁၀ လခန့် နေခဲ့ရသည်မှာ ကျွန်တော့်အဖို့ မပြောပနိုင်လောက်အောင် ကျေးဇူးဖြစ်ထွန်းခဲ့ပါသည်။ ဘွဲ့ရပြီးသားဖြစ်သည့် အတန်းသား ၃၀၀ ခန့်တို့ကို အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီ၊ သင်္ချာ စသော ဘာသာတစ်ခုခု လိုက်စားသည့်သူတို့တစ်စုစုအား သက်ဆိုင်ရာဘာသာ၌ နှာကျေနေသော ကျူတာ[1] တစ်ဦးစီထံအပ်နှံထား၏။ ပထဝီဘာသာသမား အဖွဲ့ဝင် ကျွန်တော်တို့ အယောက် ၃၀ တို့၏ ကျူတာသည် မစ္စတာအင်၊ ဆီ၊ စကာ့ဖ်(Mr. N.C.Scarfe)ဖြစ်ပါ၏။ ဆရာ့အထိန်းအမဖြင့် အပတ်စဉ်

၁။ အတွေးအမြင်စာစဉ် ၁၉၊ မျက်နှာ ၁၉ ရှု။
ဤစာအုပ်တွင် စာမျက်နှာ(၁၂၂–၁၂၃)ရှု။

ဆိုသလို ဆွေးနွေးဖလှယ်ပွဲပြု၏။ ဆရာသော်လည်းကောင်း၊ အခြားကျောင်းမှ ဆရာတစ်ဦးသော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ယောက်သော်လည်းကောင်း မိနစ် ၄၀၊ ၄၅ မိနစ်ခန့် ဟောပြော၏။ ပြီးဆုံးသည့်အခါ ကျောင်းသားတိုင်းလိုလို ထ,ပြီး ဆွေးနွေးဝေဖန်ရသည်။ နှစ်ပတ်လျှင် တစ်ခါ 'အက်ဆေး'ရေးရသည်။ ကျွန်တော့် စကားအပြောအဆို၊ အရေးအသားနှင့် တင်ပြပုံများကို ဆရာက အကောင်းအဆိုး အကြောင်းအကျိုးပြကာ ဝေဖန်၏။ တွေးခေါ်ဝေဖန် ခွဲခြမ်း စိတ်ဖြာဉာဏ်တို့သည် ပွားများရင့်သန်လာပါ၏။

ကျောင်း ၃ လပိတ်ထားသည့် အတောအတွင်း ရှေ့နှစ် မည်သည့် ဘွဲ့လွန်သင်တန်းတက်မည့်အရေးကို တွေးနေပါ၏။ တစ်နေ့သော် ကျွန်တော့် အခန်းသို့ ဦးဝန်(မင်းသုဝဏ်)ရောက်လာ၏။ အောက်စဖို့ တက္ကသိုလ်၌ နှစ်နှစ်ခန့်နေပြီး B.Litt ဘွဲ့ရ၍ မြန်မာပြည်သို့ ပြန်ပါတော့မည်။ ဦးဝန်က 'ကိုလှဘေ၊ ခင်ဗျားကို အဘိုးကြီးက တွေ့ချင်သတဲ့'ဟု ဆို၏။ အဘို းကြီးကား အခြားမဟုတ်၊ မြန်မာပြည်၌ နှစ်ပေါင်း ၃၀ ခန့် အိုင်စီအက် ဝန်ထမ်းအဖြစ် နေသွားပြီးနောက် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းပညာရပ်များကျောင်းတွင် မြန်မာစာ ဒုပါမောက္ခရာထူး ရရှိနေသော ဒေါက်တာဂျေ၊အေ၊ စတူးဝတ်(Dr. J.A. Stewart)ဖြစ်ပါသည်။ မြန်မာ၊ မွန်စာနှင့် စကားတို့ကို တတ်သည်။ မြန်မာပြည်၌ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် မစ္စတာဆီ၊ ဒဗလျူ၊ ဒန်း(Mr. C. W. Dunn)ဆိုသူနှင့်အတူ သူ၏ တစ်ဧကခန့် ကျယ်ပြန့်သော ဝင်းခြံထဲရှိ အဘိဓာန်ရုံး၌ မြန်မာ–အင်္ဂလိပ်အဘိဓာန်ကြီးကို ပြုစုနေသည်။

ဦးဝန်ခေါ်သွားသဖြင့် လန်ဒန်မြို့နှင့် မိုင် ၃၀ လောက်ဝေးသော ဘိရှော့စတော့ဖို့ (Bishop's Stortford)မြို့ကလေးရှိ ဆရာကြီးနှင့်ဇနီး မြန်မာအမျိုးသမီးတို့အိမ်ကြီးသို့ ရောက်သွားကြပါ၏။ ဆရာကြီးက 'ပညာရေး ဘွဲ့လွန်ဒီဂရီယူဖို့ မလိုပါဘူး၊ ဒီပလိုမာနဲ့ ပညာရေးလောကမှာ လုံလောက်ပါပြီ၊ မလုံလောက်သေးတာကတော့ မြန်မာဘာသာ စာပေယဉ်ကျေးမှုတွေကို စနစ်တကျအသုံးချရမယ့်အရေးပဲ၊ ဒီလိုလုပ်နိုင်ဖို့ မြန်မာမှုနဲ့ဆိုင်တဲ့ ပါရဂူဘွဲ့ စာတမ်းရေးပါလား'ဟု စကားကမ်းလာသည်။ ကျွန်တော် လက်ခံလိုက်၏။ မြန်မာပြည် ပညာရေးဝန်ကြီးဌာနသို့ ဆရာကြီးထောက်ခံစာနှင့်အတူ

လျှောက်လွှာ တင်လိုက်၏။ အခွင့်ရပါသည်။ လေယာဉ်ကားနောက်တစ်ဆင့် တင်ပေးသူ ပေါ်လာပြန်ပါပြီ။

ဆရာကြီးတို့ကျောင်းသို့ အောက်တိုဘာလဆန်းတွင် ပြောင်းသွားပါသည်။ ဒုတိယကမ္ဘာစစ်ကြီးကား စက်တင်ဘာ ၃ ရက်နေ့၌ စနှင့်နေလေပြီ။ နောင်ရေးကို မတွေးဝံ့။ 'ပညာဆက်သင်မလား၊ မြန်မာပြည် ပြန်မလား' ဟူသော မေးမြန်းစာကို မြန်မာအစိုးရထံမှ ရ၏။ 'ဆက်ပြီး သင်ပါရစေ'ဟု အဖြေပေးလိုက်ပါသည်။

ဆရာကြီးက ၁၈၇၉ ခုနှစ်တွင် ဦးပုတ်နီရေးသော ကုမ္ဘာရပြဇာတ်ကို နိဒါန်း အင်္ဂလိပ်လိုဘာသာပြန်နှင့် ခက်ဆစ်မှတ်စု ရှင်းလင်းချက်များဖြင့် ပါရဂူစာတမ်းများပြုစုရန် အကြံပေးပါ၏။ ကျွန်တော်သဘောတူ၏။ နိဒါန်းတွင် ဘာတွေပါသည်။ အင်္ဂလိပ်လို ဘယ်လိုပြန်ရသည်။ ခက်ဆစ်မှတ်စု ရှင်းလင်းချက်တို့ကို ဘယ့်နှယ်တင်ပြထားသည် စသောအကြောင်းအရာ များကို အခွင့်သာသည့်အခါမှ တင်ပြပါမည်။ လောလောဆယ်တွင် အပေါ်ယံယံကသာ ပြောပြပါရစေ။

၁၈၇၅ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များအတွင်း ပုံနှိပ်ထုတ်ဝေသည့် ပြဇာတ်ပေါင်း ၃၀ နီးပါးခန့်ကို အကြိမ်ကြိမ် ဖတ်ပါသည်။ ပြဇာတ်သမိုင်း၊ ဝေါဟာရနှင့် ကာရန်စနစ်များကို စုဆောင်းလို၍ ဖြစ်သည်။ ဖတ်ရင်းလည်း ပုံနှိပ်သည့်နှစ်များနှင့် ထိုခေတ်၏ နောက်ခံကားအဖြစ် ဗြိတိသျှပိုင် အောက် မြန်မာပြည်သားမြန်မာလူမျိုးများ၏ အတွေ့အကြုံ၊ လူမှုရေးရာအခြေအနေတို့ကို သိလာရ၏။ ပြီးနောက် ထိုခေတ်နှင့် ဆိုင်သည့် အင်္ဂလိပ်လို၊ မြန်မာလို၊ ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်စာတမ်းများကို သုံးသပ်သည်။ ပုံနှိပ်စက် ပေါ်လာပုံ၊ လူအများစုဖတ်သည့် စာအုပ်များနှင့် ပုံနှိပ်ထုတ်ဝေမှုသမိုင်း စသည်တို့ကို သိလာ၏။ ရရှိသော အချက်အလက်တို့ကို ကတ်ပြားများပေါ် ခေါင်းစဉ်တပ်ပြီး သိမ်းထား၏။ စုံသင့်သလောက်ဖြစ်ပြီဟု ယူဆမိသည့်အခါ ကုမ္ဘာရပြဇာတ်ကို ဘာသာပြန်သည်။ ပြီးနောက် ခက်ဆစ်မှတ်စု ရှင်းလင်း ချက်တွေ ရေးပြသည်။ နောက်ဆုံး နိဒါန်းဖြင့် နိဂုံးချုပ်လိုက်သည်။[၁]

၁။ 'ဦးပုတ်နီ၏ကုမ္ဘာရပြဇာတ်၊ နိဒါန်းနှင့်ဘာသာပြန်၊ ပထမတွဲ'ကို ၁၉၅၂ ခုနှစ်၌ လူးဇက်နှင့် ကုမ္ပဏီ (Luzac & Co.)က ဖြန့်ချိထုတ်ဝေသည်။

အဆိုပါ စာအုပ်စာတမ်းအားလုံးတို့ကို လန်ဒန်မြို့ ဗြိတိသျှပြတိုက်၊ အိန္ဒိယရုံး ပိဋကတိုက်၊ ကျွန်တော်တို့ကျောင်းစာကြည့်တိုက်နှင့် ဘိရှော့စတော့ဖို့ ဆရာကြီးခြံဝင်းထဲရှိ မြန်မာ–အင်္ဂလိပ်အဘိဓာန်ရုံးတို့မှ ငှားဖတ်ပါသည်။ စစ်အတွင်း ပညာဆည်းပူးရသည်မှာ ကသောကမျော ကသီလင်တ နိုင်လှ သည်ကို အကျယ်တဝင့်ပြောပြဖို့ မလိုပါ။ ဂျာမန်တွေ ဘယ်အခါ ဗြိတိန်ကို ဝင်စီးမည်၊ ဗုံးလာကြဲမည်၊ ဘာဖြစ်မည်၊ နေ့သေမည်၊ ညသေမည်မသိပါ။ ပြီးနောက် ၁၉၄၂ ခုနှစ်၌ ဂျပန်တွေ မြန်မာပြည်ကို ဝင်တိုက်သည့်အခါလည်း ဘိဘိစီမှ မြန်မာပြည်သို့ မြန်မာလို အသံလွှင့်ပေးသဖြင့် အလုပ်များလှူပန်း ဖြစ်ခဲ့ရ၏။

စိတ်လည်းရှုပ်၊ အလုပ်လည်းများနေခဲ့သဖြင့် စာတမ်းကို ၁၉၄၄ ခုနှစ်မှ ပြီးစီးသွားနိုင်ပါတော့သည်။ ပါရဂူဘွဲ့ရသည်၊ ထိုနှစ်မှာပင် ဆရာကြီး အားလည်း မြန်မာစာပါရဂူဘွဲ့ကို တက္ကသိုလ်က အပ်နှင်းခဲ့ပါ၏။ ဥရောပတိုက်၌ ၁၉၄၅ ခုနှစ် မေလတွင် စစ်ကြီးပြီးဆုံးသည်။ ၁၉၄၆ ခုနှစ်ဝယ် အဘိဓာန် လက်ထောက်စာတည်းမှူး ကျွန်တော်ဖြစ်လာ၏။

ဆရာကြီးသည် အသက် ၆၀ ကျော်လာပြီဖြစ်၍ သူ၏ အဘိဓာန်နှင့် မြန်မာစာပေသင်ကြားမှုနောင်ရေးကို စိုးရိမ်ပုံပေါ်လာပါသည်။ ကျွန်တော့်ကို လည်း ပိုပြီး ယုံကြည်ကိုးစားလာ၏။ မကြာခဏပင် ကျွန်တော့်အား မြန်မာပြည်မပြန်ရန် ပြောပါသည်။ 'အဘိဓာန်ကို ဆက်လက်ပြုစုပါ၊ ကျောင်းမှာ အလုပ်လုပ်ပါ၊ တစ်နေ့ကျ ပါမောက္ခရာထူးရရန် အလားအလာရှိသည်'ဟု ဆိုပါ၏။ ၁၉၄၈ ခုနှစ်၊ မေလတွင် ဆရာကြီးသည် နှလုံးရောဂါဖြင့် ဖြုန်းခနဲ ဆုံးသွားသည်။ ယခင်ကအရှေ့တိုင်း၊ ယခုအခါ အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်များ ကျောင်းက ဇွန်လတွင် ကျွန်တော့်အား မြန်မာစာကထိကရာထူး ကမ်းလှမ်း လာသည်။ ကျွန်တော် လက်ခံလိုက်သည်။ အောက်တိုဘာလတွင် အလုပ် စဝင်ပါ၏။

၁၇ နှစ်အတွင်း တစ်ခုတည်းသောခံယူချက် အထမြောက်အောင် ကြိုးကုတ်ခဲ့သောအရေးသည် အရာရောက်ခဲ့ပါပြီ။ ကံကြံဖန်ဖန် နိုင်ငံခြား၌ ဆရာလာဖြစ်ရသည်။ ကာယကံရှင် ကံက ကျွန်တော့်အတွက် ကြိုတင်လျာထား

နှင့်သောအဖြစ်သို့ မရောက်ရောက်ရအောင် ခရီးတစ်လျှောက်လုံး ထိန်းပေးခဲ့ လေသလားဟု မကြာမကြာ တွေးမိပါသည်။

ကံအကျိုးပေးကွင်းဆက်များကို ကြည့်ကြပါ။ စကောလားရှစ်ရ၍သာ ကျွန်တော် တက္ကသိုလ်ကျောင်း နေနိုင်၏။ ထိုဆုကို လက်လွှတ်ရမလိုလို ဖြစ်လာသည့်အခါ ဆရာကြီးလုစ် ပေါ်လာသည်။ သူ၏ ကျေးဇူးကြောင့် ခံယူချက်ပြည့်ဝစေဖို့ ကျောင်းဆက်နေရသည်။ 'သမိုင်းနှင့် မြန်မာဘာသာ ဘယ်ဟာ ဂုဏ်ထူးယူမလဲ'ဟု ဆရာကြီးမေးလိုက်စဉ်အခါက 'မြန်မာဘာသာ ပါ'ဟု အမှတ်မထင်ပြောလိုက်မိ၏။ အကယ်၍သာ ကျွန်တော်က 'သမိုင်းပါ'ဟု ဖြေမိပါက ပညာတော်သင်ဆုကိုရခဲ့စေဦးတော့ ဆရာကြီး စတူးဝတ်နှင့် တွေ့ဖြစ်မည် မဟုတ်ပါ။ ဆရာကြီးက ဦးဝန်အား မြန်မာဘာသာစာပေ ယဉ်ကျေးမှုမှာလည်း အရေဝ၊ အင်္ဂလိပ်စာလည်း အတော်အတန်တတ်သည့် မြန်မာလူငယ်တစ်ယောက်နှင့် တွေ့ချင်သည်ဟု ပြောသောကြောင့် သူနှင့် ကျွန်တော် ဆုံစည်းရပါသည်။ ဆုံစည်းရ၍လည်း ဆရာဖြစ်ရပါသည်။

ဤဘဝဖြစ်စဉ်၌ ဖြစ်ဆစ် ၃ ဆစ်တို့ကို ဗေဒင်ဆရာတစ်ဦးက ရှေ့ဖြစ်ဖတ်ခဲ့ပါ၏။ ထိုအခါက ကျွန်တော် မယုံ့တယုံ ရှိခဲ့သည်။ ဖြစ်လာသည့်အခါ မယုံရမှာလည်း ခက်၊ ယုံရမှာလည်း ခက်နေပါတော့၏။

ကျွန်တော်သည် ပညာတော်သင် စကောလားရှစ်အတွက် စာမေးပွဲ ဖြေဆိုပြီးနောက် ရမရသိလိုဇောနှင့် ရန်ကုန်၌ စောင့်ဆိုင်းနေပါသည်။ တစ်နေ့သော် မိတ်ဆွေတစ်ဦးအိမ်သို့ စိတ်ပြေလက်ပျောက်ဆိုသလို သွားလည် ၏။ 'ဗေဒင်ဆရာ၊ ဗေဒင်ဆရာ'ဟု တကျယ်ကျယ်အော်လာသံကိုကြားလျှင် မိတ်ဆွေကခေါ်ပြီး ပျော်တော်ဆက်အနေဖြင့် ကျွန်တော့်အတွက် ဗေဒင် မေးပါသည်။ မူဆလင်ဗေဒင်ဆရာအား ငါးမူးလား၊ တစ်ကျပ်လား ပေးရ၏။ မမှတ်မိတော့ပါ။ အတော်ကြာကြာဟော၏။ အမှတ်တမဲ့ နားထောင် နေကြရာမှ (၁) ကျွန်တော်သည် အနောက်ဘက်ကို သွားရမည်။ မက္ကားထက် ဝေးသည်။ (၂) ထိုအရပ်တွင် အဖေလိုခင်မင်ပြီး မ,စမည့်သူ ၃ ဦးနှင့်[၆] တွေ့မည်။ (၃)

၁။ ပညာရေးကောလိပ်ကျောင်းမှ မစ္စတာစကော့(ဒ်) Mr. N. C. Scott၊ ဆရာကြီး ဂျူ - အေ၊ စတူးဝတ်နှင့် သူ၏ လုပ်ဖော်ကိုင်ဖက် မစ္စတာ စီ၊ ဒဗလျူဒန်။

ကြီးမှားမည်ဟူသော ဟောကိန်း ၃ ကိန်းကို ကြားရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့နှစ်ယောက် နားစွင့်နေကြပါတော့၏။ အားလုံး မှန်ပါ၏။ ထိုဗေဒင်ဆရာဟောသော အခြားအရာတွေအားလုံးမမှန်ပါ။

ပါရမီပါလာပြီး ဉပတ္ထမ္ဘကကံ အကျိုးပေးချိန်တန်သဖြင့် ဆရာဖြစ်လာရပါသည်။ ကျရာတာဝန်ကို ထမ်းဆောင်၍ ပါရမီဖြည့်ခဲ့ပုံကို နောက်စာစဉ်တွင် ဖော်ပြပါမည်။

အတွေးအမြင်၊ စာစဉ် ၂၂၊ မတ် ၁၉၈၇။

✍

ပါရမီနှင့်ဆရာ(၂)

၂။ ဆရာ

လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များဆိုင်ရာကျောင်းမှ ကမ်းလှမ်းလာသော မြန်မာစာကထိကရာထူးကို လက်ခံလိုက်စဉ်က သုံးနှစ်လောက်သာ ကျွန်တော်အမှုထမ်းပြီး မြန်မာပြည်သို့ ပြန်လာရန် ကြံရွယ်ထားပါသည်။ သို့သော် ၃၂ နှစ်တိုင်တိုင်နေခဲ့ပြီးမှ ပင်စင်ယူကာ ဇာတိချက်ကြွေရာနေသို့ ပြန်လာဖြစ်၏။

၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ မြန်မာစာ ဂုဏ်ထူးယူသူ ကျောင်းသားတွေရှိနေ၍ မခွဲခွာလာနိုင်ပါ။ ပြီးနောက် ၁၉၃၉ ခုနှစ်မှစပြီး တယုတယပြုစုလာသော မြန်မာ–အင်္ဂလိပ်အဘိဓာန်ကြီး သံယောဇဉ်၏ အမြစ်ကြီးများသည် တွယ်နေပါပြီ။ အထုံပါလာသော သုတေသနလုပ်ရာ၌ စိတ်ငြီးငြင်မှုမရှိရလေအောင် စာအုပ် စာတမ်းတွေ ပြည့်စုံ၏။ ကမ္ဘာ့အရပ်ရပ်မှ ပညာရှင်တွေနှင့် တွေ့ဆုံရပြီး ဆွေးနွေးခွင့်ရ၏။ လုပ်ခင်းကိုင်ခင်း သာယာပြီး ကျောင်းနှင့် တက္ကသိုလ်တို့က ကျွန်တော့်အပေါ် ကောင်းရှာ၏။ ၁၉၅၅ ခုနှစ်၌ ဒုပါမောက္ခ၊ ၁၉၆၆ ခုနှစ်တွင် ပါမောက္ခဘွဲ့များကို အပ်နှင်း၏။ ပါမောက္ခဖြစ်သည့်အခါ ဆရာကြီးစတူးဝတ် အနိစ္စမရောက်မီက နိမိတ်ဖတ်

ခဲ့သော တစ်နေ့ကျ ပါမောက္ခရာထူးရရန် အလားအလာရှိသည်ဟူသော စကားကို သတိရမိပြီး သူ၏တပည့်အား မြင်စမ်းစေချင့်လှပါတော့သည်ဟု တမ်းတမိပါ၏။

၁၉၄၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တစ်ဦးတည်းသော် လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်သော်လည်းကောင်း ပညာပါရမီဖြည့်ခဲ့ပါ၏။ စာပေပို့ချ၊ စာအုပ်စာတမ်းပြုစု၊ ပြည်တွင်းပြည်ပ တက္ကသိုလ်အဆင့်မြင့် ကျောင်းနှင့် အဖွဲ့အစည်းများ၌ ဟောပြောသည်။ ကွန်ဖရင့်တွေတက်သည်။ ပညာရှင်များနှင့်တွေ့ဆုံ၍ အမြင်ချင်း ဖလှယ်သည်။ စာဖတ်ပရိသတ်တို့ ကျေးဇူးဖြစ်ထွန်းစရာ၊ စိတ်ဝင်စားစရာကောင်းမည့် ဖြစ်ကွက်အချို့ကိုသာ ရွေးချယ်တင်ပြလိုပါသည်။ ပထမဦးဆုံးကျောင်းသားများအား ဆရာ့ဝတ်ငါးပါး ကျင့်ပုံကို ဥပမာ အနည်းငယ်မျှဖြင့် အစီရင်ခံပါမည်။

၂၊ ၁။ ။ကျောင်းသားများ

ကျောင်းသားတို့သည် ဗြိတိသျှနှင့် ကမ္ဘာ့အရပ်ရပ်မှလာသည့် အမျိုးသားအမျိုးသမီးတွေ ဖြစ်ပါသည်။ ဘွဲ့လွန် ဘွဲ့ကြိုနှင့် နှစ်တိုလတို၊ သောတုဇန၊ သုတေသီတို့ ပါဝင်သည်။

ဘွဲ့လွန်ကျောင်းသားများသည် သူတို့ရေးသည့် စာတမ်းနှင့် ပတ်သက်သည့် မြန်မာစာအုပ်စာတမ်း၊ ပေ၊ ပုရပိုက်၊ ကျောက်စာများကိုဖတ်ပြီး အချက်အလက်တွေကို စုဆောင်းလိုသည်။ ဘွဲ့ကြိုကျောင်းသားတို့သည် သုံးလေးနှစ်အတွင်း ဝိဇ္ဇာဘွဲ့ဂုဏ်ထူးတန်း စာမေးပွဲကိုဖြေလိုသည်။ ကျန်ကျောင်းသားတို့ကား မြန်မာစကားပြော၊ မြန်မာစာအရေးအဖတ် အတတ်ပညာနှင့် နောက်ခံကားအဖြစ် မြန်မာလူမျိုးတို့ဓလေ့ သိကောင်းဖွယ်ရာ အကြောင်းကြောင်း အချို့ကို ဆည်းပူးလိုသည်။

နိုင်ငံခြားကျောင်းသားအားလုံးတို့ကို ပထမနှစ်အတွင်း မြန်မာစကား ထမင်းစားရေသောက်ဆိုသလို ပြောတတ်၊ မြန်မာစာအသင့်အတင့်ဖတ်တတ်၊ ရေးတတ်သည့်အဆင့်ရောက်အောင် သင်ပြပေးသည်။ ဘွဲ့လွန်ကျောင်းသားတို့ကိုမူ အပြောနှင့်အရေးတို့ထက် အဖတ်ပိုတတ်မှုကို ဦးစားပေးပါ၏။

အရွယ်ရောက် အင်္ဂလိပ်စကားတတ် လူမျိုးခြားတို့အား မြန်မာစကားနှင့် စာကို စလုံးရေစမှ အင်္ဂလိပ်လိုသင်ပြရသည်မှာ မလွယ်ပါ။ အခက်အခဲများကို စာတမ်းတစ်စောင်ဖွဲ့နိုင်၏။ ဒုက္ခပေးသည့် ပြဿနာတို့ကား အသံထွက်၊ စကားလုံးအထားအသိုနှင့် ပစ္စည်းစကားများဟု ဆိုရပါမည်။ ဤအထဲ အသက် ၁၈ နှစ်အထက် ရှိနှင့်နေပြီး ဝသီပါနေသူလူမျိုးခြားတို့အား ထွက်နေကျအသံကို ပြောင်းလဲရန် အသင်ရအခက်ဆုံး ဖြစ်ပါ၏။ မြန်မာအသံနှင့် အင်္ဂလိပ်စကားပြောနေသော မြန်မာလူမျိုးတို့ကဲ့သို့ သူတို့လည်း မြန်မာစကားကို အင်္ဂလိပ်သံနှင့်ပြောမည်ပင်။ အရိပ်အမြွက်မျှသာ ပြပါမည်။

မြန်မာနှင့်အင်္ဂလိပ် အသံထွက်ပုံချင်း လုံးဝ ကွာခြားပါသည်။ ဗျည်းအက္ခရာသံများ ကွဲပြား၏။ မြန်မာဗျည်းများ ပထမဝဂ် လေးဝဂ်အစ 'က၊ စ၊ တ၊ ပ' အက္ခရာသံတို့အစား အင်္ဂလိပ်တွင် 'ခ၊ ဆ၊ ထ၊ ဖ' သံတို့သာ ရှိ၏။ အင်္ဂလိပ်စကားလုံးတစ်လုံး၏ နောက်ဆုံးဗျည်းပိတ်သံသည် မြန်မာ၌မရှိ၊ ထို့ကြောင့်လည်း အင်္ဂလိပ်လို cat 'ကြောင်'ကို အင်္ဂလိပ်က 'ခက်(ထ်)'၊ မြန်မာက 'ကက်'ဟု ဆိုသကဲ့သို့ မြန်မာက 'စက်'ဟု ပြောသည်ကို အင်္ဂလိပ်က 'ဆက်(ခ်)'ဟု အသံထွက်တတ်သည်။ အင်္ဂလိပ်တွင် 'င'ဗျည်းအက္ခရာ သပ်သပ်မရှိ။ 'န'ဗျည်းသာရှိ၍ 'ငါး'ကို 'နား'ဟု အချို့က ဆိုလေ့ရှိသည်။ ခဲတံဖြင့် လျှာကိုနှိပ်ပြီးရွတ်ခိုင်းမှ အသံပီသ၏။

သရသံချင်းလည်း တူကိုမတူဟု ဆိုရပါမည်။ ဥပမာသုံးခုသာပြပါမည်။ အင်္ဂလိပ်စကားလုံး cat သည် အကြမ်းဖျင်းအားဖြင့် 'ခဲ'နှင့် 'ခက်'သရ နှစ်လုံးပေါင်းစပ်ထားသံထွက်၏။ မြန်မာအသံထွက် 'ကက်'သည် 'က်'သရသံ တစ်ခုတည်းသာ ဖြစ်၏။ သရသံနှင့်စပ်လျဉ်း၍ အင်္ဂလိပ်စကားတတ် လူမျိုးခြားများ၏ ဉာဉ်သည် သံတို၊ သံလေး၊ သံလွင်တို့အနက် သံတိုနှင့် သံလေးတို့ကိုသာ သုံးလေ့ရှိ၏။ 'စိတ်တိုဒယ်'ကို ဆိတ်(ထ်)ဒို့ဒဲ့၊ ဆိတ်(ထ်)ဒိုးဒဲ့'ဟု ဆိုတတ်သည်။ 'အုတ်'သရသံရိုးရိုး အင်္ဂလိပ်စကား၌ မရှိပါ။ 'ပုတ်'ကို အင်္ဂလိပ်အသံနှင့် နီးစပ်သည့် 'ဖို့၊ ဖိုး၊ ဖော့၊ ဖော' စသည့်အသံများ တစ်သံသံထွက်တတ်၏။

စကားလုံးအထားအသိုကိစ္စ၌ မြန်မာနှင့်အင်္ဂလိပ် ခြားနားကြောင်းကို အင်္ဂလိပ်စာတတ်သူတိုင်း သတိပြုမိပေမည်။ 'သူ အိမ်ကိုလာတယ်'

မြန်မာဝါကျလွယ်လွယ်ကို 'သူလာတယ် အိမ်ကို'ဟု အင်္ဂလိပ်ဆန်ဆန် ဖွဲ့တတ်၏။ ဤကား သင်ပြရလွယ်ပါ၏။

မြန်မာပစ္စည်း စကားလုံးများကို နာမ်ပုဒ်၊ ကြိယာပုဒ်နှင့် ဝါဟာရပုဒ် စသည့်ပုဒ်များကဲ့သို့ လူမျိုးခြားတို့အား သင်ပြရမလွယ်ကူပါ။ ဥပမာ 'လို့'ပစ္စည်းပုဒ်ကို ကြည့်ပါ။ သူလာလို့ပြောတယ်၊ သူလာတယ်လို့ကြားတယ်၊ မောင်ဘလို့ခေါ်တယ်၊ မိုးရွာလို့ရေချိုးတယ်၊ အိပ်လို့မပျော်ဘူး၊ သွားမလို့ ကြံတယ်'စသည် 'လို့' အသုံးအနှုန်းတို့သည် ကျောင်းသားတို့အား စမ်းတဝါးဝါး ဖြစ်စေသည်။ အင်္ဂလိပ်ဘာသာ အရည်မလည်သေးသူတို့အဖို့ အင်္ဂလိပ်ရှေ့ပစ္စည်းပုဒ် 'of' အသုံးပြုရာ၌ ယောင်လည်လည်ဖြစ်နေရသကဲ့သို့ ပင်။ သဘောပေါက်အောင် ဘာသာပြန်ပြ၊ ရှင်းပြရ၏။

ကျောင်းသားများကို ပါရမီအနုအရင့်အလိုက် သဒ္ဒဗေဒ၊ ဘာသာ ဗေဒ စသည့်နည်းတို့ဖြင့် တစ်နှစ်အတွင်း မြန်မာစာနှင့် စကားအရိပ်အကဲ အသွင်အပြင် ဖမ်းမိအောင် နည်းလမ်းတကျ သင်ပြပေးပါသည်။ သင်တန်း အားချိန်များ၌ သူတို့တတ်တိုင်း 'နားထောင်၊ ဖတ်၊ ပြော၊ ရေး'ဟူသော ဆောင်ပုဒ်အရ အခွင့်ရတိုင်းပြုကျင့်ရန်အားပေး၏။ မြန်မာစကားကို နားထောင်၊ စာကိုဖတ်၊ မြန်မာများနှင့်စကားပြော၊ စာရေး၊ သို့မှသာ နားရည်၊ မျက်စိရည်ဝ၊ အပြောအရေး ကျင့်သားရပါမည်ဟု ပြောပြ၏။ ရှင်ရဋ္ဌသာရ၏ 'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ တာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့'ဆိုသည့် ဩဝါဒမျိုး ဖြစ်ပါသည်။

စာသင်ပေးရသည်မှာ ခပ်ရိုင်းရိုင်းပုံခိုင်းရလျှင် ဆရာနှင့်တပည့် တို့သည် ထမ်းပိုးတပ်ပြီး လှည်းကိုလိုရာသို့ဆွဲသွားသည့်နွားများနှင့် တူပါ၏။ တစ်ဘက်ကောင်း၍ ချောင်းမကူးနိုင်ဟူသော စကားရှိသည်။ ကျွန်တော်တို့ ချောင်းအတန်တန် ကူးနိုင်ခဲ့သည်။ နွားတစ်ကောင်နှစ်ကောင်တို့ကိုသာ ထမ်းပိုးမှဖြုတ်ပြီး ချန်ရစ်ခဲ့ရပါသည်။

ဘာသာခြား စာနှင့်စကား သင်ယူသူတစ်ဦးသည် ဖြစ်နိုင်လျှင် သက်ဆိုင်ရာတိုင်းပြည်သို့ သွားရောက် လေ့လာသင့်ပါ၏။ ထိုပြည်သူပြည်သား တို့၏ နေမှုထိုင်ရေး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများကိုရသည့် အချိန်ပိုင်း

အတွင်းလေ့လာပါလျှင် ကိုယ်ဆည်းပူးနေသာ ပညာရပ်များအား အထောက်အကူ ပေး၏။ ပထမနှစ်သင်တန်းပြီးဆုံးသွားသည့်အခါ ကျောင်းသားများသည် အတန်းဆက်တက်ပြီး တစ်နှစ် နှစ်နှစ်ကြာသည့်အခါ အချို့က စကောလား ရှစ်နှင့် အချို့က အထောက်အပံ့ဖြင့် မြန်မာပြည်သို့လာကြသည်။ သုံး–လေး လခန့်နေပြီး လာရကျိုးနပ်အောင် ပညာများသယ်ဆောင်သွားသည်။ ကျန်သည့် သူများအထဲ ရန်ကုန်ဗြိတိသျှသံရုံး၌ သုံးနှစ်ခန့် အမှုထမ်းမည့် အတွင်းဝန် လောင်းကလေးများကား ကွမ်းသီးကြိုက်သူ တောင်ငူသို့သွားရသကဲ့သို့ မြန်မာပြည်သို့ ရောက်လာ၏။ ဘီဘီစီမြန်မာပိုင်းဌာန အကြီးအကဲများ၊ မြန်မာမှုသုတေသီနှင့် သောတုဇနတို့မှာမူ အခြေအနေအရလိုဖတ်ပြည့်အောင် တစ်နည်းနည်းဖြင့် ကြံဆောင်ကြပါ၏။

ပထမနှစ်ကုန်ဆုံး၍ ဒုတိယနှစ်ထဲဝင်လာသည့်အခါ ဘွဲ့ကြို ကျောင်းသားများက ဘွဲ့ယူရန် သင်တန်းဆက်တက်၊ ဘွဲ့လွန်ကျောင်းသား များက သုတေသနပြုကာ စာတမ်းရေးရန် စီစဉ်သည်။

၂၊ ၁၊ ၁။ ။ဘွဲ့ကြိုကျောင်းသား

ဤကျောင်းသားအားလုံးတို့သည် လူမျိုးခြားများ ဖြစ်ကြပါသည်။ မြန်မာစာသက်သက် သို့မဟုတ် မြန်မာစာပေနှင့် မနုဿဗေဒ တွဲဖက်၍ ဂုဏ်ထူးတန်းတက်သည်။ အင်္ဂလိပ်လိုသာ သင်ပြသည်။ နားရည်ဝ၊ ကျင့်သားရအောင်သင်ပြနေရင်း ကြားဖောက်ကာ မကြာခဏ မြန်မာလို ပြောသည်။ မေးသည်။

မြန်မာစာသက်သက်ယူသူတို့အတွက် ပြဋ္ဌာန်းသော စာကိုယ်များ ကား အဆင့်အတန်းမြင့်ပါ၏။ ပုဂံကျောက်စာညွန့်ပေါင်း၊ ကိုးခန်းပျို့၊ သျှီသျှားကန်တော်ဘွဲ့မော်ကွန်း၊ ပလိပ်စားချောင်း၊ စိန္တကျော်သူဆို ရတုများ၊ မြန်မာစာညွန့်ပေါင်း ပထမတွဲမှ ကောက်နုတ်ချက်များ၊ ဦးကုလားရာဇဝင်(ပ)၊ ကုမ္မာရပြဇာတ်စသည်တို့မှ ရွေးနုတ်ထားသော ကောင်းနိုးရာရာအပိုဒ်တွေ ဖြစ်ပါသည်။ မြန်မာစာပေသမိုင်း၊ အာရှအရှေ့တောင်ပိုင်း ရာဇဝင်၊ သဒ္ဒဗေဒ၊ ဘာသာဗေဒနှင့် ပါဠိဘာသာတို့သည်လည်း သင်ရိုးညွှန်းတမ်းထဲ ပါဝင်၏။ သုံးနှစ်ကြာလျှင် စာမေးပွဲဝင်သည်။

မြန်မာစာနှင့် မနုဿဗေဒတွဲယူသူတို့က နှစ်နှစ်သင်တန်းဆက်တက်ပြီး စာမေးပွဲဖြေသည်။ မြန်မာစာသက်သက်ယူသော ကျောင်းသားများကဲ့သို့ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ပဓာနထားပြီး မပို့ချပေးပါ။ ခေတ်ဟောင်းခေတ်သစ်စာပေများကို အမှီးပြုကာ မနုဿဗေဒနှင့်လည်း အညမညဖြစ်၊ ဘာသာစာပေ ယဉ်ကျေးမှုနှင့် မြန်မာစရိုက် ထုံးတမ်းတချို့တစ်ဝက်တို့ကိုလည်း သိတန်သမျှသိရလေအောင် ဇယားချပြီး သင်ပေး၏။ ပြဋ္ဌာန်းထားသော စာကိုယ်အချို့ကား ကိုးခန်းပျို့၊ ပဒေသရာဇာတျာဘွဲ့များ၊ မာလာလင်္ကာရ ဝတ္ထု၊ မှန်နန်းရာဇဝင်(ပ)တို့နှင့် ခေတ်သစ် ၂၀ ရာစုနှစ် ဝတ္ထုကောင်းတချို့တို့မှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအပြင် စာတမ်းတစ်စောင်စီလည်း ရေးတင်စေသေးသည်။ မှတ်မိသမျှပြောရလျှင် မြန်မာဝတ္ထုတစ်အုပ်မှ ဇာတ်ကောင်များ၊ မြန်မာဂီတတစ်စိတ်တစ်ဒေသ၊ မယ်သီလရှင်ကျောင်းတိုက်၊ မြန်မာအမည်မှည့်နည်းအကြောင်းတို့ ဖြစ်ပါ၏။

ယဉ်ကျေးမှုချင်း မတူကြသော ကျောင်းသားတို့အား ဘာသာနှင့် စာပေဆိုင်ရာ အချက်အလက်အချို့ကို ရှင်းပြရာ၌ အခက်အခဲတွေနှင့် ပြည့်နှက်နေပါ၏။ နမူနာတစ်စနှစ်စမျှနှင့် တော်လောက်ပါပြီ။

ကိုးခန်းပျို့လာ 'ဇာတိပုည' အပိုဒ်၌ 'ဇာတိ'ပုဒ်ကို ပြောပြရာတွင် မခက်ပါ။ အင်္ဂလိပ်ဘာသာ၌ birth ဆိုသော စကားလုံးရှိ၏။ နှစ်ဘာသာစလုံးတွင် အနက်သဘောချင်းတူ၏။ သို့သော် လောကုတ္တရာနှင့် ဆိုင်သော အနက်ကျယ်ပြန့်လှသော 'ပုည'သဒ္ဒါကို နားလည်သဘောပေါက်အောင် ဘာသာပြန်ပြီး ရှင်းပြရန် ခက်ခဲလှ၏။ ဘာသာတရားနှင့်ယှဉ်တွဲနေသည့် အတွေးအခေါ် အသိဉာဏ်တွေ သူတို့ခေါင်းထဲရိုက်သွင်းဖို့ မလွယ်ပါ။ အင်္ဂလိပ်စကားလုံး home ကို အင်္ဂလိပ်ဘာသာနှင့် ယဉ်ကျေးမှုအပါးမဝသူ မြန်မာလူမျိုးတို့အား ရှင်းပြရသည်နှင့် တူပါ၏။

ဤကျောင်းသားတို့အား ကိုယ်ပိုင်ဉာဏ်၊ ထွင်ဉာဏ်၊ ဝေဖန်ဉာဏ်၊ ခွဲခြမ်းစိတ်ဖြာဉာဏ် စသည်တို့ကို ပျိုးထောင်ပေးရန် ဦးတည်ချက်ဖြင့် တစ်နှစ်ပြီးတစ်နှစ် အသိပညာ ဝေငှပေးခဲ့ပါသည်။ ဤသို့ ဖြန့်ဖြူးရင်း သူတို့တွင်မက ကျွန်တော်ပါ ပညာရလာသည်ကို မြင်မိပါ၏။ ရလာသည့်ပညာ

ကို အခြေတည်ပြီး မြန်မာဘာသာ၊ စာပေနှင့်ဆိုင်သော အချက်အလက်တွေကို အင်္ဂလိပ်လိုရော၊ မြန်မာလိုပါ ဆောင်းပါးတွေ ရေးနိုင်ခဲ့ပါသည်။[၁]

ဆရာ့ဝတ်ငါးပါး အားလုံးဆိုသလို ကျင့်သုံးခဲ့ပါ၏။ ယင်းတို့အနက် 'အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ ဘေးရန်ဆီးကာ' ဝတ်သုံးဖြာကို အထူးဖြည့်ရသည့် အဖြစ်အပျက်နှစ်ကွက်ကို သတိရမိပါသည်။ အသည်းရောင်ရောဂါရပြီး မြန်မာပြည်မှပြန်လာသောကျောင်းသူ ရက်တာရှည် ဆေးရုံတက်နေတုန်း စာမေးပွဲအတွက် စိုးရိမ်ပြီး မှတ်စုတွေပေးသည်။ ဆေးရုံမှဆင်းလာသောအခါ စာဖိသင်ပေးသည်။ အချစ်နှတ်ဆိုး ဖမ်းစားခံရသော ကျောင်းသူ၏ပြဿနာကိုဖြေရှင်းပြီး ဩဝါဒပေးသည်။ နှစ်ယောက်စလုံး နောက်ဆုံးစာမေးပွဲ အောင်သွားကြပါ၏။

အထက်ပါကျောင်းသားနှစ်မျိုးနှစ်စားစလုံး ဂုဏ်ထူးတန်းဝင်ခွင့်မပြုမီ အကြိုတန်းစာမေးပွဲ ဖြေဆိုရပါ၏။ အောင်မှ အတန်းဆက်တက်ရသည်။ ဂုဏ်ထူးဘွဲ့စာမေးပွဲ၌ ဉာဏ်ရည်အလိုက် ပထမတန်း၊ ဒုတိယ ဘန်း(ပထမအဆင့်၊ ဒုတိယအဆင့်)၊ တတိယတန်းတစ်တန်းတန်းနှင့် အောင်ကြပါသည်။

၂၊ ၁၊ ၂။ ။ဘွဲ့လွန်ကျောင်းသား

ဝါရင့်သော ဤကျောင်းသားကြီးတို့သည် နိုင်ငံခြားသားရော၊ မြန်မာအမျိုးသားတို့ပါ ဖြစ်ကြပါသည်။ ပါရဂူ၊ အနုပါရဂူ(M.Phil)[၂] မဟာဝိဇ္ဇာဘွဲ့များ လာယူကြသည်။ ပြုစုသည့် စာတမ်းတို့သည် မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ ဥပဒေနှင့် ပါဠိစသည့် ပညာရပ်များနှင့်ဆိုင်သည်။ မြန်မာစာပေမှလွဲ၍ အခြားဘာသာရပ်တို့တွင် သက်ဆိုင်ရာပါမောက္ခတို့နှင့် တွဲဖက်ပြီး

၁။ ဥပမာ အင်္ဂလိပ်လို **Bulletin of the School of Oriental and African Studies, Vol XIII, pt2. pp427-433** နှင့် မြန်မာလို အတွေးအမြင်စာစဉ် ၁၂၊ မျက်နှာ ၂၈–၃၆။
Journal of the Burma Research Society Vol-LXII, pts A&II, pp, 1-16 နှင့် ရှုမဝမဂ္ဂဇင်း။ ၁၉၇၈၊ ဇူလိုင်လ မျက်နှာ ၄၁–၄၅၊ ၁၉၇၉၊ ဇွန်လ၊ မျက်နှာ ၉၇–၁၀၂။

၂။ အတွေးအမြင် စာစဉ် ၁၉၊ စာမျက်နှာ ၁၆ ၌၊ M.phil ကို အနုပါရဂူဟုစမ်းပြီး ဘာသာပြန် ထားပါ၏။ အဘိမဟာဝိဇ္ဇာဟုလည်း ပြန်နိုင်မည်လားမသိ။

စာတမ်းကို ကြီးကြပ်ပေးရသည်။ ကျောင်းသားများအား သိသင့်သည့် အချက်အလက်၊ ဖတ်အပ်သည့် စာအုပ်စာတမ်းစသည်တို့ကိုညွှန်ပြ၊ လိုအပ်လျှင် အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။ အားလုံး အနေးနှင့် အမြန်ဆိုသလို ဘွဲ့ရသွားပါသည်။

အချို့သော ဘွဲ့လွန်ကျောင်းသားတို့၏ ဖြစ်စဉ်၌ အဆိုးအကောင်း ဇာတ်ကြောင်း အဆစ်အပိုင်း ကလေးတို့သည် စိတ်ဝင်စားစရာ ကောင်းပါ၏။ အနည်းအကျဉ်းကလေးသာ ဖော်ပြလိုပါသည်။

ဉာဏ်ဝီရိယနှင့် ဖွဲ့ထက်သန်လှသူ မြန်မာကျောင်းသားတစ်ဦးသည် ပုဂံခေတ်သမိုင်း တစ်စိတ် တစ်ဒေသကို ပါရဂူဘွဲ့စာတမ်း လာရေးပါသည်။ မြန်မာပြည် ပညာရေးဝန်ကြီးဌာနမှ အတွင်းဝန်သည် ကိစ္စတစ်ခုဖြင့် ကျွန်တော်တို့ကျောင်းသို့ ရောက်လာ၏။ ကျောင်းသားကို ကျွန်တော်နှင့်အတူ မြင်သွား၏။ မကြာမီ ကျွန်တော်နှင့်လာတွေ့ပြီး 'ဒီကျောင်းသားဟာကွန်မြူနစ်ပဲ၊ မြန်မာပြည်သို့ ပြန်ပို့မှဖြစ်မယ်'ဟု ပြောသည်။ ကျွန်တော်က ကွန်မြူနစ်မဟုတ်တော့ကြောင်း အာမခံလိုက်ရပါသည်။ ပညာစုံ၍ ပြည်တော်ပြန်ရောက်သည့်အခါ ပညာရှင်ကြီးတစ်ဦးဖြစ်သွားပြီး ကျမ်းကြီးကျမ်းငယ်ပြုစုကာ ပညာရေးလောကကို အကျိုးပြု၏။

ကုန်းဘောင်ဆက်သမိုင်း ပထမပိုင်းကို ပါရဂူဘွဲ့အတွက် စာတမ်းရေးသည့် အမေရိကန်ကျောင်းသားတစ်ယောက်သည် ပညာကြွယ်ဝသလောက် ဥစ္စာကြွယ်လိုလှပါသည်။ ပညာလည်းရ ဝမ်းလည်းဝရလေအောင် သူ့ခမျာ တစ်ဘက်တစ်လမ်း ငွေရှာရ၏။ ခုနစ်နှစ်ကြာမှ ဘွဲ့ရသည်။[၁] နှစ်ပတ်သုံးပတ်တစ်ခါဆိုသလို ကျွန်တော်နှင့်လာတွေ့ပြီး စာတမ်းအတွက် တိုင်ပင်ဆွေးနွေးသည့်အခါတိုင်း နေ့လယ်စာ ကျွေးလွှတ်လိုက်ပါသည်။ 'ခုနစ်နှစ်တိုင်တိုင် စိတ်ရှည်လက်ရှည်နှင့် ပညာပါရမီဖြည့်ပေးသော ဆရာကြီးရဲ့ ကျေးဇူးတရားကို အောက်မေ့ဖွားများလျက်'ဟူသည့် ကမ္ပည်းထိုးထားသော ပါရဂူစာတမ်းတစ်စောင်ကို ကျွန်တော့်အား အမှတ်တရလက်ဆောင်အဖြစ်

၁။ အတွေးအမြင်စာစဉ် ၁၅၊ စာမျက်နှာ ၁၇–၁၈ ရှု။

ပေးသွား၏။ ဤစာတမ်းကို ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ ကျွန်တော်လှူလိုက်ပါသည်။

အနုပါရဂူဘွဲ့လာယူသူ မြန်မာကျောင်းသားတစ်ယောက်အား သွယ်ဝိုက်ကာ ပါရမီဖြည့်ခဲ့ပါ၏။ ကျွန်တော့်တပည့် မဟုတ်ပါ။ သို့သော် ကျွန်တော်နှင့် မကင်းပါ။ သူ၏ စာတမ်းကို တက္ကသိုလ်က အအောင်ပေးလိုက်၏။ သို့သော် ရေးဖြေစာမေးပွဲတွင် မြင်းကောင်းခွာလိပ်ဆိုသလို ဖြစ်သွားပါသည်။ နှစ်စေ့ပြီမို့ မြန်မာပြည်သို့ ပြန်သွားရ၏။ မြန်မာပြည်တွင် ဒုတိယအကြိမ် ဖြေဆိုခွင့်ပြုပါရန် သက်ဆိုင်ရာပါမောက္ခထံ ကျွန်တော် မေတ္တာရပ်ခံပါသည်။ ခွင့်ပြု၏။ အောင်သွားပါ၏။

နှုတ်၏စောင်မခြင်းဖြင့်လည်း ပါဠိဘာသာ မဟာဝိဇ္ဇာဘွဲ့လာယူသူ မြန်မာကျောင်းသား နှစ်ဦးတို့အားလည်း ဖေးမပေးခဲ့ပါသေးသည်။ ပထမကျောင်းသား၏ စာတမ်းကို ကျွန်တော်နှင့် ဆိုင်ရာပါမောက္ခတို့က ကြီးကြပ်ရပါ၏။ အဆိုပါ ပညာတော်ပြီး မာနကြီးသည့် ပါမောက္ခက သူ့အား တွေ့ဆုံတီးခေါက်ကြည့်ပြီး 'ဒီကျောင်းသားဟာ စာတမ်း ဘယ်လိုရေးရမယ်ဆိုတာ မသိဘူး'ဟု ဆိုပါ၏။ ကျွန်တော်က 'စာတမ်း ဘယ်လိုရေးရမှန်းသိရင် ဒီမှာလာသင်မှာမဟုတ်ဘူး'ဟု ပြန်ပြောလိုက်သည်။ အမှန်ဆိုလျှင် စာတမ်းတင်ပြပုံကို ကျောင်းသားသည် သိသည်။ ထိုပုဂ္ဂိုလ်ကြီးနှင့် တွေ့စဉ်အခါက ကြောင်နေဟန်တူ၏။ သိ၍လည်း အချိန်တန်သည့်အခါ နွားပိန်ကန်ပြဆိုသကဲ့သို့ ဘွဲ့ရသွား၏။

ဒုတိယကျောင်းသားသည်ကား ပါဠိမဟာဝိဇ္ဇာဘွဲ့ကို စာမေးပွဲဖြေပြီး ယူရန် သင်တန်းတက်နေပါသည်။ ပညာရေး၌ ကျွန်တော်နှင့်မဆိုင်သော်လည်း မြန်မာအချင်းချင်းဖြစ်၍ ဆရာတွေနှင့် ဆက်ဆံရေး၊ စာပေလေ့လာရေးစနစ်များနှင့်ပတ်သက်၍ တတ်အားသမျှကူညီစောင်မပေးသည်။ သူ၏ဆရာတွေက 'ဒီသူငယ်ကို လုပ်ပါဦး၊ တို့ဘာပြောပြော ဟုတ်ကဲ့ချည်းပဲလိုက်နေတယ်၊ မဟုတ်ဘူးဆိုတဲ့စကားကို တစ်ခါတလေ ကြားချင်တယ်ကွယ်'ဟု လာလာတိုင်၏။ ကျွန်တော်က ဆရာသမားများကို မြန်မာဗုဒ္ဓဘာသာတို့က အနန္တောအနန္တ ငါးပါးထဲ သွင်းထားသည့်အကြောင်း ပြောပြရာ ကျေနပ်ကြပုံမပေါ်ပါ။ 'တို့များ ဘုရားမှ မဟုတ်ဘဲဟာ၊ ဓာဒကတက်သင့်ရင်

တက်ရမယ်၊ နားမလည်ရင်ဆွေးနွေးရမှာ'ဟု ဆိုကြသည်။ ကျောင်းသားအား ထို စကားများကို ဖောက်သည်ချလိုက်၏။ သင်တန်းဆုံးသည့်အခါ စာမေးပွဲ အောင်သွား၏။

ဝါရင့်ကျောင်းသားတို့နှင့် လက်ပွန်းတတီးနေခဲ့ရသည်မှာ နှစ်ဦး နှစ်ဖက်စလုံး အသိပညာအတွေ့အကြုံကျယ်ပြန့်နက်ရှိုင်းလာပါသည်။ အယူ အဆ အတွေးအခေါ်ချင်းဖလှယ်ကြရာမှ အတွေးအမြင်နှင့် ဉာဏ်သစ်တို့သည် ပေါ်ပေါက်လာပါ၏။ ဆရာနှင့်တပည့်နှစ်ဦး အတ္တဟိတ ပရဟိတအကျိုး ဖြစ်ထွန်းပါ၏။

၂၊ ၁၊ ၃။ ။ဆရာ့ကျင့်ဝတ်

ဆရာ့ကျင့်ဝတ်ငါးပါးဟူ၍ သမားရိုးကျအစဉ်အလာခံယူချက်သည် ယခုခေတ် ပညာရေးလောကဖြစ်အင်နှင့် အံမဝင်ခွင်မကျတော့ချေ။ ပညာ တစ်ဆူ အသိအမှတ်ပြုခံလိုသူ ဆရာတစ်ဦးသည် စာပေပို့ချရုံ၊ ကျောင်းနှင့်ဌာန ဝတ္တရားများကို ဆောင်ရွက်ရုံနှင့် မပြီးသေးပါ။ မတင်းတိမ်နေသင့်ပါဟု ကျွန်တော် သဘောရပါ၏။ ကိုယ့်လောက်အတတ်ပညာမပြည့်စုံသေးသော သောတုဇနသုတေသီတို့နှင့် တွေ့ထိရာမှ ပညာတိုးပွားတန်သမျှ တိုးပွားခဲ့ ကြောင်းကို အရိပ်အမြွက်ပြခဲ့ပါပြီ။ သို့နှင့် မလုံလောက်သေးပါ။ ကျောင်းသား တို့ထက် တစ်ကွက်ကျော် မြင်နိုင်စွမ်းရှိရာ၏။ အခြား ပညာရှင်တို့ထက် အရည်အချင်း မသာစေကာမူ တန်းတူလိုက်နိုင်ရာ၏။

ဆရာသည် ကိုယ်နှင့်ဆိုင်သည့် စာအုပ်စာတမ်းတို့ကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးဆိုသလို ဖတ်ရပါသည်။ မြန်မာလိုသာမဟုတ်။ ဖြစ်နိုင်လျှင် အခြားဘာသာများနှင့်ပြုစုထားသော ကျမ်းကြီးကျမ်းငယ်များကို လေ့လာရ၏။ အခြား ပညာရှင်များနှင့် ကိုယ့်ကျောင်း၊ ကိုယ့်ဌာန၌လည်းကောင်း၊ ပြည်တွင်း ပြည်ပ ကျင်းပသည့် ဆွေးနွေးဖလှယ်ပွဲနှင့် ကွန်ဖရင့်များတွင်လည်းကောင်း တွေ့ဆုံရသည့်အခါများဝယ် အတွေးအခေါ် အယူအဆ အမြင်ချင်း လဲလှယ် ရာ၏။ ဤကဲ့သို့ အဘက်ဘက်မှရရှိထားသည့် အသိဉာဏ်နှင့် ပညာတို့ကို အမှီပြုကာ သုတေသနလုပ် စာအုပ်စာတမ်း ထုတ်ဝေရာ၏။ သို့မှသာလျှင် ကျောင်းသားများလည်း နာလို၊ ပညာရှင်တို့လည်း ကြည်ညိုပေမည်။ ထို့ထက်မှာမူ

မြန်မာဘာသာ စာပေယဉ်ကျေးမှု တိုးတက်ရာတိုးတက်ကြောင်း အရေး အသားတို့ကို နောက်လာနောက်သားတို့အား အမွေအနှစ်အဖြစ် ချန်ရစ် သွားနိုင်မည်။ ထိုမှတစ်ပါး ထိုဆရာသည်လည်း ကျွဲခြေရာကွက်ထဲက ဖားသူငယ်မှ သမုဒ္ဒရာထဲက ငါးကြီးဘဝသို့ ကူးပြောင်းသွားစရာရှိ၏။

ဤသည်တို့ကား ၁၉၃၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း အတွေးအကြုံတို့ကို ပြန်လည်သုံးသပ်ရာကပေါ်လာသော ကျွန်တော်၏ အတွေးအမြင်သာ ဖြစ်ပါ၏။

၂၊ ၂။ ။မြန်မာပြည်

၂၊ ၂၊ ၁။ ။ကကြီး ခခွေး

ကလေးမလေး

မြန်မာပြည်သို့ ၁၉၈၀ ပြည့်နှစ်တွင် ကျွန်တော်ပင်စင်ယူပြီး အပြီးအပိုင် ပြန်လာပါသည်။ ဆရာ၏ ဧည့်သည်လည်း အတူပါလာ၏။ သေမှသာလျှင် ဧည့်က ခန္ဓာကိုယ်မှ ခွာသွားပါမည်။ စာပေပို့ချပေးသည့် တာဝန်မှအပ တက္ကသိုလ်ဆရာတစ်ဦး၏ အခြားလုပ်ငန်းများကိုကား မပျက်ကွက်ခဲ့ပါ။ ဥပမာ ပါရီမြို့ရှိ College de France (ပြင်သစ်ပြည်ကောလိပ်)၌ ၁၉၈၄ ခုနှစ် မေလတွင် ရှစ်ကြိမ်ဟောပြောခဲ့သည်။ သုတေသနလုပ်သည်။ အင်္ဂလိပ်၊ မြန်မာလို ဆောင်းပါးရေးသည်။ စာအုပ်ထုတ်ဝေသည်။[၁] စာဖြင့် ပညာရှင်များနှင့် ဆွေးနွေးသည်။

၁၉၈၅ ခုနှစ်သို့ဝင်လာလျှင် ၁၅ နှစ်အရွယ် အိမ်ဖော်မကလေး ရောက်လာပါသည်။ စာတတ်ချင်စိတ် တဖွားဖွားပေါ်နေပုံကို သတိပြုမိ၏။ ပါရမီဖြည့်လိုစိတ် ခေါင်းပြူထွက်လာ၏။ ကကြီးခခွေးပင် မဖတ်တတ် သေးသော အရွယ်နနေသည့်သူကို စာတတ်အောင် စ,လုံးရေစ,မှ ဘယ်လို သင်ပေးရမှာလဲ။ ပထမ သူ၏ စွမ်းရည်၊ မှတ်ဉာဏ်၊ တွေးတောဉာဏ်၊ ဗီဇပဲများကို အကဲခတ်ကြည့်၏။ ထိုနောက် တီးခေါက်ကြည့်၏။ နောက်ဆုံး၌ မီးစဉ်ကြည့်ကဆိုသလို တစ်နေ့လျှင် တစ်နာရီခန့်သာ စေတနာရှေ့ထားပြီး

၁။ Burma, Institute of South-east Asian Studies, Singapore, 1985.

စာသင်ပေး၏။ ဆန္ဒ ဝီရိယ ဉာဏ်နှင့် ဖွဲ့အမခံကောင်း၍လည်းကောင်း၊ ကုသိုလ်ကံ အကျိုးပေးချိန်တန်၍လည်းကောင်း ထို့ကြောင့် လေးလနှင့် သုငယ်တန်းမှ စတုတ္ထတန်းအထိ ဖတ်စာများကို ဖတ်နိုင်နားလည်နိုင်သွား၏။

ကလေးမလေးသည် အားသည့်အခါ သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်တွေကို ဖတ်ပါသည်။ ပါဠိ၊ အင်္ဂလိပ် မွေးစားစကားလုံးနှင့် နှစ်လုံးဆင့်များကို လာမေးသည့်အခါ စနစ်ကျကျ ရှင်းပြကာ အသံထွက်နှင့် အနက်ပြောပြသည်။ တစ်စတစ်စ ပိုအရည်ဝပြီး ပိုတတ်လာ၏။ ယခင်က နားရှိ၍သာကြားသိရသော ရုပ်ရှင်မင်းသား မင်းသမီးနှင့် ဇာတ်ကားများ၊ နာမည်ကျော်အဆိုတော်နှင့်သီချင်းစသည့် အမည်တွေကို မျက်စိနှစ်လုံးဖြင့် ဖတ်ပြီး မြင်သိလာရသည်။ ရေးအခါက နာမည်မထိုးတတ်ခဲ့ရာမှ နာမည်လှလှ ကလေး ရေးတတ်လာ၏။ အသိများထံမှ ရသည့်စာကိုလည်း ဖတ်ခွင့်ရပြီး နားလည်၏။ ဤဘဝသို့ရောက်၍ ဤကဲ့သို့ ပီတိသောမနဿ ဖြစ်နေသည်ကို ကျွန်တော်မြင်ရသည့်အခါတိုင်း မစားရဝခမန်း ဖြစ်မိပါ၏။

ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသားတို့နှင့် ကလေးမကလေးအား ဖြည့်ပေးရသော ပညာပါရမီနှစ်မျိုးတို့ကို တန်းတူထားလျှင် မှားမည်လား၊ ကျမ်းဂန်မကျေ၍ ကျွန်တော်မသိပေ။ မည်သို့ပင်ဖြစ်စေ။ ပညာသင်ပေးခဲ့ သူတို့အကြောင်းကို ပြန်ပြောင်းတွေးမိတိုင်း ဝမ်းမြောက်နှစ်သိမ့်ခြင်းသည် တစ်ကိုယ်လုံး ပျံ့နှံ့သွား၏။ ထိုအခါ ဖရဏာပီတိ ဝမ်းဆီထိပျှသော ခံစားမှု ဆိုသည့်အနက်သည် ထင်းထင်းကြီး ပေါ်လာပါတော့သည်။

ဆရာ့အဖြစ်နှင့် ပါရမီဖြည့်ရကျိုး နပ်လှပါပေ၏။

အတွေးအမြင်၊ စာစဉ် ၂၃၊ မေ ၁၉၈၇။

မော်ကွန်းသုတေသန

အမှန်တရားရအောင် ပညာရှင်သည် သုတေသနလုပ်ပါသည်။ ပေါ်ထွက်လာသောရလဒ်တို့ အခြားပညာရှင်တို့က အခြေပြုကာ နောက်တစ်ဆင့် တက်သွားရန် ဆက်လက်ဆောင်ရွက်ရာ၏။ ထိုမှ တစ်ဆင့်ထက် တစ်ဆင့်မြင့်လာပါက တစ်နေ့သော် မြန်မာလူမျိုးတို့၏ ဘာသာစာပေ ယဉ်ကျေးမှု အမွေအနှစ်ကြီးသည် တိုးပွားလာမည်။ ထိုအခါ နောင်လာ နောက်သား မြန်မာနိုင်ငံသားများအတွက်သာမက အခြား နိုင်ငံသားများ အတွက်ပါ ရှိပြီးသားပစ္စည်းများဖြင့် ဂုဏ်ယူစရာအဆောက်အအုံကြီးတို့ကို တည်ထောင်ချန်ထားရစ်နိုင်ပါမည်။ ဤကား ကျွန်တော့်ခံယူချက်။

သုတေသီတို့သည် နည်းနှစ်မျိုးအနက် တစ်နည်းနည်းဖြင့် သုတေသန လုပ်၍ ပညာပြန့်ပွားစေပါ၏။ သိပြီး ရှိပြီးသားအကြောင်းအရာများကို ပြန်လည်သုံးသပ်ကာ အမြင်သစ်ဖြင့် အဓိပ္ပာယ်ပြန်ဖော်ပြသည်။ မသိ မရှိသေး သည့်အကြောင်းအရာများကို စိတ်ရှည်လက်ရှည်ဖြင့် ရှာဖွေပြီး ပင်ကိုဉာဏ်ဖြင့် ရုပ်လုံးဖော်ပြသည်။ အတွေးအမြင်စာစောင် ၁၂ ထဲ၌ပါရှိသော မော်ကွန်း ဗျူပွတ်ဆောင်းပါးသည် ဒုတိယနည်းကိုအကြောင်းပြု၍ ပေါ်ပေါက်လာ၏။ ဤသို့ဖြစ်မြောက်လာရအောင် ၁၉၃၅ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ၁၅ နှစ် အတွင်း မော်ကွန်းဝက်ပါထဲတဝဲလည်လည်ရှိခဲ့ရသော ကျွန်တော်သည် ပြဿနာများကို အခြေအနေအရ အချိန်ပေးသမျှ တွေးတောဝေဖန်ခွဲခြမ်း ဉာဏ်တို့ဖြင့် ဖြေရှင်းခဲ့ရ၏။ အမြင်မှန်တရားရသဖြင့် ထွက်ပေါက်တွေ့လာမိ၏။

ဤဖြစ်စဉ် အကွက်ကွက်တို့ကို အကြောင်းအကျိုးဆက်တို့နှင့် တင်ပြပါမည်။

မော်ကွန်းဟူသော စကားကို ငယ်ရွယ်စဉ်က ကြားဖူးပါသည်။ အမှတ်မထင်သာ နေခဲ့သည်။ ၁၉၃၁ ခုနှစ် ၁၀ တန်းကျောင်းသားဘဝ ရောက်လာသည့်အခါ ဤစကားလုံးကို အမှတ်မဲ့နေ၍ မရတော့ပါ။ သျှိသျှား ကန်တော်ဘွဲ့ မော်ကွန်းကိုင်ရလေပြီ။ ဆရာက ရှင်သီလဝံသ ရေးသည်ဟု ဆို၏။ ဆရာတော် အကြောင်း ပြောပြသည်။ မော်ကွန်းဗျူပွတ်ကို ရှင်းပြသည်။ မော်ဆိုသည်မှာ အတ္ထုပ္ပတ္တိ၊ ကွန်းဟူသည်မှာ မင်းတို့စံရာ နန်းတော်၊ မင်းနှင့်စပ်လျဉ်း၍ အကြောင်းတစ်ခုခုအတ္ထုပ္ပတ္တိကို ဖွဲ့ဆိုထားသည့် ကဗျာ တစ်မျိုးဖြစ်ကြောင်း မိန့်ဆိုသမျှ အားလုံးမှတ်ထား၏။ စာမေးပွဲထဲမေးလျှင် ဖြေနိုင်အောင် အလွတ်ကျက်ထားလိုက်သေး၏။ မှားသည် မှန်သည် မသိရှာ သေးပါ။

၁၉၃၃-၃၆ ခုနှစ်အတွင်း မြန်မာစာဂုဏ်ထူးယူသည့် ကျောင်းသား ကြီး ဖြစ်နေပါသည်။ စဉ်းစားဆင်ခြင်ဉာဏ် အတော်အတန် ရင့်သန်နေပြီ။ မရင့်ကျက်သေးပါ။ အတွေ့အကြုံများနေပြီ။ မပြည့်ဝလှသေးပါ။ မော်ကွန်း အစောင်စောင် ဖတ်ရသင်ရသည်။ ထိုကဗျာတွေ၏ အကြောင်းအရာတွေကို ခွဲစိတ်ကြည့်သည်။ ယေဘုယျအားဖြင့်အုပ်စိုးနေသော မင်း၏ဘုန်းတော်ဘွဲ့ကို နောက်ခံ ကားအဖြစ်ထားပြီး ထိုမင်းလက်ထက် အမှတ်တရ ပေါ်ပေါက်လာသော ဖြစ်အင်ဖြစ်ကွက်ကို စာဆိုတော်တို့က ဉာဏ်ကွန့်မြူး၍ စပ်ဆိုထားသည်များ ကို မြင်မိ၏။ ထိုအခါ ကျောင်းဆရာထံမှအကြားနှင့် ယခုလက်တွေ့အမြင်တို့ သဟဇာတမဖြစ်ကြောင်း သိရပါ၏။ ကျွန်တော့်ဘာသာ ကျွန်တော်သုတေသန အငယ်စားလုပ်ကြည့်၏။

မော်ကွန်းပုဒ်၌ မော်သဒ္ဒါအနက်ကို အနည်းနည်းဖြင့် ကြံဆ၏။ ကျေနပ်စွာမဖော်ထုတ်နိုင်ပါ။ ကွန်းသဒ္ဒါသည် အဆောက်အအုံဖြစ်ကြောင်း သိရ၏။ နတ်ကွန်း၊ မင်းကွန်းဟူ၍ ဝေါဟာရတွေရှိ၏။ ကျွန်တော်ဉာဏ်မမီ၍ မြန်မာစာဌာနမှ ဆရာသုံးဦးတို့အား မေးပါ၏။ ပထမဆရာက 'မော်ဆိုတာ အတ္ထုပ္ပတ္တိ၊ ကွန်းဆိုတာ နန်းတော်၊ မော်ကွန်းဟာ နန်းတော်နဲ့ စပ်လျဉ်းတဲ့ အဖွဲ့တစ်မျိုးပါပဲ'ဟု ဆို၏။ ဒုတိယ ဆရာကမူ 'မော်သဒ္ဒါဟာ သာလွန်အနက်ကို ဟောတယ်၊ ကွန်းက အဆောက်အအုံ ဟောတယ်။ မော်ကွန်း အခြား

အဆောက်အအုံထက် သာလွန်ခြင်းကို ဆိုလိုတယ်'ဟု ဖြေ၏။ တတိယဆရာက 'မော်ဟာ မွန်ထံမှလာတယ်၊ ကျောက်လို့ အနက်ရတယ်၊ ကွန်းကသိတဲ့ အတိုင်း အဆောက်အအုံ၊ မော်ကွန်းကျောင်း အဆောက်အအုံပါပဲ'ဟု ဖြေ၏။

ဤမိန့်ဆိုချက်များကား မသိသေးသည့် ကျွန်တော့်အား သိသွား သည့်အဖြစ်သို့ မပို့ပေးခဲ့ပါ။ မော်ကွန်းကဗျာပါ အကြောင်းအရာနှင့် ဤအနက်ဖွင့်ချက်တို့ မစပ်ဟပ်မိပါ။ ထို့ကြောင့် ဝေါဟာရလိနတ္ထဒီပနီ ကျမ်းနှင့် ဝေါဟာရပကာသနီကျမ်းတို့ထဲ မော်ကွန်းဗျူပွတ်ကို ရှာပါ၏။ ဒုံရင်းသို့သာပြန်ရောက်ပါသည်။ (ဗျူပွတ်ကို အတွေးအမြင်စာစောင် ၁၂၊ စာမျက်နှာ ၂၉ တွင် ပေးထားပါသည်။) ထိုနောက် ဆရာလွန်း၏ ကဗျာ သရုတ္တသင်္ဂြိုဟ်နှင့် မြန်မာဆရာနှစ်ဦးတည်းဖြတ်သော မော်ကွန်းနှစ်စောင် တို့၏ နိဒါန်းထဲ မော်ကွန်းစကားလုံးအနက် သုံးသပ်ထားပုံများမှာ အထက်ပါ ကျမ်းကြီးနှစ်ကျမ်း၏ စက်ကွင်းထဲမှိနေကြောင်းကို မြင်ရ၏။ 'မသိ'ပုဒ်မှာ 'မ'သဒ္ဒါ ချေပစ်ပေးနိုင်ခဲ့ပါ။

နောက်ဆုံးကျောက်စာပါရဂူနှင့် အရှေ့တိုင်း သမိုင်းပါမောက္ခဖြစ်သူ ဆရာကြီးဂျီအိတ်(ချ်)၊ လု(စ်)ထံ အကူအညီတောင်းပါ၏။ ဆရာကြီးက ၁၉၃၂ ခုနှစ်ထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် အတွဲ ၂၂၊ အပိုင်း ၃ ကို ယူပြပါသည်။ စာမျက်နှာ ၁၂၅၊ ၁၂၆ များ၌ အမုကွန်၊ အမူကွန်၊ အမောကွန် စကားသုံးလုံးတွေ့ရ၏။ လမ်းစပေါ်ပြီ။ သို့သော် ရှေ့ဆက်လက် သုတေသနမလုပ်ဖြစ်ပါ။ မဖြစ်သည့်အကြောင်းကို မရှင်းပြမီ စကားချပ် တစ်ရပ် ညှပ်ထည့်လိုပါ၏။

ကျွန်တော်တို့တစ်တွေ မြန်မာဘာသာနှင့်စာပေ နှစ်နယ်ရှိသည့် အနက် မြန်မာစာပေနယ်ထဲ၌သာ အများစုကကျက်စားပျော်မွေ့လာသည်မှာ ယခုအထိပင်။ ထို့ကြောင့်လည်း စာပေဘက်၌ အသိအတတ်ပညာ အတော် အတန် တိုးတက်နေပါ၏။ သို့သော် အနောက်နိုင်ငံမှ ဗြိတိသျှပညာရှင်တို့ အင်္ဂလိပ်စာပေ၌ ခရီးပေါက်ပေါက်တတ်မြောက်သလောက် မြန်မာပညာရှင် များသည် သူတို့စာပေ၌ ခရီးမရောက်ကြသေးပါ။ ရှိစေတော့။ မြန်မာဘာသာ ဘက်၌မူကား အကွက်ကွက်တွင် ထိထိရောက်ရောက် မဖြစ်မြောက်သေးပါ။ မြန်မာပညာရှင်တို့က ကိုယ့်ဘာသာကိုယ် တတ်သိသည်ဟု ယူဆနေ၍လား၊

သို့မဟုတ် စိတ်မဝင်စား၍လား မပြောတတ်ပါ။ မျက်မြင်သာကေတစ်ခုသာ ပြပါရစေ။

ဆရာကြီး လုစ်ပြ၍ သိရသည့် စကားသုံးလုံးတွင် အမှုကွန်ကို ၁၉၂၈ ခုနှစ်ထုတ် ပုဂံကျောက်စာ ညွန့်ပေါင်းစာအုပ်ပါ မင်းဝိုင်းကျောက်စာ စာမျက်နှာ ၁၀၅–၁၀၆ များ၌ ပါရှိပါသည်။ ဤကျောက်စာကို ထိုခေတ်က မြန်မာစာဂုဏ်ထူးတန်းတက်သူ ကျွန်တော်နှင့်တကွ အခြားကျောင်းသားအားလုံးတို့အပြင် ဆိုခဲ့ပြီးသော ဆရာသုံးဦးနှင့်အတူ အခြား ဆရာများအားလုံးတို့ ဖတ်ရသင်ရပါ၏။ တစ်ဦးမျှ ဂရုမမူ အလေးမထားခဲ့သဖြင့် ထိုဆရာတို့လည်း အဖြေမှန် မပေးနိုင်။ ကျွန်တော်လည်း ငေးမှိုင်နေခဲ့ရပါသည်။

အထက်၌ဝန်ခံခဲ့သည့်အတိုင်း သုတေသနမလုပ်ဖြစ်ခဲ့သည့်အကြောင်းကို အစီရင်ခံပါမည်။ ထိုအခါက ကျွန်တော့်ခေါင်းထဲ စာမေးပွဲကို အတန်းအမြင့်ဆုံးမှ အောင်လိုသောဆန္ဒက ကြီးစိုးနေ၏။ သက်ဆိုင်ရာ စာပေကိုသာ နေ့ညမသိ ဖိ၍သာ လိုက်စားနေသည်။ သုတေသနလုပ်ဖို့ရာ အချိန်မရ၊ အချိန်ရ စေကာမူ 'သုတ'ပညာလည်း နည်းပါး၊ 'ဇာသန'ရှာကြံမှု အာသီသလည်း ချို့တဲ့နေ၏။ ၁၉၃၆ ခုနှစ်တွင် ဘီအေကို ဆန္ဒပြည့်ဝစွာ အောင်သွား၏။

မဟာဝိဇ္ဇာတန်း ဆက်တက်ရင်း မြန်မာစာဌာန၌ အချိန်ပိုင်းနည်းပြဆရာ တာဝန်ကို ထမ်းဆောင်ပါသည်။ ၁၉၃၈ ခုနှစ်၌ ကျွန်တော့် ဘဝလမ်းကြောင်း အတန်ငယ်ပြောင်းသွား၏။ မဟာဝိဇ္ဇာတန်း အောင်ရုံတွင် မကသေး။ ပညာတော်သင်ဆုကိုလည်း ဆောင်နိုင်ခဲ့၏။ လန်ဒန်တက္ကသိုလ် ပညာရေးကောလိပ် ကျောင်းတွင် မဟာဝိဇ္ဇာဘွဲ့ယူရန် ဗြိတိန်သို့ထွက်ခွာသွားသည်။ ပထမနှစ်၌ ဒီပလိုမာအတွက် သင်တန်းတက်၏။ တစ်နှစ်လုံးလုံး ပညာရေးသဘောတရား၊ စိတ်ပညာစသည့် သူစိမ်းတရုံဆံ ဘာသာရပ်များနှင့် လုံးပန်းရ၏။ မြန်မာဘာသာစာပေနှင့် ဝေးခဲ့၏။ မော်ကွန်းအနံ့ပင် မရှူရပါ။ ၁၉၃၉ ခုနှစ်တွင် ဒီပလိုမာရ၏။

ထိုနှစ်တွင် အကြောင်းကံ စီမံပေး၍ မြန်မာဘာသာနယ်ပယ်ထဲ သက်ဆင်းရပြန်ပါ၏။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ ကျောင်း၌ မြန်မာ–အင်္ဂလိပ်အဘိဓာန်ကြီးပြုစုနေသူ မြန်မာစာ ဒု–

ပါမောက္ခဖြစ်နေသော ဒေါက်တာ ဂျေ၊ အေ စတူးဝတ်နှင့် ဆုံစည်းရ၏။ သူ့အကြံပေးချက်အရ ပညာရေးမဟာဝိဇ္ဇာတန်းဆက်မတက်တော့ဘဲ မြန်မာစာ ပါရဂူဘွဲ့စာတမ်းကို ဆရာကြီးလက်အောက်၌ ရေး၏။ အဘိဓာန်ကိုလည်း ဝိုင်းဝန်းကူညီပေးသည်။ ဒုတိယကမ္ဘာစစ်ကြီးလည်း စ,ဖြစ်ပါ၏။

စာတမ်းရေးသည့်အမှုက အချိန်နှင့်ဉာဏ်အားကို ဝါးစားသည်။ စစ်ကြီးက ကိုယ်နှင့်စိတ်ကို နှိမ်းပါးစေသည်။ မော်ကွန်းဘက် လှည့်မကြည့်နိုင်စေကာမူ စာတမ်းအတွက် ပြင်ဆင်ရေးနှင့် အဘိဓာန်ပြုစုရေးတို့မှ အကျိုးကျေးဇူးတစ်ခု ထွက်လာသည်။ ၁၉၄၄ ခုနှစ်တွင် 'ပြီး၊ ရ၊ ဖြစ်'ကိန်းသုံးကိန်း ဆိုက်လာ၏။ စစ်ကြီးလည်းပြီး၊ ကျွန်တော်လည်း ပါရဂူဘွဲ့ရ၊ ဆရာကြီးလည်း ပါမောက္ခဖြစ်ပါသည်။ ထိုအခါ ဆရာကြီးက သူ၏ တစ်ကေမျှကျယ်ဝန်းသော ခြံကြီးအတွင်း နေအိမ်နှင့် မလှမ်းမကမ်း၌ ဆောက်ထားသော အဘိဓာန်ရုံးတွင် စစ်ကြောင့် ခြေလှမ်းတန့်ခဲ့ရသော အဘိဓာန်ကို အပူတပြင်း 'အားဂျင်း'ပြုစုပါတော့သည်။ ဆရာကြီး၏ လုပ်ဖော်ကိုင်ဖက် မစ္စတာဆီ၊ ဒဗလျူ ဒန်းနှင့် ကျွန်တော်တို့လည်း ဖုယ်ပူမီးတိုက် လုပ်ကြသည်။

၁၉၄၈ ခုနှစ်၊ မေလတွင် ဆရာကြီး အနိစ္စရောက်သွားပါသည်။ ဩဂုတ်လတွင် အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များကျောင်းက မြန်မာစာ ကထိကရာထူးကို ကမ်းလှမ်းလာ၏။ လက်ခံလိုက်သည်။ အောက်တိုဘာလ၌ အလုပ်စဝင်ပါသည်။ (ကျောင်းဆရာဘဝ အကြောင်းအကျယ်ကို အတွေးအမြင် စာစောင် ၂၃၊ ပါရမီနှင့် ဆရာ(၂)၊ စာမျက်နှာ ၁၈–၂၇ ၌ ရေးပြထားပါသည်။) တစ်ချိန်တည်းမှာပင် အဘိဓာန် စာတည်းမှူးအဖြစ် မစ္စတာဒန်းနှင့် အတူ တွဲလုပ်၏။

မြင်းနှစ်ကောင်စီးနေရပြီ။ သို့သော် အလုပ်များသလောက် ကျေးဇူးသက်ရောက်၏။ ကျွန်တော် ချစ်မြတ်နိုးသော မြန်မာမှုအစုစုတို့နှင့် ပြန်လည်ပေါင်းဖက်ရသည်။ ကျောင်း၌လည်း မြန်မာစာပေပို့ချ၊ ပညာရှင်တွေနှင့် တွေ့ဆုံရ၊ အဘိဓာန်ရုံးတွင်လည်း အဖိုးအနဂ္ဃတန်သည့် စာအုပ်စာတမ်းတွေနှင့် နှစ်ပေါင်း ၂၀–၃၀ အတွင်း စုဆောင်းထားသည့် လေးငါးခြောက်သိန်းမျှသော အဘိဓာန်ကတ်ပြားများအလယ် ပျော်စံပယ် နေရသည်။ ထန်းတက်သမား

ရင်ဘတ်နှင့် ထန်းပင်ကဲ့သို့ ကပ်လိုက်ခွာလိုက် ဖြစ်ခဲ့ရသော မော်ကွန်းနှင့် အကြောင်းဆုံရပြန်၏။

တစ်နေ့သော် အဘိဓာန်ရုံးထဲ မှော်ဘီဆရာသိန်းကြီး၏ နှောင်းဖြစ်စာတမ်းကို တွေ့ရ၏။ ရန်ကုန်တက္ကသိုလ်၌ ဖတ်ဖူး၏။ ဟိုလှန်သည်လှန်ကြည့်သည့်အခါ မော်ကွန်းကဗျာ အသုံးအနှုန်းနှင့် ပတ်သက်၍ ရေးထားသည်ကို မြင်မိပါသည်။ (အတွေးအမြင်စာစောင် ၁၂၊ မျက်နှာ ၃၅ ရှု)ပြာဖုံးမီးခဲပမာ ဖြစ်နေသော မော်ကွန်းအသိဉာဏ်သည် ပြန်လည်တောက်စပြုလာပါတော့သည်။ သုတေသနပြုလိုစိတ် ပေါ်လာသည်။ ပြုသည်။ တိုက်ဆိုင်ချင်၍လား မသိပါ။ မကြာမီပင် ကျွန်တော့်ကျောင်းသားက 'မော်ကွန်း'ဆိုတာ ဘာလဲ ဆရာ'ဟု မေးပါသည်။

ကျွန်တော်က ကျောင်းသားအား ဖြန်းခနဲအဖြေမပေးပါ။ သူ့ကို 'ဆရာဟာ ပါရဂူဆိုပြီး အားလုံးသိတယ်လို့ မထင်လိုက်နဲ့ဦး၊ ပါရဂူ ပေါက်စကလေး၊ ပါရဂူဆိုတဲ့ ဘွဲ့အနွတ္ထသညာ ပီသရအောင် အများကြီး ကြိုးစားရဦးမယ်၊ မော်ကွန်းအကြောင်းကို ဆရာကောင်းကောင်း မသိသေးဘူး၊ ရှိတဲ့အသိဉာဏ်ကလေးနဲ့ ဖြေလိုက်ရင် ဆရာ့ကို အထင်သေးသွားမယ်၊ နှောင်ဆရာ့စကားတွေကို ယုံချင်မှယုံတော့မယ်။ တကယ်သိတဲ့ ဟာမျိုးဆိုရင် ဆရာစားမချန် ဖွင့်ပြောပြမယ်၊ လုံးလုံးမသိတဲ့အရာဆိုရင် မသိဘူး၊ ဒါပေမယ့် ဆရာတတ်နိုင်သမျှ ရှာကြံရှာဖွေပြီး ရတဲ့အချက်တွေကို တင်ပြမယ်၊ မသိတသိဆိုတဲ့ ကိစ္စမှာ သိသမျှပြောပြပြီး မသိသေးတဲ့အချက်တွေ ရှာဖွေဖြည့်ထည့်ပေးမယ်လို့ ခံယူချက်ရှိတယ်၊ ဒါကြောင့် နောက်မှပဲ သိလိုတဲ့အဖြေပေးမယ်'ဟု နှစ်သိမ့်လိုက်၏။ သိသမျှကိုသာ ဖောက်သည်ချလိုက်ပါ၏။

ကျွန်တော်သည် ဆရာကြီးလုစ်ဆောင်းပါးကို ဖတ်၏။ 'အမုကွန်၊ အမူကွန်၊ အမောကွန်'စကားလုံးတွေကို မှတ်ထား၏။ ထိုနောက် ပုံနှိပ်ထားသော ကျောက်စာ စာအုပ်ကြီးများထဲ အဆင်ခြင်ဉာဏ်ဖြင့် တွေ့တန်ကောင်းသည့် စာမျက်နှာများ၌ ရှာဖွေ၏။ မော်ကွန်စကားလုံးကို စာအုပ်တစ်အုပ်၌ မြင်ရသည်။ ပြီးနောက် မော်ကွန်းပုဒ်ပါသည့် အဘိဓာန်ကတ်ပြားတွေ အားလုံးကို စီစစ်လေ့လာ၏။ အဓိပ္ပာယ်နှင့် အသုံးအနှုန်းများကို စုထားသည်။

ကျွန်တော့်လက်ဝယ် ရရှိထားသော မော်ကွန်းနှင့်သက်ဆိုင်သော စကားလုံးများကို ခရစ်သက္ကရာဇ် အစီအစဉ်အရ အောက်ပါအတိုင်း ရေးချထား၏။

၁။ အမုကွန်(၁၂၆၆)၊ အမူကွန်(၁၂၇၁)၊ အမောကွန်(၁၂၈၈)= အလှူမှတ်တမ်း(စာရင်း)တင်ရာ၊ ထားရာ အဆောက်အအုံ၊

၂။ မော်ကွန်(၁၄၁၅)=စာရင်းမှတ်တမ်း

၃။ မော်ကွန်း(၁၄၅၁)=မှတ်တမ်းတင်ရာ အဆောက်အအုံမှတ်တမ်း

၄။ မော်ကွန်း(၁၄၇၂)=မှတ်တမ်းတင်အပ်သော အကြောင်းအရာကို ဖွဲ့ဆိုထားသော ကဗျာ။

၅။ မော်ကွန်း(၁၅ရာစု)=ပုရပိုက်ပေါ်ရေးထားသော မှတ်တမ်း စာရင်း၊ ဆုတောင်းခန်းပျို့။

(၁၆ရာစု) = ဂုဏ်သတင်းကို တင်ထားသော မှတ်တမ်း၊ ဓမ္မပါလပျို့။
= အမှတ်တရကိုးကွယ်ရာ၊ စေတီတော်၊ နဝဒေးရတုပေါင်းချုပ်။

(၁၇ရာစု) = မှတ်တမ်းထိုးအပ်သောကမ္ဗည်းမြတ်၊ မင်းရဲနရာဇချင်း။

(၁၈ရာစု) = မြို့တံခါးအနီး အမှတ်တရထိုးထားသော မြို့သမိုင်းတိုင်။ ဝိဓူရဇာတ်တော်ကြီး။

(၁၉ရာစု) = သမိုင်းမှတ်တမ်းများ၊ သမန္တစက္ခု ဒီပနီကျမ်း ဒုတိယတွဲ။

(၂၀ရာစု) = ရှေးဟောင်းစာတမ်း၊ ကျောက်စာများ၊ မရွှေ့ပြောင်းနိုင်သော ဘိုးဘပိုင်နှင့် အရာတော်မြေ စသည်များကို စောင့်ရှောက်သော အရာရှိမော်ကွန်းထိန်း၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထတွဲ။

(ထိုမှတစ်ပါး 'မော်ကွန်းတွင်'ဟူသော ဝေါဟာရသည် 'အစဉ်အလာ ပြောစမှတ်၊ အသိအမှတ်ပြုသည်' အနက်ရကြောင်း သိရပါသေး၏။)

၆။ မော်ကွန်း(၁၉၄၈)=ဥပဒေပြုလွှတ်တော်တွင် အမတ်များ လက်မှတ်ရေးထိုးသော မှတ်တမ်းစာအုပ်။ မြန်မာ့အလင်းသတင်းစာ။

အသိကိုမူတည်ကာ မသိသို့ ပဋိလောမနည်းအရ သုံးသပ်၏။ အသိကား မော်ကွန်း(၄)ဖြစ်၏။ ဤပုဒ်နှင့် မော်ကွန်း(၃)၊ မော်ကွန်း(၂)၊ အမောကွန်၊ အမူကွန်၊ အမုကွန်(၁) အားလုံးတို့၌ 'အမှတ်တရ မှတ်တမ်း' ဟူသော အခြေခံအနက် တည်ရှိနေသည်။ အင်းဝခေတ် 'မော်'သဒ္ဒါသည် ပုဂံခေတ် '(အ)မု၊ (အ)မူ၊ (အ)မော'တို့မှ ဆင်းသက်လာသည်။ 'မု၊ မူ၊

မော’တို့သည် စာလုံးပေါင်းကွဲလွဲသော်လည်း အနက်တူသည်။ ‘မှ၊ မှု’သည် ပြုသည်၊ လုပ်သည် အနက်ရသည်။ ထိုခေတ်က ‘သော’ကို သု၊သူ’ရေးထုံးရှိသလို၊ ‘မော’ကိုလည်း ‘မှ၊ မှု’ရေးသည်ဟူသော အသိဉာဏ်သည် ခေါင်းထဲဝင်လာ၏။

ထို့နောက် မော်ကွန်း(၄)မှ မော်ကွန်း(၅)နှင့်(၆)တို့သို့ အနုလောမ နည်းဖြင့် ဆင်ခြင်ပါသည်။ မှတ်တမ်းကဗျာမှတစ်ဆင့် ထိုးထွက်လာသော ဒုတိယအကိုင်းကြီးဖြစ်ကြောင်းကို သတိမူမိ၏။ မှတ်တမ်း၊ မှတ်တမ်းစာရင်း၊ သတင်း၊ သမိုင်းစာအုပ် သို့မဟုတ် အရာဝတ္ထုပစ္စည်း စသည်တို့၏ အဓိပ္ပာယ်များကို ဆောင်၏။ ဤသို့ ရရှိပြီးရကား ပုဂံခေတ်ဖြစ် အမုကွန်မှသည် လွတ်လပ်ရေးခေတ်ပေါ် မော်ကွန်းအထိ အကြောင်းအကျိုးဆက်တို့ဖြင့် အင်္ဂလိပ်လို ဆောင်းပါးရေးပါသည်။ အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များကျောင်း ဂျာနယ်အယ်ဒီတာထံသို့ ပို့ပေးလိုက်၏။ ၁၉၅၀ ပြည့်နှစ်ထုတ် အပိုင်း ၃ ထဲ ပါလာသည်။*

ဆောင်းပါးကို မြင်ရသည့်အခါ ဂုဏ်ယူမိပါ၏။ သို့သော် မာန်မတက်မိပါ။ စ,လုံးရေးစ ဆောင်းပါးထဲ၌ က,အက္ခရာမှ အ,အက္ခရာ ရောက်အောင် ကျွန်တော်ကြိုးစားဖို့လိုသေးကြောင်း သညာတွေပြနေသည်ကို မြင်ရပါသည်။ မည်သို့ပင်ဖြစ်စေ၊ မော်ကွန်းဗျုပ္ပတ်နှင့်စပ်လျဉ်း၍ ကျွန်တော်တို့တစ်တွေ ဆင်ကိုစမ်းသပ်ပြီး ထင်ကြေးအမျိုးမျိုးပေးသည့် မျက်မမြင် ပုဏ္ဏားခြောက်ယောက်တို့၏ ဘဝမျိုးမှ လွတ်မြောက်တန်ကောင်းချေ၏ဟု သဘောရသဖြင့် ဝမ်းသာမိပါ၏။ ထိုနောက် မြန်မာစာ ဂုဏ်ထူးတန်း ကျောင်းသားအား ‘မော်ကွန်းဆိုတာ ဘာလဲလို့သိချင်ရင် ဒီအထဲမှာ ဖတ်ကြည့်ပေတော့’ဟုဆိုပြီး ဆောင်းပါးတစ်စောင် လက်ဆောင်ပေးလိုက်ပါ၏။

ဘာသာစကားတစ်လုံး၏ အဓိပ္ပာယ်သည် အစဉ်လိုလို ဆင့်ပွား တိုးတက်နေတတ်ပါသည်။ ဤအချက်ကို အဘိဓာန်ပြုစုသူတိုင်း သတိပြုမိကြ၏။ မော်ကွန်းပုဒ်အနက်သည်လည်း ထိုနည်းနှင်နှင် ဖြစ်ပါသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ဆင့်ပွားအဓိပ္ပာယ်တွေ ကပ်ရောက်လာ၏။ ထို့ကြောင့်လည်း အင်္ဂလိပ်လို ဆောင်းပါးကို မြန်မာဘာသာဖြင့် ထပ်ချဲ့ကာ

*Bulletin of the School of Oriental and African Studies, Vol. XIII,Part 2, 1950, PP 427-432.

အတွေးအမြင် စာစောင် ၁၂ ထဲ ရေးခဲ့ပါ၏။ အကျယ်ကို သိလိုသူတို့ စာမျက်နှာ ၂၈ မှ ၃၆ အထိ ဖတ်ရှုကြည့်စေချင်ပါသည်။

မြန်မာဘာသာ၊ စာပေ၊ ယဉ်ကျေးမှု သုံးဌာနစလုံး၌ ပညာရှင်တို့အားရ ကျေနပ်လောက်သည့် သမိုင်းအဆောက်အအုံကြီးတစ်ဆောင်စီ မရှိသေးပါ။ အထည်ပစ္စည်းချို့တဲ့နေ၍ ဖြစ်ပါ၏။ အသက်ရှင်လျက် ရှိနေကြတုန်း ကိုယ့်အမွေရတနာကို မြတ်နိုးသူတိုင်း ကိုယ်သန်ရာအပိုင်းမှ တတ်စွမ်းသမျှ လိုအပ်သည့်အချက်တွေကို သုတေသနလုပ်ကာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များ ရေးသားပြုစုသူ ပြုစုနေကြသည်။ မလုံလောက်သေးပါ။ ဆက်ပြီး မမိုက်မသုန် လုပ်သွားမှသာလျှင် နောက်တစ်နေ့၌ ဆောက်ဖြစ်ပါမည်။

ထိုအခါ အဆိုပါ အဆောက်အအုံကြီးတစ်ခုခု၏ တစ်နေရာရာတွင် ဗိသုကာကြီးတို့က ကျွန်တော့် မော်ကွန်းဆောင်းပါးကို ထည့်သွင်း အသုံးပြုမည်ဟုဆိုလျှင် ရေးရကျိုးနပ်ပါပြီ။

အတွေးအမြင်၊ စာစဉ် ၂၅၊ ဇွန် ၁၉၈၇။

ပညာပါရမီ ဖြည့်ကြပါ

၁။ အမွေအနှစ်

ရှေးဟောင်းကဗျာလင်္ကာသိုက်ကြီးသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အမွေအနှစ်ကြီး ဖြစ်ပါပေသည်။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ပညာအရပ်ရပ် ရတနာများနှင့် ပြည့်နှက်နေ၏။ ယေဘုယျအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်အတွင်းကမူ အမွေခံ၊ အမွေစားတို့က စတင်စစ်ဆေး ပညာရေးတွင် အသုံးပြုလာသည်။ တက္ကသိုလ်နှင့် အဆင့်မြင့်ကျောင်းများ၏ သင်ရိုးညွှန်းတမ်းထဲ ထည့်သွင်းပြီး သောတုဇနတို့အား ပို့ချပေး၏။ ပညာရှင်နှင့် သုတေသီတို့က လေ့လာစိစစ်အကဲဖြတ်သည်။

ယခုအခါ လောကဓမ္မတာအရ ဖြစ်ပြီးပျက်ရသည့်ကိန်း ဆိုက်နေပြန်သဖြင့် ရတနာများ ချို့တဲ့နေပါပြီ။ မြန်မာအစုစုမြတ်နိုးသူမှန်သမျှက ပြန်လည်ဖြည့်တင်းပြီး ရှေးကထက်ပိုမို အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် ကြိုးဆောင်အားထုတ်ပါဟု မေတ္တာရပ်ခံအပ်ပါသည်။

၂။ ကဗျာလင်္ကာ

သက္ကတဘာသာ'ကာဗျ'ကဝိတို့၏ အဖွဲ့အနွဲ့နှင့် 'အလင်္ကာရ' တန်ဆာဆင်ခြင်း စကားလုံးနှစ်လုံးမှ ဆင်းသက်လာသော ကဗျာလင်္ကာများသည် ခရစ်သက္ကရာဇ် ၁၄၅၆ ခုနှစ်လောက်မှ ၁၈၈၆ ခုနှစ်အထိ နှစ်ပေါင်းလေးရာကျော် ဘုရင့်ခေတ်အတွင်း ဗုဒ္ဓဘာသာမြန်မာမင်းတို့ အရိပ်

အာဝါသအောက် ထွန်းကားလာပါ၏။ စောစောပိုင်းက ဗုဒ္ဓ၊ ရာဇ၊ သဘာဝနှင့် အချစ် မူအဖြစ်ထားပြီး စပ်ဆိုသည်။ ၁၈ ရာစုနှစ်မှစပြီး လူမှုရေးရာ အဖြာဖြာတို့ကိုပါ သီကုံးလာ၏။

စာဆိုတော်တွေကား ရဟန်းပညာရှိများ၊ ရဟန်းတော်တို့ကျောင်းများ၌ အနှစ်နှစ်အလလ ပညာဆည်းပူးခဲ့သည့် မှူးမတ်၊ မြို့စား၊ ရွာစားများနှင့် ကတော်များ၊ မဟာမျိုးမဟာနွယ် မင်းယောကျ်ား၊ မင်းမိန်းမ စသည် လူပညာရှိတို့ ဖြစ်ပါ၏။ ပေ၊ ပုရပိုက်ပေါ် ကညစ်၊ ကံ့ကူဆန်တို့ဖြင့် စိတ်ရှည်လက်ရှည် ရေး၏။ ခံ့ညားထည်ဝါသော စကားလုံးတို့ဖြင့် သီကုံး၏။

ကဗျာများကို သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရများဖြင့် တန်ဆာဆင်ထား၏။ အမျိုးပေါင်း ငါးဆယ်ကျော်သော ဟူ၏။[၂] (၁) ရွတ်ဖတ်ရသော (က) လေးလုံးတစ်ပိုဒ် ဘောင်ဝင်ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု။ (ခ) ယင်းဘောင်ပြင်ဘက် သုံး၊ လေး၊ ငါး၊ ခြောက်လုံးတစ်ပိုဒ်၊ ရကန်၊ သာချင်း၊ အဲ၊ အန်။ (၂) သီဆိုရသော (က) တေးသီချင်းဟူသည့် ဘောလယ်၊ တေးထပ်၊ လေးချိုး၊ ကြိုးချိုး၊ ဒွေးချိုး၊ လွမ်းချင်း၊ အိုင်ချင်းဗုံကြီးသံ။ (ခ) ဂီတ သီချင်းဟူသည့် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး။ (၃) ရွတ်ဆိုရသော လင်္ကာစကားပြေနှစ်ထွေရော (က) နန်းတွင်းဇာတ်တော်ကြီး ပြဇာတ်။ (ခ) တရားစာ၊ မေတ္တာစာ စသည်တို့ ဖြစ်ပါသည်။

၂။ ကဗျာ့ကံကြမ္မာ

၂၊ ၁။ ။ဘုရင့်ခေတ်

ဘုရင့်ဘုန်းရောင်အောက် ထွန်းတောက်လာသော ပေ၊ ပုရပိုက်အက္ခရာတင် ကဗျာတို့သည် ဘုရင့်ခေတ် နောက်ပိုင်းတွင်ပင် ကြုံကြုံဖန်ဖန် ကံဇာတာမှေးမှိန်ခဲ့ရကြောင်း တွေ့မြင်ရပါ၏။ စစ်ဘေး၊ ခြပိုးမွှား အန္တရာယ်၊ ရာသီဥတုဒဏ်များခံနေရ၍ ဦးရေလျော့ပါးနေရသည့်အထဲ သာသနာ့ရန်စူးရန်ငြောင့်ဟု မှတ်ထင်သော လောကုတ္တရာသမားတို့၏ ပယောဂကြောင့် လောကီဆိုင်ရာ ကဗျာလင်္ကာပစ္စည်းများသည် လျစ်လျူရှုခံခဲ့ရပြီး ပိဋကတ်တော်များသာလျှင် ဦးစားပေးသိမ်းဆည်းခံခဲ့ရဟန် တူ၏။

ကံအားလျော်စွာ အမြင်ကျယ်လှစွာသော မင်းတုန်းမင်းတရားကြီး (၁၈၅၃-၇၈)က ဤကဗျာလင်္ကာများသည် ဘာသာစာပေယဉ်ကျေးမှုများနှင့် ဆိုင်သော ပညာရပ်များ စုဝေးရာဌာန ဖြစ်သည်။ ရနိုင်သမျှ စုဆောင်း သိမ်းထားစေဟု ၁၈၆၄ ခုနှစ်လောက်၌ အမိန့်တော်မြတ် ချမှတ်တော်မူ၏။ ထို့ကြောင့် မင်းလှဇေယျသူက ရသမျှစာစောင်တွေကို ဆိုင်ရာမှတ်ချက် ကလေးများရေးပြီး စာရင်းလုပ်၏။ ထို့နောက် ရှေ့ဆုံးက ပိဋကတ်တော်များ၊ နောက်၌လုပ်ထားသော စာရင်းကိုထားကာ ပိဋကတ်သမိုင်း စာတမ်းပြုစု၏။ ၁၈၈၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေ၏။ ရှင်လူအများ ဖတ်ရှုရသည်။ အမွေ အနှစ်ကြီး ကျန်ရစ်တန်သမျှ ကျန်ရစ်ခဲ့၏။

၂၊ ၂။ ။ဗြိတိသျှခေတ်

၁၈၂၄-၂၆၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များ၌ အင်္ဂလိပ်-မြန်မာ စစ်ပွဲ သုံးကြိမ်တိုင်တိုင်ဖြစ်သည်။ ပထမနှစ်ကြိမ်တွင် တစ်ကြိမ်လျှင် တစ်စိတ်စီ။ နောက်ဆုံးအကြိမ်၌ ကျန်တစ်ပိုင်း ဆုံးရှုံးခဲ့ရသဖြင့် မြန်မာပြည်တစ်ပြည်လုံး ဗြိတိသျှလက်တွင်း သက်ဆင်းခဲ့ရ၏။ လက်ရေးမူနှင့်မို့ စောင်ရေနည်းပါး နေသော မြန်မာကဗျာများ ရေးထားသည့် ပေ၊ ပုရပိုက်တို့သည် အထက်အဆိုပါ ဘေးအန္တရာယ်နှင့်ဒဏ်တို့ကြောင့် ပြန့်စဉ်ပျောက်ဆုံး ပျက်သုဉ်းသွားရပြန် ပါသည်။ ပျက်ကံမရောက် မပပျောက်ဆိုသလို ပုံနှိပ်စက်များ ပေါ်နှင့်နေပြီမို့ ပုဂ္ဂလိက ပုံနှိပ်စက်ပိုင်ရှင်တို့က လက်လှမ်းမီရာကဗျာအချို့ကို ပုံနှိပ်ထုတ်ဝေ ခဲ့သည်။ အသက်ဆက်ပေးသည်နှင့် တူပေ၏။

၁၉၂၀ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ်ထူထောင်သည်။ အနွတ္တသညာ ပီသည့် မြန်မာစာပေဌာနကြီး ဖွင့်လှစ်နိုင်ရန် ဆရာကြီးဦးဖေမောင်တင် ကမကထလုပ်ကာ ရှေးဟောင်းမြန်မာကဗျာတွေကို မရမက စုဆောင်း၊ ပညာရှင်တို့အား တည်းဖြတ်သုတ်သင်စေပြီး မြန်မာပြည်သုတေသန အသင်း ကြီး အထောက်အပံ့ဖြင့် စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီး၏ ကျေးဇူးကြောင့် ကဗျာလင်္ကာအမြောက်အမြားတို့သည် ပေ၊ ပုရပိုက်များပေါ်မှ ကိုင်ရလွယ်၊ သိမ်းရလွယ်၊ ဖတ်ရလွယ်သော စာအုပ်တွေထဲ ရောက်လာရသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ဆိုခဲ့သည့်အတိုင်း ပညာရှင်နှင့်သုတေသီတို့က

လေ့လာနိုင်သည်။ သောတုဇနအတော်များများတို့က ကျောင်းနှင့် တက္ကသိုလ် များ၌ သင်ယူနိုင်သည်။ လေ့ပြေးတုန်း ရွက်တိုင်ကျိုးဆိုသလို အရှိန်အဟုန် တစ်ခါ ရပ်ဆိုင်းသွားရပါသည်။

၁၉၄၂ ခုနှစ်မှ ၄၅ ခုနှစ်အတွင်း မြန်မာပြည်သည် စစ်ဘေးသင့်ရ၏။ စစ်ကြီးပြီး၍ မြန်မာနိုင်ငံတော်သည် လွတ်လပ်ရေး တစ်ဖန်ပြန်ရပါသော်လည်း ရောင်စုံသူပုန်နှင့် အခြားသူပုန်တွေက တစ်စခန်းထသည်။ အစဉ်လိုလို ခြ ပိုးမွှားအန္တရာယ်နှင့် ရာသီဥတုဒဏ်ခံနေရသော စာအုပ်စာတမ်းနှင့် ပေ၊ ပုရပိုက်တို့သည် စစ်ဘေးကြောင့် လဲရာသူခိုးထောင်းခံရပါတော့သည်။ ဒုတိယအကြိမ် ကပ်ကြီးသုံးပါး ဆိုက်ခဲ့ရပြန်ပါ၏။

၂၊ ၃။ ။လွတ်လပ်ရေးခေတ်

၁၉၅၀ ပြည့်နှစ်လောက်ကစပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဦးဖေမောင်၊ နောင်အခါ တက္ကသိုလ်ဖြစ်လာမည့် မန္တလေးကောလိပ်၊ မြန်မာစာ ဌာနမှ ပါမောက္ခနှင့်ဆရာများက တတ်အားသမျှ အသက်ပြန်သွင်းပေးပါ၏။ လူအား စိတ်အားကောင်း၏။ ငွေအားမကောင်း။ အခြား စေတနာရှင်တို့က လည်း တတ်အားသမျှ ကူညီပါသေးသည်။ သို့သော် ဒုံရင်းသို့မရောက်နိုင်ပါ။ ရှိသမျှစာအုပ်တွေကိုသာ ကြံဖန်အသုံးပြုခဲ့ရရှာသည်။

ယနေ့ ကဗျာ့ပစ္စည်းအခြေအနေသည် ဆိုးရွားနေသည်ဟု ဆိုရပေ မည်။ တလောက နေမိဘုံခန်းပျို့၊ ပြည်စုံမော်ကွန်း၊ ဣန္ဒြောဝံသ၊ နန်းတွင်း ဇာတ်တော်ကြီးအပါအဝင် ကဗျာစာအုပ်ခြောက်အုပ်ကို စာပေနယ်ပယ်၌ ကျွမ်းကျင်သူတစ်ဦးအား ဝယ်ပေးရန် အသနားခံပါ၏။ နှစ်လကြာမှ သုံးအုပ်သာရ၏။ ငွေကျပ် ၆၀ ပေးရသည်။ ၁၉၃၁ ခုနှစ်မှ ၃၈ ခုနှစ်အထိ ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်မြို့ စာအုပ်ဆိုင်တွေ၊ ရွှေတိဂုံဘုရားဈေးဆိုင်တွေနှင့် ဆူးလေဘုရား ပရိဝုဏ်တစ်ဝိုက်ရှိ ဆိုင်တွေတွင် ပြဋ္ဌာန်းသော ကဗျာစာအုပ်တွေသာမက အထောက်အကူအညွှန်းစာအုပ် တွေပါ ရနိုင်သည်။ အထက်ပါ စာအုပ်သုံးအုပ်ဆိုလျှင် ငါးကျပ်ပင် ပေးရမည် မထင်ပါ။

၃။ ။ကဗျာနှင့်ကျွန်တော်တို့

နှစ်ပေါင်းခြောက်ဆယ်အတွင်း ကဗျာ့ပစ္စည်းတွေ ဘာကြောင့် ဘယ်မှု ဆုတ်ယုတ်ခဲ့ကြောင်းကို အစီရင်ခံခဲ့ပါပြီ။ ဤကဗျာတို့နှင့်စပ်လျဉ်း၍ ကျွန်တော်တို့ ဘယ်လောက်တတ်သိနားလည်သည်ကို ကျွန်တော် လေ့လာ သုံးသပ်၍ ရသမျှ အမြင်ဉာဏ်၊ အသိဉာဏ်များနှင့် ယှဉ်ပြီး တင်ပြလိုပါ၏။

ဘုရင်ခေတ်ပတ်ဝန်းကျင်အတွင်း ရှေးခေတ်ဗုဒ္ဓဘာသာ မြန်မာပါဠိ ပညာရှိကြီးများက အတွေ့အကြုံ အတွေးအမြင်တို့ဖြင့် ရေးခဲ့သော ကဗျာ တို့သည် ထိုခေတ်စာဖတ်ပရိသတ်တို့အတွက် မခက်ခဲလှသော်လည်း နှစ်ဆယ် ရာစုရှေ့ပိုင်း အင်္ဂလိပ်စာတတ် ပညာရှင်သုတေသီနှင့် သောတုဇနတို့အဖို့ မလွယ်ကူပါ။ သို့တစေ ရှေးဟောင်းကဗျာ ကောင်းနိုးရာရာတွေကို ၁၉၂၀ ပြည့် နောက်ပိုင်း၌ ရန်ကုန်တက္ကသိုလ်က ဇယားချကာ သင်ပြခဲ့သည်။ ရှေးရိုးဆရာကြီးတို့ထံ တပည့်ခံကာ နည်းနာနိဿယများ ဆည်းပူးလာသော ခေတ် ပညာတတ် ဆရာကလေးများက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် စသည့် တက္ကသိုလ်ကောလိပ်ကျောင်းများတွင် တစ်ဆင့် ပညာဖြန့်ချိသည်။

ထိုဆရာတို့သည် မှီခိုအားထားစရာ အရေးအသားများ ဆင်းရဲ နွမ်းပါးလှစွာ၏။ ရှေးစာဆိုတော်ကြီးများက တစ်ဦးကဗျာတစ်ဦး အကဲဖြတ် ဝေဖန်စာတွေ မရေးသားထားကြ။ အဖြေဋီကာဟူ၍ မရှိသလောက်ပင်။ ရှိသည့်စာအုပ်တွေက အချို့မပြည့်စုံ။ အချို့မပြီးပြတ်။ နောက်ပိုင်း၌ အနည်းငယ်ပေါ်ထွက်လာ၏။ ကဗျာဗေဒ စာအုပ်တို့ကား သက္ကတပါဠိတို့ နှင့်သာ ဆိုင်၏။ ခေတ်သစ်အကဲဖြတ်စာအုပ်တွေကလည်း အားမကိုးလောက် ပါ။ အတန်းထဲ၌ ဆရာတို့က တတ်ထားသည့်အသိပညာ၊ ရှာမှီးထားသည့် အတတ်ပညာတို့ဖြင့် ပို့ချကြ၏။ ဥပမာတစ်ခုသာ ပြပါရစေ။

ကျွန်တော်တို့ မြန်မာစာဂုဏ်ထူးတန်းသား သုံးဦးတို့အား ကိုးခန်း ပျို့ကို ဆရာကပို့ချ၏။ ‘ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပတုံးစုံး၊ ဘက်မဲ့ ကြုံးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါး၏’ အပိုဒ်ကို လုံးကောက် အဝယဝတ္တ အဓိပ္ပာယ်ရှင်းပြ၏။ ပါဠိဘာသာ ‘အတီတေ၊ ရှေးသရောအခါ၊ ဗာရာဏသီယံ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မည်သော မင်းသည်။ ရဇ္ဇံကာရေန္တေ၊ မင်းပြု လတ်သော်’စာပိုဒ်ကို သင်ပြသကဲ့သို့ ဖြစ်နေပါ၏။

ကဗျာအကဲခတ်နည်းကိုလည်း ထည့်သွင်း ဖော်ပြပါသေး၏။ သက္ကတ ပါဠိကဗျာနှင့်သာဆိုင်သည့် ဆန်းကျမ်း၊ လင်္ကာကျမ်းတို့လာ ဥပဒေသကိုမှီပြီး အချို့က ဂိုဏ်း၊ ဂုဏ်၊ ရသ၊ ဒေါသစသည်တို့ကို မှတ်ကျောက်သဖွယ် လက်ကိုင်ထားသည်။ အချို့ကလည်း အင်္ဂလိပ်ဆန်ဆန် နဂိုလှ၊ အဆင်လှ၊ အကြမ်းလှ အလှသုံးထွေနှင့် စံထိုးပေ၏။ အချို့ကလည်း စကားလုံးပြောင် သည်။ လက်သံပြောင်သည် မပြောင်သည် ဟူသော အဓိပ္ပာယ်ဖမ်း၍မရသည့် အသုံးအနှုန်းများဖြင့် အကဲဖြတ်ကြ၏။ အချို့ကလည်း ပျို့ကို ဝေဖန်ရာဝယ် ရာဇ၊ ဓမ္မ၊ လောကရေး သုံးရေးတို့၌ ဘယ်အရေးနိုင်နင်းပုံကို ဦးစားပေးပြီး အရည်အသွေး ခန့်မှန်း၏။ ဤကဲ့သို့ သင်လည်းသင်၊ ဆောင်းပါးတွေလည်း ရေး၏။ အံ့ချော်နေသဖြင့် ညိုမြက ‘ရတုကဗျာ အကဲခတ်နည်း’အစား၊ ‘ရတုကဗျာ အလွဲဖတ်နည်း’ ဆောင်းပါးတစ်စောင်ကို ရေးခဲ့သည်။ ယခု အခါလည်း အင်္ဂလိပ်ဟန်ဖြင့် ရှေးဟောင်းကဗျာများကို နပို(rhythm) နိမိတ်ပုံ(image)စသည့် မှုတို့ဖြင့် စံတင်နေပြန်ပါပြီ။

ကျွန်တော်တို့သည် ရှေးဟောင်းကဗျာများတို့ကို ထိုနည်းထိုဟန်ဖြင့် သင်ပြဆည်းပူးခဲ့၏။ တတ်သလောက် တတ်၏။ သိသလောက်သိ၏။ စာမေးပွဲတွေဝင်၏။ အောင်၏။ ဂုဏ်ထူးဘွဲ့၊ ဘွဲ့လွန်ဘွဲ့တွေ ရ၏။ သို့သော် ဂဃနဏ နှိုက်နှိုက်ချွတ်ချွတ် မသိသေးပါ။ သိရအောင် ကဗျာ လင်္ကာတစ်ခုခုကို အနုစိတ် လေ့လာသုံးသပ်ရန် အချိန်တန်ပါပြီ။ ဤကဲ့သို့ ပြုလုပ်နိုင်ရန် ကဗျာ၊ လင်္ကာ၊ စာအုပ်၊ ပေ၊ ပုရပိုက်များ အထောက်အကူပြု စာအုပ်စာတမ်းများဟု ဆိုအပ်သော အဖြေဋီကာ၊ မဟာဝိဇ္ဇာဘွဲ့ရ စာတမ်းများနှင့် အကဲဖြတ်ဆောင်းပါးများ လုံလုံလောက်လောက်ရှိမှ ဖြစ်ပါမည်။ မရှိသေးပါ။ စုဆောင်းဖို့လိုပါပြီ။

၄။ ကဗျာလင်္ကာပစ္စည်းများ စုဆောင်းရေး

၄၊ ၁။ ။ကဗျာလင်္ကာစာအုပ်

ပေ၊ ပုရပိုက်များ

ဤကဗျာလင်္ကာစာအုပ် စသည်တို့ကို နည်းအမျိုးမျိုးနှင့် စုဆောင်း နိုင်ပါ၏။ လိုအပ်သောပစ္စည်းများကို စာရင်းလုပ်၊ မရှိသည့်ပစ္စည်းတွေကို

ရှိသည့်ပိုင်ရှင်များထံမှငှား၊ ဝယ်လို့ရလျှင်ဝယ်၊ လှူမည်ဆိုလျှင်လက်ခံ၊ အနိစ္စရောက်သွားသူ ပိုင်ရှင်များ၏ မိသားစုများထံမှလည်း ဤနည်းများအတိုင်း စုဆောင်းနိုင်၏။ ပြီးနောက် တော်တော်စုံစုံလင်လင်ရှိသော ဗြိတိန်ပြည်ရှိ စာကြည့်တိုက်ကြီးများဆီမှလည်း လိုအပ်သောစာအုပ် ပေ၊ ပုရပိုက်များကို ဓာတ်ပုံရိုက်ကူးယူလာရာ၏။

၄၊ ၂။ ။အထောက်အကူပြုစာအုပ်စာတမ်းများ

ရှိပြီးသား အဖြေ‌ငြိကာတွေ၊ မဟာဝိဇ္ဇာဘွဲ့ရ စာတမ်းတွေ၊ အကဲဖြတ်စာအုပ်စာတမ်းဆောင်းပါးတွေကိုလည်း အထက်ပါနည်းများအရ စုဆောင်းနိုင်ပါ၏။ အဖြေငြိကာများသည် အထက်၌ဆိုခဲ့သည့်အတိုင်း မလုံလောက်သေးပါ။ ရှေ့မိနောက်မီ ပညာရှိကြီးတို့ အတော်များများ အသက်ရှင်နေကြပါသေးသည်။ ဉာဏ်ပူဇော်ခပေးပြီး ပြုစုပါရန် တောင်းပန်အပ်သည်။ တက္ကသိုလ်နှင့် ပြင်ပပညာရှင်တို့သည်လည်း အတ္တ ပရဟိတအကျိုးငှာ ငြိကာများရေးနိုင်၏။ ဘွဲ့လွန်ယူသည့် ကျောင်းသား၊ ကျောင်းသူတို့သည်လည်း ဘွဲ့အတွက် ဤကျမ်းမျိုးများကို သိပ္ပံနည်းအရ ပြုစုနိုင်ပါမည်။

ဆိုခဲ့ပြီးသည့် ကဗျာလင်္ကာဆိုင်ရာ ပစ္စည်းပစ္စယ အားလုံးတို့ ရသမျှကို ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌ သိမ်းဆည်းထားရာ၏။ ပြီးနောက် စနစ်တကျ စီစစ်စီစဉ်ကာ တည်းဖြတ်သုတ်သင်သင့်က သုတ်သင်၍ အထက်တန်းကျကျ ပုံနှိပ်ထုတ်ဝေနိုင်ပါမည်။

၅။ ။ပို့ချနည်းလမ်းစဉ်

အထက်ပါ ကဗျာလင်္ကာ ပစ္စည်းပစ္စယများ အတော်အတန် ရရှိလာသည့်အခါ ကျွန်တော်တို့ သိသာသိသည် အကျွမ်းမဝင်သေးသော ကဗျာများနှင့် ရင်းရင်းနှီးနှီးဖြစ်လာစေရန် ၁၉၂၀ ပြည့်နောက်ပိုင်းမှစပြီး ပို့ချလာသော လမ်းစဉ်ကို ပြုပြင်ပြောင်းလဲသင့်ပါ၏။ ဥပမာ ပါဠိဘာသာမှ ဟတ္ထိပါလဇာတကကို အဆင်းလှလှနှင့် မြန်မာတို့ လေးလုံးတစ်ပိုဒ်ဖြင့် ဘာသာပြန်ထားသည့် ကိုးခန်းပျို့ကို မြန်မာစာဂုဏ်ထူးတန်းသားတို့အား ပို့ချသည် ဆိုကြပါစို့။

ဆရာသည် စောစောကအရိပ်အမြွက်ပြောခဲ့သလို အချိန်ကုန်လူပန်းကျိုးမနပ်သည့် သင်ရိုးလမ်းမျိုးကို လိုက်ကာ တစ်အုပ်လုံးပို့ချဖို့ မလိုတော့ပါ။ တပည့်တို့အား မြန်မာလိုပြန်ထားသည့် ဟတ္ထိပါလ ဇာတကကို ကြိုတင်ဖတ်ခိုင်း၊ ပြီးနောက် အဖြေငြိကာကို လေ့လာပါစေ။ အတန်းထဲ၌ ဇာတကနှင့် ပျို့ထဲလာ မူနှစ်မူကို ယှဉ်ကြည့်ပါ။ ဇာတ်ကြောင်းချင်း တူသည်ကို မြင်ရမည်။ သို့သော် ပျို့ထဲတွင် ဘုရားဘွဲ့၊ မင်းဘွဲ့၊ ပုဏ္ဏားဘွဲ့၊ ဇာရာဏာသီဘွဲ့၊ ပုဏ္ဏေးမဘွဲ့၊ အာလုပ်ဘွဲ့များနှင့် ပုဏ္ဏေးမကြီး အလွမ်းအတမ်း၊ သံသရာစက်ကြီးလည်ပုံ စသည့် အဖွဲ့အနွဲ့များ ပါရှိနေကြောင်း တွေ့ရပါဦးမည်။ ဤသည်တို့၌သာ ကဗျာဆရာ ရဋ္ဌသာရ၏ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ လက်ရာများစုဝေးနေ၏။ ဤအနှစ်သာရတွေကိုသာ မီးမောင်းထိုးပြီး သင်ပြဖို့လိုပါ၏။

သဒ္ဒါလင်္ကာရကို ဆွေးနွေးရာ၌ ကျောင်းသားများဦးနှောက်ခြောက်စေမည့် အရာများကို ရှောင်စေချင်ပါ၏။ ကာရန်နှင့်စပ်လျဉ်း၍ သက်ဇေနက်၊ သုံးချက်ညီ၊ ဘီလူးရယ်၊ ထိပ်ချင်းချွတ်၊ ထိပ်ချင်းခပ်၊ ချိန်ခွင်ညှာစသော စပ်နည်းအခေါ်အဝေါ်တို့ကို ပယ်ပါ။ ၄–၃–၂၊ ၄–၃–၁၊ ၄–၃၊ ၄–၂၊ ၄–၁၊ ၃–၂၊ ၃–၁ ဝေါဟာရကိုသာ တွယ်ပါ။ အချို့နေရာတို့တွင် ၄–၃–၂ ဖြင့်စပ်ပြီး ဘာကြောင့် ဖြုန်းခနဲ ၄–၁၊ ၄–၁၊ ၃–၂၊ ၄–၁၊ ၄–၁၊ ၄–၂ ပြောင်းစပ်သလဲ။ ဥပမာ–ကူးသန်းကြလို၊ စိတ်မညိုသား၊ ပုဂ္ဂိုလ်မြတ်စစ်၊ ဖြစ်အံ့စကား၊ ကြားပေရှောင်းသော်၊ သားကောင်းကိုမျှ၊ ရစမ်းရစေ၊ နေစိမ့်လူစင်၊ ပဲ့ပြင်ငါတို့၊ ကြံစည်ဘို့ဟု။

ကိုးခန်းပျို့ ဘုရားဘွဲ့မှာ အစပိုဒ်၌ 'ဇာတိပုည'ဟု သံတို 'ည'ဖြင့်ဆုံးပြီး သံဝရပျို့ကျတော့ 'ဇာတိမာန်တိုင်'ဟု သံလွင် 'တိုင်'ဖြင့် ဆုံးထားသလဲ။ ပျို့တွေမှာ ၅၊ ၇၊ ၉၊ ၁၁ စသည့် မ,ကိန်းတို့ဖြင့် အပိုဒ်တိုင်းအဆုံးသတ်ထားသလဲ စသည့် အခြင်းအရာများကို စုံစမ်းစစ်ဆေးပြီး ပြောပြနိုင်ပါက ကျောင်းသားများ ကျေးဇူးရှိပေမည်။

ထိုမှတစ်ပါး ပျို့၊ ချောင်း၊ မော်ကွန်း၊ ရတုစသည်တို့သည် သံနေသံထားဖြင့် ရွတ်ဆိုရသော ကဗျာများ ဖြစ်ပါသည်။ ဘပည့်တို့က နမူနာအဖြစ် တစ်ပိုဒ်စ၊ နှစ်ပိုဒ်စ ကြားရပါက ကဗျာအရသာ ပိုပြီး ခံစားနိုင်ပေမည်။

ရှေးမိနောက်မီ ပုဂ္ဂိုလ်များ အသက်ရှင်နေခိုက် **ရွတ်ဖတ်ပုံကို** အသံသွင်းထားပြီး အတန်းထဲ၌ ဖွင့်ပြနိုင်လျှင် အကျိုးသက်ရော**က်ပါမည်။ အ**တန်းထဲဆရာက မရွတ်ဖတ်ပြနိုင်စေကာမူ အသံနေအသံထားဖြင့် **ဖတ်ပြပါက** သဒ္ဒါလင်္ကာရ သဘောကို အဖျင်းဆုံး ရိပ်စားမိကောင်းပါ၏။

အတ္တာလင်္ကာရဘက်တွင်လည်း တပည့်တို့အား အချိန်တိုတိုနှင့် ပညာအများကြီး တိုးပွားအောင် သင်အပ်ပါ၏။ ဂိုဏ်း၊ ဂုဏ်၊ ရသ၊ ဒေါသ စသည်တို့ကို လျစ်လျူရှုပြီး ဥပမာ၊ ဥပစာ၊ ပရိယာယ် စကား အသုံးအနှုန်း လိမ္မာကျွမ်းကျင်မှုကြောင့် ကဗျာ့ရသ ခံစားရပုံစသည်တို့ကိုသာ အလေးထားကာ သင်ပြရာ၏။

ရှေ့သာရကဗျာများ၌ အနိဋ္ဌဂိုဏ်းများ မလွတ်သည့် သာဓကတွေ ရှိပါသည်။ ရသ ၉ ပါးဆိုရာတွင် ဆရာက ဟာသရသဟုပြောသော်လည်း တပည့်တို့ စိတ်ထဲ ကရုဏာရသပေါ်လာကောင်း ပေါ်လာလိမ့်မည်။ ဘယာနကရသ (ကြောက်ရွံ့မှု)ဟု ဆိုလျှင် တပည့်တို့က အဗ္ဘုတရသ(အံ့ဩမှု) ဟု မြင်မိပေလိမ့်မည်။ ထိုနည်းတူ ဂုဏ် ၁၁ ပါးတို့၌လည်း အချို့က အတ္ထာလင်္ကာရနှင့် ဆိုင်သည်။ ဥပမာ ပသာဒဂုဏ်၊ သမာဓိဂုဏ်။ အချို့က သဒ္ဒါလင်္ကာရနှင့် ဆိုင်သည်။ မဓုရသာဂုဏ်၊ သုခုမာလတာဂုဏ်။ ဒေါသ ဆိုရာ၌လည်း ပဒဒေါသ ၈ ပါး၊ ဝါကျ ဒေါသ ၉ ပါး၊ ဝါကျတ္ထဒေါသ ၆ပါး ပေါင်း ၂၃ ပါးတို့သည် တပည့်ကို စိတ်ကို ချောက်ချားသွားစေပေလိမ့်မည်။

သက္ကတ ပါဠိကဗျာများနှင့်သာ ဆိုင်သည့် ဥပဒေသတို့ကို တက္ကသိုလ်၌ လေး-ငါးနှစ်မဟုတ်၊ ဆယ်နှစ်လေ့လာမှ ကဗျာအရည်အသွေး အကဲခတ် တတ်ပေမည်။ ရသည့်ပညာလည်း မြန်မာကဗျာနှင့် စပ်လျဉ်း၍ အသုံးကျမည် မဟုတ်ပါ။

အကဲဖြတ် ကဗျာစာအုပ်စာတမ်းတွေကိုလည်း အတန်းသားတို့အား ဖတ်ရှုလေ့လာပါစေ။ တစ်ပတ် တစ်ခါ၊ နှစ်ပတ်တစ်ခါဆိုသလို ဆရာ တွေနှင့်အတန်းသားတို့ ဆွေးနွေးဖလှယ်ပွဲ ကျင်းပသင့်၏။ အတန်းသား တွေကိုသာ နေရာပေးပြီး ပြောခိုင်းပါ။ ဆရာများက အခြေအနေအရ ထောက်ပြ ဝင်ပြောပါ။ ဦးတည်ချက်ကား တပည့်တို့အား စိတ်ကူးဉာဏ်၊ ဝေဖန်ဉာဏ် သန်စွမ်းလာအောင် မြေတောင်မြှောက်ပေးခြင်း ဖြစ်ပါ၏။

၆။ ။ဗီဇဉာဏ်

ဤဆောင်းပါးရေးရန် ဗီဇဉာဏ်သည် နှစ်ပေါင်းသုံး-လေးဆယ် လောက်က စပြီး ခေါင်းထဲ ကိန်းအောင်းလာပါ၏။ အတွေ့အကြုံများမှ ပေါက်ပွားလာသည်။

၆၊ ၁။ ။ကိန်းဘရစ်မြို့ ကဗျာဆွေးနွေးပွဲများ

၁၉၄၄ ခုနှစ်မှ ၅၄ ခုနှစ်အတွင်း ကိန်းဘရစ်မြို့တွင် နေစဉ်အခါက တက္ကသိုလ်ဖွင့်သည့် သင်တန်းပတ်များ၌ တနင်္ဂနွေနေ့တိုင်းဆိုသလို ညနေ ၃ နာရီမှ ၅ နာရီခွဲလောက်အထိ လက်ဖက်ရည်ဆိုင်ကြီး တစ်ခန်းဝယ် အင်္ဂလိပ်စာပေ ဘွဲ့ကြိုကျောင်းသား၊ ဘွဲ့လွန်ကျောင်းသားများနှင့် ဝါသနာပါသူ တစ်စုတို့သည် လက်ဖက်ရည်သောက်ရင်း ဆုံတွေ့ကြသည်။ ပြင်ပမှ ကျွန်တော်နှင့် လူတချို့ ပါဝင်၏။ အင်္ဂလိပ်ကဗျာများကို ဖတ်သည်။ ဆရာတွေ အာဘော်ကဘယ်လို၊ သူတို့ အယူအဆက ဘယ်သို့ဟု အကျိုး အကြောင်းပြကာ ခွဲခြမ်း ဝေဖန်သည်။ ဆွေးနွေးသည်၊ ငြင်းခုံသည်။ ဉာဏ်လည်းတိုးသည်။ ပျော်လည်း ပျော်စရာကောင်းသည်။

၆၊ ၂။ ။လန်ဒန်တက္ကသိုလ် မြန်မာစာဂုဏ်ထူးတန်း

၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကတိုက် ပညာရပ်များဆိုင်ရာကျောင်း၌ မြန်မာစာ ဂုဏ်ထူးတန်း ပို့ချရ၏။ ကဗျာတွေထဲ ကိုးခန်းပျို့၊ ပလိပ်စားချောင်း၊ သျှိသျှား ကန်တော်ဘွဲ့မော်ကွန်း၊ စိန္တကျော်သူရတုစသည်တို့ ပါဝင်၏။ ကိုးခန်းပျို့ ဟတ္ထိပါလ တောထွက်ခန်းအဆုံးထိ သင်ရာ၌ အထက်ဖော်ပြခဲ့သည့် သက်ဆိုင်ရာဘွဲ့၊ အာလုပ်၊ အဖွဲ့အနွဲ့တွေကိုသာ ဦးစားပေးသင်၏။ ကာရန် ၄၊ ၃၊ ၂ စပ်ဆိုရာမှ ၄၊၃၊ ၄၊၂၊ ၄၊၁ ပြောင်းလဲဖွဲ့နွဲ့သည့်အကြောင်းကို ထောက်ပြပြီး ရှင်းပြသည်။ အရည်အသွေး ညွှန်းပြ၏။ နိုင်ငံခြားသားဖြစ်၍ လုံးကောက်အဓိပ္ပာယ် ဖွင့်ပြရပါသည်။ နိဂုံးမှ ရှေ့သာရနှင့် ကိုးခန်းပျို့ အကြောင်းများပါသည့် အပိုဒ်တွေကို အတူတူဖတ်သည်။ ပြီးနောက် အားလုံးခြုံကာ သိကောင်းစရာတွေ ပြောပြသည်။ ဦးကျော်ထွန်းရေး ကိုးခန်းပျို့ ဋီကာသည် ကျယ်ဝန်းလှ၍ အဖတ်မခိုင်းပါ။

ပလိပ်စားချောင်း သင်သည့်အခါ သက်ဆိုင်ရာ သမိုင်းအချက်အလက်တွေကို နောက်ခံကားအဖြစ် တင်ပြသည်။ ချောင်းသရုပ်ပေါ်အောင် စဥ့်ကူးမင်းသားအာလုပ်၊ မင်းများနန်းတက်၊ စိုးစံ၊ နတ်ရွာလား စသည်တို့ကို ပရိယာယ်အသွယ်သွယ်တို့ဖြင့် ဖွဲ့ဆိုထားပုံများနှင့် ကဗျာဂုဏ်မြောက်သည့် အဖွဲ့အနွဲ့တွေကိုသာ ဖတ်၏။ သင်ပြ၏။ မင်းရဲဒိဗ္ဗချောင်းနှင့် စာဆိုတော် ဦးဖျော်တို့ အတ္ထုပ္ပတ္တိတို့ကိုလည်း ပြောပြ၏။

မော်ကွန်းအပိုင်းတွင် ကျွန်တော်ရေးသားထားသော မော်ကွန်း ဇာတ်ပွတ်ဆောင်းပါးလေးကို ဖတ်စေ၏။ သီလဝံသ၏ သျှိသျှားကန်တော်ဘွဲ့ မော်ကွန်းဖတ်ပြီးသည့်နောက် ရှေ့တော်ပြေးရဋ္ဌသာရ၏ ပုံတောင်နိုင် မော်ကွန်းအကြောင်း ဖြည့်စွက်ထည့်သွင်းပြသည်။ ပြိုင်ဘက်ရဋ္ဌသာရနှင့် သီလဝံသတို့ ဉာဏ်စွမ်းပြပုံတို့ကိုလည်း မချန်လှပ်ထားပါ။

စိတ္တကျော်သူရတုများကို အားလုံးမပို့ချပါ။ ရတုဆရာ၏ လက်စွမ်းများနှင့် ရတုအမျိုးအစား နမူနာအဖြစ် ပြစေလိုသဖြင့် မနုဖြူတွင်ချီ ရတုအပါအဝင် အလောင်းမင်းတရား၏ ဘုန်းတော်ဘွဲ့အချို့၊ နိမိတ်ဖြေ လင်္ကာ၊ ကျီးဘွဲ့၊ 'ချစ်၍ခေါ်သည်၊ ချစ်၍ခေါ်ရာ' အခံအလိုက်၊ ကုန်းဘောင် စည်းခုံဘုရားတိုင်၊ ဘုရားတိုင်၊ အဖြည့်ခံ၊ ကျေးစေ စသည့်ရတုများကိုသာ သင်ပါသည်။ ပြီးနောက် အစ်မတော် နောင်တော်များဖြစ်သော မိဖြူ၊ မိညို၊ ပထမနဝဒေး၊ နတ်ရှင်နောင်၊ ဇေယျရန္တမိတ်၊ ရှင်သံခို စသော ရတု စာဆိုတော်တို့၏ လက်ရာများကို အကျဉ်းချုပ်ဖော်ပြပါသည်။

နောက်ဆုံးတွင် မြန်မာစာပေသမိုင်း ပြောပြရာ၌ အထက်ပါ စာဆိုတော်ကြီးများနှင့် ပျို့၊ ချောင်း၊ မော်ကွန်း၊ ရတုတို့ကို အသားပေးပြီး ဆွေးနွေးတင်ပြ၏။ ကျောင်းသားတို့သည် လေးနှစ်အတွင်း ရှေးဟောင်း ကဗျာအကြောင်းကို သိသင့်နားလည်သင့်သလောက် သိနားလည်သွားသည်ဟု ဆိုရပါမည်။ အရေးကြီးသောအကြောင်းအရာ တော်တော်များများကို မြန်မာစာ ဂုဏ်ထူးတန်းသားများနှင့် အင်္ဂလိပ်လို အကြံဉာဏ်ချင်း ဖလှယ်နိုင်သော အဆင့်သို့ ရောက်ခဲ့သည်ဟု ပြောလိုပါ၏။

ဤသည်တို့ကား ကျွန်တော်၏ ဆောင်းပါးမျိုးစေ့ ဖြစ်ပါ၏။

ခေါင်းထဲအတော်ကြာကြာ တစ်ရေးလည်း ရေးနေပြီးနောက် ယခုအခါ စက္ကူပေါ်ရေးချပြရပါ၏။ ကျွန်တော့်အတွေးအခေါ်တို့အနက် မှန်သည်လည်း ရှိမည်၊ မှားသည်လည်း ရှိမည်။

၇။ ပြဿနာများ

အထက်၌ ဉာဏ်မီသမျှပေးထားသည့် အကြံဉာဏ်တို့တွင် 'ဤသို့လုပ်လျှင် ကောင်းလေမည်လား' ဟူသော အနက်ပေါ်စေသည့် 'အပ်သည်၊ သင့်၏၊ ရာသည်၊ နိုင်၏'စသော စကားလုံးများကို ရေလဲနှင့် ကျွန်တော် သုံးထားသည်ကို သတိမူမိကြပေလိမ့်မည်။ အကြောင်းရှိပါ၏။ ဘယ်သူတွေက ကမကထပြုပြီး (၁) ကဗျာလင်္ကာနှင့် အထောက်အကူပြုစာအုပ်စာတမ်းများကို စုဆောင်းမလဲ။ (၂) ဘယ်လို ပညာရှင်ကြီးများအား အဖြေဋီကာများပြုစုရန် ဘယ်လိုနည်းဖြင့် မေတ္တာရပ်ခံမလဲ။ (၃) ရှေးမီနောက်မီ ပုဂ္ဂိုလ်တွေအား ဘယ်ကဲ့သို့ ချဉ်းကပ်ပြီး ရွတ်ဆိုသီဆို ပြောဆိုသံများကို ကက်ဆက်တိတ်ခွေများနှင့် သွင်းထားမလဲ။ (၄) ရရှိထားသည့် ကဗျာစာအုပ်၊ အဖြေဋီကာ၊ ဘွဲ့ရစာတမ်း၊ အကဲဖြတ်စာစောင်တို့ကို ဘယ်လိုပညာရှင်မျိုးတို့ထံ ချဉ်းကပ်ပြီး စိစစ်သုတ်သင် တည်းဖြတ်စေမလဲ။ (၅) ပုံနှိပ်ခ၊ ဉာဏ်ပူဇော်ခ၊ ထောက်ပံ့ကြေးငွေတွေ ဘယ်ကဘယ်လို ရမလဲ။ (၆) ဗြိတိန်ပြည်ရှိ စာအုပ်စာတမ်း၊ ပေ၊ ပုရပိုက်များကို ဘယ်သူသွားပြီး ဘယ်လို ကူးယူမလဲ။ ကုန်ကျစရိတ်နှင့် ကူးယူခကို ဘယ်ကရမလဲ စသည့်ပြဿနာတွေ ပြေးမြင်မိ၍ ဖြစ်ပါ၏။

ဤပြဿနာများကို မြင်ပါ၏။ ဖြေရှင်းပိုင်ခွင့်၊ နိုင်ခွင့် ကျွန်တော့်မှာ မရှိပါ။ ဘေးမှရပ်ကြည့်နေသူ သက်ကြီးရွယ်အို တစ်ယောက်သာပင်။ ကူညီပါဟု ဆိုလျှင် ဝင်ကူညီဖို့ ဦးမလေးပါ။ မသေမီ စလုံးရေ စ,အဆင့်လွန်ပြီး အတော်အတန် အရာမြောက်သည့် အခြေအနေကို မြင်သွားချင်ပါ၏။ ပြဿနာများ ဖြေရှင်းပိုင်လည်းပိုင်၊ နိုင်လည်းနိုင်သော ပုဂ္ဂိုလ်များကား ပရဟိတတရားရှေ့ထားသည့် ပညာရှင်များ၊ ပစ္စည်းရှင်များနှင့် အာဏာပိုင်တို့ ဖြစ်ပါ၏။ ထို့ကြောင့်လည်း ဤပုဂ္ဂိုလ်များကို ရည်စူးပြီး ပညာပါရမီဖြည့်ကြပါဟု ခေါင်းစဉ်တပ်ကာ ဤဆောင်းပါးကို ရေးလိုက်ရပါ၏။

၁။ ဦးကျော်ထွန်း၊ မြန်မာစာညွှန့်ပေါင်း၊ ပထမတွဲ၊ ရန်ကုန်၊ ၁၉၂၆၊ မျက်နှာ ၁၊ ၂၊ ၃ ရှု။

၂။ လှသော၊ စဉ်းစားဖွယ်ရာ(၂)၊ ရှုမဝအတွဲ ၃၂၊ အမှတ် ၃၇၄၊ ၁၉၇၈ ခု၊ ဇူလိုင်လ မျက်နှာ ၄၂၊ ၄၄ ရှု။

၃။ ။သီရိဇေယျသူ၊ ကဝိလက္ခဏာဒီပနီ (၁၈၆၅)၊ ရန်ကုန်၊ ၁၉၃၀၊ မျက်နှာ ၆၃ ရှု။

၄။ လှသော၊ မော်ကွန်းသုတေသန၊ အတွေးအမြင်စာစဉ် ၂၅၊ မျက်နှာ ၂၇ ရှု။

အတွေးအမြင်၊ စာစဉ် ၂၉၊ အောက်တိုဘာ ၁၉၈၇။

ဦးကုလား ပမာဒလေခ အရေးအသားနှင့် ကျွန်တော့်အတွေ့အမြင် အတွေးအမြင်

၁။ အတွေ့အမြင်

အတွေ့အမြင်အဖြစ်ဖြင့် ဦးကုလား၏အမှားကို ပထမတင်ပြပါမည်။ ထိုအစွန်းအထင်းသည် တစ်ရာဇဝင်မှတစ်ရာဇဝင်သို့ ကူးစက်သွားပုံ၊ ပြီးနောက် ထိုရာဇဝင်စာအုပ်တို့ကို တည်းဖြတ်သူများနှင့် စာဖတ်ပရိသတ်တို့ မျိုးအဆက်ဆက်က ဤအကွက်ကို မမြင်မိပုံတို့ကို မှတ်ချက်များနှင့်တကွ ထောက်ပြပါမည်။ နောက်ဆုံးတွင် ဘာကြောင့် ဤအခြေအနေမျိုး ဆိုက်ရောက်ရကြောင်းကို အတွေးအမြင်ဖြင့် ဆွေးနွေးပြီး သင်ခန်းစာယူမိပုံကို အစီရင်ခံပါမည်။

၁။ ၁ အမှား

၁၊ ၁။ ၁။ ဦးကုလား

မြန်မာပညာရှင်များ အားထားရာဖြစ်ခဲ့၊ ဖြစ်နေသော သုတေသီနှင့် သောတုဇနတို့ မှီခိုရာဖြစ်ခဲ့၊ ဖြစ်နေသော မဟာရာဇဝင်ကြီးကို ဦးကုလားသည် တောင်ငူမင်းဆက် တနင်္ဂနွေမင်း (၁၀၇၆–၉၅)လက်ထက်တွင် စီရင်သည်။ ကမ္ဘာဦးအစမှသည် ၁၀၉၂ ခုနှစ် တိုင်၏။ မဟာဝင်ကို မှီး၍ ရာဇဝင်ဗေဒပညာဖြင့် တီထွင်ထားသော ပထမဦးဆုံး စံပြု မြန်မာရာဇဝင်ဖြစ်ပါသည်။ သူ၏ ကျေးဇူးကား ဆပ်၍မကုန်အောင် ကြီးမားလှပေစွ။

ပေထက် အက္ခရာတင်ထားသော မဟာရာဇဝင်ကြီးကို ပထမ၊ ဒုတိယ၊ တတိယ အတွဲသုံးတွဲအဖြစ်ဖြင့် တည်းဖြတ်ပုံနှိပ်ပြီးပါပြီ။ တတိယ တွဲ၌ ဆရာကြီးပြုမိသည့် ပမာဒလေခရေးသားမှု ပါပါ၏။

ရှေ့နောက်မညီသော အဆိုသည်ကား တနင်္ဂနွေမင်းအနွယ် ပင်းတလဲမင်း (၁၀၁၀-၂၃)၏ သားတော် မင်းရဲသိခ်သူ သက်တော်နှင့် ဆိုင်ပါသည်။ မင်းသားကလေးကို မိဖုရားခေါင်ကြီး ဖွားတော်မူပြီးသည့်နောက် ငါးနှစ်ခန့် အကြာတွင် တိုင်းပြည်မငြိမ်မသက် ဖြစ်လာ၏။ ပြည်သူအပေါင်းတို့ ငတ်မွတ်ဆင်းရဲကြသဖြင့် ညီတော်ပြည်မင်းက နောင်တော်အရိုက်အရာကို သိမ်းပိုက်တော်မူလိုက်သည်။ မင်းသားကလေး ဖွားသက္ကရာဇ်နှင့် ခမည်းတော်နန်းကျသည့် ခုနှစ်၌ ရောက်ရှိနေသော မင်းသားလေးသက်တော်တို့ကို မဟာရာဇဝင်ကြီး တတိယတွဲထဲ အောက်ပါအတိုင်း ပေးထားပါ၏။ (ဝိုက်ကွင်းထဲ၌ ဂဏန်းတို့သည် စာမျက်နှာများ ဖြစ်ကြပါသည်။)

> 'သက္ကရာဇ် တစ်ထောင့်တစ်ရာတစ်ဆယ့်ရှစ်ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ရှစ်ရက်၊ အင်္ဂါနေ့ တစ်ချက်တီးကျော် ၃ ပါဒ်တွင် ရှင်မိဖုရား သားတော် မင်းရဲသိခ်သူ(သိခ်သူ)ကို ဖွားတော်မူသည်။
> (၂၆၁)
>
> 'သက္ကရာဇ် ၁၀၂၃ ခုနှစ်၊ နယုန်လဆန်းခုနစ်ရက်၊ သောကြာနေ့တွင် အလုံးအရင်းနှင့် ပြည်မင်းသည် နန်းတွင်းသို့ ဝင်လာသည်။ ထိုအခါ ပင်းတလဲမင်း ပုန်းနေတော်မူ၏။ ရှင်မိဖုရားမှုကား သလွန်ပေါ်တွင် သားတော်မင်းရဲသိခ်သူ သက်တော်ရှစ်နှစ်ကို လက်ယာက ထားသည်။ မြေးတော်နရဒိဗ္ဗ သက်တော်လေးနှစ်အရွယ်ကို လက်ဝဲကထား၍ နေတော်မူသည်။'
> (၂၆၉-၇၀)

သက္ကရာဇ် ၁၁၁၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ဖွား မင်းသားကလေးသည် ၁၁၂၃ ခု၊ နယုန်လဆန်း ၃ ရက်နေ့တွင် ငါးနှစ်မျှပင် မပြည့်တတ်သေးပါ။ သက်တော် ၈ နှစ်ဟု ရေးထားသည်မှာ ဖွားသက္ကရာဇ်ကို လှန်လှောမကြည့်မိ၍ ဖြစ်ဟန်တူပါသည်။ နရဒိဗ္ဗသက်တော်ကား မှန်ပါ၏။

အမှားကူးစက် စွန်းထင်းသွားသော ရာဇဝင်များကား ပထမမှန်နန်း **ရာဇဝင်တော်ကြီး**၊ သုဿောဓိက မဟာရာဇဝင်ကြီးနှင့် မစ္စတာဟားဗေ **မြန်မာရာဇဝင်**တို့ ဖြစ်ကြပါသည်။

၁၊ ၁၊ ၂။ ပထမမှန်နန်းရာဇဝင်တော်ကြီး

မဟာရာဇဝင်တော်ကြီး ပြီးဆုံးသွားသည့်နှစ်မှသည် နှစ်ပေါင်း **တစ်ရာခန့်**ကြာရှိခဲ့သော် မှန်နန်းရာဇဝင်တော်ကြီး ပထမအုပ်ကို စတင် **ရေးသား**စေသည်။ ကုန်းဘောင်မင်းဆက် ဘကြီးတော်ဘုရား(၁၁၈၁-၉၉) **လက်ထက်** ရှိနှင့်နေကြကုန်သော ရာဇဝင်အစောင်စောင်တို့သည် တစ်စောင် **နှင့် တစ်စောင်** ကွဲပြားခြားနားနေသော အချက်များနှင့် ပြည့်နှက်နေသည်။ **အပြစ်ကင်း**စင်သော ရာဇဝင့် ရာဇဝင်တစ်စောင်ကို ရေးရွေးတော်မူလိုသည် **ဟူသော** ဆန္ဒတော်ရှိလာရကား၊ ရဟန်းပညာရှိ၊ လူပညာရှိကြီးများအဖွဲ့အား ၁၁၉၁ ခုနှစ်ဝယ် 'ဟုတ်မှန်သည့်အတိုင်း အသင့်ယုတ္တိအားဖြင့် လည်းကောင်း၊ အာဂုံကျမ်းဂန်အားဖြင့်လည်းကောင်း၊ ထိုအခါ၌ အထူးထူး အပြားပြားကောင်းစွာ ထက်ဝန်းကျင် သုတ်သင်စေတော်မူသည်။'[1]

ဤပညာရှင်ကြီးတို့သည် မဟာရာဇဝင်ကြီး တစ်စောင်လုံးမှ စာမူအားလုံးလိုလိုကို ၁၁၈၃ ခုနှစ်တိုင်သည့် သူတို့၏ ရာဇဝင်ထဲ ထည့်ထားပါသည်။ သက္ကရာဇ် ၁၁၉၂ ခုနှစ်အထိပါသော စာသားများကား မဟာရာဇဝင်ကြီး၏ မိတ္တူပုံဟုခေါ်ဆိုလျှင် မှားမည်မဟုတ်ပါ။ မပြောပလောက်သော ကွဲပြားချက်ကလေးများသာ ရှိပါ၏။ နောက်ထပ် ကိုးဆယ့်တစ်နှစ်အတွင်း ဖြစ်ပွားသောအကြောင်းအရာတို့ကိုသာ ထိုပညာရှင်တို့က ကိုယ်ပိုင်ဉာဏ်ဖြင့် ဆက်ရေးသားထားသည်။ ဦးကုလားနှင့် သဘောကွဲလွဲသော အရေးအခင်းကလေးတို့ကို သက်သေသာဓကလိုသည်ထက် ရှည်လျားစွာပြုပြီး ဝေဖန်ထားသည်။ သို့သော် ဆိုခဲ့သောအမှားကွက်ကလေးကိုကား မူမပျက် သိမ်းသွင်းထားပါ၏။ (မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ၊ ၂၆၄၊ ၂၇၂)

ပထမ မှန်နန်းနှင့် မင်းတုန်းမင်း(၁၂၁၄-၄၀)လက်ထက် ရဟန်း၊ လူပညာရှိကြီးများအဖွဲ့က ၁၂၂၉ ခုနှစ်တွင် ဆက်လက်ပြုစုသော ၁၂၁၆ ခုနှစ်တိုင်သည့် ဒုတိယမှန်နန်း၊ ပြီးနောက် ၁၂၆၇ ခုနှစ်၌ မန္တလေး ဦးတင်

ဆက်လက်ရေးသား၍ ၁၂၈၄ ခုနှစ်ဝယ် တစ်ဖန် ချဲ့ထွင်စီရင်သော သီပေါမင်း ပါသည်တိုင်သည့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဤသုံးစောင်တို့ကို စုပေါင်းပြီး မှန်နန်းရာဇဝင်တော်ကြီး ပထမ၊ ဒုတိယ၊ တတိယတွဲ၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပထမ၊ ဒုတိယ၊ တတိယတွဲဟူ၍ ခြောက်တွဲတို့ကို အသီးသီး ပုံနှိပ်ထုတ်ဝေပြီးပါပြီ။

၁၊ ၁၊ ၃။ ။သုဿောဓိတ မဟာရာဇဝင်တော်ကြီး

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို မန္တလေးဦးတင်က ချဲ့ထွင်စီရင်သည့်နှစ်၌ပင်လျှင် သုဿောဓိတ ရာဇဝင်ကြီးထွက်လာပါသည်။ အောက်ပါဦးတည်ချက်ဖြင့် ဆရာကြီးသုံးဦးတို့က ပြုစုရကြောင်း ဆိုပါ၏။

> ...မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်။ ...ရာဇဝင်တို့ကို သုတ်သင်ရှင်းလင်း၍။ ...ဆရာကြီးဦးဘိနှင့် ဆရာသိန်း၊ ဆရာကိုဘကျော်တို့သည် အက္ခရာစာလုံး၊ ရေးထုံးသတ်ပုံများကို သုတ်သင်စိစစ်လျက် သက္ကရာဇ် ၁၂၈၄ ခု၊ ဝါဆိုလတွင် (သုဿောဓိတ) မဟာရာဇဝင်ကြီးကို ဆရာ ဦးဘိက ဦးစီးနာယက၊ လုံးဝသန့်ရှင်း၍ ပိုင်းပိုင်း ခြားခြား ပြုပြင်ရေးသား ကြိုးစားအားစိုက် ပုံနှိပ်လုပ်ဆောင်ပါသတည်း။

အချုပ်ဆိုရသော် ဆရာကြီးသုံးဦးတို့သည် ပထမနှင့်ဒုတိယ မှန်နန်းရာဇဝင်တော်ကြီးများမှ လုံးစေ့ပါဠ်စေ့ဆိုသလို ယူပြီး ရာဇဝင်တစ်စောင် စာတင်ထားခြင်း ဖြစ်ပါ၏။ ဦးတင်၏ ရာဇဝင်နှင့်ကား အချို့အပိုင်းများ အနည်းငယ်ကွဲပြားပြီး အချို့နေရာများ၌ တူပါ၏။ ရာဇဝင်ကိုအပိုင်းကဏ္ဍများ ခွဲခြားတင်ပြထားသည်။ သို့သော် ဦးကုလား၏အမှားကိုမူ သုဿောဓိတနာမပီပီ မသုတ်သင်ဘဲ ထားမြဲထားပါ၏။

(တတိယတွဲ ၂၃၃-၃၄၊ ၂၄၁)

၁၊ ၁၊ ၄။ ။ဟားဗေ မြန်မာရာဇဝင်

သုဿောဓိတ မဟာရာဇဝင်တော်ကြီး ထွက်လာပြီးသည့်နောက် နှစ်နှစ်သုံးနှစ်ကြာရှိလာသော် ကောဇာသက္ကရာဇ် ၁၂၈၆-၈၇၊ ခရစ်သက္ကရာဇ် ၁၉၂၄-၂၅ ခုနှစ်တွင် ဗြိတိသျှလူမျိုး မစ္စတာဟားဗေက မြန်မာရာဇဝင်

စာအုပ်ကြီးနှင့် ကျောင်းသုံးမြန်မာရာဇဝင်စာအုပ်ကလေးကို အင်္ဂလိပ်လို ပုံနှိပ်ထုတ်ဝေသည်။

ဟားဗေသည် မြန်မာပြည်တွင် အိန္ဒိယပင်ညာဉ်ခံ ဝန်ထမ်းတစ်ဦး အဖြစ်ဖြင့် အမှုထမ်းခဲ့သည်။ ထိုအခါ မြန်မာစာကို တော်ရုံတန်ရုံသာ ဖတ်တတ်ပါသေးသည်။ သူ ကိုးကားထားသော ကျမ်းတွေအနက် ခရစ်သက္ကရာဇ် ၁၉၀၈ ခုနှစ်ထုတ် မှန်နန်းရာဇဝင် သုံးတွဲနှင့် ၁၉၀၅ ခုနှစ်ထုတ် ကုန်းဘောင်ဆက်ရာဇဝင်များ ပါဝင်သည်။ အဆိုပါအမှားကို မှန်နန်းရာဇဝင်မှ ရယူပြီး အသုံးပြုခဲ့ရာ သူ၏ ရာဇဝင်စာအုပ်ကြီး မျက်နှာ(၁၉၈-၉၉)နှင့် ကျောင်းသုံးရာဇဝင်စာအုပ် (မျက်နှာ ၁၂၅)ထဲ ပါလာပါသည်။ ရာဇဝင်ကြောင်းပြင်ဘက်ကျသော မင်းရဲသိခ်သူ၏ မွေးသက္ကရာဇ်ကိုကား မဖော်ပြထားပါ။

၁၊ ၂။ ။စာတည်းများ

စာပြုဆရာတို့က အမှားကို ဂရုမပြုမိသလို စာတည်းများကလည်း ဂရုမမူမိကြချေ။ မဟာရာဇဝင်ကြီး တတိယတွဲကို ဆရာဦးခင်စိုး။ မှန်နန်း တတိယတွဲကို အမည်မသိသူ။ သို့မဟုတ်၊ သူများ သုဿောဓိတ တတိယတွဲကို ဆိုခဲ့သော စာစုဆရာကြီးသုံးဦးတို့က အသီးသီးသုတ်သင်တည်းဖြတ်သည်။

၁၊ ၃။ ။စာဖတ်ပရိသတ်

မဟာရာဇဝင်ကြီးပြီးသည့် ၁၀၈၂ ခုနှစ်မှသည် ယခု ၁၃၄၇ ခုနှစ်တိုင် ကာလတောင်တာ နှစ်ပေါင်း နှစ်ရာငါးဆယ်ကျော်အတောအတွင်း ဤအမှားကွက်ကို စာဖတ်ပရိသတ်တို့သည် မြင်မိဟန်မတူချေ။

ဘုရင်ခေတ် ချေင်းစာဆိုတော်နှင့် ရာဇလ္လဘော်တို့သည် ရာဇဝင်ကို မိမိရရသိထားသူများဟု ယူဆမိသည်။ ရာဇဝင်အစောင်စောင်ကို မှောက်လှန်ရှာဖွေ သိသိကြအောင်၊ ထုတေမွှမွှ၊ ရာဇဝင်ပြာချ၍၊ လောကီ စီးပွား ရာဇဝင်လျက်ဆားကိုစား၍ အင်တန်ကုန်ခဲ့သူများ ဖြစ်ကြရပါသည်။ ထိုပုဂ္ဂိုလ်တို့သည် မျက်စိ လျှံသွားကြဟန်တူ၏။ နှောင်းခေတ် ပညာရှင်

သုတေသီနှင့် သောတုဇနတို့သည်လည်း **မျက်စိမှောက်**မှား သွားကောင်း မှောက်မှားသွားကြပေမည်။ ကျွန်တော်လည်း **နှစ်ပေါင်း** ငါးဆယ်လောက်က ဆယ်တန်းကျောင်းသားဘဝ၌ ကျောင်းသုံး**ရာဇဝင်ကို** သင်ရပါ၏။ ဆရာ မထောက်ပြ၍ အမှားကိုပင် မမြင်မိပါ။

မှတ်မိသလောက်ပြောရလျှင် ကျွန်တော်လည်း ဤအမှားကို ကံအားလျော်စွာ တွေ့မိရခြင်း ဖြစ်ပါသည်။ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များဆိုင်ရာကျောင်း၌ မြန်မာစာဂုဏ်ထူးတန်းအတွက် ပြဋ္ဌာန်းသောစာအုပ်များအနက် စဉ့်ကူးမင်းနားတော်သွင်းချောင်း ပါ၏။ ကျောင်းသားကို အင်္ဂလိပ်လိုသင်ပေးရန် ပြင်ဆင်နေစဉ် ဘဝတူမင်းရဲဒိဗ္ဗချောင်းကို သတိရမိလိုက်ပါသည်။ ထိုမင်းသားနှစ်ပါးစလုံး မင်းလျာများ ဖြစ်ကြသည်။ ကြမ္မာဆိုးနှင့် တွေ့ကြရသည်ကို မြင်မိ၏။ ထိုမှတစ်ဆင့် ချောင်းဘွဲ့ခံ မင်းလျာများ အကြောင်းကို ရာဇဝင်စာအုပ်တွေထဲလိုက်ကြည့်ရာ သူတို့နည်းတူ အားလုံးသော မင်းလျာတို့သည်လည်း ကံဆိုးမိုးမှောင်ဖြစ်ကြရကြောင်း တွေ့ရပါသည်။[၁၁] ဤကဲ့သို့ ထိုမင်းသားများ အတ္ထုပ္ပတ္တိတို့ကို သုတေသနလုပ်ရာ ဘာကြောင့်မှန်းမသိ မင်းလျာတစ်ပါးဖြစ်သော မင်းရဲကျော်စွာ(စုန်)အစား မင်းရဲသိခ်သူအကြောင်းကို မဟာရာဇဝင်ကြီးထဲရှာ၍ ဖတ်၏။ ကြံကြံဖန်ဖန် အမှားကို တွေ့မိပါ၏။

အထက်ပါ တွေ့ရှိရသည့်အချက်ကို မစ္စတာဟားဗေအား ၁၉၆၁ ခုနှစ် ပတ်ဝန်းကျင်တွင် ပြောပြလိုက်၏။ သူသည် သူနေသော အောက်စဖို့မြို့မှ ကျွန်တော်တို့ကျောင်းသို့ ၁၉၅၈ ခုနှစ်လောက်ကစပြီး တစ်ခါတစ်ခါလာ၏။ စာကြည့်တိုက်၌ စာအုပ်တွေဖတ်၊ ဆရာတွေနှင့်ဆွေးနွေး၊ ကျွန်တော့်အား မြန်မာရာဇဝင်နှင့်သမိုင်း စသည့် စာအုပ်တွေထဲပါ အချက်အလက်အချို့ကို မေး၏။ ထိုအခါ၌ မစ္စတာဟားဗေသည် မြန်မာစာ အတော့်ကို ဖတ်နိုင်နေပါပြီ။

မစ္စတာဟားဗေသည် ကျွန်တော်ပြောပြသည့်အကြောင်းကို နားစိုက်ထောင်ပြီးနောက် 'ဒီအမှားကွက် ကလေးဟာ ရာဇဝင်ကြောင်းကို ဘယ်လိုမှ မပြောင်းလဲသွားစေဘူး။ ဒါပေမယ့် မှုသဘောတရားအရပြောရရင် ပညာရှင်တစ်ဦးရယ်လို့ အသိအမှတ်ခံနေရသူ၊ ခံလိုသူဟာ ကိုယ့်စာတမ်းစာအုပ်ထဲ အစွန်းအထင်း တစ်စက်ကမှ မရှိ၊ မပါစေရဘူး။ ဒီတော့ နောက်ထုတ်ဖို့

ကြံထားတဲ့ ကျွန်တော့်စာအုပ်ထဲ ဒီအချက်ကို ထောက်ပြပါမယ်' ဟု ဆိုပါ၏။ သူသည် ထိုအခါက မြန်မာရာဇဝင်စာအုပ်သစ် တစ်အုပ်ကို ပြန်ရေးရန် စိုင်းပြင်းနေပါ၏။ သို့သော် မထုတ်ဖြစ်ပါ။ ၁၉၆၅ ခုနှစ်တွင် ကွယ်လွန်သွားသည်။

၂။ အတွေးအမြင်

အမှားကွက်ကလေးသမိုင်းကို ပြန်လှန်သုံးသပ်လိုက်သည့်အခါ အဓိက အချက်ကြီးနှစ်ချက်ကို ပြက်ပြက်ကြီး မြင်ရပါမည်။ (၁) ညီတော်ရာဇဝင် ဆရာတို့သည် နောင်တော်တို့၏ ရှိပြီးသော စာမူကို အသိအမှတ်မပြုဘဲ ယူသုံးထားသည်။ (၂) အမှားကွက်ကလေးကို နောင်လာနောက်သား ပညာရှင် သုတေသီနှင့် သောတုဇနတို့ မမြင်မိကြပေ။ ဘယ်လို အတွေးအမြင်တွေ ပေါ်လာပါသလဲ။

၂၊ ၁။ စာမူယူသုံးမှု

သူတစ်ပါး၏ စာတစ်ကြောင်း၊ တစ်ဝါကျ၊ တစ်ပိုဒ်ကို တစ်ယောက်ယောက်က ပြောဆိုသည့် စကား၊ ရေးသားသည့်စာထဲ ကိုးကားသည်မှာ ကမ္ဘာနှင့်အမျှ ပညာရှင်သုတေသီနှင့် သောတုဇနတို့၏အလေ့ ဖြစ်ပေသည်။ ပြောဆိုရေးသားချက် ခိုင်လုံကြောင်း၊ မှန်ကန်ကြောင်း သာဓကအဖြစ် ပြခြင်းဖြစ်သည်။ သူတစ်ပါး၏ ပစ္စည်းဟု သိစေလိုခြင်းငှာ ပြောသည့်စကားထဲ ပရိသတ်ဉာဏ်ရည်အလိုက် ပိုင်ဆိုင်သူ၏ အမည်ကို အရိပ်အမြွက်သာ ပြောသင့်ပြော၊ ဘွင်းဘွင်းပြောသင့် ပြောလေ့ရှိ၏။ ရေးသားသည့်စာထဲတွင် သုံးထားသောစာသားကို အမှတ်သင်္ကေတဖြင့် အောက်ခြေပြမှတ်ချက် ပြသင့်လျှင်ပြ၊ သို့မဟုတ် မျက်တောင်အတွင်း ထည့်ပြသင့်လျှင် ထည့်ပြထားသည်။ ဤကဲ့သို့ အမှတ်သညာမပြဘဲ စာတို စာရှည်တို့ကို ကိုယ့်ပစ္စည်းအနေဖြင့် ကိုယ့်စာတမ်းစာအုပ်ထဲ ထည့်ပြီး ရေးသား ထုတ်ဝေပါက 'စာသူခိုး၊ စာခါးပိုက်နှိုက်၊ စာမ သမား'ဟု အနောက်နိုင်ငံတွင် တံဆိပ်ခတ်ခံရ၏။

ဘုရင့်ခေတ်မြန်မာနိုင်ငံတော်တွင်ကား ပညာရှင်အများအပြားတို့သည် ဆိုခဲ့ပြီးသော အပြုအမူများကို ပြုကျင့်လေ့ရှိသည်။ အထူးသဖြင့် ထိပ်တန်းစား ကဝိစာဆိုတော်များသည် အခြားစာဆိုတော်တစ်ဦး၏ စာကြောင်းစာပိုဒ်များကို

ယူ၍ သူတို့ကဗျာတွေထဲ သုံးစွဲထားသည်။ နတ်ရှင်နောင်သည် ပထမ နဝဒေး၏ ရတုများမှ စာကိုယ်တို့ကိုယူ၍ မိမိရတုထဲတွင် စပ်ဆိုထား၏။ ဦးဖျော်သည် ရှင်သံခို၏ မင်းရဲဒိဗ္ဗချောင်းမှ စာပိုဒ်တွေကို စဥ့်ကူးမင်းနားတော်သွင်း ချောင်းထဲ စီကုံးထားသည်။ အခြား အခြား သာဓကတွေလည်း ရှိပါသေးသည်။ ကျွန်တော့်ကိုယ်တွေ့ သာဓကတစ်ခုကို ကြားဖြတ် အစီရင်ခံပါရစေ။ နှစ်ပေါင်းငါးဆယ်လောက်က ဖြစ်ပါ၏။ ရန်ကုန် တက္ကသိုလ် (ထိုအခါက အခေါ်အဝေါ်) ဥပစာတန်း ပထမ၊ ဒုတိယနှစ်များ၌ အပို မြန်မာစာယူသူများသည် ဦးပုညမေတ္တာစာကို သင်ရ၏။ လက်ဖက် မေတ္တာစာထဲတွင် ခုနစ်ကြောင်းမျှရှည်လျားသော 'စတုမဟာရာဇ်...၊ ညြဇာနက်သော' စာပိုဒ်ကို (စာမျက်နှာ ၆) ကြိုက်လှသဖြင့် အလွတ်ကျက်ထားလိုက်၏။ လေးနှစ်အကြာ မဟာဝိဇ္ဇာတန်း တက်နေသောအခါ ပါရမီတော်ခန်းပျို့ကို သင်ရသဖြင့် စာမျက်နှာ(၉)တွင် တွေ့ရသည့်အခါမှ ရှင်သီလဝံသ၏ လက်ရာမှန်း သိရပါတော့သည်။

ပထမမှန်နန်းပညာရှင်အဖွဲ့နှင့် သုသောမိတ ရာဇဝင်ဆရာကြီး တို့သည် သူတို့၏ရာဇဝင်တွေထဲ မည်သို့မျှ အသိအမှတ်မပြုဘဲ ကျမ်းတစ် စောင်နှင့် သုံးစောင်စီ သိမ်းသွင်းခဲ့ပြန်ပါ၏။ အထက်ပါ စာဆိုတော်တို့နှင့် ရာဇဝင်ဆရာတို့၏ ပြုမှုကို စာရင့်ခေတ်ပညာရှင်များက အပြစ်ဆိုထားသည့် အရေးအသားတစ်ခုကိုမျှ မတွေ့ရပါ။ နောင်းခေတ်ပညာရှင်နှင့် သုတေသီတို့ကလည်း ထိုနည်းတူ တုဏှိဘော လုပ်နေကြသည်သာမက နတ်သျှင်နောင်၊ ဦးဖျော်နှင့် ဦးပုညတို့ကိုပင် အဓိပတိရတုစာဆိုတော် ကဝိမော်ကြီး အသီးသီး ဖြစ်ကြောင်းကို ချီးကျူးနေကြသေးသည်။ နှစ်ပေါင်းငါးဆယ်လောက်က သောတုဇန ကျွန်တော်လည်း ထိုသူတို့အနက် တစ်ယောက်ပါဝင်ခဲ့ပါသည်။ ယခုအခါ ကျွန်တော်သည် ထိုအခါက ကျွန်တော်မဟုတ်တော့သဖြင့် ဤ အပြုအမူမျိုးကို ထောက်ပြရခြင်း ဖြစ်ပါ၏။

အမှန်ဆိုရသော် ရဟန်းပညာရှိကြီး မုံရွေးဆရာတော်၊ လူပညာရှိကြီး မဟာဓမ္မသင်္ကြံစသော ပုဂ္ဂိုလ်တို့ ပါဝင်သော ပညာရှိအဖွဲ့သည် ထွင်ဉာဏ်၊ ဝေဖန်ဉာဏ်၊ စိတ်ဖြာဉာဏ် စသည်တို့ကို အလွှာလိုက်သုံးကာ ရှိပြီးသား ရာဇဝင်အစောင်စောင်များ အမိုးပြု၍ တစ်မူဆန်းသည့် မှန်နန်းရာဇဝင်တော်

ကြီးကို စီရင်နိုင်ခွမ်း၏။ မစီရင်ခဲ့။ မဟာရာဇဝင်တော်ကြီးစာသားကို ယူ၍ ထိုပုံစံသွင်းကြသည်။

ဤအသွင်ကိုလိုက်၍ ဒုတိယမှန်နန်းပညာရှိကြီးတို့က ရာဇဝင် တစ်စောင် ဖွဲ့၏။ ဤပုံကို အတူယူကာ မန္တလေးဦးတင်က ရာဇဝင်တစ်စောင် ဆက်လက်ရေးသား၏။ နောက်ဆုံးတွင် ဆရာကြီးသုံးဦးတို့ကလည်း ရှိနှင့်နေသော ရာဇဝင်သုံးစောင်ကို အတွေးအမြင်သစ်ဖြင့် ပြန်မရေးဘဲ နယ်အမြီး တပ်လိုက်ကြသည်။ ရလာဒ်ကား ၁၁ ရာစုနှစ်က ရာဇဝင်နှင့် ၁၃ ရာစုနှစ်က ရာဇဝင်ပုံသဏ္ဌာန်တို့သည် ဆင်တူယိုးမှား ဖြစ်နေကြ၏။ ရာဇဝင်ဗေဒ ခြေလှမ်းတုံ့ခဲ့သည်။

သုသောမိတရာဇဝင်နှင့် ရှေ့နောက်ဆိုသလို ပေါ်လာသော ဟားဗေ မြန်မာရာဇဝင်သည် ရာဇဝင်ဗေဒ နည်းပညာအရ တင်ပြထားသည်။ သူ၏ အတွေးအခေါ် အဆိုအမိန့်တို့ကား သူ၏ အစွဲများဖြင့် စွန်းထင်းနေသည်။ သို့သော် ရာဇဝင်ရေးနည်းနိဿရည်းကိုသာ စဉ်းစားကြစေလိုပါသည်။ ရာဇဝင်ဟူသည် ရာဇဝံသမင်းမျိုး အဆက်အနွယ် အတ္တုပ္ပတ္တိဆိုသည်အရ မင်းနှင့်စပ်ဆိုင်သည့် အကြောင်းအရာများကိုသာ မီးမောင်းထိုးပြရသည် မဟုတ်ချေ။ မင်းကို ပင်တိုင်ထားပြီး တစ်ခုနှင့်တစ်ခု ဆက်သွယ်စပ်ယှက်သော ပြည်ထဲပြည်ပရေး၊ နိုင်ငံရေး၊ သာသနာတော်ရေး စသည့် ဘဝရောင်စဥ်တို့ကို တစ်ကွက်ပြီးတစ်ကွက် အချက်ကျကျ ဖွင့်လှစ်ပြရာ၏။ သုတေသနလုပ်၊ ရှိသမျှဉာဏ်အမျိုးမျိုးတို့ကို ထုတ်ပြီးရေးပါမှ ဤရာဇဝင်မျိုး ဖြစ်မြောက်နိုင်ပါသည်။ ဟားဗေ ရာဇဝင်သည် စံထားလောက်အောင် ကောင်းသည်ဟု မဆိုလို။ သို့သော် သုသောမိတထက် ကောင်းသည်ဟု ဆိုလိုပါသည်။

ဘာကြောင့် ဤကဲ့သို့ကိန်းမျိုး ဆိုက်ခဲ့ရပါသလဲ။ ကျွန်တော်တို့သည် ရှေးပညာရှင်တို့ထားခဲ့သော စာအမွေအနှစ်များနှင့် ရောင့်ရဲတင်းတိမ်နေကြသော အကြောင်းတစ်ရပ်၏ ပယောဂကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။

၂၊ ၂။ ။အများကိုမမြင်

အများကို မမြင်ခဲ့သည်မှာ ပညာရှိကြီးများကို လေးစားသည့် ခံယူချက်အစွယ်အပွား တစ်ခုကြောင့်ဟု ဆိုလိုပါသည်။ ပညာရှိဟူသည်

ယူ၍ သူတို့ကဗျာတွေထဲ သုံးစွဲထားသည်။ နတ်ရှင်နောင်သည် ပထမ နဝဒေး၏ ရတုများမှ စာကိုယ်တို့ကိုယူ၍ မိမိရတုထဲတွင် စပ်ဆိုထား၏။ ဦးဖျော်သည် ရှင်သံခို၏ မင်းရဲဒိဗ္ဗချေင်းမှ စာပိုဒ်တွေကို စဥ့်ကူးမင်းနားတော်သွင်း ချေင်းထဲ စီကုံးထားသည်။ အခြား အခြား သာဓကတွေလည်း ရှိပါသေးသည်။ ကျွန်တော့်ကိုယ်တွေ့ သာဓကတစ်ခုကို ကြားဖြတ် အစီရင်ခံပါရစေ။ နှစ်ပေါင်း ငါးဆယ်လောက်က ဖြစ်ပါ၏။ ရန်ကုန် တက္ကသိုလ် (ထိုအခါက အခေါ်အဝေါ်) ဥပစာတန်း ပထမ၊ ဒုတိယနှစ်များ၌ အပို မြန်မာစာယူသူများသည် ဦးပုညမေတ္တာစာကို သင်ရ၏။ လက်ဖက် မေတ္တာစာထဲတွင် ခုနစ်ကြောင်းမျှရှည်လျားသော ‘စတုမဟာရာဇ်...၊ သြဇာနက်သော’ စာပိုဒ်ကို (စာမျက်နှာ ၆) ကြိုက်လှသဖြင့် အလွတ်ကျက်ထားလိုက်၏။ လေးနှစ်အကြာ မဟာဝိဇ္ဇာတန်း တက်နေသောအခါ ပါရမီတော်ခန်းပျို့ကို သင်ရသဖြင့် စာမျက်နှာ(၉)တွင် တွေ့ရသည့်အခါမှ ရှင်သီလဝံသ၏ လက်ရာမှန်း သိရပါတော့သည်။

ပထမမှန်နန်းပညာရှင်အဖွဲ့နှင့် သုဿောမိတ ရာဇဝင်ဆရာကြီး တို့သည် သူတို့၏ရာဇဝင်တွေထဲ မည်သို့မျှ အသိအမှတ်မပြုဘဲ ကျမ်းတစ် စောင်နှင့် သုံးစောင်စီ သိမ်းသွင်းခဲ့ပြန်ပါ၏။ အထက်ပါ စာဆိုတော်တို့နှင့် ရာဇဝင်ဆရာတို့၏ ပြုမှုကို စာရင့်ခေတ်ပညာရှင်များက အပြစ်ဆိုထားသည့် အရေးအသားတစ်ခုကိုမျှ မတွေ့ရပါ။ နောင်းခေတ်ပညာရှင်နှင့် သုတေသီတို့ကလည်း ထိုနည်းတူ တုဏှိဘော လုပ်နေကြသည်သာမက နတ်သျှင်နောင်၊ ဦးဖျော်နှင့် ဦးပုညတို့ကိုပင် အဓိပတိရတုစာဆိုတော် ကဝိမော်ကြီး အသီးသီး ဖြစ်ကြောင်းကို ချီးကျူးနေကြသေးသည်။ နှစ်ပေါင်းငါးဆယ်လောက်က သောတုဇန ကျွန်တော်လည်း ထိုသူတို့အနက် တစ်ယောက်ပါဝင်ခဲ့ပါသည်။ ယခုအခါ ကျွန်တော်သည် ထိုအခါက ကျွန်တော်မဟုတ်တော့သဖြင့် ဤ အပြုအမူမျိုးကို ထောက်ပြရခြင်း ဖြစ်ပါ၏။

အမှန်ဆိုရသော် ရဟန်းပညာရှိကြီး မုံရွေးဆရာတော်၊ လူပညာရှိကြီး မဟာဓမ္မသင်္ကြံစသော ပုဂ္ဂိုလ်တို့ ပါဝင်သော ပညာရှိအဖွဲ့သည် ထွင်ဉာဏ်၊ ဝေဖန်ဉာဏ်၊ စိတ်ဖြာဉာဏ် စသည်တို့ကို အလွှာလိုက်သုံးကာ ရှိပြီးသား ရာဇဝင်အစောင်စောင်များ အမှီးပြု၍ တစ်မူဆန်းသည့် မှန်နန်းရာဇဝင်တော်

ကြီးကို စီရင်နိုင်စွမ်း၏။ မစီရင်ခဲ့။ မဟာရာဇဝင်တော်ကြီးစာသားကို ယူ၍ ထိုပုံစံသွင်းကြသည်။

ဤအသွင်ကိုလိုက်၍ ဒုတိယမှန်နန်းပညာရှိကြီးတို့က ရာဇဝင် တစ်စောင် ဖွဲ့၏။ ဤပုံကို အတူယူကာ မန္တလေးဦးတင်က ရာဇဝင်တစ်စောင် ဆက်လက်ရေးသား၏။ နောက်ဆုံးတွင် ဆရာကြီးသုံးဦးတို့ကလည်း ရှိနှင့်နေသော ရာဇဝင်သုံးစောင်ကို အတွေးအမြင်သစ်ဖြင့် ပြန်မရေးဘဲ နငယ်အမြီး တပ်လိုက်ကြသည်။ ရလာဒ်ကား ၁၁ ရာစုနှစ်က ရာဇဝင်နှင့် ၁၃ ရာစုနှစ်က ရာဇဝင်ပုံသဏ္ဌာန်တို့သည် ဆင်တူယိုးမှား ဖြစ်နေကြ၏။ ရာဇဝင်ဗေဒ ခြေလှမ်းတုံ့ခဲ့သည်။

သုဿောမိတရာဇဝင်နှင့် ရှေ့နောက်ဆိုသလို ပေါ်လာသော ဟားဗေ မြန်မာရာဇဝင်သည် ရာဇဝင်ဗေဒ နည်းပညာအရ တင်ပြထားသည်။ သူ၏ အတွေးအခေါ် အဆိုအမိန့်တို့ကား သူ၏ အစွဲများဖြင့် စွန်းထင်းနေသည်။ သို့သော် ရာဇဝင်ရေးနည်းနိဿရည်းကိုသာ စဉ်းစားကြစေလိုပါသည်။ ရာဇဝင်ဟူသည် ရာဇဝံသမင်းမျိုး အဆက်အနွယ် အတ္ထုပ္ပတ္တိဆိုသည်အရ မင်းနှင့်စပ်ဆိုင်သည့် အကြောင်းအရာများကိုသာ မီးမောင်းထိုးပြရသည် မဟုတ်ချေ။ မင်းကို ပင်တိုင်ထားပြီး တစ်ခုနှင့်တစ်ခု ဆက်သွယ်စပ်ယှက်သော ပြည်ထဲပြည်ပရေး၊ နိုင်ငံရေး၊ သာသနာတော်ရေး စသည့် ဘဝရောင်စဉ်တို့ကို တစ်ကွက်ပြီးတစ်ကွက် အချက်ကျကျ ဖွင့်လှစ်ပြရာ၏။ သုတေသနလုပ်၊ ရှိသမျှဉာဏ်အမျိုးမျိုးတို့ကို ထုတ်ပြီးရေးပါမှ ဤရာဇဝင်မျိုး ဖြစ်မြောက် နိုင်ပါသည်။ ဟားဗေ ရာဇဝင်သည် စံထားလောက်အောင် ကောင်းသည်ဟု မဆိုလို။ သို့သော် သုဿောမိတထက် ကောင်းသည်ဟု ဆိုလိုပါသည်။

ဘာကြောင့် ဤကဲ့သို့ကိန်းမျိုး ဆိုက်ခဲ့ရပါသလဲ။ ကျွန်တော်တို့သည် ရှေးပညာရှင်တို့ထားခဲ့သော စာအမွေအနှစ်များနှင့် ရောင့်ရဲတင်းတိမ်နေကြသော အကြောင်းတစ်ရပ်၏ ပယောဂကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။

၂၊ ၂။ ။အမှားကိုမမြင်

အမှားကို မမြင်ခဲ့သည်မှာ ပညာရှိကြီးများကို လေးစားသည့် ခံယူချက်အစွယ်အပွား တစ်ခုကြောင့်ဟု ဆိုလိုပါသည်။ ပညာရှိဟူသည်

၂။ ။မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ရတနာသိဒ္ဓိ ပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၂၅ ခုနှစ်။
၃။ သုဒေသာမိတ မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ ဆရာကြီးဦးဘိ၊ ဆရာသိန်း၊ ဆရာကိုဘကျော်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၂၂ ခုနှစ်။
၄။ G.E Harvey; History of Burma, London, 1924
၅။ G.E Harvery; Outline History of Burma, calculta, 1924
၆။ ။ဦးပုညမေတ္တာစာ၊ မြန်မာသုတေသနအသင်း၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၃၄။
၇။ ။ရှင်မဟာသီလဝံသ၊ ပါရမီတော်ခန်းပျို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၈၈၄။

အတွေးအမြင် စာစဉ်၊ ၃၀၊ ဇွန် ၁၉၈၇။

✍

ကံထမ်းလာသည်ကို မမြင်ရ(၁)

ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို တစ်သက်လုံး ကျွန်တော်အားထားလာခဲ့ပါသည်။ အကျိုးလည်း ပေးခဲ့၏။ ဉာဏ်ဖြင့် ချူ၊ ဝီရိယကို ထူ၊ ကံက ကူညီခဲ့သဖြင့် ကျောင်းသားအရွယ်က အာသီသထားခဲ့သည့် ရခေါင့်ရခဲအောင်ပွဲများကို ရခဲ့၏။ ဆရာ့အရွယ်က အာသီသမထားဝံ့သော ဖြစ်ခေါင့်ဖြစ်ခဲရာထူးများတွင် ဖြစ်ခဲ့ရ၏။ ဤဖြစ်စဉ်တို့ကို အတွေးအမြင်စာစောင် ၂၂၊ ၂၃ ထဲ၌ ဆရာနှင့်ပါရမီ (၁)နှင့် (၂)ခေါင်းစဉ်ဖြင့် အကြမ်းဖျင်းအစီရင်ခံနှင့် ပြီးပါပြီ။

၁၉၃၈ ခုနှစ် ပညာတော်သင်အဖြစ် ဗြိတိန်သို့ရောက်၊ ၁၉၄၈ ခုနှစ် လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ ကောလိပ်ကျောင်း၌ မြန်မာစာကထိကဖြစ်၊ ၁၉၅၅–ခု ဒုပါမောက္ခရာထူးရ၊ ၁၉၆၆ ခု ပါမောက္ခဘွဲ့ အပ်နှင်းခံရ။ ၁၉၈၀ ပြည့်နှစ် ပင်စင်ယူ မြန်မာပြည်ပြန်လာပြီး စာဖတ်စဉ်းစား စာရေးနေပါ၏။ ထိုဘဝများ တစ်ကန့်နှင့်တစ်ကန့်ကြားနှင့် နောက်ပိုင်းများတွင် ကံက ကူခဲ့သောကြောင့် မကြုံစည်ဘဲနှင့် ကြုံခေါင့်ကြုံခဲ ဣဋ္ဌာရုံ ကြုံရကွက်များကို ဖြည့်စွက်ထည့်လိုပါ၏။ သို့မှသာလျှင် ကျွန်တော် ဆွဲပြချင်သည့် ကားချပ်ထဲ အနောက်နိုင်ငံမှ တက္ကသိုလ်ကျောင်းသားနှင့် ကျောင်းဆရာအချို့တို့၏ ဘဝအစဉ်ကို မြင်ကြရပေမည်။

ကျောင်းသားဘဝ ၁၉၃၉ ခု

အတွေးအမြင်စာစောင် ၂၂ ထဲ ဆိုခဲ့သည့်အတိုင်း လန်ဒန်တက္ကသိုလ် ပညာရေးကောလိပ်ကျောင်းတွင် ပညာရေးဒီပလိုမာရဖို့ သင်တန်းတက်နေ၏။ ၆ လအကြာ သင်တန်းဒုတိယအပတ် ပြီးဆုံးသွားသည်။ အီစတာပွဲတော်အတွက် ကျောင်း လေး–ငါးပတ် ပိတ်သည်။ မပိတ်မီ တစ်လလောက်က ပထဝီဘာသာအဖွဲ့ဝင် ကျွန်တော်တို့ကျူတာက အစဉ်အလာ ရှိသည့်အတိုင်း၊ ကျွန်တော်တို့သည် ကျောင်းပိတ်ရက်အတွင်း နှစ်ပတ်ခန့် ကွင်းဆင်းထွက်ရ၏။ အင်္ဂလန်ပြည်နယ် တစ်နယ်၊ သို့မဟုတ် ဆွစ်ဇာလန်(Switzerland)ပြည် ဒေသတစ်ဒေသ သွားဖို့လျာထားသည်။ အများစုက ဘယ်ကိုသွားလိုပါသလဲဟု မေး၏။ ဆွစ်ဇာလန်ဟု ဆိုကြ၏။

ဆရာက ဟိုတယ်ခ အသွားအပြန်စရိတ် စုစုပေါင်း စတာလင်ပေါင် အများဆုံး ၃၀ ခန့်သာ ကုန်ကျပါမည်ဟု ဆက်ပြောရာ၊ သွားလိုစိတ်ပိုပြီး ပေါ်လာပါ၏။ (အခုအခါ အဖျင်းဆုံး ပေါင် ၂၀၀ ခန့်ကုန်ကျပါမည်။) ကျွန်တော့်အဖို့ကား ရခေါင့်ရခဲသော အခွင့်အရေးကြီး ဖြစ်ပါ၏။ တစ်ယောက်ထီးလည်း မသွားတတ်၊ သွားတတ်လည်း ထိုအချိန်အခါက ဘယ်သွားရမှန်းမသိ၊ ဆရာနှင့်ဇနီးက ရှေ့ဆောင်၊ ကျွန်တော်တို့ ကျောင်းသူကျောင်းသား ၂၀ ကျော်တို့က နောက်ကသွားဆိုသလို ခရီးထွက်ကြပါသည်။

၁၉၃၉ ခုနှစ်၊ ဧပြီလ ၁၅ရက်နေ့တွင် အင်္ဂလန်ပြည် ဒိုးဗာ(Dover) ဆိပ်ကမ်းမှ ဘဲ(လ်)ဂျမ် (Belgium)ပြည် အော့စတင်း(Ostend)ဆိပ်ကမ်းသို့ သင်္ဘောဖြင့် ၃ နာရီကျော်ကျော်ကူး၊ ၃ နာရီခွဲရောက်၊ ညစာစား၊ ၅ နာရီ အချိန်လောက် မီးရထားပေါ်တက်ကာ ထွက်လာရာ ဆွစ်ဇာလန်ပြည် ဘားလ် (Basle) မြို့သို့ နံနက် ၆ နာရီကျော် ရောက်သွား၏။ ထိုအခါ သမယ၌ ဥရောပတိုက် မီးရထား တတိယတန်းတွဲများရှိ ထိုင်ခုံတွေသည် မငြိမ့်ညောင်းလှပါ။ တစ်ညလုံး အိပ်လိုက်နိုးလိုက်နှင့် လတ်ဇင်ဘော့ (Luxembourg)ပြည် ပြင်သစ်ပြည်တို့ကို ဖြတ်မောင်းသွား၏။ အိပ်ပျော်နေတုန်း လူဝင်လူထွက် အရာရှိတွေ၊ မီးရထားပေါ်တက်၍ စစ်ဆေးသဖြင့် အိပ်ရေးပျက်ရသည်။

ဘားလ်မြို့ ဘူတာရုံတွင်ဆင်း၊ မျက်နှာသစ်၊ နံနက်စာ စားပြီး ခရီးဆက်ပါ၏။ ညနေ ၃ နာရီခန့်တွင် ဘူတာရုံတစ်ရုံ၌ ကျောက်မီးသွေးဖြင့် မောင်းသော မီးရထားကြီးမှ လျှပ်စစ်ဓာတ်အားဖြင့် ဆွဲသော ရထားကလေးသို့ ပြောင်းစီး၏။ ၃ နာရီမထိုးမီ လိုကားနိုး(Locarno)မြို့သို့ ရောက်သွား၏။ ကြိုတင်ငှားထားသော ဟိုတယ်အခန်းများတွင် ကျွန်တော်တို့ တည်းခိုကြသည်။

လိုကားနိုးမြို့သည် ဆွစ်ဇာလန်–အီတလီပြည် နှစ်ပြည် ကြား၌ တည်နေသော မဂျီယိုရေး(Maggiore) ကန်ကြီး၏ မြောက်ဘက် ကန်ပေါင်ပေါ်၌ တည်နေ၏။ အလွန်တရာ ကြည်နူးစရာကောင်းလှပါ၏။ လှပသာယာလှပါ၏။ ကန်ရေပြည်ကြီးကိုကြည့်။ ခပ်လှမ်းလှမ်းရှိ နှင်းတွေဖုံးအုပ်နေသော အဲ(လ်)ပစ်(စ်) (Alps)၊ တောင်တန်းကြီးကို ကြည့်လိုက်သည့်အခါ အိပ်မက်နေသလို ဘာလိုလိုနှင့်ဖြစ်မိသည်။ ညဦးအချိန်တွင် ကန်ထဲမှ လှမ်းကြည့်လိုက်သည့်အခါ မြို့တစ်မြို့လုံး မီးပဒေသာ အဆိုင်းဆိုင်းနှင့် ဆင်ထားသည်နှင့် တူပါ၏။

ကျွန်တော်တို့သည် ပထဝီနှင့်ဆိုင်သော အချက်အလက်များကို လိုကားနိုးတစ်ဝိုက် လေ့လာကြသည်။ ရွာကလေးများ၌ ပြင်သစ်၊ ဂျာမနီ၊ ဣတလီယံစကားတွေတတ်သူ မရှားပါ။ အင်္ဂလိပ်စကားကိုပင် ပြောတတ်သူတွေ တွေ့ရ၏။ ခရီးသွားဟန်လွှဲဆိုသကဲ့သို့ ဒေသန္တရဗဟုသုတ စုဆောင်းမိသည်။

ကျွန်တော်မမေ့နိုင်သော အတွေ့အကြုံကား ဣတလီပြည် မီလန်း (Milan)မြို့ သွားသည့်အခေါက် ဖြစ်ပါသည်။ မဂျီယိုရေး ကန်ကြီးကို ၄၅ မိနစ်ခန့်ဖြတ်သွားရာ ဣတလီယံ လူဝင်လူထွက်အရာရှိများက ရေပြင်နယ်စပ်တွင် တက်လာကြပြီး နိုင်ငံကူးလက်မှတ်များကို စစ်ဆေး၏။ အမျိုးသမီးချောချောလှလှတွေကို မျက်နှာသာ ပေးကြသည်။ တစ်ဘက်ကမ်းပေါ်သို့တက်၊ ခရီးသည် ၃၀ ခန့်ဝင်သော အဝေးသွားမော်တော် ယာဉ်ကြီးဖြင့် ကိုးမို(Como) ကန်ကြီး ကန်ပေါင်ရိုးရှိ အပန်းဖြေ ကိုးမိုမြို့ကို ရောက်ပြီး လွန်ဘားဒီ (Lombardy)လွင်ပြင်ကို ဖြတ်သွား၏။ စပါးပင်များ စိုက်ထားသည်ကို တွေ့ရသဖြင့် မြန်မာပြည်ကို အောက်မေ့မိပါသည်။ နောက်ဆုံး မီလန်း

မြို့ကြီးသို့ ဝင်လာ၏။ ကားဂိတ်ကြီးတွင်ဆင်း။ ကြည့်သင့် မြင်သင့်သည် တို့ကို ကြည့်ကြသည်။

ဤသို့ လျှောက်သွားနေစဉ် ထိဆိုင်အမြောက်အများကို မြင်ရသည်။ ထိုနောက် မယ်သီလရှင်ကျောင်းတိုက် တစ်တိုက်သို့ ဝင်ကြည့်၏။ သူတို့ စားသောက်ခန်းထဲ နံရံပေါ် လယ်ယိုနာဒိုးဒဗင်းချီ (Leonardo da Vinci) ရေးဆွဲထားသော ကမ္ဘာကျော်နောက်ဆုံးညစာ(The Last Supper) ပန်းချီပုံကြီးကိုမြင်ရ၍ အားရပါးရ စေ့စေ့စပ်စပ်လေ့လာကြ၏။ ၁၄၉၄ ခုမှ ၉၈ ခုနှစ် အထိကြာမှ ပြီးသည်ဟု သိရပါ၏။ ကျွန်တော်တို့ ပညာရေး ဒီပလိုမာ သင်တန်း၌ ပန်းချီဆွဲသည့် ဘာသာတစ်ရပ်ပါဝင်၏။ ပန်းချီဆရာက လက်တွေ့ပုံမဆွဲမီ ပန်းချီသဘောတရားကို ဟောပြော၏။ နာမည်ကျော် ပန်းချီဆရာကြီးများနှင့် သူတို့၏ ပန်းချီကားကောင်းကြီးများကို ပြောပြရာ၌ ဤဆရာကြီးနှင့် ဤပန်းချီကားကြီး ပါပါ၏။ ကျွန်တော်နှင့် ကျောင်းသူ နှစ်ယောက်တို့က တမေ့တမော စက္ခုအာရုံခံစားနေရာ အဖော်များ ထွက်ခွာ သွားသည်ကို သတိမမူခဲ့ပါ။ နောက်မှသိရ၍ ချိန်းထားသော ကားဂိတ်သို့ သုတ်ခြေတင်ကြ၏။

လမ်းခုလတ်၌ ဣတလီယံတက္ကသိုလ်ကျောင်းသားတစ်စုနှင့် ပက်ပင်း ဆုံကြပါတော့သည်။ ဆူညံဆူညံနှင့်။ ဥရောပတိုက်တွင် နောက် ၅ လကြာလျှင် စစ်ကြီးဖြစ်တော့မည်။ ဟစ်တလာ ဂျာမနီနှင့် မူဆိုလီနီ ဣတလီတို့က တစ်ဖက်။ ဗြိတိသျှနှင့်ပြင်သစ်တို့က တစ်ဖက်။ အာရှမှ ဂျပန်က သူတို့ ဘက်တော်သား။ ထို အာဏာရှင်နှစ်ဦးတို့ကား ဝါဒဖြန့်ကာ စစ်အတွက် ပြင်ဆင်နေကြပြီ။ ကျောင်းသားတို့က ဗြိတိသျှအမျိုးသမီးနှစ်ဦးနား ကပ်လာ ပြီး 'ဒိုက်(ချ်)ဒိုက်(ချ်)ဂျာမန်၊ ဂျာမန်လား'ဟု မေး၏။ 'မဟုတ်ဘူး၊ ဗြိတိသျှ'ဟု ဖြေရာ 'ဘူး၊ ဘူး'ဟု မနှစ်မြို့သံကို အော်ကြ၏။ ပြီးနောက် ကျွန်တော့်ဘက်လှည့်ပြီး 'နိပ္ပွန်၊ နိပ္ပွန်'ဟု မေးပြန်သည်။ ကျွန်တော်က မတတ်တတတ်နှင့် 'ဘိရမာနီ ဗမာ'ဟု ပြောရာ ထွက်ခွာသွားကြပါသည်။ ကျွန်တော်တို့လည်း ကားဂိတ်သို့ အချိန်မီရောက်သွားပါသည်။ လိုကားနိုးသို့ လာလမ်းအတိုင်း ပြန်ကြပါသည်။ လိုကားနိုးတွင် ၇ ညအိပ်ပြီး မြောက်ဘက်ရှိ မြို့ကလေးတစ်မြို့ ဟိုတယ်ကလေးတစ်ခု၌ ၇ ည နေကြပြန်၏။

ထိုမြို့ကလေးနှင့် ပတ်ဝန်းကျင်သဘာဝအခြေအနေသည် ကျွန်တော် တို့နေခဲ့သော ဒေသနှင့် ကွာခြားပါသည်။ ပိုအေး၏။ မနီးမဝေးတွင် နှင်းပြင်ကြီးဖုံးနေသော တောင်ကုန်းကြီး ရှိ၏။ ကျွန်တော်တို့အားလုံး တောင်ထိပ်အထိ တက်ကြသည်။ အချို့နေရာများတွင် ဒူးဆစ်ကျော်ကျော် နှင်းထဲမြုပ်သွားသော်လည်း ဘောင်းဘီ၊ ဖိနပ်များမစိုပါ။ နှင်းခြောက်ဖြစ်ပါ၏။ နေ့စဉ် ကွင်းဆင်းမှတ်စုမှတ်စရာတွေရေး၊ ဓာတ်ပုံတွေ ရိုက်သည်။ ဧပြီ ၃၀ ရက်နေ့ ဗြိတိန်သို့ ပြန်သည်။ အိမ်သို့ မေလ ၁ ရက်နေ့ ရောက်သည်။

၁၅ ရက်အတွင်း မြင်ရသော အခြင်းအရာ၊ ဆုံရသော အတွေ့ အကြုံတို့ကို ကျောင်းသူကျောင်းသား အားလုံးတို့က အတွေးအမြင်များ ညှပ်ကာ အစီရင်ခံစာတစ်စောင်စီ ရေးပြီး ကျူတာထံ ပေးအပ်ရပါသည်။ သူက မှတ်ချက်ရေး ပြန်ပေးပြီး တစ်နေ့သော် ဆွေးနွေးဖလှယ်ပွဲပြုလုပ်၏။ စာမေးပွဲအတွက် အထောက်အကူ ရသည်သာမက ပညာလည်း တိုးပွား ပါသေး၏။

ဆရာ့ဘဝ(၁) ၁၉၅၃ ခု

ကျွန်တော်သည် အထက်ကဆိုခဲ့သည့်အတိုင်း လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကတိုက် ပညာရေးကောလိပ်ကျောင်းတွင် ၁၉၄၈ ခုနှစ် အောက်တိုဘာလဆန်းမှစ၍ မြန်မာစာကထိက တာဝန်ကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ၁၉၅၃ ခုနှစ် မတ်လလောက်၌ ဒင်းမတ် (Denmark)ပြည် ကိုပင်ဟေဂင်း(Copenhagen)တက္ကသိုလ် ပါမောက္ခ တစ်ဦးထံမှ စာတစ်စောင်ရပါသည်။ စာထဲတွင် ကိုပင်ဟေဂင်းမြို့ ဘုရင့် စာကြည့်တိုက်ကြီးရှိ မြန်မာစာပေပုရပိုက်များကို တစ်ပတ်ခန့် လာရောက် စစ်ဆေး စာရင်းလုပ်ပေးပါက ကျေးဇူးတင်ရပါမည်။ တက္ကသိုလ်မှဆရာ အချို့တို့ကလည်း ဆရာကြီးကို တွေ့ချင်ကြပါသည်။ လာမည်ဆိုပါက လန်ဒန်–ကိုပင်ဟေဂင်း သင်္ဘော၊ မီးရထား အသွားအပြန် ပထမတန်း လက်မှတ်ဖိုး၊ ဟိုတယ်နှင့် အထွေထွေသုံးစရိတ်များအတွက် ပေးပါမည်ဟု ပါပါ၏။ ထိုအခါက လေယာဉ်ဖြင့် ခရီးသွားသည့်အလေ့ ခေတ်မစားသေးပါ။

အဆိုပါ ပါမောက္ခသည် ဖြူသည်မည်းသည်ကို ကျွန်တော်မသိ။

ကြုံခေါင့်ကြုံခဲသော အခွင့်ကောင်းကြီးကို လက်လှမ်းယူလိုက်ပါသည်။ သို့သော် အကြောင်းကြောင်းကြောင့် လောလောဆယ် လက်မခံနိုင်။ စက်တင်ဘာလမှာ သွားဖြစ်ပါသည်။

စက်တင်ဘာလ ၂၃ ရက်နေ့ နံနက် လန်ဒန်မှအရှေ့မြောက်ယွန်းယွန်းရှိ ဟဲရစ်(ချ်)(Harwich) ကူးတို့ဆိပ်ကမ်းသို့ မီးရထားနှင့်သွား။ ထိုမှတစ်ဆင့် သင်္ဘောဖြင့် ဒင်းမတ်ပြည် အနောက်ဘက် အက်(စ်)ဘီယက်(Esbjerg) ဆိပ်ကမ်းသို့ကူး၏။ ဗြိတိန်ပြင်ပ တစ်ယောက်ထီးတည်း ပထမဆုံးအကြိမ် သွားရသည်မှာ ခပ်ကြောင်ကြောင် ခပ်လန့်လန့်။

ညနေ ၇ နာရီ သင်္ဘောထွက်၏။ 'အိမ်ရှေ့မင်းသမီး'အမည်ပေးထားသည်မှာ အနွတ္တသညာ ပီပေ၏။ လှပတင့်တယ်ခမ်းနား၏။ ပထမတန်းခရီးသည်ဖြစ်သည်နှင့် လျော်ညီစွာ အစစအရာရာ လိုလေသေးသည်မရှိအောင် စီစဉ်ပေး၏။ ဧည့်ခန်းကြီးထဲ လူမျိုးစုံနှင့် တွေ့ဆုံစကားပြော၊ သောက်လိုက် စားလိုက်နှင့် ညစာစားချိန် ရောက်လာ၏။ ခရီးသွားသည့်အခါ မိတ်ဖြစ် မိတ်ဖွဲ့ရလွယ်၏။ ကျွန်တော်နှင့် ဒင်းမတ်ပြည်သား ဒိန်း(Dane) အမျိုးသား အမျိုးသမီးနှစ်ဦး ခင်မင်ရင်းနှီးသွားသည်။ ကျွန်တော်သည် ဘုရင့်စာကြည့်တိုက်ကြီး၏ ဧည့်သည်အဖြစ် သွားမည်ကိုသိ၍ အထင်ကြီးသည်။ ညစာစားပွဲ၌ မစားဖူးသည့် ဒိန်းလူမျိုးတို့၏ အစားအစာ ပထမဆုံးအကြိမ် စားရသည်။ ဆန်းပါပေ့၊ စုံပါပေ့၊ ဒိန်းအမျိုးသားနှင့် အမျိုးသမီးတို့က သူတို့အစားအစာ အမည်များကို ရှင်းပြသည်။

စားပွဲတွင် ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ထိုင်နေသော ကုန်သည်ပိုင်းမှ လူလတ်အရွယ် အမေရိကန်အမျိုးသားက ကျွန်တော်အင်္ဂလန်မှလာကြောင်း သိသောအခါ သူက 'ကျွန်တော် ဗြိတိန်ပြည်မှာ အလုပ်ကိစ္စနဲ့ တစ်လနှစ်လလောက်နေခဲ့ရတာ ကိုယ်ချိန် ၄-၅-၆ ပေါင်လောက် လျော့သွားတယ်။ ကိုပင်ဟေဂင်းရောက်မှ ပေါင်ချိန် ပြန်တိုးတော့မယ်'ဟု ဗိုက်ပုတ်ပြပြီး ပြောပါသည်။ မှန်ပါ၏။ ၁၉၄၅ ခုနှစ်၌ စစ်ကြီးပြီးကတည်းက ဗြိတိသျှလူမျိုးတွေအားလုံး လူနေမှုမရှိမဖြစ်သည့် အဝတ်အစားမှစ၍ ဓာတ်ဆီတို့ကို ရာရှင်(ration)စနစ်ဖြင့် စာအုပ်ကိုယ်စီပေးထား၏။ မျက်နှာကြီးမျက်နှာငယ်မရွေး သာတူညီမျှခွဲတမ်းချပေးသည်။ ၁၀၀ လျှင် ၈၀ လောက်က စည်းစောင့်

သည့် သာမညောန သာမနောဖြစ်သည်။ ကျန် ဂေါဏောန ဂေါနောတို့က လာဘ်ထိုး၍လည်း သူတို့မယူ။ တံစိုးပေး၍လည်း သူတို့မယူကြပါ။ ချီးကျူးစရာ ကောင်းလှပါ၏။

သင်္ဘောသည် ညတစ်ညလုံးခုတ်။ မိုးသောက်လျှင် နံနက်စာ စား။ နေ့လယ်ရောက်လျှင် နေ့လယ်စာ ကျွေး၏။ စား၍မကုန်အောင် စုံလည်းစုံ များလည်းများ၏။

အက်(စ်)ဘီယက် ဆိပ်ကမ်းသို့ နာရီပြန်နှစ်ချက်ကျော်ကျော် ဆိုက်ကပ်သွားသည်။ စောင့်နေသော မီးရထားပေါ်သို့ ကိုယ့်ခရီးဆောင်အိတ်များကို ကိုယ်ဆွဲ၍ သီးသန့်ထားသော ကိုယ့်ထိုင်ခုံပေါ် ကိုယ်ထိုင်သည်။ ရိုးရိုးတန်းခရီးသည်များကား ရသည့်နေရာ ယူကြ၏။ နေရာတွေက ခရီးသည်ထက်များ၏။ အနောက်နိုင်ငံ၌ အနီးခရီး အဝေးခရီးသွားသည့်အခါ နေ့စဉ်ဝတ်ရန် အဝတ်အထည်နှင့် ဖိနပ်များထည့်သည့် လက်ဆွဲအိတ်ကြီးတစ်လုံး၊ ညအိပ်ဝတ်ဖို့ အဝတ်များ၊ သွားပွတ်တံသွားတိုက်ဆေးနှင့် အခြား တောက်တိုမည်ရများ ထည့်သည့် လက်ဆွဲအိတ်ငယ်တစ်လုံးသာ ဆောင်ယူလေ့ရှိသည်။ ဝန်ကျဉ်းပါသည်။

မကြာမီ မီးရထားထွက်သည်။ ၅ နာရီ ၁၅ မိနစ်အချိန် အရှေ့ဘက်ကမ်းရှိ ဆိပ်ကမ်းသို့ ရောက်လာသည်။ ထိုအခိုက် ကျွန်တော် အိပ်ပျော်သွား၏။ နိုးလာ၍ ပြတင်းပေါက်အပြင်ဘက်ကြည့်လိုက်သည့်အခါ မှောင်ရီသရောမှာ နံရံလိုလို ဘာလိုလို မြင်ရပါ၏။ သင်္ဘောတစ်စင်း၏ ဝမ်းထဲရောက်နေကြောင်းကို ခရီးသွားဖော်များ ပြောမှ သိရပါသည်။ ကိုပင်ဟေဂင်းသည် ကျွန်းပေါ်တွင်ရှိသည်ဆိုခဲ့သော ဆိပ်ကမ်းရောက်သည့်အခါ ထိုမြို့နှင့်ကြားဘူတာများ၌ ဆင်းမည့်ခရီးသည်တွေတင်ဆောင်လာသော တွဲတို့ကို ကူးတို့သင်္ဘောကြီးထဲ မောင်းထည့်ထားလိုက်သည်။ တစ်ဘက်ကမ်းသို့ သင်္ဘောဆိုက်သော် မီးရထား ဆက်ခုတ် သွား၏။ သို့နှင့် ကိုပင်ဟေဂင်းမြို့သို့ ည ၈ နာရီခွဲအချိန် ရောက်လာသည်။ လာကြိုနေသူက ဆီဆီး(Cecil) ဟိုတယ်သို့ ကားဖြင့်ခေါ်သွား၏။

နောက်တစ်နေ့ နံနက်စာစားပြီး ဘုရင့်စာကြည့်တိုက်ကြီးသို့ သွားပါသည်။ ကျွန်တော့်အား ဖိတ်ခေါ်သူ ပါမောက္ခဂျိဘီ(သူ၏ နာမည်

အတိုကောက်)က ဂျာမန်လူမျိုးတစ်ဦးနှင့်အတူ ကျွန်တော့်ကို ရပ်စောင့်နေပါသည်။ ကြိုဆိုနှုတ်ဆက်ပြီး ထိုသူနှင့် မိတ်ဆက်ပေး၏။ မြူးနစ်(Munich) တက္ကသိုလ်မှ တရုတ်စာပါမောက္ခ ဖြစ်ပါသည်။ ကျွန်တော်က မြန်မာ ပေ၊ ပုရပိုက်များ၊ သူက တရုတ်စာအုပ်များကို စိစစ်ပြီး စာရင်းလုပ်မည်။ ကျွန်တော့်အား စားပွဲပေါ်ရှိ ပေ၊ ပုရပိုက် ၂၀၀ နီးပါးခန့်ကို ပြပါ၏။

ပါမောက္ခဂျိဘီသည် သဒ္ဒဗေဒ၊ ဘာသာဗေဒဘက်၌ နာမည်ကျော်ပညာရှင်ကြီးတစ်ဦးပင်။ ကျွန်တော် တို့ သုံးယောက်တို့သည် ကျွန်တော်တို့၏ ဝတ္ထုရား။ တက္ကသိုလ်များ ပညာရေး စသည်တို့အကြောင်းများကို တစ်နာရီခွဲခန့် ဆွေးနွေးပြီး လူစုခွဲလိုက်သည်။ ဂျာမန်ပါမောက္ခ ဖု(Fuchs)နှင့် ကျွန်တော်တို့က မြို့ကို ခြေကျင်လျှောက်၍ ကြည့်ကြ၏။ စားသောက်ဆိုင်ကြီးတစ်ဆိုင်ဝင်၍ နေ့လယ်စာ စားကြပြီး စာကြည့်တိုက်သို့ ပြန်လာကြသည်။

နာရီပြန်နှစ်ချက်၌ ပါမောက္ခဂျိဘီနှင့်အတူ စာကြည့်တိုက်မှူးကြီး၊ မနုဿဗေဒပါမောက္ခ၊ ကျွန်တော်တို့ကျောင်း ရောက်ဖူး၍ မျက်နှာချင်းတန်းမိနေသော ပါဠိ၊ ပါမောက္ခနှင့် အခြားတက္ကသိုလ်ဆရာများ ရောက်လာကြသည်။ ကော်ဖီပွဲတွင် မိတ်ဆက်ပေး၊ ဆွေးနွေး၊ အာလာပသလ္လာပပြောကြ၏။ ဘယ်သူက ဘယ်နေ့ ဘယ်အချိန် နေ့လယ်စာ၊ ညစာကျွေးမည်။ လက်ဖက်ရည်တိုက်မည်။ ဘယ်ကိုပို့ပေးမည်။ ဘာကို လိုက်ပြမည်။ လာနိုင်လိုက်နိုင်မလား မေးမြန်းရာ ကျွန်တော်တို့နှစ်ယောက်က အဖြေများပေးလိုက်ပါ၏။ အလုပ်ဆက်လုပ်ကြ၏။

ကျွန်တော်တို့နှစ်ယောက်သည် စနေနေ့ ညနေစောင်းပိုင်းနှင့် တနင်္ဂနွေနေ့မှလွဲ၍ နေ့တိုင်း ၉ နာရီမှ ၁၂ နာရီနှင့် ၂ ချက်မှ ညနေ ၆ နာရီအထိ ဆိုသလို စာကြည့်တိုက်၌ ပေးထားသော တာဝန်ကို ဆောင်ရွက်ကြပါသည်။ မြန်မာ ပေ၊ ပုရပိုက်များကို တစ်ခုစီစစ်ဆေး ကောက်နုတ်ချက်ရေးပြီး စာရင်းလုပ်၏။ ပေစာက ပုရပိုက်ထက် ပိုများသည်။ ကမ္မဝါစာ၊ ပါဠိပါဠိနိဿယ၊ ဝတ္ထု၊ ဗေဒင်၊ အဂ္ဂိရတ် ဆေးကျမ်းတွေ ပါရှိ၏။ ပြည့်စုံသည်လည်း ပါ၏။ မပြည့်စုံသည်လည်း ရှိ၏။ မြန်မာစာပေနှင့် စပ်လျဉ်း၍ ပြောပလောက်သည့် ပေစာကား မဏိရတနာပုံကျမ်း ဖြစ်ပါသည်။

အထက်ပါပစ္စည်းများကို ဒိန်းအမျိုးသား အင်ဂျင်နီယာတစ်ယောက် ရန်ကုန်လေယာဉ်ကွင်း တည်ဆောက်စဉ်အခါက သွားရောက်လုပ်ကိုင်ခဲ့ရာမှ ဝယ်ယူလာခဲ့သည်။ အချို့ကို ငွေဖြင့်၊ အချို့ကို ချောကလက်ဖာဖြင့်၊ အချို့ကို စီးကရက်ထုပ်တို့ဖြင့်ပေးပြီး ရခဲ့သည်။ သူသည် မြန်မာစာ မတတ်သော်လည်း ပညာတတ်တစ်ယောက်ဖြစ်သဖြင့် တန်ဖိုးရှိမှန်းသိ၍ ယူလာသည်။ ဤသတင်းကို အင်ဂျင်နီယာထံမှ စက်တင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့၌ ကြားသိရပါ၏။

ထိုနေ့ နံနက်တွင် ပါမောက္ခဂျိဘီ၏ တပည့်တစ်ယောက်က ကိုပင်ဟေဂင်းမြို့ မြောက်ဘက်ရှိ အဲလ်ဆီးနော(Elsinore) ပင်လယ်ကမ်းခြေမြို့သို့ မီးရထားဖြင့် အလည်အပတ်ခေါ်သွားပါ၏။ ၁ နာရီခန့် စီးရ၏။ တိုက်တိုက်ဆိုင်ဆိုင် ရထားပေါ်၌ အဆိုပါ အင်ဂျင်နီယာပါလာသဖြင့် သူနှင့် ကျွန်တော့်အဖော်က မိတ်ဆက်ပေး၍ သိရ၏။ အထက်ပါအကြောင်းအရာများကို ပြောပြ၏။ အဖော်ကလည်း 'ဒီအင်ဂျင်နီယာဟာ ပေ၊ ပုရပိုက်တွေကို ရောင်းဖို့ အမေရိကန်ပြည်မှ စာကြည့်တိုက်တစ်တိုက်နဲ့ အရေးဆိုနေတယ်'ဟု ဆက်ပြော၏။ ကျွန်တော်ကလည်း တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသကဲ့သို့ အင်ဂျင်နီယာအား 'ခင်ဗျားတိုင်းပြည် အကျိုးရှိမယ့်အရေးနဲ့ ခင်ဗျား ပိုရမယ့် ငွေကို ချိန်ခွင်ထဲ ထည့်စက်ကြည့်ပါ၊ လေးတဲ့ဘက်လိုက်လို့ ဆုံးဖြတ်ပေါ့။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဖို့ ကောင်းပါတယ်'ဟု အဆွယ်တရားဟောလိုက်၏။ နောက်ဆုံးတွင် ဘုရင့်စာကြည့်တိုက်က ပေ၊ ပုရပိုက်များ ရသွားသည်ဟု သိရပါသည်။

အဲ(လ်)ဆီးနောသည် ကြည့်နူးသာယာလှပါသည်။ ကြည့်ရှုစရာများဖြင့် ပြည့်နှက်နေပါ၏။ ဗြိတိသျှစာဆိုတော်ကြီး ရှိတ်စပီးယား(Shakespeare) ရေးသည့် ဟင်းမလက်(Hamlet)ပြဇာတ်ထဲပါ ရဲတိုက်ကြီးကို တစ်ဝလေ့လာခဲ့ပါသည်။

ကျွန်တော်နှင့် ဂျာမန်ပါမောက္ခဖုတို့သည် အတူတူအလုပ်လုပ် အတူတူနေ့လယ်စာနှင့် ညစာများ စားသည်။ သတ်မှတ်ထားသည့် စားသောက်ဆိုင်ကြီးများအနက် မည်သည့်ဆိုင်မှာမဆို ဘာစားစား၊ ဘာသောက်သောက် ပြီးသည့်အခါ ဘုရင့်စာကြည့်တိုက်မှ ပေးထားသော

ကျွန်တော်တို့အမည်ပါသည့် ကတ်ပြားထုတ်ပြ လက်မှတ်ရေးထိုးလိုက်၏။ တစ်ပြားတစ်ချပ်မှ ပေးဖို့မလိုပါ။ ပါမောက္ခဖုသည် နေ့လယ်စာ၊ ညစာ စားတိုင်း မစားမီ၊ စားနေတုန်း ကားလ်စဘတ်(Carlsberg)ဘီယာ၊စားပြီးလျှင် ဘရန်ဒီ အမြဲသောက်သည်။ သူ့အဖော်ရအောင် ကျွန်တော့်ကို ဝါဒဖြန့်၏။ 'ဆရာလှဘေ ဘုရင့်စာကြည့်တိုက်ကြီးကို ကားလ်စဘတ် ကုမ္ပဏီကြီးက မ,စနေတာ၊ တစ်ဘူးသောက်ရင် တစ်ဘူးဖိုး စာကြည့်တိုက်ကြီးက အကျိုးရှိတယ်။ ဘရန်ဒီဆိုတာက အစာကြေဆေး တစ်မျိုးပဲ၊ ဆေးဖြစ်တယ်'ဟု ဆို၏။ သူနှင့် ကျွန်တော်ခုနစ်ရက်ခန့် အတူစားအတူသွားသဖြင့် သုရာဏေန သုရာနော့ဆိုသလို အရက်နားနီး အရက်နှင့် အကျွမ်းဝင်သွား၏။

ကိုပင်ဟေဂင်းမြို့သည် ရှုမခန်းအောင် စက္ကူအာရုံတို့နှင့် ပြည့်ဝ သေးသည်သာမက ဉာဏ်အားတိုးဆေးပေးသည့် အဆောက်အအုံတွေနှင့် လည်း ကုံလုံပါ၏။ ပါမောက္ခဖုနှင့်ကျွန်တော်တို့နှစ်ယောက်တည်း လိုက် ကြည့်၊ ပါမောက္ခတွေက လိုက်ပြသဖြင့် မြင်ရရောက်ခဲ့ရပါသည်။ ကျွန်တော့် အဖို့ ရောက်ရကျိုးနပ်သည့်နေရာကား ပါဠိပါမောက္ခခေါ်သွားသော ပါဠိ–အင်္ဂလိပ်အဘိဓာန်ပြုစုရာဌာန ဖြစ်ပါ၏။

အိန္ဒိယပြည်ကြီး၌ ဘာသာပေါင်း မြောက်မြားစွာရှိသည့်အနက် ပါဠိဘာသာကိုသာ[1] ကမ္ဘာ့ပညာရှင်ကြီးများက လိုက်စား၊ ထေရဝါဒ ဗုဒ္ဓ ဘာသာဝင် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းစသော ပြည်များတွင် အမြတ်တနိုး သင်ယူလေ့လာနေပါ၏။ မြတ်စွာဘုရားက တရားတော်များကို ဤဘာသာဖြင့် ဟောတော်မူခဲ့၍ ဤသို့ ကျော်စောပြန့်ပွားလာရသည်ဟု ဆိုရပါမည်။ အဆိုပါ ဗုဒ္ဓဘာသာတိုင်းပြည်တို့က ဘာသာရေးကြီးပွားစေမှုကြောင့်၊ ကမ္ဘာ့ပညာ ရှင်ကြီးတို့က ပညာရေးတိုးတက်စေရေးကြောင့် လေ့လာလိုက်စားခဲ့သည်ဟု ဆိုချင်ပါ၏။ ဤဦးတည်ချက်နှစ်ခုမှ ပရိယတ္တိသာသနာထွန်းကားလာစေရန် ဘာသာမျိုးစုံဖြင့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ စသော ကျမ်းဂန်များ သဒ္ဒါများနှင့် အဘိဓာန်များ ပေါက်ပွားလာပါ၏။

၁။ သက္ကတဘာသာကိုလည်း ကမ္ဘာ့ပညာရှင်ကြီးများက လိုက်စားပါ၏။ သို့သော် ဤဆောင်းပါးနှင့် မသက်ဆိုင်၍ ချန်လှပ်ထားခဲ့ပါသည်။

အဆိုပါ ပညာရှင်ကြီးတို့သည် အနောက်နိုင်ငံမှဆိုလျှင် ဗြိတိန်၊ **ဂျာမန်၊ ပြင်သ**စ်၊ အမေရိကန်နှင့် ဒင်းမတ်ပြည် စသည်များမှ ဖြစ်ကြပါသည်။ **ဒင်းမတ်ပြည်**မှ ကမ္ဘာသိ ပါဠိပညာရှင်တို့ကား ဖော့စဗိုး (V.Fausboll) **ထရင့်ကနာ**(V.Trenckner)အင်ဒါဆင်(D.Anderson) စသည်တို့ပင်။ **ကျွန်တော်**ရောက်သွားသော အဘိဓာန်ဌာနမှ ပြုစုနေသော အမြင်သစ်ပါဠိ–**အင်္ဂလိပ်အဘိ**ဓာန်ကြီး[2] ကို ၁၉၄၂ ခုနှစ်မှ ထရင်ကနာ၊ အင်ဒါဆင်တို့က **ဆင်ပြီး ဟယ်**(လ်)မာစမင်(H.Smith)နှင့် ကျွန်တော့်ကို ခေါ်သွားသော ပါမောက္ခ **ဟင်ဒရစ်ကစင်**(H.Hendriksen)တို့က ဆက်လက်ပြုစုနေကြ၏။ ပရဟိတ **အကျိုးကြည့်**ကာ စာသိုလ်ရဖို့လည်းမဟုတ်၊ နိဗ္ဗာန်ရောက်ဖို့လည်းမလုပ်၊ **လောကီပညာ**ရေး တိုးတက်ရန်အားပေးသည့်အနေဖြင့် သယ်ပိုးရွက်ဆောင် **လာသော** ပုဂ္ဂိုလ်တို့အား ဗုဒ္ဓဘာသာအားလုံးတို့က လေးစားအတုနိုးသင့် **ပါ၏။**

ကျွန်တော်သည် ဆောင်ရွက်ရန်ကိစ္စများ ပြီးစီးသွားသဖြင့် ဖိတ်ကြားသူပါမောက္ခဂျိဘီနှင့် ဧည့်ခံကျွေးမွေးလိုက်ပြသူ ပါမောက္ခတို့အား ကျေးဇူးတင်စကား ပြောကြားနှုတ်ဆက်ကာ အောက်တိုဘာလ ၁ ရက် နေ့၌ ဗြိတိန်ပြည်သို့ လာလမ်းအတိုင်း ပြန်လာပါသည်။ ပင်ကိုဉာဏ်၊ အတွေးအမြင် ဉာဏ်တို့သည် အတန်ငယ် ရင့်ကျက် ကျယ်ပြန့်နက်ရှိုင်းလာပါ၏။

အတွေးအမြင် စာစဉ် ၃၁၊ ဒီဇင်ဘာ ၁၉၈၇။

✍

၂။ **A Critical Pali English Dictionary**

ကံထမ်းလာသည်ကို မမြင်ရ(၂)

ဆရာဘဝ(၂) ၁၉၆၂ ခု

၁၉၆၁ ခုနှစ်အကုန်လောက်တွင် ကျွန်တော်တို့ကျောင်း ကျွန်တော့် အခန်းထဲသို့ ဘဲ(လ်)ဂျမ်(Belgium)ပြည် ဘရတ်ဆဲ(လ်)(Brusselles) တက္ကသိုလ်မှ ပါမောက္ခရိုရှေး(M.L.Rocher)နှင့် ဒေါက်တာ အောင်သိန်းတို့ ရောက်လာကြပါ၏။ အာလာပသလ္လာပစကား ပြောကြပြီးသည့်နောက် ပါမောက္ခက 'ဒေါက်တာလှဘေ၊ ကျွန်တော်တို့လာရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ဌာနမှာ ဟောပြောပွဲကြီးတစ်ပွဲ ကျင်းပဖို့အတွက် ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ လုပ်မယ်လို့ စီစဉ်နေပါတယ်။ အပြည်ပြည်မှ ပညာရှင် ၁၅ ယောက်လောက် ဖိတ်လိုပါတယ်။ ဒေါက်တာလှဘေတို့ကျောင်းမှ ဆရာ လေးဦးပါပါတယ်။ ဒေါက်တာလှဘေနဲ့ အခြားသုံးဦးတို့ပေါ့။ ကျွန်တော်တို့အစီအစဉ် အထမြောက်အောင် ကူညီစေလိုပါတယ်'ဟု စကားကမ်းလှမ်းလိုက်၏။

ကျွန်တော်လည်းပထမ၌ တွေဝေသွား၏။ နောက်မှ သတိရပြီး 'ခုလို လာဖိတ်တာကို ဂုဏ်လဲယူ၊ ကျေးဇူးလဲ တင်ပါတယ်၊ လာပါ့မယ်'ဟု ဖြေကြားလိုက်ပါသည်။

ပါမောက္ခရိုရှေးအား တစ်ခါမျှမမြင်ဖူးပါ။ သူသည် ဘရတ်ဆဲ(လ်) တက္ကသိုလ် လူမှုရေးပညာ ကောလိပ်ကျောင်း အရှေ့တောင်အာရှဌာနမှ

ညွှန်ကြားရေးမှူး ဖြစ်သည်။ ထိုဌာနကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဌာနကို ကင်ပွန်းတပ်သည့်အနေဖြင့် အဆိုပါ ဟောပြောပွဲကြီးကို ဆင်ယင်လိုဟန် တူပါ၏။

ဒေါက်တာအောင်သိန်းနှင့်ကား မျက်နှာချင်း တန်းမိနေသည်မှာ ကျွန်တော် ၁၉၃၈ ခုနှစ် ဗြိတိန်သို့ မထွက်ခွာလာမီကတည်းက ဖြစ်ပါ၏။ မြဒေါင်းညိုကလောင်အမည်ဖြင့် တိုးတက်ရေးနှင့် အခြား မဂ္ဂဇင်းတွေထဲ ဆောင်းပါးများရေးနေသည်။ ထို့နောက် အဆက်ပြတ်သွား၏။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးသောအခါ ယူဂိုစလဗီယား(Yugoslavia)ပြည် ဘဲ(လ်)ဂရိတ်(Belgrade)တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရခဲ့သည်။ ကျွန်တော်နှင့်တွေ့သည့် အချိန်ဝယ် အထက်ပါဌာန၌ ဒုညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေ၏။

ပညာရှင်တို့အလယ် ဟောပြောရမည်မို့ စိတ်အလိုလို ဖြစ်မိသည်။ ၄-၅-၁၀ လခန့် အချိန်ရသဖြင့် မှတ်စုတွေရေး၊ စဉ်းစားသုံးသပ် လာခဲ့ရာ နောက်ဆုံး၌ ဟောပြောမည့် အကြောင်းအရာ ရုပ်သဏ္ဍာန် ပေါ်လာသည်။ ၁၉၆၂ ခုနှစ် အောက်တိုဘာလလောက်၌ ပွဲမဝင်ခင်ပြင်မှာ ကျင်းပသည်။ ကျွန်တော်တို့ကျောင်း အရှေ့တောင်အာရှဌာန ဆွေးနွေးဖလှယ်ပွဲတစ်ပွဲတွင် ဌာနမှ ဆရာနှင့် ကျောင်းသားများအား တင်ပြ၏။ ပေးသောအကြံဉာဏ်၊ ပြုသော ဝေဖန်မှုတို့ကို မှတ်ယူကာ တစ်ဖန် ပြင်ဆင်ရေးသားပါသည်။

ဒီဇင်ဘာလ ၃ ရက် တနင်္လာနေ့၌ လန်ဒန်ဟီသရိုး(Heathrow) လေဆိပ်မှ ညနေစောင်း ၂ နာရီ ၁၀ မိနစ်တွင် လေယာဉ်ဖြင့် ထွက်လာရာ ဘရတ်ဆဲ(လ်)လေဆိပ်သို့ ၃ နာရီ ၁၀ မိနစ် ရောက်လာ၏။ ကျွန်တော်နှင့်အတူ အရှေ့တောင်အာရှ သမိုင်းပါမောက္ခဟောလ်(D.G.E.Hall)နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပါမောက္ခတင်းခါ(H.R.Tinker)တို့ ပါလာသည်။ ကျန်အရှေ့တိုင်း ဥပဒေသိပ္ပံ ဒုပါမောက္ခ ဒဲရက် (J.D.Derrett)ဆိုသူကား သူ့ဘာသာသူ သွားသည်။

တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် လေယာဉ်ပျံစီးပြီး ခရီးသွားခဲ့ရခြင်း ဖြစ်ပါ၏။ အူယား အသည်းယားပြီး ကြောက်ဒူးတုန်လာသည်။ ဇောချွေးတွေပြန်လာသည်။ ကျွန်တော့်အနားထိုင်နေသူ အမေရိကန် အမျိုးသမီး ကြီးကား နကမွှတ်မတုန်လှုပ်၊ သူ့အတွက်ရိုးနေဟန် တူ၏။ တစ်နာရီခရီးကို

တစ်လခရီးဟု ထင်နေသူ ကျွန်တော့်အား **အမျိုးသမီးကြီးက** ဟိုဟာပြောသည်ဟာမေးသဖြင့် အာရုံပြောင်းလဲကာ စိတ်သက်**သာရာရစေ**၏။

ဘရတ်(ဆဲ)လေဆိပ်မှ မြို့သို့ နာရီဝက်မျှ **မီးရထားကလေးဖြင့်** သွားသည်။ ဘူတာရုံမှ တစ်ဖန် ကျွန်တော်တို့သုံးဦး တက္ကစီဖြင့် တည်းခိုရာ ပါမောက္ခရိပ်သာသို့ ဆက်သွား၏။ လိပ်စာကို ပြင်သစ်လို ဒရိုင်ဘာအား ပြောသည်။ တစ်နေရာတွင် ရောက်ပြီဟု ဆို၍ ဆင်း၏။ မရောက်သေး၊ ဆယ်မိနစ်ခန့်လျှောက်ရ၏။ ဒရိုင်ဘာ သိပုံ မပေါ်ပါ။ တစ်ဘက်မှတစ်ဘက် ၂၅ မိုင်ကျယ်သော လန်ဒန်မြို့ကြီးရှိ တက္ကစီဒရိုင်ဘာတို့သည် လန်ဒန်မြေပုံကို သိရ၏။ မသိလျှင် မောင်းရန်လိုင်စင်မရပါ။

ရိပ်သာသို့ ၄ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်သွားသည်။ ဘဲ(လ်)ဂျမ်နှင့် အင်္ဂလန် ကမ္ဘာ့စံချိန် ၁ နာရီကွာသဖြင့် အမှန်ဆိုသော် ၅ နာရီနှင့် မိနစ် ၄၀ ရှိနေပြီ။ အတော့်ကို ကြီးကျယ်ခန့်ငြားလှသည့် အဆောက်အအုံကြီး၊ သပ်ရပ်သော အိပ်ခန်း၊ ရေချိုးခန်းများ၊ စာဖတ်ခန်း၊ စာကြည့်တိုက်၊ ထမင်းစားခန်း၊ အပန်းဖြေခန်းများ ရှိ၏။

ကျွန်တော်တို့အား နံနက်စာနှင့် နေ့လယ်စာ ကျွေး၏။ ညစာကို မြို့ထဲဆိုင်တွေတွင် စားရသည်။ ကုန်ကျဖိုးကို သက်ဆိုင်ရာက ပေး၏။ တစ်မျိုး ကောင်းပါသည်။ ဘရတ်ဆဲ(လ်)မြို့ကြီးကို လျှောက်ကြည့်ဆာသည့်အခါ ကြိုက်ရာဆိုင်၌ ဝင်စားနိုင်၏။ ထိုနေ့ ညစာစားပြီး ရိပ်သာသို့ ပြန်လာရာ ဒေါက်တာအောင်သိန်း ရောက်နှင့်နေပါသည်။ ကျွန်တော်တို့အား ပေးထားနှင့်သော ဟောပြောပွဲအစီအစဉ်ကို ဆွေးနွေး၏။

ဒီဇင်ဘာ ၄ ရက် နံနက်စာ စားပြီး ဟောပြောပွဲ ကျင်းပရာ လူမှုပညာ ကောလိပ်ကျောင်းသို့ ကျွန်တော်တို့ လျှောက်သွားသည်။ ၉ နာရီခွဲ ရောက်သွား၏။ ကျယ်ပြန့်ခံ့ထည်သော ခန်းမကြီးထဲ တက္ကသိုလ် ဆရာ၊ ပညာရှင် သုတေသီနှင့် သောတုဇနလူမျိုးစုံတို့ ၂၀၀ ကျော် ၃၀၀ ခန့် ရောက်နှင့်နေပြီး။ ၉ နာရီ ၄၅ မိနစ်၌ အခမ်းအနား စသည်။ ပထမဦးစွာ ကောလိပ်ကျောင်းအတွင်းရေးမှူးက အစည်းအဝေးဖွင့်ကြောင်း မိန့်ခွန်းပြော၏။ ထို့နောက် ပါမောက္ခရိုရှေးက သူ့ဌာနအကြောင်း၊ လာရောက်ဟောပြောသည့် ပုဂ္ဂိုလ်များနှင့် သူတို့ဟောပြောသည့် အကြောင်းများကို အကျဉ်းချုံး

အစီရင်ခံသွားသည်။ ၁၀ နာရီ ၁၅ မိနစ်နှင့် ၁၁ နာရီ ၁၅ မိနစ်တွင် တစ်ဦးစီဟောပြီး နေ့လယ်စာ စား။ ညနေပိုင်း ၃ နာရီ ၄၅ မိနစ်၌ တစ်ဦးက ဟောပြော၍ ထိုနေ့တွက်တာ ပြီးဆုံးသွားသည်။

နောက်နေ့များ၌ နံနက် ၉ နာရီ မိနစ် ၂၀ အချိန်စ၊ မိနစ် ၅၀ စီခြားကာ ၃ ဦး၊ ညနေစောင်း ၂ နာရီခွဲမှာစ မိနစ် ၅၀ စီခြားကာ ၂ ဦး၊ ပေါင်း ၅ ဦးဟောပြော၏။ ဒုတိယနေ့ နံနက်ပိုင်းတွင် ယေးလ် တက္ကသိုလ်မှ အမေရိကန်ပါမောက္ခ ဖဲလ်ဇာ(Pelzer)သည် ၁၁ နာရီ ၁၀ မိနစ်၌ ဟောပြောရန် တာဝန်ကျသည်။ သို့သော် သူစီးလာသော လေယာဉ်သည် တစ်နံနက်လုံး မြူမှိုင်းများ ဖုံးအုပ်နေသော ဘရတ်ဆဲ(လ်) လေဆိပ်သို့ မဆင်းနိုင်၍ ဂျာမနီပြည် ဖရန့်ဖို့ (Frankfurt) လေဆိပ်သို့ ပြန်သွားရသဖြင့် နောက်တစ်နေ့မှ လာဖြစ်ပါ၏။

ဒီဇင်ဘာလ ၆ ရက် နောက်ဆုံးနေ့တွင် နံနက်ပိုင်း သုံးဦးတို့ အသီးသီးဟောပြောပြီးသည်နောက် ၁၂ နာရီအချိန်တွင် အိမ်ရှင်ကောလိပ်ကျောင်းက ဟိုတယ်ကြီးတစ်ခု၌ နေ့လယ်စာစားပွဲ သိုက်မြိုက်စွာ တည်ခင်းကျွေးမွေးပါသည်။ ဟောပြောသူတို့နှင့် ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများ ပါဝင်၏။ အစားကလည်း ကောင်း၊ အသောက်ကလည်း ကောင်း၊ စကားပြောလို့လည်း ကောင်း၊ အကောင်းသုံးကောင်းတို့ကြောင့် နာရီဝက်ခန့် အချိန်နှောင်းသွား၏။ ၂ နာရီခွဲ စရမည့်အစား ၃ နာရီမှ စနိုင်၏။ အစီအစဉ်အရ ဆိုလျှင် ကျွန်တော်ပြောရမည့်အလှည့် ဖြစ်၏။ သို့သော် မနေ့က မလာရောက်နိုင်သော ပါမောက္ခဖဲလ်ဇာ ရောက်လာသဖြင့် ထိုအချိန်၌ သူ ပြောပါရစေဆို၍ အခွင့်ပြုလိုက်သည်။

ဤကဲ့သို့ အချိန်ပြောင်းလဲလိုက်သည်မှာ ကျွန်တော့်အဖို့ မမျှော်လင့်ခဲ့သော လာဘ်ကြီးနှင့် တိုးမိနေ၏။ ကျွန်တော်ထပြီး ဟောပြောသောအခါ ၄ နာရီကျော် ရှိနေပြီ။ ကျွန်တော်ပြောနေစဉ် ခန်းမကြီးထဲ တဖြည်းဖြည်း ပရိသတ်ဦးရေ တိုးလာသည်။ ၅ နာရီခွဲတွင်ပြုလုပ်မည့် ဧည့်ခံပွဲသို့ ဖိတ်ထားသည့်ဧည့်သည်တွေ ဝင်လာကြ၍ ဖြစ်ပါ၏။

ကျွန်တော်က မြန်မာစကားလုံးသစ်များဖန်တီးပုံ၊(Neologisms) အကြောင်းကို ပြောပါသည်။ ‘မြန်မာဘာသာ မှတ်ကောင်မှ ပုလဲလုံး

ကလေးများ'ဟု ခေါင်းစဉ်တပ်ထားသည်။ လိုရင်းအခြေခံအချက်အလက်တွေကိုသာ အကျဉ်းချုံးပြီး ရေးပြပါရစေ။

မုတ်ကောင်ထဲ သဲလုံး၊ အမှိုက်သရိုက်တွေ ဝင်သွားသည့်အခါ ထိုအရာများကိုမှီးပြီး ပုလဲလုံးကလေးများ ဖြစ်ပွားလာသည်။ ထိုနည်းတူ ပါဠိ၊ သက္ကတ၊ မွန်၊ အင်္ဂလိပ်ဘာသာ စသည်များမှ စကားလုံး၊ အသံ၊ သို့မဟုတ် အတွေးလုံးများ မြန်မာဘာသာ၊ သို့မဟုတ် မြန်မာလူမျိုးခေါင်းထဲဝင်ရောက်လာသောအခါ စကားလုံးသစ်ကလေးတွေ ပေါက်ပွားလာတတ်သည်။ ပုလဲလုံးကလေးတွေအနက် အကောင်း အလတ် အညံ့စားများရှိသကဲ့သို့ စကားလုံးများလည်း သုံးမျိုးသုံးစား ရှိပါသည်။ တစ်ခု ကွဲပြားသည်ကတော့ ပုလဲလုံးတွေက အလိုလိုသန္ဓေစွဲ၍ မွေးဖွားခဲ့သော်လည်း စကားလုံးသစ်များကား သုံးစွဲသူတို့ ဖန်တီးမှုကြောင့် ပေါက်ဖွားလာရသည်။ ထိုဖန်တီးသူများကား ယေဘုယျအားဖြင့် ပညာရှင်၊ စာဆိုတော်၊ စာရေးဆရာ စသော စာသိ ပေသိ သူတို့နှင့် ရိုးရိုးလူများတို့ဟု ဆိုရပါမည်။

ထိုသူတို့သည် အာရှတိုက်က သက္ကတ၊ ပါဠိ၊ မွန်၊ အရဗီ၊ ပါးရှန်း(ဖာရစီ)၊ ဟင်ဒီ၊ ဘင်္ဂါလီ၊ ဒမိဠ စသည်တို့မှလည်းကောင်း၊ ဥရောပတိုက်က အင်္ဂလိပ်၊ ပြင်သစ် စသည်တို့မှလည်းကောင်း၊ စကားလုံးများကို ဖန်တီးမွေးစားခဲ့သည်။ အက္ခရာချင်းဖလှယ်၍သော်လည်းကောင်း၊ အသံကို နီးစပ်နိုင်သမျှ နီးစပ်အောင် မှီးယူ၍ သော်လည်းကောင်း၊ ဘာသာပြန်၍သော်လည်းကောင်း၊ မြန်မာဘာသာ ဝေါဟာရနယ်ထဲ သိမ်းသွင်းသည်။ ဘာသာခြားမှယူသည့် နည်းသုံးနည်းကို အောက်ပါဇယားဖြင့် ပြထား၏။ (√လက္ခဏာသည်ယူ၊ ×လက္ခဏာသည် မယူဟူသော သညာများ ဖြစ်သည်။

ဘာသာ	အက္ခရာဖလှယ်	အသံဖလှယ်	ဘာသာပြန်
သက္ကတ	√	×	√
ပါဠိ	√	×	√
မွန်	√	√	√
အင်္ဂလိပ်	×	√	√
အခြားသာဘာများ	×	√	×

(ဒုတိယအကြိမ်)

၁။ **အက္ခရာဖလှယ်ခြင်း။** ။အက္ခရာကို တိုက်ရိုက်၊ သို့မဟုတ် မြန်မာပုံသွင်း၍ နှစ်နည်းဖြင့် ဖလှယ်သည်။

ဘာသာ		တိုက်ရိုက်	ပုံသွင်း
သက္ကတ	အဘိဓာန	အဘိဓာန	အဘိဓာန်
ပါဠိ	ဗလ	ဗလ	ဗိုလ်
မွန်	ဒိ	ဒိ	-
	ဂွိင်	-	ဂနိုင်

၂။ **အသံဖလှယ်ခြင်း။** ။အသံဖလှယ်မှုနှင့် စပ်လျဉ်း၍ မွန် အင်္ဂလိပ်ဘာသာများမှသာ ဥပမာအနည်းငယ် ထုတ်ပြပါရစေ။

(၁) မွန်	မြန်မာ
ကျာက်	ကျက်၊ကျိုက်
က္ဍာ	ကနား
(၂) အင်္ဂလိပ်	မြန်မာ
hotel	ဟိုတယ်၊ဟော်တယ်
inspector	အင်စပက်တော်၊အ ဒိတ်တော်

၂။ **ဘာသာပြန်ခြင်း။**

ဘာသာပြန်ခြင်းနှင့်ပတ်သက်၍ ပါဠိ၊ မွန်၊ အင်္ဂလိပ်မှ စိတ်ဝင်စားစရာကောင်းသည်ဟု သဘောရသော သာဓကအချို့ကိုသာ ပြပါမည်။

(၁) ပါဠိ

အထုံ=အလေ့၊ အမွေးအကြိုင်၊ ပါဠိစကားလုံးနှစ်လုံး၊ ထွေးရောယှက်တင်ဖြစ်သွားပြီး မွေးဖွားလာသည်။ ပါဠိဝါသနာ=အလေ့+ဝါသေတိ=အနံ့စွဲငြိစေသည်။ (မြန်မာအဘိဓာန်အကျဉ်းချုပ် ထုံ၂ ရှု)

အတိတ်ဆောင်=နောက်ကြောင်းပြန်ပြောသည်။ ပါဠိ အတီတေ+အဟာရတိပုဒ်ကိုဘာသာပြန်ရာတွင် အတီတေကိုအတိတ်ဟု မြန်မာပုံသွင်းကာ အဟာရတိ=ပြောသည်-ဆောင်သည်ဟူသော အဓိပ္ပာယ် နှစ်ချက်အနက်

(ဒုတိယအကြိမ်)

ပြောသည်ကိုမယူဘဲ ဆောင်သည်ကိုယူပြီး အတိတ်ဆောင်ဟု ဘာသာပြန်၏။ ထိုမှတစ်ဆင့် စကားလိမ်ပြုကာ အတောင်ဆိတ်ဆိုသည့် ဝေါဟာရသစ် ထွင်လိုက်၏။

အတည်မဲ့=သေသည်။ ပါဠိ အနိစ္စပုဒ်မှ အ=မဲ့၊ နိစ္စ=အတည်ဟူ၍ တိုက်ရိုက်ဘာသာပြန်ထား၏။ ချစ်ဖွယ်စကားလုံးကလေး ဖြစ်ပါသည်။

(၂) မွန်

မွန်စကားလုံးနှစ်လုံးဖြစ်သည့် ကိုဝ်သဒ္ဒါကို 'ပေး'ဟူ၍လည်းကောင်း၊ 'ဖျော'ပုဒ်ကို 'ချ'ဟူ၍ လည်းကောင်း၊ မြန်မာလို ဘာသာပြန်ကာ ဝေါဟာရများ တီထွင်ပုံသာဓကအချို့ကို ပြပါမည်။

ကိုဝ်စ=ကိုဝ်=ပေး+စ=စား၊ ပေးစားသည်။ အိမ်ထောင်ဖက်စေသည်။ ကိုဝ်ပိုန်-ကိုဝ်=ပေး+ပိုန်=ဘုဉ်း၊ ဘုဉ်းပေးသည်။ ပိုန်သဒ္ဒါသည် ပါဠိပုညမှ လာသည်ဟုဆို၏။)

ဖျော ကမ္မထာန်-ဖျော=ချ ကမ္မထာန်=လူသေအလောင်း၊ မသာချသည်။

(၃) အင်္ဂလိပ်

တိုက်ရိုက် သို့မဟုတ် မြန်မာ့အမြင်နှင့် ပြန်ခြင်းဟူ၍ နှစ်မျိုးကိုသာ ပြလိုပါသည်။ ဤကဲ့သို့ နည်းမျိုးစုံတို့ဖြင့်ရလာသော အသုံးအနှုန်းများသည် မြန်မာဘာသာဝေါဟာရဘဏ်တွင် အတော်များများ ရှိနေပြီ။ တိုက်ရိုက်ပြန်ဆိုထားသည့် စကားလုံးအချို့ကို လူအများစုက လက်ခံသုံးစွဲမည်၊ မသုံးစွဲမည်ကို နိမ့်သောင် နောင်မှသိရပေမည်။ (gold clause)ရွှေစည်းကမ်းချက်၊ (inflation)ငွေဖောင်းပွမှု စသည်တို့ကို အင်္ဂလိပ်စကားတတ်သူများအဖို့ မထောင်းသာ၊ မတတ်သူများအတွက် ပြဿနာ။ ဤသည်တို့အနက် မြန်မာ့ယဉ်ကျေးမှု အတွေးအခေါ်တို့နှင့် ဘုန်းကြီးနှင့်ဘီးလို ဖြစ်နေသည့် စကားလုံးသစ်အနည်းငယ်တို့ကိုသာ ထုတ်ဆောင်ပြပါမည်။

naked road- ဝတ်လစ်စလစ်လမ်း။ အဝတ်ဝတ်သည့်လမ်း ရှိပါသလား

ivory tower- ဆင်စွယ်တဲနန်း။ မလိုအပ်သည့် အနက်ဖြင့် အင်္ဂလိပ်လို သုံးထားသည်။ မြန်မာလို မှန်မြတ်သော အဆောက်အအုံဟု အနက်ရ၏။

white elephant- ဆင်ဖြူတော်။ အင်္ဂလိပ်လို ငွေကုန် စိတ်လေးရသည့် ပစ္စည်းတစ်ခုဟု အဓိပ္ပာယ်ရ၏။ မြန်မာလို မှန်မြတ်သောအနက် ထွက်သည်။

မြန်မာအမြင်နှင့် ဘာသာပြန်ထားသော ဝေါဟာရများကား မှုံးပြည့်ပုလဲလုံးကလေးများနှင့် တူသည်ဟု ဆိုချင်ပါသည်။ လေးလုံးကိုသာ ဥပမာဖြင့် ပြပါမည်။

hula hoop- ဖင်လိမ်ကွင်း(အက)
Ball dance- ပွတ်သဘင်
strip tease- ညောင်ရွက်ချွေ(အက)
rock'n'roll- အရှူးချေးပန်း(အက)

ဤလေးခွန်းသော စကားကို ရှင်းပြသည့်အခါ ပရိသတ်က ပွဲကျသည်။ ဟောပြောပွဲပြီးဆုံးသည့်အခါ ပါမောက္ခရိုရေးက ဟောပြောသူတို့ အမည်များနှင့် အကြောင်းအရာများကို တစ်ခုစီ အတိုချုံး၍ စိစစ်ဝေဖန်ကာ ဤပွဲကြီးဖြစ်မြောက်အောင် ကူညီအားပေးသည့် ပညာရှင်နှင့် ပရိသတ်တို့ကို ကျေးဇူးစကား ပြောကြားပြီး နိဂုံးချုပ်လိုက်ပါသည်။

ဆက်လက်ကျင်းပသည့် ညှိခံပွဲကြီးကား ၂ နာရီနီးပါး ကြာပါသည်။ ဟောပြောပွဲ ပြီးဆုံးကြောင်း အထိမ်းအမှတ်ဖြစ်၏။ သို့သော် ထိုပညာပေးပွဲ၏ အကျိုးကား အဆုံးမရှိပါ။

ပညာပေးသည့် ပညာရှင်တို့သည် ကိုယ်ခင်းမည့်ဇာတ်ကို ကိုယ်ပိုင်သည့် ပုဂ္ဂိုလ်တို့ဟု အကဲခတ်မိပါသည်။ ဘဲ(လ်)ဂျီမ်၊ ဟော်လန်၊ ပြင်သစ်၊ ဗြိတိသျှ၊ အမေရိကန်၊ အိန္ဒိယ၊ ဗီယက်နမ်လူမျိုးတို့ပါဝင်သည်။ ကိုယ်သန်ရာ အင်္ဂလိပ်၊ သို့မဟုတ် ပြင်သစ်စကားဖြင့် ဟောပြော၏။ ထိုနှစ်ဘာသာအနက် တစ်ဘာသာ၌ မကျွမ်းကျင်သူများအတွက် ထိုင်ခုံတိုင်း၌ နားကြပ်တစ်ခုစီ ထားပေးထား၏။ တစ်ဘာသာဖြင့် ဟောပြောနေစဉ် ခန်းမကြီးဘေးနားရှိ မှန်အိမ်ကလေးထဲမှ စွယ်စုံတတ်အမျိုးသမီးကလေးတစ်ယောက်က သူ့ကို

ကြိုတင်ပေးထားသော စာတမ်းကိုကြည့်ပြီး ဟောပြောသူနှင့် တစ်ချိန်တည်း အခြားဘာသာဖြင့် မထစ်မငေါ့ ပြန်ပြောသွားသည်။ ထိုအမျိုးသမီးကလေးမျိုး သုံး–လေးယောက် ရှိသည်ဟု သိရ၏။ အတော့်ကို ချီးကျူးစရာကောင်းလှပါ၏။ ရခဲ့သော ပညာ၊ ကြားမြင်ခဲ့ရသော ဗဟုသုတတို့သည် လူတစ်လုံး သူတစ်လုံး လုပ်လိုသူ၊ ဖြစ်လိုသူတို့အတွက် ကျေးဇူးများလှပါသည်။

ဒီဇင်ဘာလ ၇ ရက်နေ့၌ ကျွန်တော်တို့ကျောင်းမှ ဆရာလေးဦးတို့ လေယာဉ်ဖြင့် ဗြိတိန်ပြန်ရန် ပြင်ဆင်ကြသည်။ သို့သော် ၅ ရက်နေ့ကနည်းတူ ဘရတ်ဆဲ(လ်)လေယာဉ်ကွင်းကို မြူမှိုင်းခိုးငွေ့တွေပိတ်ဖုံးအုပ်နေ၏။ ထို့ကြောင့် သင်္ဘောနှင့် ပြန်ရပါသည်။ ဘရတ်ဆဲ(လ်)မှ ၁၁ နာရီခွဲထွက် မီးရထားဖြင့် အော့စတင်းဆိပ်ကမ်းသို့ ၂ နာရီကြာကြာသွား၊ အော့စတင်းမှ ၃ နာရီထွက် ကူးတို့သင်္ဘောကြီးဖြင့် အင်္ဂလန်ပြည် ဒိုးဗားဆိပ်ကမ်းသို့ ကူးရာ ၆ နာရီ ၁၅ မိနစ်တွင် ရောက်သည်။ ထိုမှ တစ်တန် မီးရထားစီး၍ ဆက်လက်သွားရ၏။ လန်ဒန် ဗိတိုရိယ(Victoria)ဘူတာသို့ ည ၇နာရီခွဲ ရောက်သွား၏။ ၈ နာရီ ကြာ၏။ လေယာဉ်ဖြင့်ဆိုလျှင် ၁ နာရီသာ။ သို့သော် လေယာဉ်စီးရမည်ကို ကြောက်သူ ကျွန်တော်ကား လေယာဉ် မစီးရလျှင် တော်ပြီ၊ အချိန်ကား အကြောင်းမဟုတ်ဟု စဉ်းစားရင်း နှစ်သိမ့်နေမိ၏။

တစ်နှစ်ကျော်ကျော်ကြာသော် ဘရတ်ဆဲ(လ်)လူမှုပညာ ကောလိပ် ကျောင်း အရှေ့တောင်အာရှဌာနမှ စာအုပ်နှစ်အုပ်လက်ဆောင်ရပါသည်။ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလက ဟောပြောခဲ့သော စာတမ်းနှင့် မိန့်ခွန်းများ ပါပါသည်။ ပညာအမွေတစ်ခုဟု ယူဆပါ၏။ အမွေရဖို့ ကံစီမံလာပုံကို ပြန်ဆင်ခြင်မိသည်။ ‘ဟောပြောပွဲအတွက် ကျောင်းမှဖိတ်တဲ့ လေးယောက်ထဲ ငါပါသွားတာ ကံဖန်တီးလို့ပဲ။ မရောက်ဖူးတဲ့ နေရာရောက်ရ၊ ပညာရှင် အများနှင့် ဆုံစည်းရ၊ ပညာရင့်သန်လာရတယ်။ လေယာဉ်ပျံလည်း ကြောက်ကြောက်နဲ့ စီးဖူးရတယ်’ဟူသော အတွေးလုံးကြီး ပေါ်လာပါ၏။ ကြိုတင်မမြင်နိုင်သော ဘဝအကျိုးဆက်ကို နောက်တစ်နှစ်တွင် ကြုံလာ ရပြန်ပါ၏။

အတွေးအမြင် စာစဉ် ၃၂၊ ဇန်နဝါရီ၊ ၁၉၈၁။

ကံထမ်းလာသည်ကို မမြင်ရ(၃)

ဆရာ့ဘဝ(၃) ၁၉၆၄ ခု

၁၉၆၃ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊တက္ကသိုလ်သင်တန်း ပထမအပတ် စသည်။ နှစ်စဉ် ဤအခါမျိုးတွင် ကျောင်းသားတွေ သင်တန်းပို့ချမှု အချိန်စာရင်းပေးရေးအပြင် အစည်းအဝေးတွေနှင့် ခေါင်းရှုပ်စမြဲပင်။ ၁၁ ရက်နေ့ ကျောင်းသို့လာရာ စာပုံးထဲကျောင်းအုပ်ကြီးထံမှ စာတစ်စောင် တွေ့ရသည်။ ကျွန်တော့်အတွက် စိတ်ရွှင်အားဆေးကြီးနှင့် တူပါ၏။ စာထဲတွင် ‘၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ ဒေလီမြို့သစ်၌ အရှေ့တိုင်းဆိုင်ရာ ကမ္ဘာ့ပညာရှင်များ၏ ၂၆ ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပမည်။ ကျောင်းမှ စရိတ်စက အကုန်အကျခံပြီး ကိုယ်စားလှယ်ရှစ်ဦး လွှတ်မည်။ ဤအဖွဲ့ထဲ ဒေါက်တာလှဘောအမည် ထည့်ထားသည်။ သွားမည်ဟု ယူဆသည်’ဟုပါ၏။

ကျွန်တော်တို့ အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များကျောင်းတွင် ဒုကထိကမှ ပါမောက္ခအထိ ဆရာပေါင်း ၂၀၀ ကျော်ရှိပါ၏။ အရှေ့တိုင်းဆိုင်ရာ ဌာနများမှ ဆရာဦးရေ ၂၀၀ ခန့် ပါသည်။ ထိုသူတို့အနက် ရှစ်ဦးကို ရွေးသည်။ ထိုအထဲ ကံကောင်း၍ ကျွန်တော်ပါသည်။ ဂုဏ်ယူမိ၏။ ဘဝင်မမြင့်သွားသည့်အပြင် ‘ငါ့ကိုယုံပြီး ပုံမယ့်တာဝန်ကို ငါကျေပွန်အောင် ထမ်းဆောင်နိုင်ပါ့မလား’ဟူသော သံသယ ဖြစ်မိ၏။ မရဲသော်လည်း ပြေ့ခဲစေ၊

၁၉၃၉ ခုနှစ် ကျောင်းသားဘဝတုန်းက လိုကားနီးတွင် ရှိနေစဉ် အဝေးမှလှမ်းမြင်ခဲ့ရသော နှင်းတွေ၊ ရေခဲတွေဖုံးလွှမ်းနေသည့် အဲလ်ပစ်(Alps) တောင်တန်းကြီးကို ရှေ့တည့်တည့်မှာမားမားကြီးမြင်ရသည်။ အရှေ့ တောင်ဘက် ဦးတည်ကာ မိနစ် ၂၀ ခန့် ကြာကြာ ကျော်ဖြတ်နေ၏။ 'တောင်ကြီးနဲ့ တိုက်ရင်တော့ သေကြမှာပဲ'ဟူသော စိတ်ရှူးတွေ ပေါ်လာသည်။ မတိုက်ပါ။ ဆက်သွားရာ ရောမ(Rome) မြို့ကို ခပ်ရေးရေးကလေး မြင်မိ၏။ လက်ဖက်ရည်ပွဲပေး၍ သောက်ပြီး ခေတ္တအိပ်ပျော်သွား၏။ ညနေ ၇ နာရီ အချိန် အီဂျစ်(Egypt)ပြည် ကိုင်ရို(Cairo)တွင် ဆိုက်ပါသည်။

ကိုင်ရိုလေဆိပ်ကြီးသည် ခံ့ညားကြီးမားလှပါပေသည်။ ခရီးသည်တွေ ၁ နာရီခန့် အညောင်းပြေအညာပြေ လျှောက်ကြည့်ကြ၊ ကိုယ်လက်သုတ်သင် ကြသည်။ လေယာဉ်သည် နောက်ကို လေးနာရီကျော်ကျော် တစ်ဆက်တည်း ပျံတော့မည်ကို ကျွန်တော်တို့သိကြသည်။

ထိုခေတ်ထိုအခါက လေယာဉ်နှင့်ခရီးသွားရသည်မှာ သောက ကင်းဝေးပါသည်။ ယခုအခါကဲ့သို့ လေယာဉ်အပိုင်စီးခြင်း၊ ခရီးသည်တွေကို ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းစသည့် ခြင်းအမျိုးမျိုး မရှိပါ။ သို့မို့ကြောင့် လည်း ဖရန့်ဖို့၊ ဂျနီဗား၊ ကိုင်ရိုလေဆိပ်တို့၌ ကျွန်တော်တို့ ဟိုလျှောက်သည် လျှောက် လျှောက်ချင်တိုင်း လျှောက်နိုင်ကြ၏။ ယခုအခါတွင်မူ အန္တရာယ် များလှသဖြင့် လွတ်လွတ်လပ်လပ်သွားချင်သလို သွားခွင့် မရကြတော့ပါ။ လေဆိပ်ကြီးများတွင် လက်နက်ကိုင်အစောင့်အကြပ်တွေနှင့် ပြည့်နှက်နေသည်။ ခရီးသည်တွေကို လက်နက်၊ ဗုံး ပါမပါကို ခေတ်ပေါ်ကိရိယာများဖြင့် ရှာကြ၊ ဝန်စည်စလည်တွေကို ဓာတ်မှန်(X-ray)ဖြင့် စစ်ဆေးကြည့်ကြသည်။

လေယာဉ်ကြီးသည် ကိုင်ရိုမှ ၈ နာရီခွဲ ပြန်ထွက်သည်။ ည ၉ နာရီတွင် ညစာ ကျွေး၏။ အမြင့်ပေ ၃၅၀၀၀ တွင် တစ်နာရီမိုင် ၆၅၀ ကျော်ကျော် ပျံသန်းနေ၏။ တစ်နေရာ၌ အာရေဗီယ ပင်လယ်ကို ဖြတ်သန်း နေရသည်မို့ အကယ်၍ တစ်စုံတစ်ရာဖြစ်ပြီး ပင်လယ်ထဲလေယာဉ်ဆင်းခဲ့ ရပါက သေဘေးမှလွတ်အောင် မည်သို့ပြုလုပ်ရမည်ကို လေယာဉ်မယ်တွေက လုပ်ပြ၏။ ကြက်အိပ်ကြက်နိုး ဆိုသလိုလာခဲ့ရာ ဘုံဘိုင်မြို့ပေါ်သို့ ချောချော မောမောရောက်သွား၏။ လေယာဉ်ပေါ်မှလှမ်းကြည့်လိုက်သည့်အခါ ရှုမငြီး

စဖွယ် တွေ့မြင်ရ၏။ နံနက် ၁ နာရီရှိပါပြီ။ ဘုံဘိုင်စံတော်ချိန် ၆ နာရီခွဲခန့် ဖြစ်၏။ လေဆိပ်ဆင်း၊ ဒေလီမြို့သစ်သွားမည့် လေယာဉ်ကို ပြောင်းစီးရန် ၁ နာရီကျော်ကျော် စောင့်ရ၏။ အလွန်အေးမြသည့် ဥရောပတိုက် ဆောင်း ရာသီအတွင်းလာခဲ့သူ ကျွန်တော်တို့မှာ အလွန်ပူပြင်းသော ဘုံဘိုင်ရာသီနှင့် ဖြုန်းခနဲကြုံလာရသဖြင့် အလူးအလွန့် ခံခဲ့ရပါ၏။

လေယာဉ် ရောက်လာ၏။ ၈ နာရီတွင် ထွက်သည်။ မိုင် ၇၅၀ ခန့်ဝေးသော ခရီးကို ၁နာရီခွဲခန့်နှင့် အရောက်ပျံ၏။ ဒေလီမြို့သစ် လေယာဉ် ကွင်းတွင် ၉ နာရီခွဲ ဆင်းသက်၏။ အာသောကဟိုတယ်ကြီး၌ ၁၀ နာရီခွဲ အချိန် ခြေချမိ၏။ ပထမထပ်ရှိ အနောက်တိုင်းဆန်ဆန်ပြင်ဆင်ထားသော အိပ်ခန်းကြီးထဲဝင်ပြီး မောမောပန်းပန်းနှင့် အိပ်လိုက်၏။

ဒေါက်တာ ဒဲရက်လာခေါ်၍ ၁၂ နာရီခွဲ နေ့လယ်စာစား သွားကြသည်။ အနောက်တိုင်း၊ အရှေ့တိုင်းသား အစားအစာနှစ်မျိုးစလုံး ရ၏။ ဤအခန်းနှင့် ဆက်နေသော ဧည့်ခန်းတို့သည် ပေ ၆၀–၅၀ စီ အလျားအနံ ရှိပေလိမ့်မည်။ ညနေစောင်း၌ ဒေါက်တာဒဲရက်က ခေါ်၍ ကွန်ဂရက်ကျင်းပမည့် ဝိဇန်ဘဝန် (Vigyan Bhavan)ခေါ် အဆောက်အအုံကြီးသို့ တက္ကစီငှားပြီး သွား၏။ ကျင်းပရေးအဖွဲ့ချုပ် အတွင်းရေးမှူးနှင့်တွေ့ပြီး စကားစမြည်ပြော နောက် တစ်နေ့နံနက် အစီအစဉ်အကြောင်း မေးသည်။ ဟိုတယ်ပြန်ရောက်သည့် အခါ ဧည့်ခန်း၌ ကျောင်းအုပ်ကြီးနှင့် ကျောင်းမှ ပါမောက္ခနှစ်ယောက်တို့ကို တွေ့ရသဖြင့် ဟိုတယ်အကြောင်း၊ ကွန်ဂရက်အကြောင်းတို့ကို ဆွေးနွေးကြ၏။

ည ၇ နာရီခွဲသော် ညစာ သွားစားကြ၏။ ထမင်းစားခန်းထဲ အနောက်နိုင်ငံဆန်ဆန် ဂီတသမားနှင့် အဆိုတော်တွေက ညစာ သုံးဆောင် နေသူတို့အား အနောက်တိုင်း၊ အရှေ့တိုင်းကပြားသီချင်း ဂီတတို့ဖြင့် ဖြေဖျော် သည်။ ဖွယ်ဖွယ်ရာရာ အစားအသောက် ယမကာအဖျော်တို့ကို လိုက်ပေး နေသူတို့ကလည်း အိန္ဒိယဝတ်စုံများနှင့် တစ်မျိုးကြည့်၍ ကောင်းပါ၏။ ဟိုတယ်နေခ ကြီးမယ်ဆိုလျှင်လည်း ကြီးစရာပင်။ ၁၉၈၀ ပြည့်နှစ် ကျွန်တော် မြန်မာပြည်ပြန်လာသည့်အခါ ဒေလီမြို့သစ်၌ ခေတ္တနေခဲ့၏။ အာသောက ဟိုတယ်တွင် တစ်ညလျှင် ကျပ် ၅၀၀ ဟု ဆို၏။ ရှစ်ဆ–ကိုးဆခန့် နေခ တက်သွား၏။ ကျွန်တော် မတည်းခဲ့ပါ။

ဇန်နဝါရီလ ၄ ရက် ၇ နာရီအချိန်၌ တယ်လီဖုန်းလာသည်။ ဟိုတယ်မှ ဧည့်ကြိုတစ်ယောက်က သူ့ကို မနေ့ညက မှာထားသည့်အတိုင်း စက်ရာမှ ထ,ပါတော့ဟု ပေးလိုက်သောအချက် ဖြစ်ပါ၏။ နံနက်စာ စားပြီး ဟိုတယ်တွင်စောင့်နေသော ခရီးသည် ၃၀ ခန့်ဝင်သည့် အဝေးသွား မော်တော်ယာဉ်ကြီး[၁] နှင့် ဗီဇန်ဘဝန်သို့ သွားသည်။ ကိုယ်စားလှယ်များ တည်းသမျှ ဟိုတယ်တို့မှ ဗီဇန်ဘဝန်သို့ အသွားအပြန် နံနက်နှင့် နေ့လယ်ပိုင်း ထိုယာဉ်များဖြင့် ကြိုပို့ပေး၏။ ဘဝန်တွင် ရာနှင့်ချီပြီး ကမ္ဘာတစ်ဝန်းလုံးမှ လူမျိုးစုံ ပညာရှင်များဖြင့် ပြည့်နှက်နေပါသည်။ ကျွန်တော်သိသည့် ပုဂ္ဂိုလ်အတော်များများနှင့် ပြန်ဆုံ၏။ မသိသည့်သူတွေက ပိုများသည်။

ကွန်ဂရက်ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် ကျင်းပပါသည်။ အိန္ဒိယပြည်သမ္မတက မိန့်ခွန်း ပြောမည်ဟု အစီအစဉ်ရှိ၏။ မကြွရောက်နိုင်ပါ။ အစီအစဉ်ပါ ကျန် အိန္ဒိယပညာရှိကြီး သုံးဦးတို့ကသာ ပြောကြသည်။ ၁၂ နာရီတွင် ဟိုတယ်သို့ ပြန်လာ၏။ နေ့လယ်စာစား အနားယူသည်။ ဟိုတယ် အခမ်းအနား လျှောက်ကြည့်၏။ ညနေ ၅ နာရီကျော်ကျော် ဗီဇန်ဘဝန်သို့ ကိုယ်စားလှယ်တွေ သွားကြကုန်သည်။ ၆ နာရီတွင် ဝန်ကြီးချုပ်မစ္စတာနေရူးက ဩဝါဒမိန့်ခွန်းစကား ပြောကြားပါသည်။ ယခင် ပစ္စုပ္ပန်သည် ယခု အတိတ်၊ ယခု ပစ္စုပ္ပန်သည် နောင်အတိတ် ဖြစ်လာသည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ယှဉ်တွဲကာ လေ့လာ သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းသွား၏။ ဝန်ကြီးချုပ်သည် အတော့်ကို မောနေပုံ ပေါ်ပါ၏။ တစ်ခါတစ်ရံ စကားလုံးတွေ မေ့၊ တစ်ခါတစ်ရံ လုံးလည်လိုက်နေသည်။ လပိုင်းမှာပင် အနိစ္စ ရောက်သွားရှာပါသည်။

ဇန်နဝါရီလ ၅ ရက်နေ့မှစပြီး ဘာသာ ပညာရပ်များအလိုက် တစ်အုပ်စုစီခွဲကာ ဟောပြောပွဲများ နံနက်တိုင်း လုပ်ပါသည်။ ညနေစောင်းအား၏။ ကျွန်တော်တို့ကား အရှေ့တောင်အာရှ အုပ်စု(၇)နှင့် ဆိုင်သည်။ သဘာပတိ၊ ဒုတိယသဘာပတိနှင့် အတွင်းရေးမှူးများပါဆိုလျှင် ကိုယ်စားလှယ်ပေါင်း ၄၀ ခန့်ရှိသည်။ ၁၀နာရီ၊ ၁၂နာရီခွဲအထိ ဟောပြောရန် သတ်မှတ်ထား၏။

၁။ **Motor-coach** လှအေး'ကံထမ်းလာသည်ကိုမမြင်ရ(၁)'စာမျက်နှာ–၄၄၅။

ပထမနေ့၌ ဟောပြောသူ လေးဦးရှိ၏။ ထိုသူများ ကသိကအောက် ဖြစ်စရာအကြောင်းတစ်ကြောင်း ပေါ်လာ၏။

သဘာပတိက 'တစ်ဦးလျှင် မိနစ် ၂၀ သာ ဟောပြောဖို့ အခွင့်ပြုပါမယ်'ဟု အစချီ၍ မိန့်ခွန်းပြောပါသည်။ အဖျင်ဆုံး မိနစ် ၄၀ ခန့် ပြောရချေ၏ဟု ထင်မှတ်ပြီး ပြင်ဆင်ထားကြသူတွေက အတိုချုံး ပြောကြရရှာသည်။ တစ်ဦးပြောပြီးတိုင်း မေး၊ ဆွေးနွေး၊ ဝေဖန်၏။ စတုတ္ထ ဟောပြောမည့်သူ မပေါ်လာပါ။ ၁၂ နာရီခွဲတွင် ပြီးသွားပါသည်။

ထိုနေ့ နေ့လယ်စာစားပြီး ဧည့်ခန်းထဲဝင်လာရာ ဒေါက်တာကောနင်း (W.S. Cornyn)နှင့် တွေ့ရပါသည်။ အမေရိက ယေး(လ်)(Yale)တက္ကသိုလ်မှ မြန်မာနှင့် ရုရှားဘာသာ ပါမောက္ခဖြစ်ပါသည်။ ကျွန်တော်နှင့် ၁၉၄၈ ခုနှစ်ကတည်းက မိတ်ဆွေဖြစ်ခဲ့၏။ နာရီပိုင်းလောက်ကမှ ဟိုတယ်သို့ ရောက်လာသည်။ ဗြိတိန်ပြည်၌ လေယာဉ်ပျံပြောင်းစီးရာဝယ် ဆက်သွားမည့် လေယာဉ် မလိုက်သည့်ပြင် ကွန်ဂရက်အတွက်ပြင်ဆင်လာသော စာတမ်းလည်း ပျောက်ဆုံးသွားကြောင်းကို ပြောပြ၍ သိရပါ၏။ အမေရိကန် ကိုယ်စားလှယ်များရှိသည့် ဟိုတယ်တွေတွင်မနေဘဲ အာသောကဟိုတယ်၌ လာတည်း၏။ ယနေ့နံနက် မလာဖြစ်သည့် ဟောပြောမည့်သူသည် ပါမောက္ခကောနင်းပင်။

ဇန်နဝါရီလ ၆ ရက်နေ့ နံနက်သည် ထူးခြားမြိုင်ဆိုင်လှပါ၏။ အခြားနေ့များ၌ စာတမ်း ၄ စောင်၊ ထိုနေ့တွင် စာတမ်း ၆ စောင်ဖတ်၏။ တစ်စောင်မှာ ရုရှားပညာရှင်တစ်ယောက်၏ နယ်ချဲ့ရေးစာတမ်း ဖြစ်သည်။ ဗြိတိသျှနှင့် အချို့နိုင်ငံတို့ကို ရှုတ်ချပြစ်တင်ထား၏။ ရုရှားနှင့်အရှေ့ဂျာမနီက တစ်ဖက်၊ မလေးနှင့် အနောက်ဂျာမနီကတစ်ဖက် ကိုယ်စားလှယ်တွေ အကြီးအကျယ် ငြင်းခုံကြသည်။ ပွဲကောင်းကြီး တစ်ပွဲပင်။

၈ ရက်နေ့ နံနက်၌ အင်္ဂလိပ်လို စာလုံးပေါင်းထားသော အမည်များ၏ အက္ခရာဝယ် အစီအစဉ်အတိုင်း တစ်ဦးစီဖတ်ကြ၏။ ဂျာမနီမှ ဒေါက်တာ ဂူဘာ(Guber)၊ ဂျပန်မှ ပါမောက္ခအိုဇာကီ (Ozaki) ကျွန်တော်(H.Pe)နှင့် အမေရိကန်မှ ပါမောက္ခဖဲလဇာ(Pelzer)တို့ ဖြစ်ကြသည်။ အိုဇာကီ၏ စာတမ်းသည် ကောင်းပါ၏။ သို့သော် ဂျပန်သံနှင့် ဖတ်သဖြင့် နားမလည်

ကြပါ။ ကိုယ်စားလှယ်တွေ တစ်ယောက်ပြီးတစ်ယောက် အခန်းထဲမှ ထွက်သွားကြသည်။ နောက်ဆုံး ဖဲလဇာနှင့်ကျွန်တော်ပါဆိုလျှင် ၆ ယောက်သာ ကျန်ရှိတော့သည်။ ကျွန်တော်တို့အလှည့်ရောက်သည့်အခါ လူ ၄၊ ၅၊ ၆ ယောက်တို့ကိုသာ ဟောပြောရတော့ချေရဲ့ဟူသော အဓိပ္ပာယ်ပါသည့်မျက်စိဖြင့် ကျွန်တော်က မဲလဇာကိုကြည့်၊ ဖဲလဇာက ကျွန်တော့်ကိုကြည့် နေကြသည်။ ကံအားလျော်စွာ သဘာပတိက အိုဇာကီကို အထိုင်ခိုင်းပြီး သူ့စာတမ်းကို ယူ၍ ဖတ်ပြ၏။ ပရိသတ်များ တဖြည်းဖြည်းဝင်လာ၏။ ဖတ်၍အပြီးတွင် လူစေ့စုံသွား၏။ ကျွန်တော်တို့ နှစ်ယောက်လည်း သက်မကြီးချပြီး စာတမ်းများ ဖတ်ကြရသည်။

၉ ရက်နေ့ နံနက် ၁၂ နာရီတွင် ကွန်ဂရက်ကြီး ပြီးဆုံးသွားသည်။ တစ်ဦးလိပ်စာ တစ်ဦးတောင်း၏။ နောင်ကို မေးစရာ၊ ဆွေးနွေးစရာ၊ တိုင်ပင်စရာ ပေါ်လာလျှင် စာဖြင့် ရေးသားပြုလုပ်နိုင်မည်။ အိုဇာကီနှင့် ကျွန်တော်လည်း မိတ်ဆွေဖြစ်သွားပါ၏။

ကွန်ဂရက်ကြီးကျင်းပနေဆဲ ကိုယ်စားလှယ်တို့အတွက် ညှော်ခံပွဲတွေကို ဆိုင်ရာက ပြုလုပ်ပေးသည်။ ကွန်ဂရက်စသည့် ဇန်နဝါရီလ ၄ ရက်နေ့ ညနေစောင်း ၄ နာရီ၌ အိန္ဒိယပြည် သမ္မတကြီးက ကိုယ်စားလှယ်တို့အား ညှော်ခံကျွေးမွေး၏။ ကေများစွာ ကျယ်ဝန်းလှသော အိမ်တော်ဝင်းကြီးထဲ ခံ့ညားသည့် ဝတ်စုံများ ဆင်ထားသည့် ကိုယ်ရံတော် အိန္ဒိယ စစ်ဗိုလ်စစ်သားများကို အနှံ့အပြား နေရာချထားသည်။ သပ်ရပ်ညီညာစွာ ဖြတ်ထားသော ကတ္တီပါအစိမ်းရောင် မြက်ခင်းများပေါ် လှည့်လည်ကာ စားသောက်၊ တစ်ဦးနှင့်တစ်ဦး တွေ့ရာလေးပါး စကားပြောရသည်မှာ အရသာရှိလှပါ၏။

၇ ရက်နေ့တွင် ဒေလီတက္ကသိုလ် ဒုအဓိပတိက ကမ္ဘာ့ဌာန (International Centre) ခေါ် အဆောက်အအုံကြီး၌ သိုက်သိုက်မြိုက်မြိုက် ညှော်ခံပွဲကြီးကို ညနေ ၆ နာရီ၌ ကျင်းပ၏။ ရက်ရက်ရောရော ကျွေးမွေး၏။ ကျွန်တော်တို့ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာတစ်စုတို့ကား ပြီးသည်အထိ မနေနိုင်။ ၇ နာရီခွဲဝယ် သူ၏ နေအိမ်၌ ကျင်းပသည့် ဗြိတိသျှမဟာမင်းကြီး ညှော်ခံပွဲသို့ ဆက်သွားရသည်။ အာသောကဟိုတယ်သို့ ၉ နာရီမှ ပြန်ရောက်၏။

ဤမဟာမင်းကြီးသည် ဉာဏ်ထက်မြက်၊ ဝီရိယရှိပြီး ကံကောင်းသည်။ မြန်မာပြည်တွင် ဗြိတိသျှသံအမတ်၊ အိန္ဒိယပြည်တွင် မဟာမင်းကြီး၊ ဂျပန်ပြည်တွင် သံအမတ်တာဝန်များ ထမ်းဆောင်ပြီးနောက် ဗြိတိသျှ နိုင်ငံခြားရေးရုံး၌ ထိပ်သီးရာထူးဟု ဆိုရမည့် အတွင်းဝန်ကြီး ဖြစ်လာ၏။ ပင်စင်ယူသွားသည့်အခါ ဤပုဂ္ဂိုလ်မျိုးကို အမြဲတစေ လိုက်ရှာနေသော ကျွန်တော်တို့ကျောင်းအုပ်ကြီးသည် သူ့အား ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါရန် မေတ္တာရပ်ခံ၍ လက်ခံလိုက်ပါသည်။

ဒေလီမြို့သို့ တစ်သက်တစ်ခါ ရောက်ချင်မှ ရောက်တော့မည်ဟု သဘောပိုက်ကာ အားသည့်အခါ တက္ကစီတစ်စီးဖြင့် လျှောက်လည်ပါသည်။ မြို့သစ်၌ ပြည်သူ့လွှတ်တော်အစိုးရ အဆောက်အအုံများနှင့် အရာရှိကြီး၊ သူဋ္ဌေးသူကြွယ် အိမ်တွေကို မြင်ရသည်။ အဆိုပါ အိမ်တို့၏ အနေအထားသည် ဗြိတိန်ပြည်မှာကဲ့သို့ပင် ကိုယ့်ဝင်းကိုယ့်ခြံလှပသည့် မြက်ခင်းပန်းမန် သစ်ပင်များဖြင့် သာသာယာယာ ရှိလှပါ၏။ မြို့ဟောင်းနှင့် ကွာခြားခြင်းကြီးမကာ ကွာခြား၏။

၉ ရက်နေ့ နာရီပြန် ၂ ချက်၌ အိန္ဒိယပြည်လုံးဆိုင်ရာ အသံလွှင့်ရုံ၌ မြန်မာဌာနခွဲတွင် အလုပ်လုပ်နေ သော ဦးစိန်ဝင်းလာခေါ်သဖြင့် လိုက်သွား၏။ ၉ မိနစ်ခန့် ကွန်ဂရက်အကြောင်း ပြောပြရာ ဓာတ်ပြားသွင်းထားသည်။ ကျပ် ၁၀၀ ဆိုင်ရာမှ ဉာဏ်ပူဇော်ခ၏ ရ၏။ ၄၈ကျပ် အမြတ်တော်ကြေး နုတ်ထား၍ ၅၂ ကျပ် ပြန်ရသည်။

ဗြိတိန်ပြည်သို့ပြန်မည့် ၁၁ ရက်နေ့၌ နာရီပြန်တစ်ချက်တွင် အသံလွှင့်ဌာနမှရသော ၅၂ ကျပ်နှင့် လက်ထဲကျန် ကျပ်ငွေများ အကုန်သုံးစွဲပစ်ရန် တက္ကစီငှားသည်။ ဒေလီမြို့ဟောင်းရှိ ဆင်စွယ်ပစ္စည်းများရောင်းသည့် ဆင်စွယ်နန်းတော်ဆိုင်ကြီးသို့ သွားသည်။ ဆွဲကိုးပုတီး၊ လက်ကောက်၊ကြွတ် စသည်တို့ကို အမှတ်တရအဖြစ် ဝယ်သည်။ လက္ခဏာဖတ် အိန္ဒိယ ဆရာကြီးတစ်ဦးနှင့် ထိုဆိုင်တွင် တွေ့၍ ရှေ့ဖြစ်ဟောစေ၏။ ယခု ပြန်ဆင်ခြင်လိုက်သည့်အခါ မှန်သည်လည်းရှိ၊ မမှန်သည်လည်းရှိကြောင်း တွေ့ရ၏။ ယခုထိ အံ့ဩနေသေးသည့် ဖြစ်ရပ်တစ်ရပ် ပြောပါရစေ။ သူက

ကျွန်တော်နှစ်သက်သည့် ပန်းအမည်တစ်မည်နှင့် စိတ်ကြိုက်ဂဏန်း ငါးလုံးတို့ကို စက္ကူပေါ်ရေးကာ စက္ကူကိုခေါက်ပြီး သူ့အားပေးပါဟုဆို၍ ပေးလိုက်၏။ သူက စက္ကူကို မကြည့်ဘဲ ခေတ္တရျာန်ဝင်စားသလို လုပ်နေ၏။ ပြီးနောက် အမည်နှင့်ဂဏန်းတွေကို မလွဲမသွေ ပြောပေသည်။ ဉာဏ်ပူဇော်ခ ကျပ် ၁၀ ပေးရ၏။

ဒေလီမြို့ဟောင်း လူနေအိမ်ခြေတို့သည် မြို့သစ်နှင့် ယှဉ်ကြည့်သည့်အခါ သီချင်းထဲပါ တဲအိုပျက်နှင့် ရွှေဘုံပမာ တူနေပါသည်။ မြို့သစ်က သစ်လွင်သန့်ရှင်းပြီး အထက်တန်းကျသလောက် မြို့ဟောင်းက ဟောင်းမြင်းညစ်ပတ် အောက်တန်းကျ၏။ ဆိုင်ကြီးကနားကြီးနှင့် စီးပွားရေးလုပ်ငန်း၊ ရှေးဟောင်း အဆောက်အအုံအရာဝတ္ထုတို့ကား မြို့ဟောင်း၌သာ များပါသည်။ အချိန်ရှိသမျှ အာသောက ကျောက်စာတိုင် ၂ တိုင်၊ ခံတပ်နီ (Red fort)ရာဇသတ်(Raz Ghat) စသည်တို့ကို ကြည့်ရှုလေ့လာကာ ဟိုတယ်သို့ ပြန်လာသည်။

ထိုနေ့ည ၁၀ နာရီတွင် ကျွန်တော်တို့ ဒေလီမြို့သစ်ကို နောက်ဆုံးကြည့်ခြင်းကြည့်ပြီး လေယာဉ်ဖြင့် ဘုံဘိုင်မြို့မှတစ်ဆင့် ကိုင်ရို၊ ဖရန့်ဖို့၊ ပါရီလေဆိပ်တို့တွင် ခေတ္တ အညောင်းပြေဆင်းလျှောက်ပြီး ဗြိတိန်ပြည်သို့ ပြန်လာကြသည်။ ဇန်နဝါရီလ ၁၂ ရက် စံတော်ချိန် နံနက် ၁၁ နာရီတွင် လန်ဒန်သို့ ပြန်ရောက်လာပါသည်။

မိုင် ၈၀၀၀ ခန့် ခရီးသွား။ ၇ ရက်ခန့်သာနေပြီး ပညာရှင်တို့နှင့်တွေ့၊ ဟောပြော၊ နားထောင်ခဲ့သည်။ သွားရကျိုး၊ နေရကျိုး၊ ငွေကုန်ရကျိုး နပ်ပါသလား။ ကြည့်တတ်၊ မြင်တတ်၊ ကြားတတ်၊ မေးတတ်သလောက် အကျိုးရောက်ပါသည်။ ခရီးသွားသည့်အခါ အထက်ပါ 'တတ်' လေးတတ်ကို လက်ကိုင် ထားပါက မျက်စိကြီး၊ နားကြီးလာသည်။ ပညာရှင်များနှင့်တွေ့ရ၊ သူတို့ဟောပြောသော စကားများ ကြားရ၏။ အတူသွား၊ အတူလာ၊ အတူစားနေခိုက် အတွေးဉာဏ်၊ အမြင်ဉာဏ်၊ အသိဉာဏ်ချင်း ဖလှယ်နိုင်သည်။ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့်ဆိုင်သည့် ရှိပြီးသားပညာ ရင့်ကျက်လာ၏။

အမှီရှိမှ ပညာရှင်ဖြစ်နိုင်သည်။ ဤကဲ့သို့ တွေ့ဆုံပြီး ခွဲခွာခဲ့ရသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး စာဖြင့် မေးမြန်း ဆွေးနွေး၊ တစ်ဦးရေးသည့်

စာအုပ်စာတမ်းများကို တစ်ဦးဖတ်၏။ သမ္မုတိသစ္စာရှာနေသော ပညာရှင်မှန်သမျှသည် ပညာရင့်ကျက်လာလေလေ ပို့ချသင်ပြရာ၌လည်းကောင်း၊ ရေးသားရာ၌လည်းကောင်း အတွေးအခေါ် အယူအဆ အသိအမြင် ကျယ်ပြန့်နက်ရှိုင်းလာလေလေ ဖြစ်ပါသည်။ ကျွန်တော့်အဖို့ကား သွားရခေါင့် သွားရခဲသည့် ဒေလီမြို့သစ်ကွန်ဂရက်သို့ သွားခဲ့ရသည်မှာ သွားရကျိုး၊ နေရကျိုးနပ်ပါပေ၏။ ငွေကုန်ရကျိုး နပ်မနပ်ကား ကျောင်းကသာ အကဲဖြတ်နိုင်ပေမည်။ နှစ်နှစ်တိတိကြာရှိလာသော ၁၉၆၆ ခုနှစ် ဇန်နဝါရီလတွင် ကျွန်တော် ပါမောက္ခဖြစ်လာသည်။

အတွေးအမြင် စာစဉ် ၃၃၊ ဖေဖော်ဝါရီ၊ ၁၉၈၈။

ကံထမ်းလာသည်ကို မမြင်ရ(၄)

ဆရာဘဝ(၄) ၁၉၆၅ခု။

၁၉၆၄ခုနှစ်အစ၌ ဒေလီမြို့သစ် ကွန်ဖရင့်မှ ပြန်ရောက်လာကြောင်းကို ဆိုခဲ့ပြီးပါပြီ။ ထိုနှစ်အကုန်တွင် ကောင်းသောသွားခြင်း သွားရကိန်း ကြုံလာ၏။ အနောက်ဂျာမနီပြည် ဖရန့်ဖို့တက္ကသိုလ် အရှေ့တောင်အာရှ ပညာရပ်များ ကျောင်းအုပ်ချုပ်ရေးမှူး ပါမောက္ခဒေါက်တာ အောတိုကားရိုး(**Otto Karow**) ထံမှ ဒီဇင်ဘာလ ၁၇ ရက်နေ့စွဲနှင့် ဖိတ်စာရပါသည်။

'မြန်မာစာပေနဲ့ ပတ်သက်လို့ ကြိုက်ရာအကြောင်း ဟောပြောပါ။ ၁၉၆၅ ခုနှစ် နွေဥတုသင်တန်းအပတ် မေလဆန်းမှ ဇူလိုင်လကုန်အထိ၊ ဒါမှမဟုတ် ဆောင်းဥတုသင်တန်းအပတ် အောက်တိုဘာလမှ ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ရက်များအတွင်း လာနိုင်တဲ့အခါလာပါ။ ဂျာမန်မတ်ငွေ ၃၅၀ ဥာဏ်ပူဇော်ခ ပြုပါမည်'ဟု ဆိုပါသည်။ ပါမောက္ခသည် ဖြူသည်း မည်းသည်မသိပါ။

ဂျာမန်တက္ကသိုလ်များတွင် ပထမဒီဂရီသည် ဒေါက်တာ(**Ph.D.**)ဘွဲ့ ဖြစ်၏။ ထိုဘွဲ့ရမှသာလျှင် ပါမောက္ခ ဖြစ်နိုင်၏။ ပါမောက္ခ ဒေါက်တာ ဘယ်သူ'ဟု ခေါ်ရိုးရှိသည်။ ဗြိတိသျှတက္ကသိုလ်များ၌ ဘီအေ၊ ဘီအက်စ်စီ ဒီဂရီနှင့်ပင် ပါမောက္ခရာထူးရသည်။ 'ပါမောက္ခ၊ ဘယ်ဝါ'ဟုသာ ခေါ်လေ့ရှိပါ၏။

'ဇူလိုင်လ ၁၂ ရက် တနင်္လာနေ့လာပြီး ၁၃ ရက်နေ့မှာ ဟောပြောပါမယ်၊ အကြောင်းကတော့ ၁၄၅၀ ပြည့်နှစ်မှ ၁၈၈၅ ခုနှစ်အတွင်း မြန်မာကဗျာ အကျယ်အပြန့်နဲ့ သဘောသကန်ဖြစ်ပါတယ်၊ ကျွန်တော့်ဌာနမှ ဆရာတစ်ဦးနဲ့ ကျောင်းသားတစ်ယောက်တို့ကိုပါ ခေါ်လာမယ်'ဟု ၁၉၆၅ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် စာပြန်လိုက်၏။

ဒေါက်တာကားရိုးသည် အထက်ပါကျောင်းတွင် ဂျပန်ဘာသာ စာပေယဉ်ကျေးမှု ပါမောက္ခ ဖြစ်ပါသည်။ ဂျပန်ပြည်၌ နှစ်ပေါင်းများစွာ နေထိုင်ဖူးသည်။ တရုတ်ဘာသာ စာပေ၌လည်း နှံ့စပ်သည်။ သူ၏ ကျောင်းတွင် မြန်မာဘာသာစာပေနှင့် သမိုင်းဌာန ဖွင့်လှစ်သည့် အထိမ်းအမှတ်ဖြင့် ကျွန်တော့်အား ဖိတ်ခေါ်သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ကျွန်တော်၊ ဆရာဂျွန်အိုခဲ (**John Okell**) နှင့် ဦးတင်ထွေးတို့ လန်ဒန် လေဆိပ်မှ ညနေ ၄ နာရီခွဲထွက် လေယာဉ်ဖြင့် သွားကြသည်။ ဖရန့်ဖို့လေဆိပ်သို့ ၅ နာရီခွဲ ရောက်သွား၏။ ပါမောက္ခနှင့် သူ၏ လက်ထောက် ဆရာဒေါက်တာ ဒက်ထနာ(**Detner**)တို့ လာကြိုပြီး ကားဖြင့် တည်းခိုရာ ဒိုင်ရားနာ(**Diana**)ဟိုတယ်သို့ ခေါ်သွား၏။ ည ၈နာရီအချိန်တွင် ပါမောက္ခက သူစားနေကျ စားသောက်ဆိုင်ကြီး၌ ညစာ ကျွေးသည်။ ဂီတသံခံစားရင်း စားသောက်နေကြသော ဂျာမန်အမျိုးသား၊ အမျိုးသမီးများကို တွေ့ရ၏။ တစ်ခု သတိပြုမိပါသည်။ သူတို့သောက်နေသော ဘီယာခွက်ကြီးများသည် အချင်း ၃ လက်မခွဲ၊ အမြင့် ၅ လက်မခန့် ရှိသည်။ ဘီယာထည့်ပေးပေးချင်း မသောက်သေးဘဲ အမြှုပ်တွေကျသွားသည့်တိုင် ထိုင်စောင့် ကြည့်နေသည်။ ခွက်တိုင်း နှုတ်ခမ်းအောက် လက်မဝက်ခန့်ရှိသော အမှတ်အသားထိ မပြည့်သည်ကိုမြင်လျှင် ဖြည့်ထည့်ခိုင်းသည်။ မဖြည့် ထည့်ပေးပါက တရားစွဲနိုင်သည်ဟု သိရ၏။

ဂျာမန်အစားအသောက်သည် မြန်မာလျှာနှင့် အရသာတွေ့သည်။ ပန်းကန်ပြားနှင့်ပေးသော တစ်ယောက်စာကို ကျွန်တော်ကုန်အောင် မစားနိုင်ပါ။ စားရင်း နက်ဖြန်အတွက်အစီအစဉ်များကို ပါမောက္ခနှင့် ဆွေးနွေး၏။

၁၃ ရက်နေ့၊ အင်္ဂါနေ့ နံနက်ပိုင်းတွင် အဖော်နှစ်ယောက်နှင့် ဗဟုသုတအလို့ငှာ လိုက်လျှောက် လေ့လာသည်။ နာရီပြန် ၂ ချက်တွင်

ပါမောက္ခလာခေါ်ပြီး ကျောင်းကိုလိုက်ပြရာ နံရံများ၌ ဟောပြောပွဲ အကြောင်း စာရွက်တွေ ဂျာမန်လိုကပ်ထားသည်ကို မြင်ရ၏။ သူ့အခန်းထဲထိုင်မိသည့်အခါ စတင် လူထောင်လိုသော မြန်မာဘာသာနှင့် သမိုင်းဌာနအကြောင်းကို ပြောပြ၏။ ကြီးကျယ်သော စီမံကိန်းတစ်ခုပင်။

၆ နာရီ ၁၆ မိနစ်၌ ဟောပြောပွဲစ၏။ သဘာပတိက ပရိသတ် ၆၀ ကျော်တို့အား ကျွန်တော်နှင့် မိတ်ဆက်ပေး၊ ဟောပြောမည့် အကြောင်းကို ကြေညာပြီး အခမ်းအနား ဖွင့်လှစ်လိုက်၏။

၁၄၅၀ ပြည့်နှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ထွန်းကားလာခဲ့သော မြန်မာဘာသာကဗျာအကြောင်းကို အရည်မဝသေးသော နိုင်ငံခြားသားပညာရှင် သုတေသီနှင့် ဆဲ့ာတုဇနတို့အား ၁ နာရီအတွင်း အကျယ်အပြန့်နှင့် သဘော သကန်များကို ထောင့်စေ့စေ့ ပြောပြရာ၌ နှားနို့အစိတ်သားပုလင်းထဲ ခွက် ၁၀ ထည့်သည်နှင့် တူပါသည်။ အကဲခတ်မိစေရန် တင်ပြပုံကို အကျဉ်းချုပ် ရေးပြပါမည်။

၁၂ ရာစုကအစ ၁၉ ရာစုအလယ်ပိုင်းအဆုံး စိတ်ကူးဉာဏ်ဖြင့် ခြယ်လှယ်စီကုံးထားသည့် ကဗျာစုကြီးသည် ပမာဏကျယ်ဝန်း၊ အမျိုးအစား များပြားလှပါသည်။ ဤသို့ဖြစ်ရကား ရသည့် အချိန်အတောအတွင်း အထက်ပါ အင်္ဂါနှစ်ရပ်ကို သဘောပေါက်အောင် ၁၄၅၀ ပြည့်နှစ်မှ ၁၈၈၅ ခုနှစ်ပေါ် အဖွဲ့အနွဲ့များမှ စံတင်အပ်သော ကဗျာနမူနာအချို့ကို ပြောပြပါမည်။ အားလုံးတို့ကို ပေပေါ်ကညစ်ဖြင့် ရေးခြယ်ထားသည်။ အများစုတို့ကို စာအုပ်ပုံနှိပ် ထုတ်ဝေနှင့်ပါပြီ။

ဤကဗျာများ ထွန်းကားလာအောင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မြန်မာဘုရင်များက ပြုစုပျိုးထောင် ပေးခဲ့သည်။ ပေးခဲ့ပုံကို ရှင်းပြသည်။ စာဆိုတော်တို့ကား ရဟန်းတော်များ၊ ရဟန်းတော်များကျောင်း၌ ပညာ ဆည်းပူးခဲ့သော မှူးမတ်၊ ဝန်ကြီး၊ မြို့စား၊ ရွာစားများနှင့် မင်းညီမင်းသားများ အပြင် ကတော်များ၊ မင်းသမီးများနှင့် နန်းတွင်းသူများ ဖြစ်ကြသည်။ ကဗျာ့အကွက်ဖော် အဓိကအကြောင်းအရာ လေးမျိုးတို့သည် ဓမ္မ၊ ရာဇ၊ လောကရေးဖြစ်သည့် သဘာဝနှင့် အချစ်တို့ပင် ဖြစ်သည်။ ၁၈ ရာစုနှစ်မှစပြီး သာမန်ပြည်သူပြည်သား ဘဝအကြောင်း အရေးပေးပြီး ဖွဲ့နွဲ့လာသည်။

မြန်မာလို ကဗျာကို ကဗျာလင်္ကာဟု ခေါ်ဆိုလေ့ရှိသည် သက္ကတ ဘာသာ ကာဗျနှင့် အလင်္ကာရပုဒ်နှစ်ပုဒ်မှ လာသည်။ အလင်္ကာရသဒ္ဒါသည် အသံဖြင့်သော်လည်းကောင်း၊ အနက်ဖြင့်သော်လည်းကောင်း တန်ဆာ ဆင်ခြင်း ဟူသည့် သညာနှင့်အညီ လိုက်လျောအောင် သီကုံးနှုန်းဖွဲ့ထားသည်။

သဒ္ဒါလင်္ကာရမြောက်အောင် ကာရန်ကိုသာ အားကိုးအားထားပြု၏။ ကာရန်စနစ်များသည် လေးလုံး တစ်ပိုဒ်ကို အခြေခံပြီး ၄-၃-၂၊ ၄-၃-၁၊ ၄-၃၊ ၄-၂၊ ၄-၁၊ ၃-၂ နှင့် ၃-၁ တို့ ဖြစ်ကြသည်။ ၁၈ ရာစု အဝင်မှ စပြီး သကာလ ဤစနစ်ဘောင်တွင်းမှာပင် ၃၊ ၄၊ ၅၊ ၆ လုံး တစ်ပိုဒ်ကို လင်္ကာဖြင့် သီကုံးသော၊ ဖွဲ့နွဲ့သော ကဗျာ၊ လင်္ကာစကားပြေနှစ်ထွေရော သီကုံးသော၊ ဖွဲ့နွဲ့သောကဗျာများ ခေတ်စားလာ၏။ ဤကဗျာအချို့ကို ရွတ်ဆို၏။ အချို့ကို သီဆို၏။ အချို့ကို သံနေသံထားနှင့် ပြောဆို၏။

အတ္ထာလင်္ကာရဂုဏ်မြောက်အောင် ဥပမာ၊ ဥပစာ၊ ပရိယာယ် စသည့် ကဗျာ့ပစ္စည်းများကို အသုံးပြု ထား၏။ ဤအချက်များကို ဟောပြောသွားရင်း ဘာသာပြန်ပြသည့် အပိုဒ်တို့တွင် မြင်ရပါမည်။ အခြား တန်ဆာဆင်ခြင်းဖြစ်သော စကြာရေးနည်း ပုလဲတစ်တန့်၊ သန္တာတစ်တန့် ဖွဲ့နည်းနှင့် စကားလိမ်သုံးနည်းတို့လည်း ရှိကြပါသေးသည်။

ကဗျာအမျိုးအစား ၅၀ ကျော်ကျော် ရှိပါသည်။ ၁၄၅၀ မှ ၁၇၅၀ ပြည့်နှစ်အတွင်းနှင့် ၁၇၅၁ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ပေါ်ပေါက်လာသော ကဗျာတို့မှ နမူနာများဖြင့် အကောင်ထင်ရအောင် အရိပ်ပြထား၏။

၁၄၅၀ မှ ၁၇၅၀ ပြည့်နှစ် ကဗျာများ။

ပြသည့် ကဗျာသာဓကတို့သည် ရွတ်ဆိုသော ပျို့၊ မော်ကွန်း၊ ဧချင်း၊ တောလားနှင့် ရတု လေးလုံးတစ်ပိုဒ် အဖွဲ့အနွဲ့တို့ ဖြစ်ကြပါ၏။ နိဒါန်းပျိုးခဲ့သော ကဗျာ့အကွက်ဖော် ဓမ္မ၊ ရာဇ၊ သဘာဝနှင့် အချစ် အကြောင်းအရာ တစ်ဆစ်ဆစ်ကို သရုပ်ဆောင်လို၍ ရွေးထုတ်ပြပါသည်။

ပျို့သနစ်ကို ပထမအတိုချုံး၍ ရှင်းပြ၏။ ပျို့စာဆိုတော်၏ လက်စွမ်းအဖွဲ့အနွဲ့အချို့ကို ဦးစွာ ရဋ္ဌသာရ၏ ကိုးခန်းပျို့လာ ဘုရားဘွဲ့၊ ဗာရာဏသီပြည်ဘွဲ့နှင့် သံသရာဝဋ်ဆင်းရဲအဖွဲ့ 'တသန္ဓေမေ၊ တပေလျဉ်းလျဉ်း'

စသည့် အပိုဒ်တို့။ ပြီးနောက် ဆုံးမစာပုံစံအဖြစ် ကန်တော်မင်ကျောင်း၁ လောကသာရပျို့မှ ကောက်နုတ်ချက်တစ်ပိုဒ်တို့ကို ဘာသာပြန်ပြ၏။ ပျို့၏ ကာရန်သံစဉ် မြည်းကြည့်စေရန် ဘာသာမပြန်မီ ဖတ်ပြ၏။ နောက်ဆုံးတွင် ရွတ်ဆိုပုံ တိပ်ခွေ ဖွင့်ပြပါသည်။ မစ္စတာအိုခဲ မြန်မာပြည်သို့ ၁၉၆၀–၆၁ ခုနှစ်၌ လာ၍ ဘာသာစာပေ ယဉ်ကျေးမှု လေ့လာသည့်အခါက ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု၊ တျာဘွဲ့၊ ရကန် စသည်တို့ ရွတ်ဆိုပုံများကို မန္တလေးမြို့ရှိ ပညာသည်ကြီးများထံမှ အသံသွင်းယူခဲ့ပါသည်။

အထက်ပါ ကျန်ကဗျာ အမျိုးအစားတို့ကိုလည်း ဤနည်းနှင်နှင် တစ်မျိုးစီ အတ္ထုပ္ပတ္တိ၊ အမှတ်အသား၊ သဘောသကန် စသည်များဖြင့် ပတ်သက်၍ စကားပလ္လင်ခံသည်။ သီလဝံသ ဩို့သျှား ကန်တော်ဘွဲ့မော်ကွန်း၊ ရှင်သူရဲ၊ သခင်ထွေးဧချင်း၊ ရဋ္ဌသာရ ရွှေစက်တော်သွားတောလား၊ နတ်သျှင်နောင်ရတုနှင့် ပဒေသရာဇာ လယ်ထွန်ဘွဲ့တျာတို့၏ အင်္ဂလိပ် ဘာသာပြန်ကို ဖတ်ပြ၊ ရွတ်ဆိုပုံကို တိပ်ခွေ ဖွင့်ပြသည်။

၁၇၅၁ မှ ၁၈၈၅ ခုနှစ်ကဗျာ

၁၇၅၁ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့သည် မြန်မာမင်းဆက် နောက်ဆုံး ခေတ်၏ အစနှင့်အဆုံး နှစ်သက္ကရာဇ်များဟု ဆိုရပေမည်။ ထိုခေတ်အတွင်း ကဗျာစာပေလောက ကျယ်ပြန့်လာသည်နှင့်အမျှ အတွေး အခေါ်တို့သည် လည်း သစ်ဆန်းလာသည်။ ကဗျာဟောင်းတွေ ထွန်းကားမြဲထွန်းကားနေတုန်း ကဗျာသစ်များ ပေါ်ထွန်းလာသည်။ ၁၇၆၇ ခုနှစ် ယိုးဒယားပြည်ကို စစ်နိုင် ပြီးသည်နောက် အကြောင်းအရာနှင့် ပုံသွင် ပြောင်းလာသည့် ကဗျာများကို သိကုံးလာ၏။ အကြောင်းအရာက လောကီရေးဘက်ပိုပြီး တိမ်းယိမ်းခဲ့၏။ ကာရန် စနစ်လည်း လေးလုံးတစ်ပိုဒ် စပ်နည်းကဲ့သို့ မကျပ်တည်းတော့ပါ။ ဤခေတ်ပေါ် ရကန်ရိုးရာကျေးလက်သီချင်း ဘောလယ်နှင့် ပြဇာတ် လေးမျိုးတို့ကိုသာ နမူနာပြပါ၏။

ရကန်ပါ အချက်အလက် ကာရန်အထားအသိုနှင့် ရွတ်ဆိုရသော

၁။ ရှိုင်သူမြတ်ရေးသည်ဟုလည်း အချို့က ဆိုကြသည်။

အပိုဒ်၊ သီဆိုရသောအပိုဒ်များ ရှိကြောင်းတို့ကို ထောက်ပြ၏။ ရကန်ဆရာ၏ အစွမ်းလက်စကို အခြား ရကန်စာဆိုတို့အား စကားလုံးဖြင့် ကန်ထားသည့် နေရာများတွင် တွေ့ရပုံကိုပြောပြပြီး သက်သေအဖြစ် ဦးတိုး ရာမရကန်မှ ယခုကာလ မိန်းမလည်းတချို့ အစချီအပိုဒ်၏ ဘာသာပြန်ကို ဖတ်ပြ၏။ ရွတ်ဆိုပုံနှင့် သီဆိုပုံတို့ကို တိပ်ခွေဖွင့်ပြ၏။

ကျန်ကဗျာသုံးမျိုးကိုလည်း ရဟန်နည်းတူ တစ်မျိုးစီ သိအပ်သိသင့်သည့် အကြောင်းအရာတို့ကို နိဒါန်းပျိုးလိုက်၏။ ဘာသာပြန် ဖတ်ပြ၏။ ဦးကြီး၏ 'ပျော်ပုံက သစ်သနှင့်' ရိုးရာကျေးလက် တေးသီချင်း၊ လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်'တောလယ် ဂီတသီချင်းများ ဆိုနည်းဆိုဟန်ကိုလည်းကောင်း၊ ဦးပုည၏ ပဒုမပြဇာတ်မှ ပေါင်တိုဆို 'ယောကျ်ားသည်ဟောလာတဲ့လို့ ပြောလိုက်လျှင်'အပိုဒ်ကို သံနေသံထားနှင့် ပြောပုံကိုလည်းကောင်း အသီးသီးတိပ်ခွေဖွင့်ပြ၏။

ပရိသတ်ကား မိနစ် ၄၀ ကျော်ကျော် နားစိုက်ထောင်နေရ၏။ အချက်အလက်များကို စဉ်းစားဝေဖန် နေသဖြင့် ပွဲဦးအစက ထက်သန်ခဲ့သည့် ဉာဏ်အားသည် မှိုင်းထိုင်းထိုင်းပြုစ ဖြစ်လာပြီ။ ထို့ကြောင့် အားဆေး အနေဖြင့် ဥမ္မာဒန္တီပျို့မှ 'ငါ့ငှာ ငါ့အိမ်၊ ငါ့စည်းစိမ်နှင့်'ချီ စကြာရေးနည်း၊ 'မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍'နှင့် စသော ပုလဲတစ်ကန့် သန္တာတကန့် ရေးနည်း၊ 'ရွှေလရယ်သာ ဖျင်းကိုခါလို့ဖျာကိုခင်း' အစပျိုးသော ချားပဉ္စလက်၁ကဗျာမျိုးများကို ဖတ်ပြ၊ ဘာသာပြန်ပြပြီး ၇ နာရီ ၁၀ မိနစ် တွင် နိဂုံးချုပ်လိုက်ပါသည်။၂

ပြီးဆုံးသည့်အခါ မေးမြန်းဆွေးနွေးသည့် ပညာရှင်သုတေသီတို့၏ မျက်နှာ၊ မျက်စိ၊ ပါးစပ် အနေအထားကို စေ့စေ့စပ်စပ် အကဲခတ်သည်။ စိတ်ဝင်စား သဘောကျသည့် လက္ခဏာများကို မြင်ရ၍ အားတက်မိ၏။ သဘာပတိကလည်း ပြုံးပြုံးကြီးဖြစ်နေ၍ နှစ်ထောင်းမိ၏။ ၈ နာရီထိုးသော

၁။ The magic spinning wheel

၂။ မောင်သာနိုး 'မြန်မာစာပေနဲ့ သုတေသန'၊ အတွေးအမြင်စာစဉ် ၂၃၊ မျက်နှာ ၁၄၂ ရှု။

အခါ သူက ကျွန်တော့်အား ကျေးဇူးတင် ချီးကျူးစကား ပြောကြားကာ အပြီးသတ်လိုက်ပါသည်။ သဘာပတိ ဒေါက်တာ ဒက်ထနာနှင့် ကျွန်တော်တို့လည်း အားရဝမ်းသာစွာနှင့် ဟိုတယ်ကြီးတစ်ခုတွင် အောင်ပွဲခံကာ တပျော်တပါး စားသောက်ကြပါ၏။

ဇူလိုင်လ ၄ ရက်နေ့ ညနေတွင် ပါမောက္ခကားရိုးက ဖရန့်ဖို့မြို့မှ နာရီဝက်ခန့်သွားရသော မြို့ကလေးရှိ သူ၏အိမ်၌ ကျွန်တော်တို့အား ဧည့်ခံကျွေးမွေးပါသည်။ ညနေစောင်း ၃ နာရီလောက်တွင် ဘတ်စ်ကားဖြင့် ခေါ်သွားပါသည်။ ပါမောက္ခထံ၌ ကိုယ်ပိုင်ကား မရှိပါ။ ကားတစ်စီးမက နှစ်စီးမောင်းနိုင်သော လခရသည်။ သို့သော် သူ့မြို့နှင့်ဖရန့်ဖို့ နာရီဝက်လျှင် တစ်ကြိမ်ခေါက်တုံ့ခေါက်ပြန်ပြေးသည့် ထည်ဝါလှသော ဘတ်စ်ကားဖြင့်သာ ကျောင်းသွားကျောင်းပြန် လုပ်နေ၏။

အိမ်သို့ ရောက်သည့်အခါ သူ၏ ဇနီး၊ ဖရန့်ဖို့ဆေးရုံကြီးတစ်ရုံ၌ သူနာပြုဆရာမ လုပ်နေသော သမီးတို့နှင့် မိတ်ဆက်ပေး၏။ ဘီယာတိုက်သည်။ သူ၏ စာကြည့်ခန်းကြီး နံရံလေးဘက်စလုံး ပြည့်နှက်နေသော စာအုပ်စင်များမှ အရှေ့တိုင်းဆိုင်ရာ စာအုပ်တွေကိုလည်းကောင်း၊ စာကြည့်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများထဲ တရိုတသေသိမ်းထားသော အရှေ့တိုင်း ပန်းချီကားများ၊ ပန်းပုနှင့် အခြား သုခုမပညာ လက်ရာများကိုလည်းကောင်း လိုက်ပြရှင်းလင်းပြ၏။ သူ၏အထုံနှင့် ပညာရပ်များနယ်ပယ်အကျယ်အပြန့် အနက်အရှိုင်းကို ဉာဏ်စက္ခုဖြင့် မြင်နိုင်၏။ ၅ နာရီတွင် ပန်းခြံတွင်း မြက်ခင်းပေါ် လက်ဖက်ရည်တိုက်ပြန်၏။ ၇ နာရီခွဲ၌ သူ၏ ဇနီးချက်သော ညစာ ကျွေးမွေးပါသည်။

ည ၁၀ နာရီအချိန်တွင် ပါမောက္ခနှင့် ဇနီးတို့အား ကျေးဇူးတင်စကား ပြောကြားနှုတ်ဆက်ပြီး ဘတ်စ်ကားနှင့် ဖရန့်ဖို့သို့ ပြန်လာရာ သူနာပြုဆရာမလေးလည်း အလုပ်ဝင်ရန် ကျွန်တော်တို့နှင့်အတူ လိုက်လာ၏။

မြန်မာပြည်တွင် အားလပ်၍ အလည်အပတ်သွားသူတို့သည် အများအားဖြင့် ဘုရားဖူးခရီးသည်တွေ ဖြစ်ကြ၏။ အနောက်နိုင်ငံတွင်မူ အပန်းဖြေသည့်အနေဖြင့် ရှုခင်းသာယာသည့် ဒေသတွေ ပင်လယ်ကမ်းခြေမြို့တွေသို့ သွားရောက်နားနေလေ့ရှိ၏။ ကျွန်တော်တို့သုံးယောက်လည်း

ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသလို မော်တော်ကားတစ်စီးငှားပြီး ဂျာမနီအလယ်ပိုင်းကို ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ လျှောက်လည်ကြပါသည်။ ငွေနှင့်အချိန် ကုန်ရကျိုးနပ်ပါ၏။ မမြင်ဖူးသည့် သမိုင်းဝင်မြို့ကြီးများ၊ မယိုယွင်းအောင် ထိန်းသိမ်းထားသည့် အနုပညာ လက်ရာမြောက်သည့် အဆောက်အအုံများ၊ ကိုယ့်ဝင်းကိုယ့်ခြံ၊ ကိုယ့်အိမ် ကိုယ့်ယာ၊ ကိုယ့်မြို့ကိုယ့်ရွာများကို သာတောင့်သာယာ ပြုပြင်ထားသည့် စရိုက်တို့ကို မြင်ရ၍ အားကျမိပါ၏။ အပန်းပြေ၍ အားပြည့်လာ၏။

ရပ်နားခဲ့သော နေရာများအနက် ဟိုက်ဒယ်လဘတ် တက္ကသိုလ်မြို့ကို သံယောဇဉ်တွယ်ခဲ့ပါ၏။ တွယ်ရအောင်လည်း လှပသာယာရုံမကသေး၊ ကျက်သရေအပေါင်းနှင့်လည်း ပြည့်စုံပေ၏။ နောက်ဆုံးတွင် ရိုင်းမြစ်ပေါ်ရှိ မိုင်း(ဇ်)မြို့ကို ရောက်သွားသည်။ ထိုမြို့တွင် ကားကို ပြန်အပ်၏။ နောက်တစ်နေ့ သင်္ဘောကြီးဖြင့် ကိုလုံးမြို့သို့ စုန်ဆင်းသွား၏။ ၉ နာရီကြာသည့်ခရီး ဖြစ်သော်လည်း မြင်ကွင်းတွေက ကြည်နူးစရာ၊ စိတ်ဝင်စားစရာများဖြစ်ကြသဖြင့် ငြီးငွေ့ကွက်တစ်ကွက်မျှ မပေါ်ခဲ့ပါ။ ကိုလုံးမြို့တွင် အံ့ဘနန်းကြီးမားလှသည့် ဘုရားရှိခိုးကျောင်းကြီး ရှိပါသည်။ အချိန်ဆင်းရဲ၍ ဝဝကြီးမကြည့်ရပါ။ ၂၀ ရက်နေ့တွင် မစ္စတာအိုခဲနှင့် ကျွန်တော်တို့ ပါရီမြို့သို့ မီးရထားနှင့် ထွက်ခွာသွားကြ၏။ ဦးတင်ထွေးကား လိုက်မလာပါ။

ပါရီတက္ကသိုလ်တွင် ထွန်းကားနေသည့် အရှေ့တိုင်းဘာသာစကားများ ကျောင်းတွင် မြန်မာဘာသာ ဆရာမ မယ်ဒမ်ဘဲရနိုးဖိတ်ခေါ်၍ ပါရီရောက်၏။ ခရီးသည်တွေ မကြည့်ဘဲမပြန်သွားသည့် အဆောက်အအုံတွေကို ကျွန်တော်တို့ မနားမနေဆိုသလို လျှောက်ကြည့်ကြ၏။ မယ်ဒမ်ဘဲရနိုးနှင့် ခင်ပွန်းအိမ်တွင် နှစ်ည။ ယူနက်စကို၌ အမှုထမ်းနေသော ဒေါက်တာသာလှ အိမ်ဝယ် တစ်ညအိပ်ပြီး ဗြိတိန်သို့ မီးရထားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြန်လာကြပါ၏။

ပါမောက္ခဒေါက်တာကားရိုးက သူ၏ကျောင်းတွင် မြန်မာစာနှင့် သမိုင်းဌာနသစ်ဖွင့်ရန် ကြံစည်နေစဉ် ကျွန်တော်လည်း လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ ကျောင်း၌ ရှိနေသည်။ ဤသို့ ဖြစ်လာရသည်မှာ တိုက်ဆိုင်မှုလား။ မည်သို့ပင်ဖြစ်စေ ဖရန့်ဖို့မြို့သို့ သွားရောက်

ဟောပြောသည်။ ဟိုက်ဒယ်လဘတ်နှင့် ပါရီမြို့များဆီသို့ ရောက်သွားသည်။ ဤသုံးမြို့နှင့် ရေစက်ပါ၍ နောက်ထပ် ပြန်ပေါင်းထုပ်ရသည့်အကြောင်းကို လာမည့်ဆောင်းပါးများတွင် ဖတ်ရသည့် ပရိသတ်အများစုက ကံစီမံမှုဟူ၍ အဖြေပေးကြမည်လား မပြောတတ်။

အတွေးအမြင် စာစဉ် ၃၄၊ မတ်၊ ၁၉၈၈။

ကံထမ်းလာသည်ကို မမြင်ရ(၅)

ဆရာဘ၀(၅) ၁၉၆၇ ခု

ယခင်ဆောင်းပါးထဲ ဆိုထားသလို ရေစက်ပါ၍ ဖရန့်ဖို့မြို့သို့ ၁၉၆၇ ခုနှစ်တွင် ဒုတိယအကြိမ် ရောက်သွားပါသည်။ 'နောက်ထပ် ဟောပြောပွဲ ကျင်းပဖို့ စီစဉ်နေပါသည်။ အကြောင်းကြားပါဦးမည်'ဟု ပါမောက္ခ ဒေါက်တာအောတိုကားရိုးထံမှ စာရ၏။ ငါးလခန့်ကြာသော် ၁၉၆၇ ခု၊ ဧပြီလ ၂၅ ရက်နေ့စွဲနှင့် ဖိတ်စာရောက်လာ၏။ စာထဲ ယခင်က ကဲ့သို့ပင် ဟောပြောပွဲ ပြုလုပ်နိုင်သည့်ရက်များနှင့် ဉာဏ်ပူဇော်ခ အကြောင်းများပါ၏။ ဟောပြောလိုသည့်အကြောင်းအရာကို ကျွန်တော့်တာဝန်ထား၏။

ဤ ၁၉၆၅ ခုနှစ်က တင်ပြခဲ့သော ရှေးဟောင်းကဗျာနှင့် အညမည ဖြစ်သည့် ၁၈၇၀ မှ ၁၉၄၀ ပြည့်နှစ်များအတွင်း ပေါ်ပေါက်လာသော ခေတ်သစ် ပြည်သူ့မြန်မာစာပေအကြောင်း[၁] ကို ၁၉၆၇ ခု၊ ဇူလိုင်လ ၁၁ ရက်၊ အင်္ဂါနေ့၌ လာရောက်ဟောပြောပါမည်ဟု စာပြန်လိုက်ပါ၏။

ဤအခေါက်တွင် ကျွန်တော်တစ်ယောက်တည်း သွားပါသည်။ အထက်လွှာတို့၏ဘဝ တစ်စိတ်တစ်ပိုင်းကို မြည်းကြည့်လို၍ အသွားအပြန် ပထမတန်းလက်မှတ် ဝယ်သွား၏။ ဇူလိုင်လ ၁၀ ရက်၊ တနင်္လာနေ့

၁။ မောင်သာနိုး၊ မြန်မာစာပေနဲ့ သုတေသန၊ အတွေးအမြင်စာစဉ် ၂၃၊ မျက်နှာ ၁၄၁ ရှု။

နာရီပြန်တစ်ချက်ခွဲထွက် လေယာဉ်ဖြင့်သွားသည်။ လေယာဉ်ပေါ်သို့ ခါတိုင်းလို အလယ်ပိုင်းမှမဟုတ်။ ရှေ့ပိုင်းကတက်။ ရိုးရိုးတန်းမှာထက် ကျယ်ပြန့်ငြိမ့်ညောင်းသည့် ထိုင်ခုံပေါ်ထိုင်။ ထူးခြားကောင်းမွန်သည့် နေ့လယ်စာကို စားရ၏။ လိပ်ပြာမလုံသလိုလို ဘာလိုလိုဖြစ်၏။ ‘ငါ့ကံနဲ့ငါ ဖြစ်လာတာပဲ’ဟု စိတ်ကိုဖြေနေတုန်း ၂ နာရီခွဲအချိန် ဖရန့်ဖို့လေယာဉ်ကွင်းသို့ ဆိုက်လာ၏။

လေဆိပ်တွင် ပါမောက္ခနှင့် သူ့လက်ထောက်ဆရာ ဒေါက်တာဒက်ထနာတို့က လာကြိုနေကြသည်။ ဒေါက်တာဒက်ထနာ ကားဖြင့် သူတို့ကျောင်းနှင့် မနီးမဝေးရှိရာ တည်းခိုမည့်ဟိုတယ်သို့ ခေါ်သွား၏။ စကားစမြည်ပြော၏။ ရာသီဥတုပူလွန်းသည်။ ရေဆာသည်ဆိုပြီး ဟိုတယ်တစ်ခုသို့ ခေါ်သွားကာ ဘီယာတိုက်၏။ ယခင်ဆောင်းပါး၌ ဆိုခဲ့ပြီးသော ဘီယာခွက်ကြီး တစ်ဝက်ပင် ကျွန်တော်သောက်၍ မကုန်သေး။ ပါမောက္ခက နှစ်ခွက်ချော သွား၏။ ညစာကိုလည်း ယခင်အခေါက်က စားသော ဆိုင်ကြီးတွင် ကျွန်တော့်အား ကျွေးပြီး နောက်တစ်နေ့ အစီအစဉ် ဆွေးနွေးကြပါသည်။

ဟောပြောမည့် ၁၁ ရက်၊ အင်္ဂါနေ့ နံနက်ပိုင်းတွင် စိတ်အာရုံပြောင်းစေလိုသောသဘောဖြင့် ပါမောက္ခက ကျွန်တော့်အား ပန်းခြံကြီးများ၊ ပြတိုက်ကြီးများနှင့် နာမည်ကျော်တိရစ္ဆာန်ဥယျာဉ်ကြီးတို့ကို လိုက်ပြပါသည်။ ညနေ ၅ နာရီအချိန်၌ ပါမောက္ခလာခေါ်၍ သူနှင့်အတူ ကျောင်းသို့ လျှောက်သွားကြ၏။ ၆ နာရီ ၁၅ မိနစ်ဝယ် ဟောပြောပွဲစပါသည်။ ပရိသတ် ၆၀ ကျော်အနက် လွန်ခဲ့သော နှစ်နှစ်လောက်က တက်ရောက်သူ ၈၀ ရာခိုင်နှုန်းကို ထပ်မြင်ရပါ၏။ ၁၈၇၀ မှ ၁၉၄၀ ပြည့်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သည့် ပြည်သူ့စာပေသည် မြားမြောင်လှပါသည် ဤအကြောင်းကို တစ်နာရီအတွင်း နိုင်ငံခြားသားပညာရှင် သုတေသီနှင့် သောတုဇနတို့ နားထောင်ရကျိုးနပ်အောင် အောက်ပါအစီအစဉ်အတိုင်း ဟောပြောသွားပါသည်။

ပထမ ဘုရင့်ခေတ် ရှေးဟောင်းကဗျာလင်္ကာ သမိုင်းချုပ်ကို နောက်ခံကားအဖြစ် ပြလိုက်၏။ ထို ပေ၊ ပုရပိုက်ပေါ် ပျော်နေသော တော်ဝင်ကဗျာများမှ ဗီဇတည်ပြီး ပုံနှိပ်စာအုပ်ထဲ ပေါက်ပွားလာသည့် ပေါပင်ဟုဆိုရမည့် ပြည်သူ့စာပေသည် ၁၈၇၅ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ

အမိတော်ဝင်နှင့် ရင်ပေါင်တန်း လိုက်နေပုံ၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင် ပယောဂတို့ကြောင့် တော်ဝင်က တိမ်ကောသွားပြီး ပေါပင်ရေပန်းစားလာပုံတို့ကို စကားပလ္လင်ခံကာ ခေတ်သစ်စာပေ ပုံပန်းသဏ္ဌာန်ကို ဉာဏ်မျက်စိဖြင့် မြင်နိုင်ရန် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ အင်္ဂါရပ် လေးရပ်တို့ကို ဆွဲပြပါသည်။

၁၉၆၅ ခုနှစ်က ဟောပြောရာ၌ ဆိုခဲ့သည့်အတိုင်း တော်ဝင်ကဗျာတို့သည် ၁၄၅၀ ပြည့်နှစ်လောက်က စပြီး ဗုဒ္ဓဘာသာနှင့် ဘုရင့်အရိပ်အာဝါသအောက် ထွန်းတောက်ထွန်းကားလာသည်။ ဓမ္မ၊ ရာဇ၊ သဘာဝ၊ အချစ်၊ ကိုယ်ခံအကြောင်းအရာတို့သာ ယေဘုယျအားဖြင့် ဖြစ်၏။ ၁၇၆၇ ခုနှစ် ယိုးဒယားပြည်ကို စစ်နိုင်ပြီးသည့်နောက် ယူဆောင်လာသော ပညာသည်နှင့် စာပေတို့၏ အရိပ်အငွေ့သည် အိမ်ရှင်စာပေပေါ် သန်းလာ၏။ ကဗျာအမျိုးအစားအသစ်တွေ ပေါ်ပေါက်ခဲ့၏။ ၁၉ ရာစုနှစ်အစတွင် ဦးပုည၊ ဦးကြင်ဥတို့က ပြဇာတ်တွေ ရေး၏။ ထိုရာစုနှစ် အလယ်ပိုင်းလောက်၌ ဘုရင်ပိုင် အထက်မြန်မာပြည်တွင်လည်းကောင်း၊ ၁၈၂၄–၂၆ ခုနှစ်နှင့် ၁၈၅၂ ခုနှစ် အင်္ဂလိပ်–မြန်မာ စစ်ပွဲနှစ်ပွဲအပြီး ဗြိတိသျှလက်အောက် ကျရောက်ခဲ့သော အောက်မြန်မာပြည်တွင် လည်းကောင်း၊ လူ သို့မဟုတ် ရုပ်သေးဇာတ်ပွဲအဖွဲ့တို့သည် လှည့်လည် ကပြနင့်နေကြပြီ။ ထိုအဖွဲ့တို့တွင် လက်ရေးမူနှင့်ပြီးသော ဇာတ်ကြောင်းဇာတ်ညွှန်းစာအုပ်တွေ ပါလာသည်။ ထိုမှ တစ်ဆင့် ၁၈၇၀ ပြည့်နှစ်မတိုင်မီကတည်းကပင် အောက်မြန်မာပြည်သို့ တင်သွင်းခဲ့သည့် ပုံနှိပ်စက်ပိုင်ရှင်တို့က ပြည်သူလူထုဖတ်ရှုစေနိုင်ခြင်းငှာ ၁၈၇၅ ခုနှစ်ကစပြီး ပြဇာတ်စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ပြဇာတ်ခေတ်စားလာ၏။

ပြဇာတ်များ အရိပ်အကဲခတ်မိနိုင်ရန် အဆောက်အအုံနှင့် ကာရန်စနစ်၊ ဇာတ်ကြောင်းနှင့် ဇာတ်ကောင်များ၊ ထိုခေတ်ရောင်ပြန်ဟပ်သည့် လူနေမှုအရိပ်နိမိတ် စသည်တို့ကို ရှင်းပြသည်။ ရှင်းပြရာ၌ ၁၈၇၅ ခုနှစ်ရေးအတိုင်မွတ် ဆရာဦးကူး၏ လှုဝံမောင်နှမပြဇာတ်မှ စပါးဈေးကောင်းတုန်းဖောင်ချမ်းကုန်းရွာကလေးမှ လယ်သမားတွေ ချစ်တီးများထံမှ အဆမတန်အတိုးနှင့်ငွေချေး၊ ဂုဏ်ပကာသနလိုက်စား၍ ပျဉ်ထောင်အိမ်ကြီးတွေဆောက်၊

ဇနီးနှင့်သမီးများကို လက်ဝတ်လက်စားတွေ ဆင်ပေး၏။ စပါးဈေးကျ၊ ပြန်မဆပ်နိုင်၊ ဝရမ်းကပ်ခံထိသဖြင့် အိမ်ပစ်၊ **လယ်ပစ်** ပြေးကြသောကြောင့် ရွာကလေး ရွာဆိုးကုန်းဖြစ်ရပုံကို အင်္ဂလိပ်လို **ဘာသာပြန်**ပြသည်။ ပြီးနောက် ၁၈၇၉ ခုနှစ်ပေါ် ဦးပုတ်နီ၏ ကုမ္မာရပြဇာတ်၏ ဇာတ်ကြောင်းကို အကျဉ်းချုပ်ဖော်ပြဆွေးနွေးပါသည်။

၁၈၇၅ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ တစ်နှစ်လျှင် ပျမ်းမျှနှန်းခြောက်အုပ်ခန့် ပြဇာတ်စာအုပ်တွေ ရိုက်ထုတ်ခဲ့ရာ ၁၈၈၆ ခုနှစ်၌ မြန်မာတစ်ပြည်လုံး ဗြိတိသျှတို့ သိမ်းကျုံးအုပ်ချုပ်သည့်ကိန်း ဆိုက်ခဲ့၏။ ပြောင်းလဲလာသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့နှင့်အတူ အတွေးအမြင်တို့သည်လည်း ထက်ကြပ်မကွာ လိုက်လာ၏။

၁၉၀၄ ခုနှစ်၌ ဂျိမ်းလှကျော်က အင်္ဂလိပ်လို ဘာသာပြန်ထားသော ခေါင့်အော့မွန်တီခရစ်စတို (Count of Monte Cristo) ခေါ် ပြင်သစ်ဝတ္ထုအချို့အပိုင်းများကို မှီးပြီး 'မောင်ရင်မောင် မမယ်မ' ဟူသော ခေတ်ပေါ်မြန်မာဝတ္ထုကို ရေး၏။

ထိုအခါမှစပြီး ဦးကြီး၏ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'(၁၉၀၅)၊ မြကလေး(၁၉၁၄)၊ မအေးခင် 'ချစ်ရိုးအမှန်'(၁၉၀၅)၊ ဦးလတ် 'စံပယ်ပင်' (၁၉၁၃)နှင့် ရွှေပြည်စိုး(၁၉၁၄)တို့ အသီးသီး ပေါ်ထွက်လာ၏။ ထိုစာရေးဆရာများနှင့် ဝတ္ထုတို့၏ အကျဉ်းချုပ်သမိုင်းတို့ကို တင်ပြ၏။ ဝတ္ထုတွေခေတ်ရောက်လာပြီမို့ ပြဇာတ်တွေ ခေတ်တဖြည်းဖြည်း မှိန်သွားကြောင်းကို ပြောပြ၏။

၂၀ ရာစု ပထမ အနှစ် ၂၀ အတောအတွင်း နိုင်ငံရေးနှင့် ပညာရေးအခြေအနေတို့သည် သိသိသာသာ တိုးတက်လာသည်နှင့်အမျှ စာပေဦးတည်ချက်နှင့် ပုံသွင်တို့သည်လည်း တစ်မျိုးတစ်မည် ထူးခြားလာသည်ကို ဦးလွန်း၏ဋီကာ၊ ဂဏ္ဍိတို့ဖြင့် သာဓကဆောင်ပြသည်။ ၁၉၂၀ ပြည့်နှစ်၌ တည်ထောင်သည့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပေကို သမိုင်းတွင်အောင်ကြဲဆောင်နေသော မြန်မာစာပေဌာနမှ သောတုဇနနှင့် သုတေသီတို့၏ လက်ရာများဖြစ်သည့် ခေတ်စမ်းပုံပြင်၊ ခေတ်စမ်းကဗျာနှင့် သုတစာတမ်း (Essay) များကို ဥပမာပေး၏။ သုတစာတမ်းနှင့် စပ်လျဉ်း၍ သိပ္ပံမောင်ဝ၏

ပစ္စန္တရစ်။ ခေတ်စမ်းကဗျာနှင့် စပ်လျဉ်း၍ မင်းသုဝဏ်၏ 'ဝက်ပါ'နှင့် 'လွတ်လပ်ရေးတေးသံ'ဘာသာပြန်တို့ကို ဖတ်ပြပါသည်။

ဤခေတ်သစ် ပြည်သူ့စာပေသည် သမိုင်းတွင် စာတင်ရလောက်အောင်ကြီးပွားတိုးတက်လာနေတုန်း ၁၉၄၂ ခုနှစ်၌ မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်မီးပြန့်လာသဖြင့် ဤတွင် တစ်ခန်းရပ်သွားရကြောင်းဖြင့် ည ၇ နာရီ ၁၀ မိနစ်အချိန်၌ နိဂုံးချုပ်လိုက်ပါသည်။

ဟောပြောပွဲကား မပြီးသေးပါ။ မေးမြန်းဆွေးနွေးနေကြသေးသဖြင့် ၇ နာရီခွဲအချိန်ကျသည့်အခါ သဘာပတိက အပြီးသတ်လိုက်ရ၏။ ယခင်အကြိမ်၌လည်းကောင်း၊ ယခု အကြိမ်၌လည်းကောင်း တင်ပြသွားနေစဉ် ပရိသတ်ထဲမှ ၇၅ ရာခိုင်နှုန်းလောက် ကျွန်တော်နှင့် နှစ်ကိုယ့်တစ်စိတ်ဆိုသလို လိုက်ပါလာသည်ကို လည်းကောင်း၊ ၄၀ ရာခိုင်နှုန်းခန့်က ပြီးသည့်အခါ မေးမြန်းဆွေးနွေးသည်များကိုလည်းကောင်း သတိမူမိသဖြင့် ဟောပြောရကျိုးနပ်သည်ဟု ယူဆသဖြင့် အားရနှစ်ထောင်းဖြစ်ပါသည်။ ပါမောက္ခကားရိုးနှင့် ဒေါက်တာ ဒက်ထနာတို့အား ဟိုတယ်ကြီးတစ်ခုတွင် ကျွန်တော်က ဒကာခံပြီး ညစာ ကျွေးမွေးပါ၏။

ဇူလိုင်လ ၁၃ ရက်နေ့၌ ပါမောက္ခကို နှုတ်ဆက်ပြီး မီးရထားဖြင့် ဟိုက်ဒယ်လဘတ်မြို့သို့ ထွက်သွားပါ၏။ ဟိုတယ်တစ်ခု၌ နှစ်ညတည်းခိုကာ အလျင်တစ်ခေါက်က မကြည့်ခဲ့သည့် အဆောက်အအုံနှင့် နေရာဌာနများကို လိုက်ကြည့်သည်။ ထိုမှတစ်ဆင့် မိုင်း(ဇ်)မြို့သို့ မီးရထားဖြင့် ဆက်သွား၏။ ထိုမြို့မှ ကိုလုံးသို့ သင်္ဘောဖြင့် ဒုတိယအကြိမ် စုံဆင်းသွားသည်။ အလျင်တစ်ခေါက်က အချိန်မရ၍ မလေ့လာခဲ့ရသော အံ့ဘနန်း ဧရာမ ကိုလုံးဘုရားရှိခိုးကျောင်းကြီးကို စိမ်ပြေနပြေ လေ့လာနေရင်း တစ်ပိုင်းတစ်ပျက်ဖြစ်နေသော မင်းကွန်းစေတီတော်ကြီးကို သွားမြင်မိ၏။ နှစ်ရက်ခန့်နေပြီး ဗြိတိန်သို့ပြန်ရန် ဒူးဇယ်(လ်)ဒေါ့ (Dusseldorf)လေဆိပ်သို့ သွား၏။ အနှစ် ၂၀ ကျော်ကျော်က ကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်တို့၏ ဗုံးကြဲလေယာဉ်ပျံတို့၏ ဒဏ်ကြောင့် အုတ်ပုံကြီးဖြစ်ခဲ့ရသော ဤစက်မှုလက်မှုမြို့ကြီးသည် အဆောက်အအုံသစ်များ ပြိုင်းပြိုင်းနှင့် ဖြစ်နေသည်ကို တွေ့ရသောအခါ ဂျာမန်လူမျိုးတို့၏ ဇွဲလုံ့လကို ချီးကျူးအံ့သြမိပါသည်။

ဟိုက်ဒယ်လဘတ်မြို့တွင်ရှိနေစဉ် ဖြစ်အင်တစ်ရပ်ကို ပြောပြပြီးမှ ဤဆောင်းပါးကို အဆုံးသတ်လိုပါ၏။ တစ်နေ့၌ နေ့လယ်စာ စားပြီး လှည့်လည်ကြည့်ရှုရာ ယူရိုပါ(Europa) ဟိုတယ်ကြီးနား ရောက်သွား၏။ ရှုးစိုက်စွာကြည့်နေရင်း 'ငါတော့ ဒီလို ထည်ဝါခံ့ညားလှတဲ့ ဟိုတယ်မျိုးကြီးမှာ တည်းခိုရမယ့်လမ်း မမြင်ပါဘူး၊ သွားပြီး သွားရည်ယိုမနေနဲ့'ဟု ကိုယ့်ကိုယ်ကို ကိုယ် ဆုံးမပြီး ထွက်လာပါသည်။ သို့သော် ကံထမ်းလာသည်ကို မည်သူမျှ ပြေးမမြင်နိုင်။

ဆရာဘဝ(၆) ၁၉၇၀ ပြည့်နှစ်

၁၉၆၉ ခုနှစ်၊ ဩဂုတ်လ၌ ကံထမ်းလာသည်ကို မြင်ရပါ၏။ ထိုလ ၁၈ ရက်နေ့စွဲဖြင့် ဟိုက်ဒယ်လဘတ် တက္ကသိုလ် အရှေ့တောင်အာရှ ပညာရပ်များကျောင်း ပါမောက္ခ ဒေါက်တာအီ၊ ဆာကိဆီယန် (E.Sarkisyanz) ထံမှ ဖိတ်ကြားစာ ရပါ၏။ သူ၏ ကျောင်းတွင် ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ဒုတိယ သို့မဟုတ် တတိယအပတ် တစ်ပတ်ပတ်တွင် ကြိုက်ရာအကြောင်း ဟောပြောပါ။ သမိုင်းဗေဒဌကာဆိုလျှင် သာပြီး လျောက်ပတ်သင့်တော်ပါလိမ့်မယ်။ လိုဘဖြည့်ပေးနိုင်ပေမည်ဟု ကိုးစားနေသည်။ အသွားအပြန်၊ အနေအထိုင်၊ အစားအသောက်စရိတ် ကုန်ကျသည်ထက် ပို၍ ဉာဏ်ပူဇော်ခ ပေးပါမည်ဟု စာထဲပါသည်။

ပါမောက္ခနှင့် ကျွန်တော်တို့သည် လူချင်းမတွေ့ဖူးသော်လည်း ၁၉၆၀–၆၁ ခုနှစ်ကတည်းက စာဖြင့် ဆက်ဆံခဲ့ပါသည်။ ဂျာမနီပြည် ကီးလ်(Kiel) တက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ် အမှုထမ်းဆောင်နေစဉ် လောကနိဗ္ဗာန်စကားလုံး အဓိပ္ပာယ်တို့ကို ကျွန်တော့်ထံ စာရေးမေးမြန်းခဲ့၏။ သိသမျှ အကျယ်ချဲ့၍ ရေးသားပေးလိုက်သည်။ ထိုအချိန်က သူပြုစုနေသော စာအုပ်[1] ထဲ၌ အသုံးပြုလို၍ ဖြစ်ပါ၏။ ၁၉၆၇–၆၈ ခုနှစ်လောက်၌ ဟိုက်ဒယ်လဘတ်တက္ကသိုလ် အထက်ပါ ကျောင်းတွင် နိုင်ငံရေးသိပ္ပံနှင့် သမိုင်းပါမောက္ခ ဖြစ်လာသည်။

၁။ **Buddhist Background of the Burmese Revolution** ၁၉၆၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

တစ်ဖန် ၁၉၆၈ ခုနှစ်ဝယ် ဩဂုတ်လ ၁၅ ရက်နေ့စွဲနှင့် သူ့ထံမှ စာရပါသေးသည်။ 'မြန်မာစာနှင့် သမိုင်းပညာရပ်တွေကို သုတေသနလုပ်ဖို့ စီမံကိန်းကြီးတစ်ခု ရေးဆွဲထားပါသည်။ အထူးသဖြင့် မြန်မာ့တွေးဉာဉ် (ideas) သမိုင်းစဉ်ကို ဦးစားပေးထား၏။ ဤကိစ္စ အထမြောက်နိုင်ရန် မြန်မာဘာသာ ဒု–ပါမောက္ခ တစ်ဦး ခန့်ထားလိုပါ၏။ ရှာပေးပါရန် မေတ္တာရပ်ခံပါသည်'ဟု စာထဲပါ၏။ ရှာပေးလိုက်ပါသည်။

ဖိတ်စာ ရပြီးသည့်နောက် စာပေးစာယူလုပ်သည်။ ပါမောက္ခက ဟောပြောပွဲအပြင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မြန်မာပြည်အကြောင်းကိုလည်း ဆွေးနွေးဖလှယ်ပွဲ လုပ်ချင်သေးသည်ဟု ဆိုပါ၏။ နောက်ဆုံးတွင် ကျွန်တော်က ၁၇ ရက်နေ့ လာမည်။ ၁၉ ရက်နေ့ ညနေစောင်း ဆွေးနွေးဖလှယ်ပွဲကျင်းပ၊ ညနေ၌ မြန်မာသမိုင်းဗေဒ အရင်းအမြစ်သဘာဝနှင့် ထွားကြိုင်းလာပုံကို ဟောပြော၊ ၂၀ ရက်နေ့ ပြန်ပါမည်။ ဉာဏ်ပူဇော်ခပေးဖို့ မလိုပါ။ အသွားအပြန် လေယာဉ်ခရီးစရိတ်နှင့် ဟိုတယ်ခသာ အကုန်အကျခံပါဟု စာပြန်လိုက်၏။ ဇန်နဝါရီလဆန်းလောက်တွင် ပထမတန်း အသွားအပြန် လက်မှတ်တစ်စောင်ကို ကျွန်တော့်ထံ ပို့ပေးလိုက်ပါ၏။

၁၇ ရက် လန်ဒန်လေဆိပ်မှ ၁ နာရီ ၁၅ မိနစ်ထွက် လေယာဉ်ဖြင့် သွား၏။ ပထမတန်းခရီးသည် နေ့လယ်စာ ကျွေး၏။ ၂ နာရီ ၁၅ မိနစ်၌ ဖရန့်ဖို့ရောက်၏။ လေဆိပ်တွင် ပါမောက္ခနှင့် တပည့်ဆရာ နှစ်ယောက်တို့က လာကြိုနေ၏။ တပည့်တစ်ယောက်၏ ကားဖြင့် ၃ နာရီအချိန်တွင် ဟိုက်ဒယ်လဘတ်သို့ စကားတပြောပြောနှင့် သွား၏။ စကားကောင်းနေ၍ ဘေးနှစ်ဘက်နှစ်ချက်ကို သတိမမူမိပါ။ တစ်နာရီခန့် အကြာ ကားသည် ကြီးမားလှသည့် အဆောက်အအုံရှေ့၌ ထိုးဆိုက်လိုက်ပါသည်။ လှမ်းကြည့်လိုက်ရာ လားလား…'ယူရိုပါဟိုတယ်'ဟူသော ဆိုင်းဘုတ်ကြီးကို ပက်ပင်း မြင်ရပါတော့သည်။

ကျွန်တော်နေမည့် တတိယထပ်ရှိ အခန်းသို့ ဓာတ်လှေကားဖြင့် ကျွန်တော်တို့ တက်သွားကြ၏။ ခံ့ညားထည်ဝါသော အခန်းကြီးထဲဝင်သွား၏။ ကော်ဇောခန်းလုံးပြည့်ခင်းပြီး အသုံးအဆောင်တွေနှင့် ပြည့်နှက်နေသော ဧည့်ခန်း၊ အိပ်ခန်းအပြင် ရေချိုးခန်းနှင့် အိမ်သာတို့ကို တွေ့ရ၏။

အအေးဒဏ်ကင်းစေရန် အခန်းတိုင်းကိုင်း၌ အပူငွေ့တွေ လွှတ်ထားပေး၏။ စကားစမြည်ပြောပြီးနောက် ပါမောက္ခက 'ဆရာလှဘေ၊ စားချင်တာစား၊ သောက်ချင်တာသောက်ပါ။ ယူလာပေးတဲ့ စာရွက်ပေါ်မှာသာ လက်မှတ်ထိုးလိုက်ရင် ပြီးပါတယ်'ဟု ဆိုပြီး ထွက်သွား၏။

၁၈ ရက်နေ့ ညနေစောင်းတွင် ပါမောက္ခက သူ့ဇနီး ဆရာဝန်မမောင်းသော ကားဖြင့် မြို့ပြင်သို့ ခေါ်သွားပြီး လိုက်ပြပါ၏။ ကြည်နူးစရာရှုခင်းများ၊ ရဲတိုက်နှင့် ရှေးဟောင်းဘုရားရှိခိုးကျောင်းများအပြင် ထူးထူးဆန်းဆန်း မွတ်ဆလင်မ်ဗလီတစ်ခုကို မြင်ရ၏။ ညစာကျွေးပြီး ဟိုတယ်သို့ ပြန်ပို့ပေးသည်။ ၁၉ ရက်နေ့ တစ်နေ့လုံး ကသီလင်ထ ဖြစ်ရပါ၏။ ပါမောက္ခတပည့်တစ်ယောက်က သူ့ဆရာနှင့် ကျွန်တော်ပါ ဧည့်သည်ခြောက်ဦးကို နာရီပြန်တစ်ချက်၌ ရှန်ဟိုင်း တရုတ်ထမင်းဆိုင်တွင် နေ့လယ်စာကျွေးရန် ဖိတ်သည်။ လျှာခလုတ်တိုက်ပြီး ဧည့်သည်သုံးဦးတို့အား ပီကင်းဟုပြောမိသဖြင့် ထိုသူတို့ ထိုဆိုင်တွင် စောင့်နေကြ၍ သွားခေါ်ရ၏။ နေ့လယ်စာ စားပွဲ တစ်နာရီ နောက်ကျသွားသည်။

၃ နာရီခွဲတွင် ဟိုတယ်သို့ ပြန်ပြီး ကမန်းကတန်း အဝတ်အစားလဲ၊ ပါမောက္ခကျောင်းသို့သွား၊ ၄ နာရီခွဲအချိန်၌ စီစဉ်ထားသော ဆရာတွေ၊ ကျောင်းသားတွေနှင့် ဆွေးနွေးဖလှယ်ပွဲ လုပ်ပါသည်။ မြိုင်လှပါ၏။ ၅ နာရီခွဲမှ ပြီးသည်။ လက်ဖက်ရည်သောက်နေရင်း ပါမောက္ခက မြန်မာပညာရှင်တစ်ဦး ဦးပုညပြဇာတ် တစ်ဇာတ်မှ အင်္ဂလိပ်လိုပြန်ထားသည်မှာ အချို့နေရာများ၌ မတိကျကြောင်းကို ဆိုင်ရာစာအုပ်ယူပြီး သက်သေပြ၏။ ချီးကျူးမိပါသည်။

၈ နာရီ ၂၀ မိနစ်တွင် ဟောပြောပွဲ စပါ၏။ အမေရိကန် ပါမောက္ခတစ်ဦးနှင့် ဇနီး၊ ဂျာမန်ပါမောက္ခ၊ ပညာရှင်၊ သုတေသီနှင့် သောတုဇနများ ၆၀ ကျော်ခန့် တက်ရောက်၏။ ပရိသတ်ထဲ၌ ဖရန့်ဖို့မှ ကားဖြင့် လာ၍ နားထောင်သော သုတေသီတစ်ယောက်ပါ၏။ တင်ပြချက်များကို မောင်သာနိုးက အတွေးအမြင်စာစဉ် (၂၃-၂၄)တို့တွင် 'မြန်မာစာပေနှင့် သုတေသန'ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ရေးထားပြီမို့ ထပ်ဖော်ပြရန် လိုမည်မထင်ပါ။ ဟောပြောပွဲအပြီးတွင် မေးမြန်းဆွေးနွေးကြ၏။ ပါမောက္ခက ကျေးဇူးတင်သော အထိမ်း

အမှတ်ဖြင့် ၁၃၈၆ ခုနှစ်၌ တည်ထောင်သော ဟိုက်ဒယ်လဘတ်တက္ကသိုလ်ရုပ်လုံးကြွပုံပါသော တံဆိပ်ကို ကျွန်တော့်အား ချီးမြှင့်ပါ၏။ ညစာကို ၁၀ နာရီအချိန်မှ ယူရှိပါဟိုတယ်၌ စားရပါ၏။

အရက် ၂၀ နေ့ နံနက်တွင် ပါမောက္ခအား နှုတ်ဆက်ပြီး ဖရန့်ဖို့သို့ မီးရထားဖြင့် သွားသည်။ ပါမောက္ခအော်တိုကားရီးက ဖိတ်ထားသဖြင့် သူနှင့် သွားတွေ့၏။ ညစာ ကျွေးသည်။ ၁၉၆၅-၆၆ ခုနှစ်က ပြောပြခဲ့သော မြန်မာစာနှင့်သမိုင်းဌာန ဖွင့်လှစ်ရေးအတွက် ဆွေးနွေးသည်။ နောက်တစ်နေ့ လန်ဒန်ပြန်သည်။

ဖရန့်ဖို့၊ ဟိုက်ဒယ်လဘတ် တက္ကသိုလ်များ၌ မြန်မာမှုပညာရပ်များ လိုက်စားကြရာတွင် တတ်အားသမျှ အားပေးကူညီခဲ့သည်။ သူတို့လည်းအားရ၊ ကျွန်တော်လည်း ပညာရသည့်အပြင် ယူရှိပါဟိုတယ်၌လည်း နေခဲ့ရ၏။

အတွေးအမြင် စာစဉ် ၃၅၊ မေ၊ ၁၉၈၈။

ကံထမ်းလာသည်ကို မမြင်ရ(၅)

ဆရာဘဝ(၇) ၁၉၇၁ ခု

ယခင်ဆောင်းပါးတွင် ဆိုခဲ့သည့်အတိုင်း ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ အရက် ၂၀ နေ့၌ ဟိုက်ဒယ်လဘတ်တက္ကသိုလ် အရှေ့တောင်အာရှ ပညာရပ်များကျောင်းမှ ပြီတိန်သို့ ပြန်ရောက်လာပါသည်။ ဇူလိုင်လ ၈ ရက်နေ့တွင် ဆော်ဘွန်းတက္ကသိုလ် အရှေ့တိုင်းသုံးစွဲနေသော ဘာသာစကားများဆိုင်ရာကျောင်း မြန်မာစာပါမောက္ခ မဲဒမ်းဘဲရနိုးထံမှ ဇူလိုင်လ ၃ ရက် နေ့စွဲနှင့် စာကို ရပါ၏။ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလမှ မေလကုန်အထိ သို့မဟုတ် နိုဝင်ဘာလမှ ခရစ်စမတ်ပွဲတော်အထိ ထိုရက်များအတွင်း မြန်မာကဗျာအကြောင်း သုံးကြိမ်လာရောက်ဟောပြောရန် ဖိတ်ကြားပါသည်။ တစ်ကြိမ်လျှင် ၂ နာရီ။ ၁ နာရီက ဟောပြော၊ ကျန် ၁ နာရီက မေးမြန်းဆွေးနွေးရန် ဖြစ်ပါသည်ဟု စာထဲပါ၏။

စာရသည့်အခါ ကံ၏ အကျိုးကွင်းဆက်များကို တစ်ကွက်ပြီးတစ်ကွက် မြင်လာမိပါသည်။

၁၉၅၄ ခုနှစ်က အသက် ၃၀ ပတ်ဝန်းကျင်ရှိ ပြင်သစ်အမျိုးသမီး မဲဒမ်းဒနီစ်ဘဲရနိုး(Madame Denise Bernot) ဆိုသူသည် ကျွန်တော်တို့ ကျောင်းသို့ သူ့မိတ်ဆွေ ဗြိတိသျှအမျိုးသမီးတစ်ဦးနှင့် ရောက်လာပါသည်။ မြန်မာစကားနှင့် စာသင်လိုပါသည်ဟု ပြော၏။ သူတို့အား လန်ဒန်တက္ကသိုလ်

နေ့လယ်စာ စားခန်းသို့ခေါ်သွားပြီး ကျွေးမွေးသည်။ ဒနီစ်က သူတို့ကျောင်း၌ မြန်မာဘာသာစာပေဌာနဖွင့်ရန် လျာထားသည်။ စလုံးရေးစပင် ရှိပါသေးသည်။ သူလည်း လေး-ငါးပတ်ခန့်သာ အခွင့်ရသည်။ ဤအတောအတွင်း ရသမျှပညာဆည်းပူးသွားလိုသည်ဟု ဆို၏။ ကျွန်တော်လည်း အချိန်ဆင်းရဲနေသော်လည်း သင်ပေးမည်ဟု ကတိပေးလိုက်ရပါ၏။

ထိုအခါ ကျွန်တော့်မှာ မြန်မာစာဂုဏ်ထူးတန်းကျောင်းသားကို စာပေပို့ချနေရ၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကြီးကို ပြုစုနေရ၊ သုတေသန လုပ်နေရပါ၏။ ကံကောင်းထောက်မ၍ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ ဦးတင်လှသည် အဘိဓာန်ကို လာရောက်ကူညီနေခိုက် ဖြစ်၏။ ဒေါ်ဘဲရနိုးအား သူ့လက်ထဲ ပေးလိုက်ပါသည်။

ဒေါ်ဘဲရနိုးသည် သဒ္ဒဗေဒ၊ ဘာသာဗေဒတို့၌ ကျွမ်းကျင်နှင့်ပေပြီ။ ဉာဏ်ထက်မြက်၊ ဝီရိယ ဖွဲ့ ကောင်းသည်။ တစ်ထွာပြ တစ်လံမြင်သည်။ ပညာရှင်လောင်းပီပီ သင်ပြရာ၌ ထွက်သော အစွန်းတွေ နားလည် အောင် မေးမြန်း၏။ အတွေးဉာဏ်၊ ခွဲခြမ်းစိတ်ဖြာဉာဏ်၊ ဝေဖန်ဉာဏ်သုံးသည်။လေး-ငါးပတ်အတွင်း မြန်မာစကားနှင့် စာ၏ အခြေခံသဘောတရားကို ခြုံငုံမိသွား၏။ အမှန်ဆိုလျှင် ဦးတင်လှကသာ ဒိုင်ခံပြီး သင်ပေး၏။ ကျွန်တော်က ဆားဖြူးပေး၏။ ပြဿနာပေါ်သည့်အခါများ၌သာ ဝင်၍ ရှင်းပြ၏။ သို့ဖြစ်စေကာမူ ကျွန်တော့်အား လက်ဦးဆရာ မည်ထိုက်သည်ဟု ယူဆသွားဟန်တူပါ၏။ ထို့ကြောင့်လည်း ထိုနေ့ကစပြီး ကျွန်တော်နှင့် အဆက်အသွယ်လုပ်ခဲ့ပါသည်။

မဲဒမ်းဘဲရနိုးသည် ကျောင်းသို့မလာမီ ၁၉၅၁-၅၂ ခုနှစ်ကတည်းက မြန်မာဘာသာ သင်ကြားရေးနှင့် စပ်လျဉ်း၍ စတင် စီမံခဲ့ဟန်တူသည်။ ထိုနှစ်တွင် သူ၏ခင်ပွန်း မနုဿဗေဒပါမောက္ခ လူဆီးရန်ဘဲရနိုး(Lucien Bernot) နှင့်အတူ ထိုအခါက အရှေ့ပါကီစတန်(Parkiston) ဟုတွင်သည့် ပြည်ရှိ ချစ်တဂေါင်းတောင်ကုန်း ဒေသဆီသို့သွားပြီး ဒေသအခေါ်အဝေါ် ချန်(Khyeng) ချင်းလူမျိုးတို့အကြောင်းကို ကွင်းဆင်းလေ့လာခဲ့သည်။ လူဆီးရန်က ချန်(ချင်း)လူမျိုးတို့အကြောင်း။ ဇနီးသည်က ချင်းပြည်နယ်ရှိ ချင်းလူမျိုးတို့၏ စကားလုံးများ၊ မြန်မာစကားလုံးများနှင့် ယှဉ်ပြကာ

ချန်ဝေါဟာရအကြောင်းတို့ကိုရေးပြီး 'ချစ်တဂေါင်းတောင်ကုန်းများမှ ချန်များ'၁ ဟူသော စာအုပ်ကို ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေခဲ့၏။

ထို့အပြင် ဒေါ်ဘဲရန်းသည် ကျောင်းသို့လာပြီးသည့်နောက် မြန်မာပြည်သို့ အခေါက်ခေါက်အခါခါ လာပါသေး၏။ မြန်မာဘာသာအပြင် ညီအစ်ကိုမောင်နှမဖြစ်သော ရခိုင် ထားဝယ် စကားများကို စနစ်တကျ လေ့လာ၏။ 'မြန်မာရည်ညွှန်းစာများ၊ ၁၉၅၀-၁၉၆၀'၂ စာအုပ်နှင့် 'ရခိုင်၊ ထားဝယ်စကားများ၏ သရစနစ်'၃ ဆောင်းပါးများကို ရေးသားထုတ်ဝေသည်။ ထို့ကြောင့်လည်း ၁၉၆၅ ခုနှစ် ကျွန်တော်ဖရန့်ဖို့တွင် ဟောပြောပြီး မစ္စတာအိုခဲနှင့် ပါရီသို့လာသည့်အခါ ဒေါ်ဘဲရန်းသည် သူ၏ ကျောင်း၌ မြန်မာဘာသာ စာပေဌာနမှူးဖြစ်နေကြောင်း သိရ၏။ ၁၉၆၇ ခုနှစ်တွင် သူပါမောက္ခဖြစ်လာသည့်အခါ 'ဆရာကြီးရှင့်၊ ဆရာကြီးရာထူးနှင့် ကျွန်မရာထူး မနှိုင်းယှဉ်အပ်ပါ'ဟု နိဝါတောစ စာကို ကျွန်တော့်ထံ ရေးလိုက်ပါသည်။

၁၉၅၄ ခုနှစ်က ပြုခဲ့သော ကံအကျိုး ကွင်းဆက်ပေါ်လာပေပြီ။ အဆိုပါဖိတ်စာ ရပြီးသည့်နောက် ဇူလိုင်လ ၁၅ ရက်နေ့၌ '၁၉၇၁ ခုနှစ် မေလ တတိယပတ်အတွင်း ၁၃၀၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အထိ မြန်မာကဗျာအကြောင်းကို သုံးကြိမ်ဟောပြောပါမည်။ (၁) မြန်မာ ကဗျာအစ၊ အတိုးအပွားအကျယ်အပြန့်နှင့် သဘောသကန်။ (၂)ကဗျာ့ပုံစံနှင့်အတွင်းသား။ (၃) အင်္ဂလိပ် ဘာသာပြန် ကဗျာ့နမူနာများ'ဖြစ်ပါသည်။ ကြိုက်နှစ်သက်ပါက ရက်ချိန်းများ ပေးစေလိုပါသည်'ဟု စာပြန်လိုက်၏။ မေလ ၂၇ ရက်၊ ၂၈ ရက်နှင့် ဇွန်လ ၁ ရက်များတွင်ကျင်းပရန် သတ်မှတ်ပေးလိုက်သည်။

၁၉၇၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့၌ ကျွန်တော်နှင့်ဇနီး မသန်းမြတို့သည် မစ္စတာဂျွန်အိုခဲကို ခေါ်ပြီး လန်ဒန်လေဆိပ်မှ ညနေစောင်း ၂ နာရီ ၁၅ မိနစ်တွင် လေယာဉ်ဖြင့် ပါရီသို့ သွားကြ၏။ ၄၅ မိနစ်အတွင်း ပါရီလေဆိပ် အောလီ(Orly)သို့ ရောက်၏။ ဒေါ်ဘဲရန်းလာကြိုပြီး တည်းခိုမည့်ဟိုတယ်သို့ ခေါ်သွားသည်။ ညစာကို အိမ်၌ကျွေးသည်။ ညစာ စားရင်း သူက 'ဆရာကြီး ပါလာပြီး ဟောပြောတာကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။ နှစ်ပေါင်း အတော်ကြာကြာက စခဲ့တဲ့ လုပ်ငန်းကြီးတစ်ခုနဲ့ ပတ်သက်လို့ အကူအညီ တောင်းရဦးမယ်'ဟု ပြောသည်။ ကျွန်တော်က 'ဟောပြောဖို့ဖိတ်တာကိုပဲ

ဂုဏ်ယူမိပါတယ်။ ကျေးဇူးတင်စရာ မလိုပါဘူး။ အကူအညီလိုတဲ့အခါ တောင်းပါ'ဟု ပြန်ပြောလိုက်၏။ ထိုအကူအညီကို မည်သည့်အခါမျှ မတောင်းပါ။ အကြောင်းရှိပါသည်။

မေလ ၂၇ ရက်၊ ၂၈ ရက်နေနှင့် ဇွန်လ ၁ ရက်နေ့များ၌ ဟောပြောသည့် အကြောင်းအရာများကို မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်အတွဲ ၅၄၊ အပိုင်း ၁ နှင့် ၂၊ စာမျက်နှာ ၅၉ မှ ၁၁၄ အထိတို့၌ ပါရှိပါသည်။ ဤဆောင်းပါးတွင် လိုအပ်သည့်အချက်တွေကိုသာ ထုတ်နုတ်ပြလိုပါသည်။

ပထမနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်၌ စပါသည်။ ဟောပြောပွဲများသည် ဆရာမကြီး ဒေါ်ဘဲရန်း၏ အတန်းသားများနှင့် စိတ်ဝင်စားသူ ဆရာများ အတွက်သာ ရည်ရွယ်ထားသော်လည်း ကမ္ဘာ့ကဗျာတွေကို လိုက်စားသော ပညာရှင်များလည်း တက်ရောက်လိမ့်မည်ဖြစ်ကြောင်း သိရပါ၏။ သို့သော် တိုက်ဆိုင်ချင်တော့ အခြားနှစ်နေရာများ၌လည်း ဟောပြောပွဲတွေ ကျင်းပနေသဖြင့် ပရိသတ်ဦးရေ ၂၀ ခန့်မျှသာ ရှိပါ၏။ ခေတ်ဟောင်းကဗျာကို ပဌမပိုင်း၊ ခေတ်သစ်ကဗျာကို ဒုတိယပိုင်းအဖြစ် တင်ပြ၏။

ဖရန့်ဖို့တက္ကသိုလ် အရှေ့အာရှ ပညာရပ်များကျောင်းမှာထက် ပိုစုံလင်ပါသည်။ ၁ ကဗျာ ပေါ်လာပုံသမိုင်းချုပ် နိဒါန်းပျိုးလိုက်ပြီးနောက် မည်သို့သော စာဆိုတော်နှင့် စာဖတ်ပရိသတ်တို့ဖြစ်ကြောင်း ပြောပြ၏။ ထို့နောက် ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်လေးခေတ်၊ တစ်ခေတ်ခေတ်၌ ပေါ်လာသည့် ကဗျာများကို သက္ကရာဇ် အစီအစဉ်အလိုက် မဖော်ပြဘဲအမျိုးအစားအလိုက် စာဆိုတော်များနှင့်အတူ မှတ်ချက်ချကာ တင်ပြသွားပါသည်။ ဥပမာ အင်းဝခေတ်ပေါ် ဧချင်း၊ မော်ကွန်း၊ ပျို့ရတု၊ လင်္ကာ စသည်များကို တစ်မျိုးစီသတ်သတ် တစ်မျိုးပြီးတစ်မျိုး အကြောင်းအကျိုးဖြင့် ဆွေးနွေးဝေဖန် အကဲဖြတ်ပြသည်။ သို့မှသာလျှင် နိုင်ငံခြားသား ပညာရှင်သုတေသီနှင့် သောတုဇနများ အင်းဝခေတ်ကဗျာ့ရောင်စဉ်ကို ပညာစက္ခုဖြင့် မြင်တွေ့နိုင်မည်ဟုသဘောရ၍ ဖြစ်ပါ၏။

ထိုနည်းတူစွာ ဗြိတိသျှခေတ်၊ လွတ်လပ်ရေးခေတ် ကဗျာများကိုလည်း တင်ပြပါ၏။ အုပ်ချုပ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ အပြောင်းလဲကြီး ပြောင်းလဲလာသဖြင့် ကဗျာတွေလည်း တစ်မျိုးတစ်မည်

ပုံသွင်နှင့် အတွင်းသားဖြစ်လာပုံ၊ ရန်ကုန်တက္ကသိုလ်ကဗျာရှင်များ၏ ခေတ်စမ်းကဗျာ ပေါ်လာပုံ စသည်တို့ကို ကွင်းဆက်များပြကာ ဆွေးနွေးပါသည်။ အမှန်ဆိုရသော် ၁၉၄၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်ကဗျာအမြည်း အနည်းငယ်သာပါပါ၏။ နောက်ဆုံးတွင် ကဗျာအမျိုးအစားများကို မှီးပြီး (၁) စိတ်ကူးယဉ်၊ (၂) စိတ်ငြိုငြင်၊ (၃) စိတ်ပြုပြင်နှင့် (၄) မျိုးချစ်ကဝိစာဆိုတွေဟူ၍ လေးမျိုးခွဲကာ နိဂုံးချုပ်လိုက်၏။ မေးမြန်း ဆွေးနွေးသူများသဖြင့် ၁၂ နာရီခွဲမှ ပြီးဆုံးပါသည်။

မေလ ၂၈ ရက်နေ့တွင် ဒုတိယဟောပြောပွဲကို ညနေ ၅ နာရီခွဲအချိန် စပါသည်။ မြန်မာ့ကဗျာပုံစံတွင် အတွင်းသားများအကြောင်း ဖြစ်၏။ ပုံစံဟူသည် ယခင်ဆောင်းပါးများ၌ ဆိုထားသည့် ၄-၃-၂ အစ ၃-၁ အဆုံး ကာရန်စနစ်ရတန်ဖြင့် ဖွဲ့စည်းထားသော အဆောက်အအုံ၊ အတွင်းသားဟူသည် ကဗျာထဲပါ အကြောင်းအရာဖြစ်ကြောင်း ရှင်းပြ၏။ အချို့ကဗျာမျိုးကို ပုံစံဖြင့်၊ အချို့ကိုအတွင်းသားဖြင့်၊ အချို့ကိုနှစ်ခုစလုံးဖြင့် မှတ်ကျောက်တင်မှ အမျိုးအမည်သိနိုင်ကြောင်း ပြောပြ၏။

လေးလုံးတစ်ပိုဒ် ကဗျာများအနက် ပျို့၊ မော်ကွန်း၊ ချေင်းတို့ကို ယေဘုယျအားဖြင့် အတွင်းသားကို သုံးသပ်ကာ အမည်သညာ ဖိမ်းနိုင်၏။ ပုံစံဟူ၍ မရှိသလောက်ပါ။ ရတုမှာမူ ပုံစံကို ဦးစားပေး၊ အတွင်းသားကို လေ့လာခြင်းအားဖြင့် အမည်ဖော်နိုင်၏။ လင်္ကာကား ပျို့၊ မော်ကွန်း၊ ချေင်းတို့ကဲ့သို့ သီလွယ်သည့် အတွင်းသားလည်းမရှိ၊ ရတုကဲ့သို့ သိမှတ်ထားသည့် ပုံစံလည်းမပါသော ကဗျာများသာ ဖြစ်သည်။ ဥပမာအနေဖြင့် တစ်မျိုးစီ ရှင်းပြ၏။

လေးလုံးတစ်ပိုဒ် ဘောင်ပြင်ရှိသော်လည်း အထက်ပါ ကာရန်စနစ်တို့ဖြင့် ဖွဲ့ထားသည့် ၃-၄-၅-၆ လုံး တစ်ပိုဒ် ကဗျာများသည် ယေဘုယျအားဖြင့် အတွင်းသားများထက် ပုံစံကို ပဓာနထားကြည့်မှ ကဗျာသညာ သိနိုင်သည်။ ဥပမာ တျာချဲ့၊ တေးထပ်၊ ဒွေး-တြိ-လေးချိုး၊ ဘောလယ် စသည်တို့ပင်။ ရကန်နှင့် သာချင်းတို့မှာမူ စွယ်စုံကိုသုံးသပ်မှ အမျိုးအမည် သိရပါ၏။

လင်္ကာ၊ စကားပြေ နှစ်ထွေရောဆိုသည့် ပြဇာတ်၊ တရားစာ၊

မေတ္တာစာတို့ကား ပုံစံနှင့်အတွင်းသားများ ပုံသေဖြစ်နေ၍ အမျိုးအစား သိသာပါ၏။

ပို့ပြီး ရှင်းလင်းသွားစေရန် ရွတ်ဆို၊ သီဆို၊ ပြောဆိုသည့် ခေတ်ဟောင်းကဗျာတို့မှ ထင်ရှားသော အမျိုးအစားတို့၏ စပ်ဆိုသီကုံးပုံများကို အသေးစိတ်ရှင်းလင်းပြသွားပါသည်။ ခေတ်သစ်ကဗျာတို့ကိုလည်း ထိုနည်းတူစွာ အစီရင်ခံပါသည်။

ဤဟောပြောပွဲသည် မေးမြန်းသူများပြီး ရှုပ်ထွေးသည့် အချက်အလက်တွေကို ကျောက်သင်ပုန်းကြီးပေါ် ရေးပြနေရသဖြင့် ၂ နာရီကျော်ကျော်ကြာမှ ပြီးသွား၏။ ၇ နာရီ ၄၅ မိနစ်မှ အခန်းထဲမှ ထွက်လာရသည်။

နောက်ဆုံးဟောပြောပွဲကို ဇွန်လ ၁ ရက်နေ့ ၅ နာရီ၌ ကျင်းပပါ၏။ မေလ ၂၉၊ ၃၀၊ ၃၁ ရက်နေ့ တို့သည် ရုံးပိတ်ရက်ဖြစ်ပါ၏။ ရှေးဟောင်းပျို့၊ မော်ကွန်းအစ ပြဇာတ်အဆုံး ကဗျာအမျိုးပေါင်း ၁၄ မျိုးတို့၏ သရုပ်ဖော်သည့် နံမူနာစာပိုဒ်များကိုလည်းကောင်း၊ ပုလဲတစ်တန့်၊ ရွှဲတစ်တန့် စသည့် ရေးစပ်နည်းတို့ကို လည်းကောင်း၊ ခေတ်သစ်ကဗျာများမှ မင်းသုဝဏ်၊ ဇော်ဂျီ၊ မင်းယုဝေ၊ မင်းမော်တို့၏ ကဗျာအချို့တို့ကို လည်းကောင်း၊ စာမြည်းအဖြစ် အင်္ဂလိပ်လိုဘာသာပြန်ပြီး ဖတ်ပြပါ၏။ ၇ နာရီ အချိန်၌ ပြီးဆုံးသွားသည်။ ဟောပြောပွဲသုံးပွဲစလုံး၌ သဘာပတိအဖြစ် ဆောင်ရွက်လာသော ဒေါ်ဘဲရနီးက အဖျော်ယမကာ အစုံတို့ကို တိုက်ကျွေးပွဲ၏။ ကြားနာ၍ရသောပညာသည် သူတို့ကို ကျေးဇူးအထူးပြုကြောင်း လှူပုံအလယ် ပြောပါ၏။

ဟောပြောပွဲအားလုံး တက်ရောက်ကြသူတို့သည် မြန်မာကဗျာသမိုင်း၊ ပုံစံနှင့် အတွင်းသား သရုပ်သကန်တို့ကို ပညာစက္ခုဖြင့် ခြုံငုံမြင်မိကောင်းပါ၏။ ဤအကြောင်းအရာများကို လေ့လာနိုင်ရန် ဟောပြောပွဲ စာကိုယ်များ မိတ္တူတစ်စောင်ကို ဆရာမကြီးအား ပေးလိုက်၏။ ထို့အပြင် သူ့ဌာနအတွက် ဟောပြောပွဲ သုံးပွဲစလုံး မိန့်ခွန်းများကို ထိုအခါက ပါရီတက္ကသိုလ်တွင် စီးပွားရေးပါရဂူစာတမ်းပြုစုနေသူကိုအေးမောင်က တိပ်ခွေသွင်းထားပါသေး၏။ ဆရာမကြီး ကျောင်းသူတစ်ယောက်က ကဗျာအကြောင်း ဆက်လက်သုတေသန

လုပ်၍ စာတမ်းတစ်စောင်တင်သွင်းရာ ပါရဂူဘွဲ့ရသွားကြောင်းကို လေး-ငါးနှစ် ကြာသောအခါ သိရသဖြင့် ကျွန်တော် ပီတိပွားများရပါတော့သည်။

ဆိုခဲ့သည့် ရုံးပိတ်ရက် ၃ ရက်တို့နှင့် ပောပြောသည့်ရက်များ၌ ရသည့် အားလပ်ချိန်များတွင် ကျွန်တော်တို့သုံးဦးသားတို့သည် ပါရီမြို့ကို ဘတ်စ်ကား၊ မီးရထားနှင့်တစ်ဖုံ၊ ခြေကျင်လျှောက်၍တစ်မျိုး ပါရီမြို့တည်ရာ စိန်းမြစ်ကို သင်္ဘောဖြင့်တစ်တန် လိုက်ကြည့်ရှုကြပါသည်။ အပန်းဖြေ ဥယျာဉ်ခြံတွေ၊ သမိုင်းဝင် ဘုရားရှိခိုးကျောင်းတွေ၊ နန်းတော်တွေ၊ အိုက်ဖယ်(Eiffel)မျှော်စင်နှင့် နာမည်ကျော်ပြတိုက်၊ စာကြည့်တိုက်တွေ၊ အမှတ်တရ ကျောက်ရုပ်ကျောက်မှန်တွေ၊ တက္ကသိုလ် ကောလိပ်ကျောင်းတွေကို ကြည့်ရှုလေ့လာကြပါသည်။ အဆိုပါ ဥဒါန်းတွင်နေသည့် အဆောက်အအုံနှင့် မြက်ခင်းအစုစု အရာဝတ္ထုတို့ကို ၁၁ ရာစုလောက်က စပြီး အမြင်လည်းကျယ်၊ တိုင်းပြည်အကျိုးစေတနာလည်း ရှေ့ထားသော ပြင်သစ်ဘုရင်မိဖုရား၊ သူဌေးသူကြွယ်၊ ပညာရှင်ကြီးများက အုတ်၊ ကျောက်၊ သံ စသောပစ္စည်းတို့ဖြင့် တည်ဆောက်၊ ဥယျာဉ်ပန်းခြံတို့ကို ခင်းကျင်းခဲ့ကြ၏။ ထို ၁၁ ရာစုလောက်ကစပြီး မြန်မာနိုင်ငံတွင် မြန်မာဘုရင်၊ ဘုရင်မ၊ မိဖုရားတို့က အုပ်ချုပ်စိုးမိုးခဲ့ကြပါ၏။ သို့သော် ဘုရားပုထိုး ဂူကျောင်း ပိဋကတ်တိုက်များမှလွဲ၍ ဂုဏ်ယူစရာ၊ ပြစားစရာ အခြား အခြား အဆောက်အအုံတွေဟူ၍ ဘုရင့်ခေတ်က အမွေအနှစ်တွေ မချန်ရစ်ခဲ့ပါ။ ဘာကြောင့်ပါလိမ့်။ အတိုချုပ်သာ အဖြေ ပေးပါရစေ။

မြန်မာအာဏာပိုင်တို့သည် လောကုတ္တရာသားတွေ၊ နောင်ဘဝအတွက် မိမိတို့ဘာဂအဖို့ ကုသိုလ်ရိက္ခာ စုဆောင်းကြသည်။ ပြင်သစ်အာဏာပိုင်တို့ကား လောကီသမားတွေ။ နောင်လာနောက်သားအဖို့ ကောင်းမှုကံကျွေး ပေးသွား၏။

နောက်တစ်ချက် အစွဲတစ်ခုကြောင့်ဖြစ်ပါ၏။ ဘာသာရေးနှင့်ဆိုင်သည့် အဆောက်အအုံတွေကိုသာ အုတ်ကျောက်တို့ဖြင့် ပြီးစေ။ နန်းတော်၊ အိမ်တော်တွေကိုကား သစ်သားတို့ဖြင့်သာ တည်ဆောက်မှုပင်။ လောကီသမား ဗြိတိသျှများနှင့် ၁၉ ရာစုတွင် ဆက်ဆံမိမှ အစိုးရအိမ်တော်မှအစ ရုံးတော်၊ အလုပ်ဌာနနှင့် လူနေအိမ်တွေ တိုက်တာဖြစ်လာပေ၏။ ပန်းဥယျာဉ်တို့လည်း

ပေါ်ပေါက်လာ၏။ အထိမ်းအမှတ်ကျောက်တိုင်၊ ကျောက်ရုပ်၊ ကြေးရုပ်တွေ ပေါ်ထွန်းလာ၏။

ခရီးသွားဟန်လွှဲဆိုသလို ပါရီမြို့တွင် သွားပောပြောရင်း ဤသို့တွေ့မြင်၊ ဤသို့တွေးမိသည့် ရလဒ်တွေနှင့် ဗြိတိသျှပြည်သို့ ပြန်သွား၏။ 'ဪ...ငါတို့ တိုင်းပြည်မှာလဲ ဒီအမွေမျိုးတွေ ကျန်ရစ်ခဲ့ပါက ဘယ်လောက်ကောင်းလိုက်လေမလဲနော်'ဟူသော တွေးလုံးတွေ ကူးစက်ပေါ်ပေါက်လာပါသည်။

၁။ Denise et Lucien Bernot: Les Khyang des collines de Chettagong Paris 1958.

၂။ Bibliographie Birmane Annee 1950-1960 Paris, 1968

၃။ The vowel systems of Arakanese and Tavoyan. Indo Pacific Linguistic Studies, ptii, pp. 463-474 Amsterdam, 1965.

၄။ Burmese poetry (1300-1971). its birth. development, scope and nature.

၅။ အတွေးအမြင်၊ ကံထမ်းလာသည်ကို မမြင်ရ(၄)၊ ဆရာဘဝ(၄)နှင့် (၅)ရှု။

အတွေးအမြင် စာစဉ် ၃၆၊ မေ၊ ၁၉၈၈။

ကံထမ်းလာသည်ကို မမြင်ရ(၆)

ဆရာဘ၀(၈) ၁၉၇၃ ခု

၁၉၇၃ ခုနှစ်တွင် ပါရီမြို့သို့ တစ်ကြိမ်ပြန်ရောက်ရပြန်ပါသည်။ ကျွန်တော် စိတ်ကူးထဲ မထည့်ရဲသည့် ဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်လာသည့်ကိစ္စကြောင့် သွားရပါ၏။ ထိုနှစ် ဩဂုတ်လ ၁၁ ရက် နေ့စွဲနှင့် စာတစ်စောင်ကို ဒေါ်ဘဲရနီးထံမှ ရသည်။

စာထဲတွင် 'နှစ်ပေါင်းများစွာက စတင်ခဲ့သည့် လုပ်ငန်းကြီးတစ်ရပ် ပြီးစီးသွားပါပြီ။ ခေါင်းစဉ်မှာ Le predicat en Birman parle (မြန်မာအပြောစကား စကားအိမ်ဖွဲ့ပုံ)ဖြစ်ပါသည်။ လာမည့် အောက်တိုဘာလ အကုန်လောက်တွင် ဂျူရီ(jury) လူကြီးလေးဦး မျက်မှောက်၌ တင်ပြပါမည်။ ဂျူရီလူကြီးလေးဦးအပြင် ပါမောက္ခက ဂုဏ်ထူးဆောင်ဂျူရီအဖြစ် ပါဝင်နိုင်မည်လား။ ကျွန်မ စာတမ်းမှာ ပြင်သစ်လိုဖြစ်သော်လည်း ပါမောက္ခအနေဖြင့် အင်္ဂလိပ်လို ဝေဖန်ဆွေးနွေးနိုင်ပါသည်'ဟု ထောက်လှမ်းသတင်းပေးပါ၏။

ဆရာမကြီးရဲ့ စာအရဆိုလျှင် ကျွန်တော့်ကို သူ့စာတမ်း အကဲဖြတ်လူကြီးတစ်ယောက်အဖြစ် ခန့်လိုသည်။ လုပ်နိုင်မလားဟုသာ သာမန်မေးမြန်းထားသည်။ ဘာဘွဲ့အတွက် ဘယ်တက္ကသိုလ်မှာ လုပ်ရမည်ကို မဆိုထားပါ။ လုပ်ပါမည်ဟု ဩဂုတ်လ ၁၆ ရက်နေ့၌ စာပြန်လိုက်ပါသည်။

များမကြာမီ အကယ်ဒမီ ဒု-ဥက္ကဋ္ဌထံမှ 'မယ်ဒမ်းဘဲရနီး စာတမ်းကို

doctorat d' Etat ဘွဲ့အတွက် ဆရာကြီးလှဘော အပါအဝင် ဂျူရီအဖွဲ့က ဆောဘွန်း(Sorbonne)တက္ကသိုလ် လူးဝီလီယဒ်(Louis Liard) အခန်းကြီးထဲတွင် အောက်တိုဘာလ ၂၉ ရက်နေ့၊ ၁၆ နာရီအချိန်၌ စစ်ဆေးရန် ဖိတ်ကြားပါသည်။'ဟူသော စာကို ရပြန်သည်။ ရှေ့ဆင့်နောက်ဆင့်ပင် အဆိုပါ စာတမ်းကြီးလည်း ရောက်လာ၏။

ဤဒွိ(doctorat d' Etat)သည် ပါရဂူဘွဲ့ထက် မြင့်သည်။ ဗြိတိသျှတက္ကသိုလ်များတွင် D. Lit(မဟာပါရဂူဝိဇ္ဇာဘွဲ့)D.Sc(မဟာပါရဂူသိပ္ပံ)တို့နှင့် အဆင့်အတန်းတူသည်ဟု ဆိုရပါမည်။ ဂျူရီဘုတ်သည် စာတမ်းအကဲဖြတ်လူကြီးကို ဆိုပါသည်။ ဗြိတိန်ပြည်ဝယ် (examiner)ဟု ခေါ်သည်။ ဤကဲ့သို့ မြင့်မားလှသော ဘွဲ့အတွက် ကမ္ဘာကျော်ဆောဘွန်းတက္ကသိုလ်မှာ စာတမ်းကို စစ်ဆေးရမှာပါလားဟူသော အသိဉာဏ် ဝင်လာသည့်အခါ ခေါင်းနပန်းကြီးသွားမိ၏။ မရဲသော်လည်း ပြေးခဲဇစဆိုသလို 'လာပါမည်'ဟု ခံဝန်ချက်ပေးလိုက်ပါသည်။

စာတမ်းကို စေ့စေ့စပ်စပ် ဖတ်ကြည့်ပါသည်။ ယခင် ဆောင်းပါးတွင် ဆိုခဲ့သည့်အတိုင်း အနှစ်နှစ်ဆယ်ခန့်က စပြီး မြန်မာဘာသာသင်ယူ၊ ၁၅ နှစ်လောက်က လေ့လာသုံးသပ်လာ၏။ တစ်ဖက်မှ စာပေပို့ချ၊ သုတေသနပြု၊ စာအုပ်စာတမ်းတွေရေး၊ ကွန်ဖရင့်များ တက်နေသည့်ကြား မြန်မာပြည်သို့ အကြိမ်ကြိမ်လာပြီး အချက်အလက်တွေစုဆောင်းကာ အမြင့်ဆုံးဘွဲ့အတွက် စာတမ်းတစ်စောင် တင်နိုင်သည့် မယ်ဒမ်းဘဲရနီး၏ ဉာဏ်အရည်အချင်းနှင့် ဇွဲနပဲတို့ကို စာတမ်းဖတ်ရင်း ချီးကျူးမိပါသည်။

ဤ ပြင်သစ်အမျိုးသမီးကြီးသည် စာတတ်ပုဂ္ဂိုလ် မြန်မာလူမျိုးများကဲ့သို့ မြန်မာလို မပြောတတ် မရေးတတ်ပါ။ သို့သော် မြန်မာဘာသာကို စနစ်တကျသုံးသပ်ထားသဖြင့် ကျွမ်းကျင်ရာလိမ္မာဆိုသလို ထို ပုဂ္ဂိုလ်တို့ထက် သိကျွမ်းနားလည်၏။ ထိုစာတမ်းထဲပါ တစ်ဝက်လောက်ကို မြန်မာပြည်မှ တိပ်ခွေသွင်းယူလာသည်။ ရေးသားလာသည်။ တစ်ဝက်လောက်ကို မြန်မာစာအုပ်တွေထဲပါ အပြောစကားများမှ ထုတ်နုတ်ထားသည်။ ရရှိထားသည့် ပစ္စည်းစကားလုံး အသုံးအနှုန်း၊ စကားပုဒ်ဖွဲ့စည်းပုံ ဝါကျအမျိုးမျိုးတို့ကို သဒ္ဒဗေဒ၊ ဘာသာဗေဒ စသည့်နည်းများဖြင့် သွက်တချက်ကြည့်ပြီး ခွဲခြမ်းစိတ်ဖြာ

ဝေဖန်ဉာဏ်သုံးကာ သိပ္ပံနည်းကျကျ ရေးပြထား၏။ အပြစ်အဆာ လုံးဝကင်းစင်သည်ဟု မဆိုလိုပါ။

အမှန်ကိုဆိုရလျှင် မြန်မာအပြောစကားကို တိတိကျကျလေ့လာထားသည့် မြန်မာပညာရှင်တို့ ဦးရေသည် လက်တစ်ဘက်မှ လက်ချောင်းများခန့်သာ ရှိပေလိမ့်မည်။ နိုင်ငံခြားပညာရှင် အရေအတွက်ကား လက်နှစ်ဘက်မှ လက်ချောင်းတွေထက် များပါ၏။ ဂျာမနီ၊ ရုရှား၊ ပြင်သစ်၊ အမေရိက စသောပြည်များ၌ မြန်မာဘာသာ ဆရာသွားလုပ်သူတို့အချို့ ဦးနှောက်ခြောက်ခဲ့ရပုံကို ကျွန်တော့်ထံ စာရေးပြော၍ သိရပါသည်။ ဥပမာတစ်ခုသာ ပြပါရစေ။

(၁) အမေး။ ။လာသေးသလား။
အဖြေ။ ။လာသေးတယ်။ မလာတော့ဘူး။

(၂) အမေး။ ။လာဦးမလား။
အဖြေ။ ။လာဦးမယ်။ မလာတော့ဘူး။

တပည့်တို့က...

(က) အမေးနှစ်မျိုးကို ငြင်းဆန်တဲ့အဖြေတစ်မျိုးတည်း ဘာကြောင့်ပေးရသလဲ။

(ခ) ဒီတော့ ပစ္စည်းပုဒ်ဟာ လာတော့၊ နေတော့ သွားတော့မယ်။ ကောင်းတော့ကောင်းပါရဲ့။ ကျွန်တော်တော့။ မြို့တော့မြို့ပဲ စတဲ့ အသုံးအနှုန်းတွေထဲက 'တော့'များနဲ့ ဘယ်လိုကွာခြားသလဲ ရှင်းပြခိုင်းသည့်အခါ ဆရာတွေ အခက်တွေ့ရတတ်၏။ နိုင်ငံခြားပညာရှင်တို့က ရှင်းပြနိုင်၏။

ကျွန်တော်နှင့် ဇနီးမသန်းမြတို့သည် ပါရီမြို့သို့ လေယာဉ်ပထမတန်းနှင့် အောက်တိုဘာ ၂၇ ရက် စနေနေ့၌ ထွက်ခွာသွားကြသည်။ လေဆိပ်တွင် ဆရာမကြီးနှင့် ခင်ပွန်းတို့က ဆီးကြိုနေကြ၏။ သူတို့နှင့်အတူ ပါရီတက္ကသိုလ်၌ သမိုင်းဘာသာ၊ ဘူမိဗေဒဘာသာ၊ ပါရဂူဘွဲ့စာတမ်းအသီးသီး ပြုစုနေသူ မခင်လှဟန်နှင့် ကိုတင်သိန်းတို့ကိုလည်း တွေ့ရ၏။

ကျွန်တော်တို့နှစ်ဦးအား ပါမောက္ခဇနီးမောင်နှံတို့က ဦးစွာ သူတို့အိမ်သို့ ကားဖြင့်ခေါ်သွားပြီး လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံကျွေးမွေး၏။ ၅နာရီအချိန်တွင် နာမည်ကျော် လတ်ကစင်းဘော့(Luxemburg) ပန်းခြံကြီးနားရှိ

တည်းခိုမည့် ဟိုတယ်သို့ ပို့ပေး၏။ အလွန်တရာ ဖော်ရွေသော ဒေါ်ဘဲရှိန်းက ကျွန်တော်တို့ ပါရီမလာမီက သူတို့အိမ်၌ တည်းခိုရန် ဖိတ်ပါသည်။ သို့သော် ဂျူရီလူကြီးတစ်ဦးဖြစ်သူ ကျွန်တော်က စည်းစောင့်သည့်အနေဖြင့် စကားလှလှသုံးကာ ငြင်းဆိုလိုက်၏။ ဟိုတယ်တွင် မခင်လှဟန်နှင့် ကိုတင်သိန်းတို့ စောင့်နေ၏။ အားရပါးရ စကားတစ်ဝ ပြောသည်။ ၇ နာရီအချိန်၌ မြန်မာလေးယောက်တို့ ဟောင်ကောင်း (Hong Kong) တရုတ်ထမင်းဆိုင်တွင် ညစာ စားကြ၏။ စကားလက်ဆုံကျနေ၍ ဟိုတယ်သို့ ၉ နာရီခွဲမှ ပြန်ရောက်လာကြ၏။

၂၈ ရက်နေ့ တနင်္ဂနွေနေ့ နေ့လယ်စာ စားပြီးနောက် ကျွန်တော်က စာတမ်းစစ်ဆေးရေးကိစ္စနှင့် အလုပ်များနေ၏။ မသန်းမြက မြန်မာကျောင်းသားနှစ်ယောက်နှင့် ထင်ရှားကျော်စောသော မွန်မတ်(Mon Marte) ရပ်ကွက်သို့ သွားပြီးပါတိတ်အထည်တွေ ဝယ်သည်။ နေ့လယ်စာကို အနီးအနားရှိ ပြင်သစ်စားသောက်ဆိုင်တွင် လေးယောက်သား စား၏။ ကောင်း၏။ ညစာကို ဒေါ်ဘဲရှိန်းတို့ဖိတ်၍ သူတို့အိမ်၌ စားသည်။ စားသောက်ရင်း စာမေးပွဲအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြောပါ။ ဒေါ်ဘဲရှိန်းကသာ ၁၉၇၁ ခုနှစ်က သူတို့အိမ်၌ ညစာ ဖိတ်ကျွေးစဉ်အခါက 'နှစ်ပေါင်းအတော်ကြာကြာက စခဲ့တဲ့ လုပ်ငန်းကြီးနဲ့ ပတ်သက်လို့ ဆရာကြီးထံက အကူအညီတောင်းရဦးမယ်လို့ ပြောပြီး မတောင်းဘဲနေခဲ့တာ အကြောင်းရှိလို့ပါပဲ' ဟု ဆိုပြီး ရှင်းပြပါ၏။

ထို လုပ်ငန်းကြီးသည် အခြားမဟုတ် ယခုတင်သွင်းမည့် စာတမ်းဖြစ်ပါ၏။ အကယ်၍သာ ထိုစာတမ်းပြုစုမှု၌ ကျွန်တော့်ထံ အကူအညီတောင်း၍ရပါက စာတမ်းတင်သွင်းသည့်အခါ စစ်ဆေးရေးဂျူရီ အဖြစ် ကျွန်တော့်အား ဆောဘွန်းတက္ကသိုလ်က ခန့်မည်မဟုတ်ကြောင်းကို သူ့စာတမ်းကြီးကြပ်သူ ဆရာကြီးကပြော၍ သူ ခပ်မဆိတ်နေခဲ့သည်ဟု ဆိုသည်။

၂၉ ရက် နံနက်ပိုင်းတွင် မခင်လှဟန်နှင့် ကိုတင်သိန်းတို့ကောင်းမှုကြောင့် ပါရီမြို့ အနောက်တောင်ဘက် ၁၁ မိုင်ခန့်ဝေးသော ဗာဆိုင်း (Versailles)မြို့ကလေးရှိ ဗာဆိုင်းနန်းတော်ကြီးသို့ ရောက်သွား၏။ ခံ့ညားထည်ဝါ ကြီးမားမော်ကြွားနေသော အဆောက်အအုံကြီးကို ဧည့်သည် တစ်စု

အား လိုက်ပြနေသူနှင့် အတူလိုက်ကာ သူ့ပြောပြချက်များကို နားထောင်ရင်း လျှောက်ကြည့်ကြသည်။ တစ်နာရီကျော်ကျော် ကြာပါသည်။ ပြင်သစ်အမျိုးသားတို့၏ ဂုဏ်ယူစရာ ဉာဏ်ဗိမာန်ကြီး၌ ၁၉၁၉ ခု၊ ဇွန်လ ၂၈ ရက်နေ့တွင် မဟာမိတ်နှင့် ဂျာမန် ပထမစစ်ကြီး ပြေငြိမ်းကြောင်း စာချုပ်လက်မှတ်ရေးထိုးကြသည်။

ညနေပိုင်း ၃ နာရီကျော်ကျော်အချိန်၌ ကိုတင်သိန်းခေါ်ပြီး ဆောဘွန်းတက္ကသိုလ်သို့ သွားပါသည်။ ဒေါ်ဘဲရနိုးနှင့်တွေ့၍ ခေတ္တစကားပြောပြီး အခြား ဂျူရီတို့ရှိရာ ပါမောက္ခများ အခန်းထဲသို့ ဝင်သွား၏။ သူတို့နှင့် နှုတ်မေးခွန်းအစီအစဉ်ကို ဆွေးနွေး၏။ ၄ နာရီ ၁၀ မိနစ်၌ စပါသည်။

ဂျူရီလူကြီးငါးဦးတို့က လူးဝီလ်ယ်ဒ် အခန်းကြီးထဲသွားပြီး စင်မြင့်ပေါ်ရှိ ကုလားထိုင်များ၌ နေရာယူကြသည်။ သဘာပတိအဖြစ် အိုင်ရိန်းနီယမ်း(Iranian)ပညာရပ်များ ပါမောက္ခလားဇတ် (Lazard)က ဆောင်ရွက်သည်။ သူ၏လက်ဝဲဘက်၌ ကျွန်တော်နှင့် ပစိဖိတ်နယ်ပယ်ပညာရပ်များ ပါမောက္ခမယ်ဒမ်းဖွန်းထင်းနဲလ်(Fontanel)၊ လက်ယာဘက်တွင် အာရှအရှေ့တောင်ပိုင်းဒေသ သဒ္ဒဗေဒပါမောက္ခအိုးဒရေးကိုး (Haudricourt)နှင့် ဒေါ်ဘဲရနိုးစာတမ်း ကြီးကြပ်နေသူ နာမည်ကျော် သဒ္ဒဘာသာဗေဒ ပါဠိပါမောက္ခမားထီးနေး(Martinet) တို့ အသီးသီးရှိပါ၏။

စင်မြင့်အောက်နား ရှေ့တည့်တည့်တွင် ဒေါ်ဘဲရနိုးက ခပ်ကုပ်ကုပ်ကလေး မျက်နှာသေနှင့် ထိုင်နေ၏။ သူ့ကိုကြည့်ရင်း သနားမိပါသည်။

ရောမသင်တန်းပေး ခန်းမကြီးထဲ၌ ကြမ်းပြင်မှ နံရံအထိ ပတ်ပတ်လည် အဆင့်ဆင့် ထိုင်ခုံတန်းများပေါ် နေရာတစ်ဝိုက်တွင် ပရိသတ် ၂၀၀ ခန့် လာရောက် နားထောင်နေကြသည်။

ဦးစွာ သဘာပတိက ၅ မိနစ်ခန့် အဖွင့်မိန့်ခွန်း ပြော၏။ ပြီးနောက် ဒေါ်ဘဲရနိုးက သူ့စာတမ်းအကြောင်း ၂၅ မိနစ်ခန့် ရှင်းလင်းပြ၏။ ပါမောက္ခမားထီးနေးကစပြီး စာတမ်းကို ဝေဖန်ဆွေးနွေးရင်း ဒေါ်ဘဲရနိုးအား ၄၅မိနစ်ကြာကြာ မေးပါသည်။ ထိုအခိုက် လူတစ်ယောက်က အခွင့်တောင်းဝင်လာပြီး ပါမောက္ခ၏ မော်တော်ကားသည် လမ်းပိတ်ဆို့နေကြောင်း

ပြောသဖြင့် ကားသွားဖယ်ပေးနေတုန်း ၁၀မိနစ်ခန့် ရပ်ဆိုင်းရပါသည်။ ထို့နောက် ကျွန်တော့်အလှည့်ကျ၏။ နာရီဝက်ခန့် မေးမြန်းဆွေးနွေးသည်။ အချို့ ယထာဘူတမကျသောအချက်များကို ထောက်ပြ၏။ ကျွန်တော်က သဘာပတိအား ကျန်ဂျူရီများအလှည့်ဟု ဆိုသောအခါ ဆက်လက်လုပ်ပါဦးဆိုသဖြင့် နောက်ထပ် ၂၅ မိနစ် တာဝန်ထမ်းဆောင်ရပြန်သည်။ ပါမောက္ခဖွန်းထင်းနဲလ်နှင့် အိုးဒရေးကိုးတို့ကား တစ်ဦးလျှင် ၁၅ မိနစ်စီသာ မေးမြန်းဝေဖန်၏။ နောက်ဆုံး၌ သဘာပတိက နိဂုံးချုပ်စကား ပြောကြား၏။ ၇ နာရီ ၁၀ မိနစ်တွင် ပြီးဆုံးသွားသည်။

ကျွန်တော်မှအပ ဂျူရီလူကြီးတို့သည် ပြင်သစ်လို ပြောကြသည်။ ကျွန်တော်ကား အထူးအခွင့်အရေး ရထားသူဖြစ်၍ အင်္ဂလိပ်ဘာသာကို အသုံးပြုသည်။ ပရိသတ်အတော်များများက စိတ်ဝင်စားစွာနားထောင်သည်။ ရယ်စရာကြားလျှင် ရယ်၏။ မနောတွေ့သည့် အမေးအဖြေ ထောက်ပြဝေဖန်ချက်များကြားသည့်အခါ သြဘာပေးသည်။ ထူးသည့် အတွေ့အကြုံတစ်ရပ်ဟု ဆိုရပါမည်။ ဗြိတိန်ပြည်တက္ကသိုလ်များ၌ ဒီလစ်ဘွဲ့ယူဖို့ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေပြီး တင်ပြ၏။ ပါရဂူ၊ အနုပါရဂူ၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့တွေအတွက်သာ စာတမ်းရေး၊ တင်ပြ နှုတ်မေးခွန်းစာမေးပွဲဝင်ရ၏။ စစ်ဆေးရေးဘုတ်အဖွဲ့တွင်လည်း ယေဘုယျအားဖြင့် သဘာပတိအဖြစ် ပါမောက္ခ၊ သို့မဟုတ် ဒု-ပါမောက္ခ၊ စာတမ်းကြီးကြပ်သူဆရာ၊ အခြားတက္ကသိုလ်မှ သက်ဆိုင်ရာဘာသာ ပါရဂူတစ်ဦး သုံးဦးတို့သာ ပါဝင်၏။ တစ်ခါတစ်ရံသာလျှင် အကြောင်းတစ်ရပ်ရပ်ကြောင့် နောက်ထပ် တစ်ဦး ထပ်ထည့်သည်။ ပြင်ပမှပရိသတ်မဆိုထားဘိ၊ တစ်ဦးတစ်ယောက်မျှ အခန်းထဲဝင်ခွင့်မပြုပါ။

ဂျူရီလူကြီးများက သူတို့အခန်းထဲဝင်ပြီး ညှိနှိုင်းဆွေးနွေး၏။ စာတမ်းသည် ဘွဲ့ဒီဂရီအရည်အသွေးမီသည်ဟု ဆုံးဖြတ်၏။ ပြီးနောက် ကောင်းသည်။ အကော်ကောင်းသည်။ အလွန်ကောင်းသည်ဟု သုံးဆင့်သုံးတန်းအနက် ဘယ်အဆင့်အတန်း၌ ထားထိုက်သလဲဆိုသည်ကို စဉ်းစားကြသည်။ အလွန်ကောင်းသည့် အဆင့်အတန်းဟု သဘောတူကြ၏။ ထိုအခါ ကျွန်တော်က ရယ်စရာအဖြစ်ဖြင့် 'တကယ်လို့ ကျွန်တော်က သဘောမတူဘူးလို့

ကန့်ကွက်ရင် ဂျူရီတွေက ဘာလုပ်မလဲ'ဟု မေးသည့်အခါ တစ်ဦးက 'ဆရာကြီးကို ကျွန်တော်တို့ ဗီတိုလုပ်မှာပေါ့'ဟုဆို၍ ရယ်ပြီး ပြော၏။ အမှန်ဆိုလျှင် စာတမ်းသည် အလွန်ကောင်းပါသည်။

မယ်ဒမ်းဘဲရနီးအား သဘာပတိကခေါ်ပြီး အားရစရာသတင်းကို ပြောကြားသည်။ သူ၏ ခင်ပွန်းက ကျွန်တော်တို့အား ဟိုတယ်တစ်ခုဆီသို့ ခေါ်သွားပြီး ရှမ်ပိန်တိုက်သည်။ စုစုပေါင်း လူ ၂၀ ခန့် အောင်ပွဲခံကြပါ၏။ လူစုကွဲသွားသောအခါ မယ်ဒမ်းဘဲရနီးတို့ ဇနီးမောင်နှံက မသန်းမြနှင့် ကျွန်တော့်ကို ဗီယက်နမ်စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် ညစာ ကျွေးမွေး၏။

ပါမောက္ခ ဒနီ(စ်)ဘဲရနီး ဘွဲ့ရသွားသည်ကို ယခု ပြန်တွေးကြည့်သည့်အခါ အတွေးအမြင်နှစ်ရပ် ပေါ်လာပါသည်။ ပြင်းပြသော အလိုဆန္ဒ၊ လွန်ကဲသော ဝီရိယ၊ ထက်သန်သော စိတ်၊ ထက်မြက်သော ပညာရှိသူသည် အမှုကိစ္စဟူသမျှ မုချဧကန် ပြီးစီးအောင်မြင်ရမည်ဟု ဆိုရိုးရှိသလို သူသည် ဘွဲ့ရသွားပြီ။ ရသည့်ဘွဲ့နှင့် ထိုက်တန်ကြောင်းကိုလည်း ရုပ်လုံးဖော်ပြလာသည်မှာ ယခုတိုင် ဖြစ်ပါ၏။ စာအုပ်စာတမ်းတွေ ရေးခဲ့၊ ရေးနေရုံမကသေး။ မြန်မာ–ပြင်သစ် အဘိဓာန်ကြီးကိုလည်း ပြုစုနေပါသည်။ ၁၉၇၈ ခုနှစ်က (က–ကျ) ပထမတွဲ စထွက်လာပြီးသည့်နောက် ၁၉၈၆ ခုနှစ်တွင် (ပါဒ်–ဖြ)ဒုတိယတွဲ ပုံနှိပ်ထုတ်ဝေခဲ့သည်။ သူ့ တစ်သက်၌ အပြီးသတ်သွားလိုကြောင်း မကြာခဏ ကျွန်တော့်အား ပြောပါသည်။

အောက်တိုဘာလ အရက် ၃၀ နေ့တွင် လေဆိပ်သို့ ကျွန်တော်တို့ ထွက်လာကြပါသည်။ ဒေါ်ဘဲရနီး၊ မခင်လှဟန်နှင့် ကိုတင်သိန်းတို့ လိုက်ပို့ကြ၏။ လန်ဒန်လေဆိပ်၌ မြူခိုးတွေ ပိတ်ဆို့ဖုံးအုပ်နေသဖြင့် လေယာဉ်များ နောက်ကျမည်ဟူသည့်သတင်းကြားရသဖြင့် စိတ်ပျက်သွားမိ၏။ နောက်ဆုံးတွင် ရိုးရိုးအတန်းသာရှိသည့် လေယာဉ်တစ်စင်းသည် ညနေစောင်း တစ်နာရီခွဲ ထွက်မည်ဟုဆို၍ ကျွန်တော်တို့နှစ်ယောက် တက်သွားကြ၏။ သို့သော် ၅ နာရီခွဲကျော်ကျော်မှ ထွက်ဖြစ်၏။ အခန့်မသင့်သဖြင့် လေယာဉ်ပေါ် အသားညှပ်ပေါင်မုန့် ထောပတ်သုတ်သုံးချပ်စီနှင့် ကာဖီနှစ်ခွက်သာ သောက်ရ၏။

လန်ဒန်လေဆိပ်သို့ ၆ နာရီခွဲခန့် ရောက်သွား၏။ ဆင်းနိုင်လို ဆင်းနိုင်ငြား တဝဲဝဲ တလည်လည် ပျံသန်းနေပါသေး၏။ မဆင်းနိုင်သဖြင့်

မြောက်ဘက် မိုင် ၇၀ ခန့်ဝေးသော ဘားမီးဂမ်း(Birmingham)လေဆိပ်၌ သက်ဆင်း၏။ ပါရီနှင့် တစ်နာရီနောက်ကျသော ဗြိတိန်ပြည် စံတော်ချိန် ၆ နာရီ ရှိနေပြီ။ ထိုမှတစ်ဆင့် လေယာဉ်ကုမ္ပဏီကစီစဉ်ပေးသော မော်တော်ကို(ချ်) (Motor Coach) ကြီးဖြင့် လန်ဒန်သို့ ဆက်သွား၏။ ထိုမှ မီးရထား တစ်တန်စီးပြီးလျှင် ကျွန်တော်တို့နေရာ ဝဲလင်းပန်းခြံမြို့(Welwyn Garden City)သို့ ထွက်ခွာသွား၏။ အိမ်သို့ ည ၁၁ နာရီကျော်မှ ရောက်သွားပါသည်။ အနောက်နိုင်ငံ မြောက်ပိုင်း ဒေသများ၌ ထိုကဲ့သို့ ရာသီဥတုဒဏ်ကို ဆောင်းဦးနှင့် ဆောင်းတွင်း၌ လေယာဉ်၊ ရေယာဉ်တွေ တစ်ခါတစ်ခါ ခံရလေ့ရှိ၏။

နောက်တစ်နေ့တွင် ကျွန်တော် လေယာဉ်အသွားအပြန် လက်မှတ် ဝယ်သွားသော ခရီးသွားလက်မှတ်ရောင်းသည့်ဆိုင်ကြီးသို့ သွား၏။ ပထမတန်း အစား ရိုးရိုးတန်းမှ ပြန်လာရကြောင်းကို သက်ဆိုင်ရာ စာရွက်စာတမ်းတွေ ပြ၏။ ကျသင့်ငွေကို ပြန်အမ်းပေး၏။

ပါရီမြို့အသွားခရီးနှင့် မြို့တွင်နေစဉ်က သုခချမ်းသာ ပျော်ရွှင်စရာတွေနှင့် ကြုံရသမျှ အပြန်ခရီးနှင့် ဗြိတိန်ပြည်၌ ဒုက္ခဆင်းရဲ စိတ်ပျက်စရာများနှင့် ဆုံရ၏။ လောကဓံတရားပင်။ ဤသည်လည်း ကံထမ်းလာသည်ကို မမြင်ရဟု ဆိုနိုင်သည် မဟုတ်ပါလား။

အတွေးအမြင် စာစဉ် ၃၇၊ ဇွန်၊ ၁၉၈၈။

✍

ကံထမ်းလာသည်ကို မမြင်ရ(၇)

ဆရာဘဝ(၉) ၁၉၈၀ ပြည့်နှစ်

၁၉၈၀ ပြည့်နှစ်သည် ကျွန်တော့်ဘဝလမ်းကြောင်း ပြောင်းသွားသော ကာလ၊ ဖြစ်မျိုးစုံနှင့်ကြုံရသော သမယဟု ဆိုနိုင်ပါသည်။ အသက် ၆၀ ပြည့်သောနှစ်တုန်းက 'ပါမောက္ခအဖြစ်မှ ၆၂ နှစ်တွင် ပင်စင်ယူလိုက ယူနိုင်သည်။ ၆၇ နှစ်အထိ ဆက်လက်အမှုထမ်းချင်က ထမ်းနိုင်သည်'ဟု ဆိုင်ရာက အကြောင်းကြားလာသည်။ ကျွန်တော် ၆၅ နှစ်ပြည့်သောအခါ အငြိမ်းစားယူလိုပါသည်ဟု ပြန်ကြားလိုက်၏။ အထက်ပါနှစ် စက်တင်ဘာလ အရက် ၃၀ နေ့၌ ပါမောက္ခသက်တမ်းစေ့သွားပါသည်။

၄၂ နှစ် နေခဲ့သော ဗြိတိန်ပြည်၊ ၃၂ နှစ် ပညာဒါနပြုခဲ့သော လန်ဒန်တက္ကသိုလ်နှင့် ၂၅ နှစ် ပျော်စံခဲ့သော ဝဲလင်းပန်းခြံမြို့ (Welwyn Garden City) နေအိမ်မှ ခွဲခွာပြီး နိုဝင်ဘာလလောက်တွင် မြန်မာပြည်သို့ အပြီးအပိုင် ပြန်လာတော့မည်။ လမ်းတွင် ဗုဒ္ဓပွင့်သော ဗုဒ္ဓဂယာ၊ ဓမ္မစကြာ တရားဦးဟောသော ဗာရာဏသီအနီး မိဂဒါဝုန်တောနှင့်သမိုင်းဝင်မော်ကွန်းတင် ဒေသ အဆောက်အအုံများကို လိုက်လံ ကြည့်ရှုရန် ငါးပတ်ခန့်အိန္ဒိယပြည်၌ စခန်းချမည်။ ဒုယ်တော်တည်ရာ ကန္ဒီမြို့၊ တက္ကသိုလ်ကျောင်းကြီးနှင့် ရက္ခ သရုပ်ပြခြံကြီးရှိရာ ပရာဒီနိယ(Peradiniya)နှင့် သက္ကရာဇ် ဘီစီ ၂၀၀၀ ကျော်လောက်က တည်ထောင်ခဲ့သော မြို့ဟောင်းကြီးများ၊ စေတီပုထိုးကြီးများဆီ

သွားလို၍ သီဟိုဠ်(သီရိလင်္ကာ)တွင် နှစ်ပတ်ခန့်၊ ကျွန်းသာငယ် ကျွန်းဟုတ်ကြီး ဖြစ်သည့် ဗင်ကာပူဝယ် တစ်ပတ်ခန့်နေဖို့ စဉ်းစားထား၏။

၄၂ နှစ်အတွင်း စုဆောင်းထားသော နောက်ထပ်ဝယ်ဦးမည်ဖြစ်သော စာအုပ်များ၊ ပစ္စည်းများကို သင်္ဘောဖြင့် မြန်မာပြည်သို့ ပို့ရမည့်ကိစ္စ၊ အထောက်တောက်ခရီးသွားဖို့ ဝယ်ရမည့်လေယာဉ်လက်မှတ်ကိစ္စ၊ အိန္ဒိယနှင့် သီဟိုဠ်တို့၌ တည်းခိုဖို့ ဟိုတယ်များ ကြိုတင်ငှားရန်ကိစ္စဝိစ္စတို့ကို စီမံနေတုန်း မတ်လ ၁၀ ရက်နေ့တွင် ပါရီမြို့မှ ဆရာမကြီး ဒေါ်ဘဲရန်းက တယ်လီဖုန်း ဆက်ပါသည်။ သူ၏ခင်ပွန်း ပါမောက္ခ လူဆီးရန်ဘဲရန်းက မေလကုန် လောက်တွင် ကွန်ဖရင့်တစ်ခု ပြုလုပ်မည်။ တစ်ရက်လျှင် တစ်ကြိမ်။ နှစ်ရက် လာရောက်ဟောပြောပေးပါက ကျေးဇူးတင်ရပါမည်ဟု ဆို၏။

မျက်နှာနာသူများလည်းဖြစ်၊ မည်သည့်အခါ ပြန်ရောက်လာဦး မည်ကိုလည်း မသိ၍ လာပါမည်ဟု ဝန်ခံလိုက်မိသည်။ ထို့နောက် စာဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ရာ လူမျိုးချင်းထိတွေ့ရာမှ မြန်မာ့ယဉ်ကျေးမှုအပေါ် လွှမ်းလာသည့် အရိပ်အငွေ့များ[၁] အကြောင်းကို ဇွန်လ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် ဟောပြောဖို့ သဘောတူကြပါသည်။ ကံကောင်းချင်၍လားမသိ။ မတ်လအလယ်လောက်မှ ဧပြီလ တတိယပတ်အထိ ကျောင်းငါးပတ် ပိတ်ရက်များနှင့် ဆုံ၏။ အချက်အလက်တွေ ရှာဖွေပြီး ဖုတ်ပူမီးတိုက် နေ့ရောညပါ ထိုင်ရေး၏။ မေလကုန်ခါနီးတွင် ပြီးသွားပါသည်။

လူဆီးရန်ဘဲရန်းသည် ဆောင်းပါး(၅)၊ ဆရာဘဝ(၇)တွင် မနုဿဗေဒပါမောက္ခဖြစ်သည်ဟု ဆိုထား၏။ သို့သော် ပြင်သစ်တက္ကသိုလ်များ၌ လူမျိုးစုနှိုင်းယှဉ်မှုပညာ(ethnology) ပါမောက္ခဟု ခေါ်ပါသည်။ ထိုအခါက အရှေ့တောင်အာရှလူမျိုးစု နှိုင်းယှဉ်မှုအထက်တန်း သိပ္ပံပညာရပ်များကျောင်း (School for Higher Studies in Ethnological Sciences of South East Asia)တွင် အမှုထမ်းနေ၏။ သူ ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်တစ်အုပ်ထဲ အသုံးပြုရန် မြန်မာဆွေမျိုးစပ် ဝေါဟာရများကို ၁၉၅၇ ခုနှစ်က မေးမြန်းခဲ့၍ အဖြေတွေ ပေးလိုက်ဖူးပါသည်။

၁။ Social contacts; theis impact on Burmese eultural life.

ကျွန်တော်နှင့်ဇနီးတို့သည် ဇွန်လ ၁၅ ရက်နေ့ နာရီပြန်နှစ်ချက် မိနစ် ၄၀ ထွက်လေယာဉ်ဖြင့် ပါရီသို့ သွားကြသည်။ ၁၉၇၁ ခုနှစ်က ရိုးရိုးအတန်း၊ ၁၉၇၃ ခုနှစ်တွင်ပထမတန်း၊ ယခုနှစ်၌ အစမ်းသဘောဖြင့် အလယ်အလတ် ကလပ်အတန်း(Club Class) မှ စီးသွား၏။ ကျွေးသည့် နေ့လယ်စာ၊ ထိုင်ခုံ အနေအထားတို့သည် ပထမတန်းနှင့် မကွာခြားလှပါ။ ဤအခေါက်၌ ချားလ်စ်ဒီဂေါလ်ခေါ် လေဆိပ်သစ်ကြီးတွင် ပါရီစံတော်ချိန် ၄ နာရီခွဲဝယ် ဆိုက်၏။ (လန်ဒန်စံတော်ချိန်ထက် ၁ နာရီနောက်ကျသည်။) ဆရာမကြီးနှင့် ခင်ပွန်းသည်တို့က လာကြိုကြ၏။ သူတို့နေအိမ်နှင့် ယခင် လေဆိပ်ဟောင်း အောလီထက်ပိုဝေး၍ တစ်နာရီနီးပါး ကားဖြင့်သွားရ၏။

ဤအကြိမ်တွင် သူတို့အိမ်၌ တည်းပါသည်။ ရောက်ရောက်ချင်း အစာပြေ အစားအသောက်များ ကျွေးသည်။ ၈ နာရီခွဲတွင် ညစာ စားကြရာ စကားပြော အတောမသတ်နိုင်သဖြင့် ၁၁ နာရီခွဲမှ ညစာ စားပွဲမှ ထကြ တော့သည်။

ဇွန်လ ၁၆ ရက်၊ တနင်္လာနေ့ နံနက်စာ စားပြီး လေးယောက်သား ပါမောက္ခကျောင်းသို့ မီးရထားနှင့် သွားကြသည်။ မိနစ် ၂၀ ကျော်ကျော် ကြာသည်။ ၉ နာရီခွဲ ပါမောက္ခအခန်းထဲ ရောက်သွားသည့်အခါ ယခင် ဆောင်းပါးထဲပါ အိုးဒရေးကိုးနှင့် အခြား ပါမောက္ခတို့ကို တွေ့ရ၍ ဝမ်းသာ အားရ နှုတ်ဆက်ကြ၏။ ဟောပြောပွဲကို ၁၀ နာရီအချိန် စပါ၏။ ပါမောက္ခ ဘဲရနိုးက သဘာပတိအဖြစ် ဆောင်ရွက်သည်။

တစ်နေ့ ၁ နာရီစီကြာကြာ နှစ်နေ့ ဟောကြောင်းအကျိုးဆက်၊ ရှင်းလင်းချက်များဖြင့် အကွက်ဆိုက်အောင် ဥပမာ သာဓကတို့ဆောင်ကာ ဟောပြောသည့် အရာတွေထဲမှလိုရင်းတွေကိုသာ အတိုချုံး၍တင်ပြပါရစေ။ တစ်လက်မပြ တစ်လံမြင်အောင် ဉာဏ်မျက်စိဖြင့် ဖတ်ရှုပါရန် မေတ္တာ ရပ်ခံပါသည်။

ပထမနေ့။ နှစ်ပေါင်း ၁၀၀၀ ကျော်ကျော်ကစပြီး မြန်မာနှင့် အခြား တိုင်းတစ်ပါးသားတို့ အနုနည်းဖြင့်လည်းကောင်း၊အကြမ်းနည်းဖြင့်လည်းကောင်း ထိတွေ့ခဲ့ရသည်။ ဆက်ဆံရသူများ၏ စကားလုံး၊ တွေးဉာဏ်လုံးနှင့် ဓလေ့ထုံး တို့သည် မြန်မာလူမျိုးတို့၏ခေါင်းထဲ ပငိသန္ဓေစွဲကာ မြန်မာ့ယဉ်ကျေးမှု

နယ်ပယ်ထဲ မွေးဖွားလာကြသည်။ လောကုတ္တရာဘက်၌ ကိုးကွယ်သည့် ဘာသာ၊ လောကီဘက်၌ ဘာသာစာပေ အသိ၊ အတတ်ပညာ၊ နေမှုထိုင်ရေး၊ စီးပွားရေး၊ ဆက်ဆံရေး၊ မိသားစုရေးတို့နှင့် သက်ဆိုင်ပါသည်။

သက္ကရာဇ် အစဉ်အရ ထိတွေ့ခဲ့သည့် အဓိ လူမျိုးတို့သည်ကား ရှမ်း၊ အိန္ဒိယ၊ မွန်၊ သီဟိုဠ်(သီရိလင်္ကာ)၊ ယိုးဒယား(ထိုင်း)နှင့် ဗြိတိသျှများပင်။ ထို့အပြင် အာရပ်၊ ပါရှန်း(ဖာရစီ)၊ တရုတ် စသည့် အမျိုးသားတို့နှင့်လည်း ကူးလူးဆက်ဆံခဲ့ပါသေးသည်။

ဘိုးဘွားမြန်မာတို့သည် ခရစ်သက္ကရာဇ် ၉ ရာစုနှစ်အတွင်း မြန်မာပြည်ထဲ ဝင်မလာမီ နန်းစော(Nan-chao) နယ် ရှမ်းလူမျိုးတို့ လက် အောက်၌ ကာလအတော်ကြာမြင့်စွာ နေခဲ့ရသည်ဟု ဆိုကြ၏။ ရှမ်းစကား အသုံးအဆောင်ပစ္စည်းအချို့ အမွေရခဲ့၏။

မြန်မာပြည်ထဲ ဝင်ရောက်လာပြီးသည့်နောက် မဟာယာန၊ ထေရဝါဒ၊ ထန်ထရိ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ အစရှိသည့် အယူဝါဒဝင် အိန္ဒိယပြည်သား ကုန်သည်၊ ဆေးသမား၊ ဗေဒင်ဆရာ၊ ပညာရှင်များနှင့် ၁၀ ရာစု မတိုင်မီ ကတည်းက ပေါင်းသင်းဆက်ဆံလာသည်။ တစ်ချိန်တည်းမှာပင် မြန်မာပြည် တောင်ပိုင်းရှိ ကိုယ့်ထီးကိုယ့်ကြငှာန်းနှင့် နေနှင့်နေသော မွန်လူမျိုးတို့နှင့်လည်း ဆုံတွေ့ပါ၏။ မွန်တို့ကို အားကျပြီး တိုင်းပြည်ထူထောင်သည်။ နိုင်ငံချဲ့လာ သည်။ အနော်ရထာမင်းစော(၁၀၄၄-၇၇)သည် ၁၀၅၇ ခုနှစ်တွင် မွန်တို့ ထီးနန်းစိုက်ရာ သထုံပြည်ကို သိမ်းယူပြီး ပိဋကတ်သုံးပုံနှင့်တကွ မွန်ပညာ သည်များကိုပါ ပုဂံပြည်သို့ ယူဆောင်လာ၏။ ပင်လယ်လမ်းပွင့်သွား၍ ထေရဝါဒဗုဒ္ဓဘာသာ ရှင်သန်နေသည့် သီဟိုဠ်၌ ဆုံစည်းရ၏။ မြန်မာတို့သည် အိန္ဒိယ၊ မွန်နှင့် သီဟိုဠ်လူမျိုးထံမှ ပညာဘာသာ အမွေအနှစ် ရကြပြန်သည်။

၁၂၈၇ ခုနှစ်တွင် ပုဂံပြည်ကြီးသည် တရုတ်တို့ရန်ကြောင့် ပျက်စီး သွား၏။ ထိုအခါမှစပြီး ရှမ်းလူမျိုးတို့နှင့် ပြန်လည်ဆုံတွေ့ရရုံမကသေး။ အင်းဝခေတ်(၁၃၆၄-၁၅၅၅) တစ်ခေတ်လုံးဝယ် ရောနှော နေထိုင်ခဲ့ကြသည်။ တောင်ငူခေတ်(၁၅၁၃-၁၇၅၀)တွင် ဘုရင့်နောင်က ယိုးဒယားကို ၁၅၆၄ ခုနှစ်၊ ၁၅၆၉ ခုနှစ်များ၌ တိုက်ခိုက်အောင်မြင်သည့်အတွက် မြန်မာယဉ်ကျေးမှု နယ်ပယ် ကျယ်ပြန့်လာသည်။ ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅)ရောက်

လာ၏။ ဆင်ဖြူရှင်က ယိုးဒယားမြို့တော် အယုဒ္ဓယကို ၁၇၆၇ ခုနှစ်၌ ဝင်စီးပြီး အနုပညာသည်တွေနှင့် ပြည်တော်ပြန်လာသည်။ အနှစ် ၆၀ ခန့် လွန်မြောက်လာသောအခါ မြန်မာတို့သည် ဗြိတိသျှတို့၏ ဝင်စီးခြင်းကို ခံရပါတော့သည်။ ၁၈၂၄–၂၆ ခုနှစ်တွင် တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်၊ ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာပြည်၊ ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည် တစ်တိတစ်တိနှင့် မြန်မာတစ်ပြည်လုံး ဗြိတိသျှလက်ထဲ ကျဆုံးသွားသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးပြန်ရသည်။[1]

အဆိုပါ ထိတွေ့မှုဖြစ်ခဲ့ရာမှ မြန်မာ့ယဉ်ကျေးမှုအပေါ် ဘယ်လို အရိပ်အငွေ့တွေ လွှမ်းလာသလဲဆိုသည်ကို ဆက်ဆွေးနွေးတင်ပြပါသည်။

ရှမ်းများထံမှရလာသော +ိုက်+ ၎င်+ိတ်+ိန် စကားလုံးများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝေါဟာရများကို ဖော်ပြသည်။ အိန္ဒိယ၊ သီဟိုဠ်နှင့် မွန်တို့ဆီမှရလိုက်သော အမွေများက မြန်မာတို့၏ယဉ်ကျေးမှု တစ်ဟုန်ထိုး တိုးတက်လာပုံကို သာဓကတွေဖြင့် ပြ၏။

ပထမဗုဒ္ဓဘာသာနှင့် ပါဠိဘာသာအကြောင်း အကျယ်တဝင့်ဒိုကာ ဖွင့်၏။ မြန်မာဗုဒ္ဓဘာသာ အခြေခံသဘောတရားကို အကျယ်ချဲ့ပြီး ပြောပြသည်။ မြန်မာ့အတွေးအခေါ် အထက်လှမ်းစေသည့်၊ မြန်မာဘာသာ ကြွယ်ဝစေသည့် ပါဠိမွေးစား စကားလုံးအချို့ကို သာဓကများစွာနှင့် ဒိုကာချဲ့၏။ ထိုမှတစ်ဆင့် ပါဠိဘာသာဖြင့် ဗုဒ္ဓဘာသာကျမ်းဂန်၊ သဒ္ဒါကျမ်းတို့ ပြုစု၍ ပါဠိဘာသာ စာပေ ဖွံ့ဖြိုးလာရာမှ မြန်မာစာပေကို အထောက်အကူပြုကြောင်း ပြောပြသည်။ သို့နှင့် တစ်နာရီ ကုန်ဆုံးသွား၏။ ဆွေးနွေးမေးမြန်းနေသဖြင့် သဘာပတိက ၁၁ နာရီခွဲမှ နိဂုံးချုပ်နိုင်၏။

ဇွန်လ ၁၇ ရက်နေ့၌ ဒုတိယဟောပြောပွဲကိုလည်း နံနက် ၁၀ နာရီအချိန်မှပင် စပါသည်။ သဘာပတိအဖြစ် ထိုကျောင်းမှ ပါမောက္ခ တစ်ဦးဖြစ်သော ဂျော့ကွန်ဒွန်မိနတ်(စ်)(George Condominas)က ဆောင်ရွက်၏။

ဒုတိယနေ့။ မနေ့က အဆက်ဖြစ်၏။ ဟိန္ဒူဘာသာနှင့် သက္ကတ

၁။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ မြန်မာပြည်သည် ဂျပန်တို့ကြီးစိုးမှု ခံခဲ့ရသည်။

ဘာသာအကြောင်း စပြောပြောသည်။ မြန်မာပြည်၌ လူသိများသော ဗိဿနိုး၊ **သီဝ၊** မဟာပိန္နဲ၊ ဗြဟ္မာနှင့် သူရဿတီတို့အကြောင်းကို ပြောပြရင်း **သူရဿတီ**သည် ချစ်ရေး၌ ခေတ်စားပုံကို ဆေးဖယောင်းတိုင်ထွန်းသည့် **ဖြစ်ရပ်တစ်**ရပ်ဖြင့် ဥပမာပေး၏။

သက္ကတဘာသာနှင့် စပ်လျဉ်း၍ မြန်မာများနှုတ်မှ တဖွားဖွား **ပြော**နေသော သင်္ကြန်၊ သင်္ကြား၊ ဗေဒင်စကား သုံးလုံးကို မီးမောင်းထိုးကာ **တစ်လုံးစီ** မြန်မာများအယူဝါဒနှင့် ယှဉ်ပြီး သမိုင်းဖွင့်ပြ၏။ ဤ၌ ဗေဒင် **အကြောင်း**နှင့် စပ်လျဉ်း၍ အချိန်အတော်ကုန်သွားသည်။ မြန်မာဘုရင်များ **ကာလ**၌သာမဟုတ်၊ ယခု ခေတ်သစ်သမယတွင်ပင်လျှင် အစွဲကြီးစွဲနေသည်ကို **ထောက်**ပြပါသည်။ ပြဿဒါး၊ ဝါရမိတ္တူ၊ ရက်ရာဇာတို့ မှီးပြီး မြန်မာနိုင်ငံ **လွတ်လပ်**ရေ အစ ဆံပင်ညှပ်၊ လက်သည်းလှီးသည်အထိ နေ့ကောင်းကိုဆောင်၊ **နေ့မှပ်**ကိုရှောင်ပုံများကို ဆိုင်ရာလင်္ကာတိုကလေးများဖြင့် ဥပမာပြ၏။ ထိုမှတစ်ပါး နာမည်မှည့်ရာ၌လည်း ယေဘုယျအားဖြင့် ဗေဒင်မပါလျှင် မပြီးပုံကို နာမည်မှည့် စနစ်အချို့ကို တင်ပြရာ စိတ်ဝင်စားစွာ နားထောင် ကြသည်။

မွန်လူမျိုးတို့ထံမှ ဆိုခဲ့ပြီးသည့်အတိုင်း မွန်အက္ခရာများယူပြီး မြန်မာဘာသာကို ကျောက်ထက် ပေထက် အက္ခရာတင်ခဲ့သည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်း မြန်မာစာပေ ပေါ်ပေါက်ဖွံ့ဖြိုးလာသည်ကို နိဒါန်း ပျိုးပြီး လောလောဆယ်၌ မွန်နှင့်မြန်မာ အပြောစကား၌ တစ်ဦးထံမှတစ်ဦး မွေးစားလာသည့် စကား၊ စကားလုံး၊ စကားပိုဒ်များကို ဥပမာတွေပေး၍ သာဓကဆောင်၏။

မွန်နှင့်မြန်မာ တိကျခက်ခဲသည့် မျိုးဆက်ဝေါဟာရများ အကြောင်း ကိုလည်း အစီရင်ခံပါသေးသည်။ ဘယ်သူက ဘယ်သူ့ဆီမှ အတုယူသည်ကို မပြောနိုင်ဟု ဝန်ခံပြီး ဥပမာအဖြစ် လက်ထပ်ထိမ်းမြား၍ တော်စပ်သူ အသုံးအနှုန်းနှစ်မျိုးတို့ကိုသာပြသည်။ အင်္ဂလိပ်စကား၌ (brother in-law)၊ ပြင်သစ်၌ (beau-frere)တို့သာ ရှိသည်။ မြန်မာ၌ ယောက်ဖ၊ ခဲအိုနှင့်မတ်၊ မွန်၌ကောယိနှင့် မဒ်သိဂ္ဂိ၊ အင်္ဂလိပ် Sister-in-law။ မြန်မာ မရီး၊ ခယ်မ၊ ယောင်းမ။ မွန်မဲ့၊ ဗဲဝနှင့် ဒေ်သိဂ္ဂိတို့ အသီးသီးဖြစ်ပါသည်။

ယိုးဒယားတို့နှင့် အကြမ်းနည်းအားဖြည့် သုံးကြိမ်တိုင်တွေ့ထိရာမှ ခံစားရသော ရလဒ်တို့ကြောင့် ဆိုခဲ့ပြီးသည့်အင်း၀ခေတ်ကစပြီး ထွန်းကားလာသော မြန်မာစာပေသည် လောကုတ္တရာဘက် ကိုင်းနေရာမှ လောကီဘက်ယိုင်လာ၏။ မြန်မာဂီတနယ် ကျယ်ပြန့်လာ၏။ မြန်မာစာပေနှင့် ဂီတသမိုင်းကို အရေးပေးပြီး ဆွေးနွေးပါသည်။

ဗြိတိသျှတို့သည် အနှစ် ၆၀ ခန့် မြန်မာပြည်ကို အုပ်စိုးခဲ့သည်။ ထိုကာလ အတောအတွင်း နေထိုင် နေသော ဗြိတိသျှများ ယူဆောင်လာသော ပုံနှိပ်စက်တွေ၊ ဝင်ရောက်လာသော စာပေနှင့်ဘာသာစကားတို့ ပယောဂကြောင့် မြန်မာ့ဓလေ့အသွင်အပြင် အပြောင်းအလဲကြီး ပြောင်းလဲလာသည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ရုံးတွေ စသည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာသည်။ ပေ၊ ပုရပိုက်ပေါ်မှစာတွေ ပုံနှိပ်စာအုပ်ထဲရောက်လာ၏။ မြန်မာစာနှင့်ဘာသာထဲ အင်္ဂလိပ်အယူအဆ စကားလုံးနှင့် အသုံးအနှုန်းတွေ အရိပ်အငွေ့များ သန်းလာသည်။ ဥပမာသာဓကတွေနှင့် ရှင်းပြ၏။

ကျွန်တော်ဟောပြောခဲ့သည့် အကြောင်းအရာတွေကို သရုပ်ဖော်လိုသောအနေဖြင့် ခေတ်ဆန် မြန်မာပညာတတ်တစ်ဦး၏ ဘ၀ကို တွေးဆကာ ရေးဆွဲပြီး အောက်ပါအတိုင်း ပြလိုက်ပါသည်။

အလုပ်အကိုင်။ ။တက္ကသိုလ်(ပါဠိ–တက္ကသီလ=အိန္ဒိယပြည် ပညာဆည်းပူးရာ မြို့အမည်) မှ ပါမောက္ခ(ပါဠိ)၊ ပါရဂူ(ပါဠိ)ဘွဲ့ရသည်။

အသွင်အပြင်။ ။ရိုးရာဆံပင်ရှည်မထားဘဲ ဘိုကေ (ပါဠိ–ဗလ+ကေသာ)နှင့် ရှပ်အင်္ကျီ(အင်္ဂလိပ်–Shirt+ဟိန္ဒီ–angi)လုံချည်(ဟိန္ဒီ–lungi၊ ပါးရှန်း–lungi)ဝတ်သည်။ ဘောင်းဘီ(မွန်–ပင်မီ၊ ရှမ်းစကား ဖြစ်ချင်ဖြစ်မည်။)ဝတ်တတ်သည်။ ခြေညှပ်ဖိနပ်(မွန်ခနပ်)စီးသည့်အခါစီး၊ ရှူးဖိနပ်(အင်္ဂလိပ်–shoes)စီးသည့်အခါ စီး၏။

အစားအစာ။ ။ခေါက်ဆွဲ(kokswe)၊ ကော်ပြန့်(တရုတ်–ပို့ပန့်)လိပ်၊ ဘာလချောင်(မလေး–balachaung)။ အာလူး(ဟိန္ဒီ–aloo)ကြော်စသည်တို့ကို ထမင်းနှင့်စားသည်။

အသောက်။ ။ကာဖီ(ပြင်သစ်–cafe)၊ ကော်ဖီ(အင်္ဂလိပ်–cof-

fee)၊ အရက်(အာရဘီ–arak, မွန်အရက်)၊ ဘီယာ(အင်္ဂလိပ်–beer)၊ ဝိုင်(အင်္ဂလိပ်–wine)။

စီးသည့်ယာဉ်။ ။ကား(အင်္ဂလိပ်–car)၊ မီးရထား(မြန်မာ–မီး+သက္ကတ–ရထ)

ဖျော်ဖြေမှု။ ။စိနီမာ(အင်္ဂလိပ်–cinema)သွားပြီး ဖလင်(အင်္ဂလိပ်–film)ကြည့်သည်။

နေအိမ်။ ။ဘန်ဂလို(အင်္ဂလိပ်–bungalow)တိုက်(ရှမ်း–lik)အိမ်။

ကိုးကွယ်သည့်ဘာသာ။ ။ဗုဒ္ဓဘာသာ(ပါဠိ) သို့သော် ဗေဒင်(သက္ကတ ဝေဒင်္ဂ)ယုံကြည်သည်။

ဟောပြောပွဲနှစ်ပွဲစလုံးအပြီးတွင် နိုက်နိုက်ချွတ်ချွတ် မေးကြသည်။ အချက်ပိုင်ပိုင်နိုင်နိုင် ဆွေးနွေးကြသည်။ အမှန်ဆိုရလျှင် ၁၀ နာရီမက ဟောပြောရမှုအရှည်လည်လည် သိမည့်အကြောင်းအရာဖြစ်သည်ကို ပရိသတ်အချို့ နားလည်၏။ သူတို့က ရသမျှဗဟုသုတယူလိုသည်။ ကျွန်တော်က ပေးသမျှ ပညာယူလို၏။ ပရိသတ်ထဲမှ နှစ်ဦး သုံးဦးတို့က 'ဘယ်တော့ လာဦးမလဲ'ဟု မေးရာ အကြောင်းဆုံရင် ပြန်တွေ့ကြဦးမှာပေါ့ဟု ရယ်ပြီး ဖြေလိုက်၏။

ဇွန်လ ၁၈ ရက်နေ့တွင် ဦးနှင့်ဒေါ်ဘဲရန်းတို့အား နှုတ်ဆက်ပြီး စိတ်လေးလေးနှင့် ဗြိတိန်ပြည်သို့ ကျွန်တော်တို့ ပြန်သွားကြသည်။ စက်တင်ဘာလ အရက် ၃၀ ရက်နေ့ မတိုင်မီကလေးတွင် 'တက္ကသိုလ်နှင့်ကိုယ့်ဘာသာရပ်အကျိုးသယ်ပိုးမှုကို အသိအမှတ်လေးစားပြုသည့်အနေဖြင့် ဆိနိတ်(Senate)က ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ အပ်နှင်းလိုက်ပါသည်' ဟူသော စာလွှာကို လန်ဒန်တက္ကသိုလ်ပါမောက္ခချုပ်ထံမှရ၍ စိတ်ပေါ့ပါးသွား၏။ သို့သော် နားထဲတွင်ကား 'ဘယ်တော့ လာဦးမလဲ'မေးခွန်းကို ကြားနေဆဲပင်။ ကံထမ်းလာသည်ကို ဘယ်သူမှ မမြင်ရပါ။

အတွေးအမြင် စာစဉ် ၃၈၊ ဇူလိုင်၊ ၁၉၈၈။

ကံထမ်းလာသည်ကို မမြင်ရ(၈)

ပင်စင်စားဘဝ(၁)၊ ၁၉၈၄ ခု

ကျွန်တော်သည် ယခင် ဆောင်းပါးထဲ၌ ဆိုခဲ့သည့်အတိုင်း ဗြိတိန်ပြည်မှ မြန်မာပြည်သို့ ၁၉၈၀ ပြည့်နှစ်၌အပြီးအပိုင်ပြန်လာပြီး မော်လမြိုင်မြို့တွင် ဇနီးနှင့်အတူ အခြေဆိုက်ကာ အေးအေးဆေးဆေးနေခဲ့ပါသည်။

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ တစ်နေ့တွင် ပါရီမြို့မှ ဆရာမကြီး ဒေါ်ဘဲရနီး ကျွန်တော့်ထံ တယ်လီဖုန်းဆက်လာသည်။ 'ပြင်သစ်ကောလိပ် (College de France)က ဖိတ်ကြားလိုပါတယ်။ ၁၉၈၄ ခုနှစ်၊ မေလမှာ လာပြီး ကြိုက်ရာအကြောင်း (၈)ကြိမ်ဟောပြောနိုင်ပါတယ်။ လာမယ်ဆိုရင် တရားဝင်ဖိတ်စာ ပို့ပေးလိုက်ပါ့မယ်'ဟု မြန်မာလို ပြော၏။ နယ်နယ်ရရ မဟုတ်သည့် ကောလိပ်ဖြစ်ရကား ပထမ မှင်တက်မိသွားပြီးမှ 'လာပါမယ်'ဟု ကယောင်ကတမ်း ပြန်ဖြေလိုက်၏။

ဤကျောင်းကြီးကို ပြင်သစ်ဘုရင် ပထမ ဖရန်ဆွာ(Francois I- ၁၅၁၅-၄၇)က ၁၅၃၀ ပြည့်နှစ်တွင် တည်ထောင်သည်။ ပြင်သစ်တက္ကသိုလ်များသည် ပညာရှင်တွေနှင့် အသက်မွေးမှုပညာသည်တွေကိုသာ မွေးထုတ်ပေးနေသည်။ ဘဝအကြောင်း အဝါးဝသည့် လူတော်လူကောင်းများ ပြုစုမျိုးထောင်ပေးမည့် ကောလိပ်ကျောင်းတစ်ကျောင်းလိုအပ်သည်ဟု သဘောရပြီး ဤကဲ့သို့ မ,တည်လိုက်ခြင်း ဖြစ်ပါ၏။ ၁၂၁၅ ခုနှစ် ကတည်းက ထွန်းကား

နေသော ပါရီတက္ကသိုလ်က သိမ်းသွင်းရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း အထမမြောက်ခဲ့ပါ။ ယခုအခါ လူထုပညာဖြန့်ချိရေးဝန်ကြီးဌာနလက်အောက်၌ ထားရှိသည်။ သို့သော် ကောလိပ်အာဏာပိုင် အဖွဲ့အစည်းက ကျောင်း၏ ကံကြမ္မာကို စိတ်တိုင်းကျ ဖန်တီးနိုင်သည်။

ဤကျောင်းကြီးသည် သိပ္ပံနည်းကျကျ သုတေသနလုပ်ငန်းများကို အထူးတလည် မျက်နှာသာပေးသည်။ ဘာသာရပ်ကြီးတစ်ရပ်ရပ်၌ မဟာပညာကျော်ကို ဂုဏ်ပြုသည့်အနေဖြင့် အခြား ကောလိပ်ကျောင်းတို့မှ ဖိတ်ခေါ်ကာ ပါမောက္ခအဖြစ် ခန့်၏။ ၁၉၈၁-၈၂ ခုနှစ်လောက်က ဦးဘဲရနီးအား ဤကဲ့သို့ ချီးမြှင့်လိုက်ပါသည်။ ပါမောက္ခဦးရေ ၅၀ ပတ်ဝန်းကျင် အစဉ်ထားရှိ၏။ ပညာရပ်မျိုးစုံ ပို့ချသည်။ ကျောင်းလခမယူ။ စာမေးပွဲ မကျင်းပ။ ဒီဂရီဒီပလိုမာတွေ မပေး။ ကောလိပ်ကျောင်းကား ဘုရင်ခံ၏ ခံယူချက်နှင့် အံဝင်ခွင်ကျ၏။[၁]

'လာပါ့မယ်'ဟု ဒေါ်ဘဲရနီးအား ဝန်ခံလိုက်ပြီးကတည်းက ပြောမည့်အကြောင်းအရာအတွက် အချက်အလက်တွေ၊ စုဆောင်းတင်ပြမည့် ပုံသဏ္ဌာန်ကို ရေးဆွဲနေ၏။ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၇ွင် ပြင်သစ် ကောလိပ် အုပ်ချုပ်ရေးမှူးထံမှ ပြင်သစ်လို တရားဝင်ဖိတ်ကြားစာ ရပါသည်။ ကျွန်တော်က ဧပြီလကုန် ပါရီသို့ရောက်ပြီး မေလအတွင်း မြန်မာဗုဒ္ဓဘာသာလူမျိုး၏ မွေးသည့်အချိန်မှ သင်္ဂြိုဟ်သည့်နေ့အထိ ဘဝ[၂] အကြောင်းကို (၈)ကြိမ် ဟောပြောပါမည်ဟု ပြန်ကြားလိုက်၏။

ကျွန်တော့်တွင် ဟောပြောသည့်အခါတိုင်း မူတစ်မူ လက်ကိုင်ထားသည်။ ပရိသတ်သည် တစ်ကြိမ်လျှင် ၄၅ မိနစ်ကြာကြာ စိတ်မပျံ့လွင့်ဘဲ နားသောတဆင်ဖို့ ခံနိုင်ရည်ရှိသည်။ တစ်မိနစ်လျှင် လက်နှိပ်စက် စာမူနှင့် ၁၀ ကြောင်းခန့်ပြောသည့် အရှိန်နှုန်းသည် အလောတော်ဖြစ်သည်။ ဤမူအရ (၈)ကြိမ် ဟောပြောရမည့် စာတမ်းရှည်ကြီးကို ဒီဇင်ဘာလ၌ စ,ရေး၏။

၁။ အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်တွင် ဤဝါဒမျိုးခပ်ဆင်ဆင်ကျင့်သုံးသည့် အော(လ်)ဆိုး(လ်) (**All souls**)ခေါ် ကောလိပ်ကျောင်းရှိပါသည်။

၂။ **The Burmes Buddhist his life from the cradle to the grave.**

အင်္ဂလန်ပြည်မှာကဲ့သို့ နေ့တိုင်း အင်္ဂလိပ်လိုပြော အင်္ဂလိပ်လိုရေးသည့် အကျင့်ပျက်ခဲ့သဖြင့် ပထမဦး ဆီပိတ်သည့် မော်တော်ကားပမာ ရပ်လိုက် သွားလိုက်နှင့် ဆီပွင့်လာသောအခါမှ အရှိန်ရလာတော့သည်။ တတ်ထားသည့် စကားလုံး၊ ဝေါဟာရအသုံးအနှုန်း၊ စာပိုဒ်ဝါကျ ဖွဲ့ထုံးမှုတွေ ဘယ်က ပေါ်လာမှန်းမသိ ပေါ်လာသည်။ မတ်လမကုန်မီ ပြီးရမည်ဟူသော မှန်းခြေ ပေါက်သွားသည်။

ကိုယ်တိုင်လက်နှိပ်စက်မရိုက်တတ်သဖြင့် အင်္ဂလိပ်လိုအမှားကင်းစွာ ရိုက်တတ်သူများကို မော်လမြိုင်တွင် ရှာရာ ရှာမှရှားပါ၏။ ကံအားလျော်စွာ မော်လမြိုင်ကောလိပ်မှ အင်္ဂလိပ်စာတတ် မိတ်ဆွေနှစ်ယောက် ကျေးဇူးကြောင့် ဧပြီလအလယ် စခန်းသိမ်းနိုင်၏။

ဧပြီလ ၂၆ ရက်နေ့ည ၁၀ နာရီအချိန်တွင် စင်ကာပူမှ ကျွန်တော်နှင့် ဇနီးတို့ လေယာဉ်ဖြင့် ပါရီသို့သွားကြရာ ပါရီသို့ စံတော်ချိန် နံနက် ၁၀ နာရီတွင် ဆိုက်ရောက်သည်။ လေဆိပ်တွင် ခရီးဆောင်သေတ္တာလေးလုံး ရှာမတွေ့သဖြင့် အပူဆိုက်ရ၏။

ဆိုင်ရာ အရာရှိတို့ထံ တိုင်ကြားသည်။ 'မပူပါနဲ့၊ သေတ္တာတွေ လန်ဒန်ဘက်ပျံသွားတဲ့ လေယာဉ်နဲ့ ပါသွားဟန်တူတယ်၊ မြန်နိုင်သမျှ မြန်မြန်ပြန်ရပါစေမယ်၊ သေတ္တာတွေအရောင်အဆင်းအရွယ်အစားပုံသဏ္ဌာန်နဲ့ အမှတ်အသားတွေကို ပြောပြပါ၊ ကွန်ပျူတာထဲ ထည့်ထားမယ်၊ ပြီးတော့ တည်းခိုတဲ့နေရာလိပ်စာနဲ့ တယ်လီဖုန်းရှိရင် တယ်လီဖုန်းနံပါတ် ရေးပေးခဲ့ပါ'ဟု အရာရှိတစ်ဦးက ဆို၍ အလိုက်ဆောင်ရွက်ပေးနေတုန်း ဘေးနားမှ ဘဝတူ အမေရိကန်အမျိုးသားကြီးတစ်ယောက်က 'ကျွန်တော့်အမျိုးသမီး ခေါင်းလျှော်နေကျ ညဖြစ်တယ်၊ ပျောက်နေတဲ့သေတ္တာတစ်လုံးထဲ လိုအပ်တဲ့ပစ္စည်းတွေ ပါသွားတယ်'ဟု ပြောသံကြားရသည့်အခါ ငိုအားထက်ရယ်အားသန်သွား၏။

ထိုအခိုက် ကျွန်တော်တို့ကိုလာကြိုနေသော ပါမောက္ခတို့ ဇနီးမောင်နှံသည် အခန်းထဲရောက်လာ၏။ အပြင်ဘက်တွင် ၂ နာရီနီးပါး စောင့်နေရာမှ အရိပ်အယောင်မမြင်ရ၍ စိတ်ပူပြီး အခွင့်တောင်း ဝင်လာခြင်း ဖြစ်သည်။ ရှင်းပြမှ သိသွားကြ၏။ ကားဖြင့် အိမ်သို့ခေါ်သွားရာ လမ်းတစ်လျှောက်လုံးလိုလို အားပေးစကား ပြောကြားသွားပါသည်။ အိမ်ရောက်၍

နေ့လယ်စာ တည်ခင်းကျွေးမွေး၏။ အပူဓာတ်ခင်းနေသူ ကျွန်တော့်မှာ ဘာစား၍ ဘာအရသာရှိမှန်း မသိ။

ညနေ ၆ နာရီအချိန်တွင် ဘာကြောင့်မှန်းမသိ အိမ်ရှေ့တံခါးကို ဖွင့်ကြည့်မိသည်။ လားလား မိုးလုံနှင်းလုံ ကုန်တင်ကားကလေးတစ်စီး ဝင်းခြံထဲဝင်လာ၍ဆိုက်။ လူနှစ်ယောက်ထွက်လာ။ ကားထဲမှ သေတ္တာ တစ်ယောက်နှစ်လုံးစီ ဆွဲလာသည်ကို မြင်ရ၏။ ထိုအခိုက်မှာပင် လေဆိပ်မှ 'သေတ္တာတွေ ယူလာပါပြီ၊ လန်ဒန်လေဆိပ်က ပြန်ပို့လိုက်တယ်၊ လက်ခံရရှိတဲ့အခါ တယ်လီဖုန်းပြန်ဆက်ပါနော်'ဟူသော တယ်လီဖုန်း ရပါ၏။ တာဝန်သိသိအကျိုးရှိရှိ မြန်မြန်ထက်ထက် ဆောင်ရွက်ပေးသူများကို သာဓုသုံးကြိမ် ခေါ်လိုက်ပါ၏။

ညစာ စားကြသည့်အခါမှ အလိုက်သိသော ပါမောက္ခဘဲရန်နီးက ဟောပြောပွဲအကြောင်းနှင့် အစီအစဉ် ကို စ,ပြောပြသည်။ 'မေလ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်နဲ့ ၂၄ ရက် ကြာသပတေးနေ့တွေမှာ နံနက် ၁၀ နာရီက ၁၂ နာရီအထိ ဟောပြောပွဲနှစ်ပွဲ လုပ်မယ်။ ကြားမှာ နာရီဝက်လောက် မေးဖို့ ဆွေးနွေးဖို့ အချိန်ပေးမယ်။ ပွဲတိုင်းမှာ ကျွန်တော်က သဘာပတိအဖြစ် ဆောင်ရွက်မယ်။ ဒါနဲ့ ဟောပြောဖို့ ကျောင်းကဖိတ်ထားတဲ့ ပညာရှင် အယောက် ၂၀ အနက် အရှေ့တိုင်းကဆိုလို့ ဆရာကြီးနဲ့ ဂျပန်ပါမောက္ခ ဒီနှစ်ယောက်ပဲ ပါတယ်'ဟု ဆို၏။

'ဒီပညာရှင်တွေကို ပြင်သစ်ကောလိပ် ပါမောက္ခများက ဘယ်လို ရွေးပြီး ဖိတ်ခေါ်ပါသလဲ'ဟု မေးသောအခါ သူက 'ဟောပြောပွဲမလုပ်ခင် တစ်နှစ်နီးပါးလောက်ကတည်းက ပါမောက္ခ ၅၅ ဦးတို့က အစည်းအဝေး ပြုလုပ်တယ်။ ကိုယ်နှစ်သက်ရာ ပညာရှင်တစ်ဦးကို တစ်ယောက်က အဆိုသွင်း၊ တစ်ယောက်က ထောက်ခံတယ်။ အယောက် ၂၀ မက ဖြစ်နေတဲ့အခါ မဲခွဲပြီး ဆုံးဖြတ်ကြတယ်။ ဆရာကြီးအလှည့်ရောက်တော့ ကျွန်တော်ကလွဲပြီး ကျန် ၅၄ ဦးတို့က မဲပေးကြတယ်'ဟု ဖွင့်ပြောပါ၏ 'ဘာဖြစ်လို့လဲ'ဟု မေးကြည့်ရာ 'ကျွန်တော်ကပဲ အဆိုသွင်း၊ ကျွန်တော်ကပဲ ထောက်ခံမဲပေးတယ်ဆိုရင် တရားပါ့မလား'ဟု သူက ရယ်၍ ဖြေပါသည်။

ဟောပြောပွဲ စသည့် မေလ ၃ ရက်နေ့ နံနက်တွင် ပါမောက္ခတို့ ဇနီးမောင်နှံနှင့်အတူ ကျွန်တော်တို့ မီးရထားဖြင့် သွားကြသည်။ ဘူတာရုံ တစ်ရုံတွင် ဆင်းပြီး ၁၀ မိနစ်ခန့် လျှောက်လာမိရာ ၁၉၇၃ ခုနှစ်က ဆရာမကြီးဒေါ်ဘဲရှန်း၏ စာတမ်း စစ်ဆေးသည့် ဆောဘွန်းတက္ကသိုလ်ရှေ့သို့ ရောက်လာ၏။ ဒေါ်ဘဲရှန်းက အဓိပ္ပာယ်ပါသော မျက်စိဖြင့် ကျွန်တော့်အား လှမ်းကြည့်လိုက်၏။'[၁] တစ်မိနစ်ခန့် ရှေ့ဆက်သွားပြီး ညာဘက် လမ်းချိုးထဲဝင်မိသည့်အခါ တက္ကသိုလ်ကိုကျောခိုင်းနေသော ခံ့ညားကြီးမားလှသော ပြင်သစ်ကောလိပ်ကို မြင်ရ၏။ အဆောက်အအုံထဲ ၉ နာရီခွဲသာသာ ခြေချမိကြသည်။ တာဝန်ကျသူအရာရှိတစ်ယောက်က ဆီးကြိုကာ ဒေါ်ဘဲရှန်းနှင့် ကျွန်တော့်အမျိုးသမီးတို့အား အနီးရှိ အခန်းနံပါတ် ၄ သို့ ဝင်သွားရန် ပြောပြီး ဦးဘဲရှန်းနှင့်ကျွန်တော်တို့ကိုမူ မလှမ်းမကမ်းရှိ ညှိခန်းယောင် ယောင် ရုံးခန်းယောင်ယောင် အခန်းကြီးထဲသို့ ခေါ်သွား၏။

သားသားနားနားခင်းကျင်းထားသည့် အခန်းကြီးထဲ၌ စားပွဲတစ်လုံးပေါ် ဖွင့်ထားသော မှတ်တမ်းစာအုပ်ထဲ ရေးထားသည့် ကျွန်တော့်နာမည် အောက်တွင် လက်မှတ်ရေးထိုးလိုက်၏။ ၉ နာရီ ၅၅ မိနစ်ဝယ် ထိုအရာရှိက ရှေ့မှ၊ ဦးဘဲရှန်းနှင့် ကျွန်တော်တို့ကအနောက်မှ တန်းစီသွားပြီး အခန်းနံပါတ် ၄ နောက်ဘက် တံခါးမှ ဝင်သွား၏။ အခန်းထဲဝင်မိမိချင်း အရာရှိက 'သဘာပတိနဲ့ ပါမောက္ခလှဘေ'ဟု ကြေငြာလိုက်ပြီး ထိုအပေါက်မှ ပြန်ထွက်သွားပါသည်။ ပရိသတ်က ထပြီးဆီးကြိုရာ ပါမောက္ခဘဲရှန်းက 'ထိုင်ကြပါ'ဟု ပြော၏။ ဤအခမ်းအနားမျိုးကို ဟောပြောပွဲ စသည့်အခါတိုင်း လုပ်ဆောင်ပါသည်။

၁၀ နာရီထိုးသောအခါ ပါမောက္ခဘဲရှန်းက ကျွန်တော်နှင့်ပရိသတ် မိတ်ဆက်စကားပြောကြားပြီး ဟောပြောပွဲ စလုပ်ပါသည်။ ၄၅ မိနစ်ခန့်ရှိသော် ၁၅ မိနစ်ခန့် ပရိသတ်ထဲမှ မေးသူမေး၊ ဆွေးနွေးသူ ဆွေးနွေး၏။ ၁၁ နာရီထိုးလျှင် ဒုတိယပိုင်းစ၏။ ၁၂ နာရီမထိုးမီ ရပ်နားလိုက်၏။ သိချင်သူ

၁။ ကံထမ်းလာသည်ကို မမြင်ရ(၆) ဆရာဘ(၈)ရှု။

(ဒုတိယအကြိမ်)

ဝေဖန်သူများသဖြင့် ၁၂ နာရီခွဲမှ သဘာပတိက နိဂုံးချုပ်နိုင်တော့သည်။ နောက် လေးပွဲရှစ်ကြိမ်စလုံး ဤပုံစံမျိုးချည်းပင်။

တက်ရောက်သည့် ပရိသတ် ၄၀ လောက်ကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ အမာခံဟုခေါ်ရမည့် တက္ကသိုလ်လောကမှ ဆရာနှင့်ကျောင်းသားတွေက တစ်လွှာ၊ ပြင်ပမှ အခြေအနေအရ လာလိုက် မလာလိုက်နှင့် ပညာလိုက်စားသူတို့က တစ်လွှာ။

အမာခံထဲ၌ ပါရီမှ မိုင် ၂၀၀ ကျော်ဝေးသည့် လတ်ကစင်းဘော့ပြည်မှ ကျောင်းသားနှစ်ယောက်နှင့် မိုင် ၃၀၀ ခန့်ဝေးကွာသော ဆွစ်ဇာလန်ပြည်မှ ကျောင်းသားတစ်ယောက်တို့ ပါရှိသည်။ ဒေါ်ဘဲရှန်း၏ တပည့်များ ဖြစ်သည်။ စောစောစီးစီးကြီးထ။ မီးရထားနှင့် အချိန်မီအတန်းလာတက်။ နောက် နှစ်ရက် အတန်းများအတွက် ပါရီမြို့တွင် သုံးညအိပ်ပြီး အိမ်သို့ တစ်နာရီ မိုင် ၇၀-၈၀ ပြေးသည့် မီးရထားနှင့် ပြန်ကြသည်။

ပြင်ပ အပေါ်လွှာဟူသည်တို့ကား ပစ္စည်းရှင်၊ ပင်စင်စားနှင့် အလုပ်မှ ခေတ္တအနားယူနေသူတို့ ဖြစ်ပါသည်။ ပထမနေ့က ကမ်းလှမ်းထားသော ဟောပြောပွဲအစီအစဉ်များကို လေ့လာပြီး နှစ်သက်ရာကဏ္ဍကို လာရောက် နားထောင်ကြသည်။ ဦးရေ ၂၀ နီးပါးခန့် ရှိပါလိမ့်မည်။ ပထမနေ့ ဒုတိယပိုင်း ဟောပြောပြီး၍ ဆွေးနွေးနေကြခိုက် လူနှစ်ယောက်ကထပြီး သဘာပတိအား ဦးညွှတ်ကာ ထွက်ခွာသွားကြသည်။ 'ဒီ လူ နှစ်ယောက်ဟာ နိုင်ငံခြားပျံ့ လေယာဉ်မှူးတွေ၊ အချိန်မီအလုပ်ဝင်ရမှာမို့ မလွှဲသာ၍ထွက်သွားရတယ်'ဟု သဘာပတိက ပြောပြ၍ သိရပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦး၏ မွေးဖွားရာမှ သေသည်အထိ ဘဝစဉ်သမိုင်းကို ၈ နာရီဟောပြောရသည်မှာ ဆီခွက် ၁၀ သားကို တစ်ပိဿာဝင် ပုလင်းထဲ အတင်းလောင်းသွင်းနေသည်နှင့် တူနေပါသည်။ ပထမအစွယ် မျက်နှာမြင်၊ ချက်မြှုပ်၊ ကင်ပွန်းတပ်၊ ပညာသင်၊ ရှင်ပြု၊ နားသ၊ ပဥ္စင်းခံအစ၊ ဒုတိယအစွယ် လူပျိုလှည့်၊ ရည်းစားထား၊ နဖူးစာပါ၊ စေ့စပ်ကြောင်းလမ်း၊ ထိမ်းမြားလက်ထပ်၊ အိမ်ထောင်ကျသည်မှ ဆက်ပြီး တတိယအစွယ် အနားယူ၊ အို၊ နာ၊ သေ၊ သရဏဂုံတင်၊ မြေမြှုပ် ရက်လည်ဆွမ်းကျွေးအထိ သိကောင်းစရာများကိုသာ ရွေးပြီး ရှင်းလင်း

(ဒုတိယအကြိမ်)

တင်ပြပါသည်။ တစ်နွယ်ငင် တစ်စင်ပါဆိုသလို ဗုဒ္ဓဘာသာဝါဒမှ ကံ၊ ရှင်ဥပဂုတ် စသည်တို့မှ ပြင်ပအယူဝါဒမှ ဦးရှင်ကြီး၊ ဗေဒင်၊ မှော်ပညာ၊ ဆေးဖယောင်းတိုင် စသည်တို့အထိ ထည့်သွင်းဆွေးနွေးရပါသေး၏။

ပရိသတ်နှင့်ကျွန်တော်တို့မှာ ယဉ်ကျေးမှုသမိုင်း ထုံးတမ်းစဉ်လာချင်း မတူပါ။ ထိုသူတို့အနက် ပညာအရည်အချင်းပြည့်ဝ၊ အတွေးအခေါ်ကျယ်၊ သိချင်စိတ်တွေ ယိုဖိတ်နေသည့်သူ အချို့က နိုက်နိုက်ချွတ်ချွတ် မေးတတ်၏။ ကံနှင့်စပ်လျဉ်း၍မေးသည့် ဥပမာနှစ်ခုသာပြပါရစေ။အန္တ ရာယ်အကာအကွယ် အဖြစ်နှင့်လည်းကောင်း၊ အံသက်ရှည်စေလို၍လည်းကောင်း၊ ဘာကြောင့် ပရိတ်ရွတ်ရသလဲ။ သေသူသည် ကံအားလျော်စွာလားရသည်ဟု ကျမ်းဂန်ထဲ လာထားလျက်က ဘာဖြစ်လို့ သရဏဂုံတင် ဆွမ်းကျွေးရသည်လဲတို့ ဖြစ်ပါ၏။ မိလိန္ဒပဥှာထဲမှ သက်ဆိုင်ရာအဖြေများကို ပေးလိုက်ပါ၏။

မေလ ၂၄ ရက်နေ့ နောက်ဆုံးဟောပြောပွဲ အပြီးတွင် ပါမောက္ခ ဘဲရနိုးတို့ဇနီးမောင်နှံက ခွဲခွာသွားရတော့မည့် ပရိသတ်အချို့နှင့် ကျွန်တော် တို့အား တရုတ်ဆိုင်တစ်ဆိုင်၌ နှုတ်ဆက်ပွဲအနေနှင့် နေလယ်စာ ကျွေးမွေး ပါသည်။

နှုတ်ဆက်ပွဲဆို၍ ဒုတိယဟောပြောပွဲ ကျင်းပသည့် မေလ ၁၀ ရက် နေ့ ည ၆ နာရီမှ ၈ နာရီအထိ ပြင်သစ်ကောလိပ် အုပ်ချုပ်ရေးမှူးက ကောလိပ်ခန်းမကြီးထဲ ဟောပြောသူများ၊ ပညာရှင်များတို့အား ညှော်ခံပွဲ ကျင်းပ၏။ သူနှင့်နှုတ်ဆက်ပြီး အချင်းချင်းတွေ့ဆုံနိုးနှောစေလို၍ ဖြစ်ပါ၏။ ထိပ်တန်းစား အစားအသောက်တွေ ထိပ်တန်းပညာရှင်တွေနှင့် ဆုံစည်းရ သည်။ ဘဝတူ ဂျပန်ပါမောက္ခနှင့်လည်း တွေ့ရ၏။ သူက သူ့ ဘာသာရပ်ကို ဂျပန်လို ဟောပြော၊ သူ့တပည့် ဂျပန်အမျိုးသမီးက တစ်ဆင့် ပြင်သစ်လို ပရိသတ်အား ပြန်ပြောပြသည်ဟု ဆို၏။ အုပ်ချုပ်ရေးမှူးကလည်း အမှတ်တရ တံဆိပ်တစ်ခုကို ကျွန်တော့်အား ပေးအပ်ပါသည်။ တစ်ဘက်တွင် ကောလိပ် တည်ထောင်သူ ပထမ ဖရန်ဆွာဘုရင် ရုပ်လုံးကြွပုံနှင့် တည်ထောင်သည့် ခုနှစ်၊ တစ်ဘက်၌ ကောလိပ်ရုပ်လုံးကြွပုံ၊ ဘေးအဝန်းနှုတ်ခမ်းဝယ်(Hla Pe 1984)ဟူသော ကမ္ပည်းတို့ပါရှိ၏။

ဟောပြောပွဲမှရလိုက်သည့် ကျေးဇူးတို့ကား များပြား ကြီးမား လှပါပေသည်။ သာမဏေန သာမနောဆိုသလို ပညာရှင်တို့နှင့် ရောနှော ခဲ့ရသဖြင့် အသိ၊ အတတ်ပညာ ကျယ်ပြန့်နက်ရှိုင်းလာပါ၏။ နောက် ရလဒ် တစ်ခုက ဗဟုသုတ တိုးပွားလာမှု ဖြစ်ပါသည်။ သာဓကနှစ်ခုသာ ပြမါမည်။

မိတ်ဆွေတစ်ယောက်ဖိတ်သဖြင့် ဂျာမနီပြည် ဟိုက်ဒယ်လဘတ် တက္ကသိုလ်မြို့သို့ မေလ ၁၁ ရက်နေ့၌ ကျွန်တော်တို့နှစ်ယောက် သွားလည်၏။ ဤမြို့အကြောင်းကို ယခင်ဆောင်းပါးများထဲ၌ ရေးပြခဲ့ပြီးပြီ။[1] ယခု ပြောပြလိုသည်မှာ ခရီးသွားလာရေးနှင့် ဆိုင်ပါ၏။

မေလ ၁၀ ရက်နေ့၌ ပါရီမြို့ နေရာအနှံ့အပြားရှိ ခရီးသွားလာရေး ကိုယ်စားလှယ်ဌာနတစ်ဌာန[2] သို့သွား၍ နက်ဖြန်ခါ ဟိုက်ဒယ်လဘတ်သို့ သွားရမည့် ရထားလက်မှတ်နှစ်စောင် ဝယ်၏။ ဌာနမှ အမျိုးသမီးက ကွန်ပျူတာနှိပ်ပြီး မီးရထားတွေထွက်မည့် အချိန်စာရင်းပေး၏။ ကျွန်တော် တို့က နေ့ ၁ နာရီခွဲထွက်သည့် မီးရထားရိုးရိုးအတန်းနှင့် သွားမည်ဟု ပြောရာ ကွန်ပျူတာပြန်နှိပ်ပြီး ဆေးလိပ်သောက်လို့ ရမည့်တွဲ၊ သောက်လို့ မရသည့်တွဲနှင့်တကွ ထိုင်ခုံနေရာအမျိုးမျိုးကို ပြောပြ၏။ ဆေးလိပ်သောက်လို့ မရတဲ့တွဲရှိ ပြတင်းပေါက်နား မျက်နှာချင်းဆိုင် ထိုင်ခုံနှစ်ခုံလိုချင်ကြောင်း ပြောရာ လက်မှတ်နှစ်စောင်ထုတ်ပေးပြီး မီးရထားထွက်မည့် ဘူတာအမည်ပါ ညွှန်ကြားလိုက်၏။ ငွေချေပြီးထွက်ခွာလာမည့်အလုပ် 'ခရီးအဆင်ပြေပါစေ'ဟု ဆုတောင်းပေးလိုက်၏။

နောက်တစ်နေ့ ဘူတာရုံသို့ တစ်နာရီကျော်ကျော်အချိန်ရောက်သွား ၏။ သက်ဆိုင်ရာ တွဲပြတင်းပေါက်နားတွင် လက်မှတ်ထဲပါ နံပါတ်များကပ် ထားသော ထိုင်ခုံနှစ်ခုံပေါ် ဝင်ထိုင်လိုက်သည်။ ရိုးရိုးအတန်းဆိုသော်လည်း သန့်ပြန့်ပြီး ဖုံတိုင်ခုံနှင့် ကော်ဇောနှင့် ခေါင်းတွဲမှ နောက်ဆုံးတွဲအထိ တိုးလျှိုပေါက် လျှောက်နိုင်၏။ အစားအသောက်ဆိုင်တွဲတစ်တွဲ ပါရှိသည်။ ၁ နာရီတိတိ ထွက်သည်။ လမ်းတွင် ဘူတာကြီးများ၌ ဆိုက်သော်လည်း မိုင်

၁။ ကံထမ်းလာသည်မမြင်ရ(၄)၊ ဆရာဘဝ(၄)(၅)(၆)၌။
၂။ Tracel agency

၄၅၀ ခန့်ဝေးသော ဟိုက်ဒယ်လဘတ်ဘူတာသို့ ညနေ ၇ နာရီ၊ ၄၅ မိနစ် အချိန်တွင် ဆိုက်ရောက်သွားပါသည်။

မိတ်ဆွေကြီး ယူနက်စကို(UNESCO) ညွှန်ကြားရေးမှူး ဦးသက်ထွန်း နှင့် ဇနီးတို့ ကောင်းမှုကြောင့် တနင်္ဂနွေနေ့ တစ်နေ့၌ ပါရီမြို့ အနောက် တောင်ဘက် မိုင် ၁၅၀ ခန့်ကွာဝေးသော လွားမြစ်ဝှမ်း(Loire Valley)ဒေသသို့ ရောက်ဖူးရပါသည်။ တစ်ဘက်မှ အသွားကားသုံးစီး၊ ကျန်တစ်ဖက်မှ အပြန် ကားသုံးစီး ယှဉ်မောင်းနိုင်သော မော်တော်လမ်းမကြီးပြင်ပေါ်တွင် ကျွန်တော်တို့ မိတ်ဆွေက တစ်နာရီမိုင် ၇၀ နှုန်းဖြင့် သက်သက်သာသာ မောင်းနှင် ခေါ်ဆောင်သွားပါသည်။

အလှမျိုးစုံ ရစ်သိုင်းခြံထားသော ရှတိုး(Chateau) ခေါ် စံတော် အိမ်ကြီးများဖြင့်လည်း တန်ဆာဆင်ထားသေးသည်။ ၁၂၁၃ ခုနှစ်က ဆောက်လုပ်ပြီးစီး၍ ၁၅၃၅ ခုနှစ်၌ ပထမဖရန်ဆွာဘုရင်၏ စံနန်းတော်ဖြစ် လာသော ရှန်နွန်စိုး(Chenonceau)ရှတိုးကို တစ်ဝကြီး လေ့လာခဲ့၏။ ပြီးနောက် မလှမ်းမကမ်းရှိ ဣတလီယံပန်းချီဆရာကြီး လယိုနာဒိုးဒဗင်းချီ (၁၄၅၂-၁၅၁၉)နောက်ဆုံးနေသွားသော အိမ်ကိုလည်း စေ့စေ့စပ်စပ် သုံးသပ်ခဲ့ပါ၏။ ၁၅၁၆ ခုနှစ်တွင် ပထမ ဖရန်ဆွာဘုရင် ဖိတ်ခေါ်၍ ဣတလီပြည်မှ ပြင်သစ်ပြည်သို့ လာရောက်နေထိုင်သည်။ သုံးနှစ်ကြာသော် အနိစ္စရောက်သွားပါသည်။

မေလ ၂၅ ရက်နေ့၌ ဗြိတိန်ပြည်သို့ဆက်သွား၏။ နှစ်လနီးပါးနေပြီး မော်လမြိုင်သို့ ပြန်လာ၏။ ထိုနေ့မှစပြီး ကံပေး၍ပြန်ရောက်ရသော ပါရီကို မကြာခဏ စဉ်းစားမိတိုင်း ပထမဖရန်ဆွာဘုရင်အစ၊ ပြင်သစ်ကောလိပ်နှင့် ပါမောက္ခများ၊ ဦးဘဲရန်းတို့ ဇနီးမောင်နှံ ပါရီလေဆိပ်ဝန်ထမ်းများနှင့် ခရီးသွား ကိုယ်စားလှယ်အထိ အင်တိုက်အားတိုက် ပရဟိတအကျိုး သယ်ပိုး ပေးသည့်ကျေးဇူးကို သတိရနေမိပါသည်။ အတ္တသမားတွေကို မြင်မိတိုင်း သဲကန္တာရထဲ အိုအေစစ်တွေ ရှိပါသေးတယ်ဟု စိတ်ဖြေရပါ၏။

အတွေးအမြင် စာစဉ် ၃၉၊ ဩဂုတ်၊ ၁၉၈၈။

(ဒုတိယအကြိမ်)

B/ 88668

ပညာပါရမီ

ပါမောက္ခဒေါက်တာလှဘော၏

အတွေးအမြင်စာစု

⇨ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က (၁၀)တန်းစာမေးပွဲကို ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော်လည်း ထီလက်မှတ် ပျောက်သူကဲ့သို့ စိတ်ဆင်းရဲနေရသည့်ဘဝမှ စကောလားရှစ်ရ၍ တက္ကသိုလ်ဆက်တက်နိုင်ခဲ့သူ။

⇨ မွန်ပြည်နယ် ခရဲရွာသားကလေးဘဝမှ လန်ဒန်တက္ကသိုလ်တွင် နှစ်ပေါင်း ၄၀ကျော် ပညာသင်ဘဝ၊ ဆရာဘဝနှင့် ပါမောက္ခအဖြစ်သို့တိုင် ထူးချွန်ပေါက်မြောက်ခဲ့သူ။

⇨ ဆရာကြီး ဒေါက်တာလှဘော၏ ကျောင်းသားဘဝ၊ ဆရာဘဝ ပညာပါရမီ ဖြည့်ဆည်းခဲ့ပုံများ၊ နိုင်ငံရပ်ခြား အတွေ့အကြုံများကို ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်ပိုင်းကဲ့သို့ အားကျနည်းယူဖွယ် ဖတ်ရှုလေ့လာနိုင်မည့် စာအုပ်။

ဒေါင်းစာပေ၊ ၁၁၃၊ ၃၃လမ်း၊ ရန်ကုန်၊ ဖုန်း-၇၃၂၁၀